ဒဂုန် ခင် ခင် လေး

# ရွှေစွန်ညိ

# နှင့်

# သားရွှေစွန်သို့

ဒုတိယအကြိမ်

၁၉၆၈ ခု၊ မေလ
အုပ်ရေ ၊ ၂၅၀၀
တန်ဖိုး ၊ သုံးကျပ်

အပြင်အဆင်

ဒီဇိုင်း ၊ တင်လှဝင်း
ဘလောက် ၊ ဆောင်းလှ
ဘလောက်တိုက်
ကာလာ ၊ စည်ပင်သာယာ
စာအုပ်ချုပ် ၊ ကြည်လှိုင်
စာအုပ်ချုပ်ဌာန

မြည်လုံးကျော် ဖြန့်ချိရေး
ခေတ်မှီစာပေတိုက်၊ အမှတ် ၆၄၊ ၁၂၄ လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၁၀၀၈၆

ဦးလှသန်း (၀၀၃၆၉) စည်ပင်သာယာပုံနှိပ်တိုက်၊ အမှတ် ၆၄၊ ၁၂၄ လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်၍ ဦးညိုမြ (၀၁၀၃၂) ဆိုးဝေစာပေတိုက်၊ အမှတ် ၂၇၀၊ လူဆွလမ်း၊ ရန်ကုန်မြို့က ထုတ်ဝေသည်။

# ရွှေစိန်ညို

၏

# ပဏာမနိဒါန်း။

ထိုနေရာဒေသသည်မြန်မာပြည်နှင့်တရုတ်နယ်စပ်အတွင်းရှိမူဆေး တောင်ကြား နယ်နိမိတ်အတွင်း ဖြစ်လေသည်၊ တရုတ် မြန်မာ လမ်းမကြီးအတွက် ယခုအခါတွင် အတော်နာမည်ကြီး၍ လူသိများ ခဲ့သလောက် ရှေးအခါက လူသိနည်းလှသော တိုင်းနွန် ပြည်များ၊ ကလနွားသားအနေနှင့် လူသွားလူလာ ဝေးဝေးမနိုင်ခဲ့သည့် ဌာနတ ရပ်ဖြစ်ခဲ့လေ၏။

အချိန်မှာ မိုးလ်းရာသီ ပင်လယ်မြေမျက်နှာပြင်ထက် ပေပေါင်း မြောက်များစွာ မြင့်လျက်ရှိသော ရှမ်းကုန်းမြင့်မြင့် အရပ်ဒေသဖြစ် ကြသည့်အလျောက် ဆီးနှင်းတလိုက် မိုးလ်းတဖြိုက်ကယ်နှင့် တိမ်တိုက် ကိုမှိုင်းမှောင်၊ မလာချင့်နေသနန်းစုံဝယ်ပေါ်ပေါ်တဲ့ တောသာခေါင် လေတည့်မှ တောသာခေါင်....ဟု စပ်ဆိုထားသော ဒီနေဝင်ဇာတ် ပါ၊ သိင်္ခါသံမှ-အမိပွါယ်သဘော အယူအဆနှင့် များစွာမှ ညီညွတ် လှလေသည်။

ညနေခင်း မြူမင်းလွှင်ဆို၍ ညို့ညို့မှိုင်းမှိုင်း တောင်စဉ် အ ထပ်ထပ်တွေ ဝိုင်းရံလျက်ရှိသော ကျွန်တော်စခန်းချရာ ကုန်းမြင့်

ကလေးမှာ ထိုနေ့အဘို့ မြူနှင်းရော မိုးပြင်းပါ အတန်ငယ်ကြည်လင်ကင်းစင်နေသောကြောင့် ကျွန်တော်တည်းခိုနေသော ရွက်ထည်တဲငယ်ကလေးရှေ့မျက်နှာစာသို့ ထွက်ခါ မီးခိုးကလေးများတလွင့်လွင့်လိပ်တက်နေသည့် မီးဖိုကလေးအနီးတွင်ရပ်လျက် ကျွန်တော်၏ အပေါင်းဖြစ်သူ ကိုမင်းအောင်ကို မျှော်မှန်းစောင့်စား၍ နေမိလေသည်။

ကျွန်တော်သည်၎င်း၊ ကျွန်တော်၏မိတ်ဆွေ ကိုမင်းအောင်သည်၎င်း၊ သတ္တုလိုက်ခြင်းအတတ်တွင် ကျွမ်းကျင်သူ နှစ်ဦး ဖြစ်သည့်အားလျော်စွာ 'ခင်ရာဆွေမျိုး မိန်းရာယောင်းကောင်း' ဆိုသကဲ့သို့ အလုပ်တူသမားချင်း ခင်မင်ရင်းနှီးသူများဖြစ်သောကြောင့် မြန်မာနှင့် တရုတ်နယ်ခြားတွင် သံတွင်းများ ရှာဖွေနေကြခြင်းဖြစ်လေရာ ဤနယ်ခြားတဝိုက်တွင် သံသတ္တုလိုက်ခြင်းအားဖြင့် နှစ်ပေါင်းအတန်ကြာ လှည့်လည်ကျက်စားနေမိကြသည်တိုင်အောင် အလိုတကျမတွေ့ရသေးဘဲ တဝဲလည်လည် အချိန်ကုန်ခဲ့ကြပါသည်။

ဤမျှ ဥတုရာသီ ဆိုးရွားကြမ်းတမ်းသော ဌာနနှင့် နယ်ခြားနယ်စပ်အရပ်ဖြစ်၍ တောရိုင်း တိရိစ္ဆာန်များ၊ လူဆိုး သူဆိုး သူခိုး ဓါးပြ တောပုန်းအဝဝတို့နှင့် ပြမ်းတည်းကာ ဘေးအန္တရာယ်လွန်စွာ ထူပြောသောဌာနတွင် နှစ်အတန်ကြာလာသည်တိုင်အောင် စွန့်စွန့်စားစား သတ္တုရှာနေသူများ ဖြစ်၍၊ ကျွန်တော်တို့မှာ (နှစ်ပေါင်းအတန်ကြာ)ဟုစာတွင်လွယ်ကူစွာရေးလိုက်ရစေကာမူ ထို (နှစ်ပေါင်းအတန်ကြာ)သည် ကျွန်တော်တို့အတွက် သာယာကြည်လင်စွာ ကုန်လွန်ခဲ့ရသော အချိန်များမဟုတ်ဘဲ ဥတုရာသီနှင့်လည်း မကြာခဏ အတိုက်အခံ အကြိတ်အနယ် ပြုခဲ့ရခြင်း၊ လူဆိုးသူဆိုး တောပုန်း



ဓါးပြ တောသတ်တိရိစ္ဆာန် စသည်တို့နှင့်လည်း နှင်လား ငါလား အခါများစွာအသက်လု အနိုင်ယှဉ်ခဲ့ရခြင်းတည်းဟူသော ခဲရာခဲဆစ်များကို ကျော်နင်းခဲ့ရခြင်းများကြောင့် ထိုင်ကောင်းခြင်းမထိုင်ရ၊ စားကောင်းခြင်းမစားရ၊ အချိန်ရှိသမျှ ကျီးလန့်စာစားနှင့် ရှာလိုသော သံသတ္တုများကို ဇွဲကြီးစွာ ရှာဖွေနေခဲ့ကြသူများဖြစ်ရာ ကြာသော် မြန်မာစင်စစ် ဇာတိသွေး ဇာတိရုပ်များအား အရပ်ဒေသ၏ သဘာဝရုပ်ဓါတ်နှင့် အမှုအကျင့်က လွှမ်းမိုးသွားခြင်းကြောင့် နှစ်ဦးစလုံးမှာပင် ရှမ်းထရုပ် ရှမ်းရေအဆင်း သဏ္ဌာန်နှင့် အသွင်ဟန်ခြားလျက်ရှိပြီးလျှင် ထိုအရပ်ဒေသတခွင်တွင် သုံးစွဲပြောဆိုကြသော ရှမ်း၊ မိုင်းသာ ရှမ်းတရုပ်၊ လဝ၊ စသော စကားများကို လျှာသွက်သွက်နှုတ်သွက်သွက် ပြောဆိုနိုင်ကြသော အခြေသို့ ရောက်ခဲ့ကြပါသည်။

ယခုနေရာတွင်ကား ရှမ်းနှင့်တရုတ်နယ်ခြား အရပ်၏ အစွန်အဖျားကျဆုံးအရပ်ဒေသရှိ တောင်ကြားမြေ အရပ်ဖြစ်လေရာ ကျွန်တော်တို့မှာ အမှတ်မထင် မြေပြင်ပြန့်ပြူးသော နေရာကလေး တခုကို တွေ့ရသောကြောင့် ပါလာသော ရွက်ထည်တဲကလေးကို ဖြန့်မိုးကာ ခေတ္တခဏစခန်းချပြီး အနီးအနားတဝိုက်တွင်ရှိသော တောင်ကမ္ဘားတခုတွင် သံသတ္တုများ လှည့်လည်ရှာဖွေ စုံစမ်းနေမိကြရာမှ တနေ့တွင် ကျွန်တော်တို့ရှာဖွေနေသော တောင်ကမ္ဘားမှ ရေညှိများတက်နေသော ကျောက်ရုပ်တရုပ်ကို တွေ့ရပါသည်။ ထိုကျောက်ရုပ်၏ ရှေ့မျက်နှာစာတည့်တည့်မှာလည်း အလျားခြောက်ပေ အနံနှစ်ပေခန့်ရှိ ပကတိမဟုတ် လူများစီထားသော ကျောက်ပုံတခုကို တွေ့ရလျက် ကျောက်ပုံ၏ခေါင်းရင်းမှာ ကျောက်တိုင်ပမာ ရှည်လျားသော ကျောက်မိုင်းတိုင်ကြီး တတိုင်ကို စိုက်ထူထားသည်ကိုလည်း တွေ့ရပါသည်။

ကျွန်တော်တို့လည်း ထိုအရာများမှာ နှစ်ပေါင်းများစွာက အမှတ်အသားတခုသော်ရှင်း၊ သို့မဟုတ် နတ်ရုပ်ထု တခုခုသော်ရှင်း ဖြစ်ရမည်ဟု တွေးမိကာ လူသွားလူလာမရှိသော ဤနယ်စပ်တောကြီးမျက်မည်းထဲတွင် ဤကျောက်ရုပ်၏ ထူးခြားပုံကို စုံစမ်းကြည့်လိုသောဆန္ဒများ ပေါ်ပေါက်လာသောကြောင့် နှစ်ယောက်သား ရေညှိရေမှော်များ ဖုံးလွှမ်းလျက် ညှယင်ကောက်ပင် ကျောက်ပန်းခက်ပင်တွေပေါက်နေသော အဆိုပါကျောက်ရုပ်ကို ရှင်းလင်းခုတ်ထွင် သုတ်သင်ကြည့်ရှုလိုက်သောအခါ ပိုမိုအံ့သြသင့်လာ မိပါတော့သည်။

ကျောက်ရုပ်မှာ ထက်မြက်သော ကျောက်ဆစ်ဆရာတို့ ထုလုပ်ထားသော လက်ရာများကဲ့သို့ သေသပ်ချောမွေ့ခြင်း မရှိလှပေကာမူ လူတဦး၏ ပုံမှန်သဏ္ဌာန်ဖြစ်ကြောင်း သိရသည့်အပြင် မျက်လုံး မျက်ခုံးတို့မှာ ပီသခြင်းမရှိသော်လည်း မြင်းစီးဗိုလ်မှူး တဦး၏ ပုံဖြစ်လျက် ခေါင်းဆောင်းသဏ္ဌာန်မှာ ရှေးကမြန်မာ စစ်ဗိုလ်မှူးများ ဆောင်းလေ့ရှိသော [မောက် ရှူ မောက် တို ခေါ] ခေါင်းဆောင်းနှင့် အနည်းငယ် သဏ္ဌာန်တူပေသည်။

ကျွန်တော်နှင့် မိတ်ဆွေ ကိုမင်းအောင်တို့မှာ မြန်မာဗိုလ်မှူးတဦး၏ ကျောက်ရုပ်သည် မည်သို့သောနည်းဖြင့် ဤမျှ လူသူ အရောက်အပေါက်နည်းလှသော ရှမ်းတရုပ်နယ်စပ် အစွန်အဖျားတွင် ရောက်ရှိနေကြောင်းကို အလွန်အမင်း သိချင်လှသော ဆာသာဆန္ဒ ပြင်းပြနေကြပါသည်၊ ထိုကြောင့်ပင် ဤအနီးအပါးမှ မသိရသမျှ မခွာနိုင်ကြတော့ဘဲ တောတန်းသို့ နယ်ကျူးလာသော ဟင်းရူး-ထင်းခွေ လာကြသူ တောင်ယာသမားခင်း စိုက်ပျိုးလာကြသူ ရှမ်းတရုပ်များကို မတွေ့



တွေ့အောင် လိုက်လံရှာဖွေ မေးမြန်းခြင်းဖြင့် အချိန်ကုန်ခဲ့ကြသော်မူ မည်သူမျှ ထိုကျောက်ရုပ်၏ ရာဇဝင်ကို မသိကြ မပြောနိုင်ကြပေ၊ အချို့ သက်ကြီးသူတို့ ရှမ်းတရုပ်ကြီးများ မိုင်းသားအဘိုးကြီးများကို မေးမြန်းရာတွင်လည်း သေချာစွာ မပြောနိုင်၊ ရှေးအခါက ဤနေရာ အနီးအပါးတွင် ရှမ်းတရုပ် ရွာငယ်တရွာ ရှိဘူးသည်ထင်ကြောင်း၊ ထိုအရပ်မှာ ရွာသားများ ပူဇော်ပသည့် နတ်ရုပ်နှင့် တူကြောင်း၊ အထင်နှင့် ပြောကြပြန်ပါသည်၊ ကျွန်တော်တို့မှာ မြန်မာဆန်ဆန် အရုပ်ဖြစ်ကြောင်းသိရ၍ မည်သည့်နည်းနှင့်မျှ ရှမ်းတရုပ်ကိုးကွယ်သည့် နတ်ရုပ်မျိုး မဟုတ်ကြောင်း သိသဖြင့် ထိုအဖြေကို မကျေနပ်နိုင်ပေ၊ လူတို့မည်သည် မသိရသော အရာဖြစ်လေ၊ သိလိုလေဟူသော အလေ့အတိုင်း နယ်စွန်နယ်ဖျားတွင် ထူးဆန်းစွာ တွေ့မြင်ရသော ထိုမြန်မာကျောက်ရုပ်၏ အကြောင်းအရာ အတ္ထုပ္ပတ္တိကိုမသိရသမျှ မအေးနိုင်တော့ချေ၊ ကျွန်တော်ထက် ကိုမင်းအောင်က ပိုမို အပင်ပမ်းခံ၍ ရှာဖွေစုံစမ်းနေပေသေးသည်။

သို့နှင့် ကိုမင်းအောင်မှာ လွန်ခဲ့သော ရက်အနည်းငယ်မှ နံနက်စာ စားပြီးသော အချိန်စ၍၊ ရေတဗူး- မုန့်ကျွတ်နှစ်ခုနှင့် ဓားတံ တချောင်းကို ယူဆောင်ကာ နှင်လုံးပြူး သေနတ်တလက်ကို ကိုင်၍ ကျောက်ရုပ်အတွက် စုံစမ်းရန် ထွက်ခွာသွားသည်ဖြစ်ရာ ခုနှစ်ရက်နှင့် တညနေစောင်းအချိန်တိုင်အောင် မပေါ်လာသေးဘဲ မြုပ်ချက် သားကောင်းလှသဖြင့် ကျွန်တော်မှာ ကိုမင်းအောင်အတွက် အသက်အန္တရာယ်ကိုပင် စိုးရိမ်၍ နေမိပေတော့သည်။

ထိုနေ့အတိုလည်း ကျွန်တော်သည် တနေ့လုံး ပျင်းပျင်းရှိသည်နှင့် တွေ့ရှိသိမ်းဆည်းထားသော ကျောက်တုံး၊ ကျောက်ခဲအချို့မှ

သံသရာကို ပါလာသော ကဗျာကလေးများနှင့် တနေကုန် ဖတ်ခဲ့ ကြည့်ရှုနေခြင်းဖြင့် အချိန်ဖြုန်းလာခဲ့ရာ ညနေစောင်းမှ ကျောင်းညာ လှသည်နှင့် အညောင်းဆန့်ရင်း ထဲသို့ထွက်ခဲ့ ကိုမင်းအောင်ကို မျှော်မိပါသည်။

ကျွန်တော်သည် မျှော်ပင်မျှော်ငြားလည်း မျှော်အားမရှိလှပါ၊ စိတ်ထဲတွင် ကိုမင်းအောင် တခုခုဖြစ်နေပြီဟု စနိုးစနောင့် ဖြစ်လျက် အကယ်၍ ကိုမင်းအောင် ဘေးအန္တရာယ်တခုခုနှင့်တွေ့၍ အသက်သေ ဆုံးခဲ့သော် ကျွန်တော်တဦးတည်း အဖေါ်ကွဲလျက် တောကြီးမျက် မည်းတွင် သောင်တင်နေရစ်ရမည့် အရေးက နှလုံးအိမ်တွင် တဆွေး ဆွေး ဖြစ်နေလေ၏။

ထိုကြောင့် ဆေးတံကို စိတ်မပါတပါနှင့် မီးညှိကာ အမှတ်မထင် မျှော်လိုက်မိလျှင်ပင် ကုန်းမြင့်ကလေး တဘက်ဆီမှ လက်တဘက် မြှောက်ခါ...

'ကိုညွန့်ထွန်းရေ ...ဟေ့-ကိုညွန့်ထွန်း'

ဟု ဝမ်းသာအားရ ဟစ်ကြွေး ခေါ်အော်ကာ အပြေးကလေးပြန် လာသော ကိုမင်းအောင်ကို တွေ့မြင်လိုက်ရသည်၊ ထိုအချိန်က ဝမ်း မြောက်ပုံမျိုးသည် ကျွန်တော်၏ဘဝတွင် တကြိမ်တခါမျှ မကြုံ ဘူးခဲ့ပေ၊ ကျွန်တော်လည်း အပြေးအလွှားသွား၍ ကြိုဆိုမိကာ....

'ကိုမင်းအောင်....ကိုမင်းအောင် သွားလိုက်တာဗျာ ကျုပ်ဖြင့် ခင်ဗျားအတွက် စိတ်ပူလိုက်ရတာ'

ဟု ပြော၍မှ မဆုံးသေးမီ....



အို...ခင်ဗျား စိတ်ပူနေမှာ ကျုပ်အတပ်သိပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ သိချင်တဲ့ ဟော-ဟိုကျောက်ရုပ်အကြောင်းကို သဲလွန်စ ရဒါနဲ့ အရေးတကြီး လိုက်သွားဒါဗျ'

'အော်.... သိပ်ဟန်လာဒါပေါ့၊ ဆိုစမ်းပါဦးဗျာ၊ ဘယ်သူ့ ကျောက်ရုပ်တဲ့လဲ'

'ခင်ဗျား အရင်တလောက ရန်ကုန်ထောင်ကြီးထဲမှာ ထောင်ထ တဲ့ မင်းသားတဦးကို သတိထားမိရဲ့လား၊ ညောင်အုပ်မင်းသား ညောင်ရမ်းမင်းသားတို့ အနွယ်ထဲက စောနေထွန်းတို့ စောနေဝန်းတို့ ဆိုတဲ့ ညီအကိုနှစ်ယောက်ကိုတော့ ကြားဘူးရဲ့လား၊ ဗမာပြည်ထဲမှာ မနေဘူးလေ၊ တယောက်က နယ်ခြားက တရုပ်ပိုင်ထဲ ကူးသွားပြီး တရုပ် တောပုန်း-ဓါးပြကြီးတွေနဲ့ ပူးပေါင်းနေတယ်၊ တခါတခါလဲ ဗမာနယ်စပ်ကို လာလာ ဒုက္ခပေးကြတယ်'

'အင်း...ဟုတ်တယ်၊ သဲ့သဲ့တော့ ကြားဘူးတယ်၊ သေသေ ချာချာတော့ မသိဘူး၊ ပြောစမ်းပါဦး မင်းသား စောနေထွန်းတို့ စောနေဝန်းတို့နဲ့ ဒီကျောက်ရုပ်နဲ့ ဘယ်လိုဆက်သွယ်နေသလဲ'

'ဘယ်လိုဆက်သွယ်သလဲလို့တော့ အသေအချာ မသိရသေးဘူး၊ ဒါပေမဲ့ စောနေထွန်း-စောနေဝန်းတို့ အသင်းဝင်လား၊ တရုပ်တော ပုန်း ဓါးပြကြီး ချန်စူးရဲ့ အသင်းဝင်လားတော့ မသိဘူး၊ ဓါးပြ ဗိုလ်လူရွယ်ရွယ် ချောချောကလေးတဦးဟာ ဟောဒီကျောက်ရုပ်ကို တနှစ် တကြိမ် လာလာပြီး ကန်တော့တယ်၊ ဝါဆိုလပြည့်နေ့တိုင်း အမြဲလာတယ်တဲ့'

‘ဟာ ဒါဖြင့် သိပ်ဟန်ကျဒါပေါ့၊ အခု ဝါဆိုလဆန်း ၁၃-ရက်ဆိုတော့ အံကျဘဲဗျို့၊ ကျုပ်တို့ သိပ်မစောင့်ရတော့ဘူး’

နေအုံးဗျ...ဆုံးအောင် နားထောင်အုံး၊ အဲဒီ ဝါးမြ ဗိုလ်ကလေးဟာ စိတ်လဲ အင်မတန်ထက်တယ်၊ ရက်စက်ရမယ်ဆိုလဲ သူ့ကို ဘယ်သူမှမမှီဘူး၊ တရုပ်တောပုန်း ဝါးမြ ဗိုလ်ကြီးတွေကိုတောင် တခါတခါ သူကခေါ်ချေါတဲ့၊ ဗမာသော ရှမ်းသော တရုပ်သော မရှောင်ဘူး၊ သူနဲ့တွေ့တဲ့လူမှန်ရင် သူ့ဓါးသွားနဲ့ ရမ်းပစ်သာဘဲတဲ့၊ အဲ-တခုရှိတယ် ဒီကျောက်ရုပ်ကိုလာပြီး ကန်တော့တဲ့နေ့ တနေ့ဟာဖြင့် သူဟာ အင်မတန် စိတ်သားနူးညံ့လာတယ်၊ သူနဲ့ ဘာတော်သလဲမသိဘူး။ ခေါင်းတုန်တုန်-လည်တုန်တုန်နဲ့ အသက်ခုနှစ်ဆယ်ကျော်လောက်ရှိတဲ့ မိန်းသားအိုမကြီးတယောက်လဲ ကျောက်ရုပ်ကန်တော့လာတိုင်း သူနဲ့အမြဲပါလာတတ်တယ်တဲ့၊ ဝါးမြဗိုလ်ကလေး ခရီးလွန်နေတဲ့အခါလဲ အမယ်ကြီးတဦးတည်းသာ လာတတ်တယ်တဲ့’

‘ဒါဖြင့် အဲဒီ ဝါးမြဗိုလ်ကလေးနဲ့ တွေ့အောင်စောင့်ပြီး ဒီအရုပ်အကြောင်း မေးရမှာပေါ့’

‘ဟုတ်တယ်...ဒါပေတဲ့ တခုတော့ စိုးရိမ်စရာရှိ တယ်၊ ဝါးမြဗိုလ်ကလေးဟာ ကျုပ်တို့ကို အင်္ဂလိပ်အစိုးရ သူလျှိုထင်ပြီး မယုံသင်္ကာဖြစ်လို့ ရန်မူသွားမှာ စိုးရဒါတချက်၊ ဒီအရုပ်ကို ဘယ်သဘောနဲ့ နှစ်စဉ် လာကန်တော့သလဲ၊ သူကိုးကွယ်တဲ့နတ်အနေနဲ့ ကန်တော့ဒါလား၊ သို့မဟုတ် ဒီကျောက်ရုပ်နဲ့ သူနဲ့ ဘယ်လို အဆက်အသွယ် ရှိလို့ ရှိခိုးသလို ပြုတဲ့အနေနဲ့ လာကန်တော့လေသလား။ စဉ်းစားစရာတချက် နောက်ပြီးတော့ သူ့ကို ဒီကျောက်ရုပ်အကြောင်းမေးရင် ကြိုက်မကြိုက် စဉ်းစားရာတချက် ရှိသေးတယ်’



‘အင်း...ဒါလဲ ဟုတ်တာဘဲ၊ တခုတော့ရှိတယ်လေ ဘယ်နည်းနဲ့မဆို သူရှိခိုး သလိုပြုနေတဲ့ ကျောက်ရုပ်ကို ကျုပ်တို့ကလဲ ရိုသေနေတဲ့ အမူအရာပြသားရင် သူနဲ့စိတ်ဓါတ်သဘောတူဖြစ်ပြီး နီးစပ်သွားမှာဘဲ’

‘ဟုတ်ဘိဗျို့...ကိုညွန့်တွန်း၊ ခင်ဗျားဟာ နာ မည် နဲ့ လိုက်အောင် ဖြတ်ထိုးဉာဏ်ကလေးတွေ တယ်တွန်းကားပါကလား၊ ကဲဗျ-ခရီးပမ်းလိုက်တာ စကားနားစမ်းပါရစေ၊ ကျွန်တော့်မှာ ဒီအကြောင်းကလေး သိတို့ရာကိုဘဲ အသွားအပြန် ခုနှစ်ရက်ခွဲတိတိ ဒုက္ခခံခဲ့ရတယ်’

ဟု ဆိုကာ တဲငယ်အတွင်းသို့ ဝင်လာပြီး ပမ်းအာဖြေလေတော့သည်၊ နောက်တရက်မှစ၍ ကျွန်တော်နှင့် ကိုမင်းအောင်တို့သည် ကျောက်ရုပ်၏ ပတ်ဝန်းကျင်တဝိုက်တွင် အရိုက်သမိုက်များ လှည်းကျင်းသုတ်သင်ခြင်း ကျောက်ရုပ်တွင်ဖုံးလွှမ်းနေသော ရေညှိရေမှော်များကို ဆေးကြောပွတ်တိုက်ထားခြင်း၊ ကျောက်ရုပ်၏ရှေ့တွင်လည်း တောပန်းတောင်ပန်းများဖြင့် အလှပြင်ဆင်ထားခြင်းတို့ကို မောရမှန်းပမ်းမှန်းမသိအောင် ပြုပြင်ထားကြပါသည်။

နောက်တနေ့ကား ဝါဆိုလပြည့်နေ့ဖြစ်၍ နံနက် စော စောပင် အိပ်ရာမှထပြီး ရှမ်းလိုလို လားအယ်လိုလို အဝတ်အစားများကို မဝတ်တော့ဘဲ ဗမာပီပီလုံချည်၊ ရှပ်အင်္ကျီ အပေါ်အင်္ကျီတို့ကိုဝတ်ဆင်ကာ ဝါးမြဗိုလ်ကလေးလာမည့်လမ်းကို မျှော်မှန်းလျက်ရှိကြပါသည်၊ သို့နှင့် ကျွန်တော်၏နာရီမှာ နံနက် ၁၁ နာရီထိုး၍ ငါးမိနစ်မျှရှိလျှင်ပင် ထောက်သောသောင်ကြားဆီမှ ကျွန်တော်တို့ရှိရာသို့ တရွေ့ရွေ့လာ

နေကြသော လူထုအုပ်ကို တွေ့မြင်ရပါသည်၊ ထိုလူအုပ်မှာလူများဘဲ စုစုရရလူပေါင်း နှစ်ဆယ်လောက်သာရှိလျက် အလယ်မှ တရုပ်ပြည်တွင် အသုံးပြုလေ့ရှိသော အဝတ်ဗီးအဝတ်ကာနှင့် ထမ်းစင်ငယ်တခုကို လူလေးယောက်က ထမ်းလာပြီး ကျန်လူများမှာ လှံများ ဓါးတင်များကိုကိုင်ဆောင်၍ ထမ်းစင်၏ ရှေ့နှင့် နောက်မှ ခြံရံလိုက်ပါလာကြသည်ကို တွေ့ရပေသည်။

ကျွန်တော်နှင့် ကိုမင်းအောင်တို့လည်း ဓါးပြဗိုလ်ကလေးတို့ လူစုဖြစ်ကြောင်း မြင်ရုံနှင့်သိရပါသည်၊ လက်နက်ကိုင် တပည့်တော လည်းပါလာသောကြောင့်အကယ်၍သာ ကျွန်တော်တို့နှင့် တောက်ကျကြမည်ဆိုက အတော်ကြောက်စရာ ကောင်းပေလိမ့်မည်ဟုတွေးမိပါသည်၊ ရှိုရာတွင် ကျောက်ရုပ်၏ထူဇဝင်ကို သိချင်သောဆန္ဒက ပြင်းပြနေသူများ ဖြစ်သည့် အားလျော်စွာ အရေးအရာ ပေါ်လျှင် အသုံးပြုရန် ဓါးကြားတွင် ယမ်းတောင့် အပြည့်နှင့် အသင့်သည့်ထားသော ခြောက်လုံးပြူးများကို စမ်းသပ်၍ စောင့်စားနေမိကြပါသည်၊ ထိုနှင့် တခဏမျှကြာလျှင် ယခင်လူတစုသည် ကျောက်ရုပ်အနီးသို့ ရောက်လာကြပြီး ကျောက်ရုပ်အနီးတွင် ထမ်းစင်ဦးကိုတွေ့၍ ပြူးတူးပြဲတဲဖြစ်နေကြရာမှ ထမ်းစင်အတွင်းကလူကို ရှမ်းတရုပ်စကားနှင့် တိုးတိုးပြောလိုက်ကြသည်ကို တွေ့ရပါသည်၊ ထိုခဏ၌ ထမ်းစင်အတွင်းမှ လူသည် တင်းတိမ်ကလေးကို ဖွင့်လှကာ၊ ကျွန်တော်တို့ကို ကြည့်နေပါသည်၊ ရှေးဦးစွာသော် ကျွန်တော်တို့သည် ထမ်းစင်အတွင်းမှ ဓါးပြဗိုလ်ကလေးဆိုသူပင် ဖြစ်တန်ရာ၏ဟု ထင်မိသော်လည်း မြင်ရသောအခါ အသက် ၇၀ အရွယ်၊ ဆံမင်းရှင်ရော်လှပြီဖြစ်သော မိုင်းသား အမယ်ကြီး တဦးတည်းသာ တွေ့မြင်ရသဖြင့် ဓါးပြဗိုလ်ကလေး မပါလာကြောင်း သိရလေသည်။



အမယ်ကြီးသည် ကျွန်တော်တို့ကို မြင်သောအခါ ကျောက်ရုပ်ကို ရှင်းလင်းသုတ်သင်နေသူများဖြစ်ကြောင်း မြင်ရုံနှင့် စဉ်းစားမိ၍လောမသိ ရန်မမူပေ၊ အကြီးအမှူးဖြစ်သော အမယ်အိုကြီးက ရန်မမူလိုသောကြောင့် တပည့်များကလည်း ငြိမ်းသွားကြပုံ ရလေသည်။ ထိုနောက် အမယ်အိုကြီးသည် ထမ်းစင်ပေါ်မှ ဆင်းကာ ကျောက်ရုပ်ရှိရာသို့ လှတွဲနှင့် ရောက်လာလေသည်၊ ကျွန်တော်တို့ကလည်း သူတို့အား ရန်လိုသော အမူအရာကိုမပြဘဲ အမယ်အိုကြီးကို ရိုသေသမှုနှင့် ခေါင်းညွှတ်ခါပင် ကြိုဆိုလိုက်ပါသည်။

အမယ်အိုကြီးလည်း ကျွန်တော်တို့ နှစ်ဦးအား တခါမျှမမြင်ဘူးသော လူမျိုးတမျိုးကို တွေ့မြင်ရဘိသလား၊ စိမ်းစိမ်းစားစား ခြေဆုံး ခေါင်းဆုံး စိုက်ကြည့်ပြီးမှ ရှမ်းတရုပ်ဘာသာစကားဖြင့်...

'မင်းတို့ ဘာလူမျိုးတွေလဲ ဒီကိုဘာလာလုပ်ကြတာလဲ'

ဟု မေးရာ ကျွန်တော်တို့ကလည်း ရှမ်းတရုပ် စကားနှင့်ပင်...

'ကျွန်တော်တို့ ဗမာလူမျိုးတွေပါ၊ သတ္တုရှာ လာပါတယ်၊ ဒီအရုပ်ကိုတွေ့ရတော့ ကျွန်တော်တို့ ဗမာလူမျိုးရဲ့ အရုပ်တခု ဖြစ်နေတာကြောင့် ဘာရယ်လို့ မသိရပေတဲ့ ကြည်ညိုတာနဲ့ အရိုအသေပြုနေပါတယ်'

ဟု ပြောလိုက်သောအခါ အမယ်ကြီးမှာ အတော်အံ့ဩသွားပုံနှင့် ကျွန်တော်တို့အား သေချာစွာ ကြည့်မြန်ပါသည်။

'ဟင်...မင်းတို့ ဗမာလူမျိုး ဟုတ်ကဲ့လား'

'ဟုတ်ပါတယ်၊ ကျွန်တော်တို့ ဗမာလူမျိုးအစစ်ပါဘဲ'

'ဒါဖြင့် ဗမာစကားပြောစမ်း'

'ကျွန်တော်တို့ ဗမာလူမျိုးပါခင်ဗျား' (ဗမာစကားနှင့် ပြောသည်)

'ဟုတ်ပြီ-မင်းတို့ပြောလိုက်တဲ့စကားကတော့ ဗမာစကားဘဲ၊ ဒို့ပေမဲ့ မင်းတို့ ဝတ်ထားတဲ့အဝတ်ဟာ ဗမာလူမျိုး အဝတ်အစား မဟုတ်ဘူး'

ဟု ခပ်ဝဲဝဲ ဗမာစကားနှင့် ပြောလိုက်သောအခါ ကျွန်တော်တို့မှာ ဗမာစကား ကောင်းစွာပြောတတ်သော မိုင်းသာအိုမကြီးအား အံ့ဩခြင်း-ဝမ်းမြောက်ခြင်းများဖြင့် တပြိုင်နက် ကြည့်နေမိပါသည်၊ ထိုအခါ အမေအိုကြီးသည် စကားကိုဆက်လက်၍....

'ငါလဲ ဗမာဘဲ၊ ဒါပေမဲ့ ဗမာပြေက ထွက်လာခဲ့ အနှစ်ငါးဆယ်ကျော်ပြီ၊ တခါမှ ဗမာကို မမြင်ရတော့ဘူး၊ ငါသိတဲ့ ဗမာတွေဟာ မင်းတို့လို ခေါင်းမှာ ဆံပင်ဘုတ်စုတလေးတွေနဲ့ မဟုတ်ဘူး၊ ဆံပင်အရှည်- အချို့မှာ ပေါင်းတယ်၊ ဝတ်တဲ့အဝတ်လဲ ဒီအဝတ်မျိုးမဟုတ်ဘူး'

ဟု တိုက်ပုံအင်္ကျီနှင့် လုံချည်များကိုပြ၊ ခေါင်းကဗိုလ်ကေကို ထိုင်ဖြန့်၍ လှုပ်ပြန်ပါသည်။

'ဟုတ်ပါတယ်၊ ဗမာတွေဟာ လွန်ခဲ့တဲ့ အနှစ်ငါးဆယ်လောက်က အဝတ်အစားနဲ့ အခုခေတ် အဝတ်အစား မတူကြတော့ပါဘူး၊ ကျွန်တော်တို့လို ယောကျ်ားများထက် မိန်းမများက သာပြီး ပြောင်းလဲနေပါသေးတယ်'

ဟု ပြောလိုက်သောအခါ အမယ်အိုသည်....



'အော်'

ဟု ရှေ့ရှေ့ကြီး ညီးကာ ခေါင်းဆတ် နေရှာပါသည်၊ ဤတွင် ကျွန်တော်တို့နှင့် မိုင်းသာ အမယ်အိုကြီးတို့ တွေ့လျှင် တွေ့ခြင်း လေပေးဖြောင့် သွားကြကာ ဗမာပြည် အကြောင်း- ဒုခမေးလို့ရာ တွေ့ရှောက်မေး၍ ကျွန်တော်တို့က စိတ်ရှည်စွာ ဖြေကြားခြင်း၊ ကျွန်တော်တို့ သိလိုသော ကျောက်ရုပ်အကြောင်းကို အမယ်အိုကြီးက ခရားစေ့တွင်းကျ သေချာဂနစွာ အစီအစဉ်နှင့် ပြောပြခြင်း ပြုရှာတော့သည်ဖြစ်ရာ၊ ကျွန်တော်တို့ ကြားခဲ့ရသမျှ အဆိုပါ အတ္ထုပ္ပတ္တိအား ကျွန်တော်တို့ သိကြသကဲ့သို့ အများထပ်တူ သိရှိတော်မူကြစေရန် နိုင်ငံကျော် စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေးအား စီကာပတ်ကုံး ဖွဲ့နွဲ့ရေးသားကာ တိုင်းပြည်သို့ ဖြန့်ဖြူး ဝေငှစေရခြင်း ဖြစ်ပါတော့ကြောင်း။

ဗမာတမျိုးလုံး ကြီးပွားတိုးတက်၍ လွတ်လပ်ကြပါစေ။

ညွန့်ထွန်း။
မင်းအောင်။

# ရွှေစွန်ညို

**အခန်း ၁။** ညို့ညို့ ဆိုင်းဆိုင်းနှင့် မှိုင်းဝေမှောင်သော တောင်စဉ် တောင်ထွဋ်တို့ အလယ်၊ အသွယ်သွယ်သော စိမ့်စမ်း ရေတံခွန်နှင့် ယောမဝန်မြိုင် နန်းကြီးအတွင်း၌၊ အစဉ်တစိုက် စုလိုက်၊ အုပ်လိုက်၊ တရွေ့ရွေ့ တလျှောလျှော သွားနေသော လှည်းတန်းကြီးတခုကား မိုးနှင်းမြူသို့ ချေးနေအို အဆောင်အဝယ် လိုက်ကြသော လူဘုရ၏ လှည်းတန်းကြီးဖြစ်လေ၏။

အဆိုပါလှည်းတန်းကြီးသည်၊ မြေပေါ်တွင် တွား၍သွားနေသော ပိုးတီကောင်ကြီးသဖွယ်၊ အသွယ်သွယ်သော တောအုပ်တောင်တန်းများကို ဖြတ်သန်း ကျော်လွန်သွားပြီးနောက်၊ တခုသော ရေတံခွန် စမ်းချောင်းအနီးရှိ ကျယ်ပြန့်သော လွင်ပြင်အရပ်တခုသို့ရောက်လျှင်၊ ပစ္စည်းခန်းစည်အပြည့်ပါသော အမိုးပိတ်လှည်းကြီးများအနက်၊ ရှေ့ဆုံးလှည်းမှ လှည်းဆုပ်ဖြစ်သော ရှမ်းလူမျိုး တဦးက၊ မတ်တတ်ထ၍ နောက်သို့လှည့်ကာ အမိန့်ပေးလိုက်သည်နှင့်တပြိုင်နက်၊ နောက်လိုက်လှည်းများမှလည်း ခရီးညွှန်ကြားသူ လှည်းဆုပ်၏ အမိန့်စကားကြားရလျှင်၊ နံနက်စာအတွက် ချက်ပြုတ်စားသောက်ချိန် ရောက်ပြီဟူသော အထိမ်းအမှတ်ကို သိကြသဖြင့် လှည်းများကို ကိုယ်စီရပ်၍ လှည်းဝိုင်းချ ရပ်နားလိုက်ကြလေ၏။

မြင့်မတ်သော တောင်ကမ္ဘားတခုပေါ်မှ မြင်းညိုကြီးကို စီးလျက်၊ သပြေညိုရောင် မြူထည်ကြီးတခုကို သိုင်းခြုံကာ ခေါင်းတွင် ငွေရောင် တဝင်းဝင်းရှိသော သိန်းခွန်ငှက်သဏ္ဌာန် ထုလုပ်ထားသည့် မောက်တိုကို မေးသိုင်းကြိုးနှင့် ကျနသေသပ်စွာ ဆောင်းဆင်ထားသော ခွန်အားဗလကောင်းသည့် နုနယ်ပျိုရွယ်သော လုလင်ပျိုတဦးသည်၊ အနောက်နိုင်ငံထွက် ဈေးကြီးသော မှန်ပြောင်းတခုနှင့် တောင်ကြား မြေကွက်လပ်တွင် စတည်းချနေသော လှည်းဝိုင်းကြီးကို စေ့စပ်သေချာစွာ ကြည့်ရှုလျက်ရှိလေ၏။

မှန်ပြောင်းဝတွင် တွေ့မြင်ရသော လှည်းအုပ်ကြီးပါ လူတစုမှာ၊ တောရောမြို့ပါ ရှမ်း မြန်မာ အမြောက်အမြားနှင့် စွန့်စွန့်စားစား စီးပွားရှာလာကြသူ အနည်းငယ်မျှသော တရုတ်ကုလားစသဖြင့်၊ လူပေါင်းစုံပါဝင်၍၊ အချို့လည်း ကိုယ့်လူစုနှင့်ကိုယ် ချက်ပြုတ်စားသောက်လျက်၊ အချို့လည်း အနီးရှိ ချောင်းငယ်မှ ရေများကို အလိုရှိရာ သယ်ယူ၍ရင်း၊ အချို့ ရေချိုးလျှော်ဖွပ်၍ရင်း၊ အချို့သော သူတို့လည်း၊ အချင်းချင်း သင့်ရာ ပြောဆိုတိုင်ပင်နေ၍၊ အချို့လည်း ရောင်းချရန် သယ်ယူလာသော ပစ္စည်းများ ပြသ၍ ဈေးနှုန်း တွက်ချက်နေကြလေ၏။

လုလင်ပျိုသည် မှန်ပြောင်းကို မျက်လုံးမှခွာလိုက်ခါ၊ စိတ်ကျေနပ်သွားသကဲ့သို့ တဦးတည်း ခပ်ပြုံးပြုံး ခေါင်းညိတ်လိုက်ပြီး၊ မိမိ၏ မြင်းကြီးကို ဖနောင့်နှင့်တချက်မျှ တို့လိုက်ရာ၊ မြင်းကြီးမှာ တိမ်ယာဉ်မျှ သိမ္မောနတ်ပြင်းကြီးအလား၊ လွှားကနဲပဒပ်ရပ်ပြီး ကမ္ဘားကြီးထိပ်မှ ရုတ်တရက် ပျောက်ကွယ်သွားလေ၏။ လှည်းဝိုင်းကြီးမှလူတစုကား အချိန်ရနိုက် လူလှိုက်ခါ၊ နံနက်စာ အသို့ကို ကိုယ့်ဆိုင်ရာ ဆိုင်ရာ လူစုအတိုင်း ဝိုင်းဖွဲ့ချက်ပြုတ် စားသောက်နေကြမြဲ နေကြလေသေးသည်။ ထိုလူတစုတွင် ရွှေမြို့တော်ကြီးမှ



ခင်သုန်းမြင့်ဆိုသူ မိန်းမပျိုကလေး တဦးမှာလည်း၊ အစေခံမိန်းမ ဖေါ်နှစ်ဦးနှင့် မိနဲမြို့သို့ ခရီးသည်အဖြစ် လိုက်ပါလာလေရာ၊ အဆိုပါ ခင်သုန်းမြင့်မှာ၊ ထီးဆွေနန်းယန်နှင့် ကြန်အင်လက္ခဏာ ပြေပြစ်လှချော မြင်သူခမာမလောက်ရှိသော သူ၏နှင်းရှိရုပ်ကို လျှို့ဝှက်ဖုံးပိကာ၊ အမျိုးအမည်မထင်ရှားသော သာမန်ခရီးသည် မိန်းမသားတဦးကဲ့သို့ အမှတ်မထင် လိုက်ပါလာလေ၏။

ခင်သုန်းမြင့်သည်၊ ခြေညောင်းလက်ဆန့်ပြုရန် လှည်းပေါ်မှ ဆင်းကာ၊ နောက်ပါမိန်းမနှစ်ယောက်နှင့်အတူ မနီးမဝေးရှိ စမ်းချောင်းထိပ်မှ ကျောက်တုံးကြီးတခုဆီသို့ ရောက်လာလေ၏။

ခင်သုန်းမြင့်မှာ ကျောက်တုံးထိပ်မှရပ်ခါ၊ မိမိတို့လာခဲ့သော လမ်းကြီးကို အစဉ်အတိုက် ပြန်လည်ရှုမျှော်လိုက်ပြီး၊ စိတ်ထဲတွင် သူ၏ဇာတိဌာနသို့ သတိရလာ၍အလား မျက်နှာများ ညှိုးသွားသည်ကိုတွေ့ရသောအခါ၊ နောက်ပါးမှ ပါလာသောအစေခံမိန်းမ ဖေါ်နှစ်ယောက်သည် တယောက်မျက်နှာတယောက် ကြည့်လျက် လက်တို့ခြေတို့နှင့်

'ဘယ့်နှဲ့လဲအေ့ သုဇာ၊ မတုရှားလေး ဒီနေ့ တယ်ပြီးမျက်နှာ မသာပါလား'

'ဟုတ်တယ် မာလာရေ့-လာခဲ့တဲ့လမ်းကို မျှော်မှန်းပြီး မျက်နှာလေးအတော်ညှိုးနွမ်းသွားတယ်'

မာလာ။ ။'ခရီးကလဲပမ်း၊ လမ်းကလဲကြမ်း၊ ဒီလိုကြောက်စရာကောင်းတဲ့ တောလမ်းခရီးမျိုးကိုလဲ၊ မအေမွေးတဲ့နေ့ကစပြီး၊ ဒီတခါသာ စွန့်စွန့်စားစားနဲ့၊ ရဲအားကိုးပြီး၊ ထွက်လာခဲ့ရခါကလားအေ၊ မတုရှားလေးသတ္တိကောင်းလို့သာ ဒီအနေလောက် ခံနိုင်ရည်ရှိသေးတာ၊ သူများတကာဆိုရင်'

သူဇာ။ ။‘တော့...တော့...တာကိုမှ မတွေ့ရသေး [illegible] ပေါ်နေပြီ’

ခင်တိုးမြင့်သည် ကျောက်ကမ္ဘာလေးအတွယ် ရှုံးလျက်နေ သော ကျောက်တုံးအနေပေါ်တွင်၊ တင်ပါးလွှဲထိုင်ကာ တော အ ထင်ထင် တောင်ကမ္ဘာလွှာလွှာကို မျှော်မှန်းနေရမှ အနီးသို့ရောက် လာသော သူဇာနှင့်မာလာတို့အား...

‘သူဇာတို့မာလာတို့ရေ ဟိုမြင့်ရွှေဆံတော်ကြီးနဲ့ တဖြည်းဖြည်း ဝေးလာကြပြီနော်’

ဟု ညြိုးငယ်သောမျက်နှာဖြင့် ပြောလိုက်လေ၏။

သူဇာ။ ။‘လွမ်းတော်မူသလား မဘုရားလေးရဲ့’

မြင့်။ ။‘ကိုယ့်ဇာတိ– ကိုယ့်နေရပ်ဆိုတော့ လွမ်းတာပေါ့ [illegible]’

မာလာ။ ။‘ဒီလို လွမ်းနေမှာဖြင့်လဲ တောကြီးတောင်ကြီးထဲ ကို ဘာပြုလို့ ရဲကျွမ်းပြီး ထွက်ပြေးလာရသေးသလဲဘုရား၊ ကိုယ့် ဌာနမှာကိုယ် ပျော်ပျော်ကြီး နေတော်မူရောပေါ့’

မြင့်။ ။‘မနေသာလို့ ပြေးလာခဲ့ရတာပေါ့ မာလာရယ်၊ နေ သာရင် ဒုလိုစွန့်ပြီး ပြေးလာစရာမလိုပါဘူး’

သူဇာ။ ။‘အော်...စပ်မိလို့ ရှိမှ ပြောလာရတဲ့ အကြောင်း ကလေး တဆိတ် ထမိန့်ရှိပါလား မဘုရားလေးရယ်၊ ဖျက်ချမတို့မှာ မဘုရားလေး အရေးတကြီးပေါ်လာလို့သာ ပြေးပြေးရာ လိုက် လာရတယ်၊ ဘာအကျိုးဘာအကြောင်းမှ မသိရသေးဘူးဘုရား’

မြင့်။ ။‘အေး–အေး–ညီတို့ သိချင်လဲ ပြောရတာပေါ့၊ ငါ ပြေးလာရတဲ့အကြောင်းက ဒီလိုအေ့၊ တိုတိုပြောရမှာဖြင့် ဘဘ ဘုရားက အတွင်းဝန်ရာထူးရအောင် ငါ့ကို ရွှေနန်းရှင်ဘုရား ဆက် မယ်လို့ မေးမေးဘုရားနဲ့ ကြံတဲ့ပြီး ကြံနေကြတယ်၊ သူတို့ကို ကြီးဆုံ



ကြီးကိုင် လုပ်နေပါကလဲ ရွှေနန်းရှင်ဘုရားက အင်မတန်သစ္စာတော် မှုနေတဲ့ အတွင်းဝန်ကြီးတပါးအေ့၊ ဆက်တော့မယ် နေ့ပိုင်းရက် ပိုင်းကလေးလောက်သာ လိုတော့တယ်၊ ဒါကြောင့်ငါမှာ မိဖုရား ဖြစ်ရမှာ ကြက်သီးမွေးညှင်းထအောင် ကြောက်လွန်းလို့ ဒုလိုတိတ် တဆိတ်ကြိတ်ပြီး ထွက်ပြေးလာခဲ့တာကလား’

မာလာ။ ။(ရင်ကိုပုတ်ပေါ့ အံ့ဩသောမျက်နှာနှင့်) ‘မိဖုရား ဖြစ်ရမှာ ကြောက်တယ်လို့များ ရှိရသေး မဘုရားလေးရယ်၊ ဖျက်ချ မတို့များဖြစ်ချင်လွန်းလို့ ဆုတောင်းနေတာတောင် မိဖုယားထား လို့ လူပျိုတော်သားရဲ့ မယားတောင် မဖြစ်နိုင်လို့ ခက်နေသေး တယ်’

သူဇာ။ ။‘ဟုတ်တယ်...ညီးလို မဲမဲခြောက်ခြောက် ပိန်ပိန်လိမ် လိမ်ရုပ်မျိုးကို လူပျိုတော်သားတွေက မမြင်ဘူးတော့၊ ငါ့လို ဖြူ ဖြူတုတ်တုတ် တမွှေ့တပိုက်ကြီးမျိုးဆိုရင်လဲ ဟုတ်သေးရဲ့’

မာလာ။ ။(ရယ်လျက်) ‘နို့ မသူဇာကို ဖြူဖြူ တုတ်ကြီးမို့၊ လူပျိုတော်တွေ ဝိုင်းကြိုက်နေလို့၊ ရီးစားတွေ မှိုလိုပေါက်နေမှာပဲ နော်’

သူဇာ။ ။‘ဟင့်အင်း...တယောက်မှ မရှိပါဘူး၊ ကျုပ်က ဒါ လောက်များ မမုန်းသေးဘူး–ရှင်မာလာရဲ့၊ တကဲ့ အဓိပတိကြီးတွေကို ချိန်နေတာ၊ မင်းပေါ်သွင်းဆိုတဲ့ ဝန်ကြီးတပါးမှာ၊ မယားသေပြီ ဆိုလို့၊ ကိုယ့်အတွက် ဆိုက်ပယ်လို့နေတုန်း ဖြုန်းကနဲ မဘုရားက ပေါ်လာလို့ လိုက်လာရတာယ်၊ လွှဲချင်တော့ ဒီလိုကြုံဖန်ပြီး ဖြစ်ရ တာဘဲလေ၊ စိတ်လဲမဆိုးနဲ့ဘုရား၊ မဘုရားလေးလဲ မိဖုရားဖြစ်မဲ့ ဆဲဆဲက ဒုလိုထွက်ပြေးလာတာ အင်မတန် လွဲတယ်လို့ ထင်တာဘဲ ဘုရား’

ဟု ဝမ်းနည်းသံနှင့် ပြောလေ၏။

မာလာ။ ။'ဟုတ်ပါရဲ့ မဘုရားလေးရယ်၊ မသူဇာ ဝန်ကြီး ကတော်မဖြစ်ရတာထက် မဘုရားလေး မိဖုရားမဖြစ်ရတာ နာတာ တဲ့ဘုရား'

သူဇာ။ ။'ဟုတ်သားပဲ မဘုရားလေးရယ်၊ ဝန်ရှယ် မဘုရား ကြီးလဲ မဘုရားလေးပျောက်လို့ ဂုဏ်ရောက်ရှာလှရော့မယ်၊ မြန် ကြပါစို့ဘုရား'

ခင်တုန်းမြင့်သည် ရုတ်တရက် မျက်မှောင်ကုတ်ခါ၊ မျက်နှာထား တင်းတင်းနှင့်....

'ဟော့-တော်ကြ တော်ကြညီးတို့က ဘာစကားတွေ ပြောနေကြ တာလဲ၊ ဘဘဘုရားနဲ့ မေမေဘုရားတို့ စကားမှ နားမထောင်တဲ့ ထွက်ပြေးလာခဲ့သေးတာ၊ ခုမှ ညီးတို့ စကားကို နားထောင်နေရ ဦးမှာလား၊ ညီးတို့သဘောမကျလို့ ငါ့နောက် မလိုက်ချင်ကြရင် ပြန်သွားကြ'

ဟု ပြောလိုက်သောအခါ၊ သူဇာနှင့် မာလာတို့မှာ ပြုံးကာ ရယ် ကာနှင့် မိမိတို့သခင်မကို ချော့မော့ပြီး

'အို... မဘုရားလေး စိတ်ဆိုးတော်မူရင်လဲ မပြောပါဘူး၊ ကျွန်မ တို့က မဘုရားလေး ကောင်းစား ကြီးကျယ်တာ မြင်ချင်တဲ့အတွက် ပြောနေတာပါ'

မြင့်။ ။'အေးလေ....ညီးတို့ကတော့ အတွင်းရေးကို မသိရှာကြ တဲ့အတွက် မိဖုရားမဖြစ်ချင်လို့ ထွက်ပြေးလာတာကို အံ့ဩမယ်ဆို လဲ အံ့ဩစရာပေါ့၊ ဒီတော့ ငါ သာကြောင့် မိဖုရား မဖြစ်လိုဘူးဆို တာ ပြောပြမယ်၊ ဒီနားတိုးနားထောင်ကြ'

သူဇာနှင့် မာလာတို့သည် ခင်တုန်းမြင့် တင်ပါးလွှဲ ထိုင်နေသော ကျောက်တုံးကြီးအနီးသို့ ကပ်ထိုင်ကာ၊ စိတ်အားထက်သန်စွာ နား ထောင်နေကြလေ၏။



မြင့်။ ။'မိန်းမဘဝမှာ ရှင်ဘုရင် ကတော်ဖြစ်ရတာဟာ အတန်း ကုန်တဲ့အေ့၊ ဘယ်သူမဆို ရှင်ဘုရင်ရဲ့ မြောက်သားတော် ဖြစ်ချင် ကြတာပေါ့၊ ဒါပေမဲ့ ဒို့လက်ထက်မှာ ဘုရင်ဖြစ်နေရှာတဲ့ သီပေါ ရွှေနန်းရှင် ခမြာမှာတော့၊ မိဖုရားကြီးရဲ့ ဩဇာက တနန်းတော် လုံးကို လွှမ်းမိုးနေတယ်၊ အဲဒီလို ဘုရင်ထက် မိဖုရားကြီးက ဩဇာ ကြီးရုံမက၊ မိဖုရားကြီးရဲ့ စိတ်တော်ကလဲ ခက်ထန်တော်မူလွန်း တော့၊ မိဖုရားငယ်ဖြစ်ရတဲ့သူများ အသက်အန္တရာယ် မကင်းဘူး အေ့'

သူဇာ။ ။'ဟုတ်တယ် မာလာရေ့၊ မဘုရားကလေးပြောတော် မူမှ သတိရတယ်၊ ဒို့ရွှေနန်းရှင် မင်းကလေးဟာ သူများရှင်ဘုရင် များလို မိဖုရားကြီးမှတပါး၊ ဆောင်ရ နန်းရ မိဖုရားငယ်ဆိုလို့ တဦးမှမရှိဘူး၊ အဲဒါဟာ သူ့မိဖုရားကြီးကို ရွံ့တော်မူလို့ အပို မိဖုရား မထားရတာနဲ့ တူတယ်'

မြင့်။ ။'အို...ငါပြောရင် ငြိမ်ငြိမ်နားထောင်စမ်းပါအုံး၊ မိသူ ဇာကဖြင့် အင်မတန် လျှာအာတက်ပေါက်ချင်တယ်'

သူဇာ။ ။'ကဲ...ကဲ ဆက်ပြီး မိန့်တော်မူပါ၊ ကျွန်မများ ငြိမ် ငြိမ် နားထောင်ပါမယ်'

မြင့်။ ။'ဒိုင်းအတွင်းဝန်သမီးနဲ့ ပင်းအတွင်းဝန်သမီးများကောက် တော်မူတုန်းက ခမြာများလဲ မိဖုရားကလေးတဝမှ၊ ထင်ထင်ပေါ် ပေါ် မရောက်ရှာသေးခင်၊ ဂုဏ်သေးကြီး အဆိုက်ခံကြရှာတယ်၊ သူတို့တင် မကသေးဘူး၊ ဒီကိစ္စမှာ အားပေးကူညီကြတဲ့ ခေနောင်မင်း သား၊ ပင်းသာမင်းသား၊ တောင်သမန်လယ်စား၊ အဂ္ဂပါတ်မြင်းဝန် တို့လဲ တသီတတန်းကြီး ရာဇဝတ်သင့်ခံသွားကြရတာ ညီးတို့မကြား လိုက်ဘူးလား'

မာလာ။ ။'ဩော်...ကြားတယ်ဘုရား၊ ကြားတယ် ကြားတယ်

ဘာကြောင့်ရယ်လို့တော့ သေသေချာချာမသိဘူး။ ဖျကျမတို့ရဲ့ မောင်တာဝမ်းကွဲ တော်ကလေးတယောက်ဟာ၊ တိုင်တာမင်းကြီး အိမ်တော်မြင်းဇောင်းမှာ အမှုထမ်းရတာနဲ့ ဘုမြင်ရတဲ့အတိုင်းပြော ပြလို့ ဖျကျမ သနားလိုက်တာလေ၊ ပိုင်းဝန်းသို့ ခင်ခင်ကြီးဆိုတာ ရလိုက်သာလဲ လွန်လို့တဲ့၊ ဘယ်လို ရာဇဝတ်မှုမျိုး ရယ်လို့တော့ မသိဘူးတဲ့ရှင့်၊ တိုင်တာမင်းကြီး မြင်းဇောင်းထဲမှာ ကြိုးနဲ့တုတ်ပြီး ၄-၅-ရက် ထားသတဲ့၊ ခင်ခင်ကြီးကလဲ နေ့တိုင်း နေ့တိုင်းငိုပြီး၊ လွှတ်ဖို့ရာ မင်းကြီးကို တောင်းပန်နေရှာတယ်၊ တိုင်တာမင်းကြီး ကလဲ သနားရှာလွန်းလို့တဲ့၊ ခင်ကြီးဝယ် ဘိုးဘိုးလဲ မကယ်နိုင်ဘူး ကွယ်၊အမိန့်တော်ကြီးက ပြင်းထန်လွန်းလို့၊ ဘိုးဘိုး အသက်ရှုကြပ် လှသကွယ်နဲ့ နေ့တိုင်း ပြန်ပြန်ပြောရှာသတဲ့ရှင့်၊ အဲဒီလိုနဲ့ နေ့ရက် ၂ ရက်လောက်ရှိတော့၊ ပ ါးကူကျန်ယောက် ပေါက်လာပြီး ခင်ခင် ကြီးကို မြင်းဇောင်းထဲက ထုတ်သွားတာဘဲတဲ့ ရှင့်၊ ဒီဟာ ခုနင် က မဘုရားလေးမိန့်တော်မူတဲ့အတိုင်း ဘုရင်ကောက်လို့ ရာဇဝတ်မှု ရောက်ရှာတာနေမှာဘဲနော်'

မြင့်။ ။'နေမှာဘဲ မဟုတ်ဘူး။ ဒီအပြစ်ကြောင့် သေရတာ အမှန်ဘဲ၊ အဲဒီတော့ တခြား မိဖုရားခေါင်ကြီးတွေလို၊ ဆောင်ရ နန်းရ မိဖုရားငယ်တွေအပေါ်မှာ ညှာတာတတ်တဲ့ မိဖုရားခေါင် ကြီးမျိုး မဟုတ်သူရဲ့ လက်အောက်မှာ မိဖုရားငယ်ဖြစ်ရလို့ ဘယ် မှာ အေးသာရှိနိုင်ပါမလဲ၊ နှစ်ရက် ဘဝနီးတည့်လောက် မိဖုရား ကလေး ဖြစ်ရမဲ့အတွက် အသက်နဲ့လဲယူရမှာကြီးတော့၊ ညီမြင့် လုပ်ချင်မလားလို့ ခဲ့ပါးစားကြည့်စမ်းပါလား....'

သူဇာနှင့် မာလာတို့သည် ကြောက်ကြောက်ရွံ့ရွံ့နှင့် ကြော တွန့်၍ သွားကြလေ၏။

မာလာ။ ။'အလိုလေး....ဒီလိုဆိုတော့ ကြောက်စရာ ကြီးပါ



သာ။ ဂါနဲ့ မျှားမမေ့ဘုရားကြီးတို့က၊ မဘုရားလေးကို အပြု မဲ့ ဆက်ချင်ကြပါလိမ့်နော်'

မြင့်။ ။'ဘယ်သူ့သောသော၊ ဝေတာမှာပြီးရော ဟိုဘဲ လူဘား တွေက ရှေ့နန်းရှင်ဘုရားရဲ့ ထုံးတော် လာဘ်ဆောင်ကို မမေ့ပြီး၊ အတိုးကြီး၊အမယ်ကြီးကို ဘောမဖို့လေတနဲ့ ကြိုကြိုဖန်ဖန် အယုံ သွင်းပြီး ခေါ်ချနေကြတာကိုးဟေ့'

သူဇာ။ ။'နန်းမတော် ကြီးကလဲ တယ်စည်းကြပ်တော်မူပါ ကလား'

မာလာ။ ။'ဒီလိုသာဖြင့်၊ နတ်ရွာစံ မင်းတုန်းမင်းတရားကြီး ဘုရားမှာ၊ မိဖုရားခေါင်း ၄၅ ပါးတောင် ရှိနေတာ မဆက်ဆေး ဘူးလား၊ မိဖုရားတွေဟာ အဆောင်အယောင် အဝမ်းအနားနဲ့ ခြွေရံသင်းပင်းနဲ့ ကိုယ့်စည်းစိမ်နဲ့ကိုယ်ပျော်လို့'

မြင့်။ ။'ဒါကတော့မင်းတုန်းမင်းတရားကြီးရဲ့ မိဖုရားခေါင် ကြီးက၊ ပညာရှိ မိန်းမမြတ် သူတော်ကောင်း သက်သက်ကြီးကိုး'

သူဇာ။ ။'ဒါပေတဲ့မဘုရားလေးရယ်၊ ဖျကျမသဘောတော့၊ ဘယ်သူကဘာပြောပြော ကိုယ့်လင်ကိုယ်တဲ ဘားရပါရကြီး ချစ် ချင်တာဘဲ'

မာလာ။ ။'ညီးကလဲအေး၊ အကောင်အထည် ရှာမရသေးတဲ့ လင်ကို၊ ဒါလောက်သဝန်ကြောင် မနေပါနဲ့ အုံး'

သူဇာ။ ။'ကြောင်ရတယ်အေ - ကြောင်ရတယ်'

ထိုအခိုက် စမ်းချောင်းကလေးဘက်မှ အညိုရောင် ခြုံထည်ကို လွှမ်းခြုံထားသော လုလင်ပျိုတဦးသည် ခင်ဘုန်းမြင့်အား စိမ်းစိမ်း ဝါးဝါး စိုက်ကြည့်နေလေ၏။ ထိုလုလင်ပျိုမှာ ယခင် ကမ္ဘားထိပ်မှ မြင်းစီးကာ မှန်ပြောင်းဖြင့် ကြည့်နေသော လုလင်ပျိုပင်ဖြစ်ချေကာမှု၊ ခေါင်းတွင် ဆောင်းထားသော သိန်းစွန့်ဝှက်သဏ္ဍာန် ရှေ့ရောင်

ခမောက်ကြီးမပါဘဲ၊ သာမန်ရှမ်းလူပျို တဦးကဲ့သို့ အညိုရောင် ဦးရစ်ခေါင်းပေါင်းကြီးကို ပေါင်းထုပ် ထားလေသည်၊ ထိုသူသည် ထိုမူ နန်းယာန်နှင့် အသွင်သဏ္ဌာန် ထူးခြား လှပသော မိန်းမပျို ခင်တုန်းမြင့်အား ချစ်ခင်နှစ်သက် စုံမက်မြတ်နိုးလှသော မျက်နှာ ထားနှင့်၊ အာရုံပါ၊ တရ စေ့ရိုက်ကြည့်နေမိလေသည်။

အစေခံ မိန်းမငယ်နှစ်ယောက်နှင့်၊ ရောက်တတ်လေးဆယ် ဆက်လက်ခါ ပြောနေသော ခင်တုန်းမြင့် သည်လည်း ထိုခဏ၌ပင် စမ်းချောင်း တဘက်သို့ မျက်နှာ မူလိုက်မိသည်ဖြစ်ရာ၊ မိမိအား စိမ်းစိမ်း စားစား စိုက်ကြည့်နေသူ ရှမ်းလူပျိုချော တဦးကို အမှတ်မထင် တွေ့မြင် လိုက်ရသောအခါ၊ ကြည့်ပုံ ထူးခြားသော ကြောင့်၊ စိတ်ထဲတွင် တိတ်ခနဲဖြစ်သွားပြီး၊ ဤနေရာတွင် ကြာရှည် ထိုင်နေရန် စိတ်မရှိသည်နှင့်...

'ကဲ- သာကြခေ...တောထဲ တောင်ထဲမှာ၊ အပေါ်တွေနဲ့ ဆုံပြီး အထင်ရှိမနေချင်ပါဘူး။ လှည်းဝိုင်းကို ပြန်ကြပါစို့'

ဟုဆိုကာ ထိုင်ရာမှထလျက်၊ လှည်းဝိုင်းဘက်သို့ လှည့်ပြန်ခဲ့ လျှင်၊ စကား အခြင်းအရာ မပြတ်ကြသေးသော သူ့ငှာနှင့် မသာ တို့လည်း၊ ခင်တုန်းမြင့်နောက်မှ ပါသွားကြလေ၏။

လှည်းဝိုင်းအတွင်းသို့ ရောက်သောအခါလည်း၊ မိမိတို့ လှည်းနှင့် မနီးမဝေးတွင် လောက်ရှည်ကြမ်းဆိုးတခုနှင့် စကားဝိုင်းဖွဲ့ နေကြ သော ရှမ်းကုန်သည် - မြန်မာကုန်သည်, အတိုးကြီး ၄ - ၅ ဦးမှာ၊ ကျယ်လောင် ကျယ်လောင်နှင့် စကားပြောဆိုနေကြသည်ကို တွေ့ ရသဖြင့်၊ ခင်တုန်းမြင့်တို့မှာ မိမိတို့ လှည်းပေါ်မှ ထိုင်ကာ နား စိုက်ထောင်နေမိကြလေ၏။

မြန်မာ ကုန်သည် အတိုးကြီး။ ။'ဘုရားတကာရေ့...ကျုပ် တော့ အရောင်းအဝယ်ကိစ္စကြောင့်သာ၊ တို့စံမျက် လာလာ



နေရတယ်၊ ခုတလော...ခင်ဗျားတို့ရှမ်းပြည်ကို တယ် မသာချင်ဘူး ဗျာ'

ရှမ်း ကုန်သည်။ ။'ဘာကြောင့်တုန်းဗျ၊ အရောင်းအဝယ်ညံ့ ချင်းလို့လား'

မြန်မာ။ ။'ဟာ...အရောင်းအဝယ် ကိစ္စကတော့ မဆိုးလှ ပါဘူး၊ ရှေးကလိုပါဘဲ၊ ဒါပေမဲ့...ခုတလော ခင်ဗျားတို့ဆီမှာ ခရီးလမ်းပန်း တယ်မသာယာလှဘူးဗျာ၊ တောပုန်းခေါင်းပြတွေ ထ နေလို့၊ ခရီးသွားကုန်သည်များမှာ ကြိုးလန့်စားစား အသက်လုနဲ့ပြီး သွားနေရတယ်လို့ သတင်းကြားတယ်၊ အဲဒီ တောပုန်းခေါင်းပြတွေ ထဲမှာ ရွှေစွန်ညိုဆိုတဲ့ ခေါင်းပြဗိုလ်ကြီး ဆုပ်ချုပ်တဲ့ ခေါင်းပြလူဆိုး တ သိုက်ဟာ၊ အတိုက်အခိုက် အလုအယက် တယ်ရက်စက်သဲ၊ ကျုပ် တို့လို လက်နက်မပါဘဲ ရိုးရိုးသားသား သွားလာနေကြတဲ့လူတွေမ ဆိုထားနဲ့၊ လက်နက်အားနဲ့ ထပ်သား အပြည့်အစုံပါတဲ့ မင်း အတွက်ပစ္စည်းများကိုတောင် ရအောင်တိုက်ခိုက် လုယက် ယူနေဆိုဘဲ ဟုတ်လား၊ ရွှေစွန်ညို ဆိုးသွမ်း သောင်းကြမ်းနေတဲ့ သတင်းဟာ ခင်ဗျားတို့ ရှမ်းပြည်တွင်မက...ကျွန်တော်တို့ မြန်မာ မင်းနေပြည် ကြီးမှာတောင်၊ အင်မတန် သတင်းကြီးနေတယ်ဗျ'

ရှမ်း။ ။'အင်း...ရွှေစွန်ညိုတို့လူစု သောင်းကြမ်းနေတာက တော့ အမှန်ပေါ့ဗျာ၊ ရွှေစွန်ညိုသောင်းကြမ်းတာလဲ တမျိုးပါဘဲ၊ တခါတခါလဲ ခင်ဗျားတို့ ဗမာရှင်ဘုရင်ကို ပုန်ကန်ခြားနားတဲ့ သူ ပုန်စော်ဘွားကြီးတွေရဲ့ လူရှုထဲက ထွက်ထွက်သောင်းကြမ်းသာက ရှိသေးတယ်'

မြန်မာ။ ။'အဲဒါကြောင့် ကျုပ်တို့မှာ လာသာလာရတယ်၊ ရှေးကလို ခြေခင်းလက်ခင်း မသာယာတော့၊ ကြောက်ကြောက် လန့်လန့်ဘဲဗျ'

ရှမ်း။ ။'အင်း....ကြောက်မယ်ဆိုလဲ ကြောက်စရာပေါ့ဗျား တော်....ဒါပေတဲ့ ထူးခြားတာရှိတယ်ဗျ၊ ကျုပ် သိရသလောက်ဖြင့်၊ ရွှေစုန်ညီဆိုတဲ့ ဓါးပြကြီးဟာလေ သူ့အသက်ကို ဖက်ရွက်ခြောက်ကလေး လောက်မှ ပမာဏမထားအောင်၊ ရက်ရက်စက်စက် ခေါင်းကြမ်း ခံနေပေတဲ့၊ ကျုပ်တို့လို ဆင်းရဲသား ကုန်သည်၊ အရပ်သူ အရပ်သား များအပေါ်မှာ၊ ဘယ်အခါမှ ဒုက္ခမပေးဘူးတဲ့ဗျ၊ သူ့ဒုက္ခပေးတာ အခံရဆုံးလူများဟာ၊ မင်းမှုထမ်းသားတွေသာ များတယ်၊ အခွန် ဘဏ္ဍာပစ္စည်းများကို မြန်မာဘုရင်ဆက်ဘို့ရာ၊ စစ်အမှုထမ်းတွေခြံ ရံပြီး ဆောင်ကျဉ်းသည်ပို့သွားတိုင်း၊ လမ်းကဖြတ်ပြီး တိုက်ခိုက်ယူ လိုက်တာတဲ၊ ဘယ်လောက်များ ဆိုးသလဲဆိုရင် မြန်မာဘုရင်ကို ဆက်သတဲ့ အခွန်ဘဏ္ဍာနဲ့ လက်ဆောင် ပစ္စည်းများဟာ၊ ဘုရင့် လက်ကို မရောက်တာ တနှစ်ကျော် နှစ်နှစ်နီးပါး ရှိလာပြီတဲ့ဗျ၊ ဒါ ကြောင့်ရွှေစုန်ညီကို ဖမ်းဆီးနှိမ်နင်းဘို့ ဘုရင့်အထူးတပ်တော်ကြီး တွေတောင်၊ ကျုပ်တို့ရှမ်းပြည် ပို့ပို့နေရတယ်'

မြန်မာ။ ။'အော်...တပ်တော်နဲ့တောင် ဖမ်းဆီးရသလား၊ ဒါဖြင့် မကြာခင် ဖမ်းမိတော့မှာပေါ့'

ရှမ်း။ ။'ခဲယဉ်းပါတယ်ဗျာ၊ ရွှေစုန်ညီရဲ့ အစွမ်းသတ္တိဟာ အတော်ချီးမွမ်းတို့ ကောင်းတယ်၊ သူ့လူရဲ အင်အားကလဲ အင်မ တန်များပြားခိုင်လုံတယ်၊ ဆိုးသွမ်းရက်တဲ့ နေရာမှာလဲ၊ အတော် ကြောက်စရာကောင်းတယ်၊ အချို့ ဘုရင့် တပ်တော်သားတွေဟာ၊ ရွှေစုန်ညီရဲ့ နာမည်ကြားရရုံနဲ့တောင်၊ လက်က ဓါး အလိုလို လွတ်ကျသွားသတဲ့၊ သူ့အရှိန်ကအတော်ကို ကြီးနေပါကလား'

မြန်မာ။ ။'ဒီလို ဒါဖြင့် တော်တော်ဘုန်းကြီးနေတဲ့ ဓါးပြ ကြီးပေါ့နော်၊ ခင်များပြောသလို ဘုရင့်တပ်တော်အမှုထမ်းတွေကို မှလိုက်ပြီး ဒုက္ခပေးတယ်ဆိုတော့၊ သူပုန်စော်ဘွားတွေရဲ့ ဘက်



သားလား၊ ဒါမှမဟုတ် သူ့ဘာသာ တသီးတခြား ဗမာဘုရင်ရဲ့ ထီးနန်းကို လုပ်ကြံဖို့ လူသား တခုခုတဲ့ဗျ'

ရှမ်း။ ။'သူ့ ရည်ရွယ်ချက်တော့ ဘယ်သိမလဲဗျာ၊ ကျွန် တော်တို့ရှမ်းပြည် အတွင်းရေးတွေကလဲ အတော်ရှုပ်ထွေးနေတော့ အတွေးရ အကြပ်သားကလား'

မြန်မာ။ ။'ကဲလေ စကားစပ်မိမှ ခင်များတို့ ရှမ်းပြည်ရဲ့ အတွင်းရှုပ်ပုံကလေး တဆိတ်လင်းကျင်းပေးပါဦး၊ သူရားဘကာ ရဲ့'

ရှမ်း။ ။'ဒီလိုဗျ ဒီလို၊ ကျုပ်တို့ ရှမ်း ကိုးဆယ့်ကိုး စော် ဘွားများဟာ၊ အစဉ်အလာအတိုင်း၊ ခင်များတို့ဗမာ နေပြည် ဘုရင်ရဲ့လက်အောက်ခံ နေ့ဝင်ဘုရင်တွေ ဖြစ်ကြတယ်၊ တနှစ်တခါ သမီးကညာရတနာကောင်းများနဲ့၊ အခွန်ဘဏ္ဍာကောင်းများကိုပေး ဆက်နေကြရတယ်ဆိုဒါ အထူးပြောစရာမလိုပါဘူးခသ၊ ဒါပေတဲ့ သီပေါမင်းကလေးလက်ထက်မှာ တောင်ပိုင်း ရှမ်းပြည်ဘက်က၊ အချို့စော်ဘွားကြီးများ ဖြစ်ကြတဲ့ ကျုပ်တို့ မိုးနဲစော်ဘွားရယ်၊ သူ့ယောက်ဖ မိုင်းနောင်မြို့စားရယ်၊ မယ်ခေါက် စော်ဘွားကြီးနဲ့ မိုင်းပျဉ်းမြို့စားတို့ဟာမင်းကလေးကို ကြည်ညိုလေးစားခြင်းမရှိကြ တဲ၊ ပုန်ကန်ခြားနားကြပါနှင့် ရွှေမြို့တော်ကြီးက၊ ဘုရင့် တပ် တော်များ ချီတက်နှိမ်နင်းလို့ သူပုန်စော်ဘွားတွေ အရေးမလှ ရှုံးနိမ့်သွားကြပါနဲ့၊ သူတို့မြို့ကိုပစ်ပြီး အထက်တောကင်းဝေးရာ ထွက်ပြေးကြရတယ်၊ ဒါကြောင့် အခုမိုးနဲနယ်ကို ဗမာဘုရင့်ကိုယ် စားလည်တော်ဖြစ်တဲ့ အဝေးဝန်ဦးရွှေမောင်ဆိုတဲ့လူက တပ်တော် နဲ့တကွလာပြီး အုပ်ချုပ်နေရဒါ အတော်ကြာပါကောဗျ'

မြန်မာ။ ။'ခင်များတို့ နယ်သူနယ်သားတွေက သူတို့အစဉ်

အလာအတိုင်း၊ ရှမ်းလူမျိုးတဦးကို မအုပ်ချုပ်စေတဲ့ ဗမာတဦး လာအုပ်စိုးနေဒါကျေနပ်ကြရဲ့လား ဘုရားတကာရဲ့'

ရှမ်း။ ။'ဟာ…မကျေနပ်ထာ ကျေနပ်ထာ ထားပါအုံးဗျာ၊ ကျုပ်တို့ရှမ်းလူမျိုးတွေက ခပ်အေးအေးနေတတ်ကြတဲ့ လူမျိုးမှာ၊ အဝေးစခန်းလာပြီး အုပ်စိုးတာကလဲ ထာဝရအမြဲအုပ်စိုးမှာမှ မဟုတ်ဘဲ၊ နယ်မငြိမ်ဝပ်ခင် ယာယီသဘောနဲ့လာပြီး အုပ်ချုပ်နေရဒါဘဲ၊ နောင်ခါမြို့နယ် ငြိမ်ဝပ်အေးချမ်းမှုရှိတဲ့အခါ၊ ဘုရင်နဲ့ လွှတ်တော်ကြီးကသူတို့ယုံကြည်မဲ့ ရှမ်းမင်းသားတဦးဦးကို ရွေးချယ် ခန့်ထားမယ်ဆိုဒါ အသိကြသားကိုး'

မြန်မာ။ ။'ဟို ခေတ်ဘုရားတွေကလဲ အစဉ်အလာ အတိုင်း၊ ပိုနေမြဲ ကြားနေမြဲ အေးအေးမနေချင်ဘဲကိုးဗျ'

ရှမ်း။ ။'ဒါတော့ မပြောပါနဲ့ဗျာ၊ လူတမျိုးဟာ လူတမျိုးရဲ့ လက်အောက်မှာ ထာဝရ အမြဲခေါင်းငုံ့ပြီး၊ တပည့်ခံမနေချင်တတ်ဘူးဗျ၊ ခင်ဗျားတို့ ဗမာတွေလဲ တခါတုန်းက တလိုင်း လက်အောက် ရောက်ခဲ့ဘူးတယ် မဟုတ်လား၊ သိုဟန် ဘုရားတို့ ခေတ်မှာ ကျုပ်တို့ ရှမ်းတွေကတောင် ဗမာပြည်ကို သွား ဆရာ လုပ်ခဲ့ဘူးသေးဒါလဲ ကြည့်အုံးဗျ'

မြန်မာ။ ။'ဒါကတော့ တခါတရံဖြစ်ကြရဒါဘဲ၊ အမြဲမှ မဟုတ်တာ၊ ကျုပ်တို့ဗမာကလဲ အမြဲဆရာလုပ်လာတဲ့လူ ဆိုတော့၊ ဆရာနေရာမှာ အမြဲနေချင်ဒါပေါ့ဗျာ၊ ဒါကြောင့် မကြာခင်ဘဲမင်းကြီး ရန်နောင်တို့ အလောင်းဘုရားတို့ ပေါ်ထွက်လာတယ် မဟုတ်လား၊ ကဲဗျာ ဒါတွေပြောပြီး ခင်ဗျားတို့ရှမ်းနဲ့ ကျုပ်တို့ဗမာ ငယ်ကျိုးငယ်နာ ပေါ်နေရာမဟုတ်ပါဘူး၊ ကျုပ်က ဟောဒီနန်း လက်လွှတ်ပြီး ဆင်းပြေးရရှာတဲ့ ခေတ်ဘုရားတွေနဲ့ သူတို့သားမယား အခြွေအရံတွေအတွက် ဂရုဏာသက်လို့ ပြောဒါပါ'



ရှမ်း။ ။'အင်း…ခင်ဗျားတို့က သနားတတ်လို့ တွေးပြီး သနားဒါကို၊ သို့ပေတဲ့ သူတို့တတွေကလဲ နေသေးသပ ချုံထဲက၊ ရှိသေးသပ တမြို့မြို့တဲ့လူစားတွေ ဘလားဗျ၊ တောထဲမှာ သူပုန်စခန်းကြီးဖွင့်ပြီး၊ နိုးစပ်ရာလူသူစုဆောင်းလို့ အချက်ကောင်း ရတိုင်း အနှောက်အယှက်ပေးပြီး၊ တဖြည်းဖြည်း သူတို့နယ် သူတို့ ပြန်တိုက်ခိုက် ယူကြဖို့ ကြိုးစားနေကြတယ်၊ ဒါကြောင့် သူတို့သူပုန်များရဲ့ စားနပ်ရိက္ခာအတွက် အလစ်ထွက်ထွက်တိုက်ခိုက်လုယက်ကြဒါပေါ့'

မြန်မာ။ ။'ဒီလို မငြိမ်မသက်တော့၊ ကုန်သည် ဆင်းရဲသားတွေမှာ ထိခိုက်နစ်နာကုန်ကြရဒါပေါ့ဗျာ၊ ကျွဲနှစ်ကောင် ခတ်ရာ၊ မြေစာပင် မခံနိုင်ဆိုဒါလိုဘဲ၊ ဒီအထဲ ရွှေစွန်ညိုဆိုတဲ့ ဓါးမြကြီးက တအက်တလမ်း သောင်းကျန်းနေပြန်သေးတယ်ဆိုတော့ ခင်ဗျားတို့ ရှမ်းနယ်တတိုက်မှာ၊ ကပ်ဆိုးကြီး ဆိုက်နေကြဒါပေါ့၊ အဲဒလ…တိုင်းပြည်ကြီးကို ဘာဖြစ်ချင်တယ်မဆိုနိုင်ပါဘူးဗျာ၊ ကျုပ်တို့ ဗမာပြည်မှာလဲ တယ်ပြီး အခြေမလှချင်ဘူးဗျ၊ အင်္ဂလိပ်တို့ ပြင်သစ်တို့က ကျားများ ကြောင်များ အစာချောင်းသလို အကွက်ကောင်း ချိန်နေကြဒါ တကဲကဲနှင့်ဘဲ၊ ထီးထဲ နန်းထဲ လွှတ်တော်ကြီးထဲမှာလဲ တဦးနဲ့တဦး၊ တဘက်နဲ့တဘက် အတွင်းကြိတ် သဘောကွဲလို့ နေပုံရတယ်၊ အဲဒီ မိဖုရားကြီးကလဲ အရွယ်ငယ်သေးသလောက်၊ နေရာတကာစိတ်ထက်နေတော့ ခက်သဗျာ'

ရှမ်း။ ။'ကဲဗျာ…ကျုပ်တို့နဲ့ မဆိုင်ရာတွေကိုတွေးတောပူပင်ပြီး စိတ်ရှုပ်မခံချင်ပါနဲ့တော့၊ ဒါထက် စကားမစပ် ဒီတခေါက် ခင်ဗျားတင်လာတဲ့ကြေးကုန်တွေဟာ၊ အတော် ကြေးသားကောင်း ဆို'

ထိုအခိုက် လှည်းဆုပ်လှူကြီး၏ လှည်းထွက်ရန် အချက်ပေးသံကို ကြားရပြီး၊ လှည်းဆုပ်၏ တပည့်တဦးကလည်း လှည်းစေ့ ဆိုသလို

ရောက်လာပြီး၊ ခရီးဆက်လက်ကြရန်၊ လမ်းတွင် ရွှေစွန်ညိုတို့လူစုနှင့်ဆော်ရှင်း၊ သူပုန်စော်ဘွားများလူစုနှင့် ဆော်ရှင်း၊ တွေ့ရှိလျှင် အတိုက်အခိုက်ခံမည် စိုးရိမ်ရကြောင်း၊ နေမဝင်မီ မိုးနဲ့မြို့ အရောက် မောင်းကြရန် လိုက်လံ သတိပေး ဆော်ဩခြင်းအားဖြင့် များမကြာမီ လှည်းတန်းကြီးမှာ၊ သက်ဝင်လှုပ်ရှား တရွေ့ရွေ့ သွားစပြုကြပြန်လေ၏။

* *

**အခန်း ၂။** ခင်ဘုန်းမြင့်တို့လှည်းမှာ၊ မိန်းမသား ခရီးသည်များ ဖြစ်သည့်အားလျော်စွာ၊ လှည်းအုပ်လူကြီးက လှည်းတန်း၏ အလယ်လောက်တွင်၊ နေရာ ချပေးထားသည့်အားလျော်စွာ လုံခြုံအေးချမ်းစွာ လိုက်ပါလာရသည်တိုင်အောင် ခင်ဘုန်းမြင့်မှာ ရှမ်းပြည်နယ်စပ် ရောက်စကပင်၊ နယ်ပယ်မငြိမ်သက်ကြောင်း ကြားသိခဲ့ရပြီးဖြစ်၍၊ မလွှဲသာ၍ စွန့်စားထွက်လာခဲ့ရရာတွင်၊ လမ်းခရီး၌ ဘေးအန္တရာယ်တစုံတရာ တွေ့များတွေ့လေမည်လားဟု စိတ်မအေးနိုင်ရှာသဲ၊ လှည်းပေါ်တွင် ငြိမ်သက်စွာ ထိုင်လိုက်ပါရသော်လည်း၊ သောကအခိုးကလေး တလူလူ ထွက်လျက်ရှိရှာလေ၏၊သို့ရာတွင် လူပုံပြောင်းပြောင်း နွဲ့နှောင်းသလောက် သတ္တိကောင်း ဇွဲကောင်းသူကလေးတဦးဖြစ်သဖြင့် စိုးရိမ်စိတ်ကို ချေဖျက်နှိမ်နင်းကာ၊ မိုးနဲ့မြို့သို့ရောက်လျှင် သူ၏ ဦးလေးဖြစ်သူ အဝေးဝန် ဦးရွှေမောင်ထံတွင် စိတ်အေးချမ်း ပျော်ရွှင်စွာ နေထိုင်ရတော့မည် ဟူ၍လည်း အတွေးနှင့် ကျေနပ်ခါ၊ တပြုံးပြုံး ဖြစ်လာပြန်လေ၏။

တကျိကျိ တအီအီမြည်ကြသော လှည်းဘီးသံများသည် ခရီးသည်တို့၏ ပျင်းရိခြင်းကို ပိုမိုအားပေးလျက် ရှိလေ၏။ ရှေ့ဆုံးမှ



နေသော လှည်းခေါင်းလူကြီး စီးသည့်လှည်းနှင့် နောက်ဆုံးမှ ဘေးဆီးရန်ကာ ဓါး လှံ လက်နက် အသင့်ယူပါသော လှည်းခေါင်း, လှည်းအုပ်၏ ဆော်ဩသူ တပည့်သယ်များ စီးနင်းလိုက်ပါသော လှည်းမှတပါး၊ သုံးဆယ်ကျော်မျှရှိသည့် လှည်းများမှာ မိုးနဲ့မြို့သို့ ဈေးနေ့အမှီလိုက်လာကြသော ခရီးသွားကုန်သည်တို့၏ လှည်းများသာ ဖြစ်လေရာ၊ အချို့လှည်းများမှ ရှမ်းတို့အသံဖြင့် သီချင်းညည်းသံကလေးများလည်း ဝေ့သံ့သံ့ ကြားရလျက်၊ အချို့လှည်းများမှာလည်း သားငယ်,မြေးငယ်တစုနှင့် ဖြစ်သည့်အလျောက် ကလေးငိုသံ တေးဆိုသံများ တခါတခါ ပေါ်ထွက်လာပြီးလျှင်၊ မောင်း,လင်ကွင်း,စသော ကြေးကုန်သည်တို့၏ လှည်းများမှလည်း၊ မောင်း,လင်ကွင်း,စသော ကြေးထည်ချင်းထိခတ်သံများ ကြိုးကြား ကြိုးကြားပေါ်လာတတ်သည့်အတွက် အပျင်းစွက်၍ ငိုက်မြည်းနေကြသောသူများကို မျက်လုံးကျယ်စေလေတော့သည်။

ခင်ဘုန်းမြင့်လည်း၊ ရှေ့,နောက်ရေးတို့ကို တွေးတော ဆင်ခြင်နေရာမှ တလှည့်ငိုက်မြည်းနေကြသော သူဇနှင့်မာလာတို့ကို ကြည့်ရှုပြီးရင်း အပျင်းပြေလာခဲ့လေသည်၊ အချိန်သည်လည်း တဖြည်းဖြည်းနေစောင်းစပြုလာလေရာ လှည်းများသည် တောတန်းမှ အမြန်ကျော်လွန်လျက်မိုးနဲ့နယ်အတက်သို့ ခပ်သွက်သွက် အရောက်လှမ်းနေကြောင်း သိရလေ၏၊ သို့နှင့် တခုသော တောင်ကြားသို့ လှည်းတန်းကြီးဖြတ်သွားနေစဉ်၊ တောသံ တောင်သံနှင့်အတူ၊ ပဲ့တင်ထပ်မျှသော မြင်းခွာသံများ'ရွှေစွန်ညိုလာပြီ' 'ရွှေစွန်ညိုလာပြီ'ဟူသောကြေညာသံများကို ရုတ်တရက် ကြားလိုက်ရပြီး၊ မိမိစီးသောလှည်းရပ်သွားကာ၊ အော်သံ,ဟစ်သံ, ရိုက်သံ, နှက်သံ, ငိုသံ, ရှိုက်သံတွေ အငိုးမှက်သလို ထွက်ပေါ်လာသောကြောင့်၊ခင်ဘုန်းမြင့်မှာ သူဇနှင့် မာလာတို့ကို ကပြာကယာလှုပ်ခေါ်...

'ဟဲ့ ဟဲ့ မာလာတို့ ထကြ၊ ထကြ၊ ခါပြုံးတွေထိုက်ကုန်ပြီ'

ဟု နှိုးပြောလျှင်၊ သူဇာ မာလာ တို့လည်း ပြာရီး ပြာရာနှင့် ဟောင်ပြေးရတော့မလိုလို ပြောက်ပြေးရတော့မလိုလို အရှုးမီးဝိုင်းဖြစ်နေကြလေ၏။

ထိုအခိုက်မှာပင် ဆေးမှင်ကြောင်တွေ အပြည့်နှင့် ရှမ်းခါးပြု ၃-၄ ယောက် ခင်ဘုန်းမြင့်တို့လှည်းတွင်းသို့ဝင်လာကာ၊ ခါးမိုးရဲ့ လုကြပြန်သည်၊ မာလာနှင့်သူဇာတို့မှာ ကြောက်ကြောက် လန့်လန့်နှင့် ပုတီး၊ နားရွှေခြင်းကလေးချွတ်ခါ ပေးနေသည် တိုင်အောင်၊ ခါးပြုများမှာ မကျေနပ်သေးဘဲ မိန်းမများကိုလှည်းပေါ်မှဆွဲချကြပြန်သည်၊ ခင်ဘုန်းမြင့်လည်း၊ ခါးပြုများ ကိုင်တွယ်ခြင်းကို မခံဘဲ၊ တင်းမာခက်ထန်သော မျက်နှာနှင့် လှည်းပေါ်မှခုန်ကာ ဆင်းပေးလိုက်လေသည်၊ လှည်းတန်းကြီး၊ တလျှောက်လုံးမှာလည်း၊ ပရွက်ဆိတ်အုံ ရုတ်နှင့်သွားသလို၊ ရှမ်းခါးပြုများ ဝိုင်းစီးပြီးတိုက်နှက်လုယက်ပြေးလွှားနေကြသည်ကို၊ မျက်စေ့အောက်တွင်တွေ့မြင်ရလေရာ၊ သူတထူး ပခွဲည်းစွှာကို မတရားသဖြင့် လုယူနေသော ခါးပြုများအား၊ စက်ဆုပ်ရွံရှာ၍ ရှုသောမျက်နှာနှင့်ကြည့်လျက်၊ မိမိလက်ဝတ်လက်စား အနည်းငယ်ကိုချွတ်ခါ ခါးပြုများကိုကြောက်ရွံ့၍လက်ထိလက်ရောက်ပေးပုံမျိုးမဟုတ်ဘဲ၊ မထီမဲ့မြင်မျက်နှာထားနှင့် မြေပေါ်သို့လွှင့်ချ ပေးလိုက်လေ၏၊ ခါးပြုများလည်း၊ ခင်ဘုန်းမြင့်၏ ခေါင်းမာ စော်ကားပုံကို မကျေနပ်သလိုအ ကိုက်ခါကြည့်ပြီး၊ တယောက်က....

'ဒီကောင်မ တယ်ခေါင်းမာတယ်၊ အကြောင်း ပြလိုက်ရအောင်ယော့'

ဟုဆိုကာ၊ ဆွဲလွဲမည်အပြုတွင် အဝေးမှပြေးဝိုင်းလာသော မြင်း



တစီးကို တွေ့ရသောကြောင့်၊ ခါးပြုများမှာ ရုတ်တရက် တုံ့အားဆင့်နေကြလေ၏၊ မြင်းစီးယောကျာ်းလည်း၊ ရှေးဦးစွာ ခင်ဘုန်းမြင့်တို့ရှိရာသို့ရောက်လာပြီး၊ နိုင့်ထက်ကလူပြုမူနေကြသော ခါးပြုသုံးယောက်အား သက်မှုပါလာသော သားရေကြာပွတ်ကြီးနှင့် ရိုက်နှက်ကူညီလိုက်လျှင်၊ ခဏခဏက ခါးတမြင့်မြင့် ဒုတ်တမြင့်မြင့်နှင့်ရှိကြသော ခါးပြုများမှာ၊ လုယူထားသော ပစ္စည်းကလေးများကိုပစ်ချပြီးသောထဲသို့ တလပြေး ရှင်ပြေး ဝင်ပြေးကြလေ၏၊ ခင်ဘုန်းမြင့်နှင့်တကွ၊ သူဇာ မာလာတို့မှာ အရေးထည်းတွင် ဝင်ရောက်ကူညီသော အဆိုပါမြင်းစီးယောကျာ်းကို ကျေးဇူးတင်စွာ မော်ကြည့်လိုက်စဉ် မြင်းစီးယောကျာ်းမှာ၊ အခြားလှည်းများရှိရာသို့ သွားပြီး ခါးပြုများကို မြင်းနှင့်တိုက်၊ ကြာပွတ်နှင့်ရိုက်၍ ကူညီခုခံပေးရကာ၊ တောသူနီး ခါးပြုများသည်၊ မြင်းစီးယောကျာ်းတယောက်အားကို မခုခံနိုင်ဘဲ လှုရကွဲကာ မြေမီးပြေးရာ ပြေးအုန်ကြသဖြင့်ခရီးသွားများမှာ ခါးပြုများရန်သေးမှချမ်းသာရာ ရသွားကြလေ၏၊ ခါးပြုများ ရှင်းလင်းသွားပြီးနောက်၊ တယောက်တခွန်း ဆိုသလိုကူညီခုခံတိုက်ခိုက်ပေးသော မြင်းစီး ရှမ်းလုလင်ပျိုကို ကျေးဇူးတင်စွာ လိုက်လံရှာဖွေကြရာ၊ ထိုမြင်းစီးရှမ်းလုလင်ပျိုမှာလည်း၊ တောပုန်းခါးပြုများနည်းတူ ကြက်ပျောက် ငှက်ပျောက် သုံးနုံးမြုပ် ပျောက်ကွယ်သွားသဖြင့်၊ ခရီးသွားများမှာ ကျေးဇူးတင် စကားကလေးမျှမပြောလိုက်ရသောကြောင့်၊ မကျေမချမ်းဖြစ်ခါနှင့်ပင် လှည်းများကို ဆက်လက်မောင်းနှင်ကာ ထွက်လာခဲ့ကြရလေ၏။

ယင်းသို့ ခရီးသည်များသည် မိမိတို့အား ကူညီသူ၏ လုပုံကိုမျှ ကောင်းစွာမမြင်လိုက်ရသော်လည်း ခင်ဘုန်းမြင့်မှာ ရှေးဦးစွာမိမိကို ကူညီသွားသူအား ကောင်းစွာ မှတ်သားမိလေသည်။ ထိုသူသည် အခြားမဟုတ် နံနက်စာ စားရန် လှည်းဝိုင်းချစဉ်က စမ်းချောင်း

စာလေးအနီးတွင် မိမိကိုအမှတ်မထင် စိုက်ကြည့်နေသော ရှမ်းလုံပျိုပင်ဖြစ်ကြောင်း ကောင်းစွာ မှတ်မိလိုက်လေသည်၊ လှည်းအုပ်ကြီးသား ကြောက်လန့်တကြားနှင့် ခုနမဝင်မှီ မိုးနဲ့မြို့အရောက် ခပ်သုတ်သုတ် ဆက်လက် မောင်းသွား ကြပြန်ရာ၊ ခင်ဘုန်းမြင့်မှာ သူဇာမာလာတို့နှင့်အတူ ခေါ်ပြ ရွှေစုန်ညိုတို့ လူစုအား အခဲမကျေသလို မြည်တမ်း ကြိမ်းဆိုသွားကြလေ၏။

ထိုအချိန်မှာပင်၊ တစုသော တောင်ခြေ၌ ယခင် မြင်းစီး ရှမ်းလုံပျိုသည်....

'ရွှေမသားတွေ ငါ့စကား နားမထောင်ရင်၊ ဒီလို ဆုံးမ တတ်တယ်ဆိုတာ သိတယ် မဟုတ်လား။ နင်တို့ကို အစိုးရဘဏ္ဍာငွေတွေကိုသာ တိုက်ခိုက်ယူရမယ်၊ ဆင်းရဲသား ကုန်သည်များကို မနှောက်ယှက်ရဘူး။ အမိန့်ပေးထားရက်နဲ့ ၊ ငါ့အမိန့်ကို မလေးစားဘူး'

ဟုကြောက်ရွံ့ငြိမ်သက်စွာနားထောင်နေကြသောလူတစုအား ကြာပွတ်နှင့် တအားသိမ်းရိုက်ခါ၊ ဒေါသ ကြီးမ ခါးနေလေသည်၊ လူတစုမှာလည်း၊ ဆရာဆုံးမသည်ကို ငြိမ်သက်စွာ နားထောင်နေကြသောကျောင်းသား ငယ်များပမာ ကိုယ်စီကိုယ်င ခေါင်းအောက်ချ၍ နေကြလေ၏။

လုံပျိုလည်း၊ ကြာပွတ်ကြီးကို ဝှေ့ရမ်းရင်း၊ ဆေးမှင်ကြောင်တွေ ထိုးထားသောလူသုံးယောက်ဆီသို့ တိုးလာကာ၊ လူတယောက်ကိုဆွဲဆုတ်လိုက်လျက်၊ ကြာပွတ်နှင့် လေးငါးချက် ဆင့်ရိုက်ရင်း....

'မောင်ဖီ ခမ်းမှုန်ဆိုတဲ့ အကောင်က သာပြီး လူ့ဝမ်းတောင်းသေးတယ်၊ အင်မတန် အားငယ်တဲ့ မိန်းမကလေးကိုသွားပြီး အနိုင်ကျင့်နေလိုက်သေး၊ မင်းဟာ ငါ့နာမည်ကိုအဖျက်ဆုံးအကောင်ဘဲ၊ ကိုင်းကွာ မှတ်ထား'

ဟုဆိုကာ၊ တရွှမ်းရွှမ်း ကြာပွတ်ချ ကျွေးလေ တော့သည်၊



ခမ်းမှုန်မှာ မချိတင်ကဲ အံကြိတ်ခံ၍ ခံနေရလေ၏၊ အခြားသော တပည့်ငယ်သားများလည်း၊ ဆရာလုပ်သူ ဒိုဘ်ဆိုနေသော အခိုက်အတန့်မှာ၊ တုတ်တုတ်မျှ မလှုပ်ဝံ့အောင် ငြိမ်သက် နေကြလေသတည်း။

* * *

ခင်ဘုန်းမြင့်တို့သည်း၊ မိုးနဲ့မြို့ ရပ်ကွက်ဦးလေး အဝေးဝန် ဦးရွှေမောင် အိမ်သို့ရောက်ကြလေ၏။

ဦးရွှေမောင်မှာ သားသမီးမရှိ၍ ဘုမကလေးကို မွေးစားချစ်ခင်သူဖြစ်သဖြင့်၊ အမှုစားအမှုခံ မွေးစားရန်ပင် အောင်းဆိုတွေးလေသည်၊ သို့ရာတွင် ခင်ဘုန်းမြင့်မိဘများမှာလည်း၊ တယောက်ထည်းသော သမီးဖြစ်၍၊ မပေးနိုင်ရှိခဲ့လေသည်။

ယခုတော် မမျှော်လင့်ဘဲ ခင်ဘုန်းမြင့် ရောက်လာခြင်းအတွက်၊ ဦးရွှေမောင်မှာ အတိုင်းထက်အလွန် ဝမ်းသာမိရှာသည်။ အကျိုးအကြောင်း မေးမြန်းစုံစမ်းရာတွင်လည်း၊ ခင်ဘုန်းမြင့် ပြေးလာရခြင်းကိုသိရှိကာ၊ ခင်ဘုန်းမြင့် မိဘများဖြစ်သော၊ မိမိအစ်ကိုနှင့် မရီးတို့အား၊ အကြောင်းကြားလျှင်၊ လိုက်လာခေါ်ယူကြမည်ဖိုးသောကြောင့်၊ ခင်ဘုန်းမြင့်အလိုဆန္ဒအတိုင်း၊ တသက်လုံးပျော်ရွှင်စွာ နေစေမည်ဟူသော စေတနာနှင့် ချစ်ခင်ယုယစွာ ထားလေရာ၊ ခင်ဘုန်းမြင့်မှာ၊ သာယာသောရှမ်းပြည်၏ တောတောင်၊ ရေ့မြေ့တို့ကို နှစ်သက်ကျေနပ်ခါ အပျော်ကြီးပျော်၍ နေရှာလေ၏။

တညနေခင်း၌ ခင်ဘုန်းမြင့်သည်၊ ပန်းခြံတွင်းမှ မွှေးကြိုင်ပျံ့သင်းသော လေညှင်းလေသာများကို ရှူရှိုက်ခါ၊ ဝရန္တာတွင် ထွက်ထိုင်နေစဉ်၊ ဘုမကို အရိပ်တကြည့်ကြည့်နှင့် နေရှာသော အဝေးဝန် ဦးရွှေမောင်အနီးသို့ ရောက်လာပြီး....

'ဘယ့်နှယ် ငါ့တူမလေး၊ ပျင်းများနေသလား'

ဘုန်း။ ။'မပျင်းပါဘူး ဦးလေးဖျာ၊ ခင်ဖြင့် ရှမ်းပြည်ရောက်လာကထည်းက၊ သာယာတဲ့ တောတွေ တောင်တွေ မြင်ရတိုင်း အပျော်ကြီး ပျော်နေတာဘဲ၊ ဘယ်တော့မှ ဒီအရပ်က မခွါချင်တော့ဘူးတော့ရာ'

မောင်။ ။'အေးအေး ငါ့တူမလေး ပျော်တယ်ဆိုလေ ဦးလေးက ဝမ်းသာလှပေါ့ကွယ်'

ဘုန်း။ ။'ဒါသက်ဦးလေးဖျာရယ်၊ ယောဟိုဘက်မှာ မြင်ရတဲ့ တောတန်းကလေးဆီကို၊ နေ့ကိုဖြန် ခင်တို့သွားလည်ပါရစေ'

မောင်။ ။'အမယ်လေး မသွားချင်နဲ့တူမရေ၊ ဟိုဘက်မှာ ပလောင်ရိုင်းတွေ ရှိတယ်၊ တိုင်းပြည်ကလဲ လှုပ်ရှားချင်ချင်နေရာမှာ ရွှေစုန်ညိုတို့လူစုကလဲ လုယက်သောင်းကျန်းနေတော့၊ အသွားအလာ ငယ်ကြီးစိတ်မချရဘူး၊ ကိုယ့်အိမ်ထဲမှာ ကုတ်ကုတ်ကလေးနေနိုင်မှ တော်ရုံရှိတယ်'

ဘုန်း။ ။(အနည်းငယ်ထဘောမကျဟန်နှင့်)'အဲဒီ ရွှေစုန်ညိုအဖွဲ့က ဓါးပြလုဆိုးတွေဟာ၊ နာမည်ကြီးသလောက် ဆင့်မရှိပါဘူးဦးလေးဖျာရဲ့၊ ခင်တို့လာတုန်းက လမ်းမှာ တွေ့ခဲ့ရပါပြီ'

မောင်။ ။(မျက်လုံးများပြူးလျက်)'အလိုလေး မြတ်စွာဘုရား၊ ငါ့တူမများ ကံကောင်းလို့ ခေါင်းမပြတ်ခဲ့တာကလား။ ကဲ ပြောစမ်းပါဦး'

ဟု လက်များခါကာ အံ့ဩစွာနှင့် မေးမြန်းလေ၏။

ဘုန်း။ ။(ရယ်လျက်)'အို...ဦးလေးဖျာကလဲ၊ ရွှေစုန်ညိုကို ဘယ်လဲ အထင်ကြီးနေတော်မူတာကိုး၊ ဒီလို ဒီလိုဦးလေးဖျာရဲ့၊ ခင်တို့လာကြတုန်းက၊ လမ်းမှာ ခင်တို့စီးလာတဲ့ လှည်းတန်းကြီးကို ရွှေစုန်ညိုတို့လူစုက၊ ရုတ်တရက်ဝိုင်းပြီး ဓါးတွေ လှံတွေနဲ့



တိုက်ခိုက်ကြတုန်း၊ မြင်းကနဲ့ ခရီးသွားလူတယောက် ပေါက်လာပြီး၊ ဓါးပြတွေကို သူ့လက်က ကြာပွတ်ကလေးနဲ့ ရိုက်ရိုက်ရှိသေး၊ ထွက်ပြေးလိုက်ကြတာ မြာလို့၊ ဟဲ ဟဲ ဟဲ ဒါလောက်တောင် သတ္တိကောင်းတာဘဲ ဦးလေးဘုရားရဲ့'

ဟု ခပ်ငေါ့ငေါ့ ပြောင်လှောင် ရယ်မောကာပြောလျှင်၊ ဝန်မင်း ဦးရွှေမောင်လည်း၊ မျက်လုံးကြီးပြူးကာ

'အေး...အဲဒါ သူ့တပည့်တွေချည်းဗို့ ဖြစ်လိမ့်မယ်၊ ရွှေစုန်ညိုကိုယ်တိုင်များပါရင်တော့၊ သိမ်းစွန်ရဲများလို၊ နာမည်နဲ့လိုက်အောင်၊ အင်မတန် ရက်ရက်စက်စက်လုပ်ပစ်မှာ တူ့မရဲ့'

ဟု မဲ့မဲ့ရွဲ့ရွဲ့ပြောပြီး၊ တဖန်ဆက်လက်ခါ

'ဟို့ လွန်ခဲ့တဲ့ ခြောက်လလောက်က၊ ဘုရင့်ဘဏ္ဍာတော်တွေ ပျောက်ဆုံးလွန်းလို့၊ ဦးလေးကိုယ်တိုင် စစ်တပ်နဲ့ ကြပ်မတ်ပြီး လိုက်ပို့ရတယ်၊ သထာမေမေငွေခွန်တော်တွေကလဲ အတော်များတာနဲ့ ဘဏ္ဍာတော်များကို၊ ကျွန်းသားသေတ္တာကြီး နှစ်လုံးနဲ့ထည့်ပြီး ဆင်ကြီးကျောပေါ်မှာ သံကြိုးများနဲ့ ခိုင်ခိုင်မာမာစီးနှောင်၊ ရှေ့ကဆင်ဦးစီးက၊ ဆင်ကြီးကို ချွန်းချိပ်ပြီးမောင်းလို့၊ ဦးလေးဘုရားနဲ့ စစ်ကြပ်တပ်မှူးသချို့က၊ မြင်းကိုယ်စီနဲ့၊ သက်နက်ကိုင် ခြေလျင်တပ်သားများကလဲ၊ ငါးဆယ်ကျော်ကျော်လောက် ပါတယ်၊ ဒီလိုနဲ့သွားလိုက်ကြတာ တောနက်ထဲသို့ ရောက်ပါရော၊ ရွှေစုန်ညိုရဲ့ မြင်းတပ်နဲ့ ဆိုင်းခံကြရပါရောဗျား၊ ဟာ...မပြောနဲ့တော့၊ သူ့လူစုဟာ ဘီလူးသရဲစီးနေတဲ့ လူတွေလိုဘဲ၊ လှံတွေ ဓါးတွေနဲ့ ဝိုင်းပြီး ထိုးကြခုတ်ကြတာ၊ ဘယ်လောက်များလျင်မြန်ဖြတ်လတ်သလဲ၊ အင်္ဂလိပ်နာရီနဲ့ တွက်ကြည့်မယ်ဆိုရင် ဆယ်စက္ကန့်လောက်မှာ ဦးလေးဘုရားတို့နဲ့ တပ်သား ငါးဆယ်ကျော်လောက်ဟာ၊ တယောက်မကျန် ဓါးရာအနာတရတွေနဲ့ လဲကျန်ရစ်ပြီး

လူ သုံးပုံ နှစ်ပုံလောက်လဲ အကျုံးအချုံးနဲ့ သေဆုံးကြရတယ်၊ သူတို့ကတော့ တရားသေတ္တာထင်တဲ့ ဆင်ကြီးကို ဓါးပြတယောက် ကဦးစီးပြီးတပျော်တပါးကြီး မောင်းသွားပါသေးရော၊ အဲဒီတုန်းကများ ဦးလေးဘုရားမှာလဲ ကံကြီးလို့ ဓါးပြတယောက်ကကြိုးနဲ့တုတ်ပြီး ချုပ်ထားထိုးထားတာ ခံရရှာကလေး ခံရတယ်၊ ဦးလေးဘုရားဖြင့် ရွှေစှန်ညီတို့ လူစုများတော့ မှုံ့ကြောက်ကြီး ပါတဲ့'

ဟု အကြောင်းကို လောလောလပ်လပ် အမြင်အမျက်တခုမှာ ခြေဟန်လက်ဟန်နှင့် ဝေါပါ ပါ ပြောလေ၏။ ဦးရွှေမောင်မှာ အဝေးဝန်ထဦးအမြင်နှင့် တုရင့်ကိုယ်စား နယ်ပယ် အုပ်ချုပ်နေရသူဖြစ်၍၊ ရာဇဝတ်ကြီးသောသူပင်ဖြစ်လင့်ကစား၊ အလိုလိုက်ထားသောသတ္တမကလေးအတွက်၊ အပြင်သို့ ထွက်မလည်ပတ်စေရန် အာကာနှင့်လည်း မထားနိုင်သောကြောင့်၊ မိမိစိတ်မှ တော်ရုံ တန်ရုံကြောက်မိသည်ကိုပင် အလွန်အခင်း ကြောက်နေလေသာ နှင့်ဖြင့်၊ လှည်းပတ်ထားမြန်မြင်းဖြစ်လေ၏။ ထိုရာတွင် ခင်ဘုန်းမြင့်မှာ စိတ်လိုက်မာန်ပါပြောဆိုနေသော ဦးရွှေမောင်၏စကားဆုံးလျှင်၊ ခပ်ပြုံးပြုံးနှင့်....

'အဲဒီတုန်းက ဦးလေးဘုရား အိပ်ကြောက်သွားသလား၊ ခင်တော့ တော့ဆိုင်ဆိုင် မတွေ့ရသေးလို့ ဆိုရင် ခံရမယ်၊ ဒီလိုသုန်းဓါးပြတေပုန်း အသေးအမွှားကလေးလောက်ကို ဂရုစိုက်ပြီး မကြောက်ချင်ပါဘူး၊ ဦးလေးဘုရားရဲ့'

ဟု ပြောလိုက်သောအခါ၊ ဝန်မင်းဦးရွှေမောင်မှာ ခိခိ ပင်ပမ်းစွာပြောရာမျိုးမနုပ်ဟု ဆက်မြင်းကြီးတချက်ချလိုက်ပြီး၊ ရှက်ပြုံးကြီးပြုံးလိုက်ပါ....

'ကြည့်...ဆင်ဖြင့်နိုင်ရင် ကောင်းတာပေါ့ တူမရယ်၊ ပြီးတော့ ဒီ



နယ်မှာ ပိုးနဲ့စေင်ဘွားဖောင်းဘက်က ရှမ်းသူပုန်တွေကလဲ တောတောင်ပုန်းလျှိုးပြီး၊ အသစ်အသစ်မှာ ထမျိုးသကြွနေပြန်လို့တယ် စိတ်မချရသေးဘူး၊ ရွှေမြို့တော်ကြီးက တပ်တော်များတောင်၊ နောက်ထပ် ရောက်မလိုလို သတင်းကြားရတယ်'

ဟု ပြောပြန်ရာ ခင်ဘုန်းမြင့်မှာ သူပုန်အကြောင်းကို မိမိနှင့်မဆိုင်သကဲ့သို့၊ အာရုံမထားတဲ့နေရာမှ ရုတ်တရက် တစုံတခုကို သတိရလာသဖြင့်၊ ဝမ်းသာအားရနှင့်...

'ကြည့်...ဟုတ်လား ဦးလေးဘုရားရွှေမြို့တော်ကြီးက တပ်တော်ရောက်မယ်ဆို၊ ဘယ်သူ့တပ်တော်များ လာမလဲ မသိရဘူး၊ ခင့်သူငယ်ချင်း ကွပ်ရှာမြို့စား ဗိုလ်မှူးကလေး မင်းကျော်ခေါင်များ ပါလာရင်၊ အင်မတန်ကောင်းမှာဘဲ ဦးလေးဘုရား'

မောင်။ ။'ဘယ်က မင်းကျော်ခေါင်ပဲ တူမရဲ့'

ဘုန်း။ ။'မြေလပ်ဝန်ကြီးရဲ့တူ မောင်မောင်တွန်းလေ၊ ခင်နဲ့ငယ်ငယ်တုန်းက ကျောင်းအတူနေခဲ့ဘူးတဲ့ သူငယ်ချင်းပေါ့ ဦးလေးဘုရားရဲ့'

ထိုအခိုက် မြင်းခေါင်းကျော်တယောက် ဝင်လာပြီး၊ ဝန်မင်း ဦးရွှေမောင်အနီးတွင် ဒူးထောက်ထိုင်လျက်၊ ကျည်တောက်တွင်းမှ စာတစောင်ကို ထုတ်ပါ ရှိသေစွာ ပေးလေ၏၊ ဦးရွှေမောင်သည်လည်း၊ အလွှာစာကို သေချာစွာ ဘတ်လေ၏။

ရတနာပုံ ဒုတိယနန်း၏ ဘဝရှင် မင်းတရားကြီး
အမိန့်တော်။

၁၂၄၄ ခု၊ တပေါင်း လပြည့်ကျော် ၅ ရက်နေ့တွင်၊ ရွှေဘဝါးတော်အောက်မှ ကွပ်ရှာမြို့စား မင်းကျော်ခေါင်ကို ဗိုလ်ချုပ်ခန့်၍၊ နတ်ရှင်ရွှေ သေနတ်ဗိုလ်နှင့် အမှုထမ်း လှော်ကားရထာတပ်၊ ကသည်းအက္ကပါဒ်၊ မြင်းတပ် ဗိုလ်တို့နှင့်

မြင်းအမှုထမ်း လူသုံးရာ၊ ဆင်အမှုထမ်း လူငါးရာတတ်၊ ကိုယ်ရံ လူကောင်းထမ်း လူတရာ့ ငါးဆယ်၊ မြင်းစီးရေ နှစ်ရာ၊ ဆင်စီးရေ တဆယ်၊ အမှုထမ်း လူတထောင့်ငါးရာ ကျော်ပေးအပ်၍၊ သူပုန် မိုးနဲစော်ဘွားဟောင်း ကျည်ယဲယောက်ဖ မိုင်းနောင် မြို့စားဟောင်း ထွန်း၊ ရပ်စောက် စော်ဘွားဟောင်းဝင်းဖိုင်းယျည်း မြို့စားဟောင်း သေက်တို့နှင့် အပေါင်းပါ၊ ခိုင်းမြဲ ခြားနားသော သူပုန် ရန်သူတို့ကို နှိမ်နင်းပြီးဖျက်ရန် စေလွှတ်တော်မူလိုက်သည်၊ တပ်တော်များကို မိုးနဲမြို့တွင် စီရင်အုပ်ချုပ်သူ အဝေးဝန် ရွှေမောင်က မျိုးရိက္ခာပေးသွင်းစေ။ ။

ဘုရားအမိန့်တော်။

ဟူ၍ လွှတ်တော်တံဆိပ် ခပ်နှိပ်လျက် ရှိသော အမိန့်တော် စာကိုတွေ့မြင်ရလေ၏၊ အဝေးဝန်မင်းသည်း အမိန့်တော်ကို ဘတ်ပြီးနောက်၊ မြင်းစေကျော်အား ချီတက်လာသော တပ်တော်များမည်သည့်နေရာသို့ ရောက်ရှိနေပြီလဲဟု စုံစမ်းရာ၊ မြင်းစေကျော်က ချီတက်လာသော တပ်တော်များမှာ၊ ညောင်ရွှေမြို့နှင့် ရေးရှစ်တိုင်ကွာ၊ ဟဲဟိုးအရပ်တွင် တပ်မတော်ရောက်ရှိလာပြီဖြစ်၍၊ ၄-၅ ရက်အတွင်း မိုးနဲမြို့သို့ ရောက်တော့မည်ဖြစ်ကြောင်း သိရလေ၏။

(ခင်ဘုန်းမြင့်လည်း ဝမ်းမြောက် ဝမ်းသာနှင့်) 'အို...မင်းကျော်ခေါင်တို့လိုက်မယ် ကြလား၊ အခန့်သင့်တတ်လေတယ် ဦးလေးဘုရား'

ဟုပြောလျှင်၊ ဦးရွှေမောင်လည်း မြုံးမြုံးကြီး ခေါင်းငြိမ့်ကာ။

'အေး...ငါတို့မထားလေးအခုဘဲ ထမ်းထနေအေးချက်ခြင်းဘဲ အလိုပြည့်သွားသကွယ်၊ ကဲ ကဲ...အမိန့်တော်ကြီးအတိုင်း တပ်တော်ကြီးရောက်လာရင် ဆေးဆင်သင့်ရိက္ခာတော်များ ပေးသွင်းနိုင်အောင်၊



ဆင့်ဆိုစီမံချေဦးမယ်၊ ငါတို့မတဲ့ ဒီမှာ အေးအေးလူလူ နေရစ်ပေအုံး'

ဟုဆိုကာ အဝေးဝန်မင်း ဦးရွှေမောင်၊ အဆောင်တွင်းသို့ ဝင်သွားလေ၏။

အမြင်တွင် ခင်ဘုန်းမြင့် တယောက်တည်း ကျန်ရစ်သောအခါ၊ သူဇာနှင့် မာလာတို့ အနီးသို့ရောက်လာကြလေ၏။

ခင်ဘုန်းမြင့်လည်း၊ အားရဝမ်းသာနှင့်....

'ဟေ့....သူဇာတို့ မာလာတို့ရေ...ရွှေမြို့တော်က နောက်ထပ် ရောက်လာမဲ့ တပ်တော်မှာ၊ မင်းကျော်ခေါင် ဗိုလ်မှူးလုပ်ပြီး ပါလာမတဲ့ဟေ'

ဟုဆိုလျှင်၊ သူဇာ မာလာတို့လည်း ဝမ်းမြောက်စွာနှင့်၊

'အို...ဟန်ကျပါတဲ၊ မဘုရားလေးရဲ့'

ဟုသခင်မအလိုကျ ထောက်ခံပြောကြရာမှ....

သူဇာ။ ။'ဒါထက် တခုမေးပါရစေ မဘုရားလေးရယ်၊ အဲဒီ မင်းကျော်ခေါင်ဆိုတဲ့ ဗိုလ်မှူးကလေးဟာ၊ မဘုရားလေးရဲ့ မိုးစား မဟုတ်လား'

ဟုပြောင်သလိုလိုနှင့် ပြောလိုက်လေ၏။

ဘုန်း။ ။'အို...မဟုတ်သေးပါဘူး၊ ရိုးရိုးခင်တာပါအေး၊ ညီးတို့ကလဲ ရှာရှာဖွေဖွေ့ဆိုလိုက်တာ'

မာလာ။ ။'အခုမဟုတ်သေးပေတဲ့ တော်တော်ကြာတော့၊ မိုးရာက ဆန်းပြီး ကမ်းမမြင်-လမ်းမမြင် ချစ်ခင်တော်မူသွား မှာပေါ့ ဘုရား့'

(ခင်ဘုန်း-ရှက်ကိုးရှက်ကန်းနှင့်ပြုံးကာ)

'မာလာနော် ညီးဟာ မဟုတ်တာပြောရမယ်ဆိုရင် နှစ်ယောက် မရှိဘူး၊ ကဲပြောချင်လှပါ၊ ပြောအုံး'

ဟုဆိုပြီး၊ မသလာ၏ ဗိုက်ခေါက်ကြီးကို ဆွဲလိမ်လေရာ၊ မသလာလည်း ရယ်မောကာဖြင့်....

'ကြောက်ပါပြီ မဘုရားလေးရဲ့၊ နောက်တခါ မပြောတော့ပါဘူး'

ဟုဆိုပြီး အခမ်းထဲသို့ ဝင်ပြေးလေရာ ခင်ဘုန်းမြင့်နှင့် သူစာတို့လည်း အခမ်းထဲသို့ လိုက်သွားကြပြန်လေ၏။

× × ×

**အခန်း ၃။** ထိုနေ့ညအချိန်တွင် ရွှေမြို့တော်ကြီးမှ ထွက်လာသော တပ်တော်ကြီးသည် မိုးနဲ့မြို့သို့မရောက်မီ၊ ညောင်ရွှေမြို့အနီး ပဲဟိုးအရပ်တွင်၊ တပ်စခန်း နားနေရိုက်ဖြစ်လေ၏။တပ်သားများမှာ တပ်စခန်းအတွင်း၌ အိပ်သူအိပ်၊ ကင်းစောင့်သူစောင့်၊ မီးလှုံသူကလှုံရင်း အချင်းချင်း စကားဝိုင်းဖွဲ့ပြောဆိုနေကြလျက်၊ အချို့ကလည်း အပြောက် စိန်ပြောင်းများ၊ ဓါးလှံ လက်နက်များ တိုက်ချွတ်၍ အချို့ကလည်း သင်ဖြူးများအစ ခကျူးသူကျူးလျက် ရှိနေကြစဉ် ဗိုလ်မှူးကလေး မင်းကျော်ခေါင်ကား၊ တဲထဲ၌ လက်သပ်မွေးထားသော တပည့်ငယ် နှစ်ယောက်နှင့် စကားပြောလျက်ရှိလေ၏။

ခေါင်။ ။'ဟေ့....တချက်ခုတ် နှစ်ချက်ပြတ် ဆိုဒါလို၊ ဒီနယ်ကို ရောက်လာကြတဲ့အခါ၊ မင်းတို့မျက်လုံးများကို၊ အလကားမထားကြနဲ့နော်၊ ရွှေမြို့တော်က ပျောက်ခြင်းမလှ ပျောက်သွားတဲ့ ငါ့အချစ်တော်ကလေး၊ ခင်ဘုန်းမြင့်ကို တွေ့လို့တွေ့ငြား၊ သတိထားပြီး ကြည့်ကြစမ်းပါကွာ'

တပည့်။ ။'မှန်ပါ....ကြည့်ပါမယ်ဘုရား'

ထိုအခိုက်တွင် မင်းကျော်ခေါင်လည်း ရှေးဖြစ်ဟောင်းများကို



တွေးမိကာ၊ ငြိမ်သက်စွာ စဉ်းစားနေပြန်လေ၏၊ ခင်ဘုန်းမြင့်သည် မြတ်လေးရုံကလေးထောက်တွင်၊ တယောက်ချင်း ပန်းသီနေလေ၏၊ မင်းကျော်ခေါင်သည် ငွေလားကြီးတွင် ရေအပြည့်ထည့်ကာ၊ ခင်ဘုန်းနောက်မှ တိတ်တဆိတ်ချောင်းလာပြီး အနီးသို့ရောက်သောအခါ၊ ပါလာသော ရေများနှင့် တအားကုန် လောင်းချလိုက်ရာ၊ ခင်ဘုန်းတကိုယ်လုံး ရွဲရွဲစိုသွားလေ၏၊ ခင်ဘုန်းမှာ၊ အလန့်တကြားလုပ်ရပါမည်လားဟု ရှုဆောင့်ကာ စိတ်ဆိုးသွားသဖြင့်၊ မင်းကျော်ခေါင်လည်း ခေါင်းကာပုဝါကိုချွတ်၍ ခြုံပေးပြီး၊ ယုယုယယ ချော့မော့သည်တွင်မှ စိတ်ဆိုးပြေသွားကာ၊ နှစ်ယောက်သား တဖြည်းဖြည်းရွှောက်လာရင်း ခင်ဘုန်းသည် စင်မြင့်ကလေး တခုပေါ်တွင် ရေအပြည့်နှင့် တင်ထားသော ငွေဖလားကြီးတခုကို တွေ့မြင်သည်နှင့်တပြိုင်နက်၊ အပြေးကလေး သွားယူကာ၊ မင်းကျော်ခေါင်ကို ခေါင်းကဖြို၍ တအားလောင်းလိုက်ပြီးနောက်၊ ခေါင်းကိုပါ ငွေဖလားကြီးနှင့်မှောက်၍ စွပ်ထားသောကြောင့်၊ မင်းကျော်ခေါင်မှာ မမြင်မကန်းနှင့် အရမ်းရှောက်ပြေးနေရာမှ၊ ခလုပ်တိုက်ခါ မှောက်ရက်ထိုး လဲကျသွားသည်ကို ခင်ဘုန်းနှင့်တကွ လမ်းဘက်ဆီမှ ပြတ်တိုက်ယ်စီနှင့် သကြန်ရေပက်ရန် ရှောက်လာကြသော ခလေးငယ်တသိုက်ပါ၊ အားရပါးရ လက်ခုပ်လက်ဝါးတီး၍ ရယ်နေကြလေ၏။

မင်းကျော်ခေါင်လည်း၊ ထိုအခါ အဖြစ်အပျက် ကလေးကို ငြိမ်သက်စွာ တွေးမိရင်းက၊ တယောက်တည်း ရယ်ချင်လာသောကြောင့်၊ ရုတ်တရက်အသံထွက်အောင် ဟက်ဟက်ပက်ပက်ကြီး ရယ်မိလိုက်ရာ၊ အနီးတွင် ထိုင်နေကြသော တပည့်နှစ်ယောက်မှာ အကြောင်းသား သူ့ရာကိုကြည့်ပြီး၊ တယောက်ကိုတယောက် 'ဘာရယ်တာလဲ-ဟင်'ဟု အချင်းချင်း မျက်စနှင့်မေးရာ၊ တယောက်က

လည်း မပြောတတ် ဖြစ်နေ၍၊ နှစ်ယောက်သား မှုဆိုးများလုံအောင် ငြိမ်ထိုင်ကြရလေ၏။

× × ×

နောက်တနေ့တွင် အဝေးဝန်မင်းမှာ၊ နောက် ထပ် ရောက် လာမည့် တပ်တော်များ နေရာသစ်ချထားရန်၊ စားရေးရိက္ခာ လုံလောက်စွာ ရှိစေရန်မှ စ၍၊ တပည့်လက်သားများနှင့် အရေးတကြီးစီမံနေရာ၊ ဘုမကလေးခင်ဘုန်းကိုပင်၊ ခါတိုင်းလို အရိပ်မကြည့်နိုင်ရှာအောင် ဖြစ်နေလေ၏။

သယံဇာတ၊ ကမ္ဘာ့ဓမ္မတာ သာယာသောတောတောင်သစ်ပင်တို့ကို မြင်ရသည့်အချိန်ကစ၍၊ တောဝရ ဆူမျိုးလျက်၊ အပျော်ကြူးနေရှာသော ခင်ဘုန်းမှာသည်း၊ တောလယ်တွင် ကြက်စားနေထိုင်သော၊ သခင်ပျိုမကလေးအလားဦးလေး အလယ်တွင် မိန်းမလေးနှစ်ဦးကို တံချူ့ခြင်းတောင်းများ ယူစေလျက်၊ မလှမ်းမကမ်းတွင်ရှိသော တောတန်းအစကလေးတွင်၊ မြင်မြင်သမျှ သဇင်ပန်းများကို၊ ခူးဆွတ်ခါ၊ တပြည်းပြည်းနယ်ကျွံမှန်းမသိ နယ်ကျွံလာကြလေ၏။

ခင်ဘုန်းမြင့်သည်၊ ရလာသမျှ ပန်းများကို နမ်းဝေါ့ရှုံ့ခါ လွန်စွာ ဝမ်းသာ ရွှင်မြူးနေရာမှ၊ စမ်းချောင်းကလေးတဖက်ရှိ၊ သစ်ပင်မြင့်ကြီးများပေါ်မှ သဇင်ပန်းများကို လှမ်း၍မြင်မြန်သဖြင့်၊ လိုချင်ရမက်ကြီး၍လာကာ....

'မာလာရေ-ဟိုဘက်မှာ သဇင်ပန်းတွေ ရှိတယ်ယော့၊ လာ-လာ.... ချောင်းကလေးကို ဖြတ်ကူးကြရအောင်'

မာလာ။ ။'ဟာ- မကူးပါနဲ့မတုရားလေးရယ်၊ ဟိုဘက်မှာ အရိုင်းတွေ ရှိတယ်တဲ့ဘုရား'



ဘုန်း။ ။(စိတ်ဆိုးကာ) 'ဆို...ညီးတို့မလိုက်ချင်နေ၊ ငါ့အာ ငါသွားမယ်'

ဟု ဆိုလျက်၊ တံချူကို ဆွဲလုကာ ရေတသွင်သွင် စီးဆင်းနေသော စမ်းချောင်းတဘက်သို့၊ ကျောက်တုံး ကျောက်ခဲကြီးများကို ခုန်လွှားကျော်နင်းလျက်၊ သွက်လက်လျင်မြန်စွာ ကူးသွားလေ၏၊ သူဇာနှင့် မာလာလည်းစိုးရိမ်စွာလိုက်သွားပြီး၊ရေသို့ကျောက်တုံးကြီးများကို မရဲတရဲ ကျော်ကူးနေကြရာမှာခရီးမပေါက်ဘဲ၊ ရီးတီးရောတဘောဖြစ်နေကြစဉ်၊ ခင်ဘုန်းမြင့်မှာမူကား၊ သစ်ပင်ကြီး သစ်ပင်ကြားသို့ ဝင်သွားသောကြောင့်၊ အရိပ်အခြည်မျှ မမြင်ရအောင်ရှိလေတော့၏။

စမ်းချောင်းတဘက်သို့ ရောက်လာသော ခင်ဘုန်းမြင့်မှာလည်း၊ နောက်ကအပေါင်းများ လိုက်လာသည်၊ မလိုက်လာသည်ကိုမျှ သတိမထားနိုင်၊လက်မှပါသော တံချူကြီးတကိုင်ကိုင်နှင့်၊တွေ့သမျှ-လှမ်းမှီသမျှသော သဇင်ပန်း၊ ဂမုန်းပန်းများကို၊ တမော့မော့ကြည့်ရှုလျက်၊ တောနက်ထဲသို့ရောက်မှန်းမသိ ရောက်လာလေသည်၊ ထိုနှင့် မကြာမီအတွင်းတွင် သဇင်ပန်းများကို အောဘအဓာ ငုံနေသော ခင်ဘုန်းသည် မိမိပခုံးနှစ်ဖက်သို့ လေးလံသော လက်ကြီးနှစ်ဘက် ဖြင့်၊ တစုံတယောက်က ဖိကိုင်လိုက်ခြင်းခံရ၍၊ ရုတ်တ ရက် လှည့်ကြည့်လိုက်ရာ၊ မြုံးဖြိုးဖြိုးကြီး ကြည့်နေသော ပလောင်ဒိုင်းကြီးတဦးကိုတွေ့လျှင်၊ ဤတွင်မှလည်း ဦးလေးဘုရားပြောတာ ဟုတ်ပါကလားဟု၊ ထိပ်လန့်အုံ့သြသွားမိလေ၏၊ ထိုအခါမှာပင် မည်သည့်အချိန်က ရောက်နေကြသည်မသိ၊ သစ်ပင်ခြုံနွယ် အကြိုအကြားမှ ပလောင်ဒိုင်းများ အလျှိုလျှို ပေါ်ထွက်လာကြကာ၊ ခင်ဘုန်းမြင့် အားတအံ့တဩ ရုပ်လှလှကလေးကိုကိုင်တွယ်ကြည့်ရှုသကဲ့သို့၊ အောက်ကိုမြောက်ကိုင်၊ ကိုင်တွယ်ကြည့်ရှုကြရုံမက၊ အချို့ ပလောင်များက

လည်း၊ ပုတီးလက်ကောက်များ ဆွဲချုတ်ပြီး၊ သူတို့၏ကိုယ်တွင် ဝတ်ဆင်ကြည့်ကာ၊ လွန်စွာ ကျေနပ်နေကြပြီးလျှင် အချို့ကလည်း၊ ခင်ဘုန်းမြင့်၏ အင်္ကျီ၊ ထမီ၊ စသည်တို့ကို၊ ကိုယ်တွယ်လှန်လှော၍ကြည့်ကြမြန်ရာ၊ ခင်ဘုန်းမြင့်မှာ လွန်စွာအခံရခက်ပြီး၊ အရိုင်းအစိုင်းတွေ ဖြစ်နေ၍လည်း။ ကြောက်ရွံ့စွာ ငြိမ်ခံနေရကာ၊ မိမိအရဲရှိန် လာမိသည်မှာ မှားလေစွဟု နောင်တရ၍ နေလေ၏၊ ထိုနောက် ပလောင်ရိုင်းများသည် ခင်ဘုန်းမြင့်အား၊ ၎င်းတို့နေထိုင်ရာ ရွာကလေးထဲသို့ ဆွဲခေါ်သွားပြီး၊ အချင်းချင်း ဟစ်အော် ကြွေးကြော်လိုက်သောအခါ၊ တရွာလုံးရှိ မိန်းမယောကျ်ားသားငယ်မြေးတို့လို့ တွဲလောင်းနှင့် ရောက်လာကြကာ၊ အထူးအဆန်းတခုပမာ၊ ဝိုင်းအုံ ကြည့်ရှုကြပြီး၊ အချို့ကလည်း အရိုင်းတို့ဘာဝ၊ ကခုန် သီဆို ပျော်မြူးကြလျက်၊ ခင်ဘုန်းကို ချာလပတ် လှည့်နေကြလေရာ၊ တခါတခါ ဓူတ်သမားအရမ်း အကြမ်းသမားဖြစ်သော ပလောင်လူပျိုသိုး၊ ခေါင်ရေအိုးများနှင့်တွေ့လျှင်၊ ခင်ဘုန်းမှာ ရှန်းကန် တွန်းလှယ်ပစ်တန်လျှင် ပစ်ရလေ၏။

ထိုအခိုက် ကြောက်ရွံ့စွာ စုနစုရွားရွား၊ အော်လိုက်သောအသံများ၊ တချွန်းရွန်းရိုက်လိုက်သော ကြာပွတ်သံများ ကြားရပြီး မိမိအနီးအပါးမှ ပလောင်ရိုင်းများလည်း မြူးတူးပြာတာ ကြောက်ရွံ့စွာနှင့် လေးမြေးငယ်တို့ကိုဆွဲခေါ်ကာ ဦးတည်ရာသို့ ပြေးသွားကြလေရာ၊ ခင်ဘုန်းလည်း အကြောင်းမည်သို့နည်းဟု တောင်မြောက်လေးပါး လှည့်ကြည့်လိုက်ရာတွင်၊ အညိုရောင် ဦးရစ်ခေါင်းပေါင်းနှင့် ရှမ်းလုလင်ပျိုသည်၊ ကြီးမားသန်မာသော မြင်းညိုကြီးကိုစီးကာ၊ ပလောင်ရိုင်းများကို ဒလကြမ်း ကြာပွတ်ခတ်ကျေးလျက်၊ မိမိဘက်သို့ ဦးတည်ပြေးလာနေသည်ကို တွေ့ရလေ၏။

ခင်ဘုန်းလည်း ထိုရှမ်းလုလင်ပျိုမှာ၊ မိုးနဲ့မြို့ဘလော လမ်းခရီးမှာ



ရုက္ခစတွေ့စဉ်၊ မိမိအား တကြိမ် ကူညီသွားဘူးသူ ဖြစ်ကြောင်း သိရလျက် များစွာ အားတက်မိလေ၏၊ လုလင်ပျိုလည်း ပလောင်ရိုင်းအချို့ထံမှ ခင်ဘုန်းမြင့်၏ ပုတီး၊ လက်ကောက် စသည့် လက်ဝတ်လက်စားများကို၊ ပုတ်ခတ်ဆွဲချုတ်ယူကာ မိမိ၏ ခါးစည်းပုဝါတွင် ထုပ်လျက်၊ ခင်ဘုန်းမြင့်ကို လက်ထဲဘက်မှ အသာတွဲခေါ်ကာ၊ ပလောင်ရွာအတွင်းမှ ထွက်လာကြလေ၏။

ခင်ဘုန်းမြင့်မှာ ရှမ်းလုလင်ပျိုခေါ်ဆောင်ရာသို့ လိုက်ပင် လိုက်လာရစေကာမူ၊ စိတ်ထဲတွင် သက်သာရာ မကင်းသေးပေ၊ ပလောင်ရိုင်းများလက်မှ ကယ်ဆယ်လာသော်လည်း၊ သူငါ့ကို ဘယ်ခေါ်သွားမှာပါလိမ့်မလဲ-ဟု စိတ်ထဲမှ တဒိတ်ဒိတ်ပူ၍ နေလေသည်၊ သို့ရာတွင် ယခင်တကြိမ်ကလည်း အရေးထဲမှ လာရောက်ကယ်ဆယ်ဘူးပြီဖြစ်၍ အနည်းငယ် သက်သာရာ ရနေသလို ရှိနေသည့်အကြောင်း။ ခင်ဘုန်းမြင့်ကိုယ်တိုင်ကလည်း ကြောက်ရွံ့အားငယ်သော အမှုအရာပေါ်သွားမည်ကို ရှက်စနိုးလှသော မိန်းခလေးတဦး ဖြစ်သည့်အကြောင်းတို့ကြောင့်၊ ရဲရင့် တည်ကြည်စွာပင် လိုက်ပါလာလေ၏။

လမ်းတဝက်လောက်သို့ ရောက်သောအခါ၊ ရှမ်းလုလင်ပျိုသည်၊ တစုံတရာ သတိရသလိုနှင့် ခေတ္တရပ်တန့်နေလိုက်သဖြင့်၊ ခင်ဘုန်းမြင့်လည်း ခြေလှမ်းကို အနားပေးလိုက်ရကာ၊ သူဘာလုပ်မှာလဲ...ဟု အကဲခတ်သလို ကြည့်လိုက်မိလေသည်။ ထိုခဏ၌ ရှမ်းလုလင်ပျိုသည် မိမိခါးကြားတွင် ပုဝါနှင့်ထုပ်လာသော ခင်ဘုန်းမြင့်၏ လက်ဝတ်လက်စားများကို ဖြေပြီး ပြုံးပြုံးကြည့်၍ ပေးအပ်လေရာ၊ ခင်ဘုန်းမြင့်ကလည်း ကျေးဇူးတင်သော မျက်လုံးများဖြင့် မော်ကာကြည့်လိုက်လျက်၊ မိမိ၏လက်ဝတ်လက်စားများကိုယူ၍ ဝတ်ဆင်နေရင်း....

'ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ကျမကို ကူညီတာ နှစ်ကြိမ်ရှိပါပြီ၊ နာမည်ကို မသိရဘူးလား'

ရှမ်းလုလင်ပျိုသည်၊ ခံ့ညားစွာပြုံးလျက်....

'ခွန်မောင်ညိုလို့ ခေါ်ကြတာပဲ'

ဟု ပြောကာ၊ အထုပ်တွင်းမှ လက်စွပ်တခုကို နှိုက်ယူထားပြီး ခင်သုန်းမြင့် ပုတီး လက်ကောက်များ အားလုံး ဝတ်ဆင်ပြီးအောင် စောင့်နေသေး၏။

အားလုံး ဝတ်ဆင်ပြီးသွားသောအခါ ရှမ်းလုလင်ပျိုသည် ခင်သုန်းမြင့်၏လက်ကိုဆွဲကိုင်ကာ လေးနက်၍ အဓိပ္ပါယ်ပါသော မျက်လုံးနှင့် စိုက်ကြည့်ပြီး၊ လက်စွပ်ကို ကိုယ်တိုင် ဝတ်ပေးလေ၏၊ ခင်သုန်းမြင့်လည်း ထိုအဆုံး တွေတွေကြီးကြည့်ပြီး အံ့အားသင့်စွာ ခံနေရလေသည်။ ထိုနောက် ရှမ်းလုလင်ပျိုသည် ခင်သုန်းမြင့်ကိုတွဲကာ ဆက်လက်ခေါ်လာလေ၏။ လမ်းတွင် လိုချင်စဖွယ် ကောင်းသော သစ်ခွပန်းများကို တွေ့မြင်ရပြန်ရာ၊ ခင်သုန်းမြင့်မှာ ပန်းများကို လိုချင်စိတ် မကုန်သေးသလို၊ မော့ကာမော့ကာ ကြည့်ရင်း ပါလာလျှင်၊ ရှမ်းလုလင်ပျိုလည်း ခင်သုန်းမြင့်၏ အလိုကိုသိနေဟန်အလား၊ သစ်ပင်ရှိကြားမှ သစ်ခွပန်းများကို လက်ကကြာပွတ်နှင့် လှမ်းရိုက်ခါ၊ ကျလာသော သစ်ခွပန်းအုံကြီးကို ခင်သုန်းမြင့်အား လေးနက်သော အမူအရာနှင့် ကိုယ်ကိုညွတ်ခါ လှမ်းပေးပြီး၊ စမ်းချောင်းကလေးတဘက်သို့ လက်ညှိုးညွှန်ပြကာ။

'ဟောဒီ စမ်းချောင်းကလေးတဘက်က လမ်းအတိုင်း လိုက်သွားရင် နမ့်အတွက် အန္တရာယ်မရှိနိုင်ပါဘူး'

ဟု ပြောရာ၊ ခင်သုန်းမြင့်လည်း ပန်းများကိုယူလျက်....

'ဟုတ်ကဲ့ ကျေးဇူးအထူးတင်ပါတယ်'

ဟု ဆိုကာ၊ ပြန်လာခဲ့လေ၏။



ခင်သုန်းမြင့် စမ်းချောင်းကလေးတဘက်သို့ ကျောက်တုံးများ အပေါ်မှ ဖြတ်ကျော် ကူးရှောက်လာ၍၊ တဘက်သို့ ရောက်လာသောအခါ၊ သူဇာနှင့် မလေးတို့လည်း ချောင်းတဘက်သို့ကူးရန် ကြိုးစားနေကြဆဲဖြစ်လေသည်။ သူဇာမှာ ကျောက်တုံးတခုပေါ်မှ မကြာခဏ ခြေချော်ကျနေလျှက် မလေးကနောက်မှ အားပေးတွဲမ နေဆဲပင် ရှိနေသေးသည်၊ ထို့ရာတွင် သူဇာမှာ နောက်ဆုံးတကြိမ်၊ ရေညှိ တွယ်ကပ်နေသော ကျောက်တုံးပေါ်မှ ခြေချော်ကာ ရေထဲသို့ကျသွားသဖြင့်၊ တကိုယ်လုံး ရွှဲရွှဲစိုနေပြန်ရာ၊ မလေးမှာလည်း သူဇာအား လက်ကမ်း၍ လှမ်းဆွဲတင်နေရသောကြောင့်၊ အားလွန်ကာ ရေထဲသို့ကျသွားပြန်လေ၏။ ထိုအခိုက်တွင် ခင်သုန်းမြင့် ပြန်ရောက်လာသောကြောင့်၊ တပည့်မ နှစ်ယောက်၏အရှုပ်ကို ရယ်မောပြောင်လှောင်ကာ၊ နေအိမ်သို့ ပြန်လာကြလေ၏။

× × ×

ကျိုင်းတုံနယ်စပ်အနီး၊ စိပ်စမ်းဂနိုင်ကြီးအတွင်း၌ မြန်မာ ဘုရင် ဧကရာဇ်ကို၊ တော်လှန်ပုန်ကန်ခဲ့သော၊ စော်ဘွားကြီးများ မှာ၊ ကြီးမားသော ကျောက်လိုဏ်ဂူခန်းကြီးအတွင်း သားမယား ကျေးကျွန်၊ ခြွေရံများနှင့် အခိုင်အလုံ နေထိုင်လျက် ရှိကြသည့် အပြင်၊ နေ့စဉ်နေ့တိုင်းဆိုသလို လုပ်ကြံစီမံဘွယ် အရေးအရာ များကို ခေါင်းချင်းဆိုင် တိုင်ပင်ကာနေကြမြဲဖြစ်လေရာ၊ ထိုနေ့ အတိုင်းမှာလည်း စော်ဘွားကြီးများမှာ၊ အရေးကြီးသော အကြံ အစီများကို ဆွေးနွေးလျက် ရှိကြလေ၏။

အကြီးအကဲဖြစ်သော မိုးနဲစော်ဘွားကြီး ခွန်ကျည်ပယ်နှင့် ရပ်စောက်စော်ဘွားကြီး စောခွန်ဝိုင်းသည်ရှင်း၊ ဒုတိယအကြီးအ ကဲဖြစ်ကြသူ မိုင်းနောင်မြို့စား ခွန်မောင်ထွန်း၊ မိုင်းပျည်းမြို့စား

ခွန်ဘက်တို့သည်၊ မိမိတို့တစ်မှု တပ်ဖွဲ့အချို့နှင့် အပေါင်းပေါ ဒေသနှစ်ရှိကွာလုံ့ နေကြသော အမှုထမ်းကြီး သုံးလေးဦးနှင့် ကျောက်ဂူကြီးအတွင်း ... ထိုးတိုးတိုင်ပင်နေလေသည်။

စောဘွဲ့နိုင်။ ။'အဆွေတော်ကြီးနဲ့ ကျုပ်တို့မှာ ဘုရင်ကို အကြည်ညိုကင်းမဲ့လို့ ရမ်းတော်လွန်ခဲ့ပြီးမှတော့၊ အကြံကိုနောက် မဆုတ်တော့ဘူး၊ မဆုတ်မနစ်သော လုံ့လနှင့် ကြိုးစားကြဘို့သာ ရှိတော့တာ မဟုတ်လား'

ခွန်ကျည်ငယ်။ ။'မှန်ပါတယ် အဆွေတော်၊ ကျုပ်တို့မှာလဲ တနေ့တခြား အကူအညီတွေ များလာပြီမဟုတ်လား၊ ငုတ်မိသိတိုင်း တက်နိုင်များရောက်တိုင်းလို့၊ ကိုယ်လုပ်တဲ့အလုပ်ကို၊ ဘယ်တော့မှ နောက်မဆုတ်ပါဘူး၊ အဆွေတော်၊ ဒါ့ထက် အဆွေတော်တို့ ကျုပ်တို့ရဲ့ အကြည်တော်တဦးဖြစ်တဲ့ သိခပါကုံးပေါင် စော်ဘွားကြီးလဲ ဘုရင်ကို အကြည်ညို ကင်းမဲ့လာတဲ့အတွက် သူ၏လက်အောက်မှာ မနေလိုတော့ဘဲ၊ မကြာမီကပင် အခြွေအရံ တပည့်ကျော်ကျွန်အများနှင့် အင်္ဂလိပ်နယ်ထဲသို့ ဆင်းသက်ခိုဝင်သွားပြီး ရန်ကုန်မြို့မှာ နေထိုင်တယ်လို့ သတင်းကြားရတယ်'

မိုင်းနောင်မြို့စား။ ။'အော်...ဒီဘုရင်နဲ့ မိပုရားကို စိတ်ပျက်သူများဟာ၊ တနေ့တခြား များပြားလာပါကလား'

မိုင်းပျည်မြို့စား။ ။'အဲဒီလိုဘုရင်ကို အကြည်ညိုကင်းမဲ့သူတွေပေါ်များလာလေလေ၊ ကျွန်တော်တို့ လုပ်ရေး ကိုင်ရေးအတွက်၊ အားတက်စရာ ကောင်းလေပါဘဲ'

မိုးနဲစော်ဘွားကြီး ခွန်ကျည်ငယ်။ ။'ဒါ့အပြင်လဲ ကျွန်တော်တို့ မိုးနဲယောင်မှာ၊ ဒီတော ဒီတောင်အရပ်အထိ ဆုတ်ခွာလာရအောင် ဘုရင့်အကျိုးဆောင်ပြီး၊ တိုက်ခိုက် နှိမ်နင်းလွှတ်လိုက်တဲ့



ရွှေလှန်ဗိုလ် ကောသင်းမြို့စားသဲ၊ ဟိုပုံးမြို့မှာ စစ်စခန်းချ စောင့်ကြပ်နေရာမှ၊ မကျန်းမမာတဲ့အတွက် ရွှေမြို့တော်သို့ ပြန်တော့မည်တဲ့ဗျာ၊ နောက်လာသဲ့ စစ်တပ်ကိုတော့ ကြောက်ရွံ့စရာမရှိပါဘူး၊ အခွင့်သာတဲ့ အချိန်ကိုကြည့်ပြီး မိမိတို့ယောင်နန်းကို ဒလကြမ်း ဆရစီးရုံသာ ရှိပါတယ်'

ရပ်စောက်စော်ဘွား။ ။'ဒါ့ထက်ခုနပြည်တော်မှာ အင်းဝိ(?)သီးအမတ် ရတ်တရက်ပြန်သွားကတည်းက စိုးရိမ် ထိတ်လန့်နေကြပြီတဲ့၊ တိုင်းပြည်မှာလဲ လှုပ်လှုပ်ရှားရှားနှင့် အမျိုးမျိုးသော တီးတိုးစကားများ ပြောနေကြသတဲ့ အဆွေတော်ရဲ့'

မိုးနဲစော်ဘွား။ ။'အဲဒီသတင်းဟာလဲ ကျုပ်တို့အတွက် အင်မတန် အသုံးတိုက်တန်တဲ့ သတင်းတရပ်ဘဲ၊ အဆွေတော်ရဲ့၊ နေပြည်တော်မှာ ရုတ်တရက် အရေးတော် ပေါ်လာရင် ကျုပ်တို့ရဲ့ ယောင်နန်းများကို တိုက်ခိုက်ယူဘို့ရာပင် လိုတော့မယ် မထင်ဘူး၊ အလိုလိုဘဲ ကိုယ့်လက်ထဲ ပြန်ရောက်စရာအကြောင်း ရှိနေပြန်ပါပေါ့'

ရပ်စောက်။ ။'ဒီလိုလဲ ပုံသေကားချတွေးပြီး၊ အာမှလုံ့လ ဝီရိယမထုတ်ဘဲ အေးနေလို့မဖြစ်သေးဘူး အဆွေတော်ရဲ့၊ လူသူအင်အား စီးကြပ်ပြင်ဆင်မြဲ ပြင်ဆင်ထားပြီး၊ အခါအခွင့် သင့်တဲ့ အချိန်ရောက်သာနှင့် တပြိုင်သည်၊ ထပြီးတိုက်ခိုက်နိုင်အောင်ဟာ လုံ့လဝီရိယနှင့် အသင့်စောင့်စားရင်း နေပြည်တော်က သတင်းများကိုလဲ စုံစမ်းထောက်လှမ်းရန် အမြန်ဆုံးသတင်းပေးပို့ဆောင်ရွက်နိုင်မည့်သူ၊ ကျွန်ုပ်တို့က အားထား ယုံကြည်ရမည့် အရည်အချင်းနှင့် ပြည့်စုံတဲ့ လူတဦးကိုအထူးလိုပေတယ်၊ အဆွေတော်တို့ရဲ့'

မိုးနဲစော်ဘွား။ ။'သင့်လျော်ပါပေတယ်။ အဆွေတော် ရွှေ

မြို့တော်ကို ယခုကြိုတင်ပြီး သူလျှို စေလွှတ်ထားသင့်ပါတယ်၊ သို့၊ ဘယ်သူ့ကိုစေလွှတ်ဖို့ အဆွေတော်ရည်ရွယ်ပါသလဲ'

ရပ်စောက်။ ။'ဒီအရေးကလဲ လွယ်ကူလှပါမဟုတ်ဘူး အဆွေတော်ရဲ့၊ အားလုံးနှင့် တိုင်ပင်ပြီး သင့်လျော်တယ်ထင်တဲ့လူကို ရွေးချယ်ရပေလိမ့်မယ်'

မိုးနဲ။ ။'ကိုင်းလေ မိုင်းပျည်းမြို့စားနဲ့၊ မိုင်းနောင်မြို့စားတို့ကလဲ၊ သူလျှိုစေလွှတ်တဲ့အရေးမှာ ဘယ်သူနှင့် သင့်လျော်တယ်ဆိုပါ စဉ်းစားကြစမ်းပါအုံး'

မိုင်းနောင်မြို့စား။ ။'ကျွန်တော်များ စဉ်းစားမိသူကို ပြောရမည်ဆိုရင်၊ ဓါးပြဗိုလ်ကြီး ရွှေစွန်ညိုရဲ့ အကူအညီကို ယူရလျှင် ဤကိစ္စအတွက် အသာအကိုးဆုံး ဖြစ်ပါလိမ့်မယ်'

မိုးနဲစော်ဘွား။ ။'ဗို — ဟုတ်လိုက်ပလေ အဆွေတော်ရယ်၊ သိမ်းရှုံ ငှက်များလို ရက်စက်ဆိုးသွမ်းပြီး၊ ကာယဗလ ဉာဏဗလနှင့် အထူးပြည့်စုံတဲ့ ရွှေစွန်ညိုရဲ့ သတင်းဟာ၊ ကျွန်တော်တို့ ရှမ်းပြည်နယ် တခွင်မှာဖြင့် ဟိုးဟိုးကျော်နေတဲ့သူပါပဲ၊ သူလဲဘဲ သီပေါဘုရင်ကို အကြည်ညိုကင်းမဲ့ခဲ့တဲ့ လူသစ်ယောက်ဖြစ်တဲ့ အတွက်၊ ရွှေမြို့တော်ကြီးနှင့် ရှမ်းပြည်နယ်တလွှားမှာ တပည့် ပေါ်သားများ ရှာခဲ့ ဘုရင့်သစ္စာသစ္စည်းများကို အစဉ်ထာဝရ လုယက်တိုက်ခိုက်နေပါတဲ့၊ ဘုရင်ကို မုန်းတီးသူချင်းဖြစ်တဲ့အတွက် ရည်ရွယ်ချက်ခြင်း တူလေတော့ အခုပေါင်းအသင်းလုပ်ဖို့လဲ ခဲယဉ်းလှမယ်မထင်ဘူး'

ရပ်စောက်စော်ဘွား။ ။'ဟုတ်ပါပေတယ် အဆွေတော်၊ ကျုပ်တို့ဘက်ကို ထက်ထက်မြက်မြက်ရဲ ကူညီနိုင်မဲ့ ပုဂ္ဂိုလ်တဦးပါပဲ'

မိုးနဲစော်ဘွား။ ။'ရွှေမြို့တော်ကို သူလျှိုသွတ်သွင်းဖို့မှာလဲ၊ သူ့ထက်အားထားရမဲ့သူ မရှိဘူး။ သူ့မှာအရပ်ရပ်တွင် လက်



ညီးတိုးလို့ မလွဲရအောင် တပည့် ငယ်သားတွေလဲ များတယ် အဆွေတော်ရဲ့'

ရပ်စောက်စော်ဘွား။ ။'ကိုင်းဒါဖြင့် မိုင်းနောင် မြို့စားရဲ့ ဓါးပြဗိုလ်ကြီး ရွှေစွန်ညိုကို ဘယ်လိုတွေ့အောင် ကြံမလဲ'

မိုင်းနောင်မြို့စား။ ။'သူ့နေရာကို သိဖို့က နဲနဲ ခဲယဉ်းပါတယ်၊ သို့သော်လဲ မတွေ့တွေ့အောင် စုံစမ်း ထောက်လှမ်းယူရင် မဖြစ်နိုင်စရာ အကြောင်းမရှိပါဘူးခင်များ'

ထိုနောက် မိုင်းနောင်မြို့စားနှင့် မိုင်းပျည်း မြို့စားတို့သည်၊ အနီးတွင် စောင့်နေသော၊ ထမုံသူကြီး တဦးကိုခေါ်၍ ရွှေစွန်ညို၏ နေရာစခန်းကို စုံစမ်းရာ ထမုံသူကြီးလည်း ရွှေစွန်ညို၏နေရာစခန်း ကို ရုတ်တရက်သိနိုင်ရန် ခဲယဉ်းကြောင်း။ သို့ဆုတွင် မကြာမီသိရှိစေရန် ကြိုးစားစုံစမ်းပေးမည်ဖြစ်ကြောင်း အာမခံလေ၏။

စော်ဘွားကြီးနှစ်ဦးနှင့် မြို့စားကြီးနှစ်ဦးတို့လည်း၊ ထမုံသူကြီး အား ရွှေစွန်ညို၏စခန်းကို အမြန်သိရလျှင်၊ ဆုငွေတော်များ ထုတ် ပေးမည် ဖြစ်ကြောင်း၊ အားပေးစကား ပြောကာ၊ လက်နက်မျိုး မိုက္ခာများ ပြည့်စုံရေးကို ဆက်သက်ဆွေးနွေး တိုင်ပင် နေကြလေ သတည်း။

* * *

**အခန်း ၄။** တနေ့သောအခါ၊ ခင်ဘုန်းမြင့်သည် လသာဆောင်သို့ထွက်၍၊ ယောက္ခာကို မှီနှဲကာ လက်ကလေးနှစ်ဘက်ကို ယှက်ပြီး၊ လမင်းကြီးကို ကြည့်မျှော်နေမိ လေသည်။

တခါတခါလည်း အမှတ်မထင် လက်ချင်း ပွတ်သပ်ကိုင်တွယ်မိ ရာမှ သူ၏လက်တွင် ဝတ်ဆင်ထားသော လက်စွပ်အခလေးကို အတန်

ကြာကြာကလေး စိုက်ခါပင်ကြည့်နေ မိလေသည်၊ ထို့နောက် လက်စွပ်ကလေးကို လှည့်ကာ လှည့်ကာ ကြည့်ရင်းပင်၊ ပလောင်ရိုင်းတို့လက်မှ ကယ်ဆယ်လာသူ ရှမ်းလူပျိုချောကလေး၏ မျက်နှာကို ကွက်ခနဲ ထင်မြင်လာပြီး၊ ထိုလက်စွပ်ကလေးကို ယုယ ကြင်နာစွာ ဝတ်ဆင်ပေးလိုက်သည့်တို့ကိုပါ ထပ်မံ ထင်မြင် ပေါ်ပေါက်လာသော အခါ၊ ခင်ဘုန်းမြင့်မှာ ရုတ်တရက် ထိတ်လန့်တုန်လှုပ် သွားဘိအလား၊ ကြက်သီးကလေးများ ဖျန်းကနဲ ထသွားမိလေသည်၊ တဖန်လည်းလက်ချောင်းကလေးများကို ဆုတ်ကိုင်ကာ၊ ရင်ဘတ်ပေါ်သို့ ထားလိုက်မိလေ၏၊ မျက်နှာမှာလည်း တကိုယ်တည်းအလိုလိုပြုံးရွှင်ချိုသာနေသကဲ့သို့ရှိနေလေ၏၊ ခင်ဘုန်းမြင့်၏စိတ်များသည်၊ ထိုအချိန်၊ ထိုအခါတွင်၊ အကြောင်းမဲ့ ပျော်ရွှင် သာယာနေသကဲ့သို့ ရှိလေ၏။ ထို့နောက်မှ ငါမိတယောက် ထည်းသည်း ဤသို့ဖြစ်နေမိသည်ကို ရှက်အားပိုသွား ပြန်သည့်အလား။ ဝရန္တာပေါ်တွင် ပန်းဆိုင်း ဆွဲသကဲ့သို့ တွဲရွဲကျနေသော ဂေါ်သဇင် ပန်းနွယ်ကလေးတခုကို မနို့တရို ကိုင်တွယ် ကြည့်ရှုနေလေသည်။ မြူထိမ်ကင်းအမြင့် ရွှေလမင်းကြီးမှာလည်း ဝင်းထိန် ကြည်လင် လျက်ရှိလေ၏။

ထိုအခိုက်မှာပင် သာယာသော ပူးသရေသံကလေး၊ တသိမ့်သိမ့် မနီးမဝေး လေထဲမှ ဝဲပျံ့ကွန့်မြူးကာ၊ ခင်ဘုန်းမြင့်၏ နားတွင်းသို့ရောက်လာလေသည်။ သရေသံနှင့်အတူ ရှမ်းတို့ဘာသာနှင့် သာယာကြည်နူးဘွယ်ကောင်းသော သီချင်းသံတသံမှာလည်း၊ အတူပါလာလေရာ မိမိအသက်တွင် ဤမျှ သာယာသော သောတအာရုံကို တကြိမ်တခါမျှမခံစားဘူးသလို အသက်ရှုကိုပင် ရပ်နားကာ နားစည်းစိမ်ခံစားနေမိလေသည်။

သီချင်းနှင့် ပူးသရေသံသည်၊ ခင်ဘုန်းမြင့်တို့ ပန်းခြံ တဘက်



စွန်းဆီမှပေါ်ထွက်လာသည်၊ နို့မှုံပြာသောတောင် ထန်းပင်ပျိုကလေးကိုကွယ်ကာ၊ အဆိုရောအတီးပါတနေသည်၊ အသံတော်စံနေသူကား၊ ဘာယပလ ထွားကြိုင်း ထန်မာလှသော အမြည်ရောင် ရှမ်းခေါင်းပေါင်းကြီးကို ပေါင်းထားသည့် ရှမ်းလူပျိုချောကလေးပင်ဖြစ်လေသည်၊ သို့နှင့် အဆိုပါ ရှမ်းလုလင်ပျိုသည်၊ ဆိုရင်း တီးရင်းမှ ချစ်စရာ ကောင်းလှသော ခင်ဘုန်းမြင့်အား၊ စိမ်းစိမ်းစားစားနှင့် ချစ်အားကုန် ကြည့်နေ လေတော့သည်။ မိမိ၏သီဆိုကြူးရင့်သံကို နှစ်ချိုက်စွာ နားဆင်နေမှန်းကိုသိလေ၊ ရှမ်းလုလင်ပျိုတွင်၊ ခင်ဘုန်းမြင့်အပေါ်၌ ချစ်မေတ္တာရေစင် တသွင်သွင်စီး၍ မသိမ်းဆီးမချုပ်တီးနိုင်အောင်ပင် ဖြစ်နေရရှာလေတော့သည်။ သီဆိုနေသော သီချင်းများမှာလည်း၊ အချင်မပြတ်နိုင်၊ သူ့ကိုယ်တိုင်ကား၊ ဘယ်သီချင်းကို သီဆို၍ ဘာကိုလုပ်နေမိသည်ဟု သတိမရတော့ပေ၊ ခင်ဘုန်းမြင့်၏ ရုပ်ပုံရိပ်သည် သံလိုက်ပမာ ရှမ်းလုလင်ပျိုအား၊ တစတစနီးကပ်လာစေရန် ဆွဲငင်နေသကဲ့သို့ရှိလေ၏၊ ခင်ဘုန်းမြင့်သည် တေးသံ၏ သာယာကြည်နူးဘွယ် ကောင်းသော အာရုံတွင်ခံ့မင်နှစ်မျော မေ့မော ဝေးမျော်နေမိလေရာ၊ အချိန်မည်မျှကြာလာသည်မသိ၊ ဝရန္တာတဘက်မှ လွှားကနဲ ကျော်တက်လာသော၊ ရှမ်းလုလင်ပျိုကိုတွေ့မြင်ရသည်တွင်မှ၊ ရုတ်တရက် သတိရကာ၊ ရွှေဦးစွာအံ့အားသင့်နေမိပြီး တဖန်လည်း၊ မျက်နှာသာနှင့်ကြည့်လိုက်ခါ....

'အချိန်မတော်ကြီးမှာ ဘာကိစ္စနဲ့ အိမ်ပေါ်ကို ကျော်လွှားပြီး တက်လာရသလဲ၊ နှင်တို့က မယ်တို့ မောင်တို့တွေနဲ့ ခေါင်းပျော်ပြီး သီချင်းဆိုနေတာလဲ ရှင်တဲ့ထင်တယ်'

ဟု ခပ်တည်တည်ပြောလိုက်သည်။

ရှမ်းလုလင်ပျိုကမူကား....

'နှမလိုချောတဲ့ လှတဲ့ မိန်းကလေးတယောက်ကို သီချင်းတွဲဆိုခြင်းမှာ၊ လောကကြီးရဲ့ လှ'ခြင်းပါဘဲ၊ အဲဒီလိုသီချင်းတွဲ ဆိုရှိမက နှမကဲ့သို့ မိန်းမချောမိန်းမလှကလေးကို အောက်ကျို့ အသနားခံပြီး၊ ချစ်ခွင့်ပန်တဲ့ ယောဒီလို အပင်ပမ်းခံ ရောက်လာ ရပါလဲ၊ ယောဒီ လောကကြီးရဲ့ မှုတာပါဘဲ'

ဟု မပြုံးတပြုံး မျက်နှာထားနှင့်ပြောလေရာ၊ခင်ဘုန်းမြင့်မှာ....

'ဟို'

ဟု ဆိုကာ၊ နောက်သို့တလှမ်းလောက် ဆုတ်သွားမိ လေသည်၊ ထိုနောက်စိတ်ထဲတွင် ရှုထုံရှိန်းဖိန်းသွား၍ ဘာကိုပြောရမည် မသိဘဲ၊ နှုတ်မှထွက်မိတွက်ရာ...

'ရှင်ဆိုတဲ့ သီချင်းကတော့ ကောင်းပါရဲ့'

ဟု ယောင်ယောင်မှားမှား ပြောမိပြီးမှ သတိရကာ ရုတ်တရက် ရပ်တန့်ထားလိုက်ရလေ၏၊

ထိုအခါတွင် ရှမ်းလုလင်ပျိုက အကျကောက်ခါ....

'သီချင်းကောင်းဒေါ်တာမျှမဟုတ်သေးပါဘူး၊ ယောဟိုကောင်းကင်က လမင်းကြီးလို ကြည်လင်သာယာတဲ့ ယောဒီခင်တပါးရဲ့ မျက်နှာက သီချင်းထက် အဆတရာလောက် သာပါသေးတယ်'

ဟု ဆိုကာ၊ အနီးသို့ တဖြည်းဖြည်း တိုးလာသောကြောင့် ခင်ဘုန်းမြင့်မှာ မထက်ကြည့်ကြည့်ရင်း နောက်သို့ အနည်းငယ် ဆုတ်သွားပြန်သည်။ သူ၏စိတ်ထဲမှာလည်း၊ ရဲတင်းလှသော ယောကျ်ားပျိုအား ယုံကြည်သော မျက်နှာနှင့် စူးစိုက်စွာ ကြည့်နေမိလေသည်၊ လုလင်ပျိုကား ခင်ဘုန်းမြင့်ကို နီးနီးကပ်ကပ် တွေ့မြင်ရလေ၊ အချစ်၏တိုက်တွန်း နှိုးဆွမှုကို မခံမရပ်နိုင်လေ ရှိလာကာ၊ နောက်ဆုံးတွင် တစုံတရာ ဆင်ခြင်စဉ်းစားခြင်းမပြုနိုင်တော့ဘဲ၊ ခင်ဘုန်းမြင့်၏ သေးသွယ်ပြေပြစ်ပျောင်းသော ကိုယ်က



လေးကို ဖျုံးကနဲ တအားသိမ်းကြုံးဖက်လိုက်ခါ၊ နုညက်နီတွေးသော ပါးမို့မို့ကလေးကို၊ ကျူးလွန်၍ တအားနမ်းလိုက်မိလေတော့သည်။

ခင်ဘုန်းမြင့်သည် အတင့်ရဲလှသော ရှမ်းလုလင်ပျိုအား ရှန်းကန်တွန်းအသည်ဖြစ်လိုက်ခါ၊ မိမိပါးကို လက်ဝါးနှင့်ပွတ်လျက်၊ အလွန်တရာ ဒေါသ ထွက်နေသောကြောင့် မျက်နှာကလေးမှာ ရဲရဲနီကာ....

'ရှင်ဘယ်လိုလူစားလဲ၊ ဘယ်ရှမ်းကားပါလဲ'

ဟုပြောကာ ဆတ်ဆတ်တုံအောင် မခံမရပ်နိုင်ဖြစ်နေလေ၏။ ဤတွင်မှလည်း ရှမ်းလုလင်ပျိုမှာ မိမိ၏ကျူးလွန်မိသော အပြစ်ကို သတိရသွားဟန်ထလာ၊ ဝမ်းနည်းသောမျက်နှာထားနှင့်....

'ကျုပ်နှမ အချောအလှကလေးရယ်၊ လွန်မိတဲ့အတွက် တောင်းပန်ပါတယ်၊ သက်သက်ပဲ စော်ကားတဲ့သဘောနဲ့ ပြုလုပ်တာမဟုတ်ပါဘူး၊ နှမကိုချစ်လွန်းလို့ အချစ်မှန်ပြီးပြုမိပါတယ်၊ ဒါထက် သွားလိုက်ပါဦးမယ်နော်'

ဟု ဆိုကာ ချာကနဲလှည့်ပြီး ဝယန္တာမှ ခုန်ဆင်းသွားလေ၏။

ခင်ဘုန်းမြင့်မှာ ဒေါသမပြေသေးဘဲ၊ မဒုးခရဲကြီးနှင့် ကျန်ရစ်ခါ တွေ့လျှင် တွေ့ချင်း ဆောက်နှင့်ထွင်း ဆိုသလို ကျူးလွန်စော်ကားပြီး၊ ပြောင်သလိုလို ပျက်သလိုလိုပင် လုပ်သွားသော ရှမ်းလုလင်ပျိုအား အခဲမကျေနိုင်ဘဲ၊ တယောက်တည်း ဒေါသူပုန်ထ ၍နေလေ၏။

ထိုအကြောင်းပင် ဘုဇာထွက်သာရာ၊ ဝယန္တာမှ ခုန်ဆင်းသွားသော ရှမ်းလုလင်ပျိုကို ရိပ်ခနဲ မြင်လိုက်ရသဖြင့်၊ ခင်ဘုန်းမြင့်အနီးသို့ ရောက်လာပြီး

'မဘုရားလေး မအိပ်သေးဘဲ၊ လသာထဲ ထွက်နေသကိုးတုရင့်'

ဟု မသက်သေသော မျက်နှာထားနှင့်ပြောလျှင်၊ ခင်ဘုန်းမြင့်မှာလည်း၊ မျက်နှာမသာတော်အောင် ဖြစ်သွား၍ အတော်ရှုမြဲဆောင်လိုက်ရကာ—

'ဟုတ်တယ်အေ၊ ငါမထိုင်ချင်သေးပါနဲ့ လသာသာငှိုလို့ ထွက်ထိုင်နေတယ်၊ ခြံထဲက မန်းရနံ့ကလေးတွေကသဲ မွှေးလိုက်တာဘုစားရဲ့'

ဟု ဆိုလျှင်၊ သူ့ဇာက ခပ်ငေါ်ငေါ်ပြုံးကာ...

'ပြီးတော့လဲ သာယာတဲ့အသံရှင်ကလေးနဲ့ အချစ်တွေး စမ်းတော်မူသေး ထင်ပါရဲ့ဘုရား'

ဟု ပြောလိုက်ရာ၊ ခင်ဘုန်းမြင့်မှာ မခံချိမခံသာနှင့် အတော်ပင် အနေရကြပ်သွားရှာတော့သည်၊ ထိုသို့နှင့် မပြီးသေးဘဲ၊ သူ့ဇာက ထပ်ကာ...

'မဘုရားလေးတို့လို အချောအလှကလေးကို၊ ဟိုလူက သဘောကျသွားမှာပေါ့နော်၊ ငါမပတ်သိုင်တွင်းရှမ်းလူမျိုးဆိုပါ အရိုင်းအရိုင်း၊ စိတ်ကြမ်းကိုယ်ကြမ်းတွေပါ၊ နို့ပြီးတော့ သူ့အကြောင်းလဲသိရပါမဟုတ်သေးတော့ တကယ်တန်းဆက်ဆံလို့ ဖြစ်နိုင်သေးမယ်မထင်ပါဘူး မဘုရားလေးရဲ့'

ဟု ပြောလိုက်သောအခါမှကား၊ ခင်ဘုန်းမြင့်မှာ စိတ်တိုလာပြီး...

'ညီးက ဘာမျှားသိလို့ အဘတ်စုံနေရပါလဲ၊ ဒီလိုတောသဲတောင်ထဲက အနှံ့ညာတာ အကောင်မျိုး မဆိုလားနဲ့၊ မိဘုရားမြောက်နိုင်တဲ့ ရှင်ဘုရင်ကိုတောင် ရှောင်တိမ်းလာခဲ့တဲ့ အစားမှုန်းမသိဘူးလား'

ဟု ကြိမ်းဝါးသံနှင့် မာန်မဲလိုက်သည်တွင်မှ၊ သူ့ဇာလည်း မျက်နှာအောက်ချလျက် ငြိမ်သက် တိတ်ဆိတ်သွားလေသည်၊ ခင်ဘုန်း



မြင့်ကား မိမိကို ခေါ်ကာကြိုးလှန်သွားသော ရှမ်းလူဆိုးကြီးကို အခဲမကျေနိုင်ဘဲအသား၊ ဒေါသစိတ်များ မပြေပျောက်နိုင်အောင် ဖြစ်နေလျက်ထိုညအဖို့ အိပ်စက်၍ပင် မပျော်နိုင်ရှိလေတော့၏။

* * *

နောက်တနေ့ကား၊ အဓေဝန် ဦးရွှေမောင် အုပ်ချုပ်လျက်ရှိသော မိုးနဲ့ယောင်နန်းဦးတွင်း မြန်မာဘုရင်၏ ဓေါင်းလံကြီး တလူလူလွင့်လျက် တွေ့မြင်ရလေ၏၊ ဝန်မင်းဦးရွှေမောင်နှင့်လက်အောက်ခံ အရာရှိများလည်း၊ မြို့တွင်းသို့ ဝင်လာနေသော တပ်တော်ကြီးကို ယောဂ်ဦးမှနေကာ ကြိုဆိုကြည့်ရှုလျက်ရှိကြလေ၏။

တပ်တော်ကြီးကား ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်၊ အမြောက်တပ်မှစ၍ အစီအစဉ်အတိုင်း ဝင်လာလေသည်၊ အဓေဝန်မင်းနှင့်တကွ လက်အောက်အရာရှိများမှာ၊ အောင်ပွဲတီးကာ အားအင်ပြည့်တင်းစွာနှင့် အသစ်စက်စက် ရောက်လာသော တပ်တော်ကြီးကို ကြည့်လျက် အားတက်နေမိကြလေ၏၊ ထိုတပ်တော်ကိုဦးစီးအုပ်ချုပ်၍ ထွက်လာသော ဗိုလ်မှူးကလေး မင်းကျော်ခေါင်ကား၊ စစ်ဗိုလ်မှူးတို့ အဝတ်အဆင်ဖြစ်သည့် ဖဲကတ္တီပါ အစိမ်းပုတ်ရောင်နှင့် ကြက်သွေးရောင်တွင် ရွှေဇာအနားသပ်၍ ချုပ်လုပ်ထားသော မြင်းတို့မြင်းရှည်ကို ပြိုးပြိုးပြက်ပြက် စစ်ရောင်ထွက်နေသော ဘာလီကေး ခါးစီးပုဝါတို့နှင့်၊ ကျနသေသပ်စွာ ဝတ်ဆင်လျက်၊ တဖိတ်ဖိတ်ရွှေရောင်ထွက်နေသော၊ ခေါက်တိုကို ဆောင်း၍၊ ကြီးတန်သာ စုံလင်စွာသော မြင်းကို စီးနင်းကာ၊ နောက်ပါ မြင်းစီးသုံးလေးယောက်နှင့် တပ်ဦးမှခွဲထွက်ပါ အဓေဝန်မင်းတို့ထံသို့ ရောက်လာခဲ့လေ၏။

အဓေဝန်မင်းလည်း ဗိုလ်မှူးကလေးမင်းကျော်ခေါင်အားကြို

ဆိုနှုတ်ခွန်းဆက်ပြီး၊ မိမိနေထိုင်ရာ ဧည့်ခန်း အဆောင်ကြီးအတွင်းသို့ခေါ်သွားလေသည်။

ဧည့်ခန်းကြီး အတွင်းသို့ ရောက်သောအခါ၊ ဗိုလ်မှူးကလေးနှင့် အဝေးဝန်မင်းတို့သည်၊ သူပုန်စော်ဘွားများ အကြောင်းနှင့် တောပုန်းခေါင်းပြကြီးရွှေစွန်ညို၏ အကြောင်းများကို အနည်းငယ် ပြောဆိုမေးမြန်း၍ အလုပ်ဝတ္တရားရှိသလောက် တိုင်ပင် ဆွေးနွေးကြပြီးသောအခါ၊ ဗိုလ်မှူးကလေးသည် ပြန်တော့မည်ဟု ထိုင်ရာမှအထလိုက်တွင် အပေါ်ထပ်လှေခါးမှ ခင်ဘုန်းမြင့်ဆင်းလာသောအခါ မင်းကျော်ခေါင်မှာ ခင်ဘုန်းမြင့်ကို မြင်လျှင်မြင်ခြင်း....

'အလို ခင် ဘဲ့နဲ့ ဒီရောက်နေသလား'

ဟု အံ့သြခြင်း၊ ဝမ်းမြောက်ခြင်းများနှင့် ထပ်ပြိုင်ထည်း မေးလိုက်မိလေရာ၊ ခင်ဘုန်းမြင့်က ပြုံးပြုံးကလေး ခေါင်းငြိမ့်လိုက်ပါ....

'ဟုတ်တယ် ဘဘဘုရားတို့၊ မေမေဘုရားတို့အကြံကို မလိုက်နာနိုင်ပါကြောင့်၊ လွတ်ရာလွတ်ကြောင်းရှာပြီး ဦးလေးဘုရားဆီကို ပြေးလာခဲ့ပါတဲ့'

ဟု ပြောလိုက်လျှင်၊ မင်းကျော်ခေါင်မှာ ဘုရင်ကို မမြင်ဘဲ ယခုကဲ့သို့ ထွက်ပြေးလာခြင်းမှာ မိမိအတွက် မျှော်လင့်အားထက်သွယ် တရက်ကဲ့သို့ ဖြစ်သည်ဟု တွေးမိကာ များစွာ အထင်ကြီးသွားလေတော့သည်၊ ထို့နောက်ဆက်လက်၍ခေါ်....

'ယင်း ခင်ကသာ မသိတယ်ဟိုမှာဖြင့် ခေါင်းတောက်အောင် ရှာနေကြလေရဲ့၊ ခင့်မေမေဘုရားကို သနားပါတယ်ကြောင်း၊ ခင့်အတွက် စိတ်ပူပါတယ်ကြောင်းကြောင့် ကျော်ကျော်တောင်မှ ထိုင်ကောင်းခြင်း မထိုင်ရ၊ စားကောင်းခြင်းမစားရနဲ့ ရှာလိုက်ရပါ မောနေပါတဲ့၊ ခင်ကလဲ့တကယ်ဆိုရင် သူများကို အသိမပေးချင်



ရှိရာပေါ့၊ ကျော်ကျော်ကိုတော့ ပြောသွားတို့တော့ ကောင်းပါသေးတယ်၊ ဒီလိုများ ခင်သွားချင်တယ်ဆိုရင် ကျော်ကျော်ကိုယ်တိုင်၊ ခင်သွားလိုတဲ့အရပ်ကို လိုက်ပို့မှာပေါ့'

ဟု လောကွတ်တွေ ဗလမွှေနှင့် ရေပက်မဝင်နိုင်လောက်အောင် ပြောလေသည်။

ခင်ဘုန်းမြင့်က မင်းကျော်ခေါင် အားပေါ့တရ ပြောနေသည်ကို စကားဆုံးအောင် နားထောင်ပြီးမှ မဲ့တရွဲ့ပြုံးကလေး ပြုံးလိုက်ပါ....

'အရေးတကြီး ပြေးလာချင်တာကြောင့်၊ မပြောခဲ့ရတာပါ၊ ဖိုးတုန်းက မပြောခဲ့ပေတဲ့ အခုခင့်ကို တွေ့ရလို့ ကျေနပ်တော်မူပြီမဟုတ်လား ကျော်ကျော်ရဲ့'

ဟု ပြောလိုက်သောအခါ၊ မင်းကျော်ခေါင်မှာ၊ မစားရဝမန်း ဝမ်းပမ်းတသာ ဖြစ်သွားရှာသည်၊ ထို့နောက် အလုပ်ဝတ္တရားအလျောက်၊ တပ်တော်သားများကို နေရာချထားရန် တာဝန်ရှိနေသေးသဖြင့်၊ လက်မှကိုင်ထားသော မောက်တိုကို၊ ခေါင်းတွင် ဆောင်းလိုက်ပါ....

'ကဲ တွေ့ရတာ ဝမ်းသာတာနဲ့ ခမန့်နေတယ်၊ တပ်တော်သားတွေ နေရာချထားတို့၊ သွားလိုက်ပါဦးမယ် နောင်ခင်၊ တော်တော်ကြာမှ တခေါက်လာခဲ့ဦးမယ်'

ဟု ဆိုကာ၊ အနီးမှကျေနပ်စွာ ပြုံးပြုံးကြီး ကြည့်နေသော အဝေးဝန်မင်းကိုပါ၊ နှုတ်ဆက်၍ထွက်သွားလေသည်။

အပြင်သို့ မထွက်ခင်သဖြင့်၊ အိမ်ခန်းထဲမှ ပြူငေးနေသော မာလာနှင့်သူဇာတို့သည်၊ ညီသည်ပြန်သွား၍၊ အခန်းထဲသို့ ပြန်ဝင်လာသော ခင်ဘုန်းမြင့် ကိုဆီးကြိုကြပြီး....

'မဘုရားလေးတော့ နေရာကျတာဘဲဘုရား၊ ဗျာကျမတို့အကျက်

သာ လိုနေတာပေါ့၊ ယုတ်မှာအကုန်၊ တင်ခေါ်ရေးကာဆေးတယောက် ဖြစ်မရှည်းဆက်သွယ်မိရင် ယန်မှာထဲနေဘဲတုရှ?'

ဟု ပြောင်အလိုလို မျက်ထားလိုက်နှင့် ပြောလိုက်စဉ်၊ နောက်မှ ဝန်မင်းဦးရွှေမောင် ဝင်လာသောကြောင့်၊ မျက်နှာရှုံ့တိုက်နေကြသော သူအားနှင့် မာလောလိုမှာ၊ ကပြာကယာ မျက်နှာပိုးသပ်၍ နေလိုက်ကြရလေသည်။ ခင်ဘုန်းမြင့်မှာလည်း မိမိ၏တပည့်မနှင့်ဦး ဖြစ်ပုံကိုကြက်ခေါ်ရယ်ရင်း၊ အခန်းတွင်းသို့ ဝင်သွားလေ၏။

မန်းလှဆိုင်ရှိရာ ပိတ်လေ၏၊ ရေရှိရာ မြက်ပေါက်၍ အညွှာကံထိုး လျှင် အမင်ဖြစ်သကဲ့သို့ပင်၊ ခင်ဘုန်းမြင့် ရှိရာသို့ မင်းကျော်ခေါင် နေ့တိုင်းလာလျက်၊ စကားပြည့် ပြောချီသောင်ရင်း၊ ကြွေအံ့ပုဆစ် ပစ်ချီသော်ရင်း၊ အချိန်ဖြုန်းတတ်လေရာ၊ ဝန်မင်း ဦးရွှေမောင်က လည်း မကောင်းဟု မကောင်းကြောင်း ဖြစ်နေသည့်အပြင်၊ မင်းကျော် ခေါင်ကဲ့သို့သော ပိုလ်မှူးအရာရှိကလေး တယောက်အား၊ မိမိတို့မ ချောကလေးနှင့် မတွေ့မတန်ဟု ထတော မထားနိုင်တော့ဘဲ၊ နှစ် ယောက်ချင်း လွတ်လပ်စွာ ပြောဆိုနေထိုင်ရန်၊ အလိုက် အထိုက် အခွင့်အရေး ပေးထားလေသည်။

တနေ့သောညနေခင်းတွင် ခင်ဘုန်းမြင့်သည်၊ ဟောင်ဦးခေါ်သော ဆောင်မှရပ်ခါ၊ အောက်သို့ကြည့်လိုက်သည်တွင် အခေါ်ဝန်မင်း သည်၊ မိမိ၏ လက်အောက် အမှုထမ်းများအား မြည်တွန် ကြိမ်း မောင်းနေသည်ကို တွေ့ရသဖြင့်၊ အမှတ်မဲ့ နားစိုက်ထောင်လိုက် မိလေ၏။

ဦးရွှေမောင်ကား အတော်ပင် ဒေါသကြီးနေလျက်....

'ဟေ့ မင်းတို့တတွေဟာ၊ ဘုရင့်သခင် ရိက္ခာတော်တွေကိုစား ပြီး၊ တာတရုမ့ ကြောက်ရွံ့အောင် အမှုမထမ်းကြဘူး၊ မင်းတို့ အသုံး မကျလို့၊ ရွှေစွန်ညိုတို့အကောင် ခုလောက်ကြာအောင် သောင်း



ကျန်းနေတာ၊ စစ်သားတွေ အသုံးမကျမှုန်းသိလို့ တနေ့တခြား အတင့်ရဲပြီး၊ မနေ့ကလဲ စစ်တပ်တော်ကို ပေးသွင်းရော အသိုး လာတဲ့ရိက္ခာတော်တွေကို လမ်းကနေပြီးတိုက်ခိုက်ဖြတ်ယူလိုက်ပြီတဲ့၊ ရိက္ခာပို့တဲ့ တပ်သား ဆယ့်ငါးယောက် ထဲက၊ ဆယ့်သုံးယောက် ပွဲချင်းပြီး သေပြီး၊ လူနှစ်ယောက်သာ ဒဏ်ရာ အနာတရနဲ့ ပြန် ရောက်လာတယ်၊ ဘယ်လောက်ရှက်စရာကောင်းသလဲ၊ ကဲကဲ ထွေ ထွေလူးလူးတော့ ပြောမနေဘူး၊ မင်းတို့ ဒါလောက်တောင် အစွမ်း မရှိလှတာ နောက်ရောက်လာတဲ့ တပ်တော်ကြီးနဲ့ နက်ဖြန်ကစပြီး ရွှေစွန်ညိုဆိုတဲ့ အကောင်ကို၊ အရှင် လိုက်မိအောင် တောနင်းပြီး ဖမ်းစေမယ်'

ဟု ပြောလေရာ ကြားရသူ ခင်ဘုန်းမြင့်မှာပင်၊ ရွှေစွန်ညိုခေါ် သော ဓါးပြဗိုလ်ကြီးအား၊ နာမည်ကြားနှင့် မျှားစွာ မုန်းတည်း နှံ့ ရှာနေမိလေသည်။

ထိုခဏမှာပင် ရှမ်းလူပျို အမှုထမ်း လုလင်တယောက်သည်၊ ဝန် မင်းဦးရွှေမောင်အနီးရှိလူစုထဲမှအမှတ်တမဲ့ထွက်ခွါသွားကာ၊ ဟောင် ကြီး၏ ဘေးတွက်ရှိ ဥယျာဉ်ကလေးထဲသို့ ခပ်သုတ်သုတ် ပြေးထွက် သွားသည်ကို တွေ့မြင်လိုက်ရသောကြောင့်၊ ခင်ဘုန်းမြင့်မှာ သင်္ကာ မကင်းဖြစ်လာပြီး၊ အမှတ်တမဲ့ ပန်းဥယျာဉ်ထဲသို့ ဆင်းလိုက်သွား မိလေသည်။

ခင်ဘုန်းမြင့်သည် ဥယျာဉ်ထဲသို့ ရောက်သော အခါ၊ မိမိ ကိုယ်ကို ပန်းပင်များဖြင့် ကွယ်ကာ၊ ယခင်လူ သွားရာဆီသို့ နောက်ယောင် ခံ၍ လိုက်လေ၏၊ ဥယျာဉ် ကြီးမှာလည်း သရက်၊ ဩဇာ၊ မာ လကာစသော သစ်ပင်ကြီးများနှင့် ပန်းရုံပန်းတုံတို့ဖြင့် ညို့ညို့ ဆိုင်းဆိုင်း ပိတ်သိုင်းလွှမ်းခြုံ ထားသည်ဖြစ်ရာ၊ တနေရာမှ တနေရာ

သို့ ရုတ်တရက် မြင်ရှမ်းနိုင်ရန်၊ အတန်ပင် ခဲယဉ်းလှလေတော့သည်။

ထိုနှင့် ရှေ့ကသွားသောလူသည် အုတ်တံတိုင်းကြီးမှ ကျော်တက်ခါ၊ တဘက်သို့ဆင်းသွားသည်ကို မြင်ရလေ၏၊ ခင်ဘုန်းမြင့်လည်း ထိုလိုသောစိတ်က တိုးတက်များပြားလာသဖြင့် ကြီးမားသော အုတ်တံတိုင်းကြီးပေါ်မှ တဘက်သို့ ကျော်၍မြင်စေရန် အဖန်ဖန်ကြိုးစားသည်တွင် နောက်ဆုံးအုတ်တံတိုင်း၏ တနေရာ၌ အတော်မြင့်သော ကျောက်ခဲပုံ တပုံကို တွေ့ရသဖြင့် ထိုအပေါ်သို့ ကပြာကယာတက်ခါ၊ သစ်ကိုင်းသစ်ခက်တို့နှင့် ဖုံးကွယ်လျက်ရှိသော တံတိုင်း တဘက်သို့ လှမ်းမျှော် ကြည့်လိုက်သည်တွင်၊ ခင်ဘုန်းမြင့်မှာ မမျှော်လင့်သော လူတယောက်ကိုပါ လာ၍တွေ့နေသဖြင့်၊ များစွာ အံ့အားသင့်မိသေးသည်၊ ထိုသူကား ယခင် မိမိအား နှစ်ကြိမ်တိုင်တိုင် အကြပ်အတည်းထဲမှ ကူညီကယ်ဆယ်ခဲ့ဘူးပြီး နောက်ဆုံးတကြိမ်တွင် မိမိသဘောမတူသေးဘဲ ရဲတင်းစွာ စော်ကား ကျူးလွန်သွားသော၊ ရှမ်းလူပျိုချောကလေး ဖြစ်နေလျက်၊ တယောက်မှာ မိမိနောက် ယောင်ခံလိုက်နေသော ရှမ်းအမှုထမ်း ယောကျ်ား ဖြစ်ကြောင်းသိရလေသည်။ထပ်မံ သူတို့ပြောဆိုနေကြသော စကားများကို နားစိုက်ထောင်ပြန်ရာ....

ရှမ်းအမှုထမ်း။ ။'ဆရာရေ့... ဒီတခါတော့ ဆရာ့ကိုဖမ်းဘို့ အကြိတ်အနယ် ကြိုးစားနေကြပြီ၊ နောက်ရောက်လာတဲ့ တပ်တော်ကြီးနဲ့ မနက်ဖြန်ကစပြီး ဝလကြမ်း တောနင်းပြီး ဖမ်းတော့မယ်တဲ့ သတင်းရပါတယ်ဆရာ၊ နို့ပြီးတော့လဲ ဒီနေရာကို ဆရာ ခဏခဏ လာလို့မတော်တော့ဘူး၊ ကျွန်တော့်ကိုလဲ သူတို့ နဲနဲမသင်္ကာဘူး ထင်တယ်၊ ဒါကြောင့် အခု ဆရာ့ကို သတိပေးပြီး ကျွန်တော်တို့ စခန်းကို ပြေးနှင့်တော့မယ်'



လှလင်ပျို။ ။'မင်းကလဲကွာ မကြောက်သင့်တာ ကြောက်နေပြန်ပါပြီ၊ ဒီအဝေးဝန်ထောက်များ စကားထဲ ထည့်ပြောလောက်တာ မဟုတ်ပါဘူးတပည့်ရဲ့'

အမှုထမ်း။ ။'ဆရာအရေးမလုပ်ပေမဲ့၊ ကျွန်တော်တော့ ဒီမှာနေလို့ မဖြစ်ဘူး။ စခန်းကို တခါတည်း တန်းပြန်တော့မယ် ဆရာ့ရဲ့'

လှလင်ပျို။ ။'အေးလေ မင်းနေလို့ မဖြစ်ရင်လဲ ပြန်တာပေါ့၊ ငါ့အတွက်တော့ မစိုးရိမ်ပါနဲ့၊ ဟဲ...ဟဲ မင်းသွားချင် သွားတော့ ငါ့ဒီမှာ ကိစ္စကလေးတခု ရှိနေသေးတယ်'

ဟု ဆိုကာ၊ တံတိုင်းပေါ်သို့ ကျော်တက်တော့မည့်ကဲ့သို့ လုပ်နေသဖြင့်၊ ခင်ဘုန်းမြင့်လည်း၊ အုတ်ပုံပေါ်မှ ကပြာကယာဆင်းပြီး မနီးမဝေးရှိ ပန်းပင်များမှပန်းများကို ခူးဆွတ်နေလေသည်။

ထိုအခါမှာပင်...

'အလို...ခင်တယောက်ထဲလား၊ တွေ့ချင်နေတုန်း၊ အခုလို အထင်သင့်တွေ့ရတာ၊ ဝမ်းသာလိုက်တာခင်ရယ်'

ဟု ရယ်ရွှမ်းပေါ့ရွှမ်းနှင့် ပြောသော်လည်း၊ ခင်ဘုန်းမြင့်က မျက်နှာထားကြီးကြီးနှင့် စက်ဆုတ်ဖွယ် ရှာသလို ကြည့်ပြီး။

'ဟင်...စစ်တပ်နဲ့ လိုက်ဖမ်းနေရတဲ့ ဓါးပြလူဆိုး သူခိုးကြီး တယောက်က၊ ဘာကြောင့်တွေ့ချင်ရတာလဲ မိုက်အားနဲ့ ရဲဂုဏ်ကိုးပြီး၊ လူဆိုးလူညစ်ကြီး တဦးပီပီ၊ တဘက်သားကို မကြာခဏလာပြီးစော်ကား နှောက်ယှက် နေတာပေါ့လေ၊ ရှင့်အသက်မသေချင်ရင်၊ အခုထွက်သွားပေါ့'

ဟုဒေါသံ ခပ်ပါပါနှင့် ပြောလိုက်ရာ ရှမ်းလှလင်ပျိုက ပြုံးချိုသော မျက်နှာနှင့်ကြည့်ကာ....

'မှန်တယ် စစ်တပ်နဲ့ လိုက်ဖမ်းနေတဲ့ ဓါးပြဗိုလ်ကြီး ရွှေစွန်ညို

ဆိုတာ၊ ဒီကမောင်ပါဘဲ၊ သို့သော်လဲ ကျုပ်ကို လိုက်လံဘမ်းဆီးနေတဲ့ လူများထက်၊ စိတ်ထားမြင့်မြတ်တဲ့ လူတယောက်ဖြစ်တယ် ဆိုတာကိုကော၊ ချစ်ခင်တဲ့ စိတ်ထားနဲ့ မစဉ်းစားမိဘူးလားခင်ရဲ့'

တုန်း။ ။'အို... သူချွေးပစ္စည်းကို မတရား သဖြင့် လိုက်လံ တိုက်ခိုက် လုယက်နေတဲ့ ရာဇဝတ်သားကို မြင့်မြတ် လိမ့်မယ်လို့ ဘယ်သူမှ မစဉ်းစားဘူး၊ ချစ်ခင်တဲ့ စိတ်လဲ တစ္ဆေးသားမှ မထားဘူး၊ မတရားမတန် မြွေဆိုး မြွေပေါက်လို ရွံစရာ၊ ကြောက်စရာ ကောင်းတဲ့ လူတယောက်နဲ့ ခုလောက်ကြာကြာ စကား လက်ခံပြောနေတာတောင် နှစ်ကြိမ်တိုင်တိုင်ကူညီကယ်ဆယ်ခဲ့တဲ့ ကျေးဇူးကလေးကြောင့်လို့ မှတ်လိုက်ပါ'

ရွှေစွန်ညို အပြုံးမပျက်ဘဲ....

'နှမယား၊ ဘယ်အမျိုး ဘယ်အနွယ်ဘဲ ဖြစ်ဖြစ်၊ မောင်ကတော့ ချစ်မှာဘဲ၊ နှမအကြောင်းကိုလဲ မောင်အကုန်သိပါပြီ၊ ဘုရင်ကို ရှောင်ပြီး ဒီတော့ ဒီတောင်ကို ရောက်အောင်လာခဲ့ခြင်းဟာ၊ နှမနဲ့ မောင်မေတ္တာမျှကြဖို့ ဖူးစာရေးနတ်က ဖန်တီး ပေးလိုက်တာပါ'

ဟုဆိုကာ ခင်သုန်းမြင့် အနားသို့ကပ်လာပြန်ရာ၊ ခင်သုန်းမြင့်မှာ မပြင်းလှသဖြင့် အံကိုကြိတ်ပါ နောက်သို့ တလှမ်းဆုတ်၍ လက်ညှိုးငေါက်ငေါက်ထိုးကာ....

'သွားနော်...စစ်သားတွေကို အော်ခေါ်လိုက်မယ်'

ဟုဆိုရာ၊ ရွှေစွန်ညိုက မစိုးမခန့်နှင့် ရယ်လိုက်ပြီး။

'အော်လိုက်ပါလား၊ ဘယ်လူ အသံကြားမှာတဲ့လဲ'

ဟုပြောလိုက်လျှင်၊ ခင်သုန်းမြင့်မှာ ဟုတ်ပါ့လားဟု စဉ်းစား မိသည့်အလား၊ ခေတ္တ အကြံထိုက်နေမိစဉ်၊ ရွှေစွန်ညို တိုးကပ်လာသည်ထက် ကပ်လာပြီး၊ ချစ်မျက်လုံးကြီးနှင့် ပြုံးပြုံးကြီးစိုက်ကြည့်နေသောအခါ၊ ခင်သုန်းမြင့်မှာ ကြောက်ကြောက်နှင့် မျက်နှာ



ကလေးကို တအားပိတ်ခါ ရိုက်လိုက်လေသည်၊ ရွှေစွန်ညိုသည်း မျက်နှာကိုလက်နှင့်ပွတ်ခါ၊ တခဏ၌ ခင်သုန်းမြင့်အား ငြိမ်သက်စွာ ခက်ထန်သောမျက်နှာကြီးနှင့် စူးစိုက် ကြည့်နေလေသည်၊ ခင်သုန်း မြင့်မှာမူကား၊ ကြံမျှထွားကြိုင်းသန်မာ၍ ကာယဗလကြီးနှင့် ပြည့်စုံနေသော ဆိုးသွမ်းကြမ်းတမ်းသည့် ယောက်ျားကြီး တယောက်အား စော်ကားလိုက်မိသည်မှာ၊ ကျားသနားမှ နွားချမ်းသာရတော့ မည့်အလား ကြောက်သွေးများ မှန်လျက်ရှိလေတော့၏။

ထိုနောက် တွေကြည့်နေသော ရွှေစွန်ညိုသည်၊ ခင်သုန်းမြင့်ကို တအားကိုင်၍ ဖက်လိုက်ရာ၊ ခင်သုန်းမြင့်မှာ ရုပ်ကလေးကော့၍ လည်တိုင်ကလေးမော့ပြီးနောက်သို့ယိုင်အသွားတွင် မို့မောက်သော ပါးကလေးကို နှာခေါင်းဖျားနှင့် ကပ်မြှုပ်ပြီး၊ အသည်းနှစ်လုံးထိ ခိုက်မတတ် အတန်ကြာတအားညှစ်၍ နမ်းရှုပ်နေရာမှ၊ ဗျုံးကနဲ လက်မှလွှတ်ချလိုက်သဖြင့် ခင်သုန်းမြင့်မှာ ရုတ်တရက် ပြေးခွေပြီး မြေပေါ်သို့ ပုံရက်သား ကျသွားလေသည်။

ထိုနောက် ရွှေစွန်ညိုသည် ခင်သုန်းမြင့်အားခက်ထန်သော မျက်နှာထားနှင့်ကြည့်ကာ....

'မင့်အရှင် သခင် အိမ်ဦးနတ်ဖြစ်လိုက်တဲ့ ယောက်ျားတဦးကို အာတက်မတန်ဘူးထင်ပြီး ခုလိုပြုမူပြောဆိုလိုက်ပေတဲ့ တနေ့ကျရင် ငါ့ကိုချစ်ပါပြီ- ခင်ပါပြီ၊ မေတ္တာရှိပါပြီဆိုပြီး ဝန်ချတောင်းပန် ရလိမ့်မယ်လို့ မှတ်ထားလိုက်ပါ'

ဟုပြောလိုက်ပြန်သော အခါမှာကား၊ ခင်သုန်းမြင့်မှာ မိန်းမတို့ မာန်မာနကလေး ပေါ်ပေါက်လာလျက် ကတ်ကတ်လန်အောင် ရန်တွေ့လိုက်တော့မည့် မျက်နှာထားကလေးနှင့် လဲနေရာမှ အားယူ၍ ထရင်း....

'အို…ဒီလို သူရိုးပေါ်ပြဲကို ဘယ်တော့မှ ဝန်မချဘူး၊ သေအောင်မှတ်ထား'

ဟုခါးခါး သီးသီး ပြောလိုက်လေသည်၊ ရွှေစန္ဒီညိုလည်းမနေနိုင်ပြုံး ကြီး ပြုံးလိုက်ပါ…

'အေးပါကွာ- ပြောသေးတာပေါ့၊ ငါကလဲ မင့်မေတ္တာကိုအဓမ္မ မယူချင်ဘူး၊ မင့်အလိုလို ကြည်ကြည်ဖြူဖြူ ဖြစ်ပေါ်လာတဲ့ မေတ္တာစစ် အချစ်စစ်ကိုသာ အလိုရှိတဲ့အတွက် နိုင်လိုမင်းထက်မပြု၊ ဒါဘဲ - ကဲ သွားလိုက်ဦးမယ်နော်'

ဟုအေးအေးဆေးဆေးပြောပြီး ခင်တုန်းမြင့်ကို ကျောပေးခါ ဆွဲတံတိုင်းကြီးကို ကျော်လွှားထွက်သွားလေရာ၊ ခင်တုန်းမြင့်မှာ မခံမရပ်နိုင်အောင် ဒေါသထွက်သွားသဖြင့် ထိုနေရာမှာပင် ခြေကိုဆောင့်ကာ ကြုံးကြုံးပါအောင် ငိုလိုက်မိလေတော့သတည်း။

× × ×

**အခန်း ၅။** ခင်တုန်းမြင့်သည် မိမိ၏ အဖြစ်အပျက်များကို ရှက်စနိုးသည်နှင့် မည်သူ့အားမျှ ထုတ်ဖော်ပြောဆိုခြင်း မပြုဝံ့ ဖြစ်နေလေသည်။

တနေ့သောအခါ ဗိုလ်မှူးကလေး မင်းကျော်ခေါင်နှင့် ခင်တုန်းမြင့်တို့သည်၊ ဧည့်ခန်းကြီးအတွင်း၌ အပျင်းပြေ ပုဆစ်ပစ်လျက်ရှိနေကြစဉ် ဝန်မင်းဦးရွှေမောင်သည် ထုံးစံအတိုင်းသဘောကျ-ကျေနပ်လှသော မျက်နှာနှင့် အခန်းတွင်းသို့ ဝင်လာပြီး၊ မင်းကျော်ခေါင်တို့အနီးတွင် ဝင်ထိုင်လိုက်ပါ…

'ကျုပ်တော့ စိတ်ရှုပ်လှပါပြီ ဗိုလ်မင်းရယ်၊ ရွှေစန္ဒီညို နှိပ်စက်ထားကတမျိုး၊ ပုန်းလျှိုးနေတဲ့ သူပုန်တွေက အလစ်အလစ်မှာ ဝင်ဝင်ထပါကတမျိုး၊ ဘယ်အချိန်ကလေးမှ အေးအေးနေရတယ်မရှိပါဘူး'



ဟုစိတ်ပျက်ပျက်နှင့် သက်ပြင်းချပြီးပြောလိုက်လေသည်၊ မင်းကျော်ခေါင်သည် ကြွားကြွားရွားရွားနှင့် မိမိ ကိုယ်ကို တောင့်တောင့်ကြီးထားကာ…

'အို…သူပုန်အတွက်တော့ စိတ်သက်ချပြီး အေးအေးသာ နေတော်မူပါ၊ ဒီက တူတော်မောင်ရှိသမျှ မိုးနဲ့မြို့ကို ရေကြည်တပေါက်မစင်စေရပါဘူး၊ ဟို…ရွှေစန္ဒီညိုဆိုတဲ့ အကောင်ကိုလဲ အသေး အဖွဲ့ကလေးမို့ ဂရုမစိုက်သေးတာပါ၊ တခါလောက် တောနင်းလိုက်ရင် သင်းတို့တပြုံလုံး လှောင်သွင်းထားနိုင်ပါစေမယ်'

ဝန်မင်းလည်း မင်းကျော်ခေါင် ပြောစကားကို အားရကျေနပ် အတော်ကလေး အားတက်သွားမိပြန်သည်။

'အင်း…ကျုပ်တော့ ဗိုလ်မင်းကလေးကို အားထားရတော့ မှာဘဲလေ၊ နေပြည်တော်က အမှုထမ်းပေါ့လျော့တယ်ဆို အပြစ်တင်ခံရမှာလဲ စိုးရိမ်ရသေးတယ်'

ခေါင်။ ။'ဒီက တူတော်မောင် တယောက်လုံးရှိပါပြီဝန်မင်းရယ်၊ ကဲ…ကဲ…အပေါ်ထပ်ကိုကြွ၊ ဘုရားခန်းထဲမှာထိုင်ပြီး စိတ်ပုတီးကလေး အေးအေး ကိုင်နေတော်မူပါတော့'

မြင့်။ ။'ဟုတ်သားဘဲ ဦးလေးဘုရားရဲ့၊ ကျော်ကျော် တယောက်လုံးရှိနေမှ အေးအေး မျက်နှာလွှဲထားရတာပေါ့'

ဦးရွှေမောင်မှာ တူမကလေး၏ ထောက်ခံစကားကို ချစ်စနိုးသော မျက်နှာထားနှင့် ခပ်ပြုံးပြုံး နားထောင်ကာ…

'အေးဗျား…အေးဗျား… ငါ့တူမလေးစကားအတိုင်း ဦးလေး ဘုရား ဗိုလ်မင်းကလေးကိုဘဲ အစစအရာရာ မျက်နှာလွှဲထားပြီး အေးအေးပုတီးစိပ်နေရတော့မှာပေါ့'

ဟုဆိုကာ အပေါ်ထပ်သို့တက်သွားလျှင်၊ ခင်တုန်းမြင့်နှင့် မင်းကျော်ခေါင်တို့မှာ၊ တယောက်မျက်နှာတယောက်ပြုံးရွှင်စွာ မော်

ကြည့်မိကြလျက်၊ ပုဆစ်ကို ဆက်လက်ကစားရန် ဟန်ပြင်ကြပြန်လေ၏။

မြင့်။ ။'ဦးလေးဘုရားကဖြင့်ကျော်ကျော့်ကို အတော်အားထားနေရှာတာပဲ'

ခေါင်။ ။'ဟုတ်တယ်ခင်ရဲ့၊ အဲဒီလိုခင့်ဦးလေးက အားထားလေလေ၊ ကျော်ကျော့်မှာလဲ အားထားတဲ့သူ အားထားရကျိုးနပ်အောင် ကျိုးဆောင်ရလေပေါ့ ခင်ရဲ့'

ဟုဆိုကာ လက်ထဲမှ ကြေများကို သတိရသဖြင့်....

'အော်....ဘယ်သူ့အလှည့်လဲ မေ့နေလိုက်တာ၊ ရော့ရော့ ခင့်အလှည့်ထင်တယ်'

ဟုဆို၍- ကိုင်ထားသော ကြေများကို ပေးလေသည်။

မြင့်။ ။'အို...ခင်လဲ ဘယ်သူ့အလှည့်မှန်း သတိမရတော့ဘူး၊ ဦးလေးဘုရားနဲ့ စကားပြောနေတာနဲ့ မေ့သွားပြီ'

ခေါင်။ ။'ကဲ-ဒါဖြင့် ပြန်ကစားရအောင်၊ ခုနင်ကဟာတွေကို သရေလိုက်တော့'

မြင့်။ ။'ဟုတ်တယ်၊ ဒီတခါ ကောင်းကောင်း ကစားမယ် ကျော်ကျော်ရဲ့'

ခေါင်။ ။'ကောင်းကောင်း ကစားရုံမကဘူး၊ ဒီတခါတော့ လောင်းကြေးစားကြေးကစားမယ် ခင်ရဲ့'

မြင့်။ ။'ဘာကြေးလောင်းမှာလဲ၊ ငွေလား ရွှေလား'

ခေါင်။ ။'အို...ရွှေတွေငွေတွေ လောင်းနေလို့ ဘာလုပ်စရာလဲခင်ရယ်၊ ခင်နဲ့ကျော်ကျော်တို့မှာ ရွှေမရှား ငွေမရှားတဲ့ လူစားတွေဘဲ၊ ဒါတွေမလိုပါဘူး'

မြင့်။ ။'ဒီ့-ဘာလောင်းမှာလဲ'

ခေါင်။ ။'လူတဦးတဦးမှာ အလိုဆန္ဒ တခုခုတော့ရှိကြတယ်၊



အဲဒီတော့- နိုင်သူက ရှုံးသူအပေါ်မှာ လိုတာ တောင်းကြေးပေါ့ ခင်ရဲ့'

မြင့်။ ။'ဟင်.... မရှိတာနဲ့ မပေးနိုင်တာကိုတောင်းရင်ဘဲ့နှယ်လုပ်မလဲ'

ခေါင်။ ။'ဟာ...မပေးနိုင်တာတော့ ဘယ်တောင်းမလဲ ခင်ရယ်၊ ပေးနိုင်တာမှ တောင်းကြေးပေါ့'

မြင့်။ ။'ကဲ...ဒါဖြင့် ဝိနိလိုက်တော့'

ထိုနောက် ခင်ဘုန်းမြင့်နှင့် မင်းကျော်ခေါင်တို့သည် ကြေကစားကြရာ၊ ခင်ဘုန်းမြင့်မှာ နှစ်ပွဲတိတိ ဆက်၍ရှုံးလေသည်၊ မင်းကျော်ခေါင်လည်း ခင်ဘုန်းမြင့်ကို ပြုံးပြုံးကြီးကြည့်ကာ....

'ကဲ....ခင်ရှုံးပြီ ပေးပေတော့'

မြင့်။ ။'ဘာပေးရမှာလဲ ကျော်ကျော်ရဲ့'

ကျော်။ ။(အနည်းငယ်စဉ်းစား၍မျက်နှာပိုးသယ်၍) 'ကျော်ကျော်အလိုရှိပြီး အင်မတန် တောင့်တ နေတာကတော့ ခင့်ရဲ့ ရွှေမဏ္ဍာ ရတနာပန်းခိုင်ကလေးကို လှမ်းကိုင် ချွေယူဘို့ပါဘဲ၊ ခင်နဲ့ ကျော်ကျော်ဟာ တယောက်အကြောင်း တယောက်သိကြတဲ့ ငယ်ပေါင်းချစ်ဖို့ ငြင်းပယ်တော်မူစရာတော့ မရှိဘူးထင်ပါရဲ့နော်'

မြင့်။ ။(အံ့အားသင့်သကဲ့သို့ဖြစ်သွားကာ)'အို...ကျော်ကျော်ကလဲ၊ မဟုတ်တာတွေ မပြောပါနဲ့၊ ခင်နဲ့ ကျော်ကျော်တို့ဟာ ငယ်စဉ်ကတည်းက မောင်ရင်းနှမလို နေလာကြတာဖြစ်လို့ ဒီစကားမျိုးကို ဘယ်တော့မှ ပြောလိမ့်မယ် မထင်မိခဲ့ဘူး'

ကျော်။ ။'ခုလိုပြောလိုက်မိတာကော လွန်သလား ခင်ရယ်၊ ငယ်ငယ်က ခင်မင်ခဲ့တဲ့အရှိန်နဲ့ အချိန်အရွယ် ရောက်လာတော့လဲ အမြင်ကျယ်ပြီး ခင်တွယ်ချင်တဲ့ စိတ်ကလေးတွေ ပေါ်လာတာပေါ့'

ခင်သုန်းမြင့်သည် တစုံတရာ ပြန်မပြောဘဲ တွေတွေကလေး နား
ထောင်နေလေသည်။

ကျော်။ ။'ပြီးတော့လဲ တစိမ်းတရံဆံ လူတယောက်နဲ့ စာချင်၊
ကျော်ကျော်ကိုသာ ခင်ကပိုချစ်ပေမယ်လို့လဲ တွေးမိတယ်၊ လောကီ
စည်းစိမ်ကို ပေးနိုင်တဲ့ ရွှေနန်းရှင်ဘုရားကိုယ် ကွင်းရှောင်လာပြီး
ဒီအရပ်ဒေသမှာ လာရောက်ပုန်းလျှိုးနေဒါလဲ စင်စစ်ကျော်ကျော်
ကို ပဲ့သွာတို့ဘဲ မဟုတ်ပါသလား ခင်'

ခင်သုန်းမြင့်သည် မိမိအပေါ်တွင် မင်းကျော်ခေါင် အထင်ကြီး
နေသည်ကို မငြင်းသာသိုလိုဖြစ်လာကာ ခေါင်းခါခါ လက်ကာကာ
နှင့်....

'ဟို-ဟို-မဟုတ်ဘူး၊ မဟုတ်ဘူး....ဒီလိုထင်ရင် မှားတယ်၊ ကျော်
ကျော်ကို သူငယ်ချင်း မိတ်ဆွေလို မောင်လိုနှမလို နှိုးရိုးချစ်ထားတာ
တဲ၊ သည့်ပြင် ဘာမှ ထူးထူးထွေထွေ မရှိခဲ့ပါဘူး'

ဟု ပြောလိုက်သောအခါ မင်းကျော်ခေါင်မှာ အတော် အား
လျော့သွားပါလေသည်။ သို့ရာတွင် အားမလျော့သေးဘဲ ဆက်လက်
၍....

'ဒီလိုစိတ်မထားပေတဲ့ လောကမှာတော့ အိမ်ထောင်ရေးအတွက်
ရွေးချယ်ရှာမယ်ဆိုရင် ကိုယ့်ကို စွဲစွဲမြဲမြဲ ချစ်ခဲ့တဲ့သူဖြစ်လို့ မိတ်ခြင်
မိတ်ရင်း ထိမ်းမြားတာ သင့်တယ် မဟုတ်လားခင်ရဲ့'

မြင့်။ ။'ခင်ကလဲ ဒီသဘော အတိုင်းပါဘဲ၊ သူချစ်ကို ရှာ
တော့ ကျော်ကျော်ကို ရှေးဦးစွာ သတိရပါတဲ'

ဤစကားလေးသည် မင်းကျော်ခေါင်အား အတူးသတော့တွေ
သွားစေသဖြင့် ခင်သုန်းအား ရှမ်းမွှန်းစားစေကြီး ကြည့်နေလေ
၏။ ခင်သုန်းမြင့်က ခပ်တည်တည်နှင့်ပင် ဆက်လက်၍-

'ဒါပေတဲ့ သူချစ်-ကိုယ်ချစ် နှစ်ပြိုးညီသွတ်မှ ကောင်းပါတယ်၊



ကျော်ကျော်က အချစ်ဆန်းလာပေဘဲ ခင်ကတော့ ဒီနေ့ဒီရက်အထိ
ရိုးရိုးတန်းတန်း ချစ်နေသေးလို့ ဒီစကား သိုးခံနေချင်ပါတယ်'

ဟု ပြောရာ မင်းကျော်ခေါင်သည်း အားလျော့ စိတ်ပျက် သွား
သော မျက်နှာနှင့်....

'ဒါဖြင့် ကျော်ကျော် အထင်ကြီးနေမိဒါတွေ မှားခါပေါ့နော်၊
မြော်လင့်စရာ မရှိတော့ဘူးလား ခင်ရယ်'

ဟု အားနာစခံသော လေသံနှင့် နောက်တဖန် ပြောသည်တွင်
ခင်သုန်းမြင့်က အနည်းငယ် ပြုံးလိုက်ခါ—

'လုံးလုံး မျှော်လင့်စရာမရှိတော့ဘူးလို့လဲ မဆိုလိုပါ။ လူ့စိတ်
ဟာ မျောက်စိတ်နဲ့တူပါတယ်၊ တယ်အခါမှ အတည်တကျ မရှိမြဲ
လှပါဘူး၊ ဒီတော့ တနေ့သရက်မှာ ပြောင်းလဲချင်လဲ ပြောင်းလဲသာ
ပါလိမ့်မယ်'

ကျော်။ ။(အားတက်လာလျှက်) 'ဪ...ဒီလိုဆိုတော့ ကျော်
ကျော်က မိုးရှိုပြီးစောင့်မှာပေါ့ခင်၊ ခင်တနေ့ ချစ်လိမ့်မယ်ဆိုတဲ့ အခွဲ
ကြီးသာရှိရင် စောင့်ရကျိုးလဲ နပ်မှာပါဘဲ၊ ဟဲ...ဟဲ...ဒီစကားသည်း
က ဒီလိုက ဒီလိုတဲ့ဆိုဒါ ပြောလိုက်ရပေါ့ဗျာ၊ တကတဲ့လွန်
အာဖြစ်သွားမှန်း မသိအောင် စိတ်ညှင်သွားပါဘဲ၊ တော်တော်လဲ
ဆိုးတဲ့ခင်ကွဲ့နော်'

ဟု ပြောကာ ရယ်သား-မောသားနှင့် ကြွေများကို ဆက်လက်
ကစားနေကြလေ၏။

× × ×

သူပုန်စော်ဘွားကြီးများနှင့် တပည့်ငယ်သားများစုဝေးသည့်အခါ
သာတိုင်း မြို့ရွာများ အရပ်ဒေသများသို့ မကြာခဏ လာရောက်
ထိပါး နှောက်ယှက်ဖြစ်သည့်အားလျော်စွာ ထိုနေ့အချိန်မှသည်း
သူပုန်စခမ်းကြီးအတွင်း၌ တသိုက်တဝန်း စေ့စည်းလှုပ်ရှားလျှက်ရှိ

ကြသေးသည်၊ သူပုန်တပ်သားများသည် အောင်သေ အောင်သား စားရတော့မည်အလား၊ စိတ်အားထက်သန် ပျော်ရွှင်မြူးထူးလျက် ရှိကြလေသည်။ သူတို့ကား အရှင်သခင် စော်ဘွားကြီး၏အမိန့်အရ၊ နက်ဖြန် နေ့တချက်တီးအချိန်မှာ မိုးနဲ့မြို့သို့ ချီတက် တိုက်ခိုက်ကြရ တော့မည်၊ မိုးနဲ့မြို့တွင် ရောက်ရှိနေသော တပ်တော်သစ်ကြီးနှင့် တပွဲ တလမ်း စမ်းကြရတော့မည်ဟု အသီးသီးသွေးအမြောက်ကြီးမြောက် ခါ ဦးရစ်ခေါင်းပေါင်းများကိုပင် ရေ့ ရစ်လျက် ကြွက်ကြွက်ရွ အောင် နိမိတ်ပြသော ဟုလျက်ရှိကြလေ၏။

ထိုနေ့မှာပင် ရွှေစွန်ညို၏ လျှို့ဝှက်သော ကျောက်ဂူခမ်းကြီး တွင်လည်း မြောက်များစွာသော ဓါးပြငယ်သားတစုတို့မှာ ကိုယ့် တာဝန်နှင့်ကိုယ် လုပ်ကိုင်နေကြသည်ဖြစ်ရာ အချို့မှာ လက်လုပ် သေနတ်များကို ထွန်းလုပ်နေလျက် အချို့မှာ ခဲမှုန့်၊ ယမ်းမှုန့်များ ထောင်းနေကြလျက်၊ အချို့မှာ လက်နက် ဓားလှံများကို ပွတ် တိုက်မြင်သင်နေကြပြီး အချို့ကလည်း တိုက်ခိုက်ထားသော ပစ္စည်း ဥစ္စာများကို သိမ်းဆည်းမှတ်သားခြင်းဖြင့် ကိုယ်စီကိုယ်ငှ အလုပ် များနေကြလေ၏။ ရွှေစွန်ညိုကား ကျောက်ဂူအတွင်းရှိ တခုသော ကျောက်သလွန်ပေါ်၌ လဲလျောင်းကာ တစုံတရာကို တွေးတောနေ သေသည်။ ထိုအခိုက် တပည့်တယောက်ဝင်လာ၍ အနီးတွင်ထိုင် ကာ....

'ဆရာ ခုတလော ရွှေမြို့တော်ကြီးကို မသင်းခါ အတော်ကြာ သွားပြီ၊ တခါလောက်ဆင်းပြီး သတင်းကလေးများ နာကြဦးမို့ လား'

ဟု ပြောလျှင် ရွှေစွန်ညိုမှာ ခေးခိုက်စဉ်းစားနေရာမှ—

'အေးကွာ ငါလဲ ငါ့ကိုယ်ရေး ကိစ္စကလေးတခု ရှိနေသေးလို့ မိုးနဲ့မြို့နားက မခွာနိုင်အောင် ဖြစ်နေတယ် တပည့်ရဲ့'



ဟု ဆိုကာ တွေးလက်စ အတွေးကို ဆက်လက်တွေးတောကာ နေ လေသည်။ ရွှေစွန်ညို၏ မျက်စေ့အာရုံအတွင်းမှာ ခင်ဘုန်းမြင့်၏ ပြုံး ချိုကြည်လင်သော မျက်နှာကလေးသာလျှင် ထင်ထင်ပေါ်ကာ နေ လေသည်၊ သို့သော်ငြား မြင်ရင်းမှာပင်၊ တွေ့ချင်သော အာရုံက နိုး ထွလုံ့ ဆော်ပေးလိုက်ပြန်သဖြင့်နေရာမှ ဖျတ်ခနဲထသကာ ကျောက် ဂူအပြင်တွင်ရှိသော မြင်းညိုကြီးကိုစီးပြီး မိုးနဲ့မြို့ရှိရာသို့ ထမ်းမှန်းလာ နေလေတော့၏၊ သို့ရာတွင် ခင်ဘုန်းသည် မိမိအား ဓါးပြ လူဆိုးကြီး တယောက်အနေနှင့် ရှုရှာစက်ဆုပ်နေသည်ကို တွေးမိသောအခါ၊ သွားပင် သွားနေရသော်လည်း များစွာ ခြေလှမ်းမသွက်လှဘဲ ရှိ လေ၏။

× × ×

ထိုနေ့သည်ကား သူပုန်စော်ဘွားတို့၏ တပ်သားများသည်၊ မိုးနဲ့ မြို့ကိုလုပ်ကြံရန် ချီတက်လာနေကြပြီ ဖြစ်လေသည်။ သို့ရာတွင် မြို့ စောင့် တပ်တော်ကြီး၌မူကား ဗိုလ်မှူးမြလုပ်သူ မင်းကျော်ခေါင်မှာ သူပုန်တို့အရေးကို သေးနက် စိတ်ဝင်စားခြင်း မရှိလှသည့် အပြင် အချိန်ရှိသမျှ ခင်ဘုန်းမြင့်ထံတွင် အနေများလျက် တပ်စခန်းသို့ ပြန် ရောက်လာသောအခါ များတွင်လည်း မင်းပျို မင်းလွင်ကလေးပြို့ သောက်စား ယစ်မူးခြင်းဖြင့် အချိန်ကုန်ခဲ့သည်ဖြစ်ရာ၊ ရှေ့ဆောင် သူက အမှုထမ်း ပေါ့လျော့နေသောကြောင့် နောက်လိုက်ငယ်သား များမှာ ပြောဘွယ်ရာမရှိအောင် မေ့လျော့ ပေါ့သနေကြသော အချိန်အခါ ဖြစ်နေလေ၏။

သူပုန်တပ်သားတို့သည် မိုးနဲ့မြို့ အပြင်ဘက် တောစပ်ကလေးသို့ လေးဘက်မှ ပိတ်ဆို့မိအောင် တောခိုကာ အချက်ပေးမည့်အချိန် ကို စောင့်လျက်ရှိနေကြသော်လည်း မြို့တွင်းမှ တပ်တော်သားတို့မှာ ကား၊ တပ်စခန်းထဲတွင် အတုံးအရုံးလဲအောင် သောက်စား မူး

ယစ်နေသူက နေလျက် အချို့မှာလည်း ကခုန်မြူးထူးကာ ရှမ်းမကလေးများကို ပလက်ကာယနှင့် အတင်းရော အမှုဆုံလှဲ ခေါ်ယူလာကြပြီး တယောက်တလက် လှယက်သောင်းကြမ်း နေကြသည်ဖြစ်ရာ ရှမ်းမကလေးများမှာ မခံချည် မခံသာနှင့်ပင် ကြောက်ကြောက်လန့်လန့်နှင့် ညိမ်ခံနေကြရရှာလေ၏။ ကြီးမှူး အုပ်ချုပ်သူမင်းကျော်ခေါင်၏ တဲပေါ်အတွင်းမှာလည်း မင်းကျော်ခေါင်သည် တပည့်ငယ်တယောက် ထည့်ပေးသော ခေါင်ရည်ထည့်သော ငွေဖလားကို လေးလံသော လက်များနှင့် လှမ်းယူကာ မျက်တောင်စင်းစင်းနှင့်ပင် မမမြင်း ထပ်ခါထပ်ခါ သောက်နေရာမှ—

'ဟေ့....အောင်ကြီးရေ...ငါတော့ ကြာကြာ မစောင့်နိုင်ဘူးကွာ၊ အခင်းသာတဲ့အနေမှာ အတင်းသာမေ့ပြီး မိုးယူလိုက်တော့မယ်၊ တကယ်ဆိုတော့ ခင်သုန်းမြင့်ဟာ အတွေ့ကို မရှောင်နိုင်ပါဘူးကွ၊ သူတာကြီးပြောနေနေ- ငါ့ကိုချစ်မှာပါဘဲ၊ နို့ပြီးတော့ သူ့ဦးလေးတယောက်လုံးကလဲ ငါ့အပေါ် အစောကြည်ဖြူ နေတာကလား။ သူနဲ့ ငါနဲ့ ဆိုလဲ ကစားဘက်ငယ်ပေါင်းမို့ လူချောင်းချင်းပေါ၊ ရှလို အချိန်ကြာအောင် ဆွဲနေဖါ့ဟာလဲ မိန်းမကလေးမို့ အညွှာလှယ်တယ် ထင်မှာစိုးလို့၊ တမင်ကာကာ မူနေဖါလို့ ငါအယူရှိလာပြီ'

ဟု ဆိုလျှင် မင်းလိုလိုက်- မင်းကြိုက်တင်တတ်သော သာပေါင်းညာစား၊ တပည့်များဖြစ်သည်နှင့် လျှော်ညီစွာ....

'ဟုတ်လိုက်လေ ကိုယ်တော်၊ ဒီအကြံ မြန်မြန်ထမြောက်အောင် လုပ်တော်မူပေတော့၊ မိန်းမဆိုတာ ဗူမြွေဆောင်ရတဲ့ အမျိုးမို့ ဒဲ့နိုးကြီး ကြိုက်ပါတယ်၊ မြန်မြန်ယူပါလို့ ဘယ်အခါမှ ပြောမှာ မဟုတ်ဘူးဘုရား'

ဟု အားရ ပါးရ ထောက်ခံကြလေ၏၊ ထို့ကြောင့် ခပ်မူးမူးနှင့်



သချစ်ရှူး ရှူးနေသော မင်းကျော်ခေါင်လည်း ခင်သုန်းသာ၊ ရက်များမကြာမီ မိမိလက်တွင်းသို့ရောက်စေရန် အကြံယူရင်း စဉ်းစားလျက် ရှိလေ၏။

ထိုအခိုက်မှာပင် အုတ်အုတ်ကျက်ကျက်နှင့် တခဲနက်သော ရှည်ပြေးလွှားကြသံများ၊ အမြောက်သေနတ် ပစ်ခတ် ထိုးခုတ်ကြသော အသံများ၊ ကယ်ပါယူပါ တစာစာ အော်ဟစ်သံများ၊ ခုတ်ဟယ်၊ ထစ်ဟယ်၊ ပစ်ဟယ်၊ ဝိုင်းဟယ်ဟူသော အာဟာသံများသည် ကမ္ဘာပျက်သည်နှင့်မခြား ပဲ့တင်ရိုက်ဟိန်း မြေကြီးပြိုကွဲမတတ်၊ မြင်းသံနှင့်ရှည်းစွာ ပေါ်ထွက်လာသောကြောင့်၊ မင်းကျော်ခေါင်နှင့်တကွ တပ်တော်သားတစုမှာ မူးမူးယိုင်ယိုင်နှင့် ကိုင်မိကိုင်ရာ ဆွဲမိဆွဲရာ၊ လက်နက်ခါးလှံတို့ကို ကိုင်ဆွဲလျက် ရှတ်သရက် ပြေးထွက် ခုခံကြရလေတော့သတည်း။

သူပုန်တပ်သားတို့သည်ကား၊ ကြိုးကြိုးစားစား ဝီရိယကောင်းစွာထား၍ ကြိုတင်စီစဉ် ထားသူများဖြစ်ကြသည့် အားလျော်စွာ မြို့ထဲသို့ဝင်မိကတဲကပင် ယောင်တော်ကြီးကို ရှေးရှုံး၍စွာစီးမိအောင် စီးလျှက်၊ အချို့ကလည်း အမေ့အလျော့နေကြသောစစ်စခန်း၊ စစ်တန်းလျားများကို တင်ကြိုဖျက်ဆီး ပိတ်ဆို့ ထားပြီးဖြစ်အောင် ဝိုင်းဝန်း နှင်းချေ တိုက်ခိုက်ကြကာ၊ အချို့ သူပုန်တပ်သားများမှာမူကား အရာရှိအရာခံ မြန်မာမင်းမှုထမ်းတို့ အိမ်များကို ဝင်ရောက် တိုက်ခိုက် ထိုးခုတ်ကြလေ၏။

အဝေးဝန်မင်းလည်း မင်းကျော်ခေါင်ကို အားကိုးထကြီး တရှူကာ အမေ့အလျော့နေမိစဉ်၊ အရေးတကြီး အရေးတော်ပေါ်၍ သဖြင့် ယောင်ပေါ်တွင် စုရုံးမိသမျှသော တပ်သား အချို့တို့နှင့် အာကပြာကရာထ၍ ခုခံရတော့သည်ဖြစ်ရာ အင်အားချင်း မယှဉ်နိုင် တခဏနှင့်ပင် ဆုတ်ခွာ ထွက်ပြေးရတော့သည်ကဲ့သို့ ရှိသောကြောင့်

ဝန်မင်း ဦးရွှေမောင်မှာ ယော်ဦးတွင် တပ်သားအချို့တို့ကို အကြိတ်အနယ် ခုခံနေစေလျက် မိမိမှကား၊ တူကလေး ခင်ဘုန်းမြင့်ကို လက်ဆွဲကာ ယော်ကြီး၏ နောက်ဖေးမှ သက်စောင့်တပ်သား သုံးလေးယောက်နှင့် ကမန်းကတန်း ပြေးဆင်း လာခဲ့ကြရလေသည်။

မင်းကျော်ခေါင်လည်း ရုတ်တရက် ပေါ်ပေါက်လာသော အရေးကြောင့် တွေးပူလာသဖြင့် စောစောက အမူးများပင် ပြေပျောက် လွင့်စင်သွားကာ သူပုန်ရန်များကို အရေးတကြီး ခုခံတွန်းလှန်နေရလေ၏။ သို့ရာတွင် မိုးလွန်မှထွန်ချ၍ လူရိုက်နောက်မှအကြံရသူကဲ့သို့ မင်းကျော်ခေါင်ကြိုးစားချက်မှာ အချည်းနှီးမျှသာ ဖြစ်လေတော့သည်။ သူပုန်တို့၏ အင်အားကား ရေကာတာ ရိုးကြီး ကျိုးသကဲ့သို့ ဖလာပေါ်ပင် မြို့တွင်းသို့ တွန်းတိုးဝင်ရောက်လာပြီ ဖြစ်ရကား၊ မင်းကျော်ခေါင်၏ ကြိုးစားမှုမှာ အရာမထင်တော့ကြောင်း သူကိုယ်တိုင်ပင် ကောင်းစွာ သိလာသောကြောင့် ရှေ့နန်းရှင်နှင့် လွှတ်တော်ကြီးမှ အပြစ်တင်ခံရတော့မည့်ကိုပါ တဖြင့်နက် တချက် တည်းတွေးမိလာသည့်အပြင် ချစ်ခင်မြတ်နိုးလှသော ခင်ဘုန်းမြင့်အတွက်လည်း လက်လွှတ်မခံနိုင်သောကြောင့် ကမ္ဘာမီးလောင်-သားကောင်ရှာနင်းဆိုသော စိတ်များ ပေါ်လာလေသည်။ ထို့ကြောင့် တပ်သားများကို ဟစ်အော်ကြိမ်းဝါးကာ ရှေ့သို့သာ အတွင်အတိုး ခိုင်းခဲ့ပြီး သူကိုယ်တိုင်မှကား မြင်းတစီးကို ဆွဲစီးလျက် ယော်ကြီးရှိရာဘက်သို့ စိုင်းနှင်လာခဲ့လေသည်။

ယော်နောက်ဖေးဘက်သို့ ရောက်သောအခါ၊ နောက်ဖေးအုတ်လှေခါးမှ တူမကလေးလက်ဆွဲကာ ကပြာကယာ ပြေးဆင်းလာသော ဝန်မင်းဦးရွှေမောင်နှင့် ရင်ဆိုင်တွေ့ရလေ၏။

မောင်။ ။'ဗိုလ်မင်းကလေး....ဗိုလ်မင်းကလေး'

ခေါင်။ ။'ဝန်မင်း....ဝန်မင်း....ဘယ်ကိုလဲ'



မောင်။ ။'ပြေးမှာဘဲ....ယော်ထဲရောက်ကုန်ကြပြီ'

ခေါင်။ ။'ကျွန်တော်လဲ ထပ်ဦးကနေပြီး အကြိတ်အနယ်ခုခံခဲ့တာဘဲ၊ သူတို့က လူအင်အား အင်မတန်များတော့ မတတ်နိုင်ဘူး၊ ဒါကြောင့် ဝန်မင်းကိုအကြံပေးမလို့ ပြေးလာခဲ့တာဘဲ'

မောင်။ ။'ဒို့-မြန်မြန်ပြောစမ်းပါ၊ ဘာလုပ်ရမှာလဲ ဗိုလ်မင်းကလေးရဲ့'

ခေါင်။ ။'အခြေမလှတော့ ဒီမှာနေလို့ မဖြစ်တော့ဘူး ဝန်မင်းရဲ့၊ ဝန်မင်းကိုယ်တိုင် အသက်အေးလွတ်အောင်ဟာ ရှုံးမိသမျှ တပ်သားနဲ့၊ ညောင်ရွှေမြို့အရောက် ဆုတ်ခွါပြေးမှဘဲ၊ ကဲ-ကဲ-ကြာကြာနေလို့မဖြစ်ဘူး၊ ပြေးမှ လာလာ ခင်ကအရေးကြီးတယ်၊မင်းကလေးဆိုတော့ အေးလွတ်ရာကို ရောက်နိုင်မှ'

ဟုဆိုကာ ထိတ်ထိတ်ပြာပြာနှင့် ဖြစ်နေရှာသော ခင်ဘုန်းကို ရုတ်တရက်မြင်းပေါ်သို့ ပွေ့တင်ပြီး သူပုန်တပ်သားများ ပါးရေမှ ထွင်းဖေါက်လျက် မြို့ပြင်ဘက်သို့ အရောက်စိုင်းပြေးလေ၏၊ ဝန်မင်းဦးရွှေမောင်လည်း အရေးကြီးသော တပ်သားများစုရုံးကာ သူပုန်တပ်သားများကို ဆုတ်ခံ ခံရင်း မြို့တွင်းမှ ထွက်လာခဲ့ကြရလေသည်၊ သူပုန်တပ်သားများမှကား၊ တွေ့သမျှ မြင်သမျှသော မြန်မာတပ်သားတို့အား၊ ရက်ရက်စက်စက် ထိုးခုတ် သတ်ဖြတ်လျက် ရှိကြလေ၏။

မင်းကျော်ခေါင်ကား မြင်းကိုအပြေးစိုင်းနှင်၍ လာခဲ့လေသည်၊ ခင်ဘုန်းမှာလည်း အရေးထဲတွင် ဂရုစိုက် ရှာပေသည်ဟု ကျေးဇူးတင်စွာ မင်းကျော်ခေါင်၏ ခါးကိုဖက်လျက် လိုက်ပါလာခဲ့ လေသည်၊ မြင်းမှာ မရပ်မနားအရေးကုန် ကဆုန်စိုင်းလျက် ရှိလေရာ ကြာသော် ခင်ဘုန်းမြင့်မှာ မင်းကျော်ခေါင်ကိုပင် သက်ဘမကောင်းချင်သလိုလို ဖြစ်လာလေ၏။

'ကျော်ကျော်ခင့်ကိုတယ်အထိခေါ်သွားမှာတုန်း၊ ဦးလေးတို့ရှား တို့ရှိလာအောင် စောင့်ပါဦးလား'

ဟု ဆိုလျှင် မင်းကျော်ခေါင်လည်း မြင်းစိုင်းရင်းမှ ပြုံးဖြီးဖြီး မျက်နှာကြီးနှင့်လှည့်ကြည့်ကာ....

'မစောင့်နိုင်ဘူးခင်ရဲ့၊ ခင့်ဦးလေးများဟာ ယောကျ်ားတွေထဲ ကိုးရိုးမရာမရှိဘူး'

ဟုပြောလျှင် ခင်တုန်းမှာ သဘောမကျလှသော မျက်နှာနှင့်....

'ဟို....မဟုတ်တာ စောင့်အုံးမှပေါ့၊ မစောင့်ရင် ကျော်ကျော် ခေါ်တဲ့နောက်ကို မလိုက်နိုင်ဘူး'

ဟုပြောလိုက်သောအခါ၊ မင်းကျော်ခေါင်သည် မြင်းကို ဖြည်းဖြည်းနှင်ရင်း အကြံအောင်သူတဦး၏ မျက်နှာထားမျိုးနှင့် ခင်တုန်းကို မချိမချဉ်မျက်နှာထားကြီးနှင့် ကြည့်ကာ....

'အရေးထဲမှာ ဝန်မင်းလောက်ထဲက ခင့်ကိုအရှက်ခွဲခေါ်လာခဲ့တဲ့ အကြောင်း၊ ခင်မရိပ်မိသေးဘူးထင်တယ်၊ ဟဲ....ဟဲ....ဒီနေရာတော့ ရန်သူတွေ သာတွေနဲ့လဲဝေးပြီ၊ အေးအေးဆေးဆေးဘဲ ပြောရအေးတာပေါ့လေ၊ ဒီအထိ ဆောင်ကြဉ်းလာရတာ တခြားကြောင့်မဟုတ်ပါဘူး၊ ခင်အချိန် ဆွဲလွန်းတာကို မစောင့်နိုင်လို့ မြန်မြန်ပိုင်အောင် ကြံရတာပါဘဲ၊ ခင်က အရေးမကြီးသလို အချိန်ကာလတွေ ဆွဲနေသလောက် စောင့်နေရတဲ့ ကျော်ကျော့်အသဲတွေ ကြွေရတော့မလို ဖြစ်နေပြီ ခင်ရဲ့၊ ဒါကြောင့် အခါအခွင့်သင့်တဲ့ ခုလိုအရေးထဲမှာ လသာရိုက် မိုးငင်တဲ့သဘောနှင့် ကသောကမြောကြံရတော့တာပါဘဲ၊ ခင်ကလဲ မေတ္တာတော်ရှိရင်းမို့ ငြင်းပယ် တော်မမူပါနဲ့တော့နော်'

ဟု ဆိုလျှင် ခင်တုန်းမြင့်မှာ လန့်စွာခေါ်သံထွက်လျက်....

'ဟင်....ကျော်ကျော် တယ်အကြံ ပက်စက်ပါကလား၊ သူများ



သားသမီးကို သဘောမတူသေးဘဲနဲ့ ခုလိုလူဆိုးကျင့် ကျင့်တာကောင်းသလား'

ဟု ဒေါနှင့်မောနှင့် ရန်တွေ့ ပြောဆိုလေရာ မင်းကျော်ခေါင်လည်း ပြုံးဖြဲဖြဲကြီး ကြည့်လျက်....

'စိတ်မဆိုးပါနဲ့ ခင်ရယ်....ကျော်ကျော်မစောင့်နိုင်တော့ဘူး၊ အကြောင်းအတိုင်း ဖွင့်ပြောတာပါ၊ ခင်ကသာမေတ္တာရှေ့ထားပါတော့ကွယ်၊ ငယ်ချစ်ကောင်းကလေးရယ်'

ဟုပြောလေရာ ခင်တုန်းမှာ ဒေါ့ဒေါ့ခုန် ဒေါသဖြစ်လာသောကြောင့် မင်းကျော်ခေါင် နောက်မှ လိုက်ပါလာရင်း ကျောကြီးကို ကုပ်ထိုက်ဖဲ့ကာ....

'ဒီလိုဆိုရင်မလိုက်ဘူး၊ ပြန်မယ်...ပြန်မယ်၊ မြင်းကို ရပ်ပေးပါ၊ ကြည့်စမ်း၊ မရပ်ဘူးလား၊ ရပ်ပါ....ရပ်ပါ၊ ကျော်ကျော်ခေါ်ရာကို မလိုက်ဘူး'

ဟု ဒေါသီး ထုပ္ပပြောဆိုရင်း လက်မှလည်း အစွမ်းရှိသလောက် ထုထိုက်ကုပ်ဖဲ့ရင်းနှင့် ပါလာလေ၏၊ မင်းကျော်ခေါင်လည်း ခင်တုန်းစကားထန်နေသောအခါ၊ ဆုပ်မိ မလွှတ်တမ်း သဘောနှင့် မြင်းကိုသာ ဖယောသောပါး အပြေးစိုင်းနှင်လျက် ရှိလေသည်၊ ခင်တုန်းမှာလည်း မြင်းပြေးနေသလောက် နောက်မှနေ၍ ထွန့်ထိုး ရုန်းကန် ဆူညံဟစ်အော်ကာ ပါလာလေ၏။

× × ×

**အခန်း ၆။** မိမိ၏ ကျောက်ဂူကြီးဆီမှ စိတ်မပါတပါနှင့် ထွက်လာခဲ့သော ရွှေစွန်ညိုသည် တောင်ပူစာ ကုန်းတန်းကလေးတခု၌ မြင်းကိုတဖြည်းဖြည်းစီးကာ အေးအေးဆေးဆေး လာနေလေသည်။ ထိုအခါမှာပင် တောင်အောက်လမ်းကလေးဆီမှ

ဟင်အောင်သံနှင့်အတူ မိန်းမတယောက်ကို မြင်းနှင့် တင်ပြေးသည်ကို မြင်ရသောကြောင့် အားတွင်လှည်းထားသော မှန်ပြောင်းနှင့်ကြည့် လိုက်သောအခါ မြင်းပေါ်တွင် ပါသွားသူမှာမိမိလွန်စွာ ချစ်မြတ်နိုး လှသူကလေး ခင်ဘုန်းဖြစ်နေသည်ကို တွေ့မြင်ရသောကြောင့် ရုတ် တရက် မြင်းဇက်ကို တုတ်လိုက်ပါ သောပြေး, ရှင်ပြေးနှင့် အတင်း ပြေး၍ လိုက်လေသတည်း။

ရှေ့က မြင်းမှာသည်း ဖွတ်အတင်း ကဆုန်စိုင်းလျက် ရှိလေရာ၊ နောက်မှလိုက်သူ ရွှေစွန်ညို၏ မြင်းမှာလည်း တအားစိုင်း၍ လိုက်နေ လေသည်။ သို့နှင့် မင်းကျော်ခေါင်၏မြင်းမှာ တောင်ကြား လမ်း ကလေးများအတိုင်း ကွေ့ ကွေ့ ကောက်ကောက်တွင် ခေါက်ရှောက် ပြေးနေလျက်ရှိ၍ ရွှေစွန်ညို၏မြင်းမှာ လမ်းအတိုင်းမလိုက်ဘဲ တောင် ပို့ ခင်တန်းကလေးများကို ဖြတ်ကျော် စိုင်းနှင့် လိုက်ပါ နေရာ မျှားမကြာမီ မင်းကျော်ခေါင်၏ မြင်းကို မိုလှမ်းမြင် ဖြစ်လာ လေသည်။ ခင်ဘုန်းမှာ ထရိုက်ကုတ်မဲ့ကာ ခေါင်းမှန်၍ လိုက်ပါနေ ရခြင်းအတွက် နောက်မှ မြင်းတစီးလိုက်လာ နေသည်ကို မသိရသော် လည်း အကင်းပါးသော မင်းကျော်ခေါင်ကား မြင်ပြီးသားဖြစ်ပါ၍ သူ့နှိုက်တို့အထဲမှ ရန်သူဖြစ်မည် ထင်သောကြောင့် ရှည် ဟင်အောင် ရင်း ပါလာသော ခင်ဘုန်းအား ထင်းကြုံမှာ ပေ့ ဖက်လျက် မြင်း ဇက်ကို ရှေးကထက်တိုး၍ လွှတ်လေတော့သည်။ သို့သော် လွှားကနဲ လွှားကနဲ တလျှားပြီးတလျှား အင်ကြီးအားကြီးနှင့်မိုက်လာသော ရွှေစွန်ညို၏မြင်းကြီးမှာ မင်းကျော်ခေါင်၏မြင်းအနီးသို့ တလှမ်းပြီး တလှမ်း နီးသည်ထက် နီးလာကာ၊ နောက်ဆုံး၌ ယှဉ်မိပြီးသား ဖြစ် သွားသည်နှင့်တပြိုင်နက် မင်းကျော်ခေါင်၏ လက်မှ ခင်ဘုန်းကို ရွှေ စွန်ညိုက ဆွဲလုယူလိုက်ပါ မင်းကျော်ခေါင်ကိုမူကား၊ မြင်းထက်မှ



ဇက်ပိုးကို တအားဆိုက်နှက် လွှန်းထိုးချခဲ့လျက် ရှေ့သို့ဆက်သက်စိုင်း ပြေးလာခဲ့လေ၏။

ခင်ဘုန်းသည်း မိမိကို ရုတ်တရက် လာရောက် ကယ်ဆယ်သူအား မည်သူဖြစ်ကြောင်း မသိရသေး၊ တွေးပူကာ ကြောက်စော မှုန်နေ တော့လျက် မိမိကိုယ်ကို ထိန်းမကြခရန်သာ ကယ်တွယ်ထားရလေ ၏။ မြင်းပေါ်မှ လိမ့်ကျ ကျန်ရစ်ခဲ့သော မင်းကျော်ခေါင်မှာမူကား နာကျင်နေသော မိမိကိုယ်ကို မသယ်နိုင့်သယ်နိုင် သယ်ပြီးကာ လာ လမ်းကလေးအတိုင်း၊ တဖြည်းဖြည်း ရှောက်ပြန် သွားရလေတော့ သည်။ ရွှေစွန်ညိုကသည် အတော်ပြေးမိလျှင် မြင်းကို အရှိန်လျှော့ပေး လိုက်လေသည်။ ဤတွင်မှ ခင်ဘုန်းသည်း ကုတ်ကပ် ကိုင်တွယ်ထား သော မြင်းကုန်းနှီးကို လက်လွှတ်လိုက်ပြီး ကယ်ဆယ်သူ၏ လက်ပေါ် တွင် မှောက်ယားထိုးကလေး ပါလာရာမှ ကိုယ်ကိုလှည့်၍ မော့်ကြည့် လိုက်သောအခါ၊ မြူးမြူးကြီး ခိုက်ကြည့်နေသော ရွှေစွန်ညို၏ မျက်နှာကို တွေ့မြင်ရလျှင် ခင်ဘုန်းမှာ ပိုမို တုန်လှုပ် သွားမိလေ သည်။

ပါးစပ်ကလေးကိုဟ,ကာ အကြောင်သား ကြည့်နေမိသည်။ ဘိမ်းသက်ကလွှတ်-ဖွန့်ဟု သကဲ့သို့ မင်းကျော်ခေါင်လက်မှ လွှတ်လာ သော်လည်း ဓါးပြကြီး ရွှေစွန်ညို၏ လက်တွင်းသို့ အမှတ်မထင်သက် ဆင်းခဲ့ရပြန်လေသည်။ မင်းကျော်ခေါင်မှာ ပယ်သူပယ်ချင်းဖြစ်၍ တကြောင်းမလောက် တကြောင်းလောက်ဆိုသလို ညာတာပေမည်။ ရွှေစွန်ညိုအား ဆိုးရွားရက်စက်၍ လူ့အသက်ကို ပရွတ်ဆိတ်လောက် မျှ အမှုမထားသော တောပုန်း ဓါးပြကြီး တဦးဖြစ်သောကြောင့် ရှင် ကြီးထက်ဆိုးသော ကျားကြီးပျိုးနှင့်မှ လာ၍တွေ့ရလေခြင်းဟု တုန် လှုပ်ခြင်းပြင်းစွာ ဖြစ်မိရှာလေသည်။

ခင်သုန်း ဤကဲ့သို့ တုန်လှုပ် ချောက်ချား ဖြစ်နေသည်ကို ရွှေစွန်ညိုတွေးမိသည်အလား ပြုံးမြုံးကြီးကြည့်ကာ....

'ခင့်ကို သဘောမပျော့ဘဲ အထင်းအမှု ဆောင်ကြဉ်းသွားတဲ့ ရှု ရမ်းကားရဲ့ နောက်ကို မပါစေချင်လို့ လှုပ်ထားလိုက်ပါတယ်'

ဟု ပြောရာ ခင်သုန်းမှာ တစုံတရာပြန်မပြောနိုင်ဘဲ အကြောင်သား ကြည့်မြဲ ကြည့်နေလေသည်။ ရွှေစွန်ညိုက ဆက်လက်ပါ....

'ဗိုလ်မှူးကလေး မင်းကျော်ခေါင်ရဲ့ ကျေးဇူးကြောင့် မောင့်အချစ်ကလေးနဲ့ လာဆုံရတာ အင်မတန် ဝမ်းသာပါတယ်'

ဟု ပြောသောအခါမှုကား ခင်သုန်းမှာ ဒေါသထွက်လာလျက် အသက်ရှူမှားပင် ဖြစ်လာလေသည်။ ရွှေစွန်ညိုကား ဖိမ်ခြွေမပျက် ဆက်လက်ပါ....

'သဝရေစက် ဆုံခဲ့တဲ့လူချင်းဆိုတာ ဒီလိုပဲလေ၊ မမျှော်လင့်ဘဲနဲ့ ကံအားလျော်စွာလာလာတွေ့ တတ်သကိုး၊ ဒါကြောင့်လဲမောင့်လက်တွင်း ရောက်လာအောင် တမင်တကာ မင်းကျော်ခေါင်က ဆောင်ကြဉ်းလာခဲ့ရတာပေါ့'

ဟု ပြောလိုက်သောအခါ၌ ခင်သုန်းမှာ မချုပ်တည်းနိုင်အောင် ဖြစ်လာတော့လျက်....

'ရှင် ဘာတွေပြောနေတာလဲ၊ ရှင့်လက်ထဲ အပါခံမယ် ထင်လို့လား'

ဟု ဆိုကာ မြင်းပေါ်မှ ခုန်ဆင်းထွက်ပြေးမည်ပြုလျှင် ရွှေစွန်ညိုမှာ ခင်သုန်းအား လျင်မြန်စွာ သိမ်းဘက်ထားလိုက်ပြီး ချစ်မျက်လုံးဖြင့် ပြုံးမြုံးကြီး စိုက်ကြည့်လိုက်ပါ၏။ မြင်းကြီးကို မထိတထိ ခြေနှင့်ခတ်လိုက်သည့်အခါ၌ မြင်းကြီးလည်း တဟုန်တည်း ထိုးချ်ပြေးလေ၏။

မင်းကျော်ခေါင်သည် နာကျင်သော ကိုယ်နှင့် မြေလမ်းကလေး



အတိုင်း တဖြည်းဖြည်းရောက်လာခဲ့ရာ၊ အတန်ကြာလျှင် နောက်မှ မြင်းခွာသံတွေ ကြားရသောကြောင့် လမ်းဘေးရှိ ခြုံကလေးတခုထဲသို့ ကပြာကယာ ပြေးဝင် ပုန်းကွယ်နေလိုက်ရလေသည်။ မြင်းများအနီးသို့ ရောက်လာသောအခါမှုကား မိုးနဲ့မြို့မှ ထွက်ခွာ လိုက်ပြေးလာသော ဦးရွှေမောင်တို့ မြင်းတပ်ဖြစ်နေသည်ကို တွေ့ရသည်နှင့် စိတ်အားတက်ခါ၊ ပုန်းကွယ်ရာမှ ထွက်လာပြီး လိုက်ပြေးဆီးခေါ်သည်တွင် အဝေးဝန်မင်းတို့ မြင်းများလည်း ရပ်ဆိုင်းကာ ဝန်မင်းကိုယ်တိုင် မြင်းပေါ်မှဆင်းလာပြီး....

'အို...ဗိုလ်မှူးကလေးပါကလား၊ ဟိုမှာတော့ သူပုန်တွေ ပျော်ရော့မြူပါ စီးမိသွားပြီ ဗိုလ်မှူးကလေးရဲ့'

ဟု ဆိုလျက် မျက်စိက တောင်တောင် မြောက်မြောက် ကြည့်ရှု ရှာဖွေလိုက်ရာမှ သူ့ခကို မမြင်သောကြောင့်....

'အို....ဗိုလ်မှူးကလေး....ခင်ကော ခင်လေ ခင်ဘယ်မှာ နေရစ်သလဲ'

ဟု မေးသောအခါ မင်းကျော်ခေါင်မှာရုတ်တရက်သော် မီဒီ အမှုပေါ်တော့မည်ကဲ့သို့ မျက်နှာမလုံအောင်ဖြစ်သွားရာမှ ရုတ်တရက် ဖြတ်ထိုးဉာဏ်ကလေး ပေါ်လာကာ ဝမ်းနည်းသောမျက်နှာနှင့်....

'ကျွန်တော်တော့ မပြောချင်ပါဘူး ဝန်မင်း၊ ခင့်ကိုမြင်းနဲ့ ထင်ခေါ်သာလို့ ရန်သူနဲ့ဝေးရာရောက်ခါမှ ချွေးမသားရွှေစွန်ညိုဆိုတဲ့ အကောင်၊ တောထဲက ခြုံကြားထွက်လာပြီး ခင့်ကိုလုသွားတာပါပဲ၊ ကျွန်တော်လဲတတ်နိုင်သော့ အသမ လုပ်ဘတ်သားနဲ့ ခြေလျှင်တဖြည်းဖြည်းကြီးစားပြီး လိုက်ရှာနေတုန်းဘဲဝန်မင်းရဲ့'

ဟု ဆိုသောအခါ၊ ဝန်မင်းမှာ အထိတ်တလန့်နှင့်....

'အို....ဒါဖြင့် မဖြစ်ဘူး မဖြစ်ဘူး၊ ကြာကြာနေရင်ခက်လိမ့်မယ်၊

ကျပ်တို့မှါလာတဲ့တပ်နဲ့ ဘဲ တောနင်းပြီး လိုက်ရှာကြမှာဘဲ ဖြစ်လိမ့်မယ်

ဟု ပြောကာ ကျော်ဇေါင်ကို တပ်သားအယောက်စီးသော မြင်းတစီးကိုပေးပြီး အရေးတကြီး လိုက်ကြလေတော့၏။

ရွှေစွန်ညိုသည် ခင်ဘုန်းတည်းဟူသော ကြက်ငယ်မကလေးကို သုတ်ချီဆောင်ယူခဲ့ရာ၊ မကြာမှီမိမိနေထိုင်ရာ ကျောက်ဂူစခန်းကြီးသို့ ရောက်လာခဲ့လေသည်။ ထိုရာတွင် တပည့်ငယ်သားများ နေထိုင်ရာကျောက်ဂူအရှေ့ဘက်မှမဝင်ဘဲ ကျောက်ဂူနောက်ပိုင်း လျှို့ဝှက်သော တံခါးကြီးမှ ဝင်လာလေသည်။

ရွှေစွန်ညိုနေထိုင်ရာ ကျောက်ဂူကြီးကား အထိကရ ကြီးမားသော ကျောက်တောင်ကြီးတခုအတွင်းရှိ အလွန်ကျယ်ဝန်းပြန့်ပြူးသော ဂူကြီးဖြစ်လေသည်။ ပကတိကျယ်ဝန်းပြန့်ပြူးသောဂူကြီးကို ရွှေစွန်ညိုကိုယ်တိုင် တပည့်ငယ်သားအမြောက်အမြားနှင့် စိတ်တိုင်းကျပြုပြင်ကာ လုံခြုံကျယ်ဝန်းစေရန် ထပ်မံချဲ့တွင်ထားခြင်း ဖြစ်လေရာ၊ အသွယ်သွယ်သော ကျောက်ဂူအတွင်းရှိ အခန်းကြီးများတွင် ဆင်,မြင်း,ကျွဲ,နွား,အုပ်ကြီးများကိုပင် သူ့နေရာနှင့်သူ၊ အကန့်အကန့်သွင်းလှောင်ထားနိုင်ရုံမကလက်နက် ဓါး,လှံ,ဒိုင်း,မီးကျောက်တို့မှအစ တပ်သုံးတပ်သား၊ သားမယား ထိုးအိပ်ဆောင်စုံများပါ အသီးသီးနေထိုင်နိုင်အောင် စီမံဖန်တီးထားလေ၏၊ ရှေ့မျက်နှာစာရှိ ကျောက်ဂူတံခါးကြီးကို ဖွင့်ထားလျှင် ကျယ်ဝန်းသောအဝင်ပေါက်ဝကြီးကို တွေ့မြင်နိုင်သော်လည်း အရေး အကြောင်းရှိ၍၊ ဖက်လှပ်ကျောက်ဆောင်းတို့ကို နှိပ်လိုက်လျှင် ကြီးမားသော ကျောက်မျှတံခါးကြီးမှာ ဂူဝသို့တရွေ့ရွေ့ကျလာပိတ်ဆို့ပြီး ဖြစ်သွားနိုင်လေသည်။

ရွှေစွန်ညိုသည် ကျောက်ဂူကြီး၏နောက်ဘက်ရှိ၊ မလွယ်တံခါး



မှ ကျောက်ခလုပ်ငယ်တခုကို ဖိနှိပ်ဖွင့်လှစ်ခေါ၊ အတွင်းဘက်သို့ မြင်းနှင့်တကွ ဝင်လာခဲ့လေသည်။ ခင်ဘုန်းမြင့်ကား၊ အားရှုံးမျှမျှဖြင့်ပါ လာရသော်လည်း အလစ်တွက်ပြေးလိုသောအခါ လမ်းခေမ်းများကို သိရှိနိုင်စေခြင်းငှာမျက်စိကို အသကာမအားဘဲ ကျိုးကန်းတောင်းမှောက်ပမာ တွေ့သမျှ မြင်သမျှ ကြည့်ရှု မှတ်သားလာခဲ့လေသည်။

ဂူတွင်းသို့ရောက်သောအခါ မြင်းပေါ်မှ ဆင်းပြီး ဝင်ခဲ့သော ကျောက်တံခါးကြီးကို ပြန်ပိတ်လိုက်သည်ကိုလည်း မှတ်သားလိုက်လေသည်။ တဖန်ရွှေစွန်ညိုသည် ရှေ့ထိန်းအကူးတွင်ရှိသော ထပ်တံ့တံခါးကြီးကို ခလုပ်နှိပ်၍ ဖွင့်ဝင်ခဲ့ပြီး ပြန်ပိတ်လိုက်သည်ကိုလည်း အမှတ်မဲ့ကြည့်ခဲ့သည်။ ထိုရာတွင် ခလုပ်များမှာ မိုးမျိုးအချက်နှိပ်မယုတ်ဘဲ သူ့အမှတ်အသားနှင့်သူ အချက်ရေ အခန့်အမြန် အရေအတွက်နှင့် ဖြစ်နေသည်ကို တွေ့ရသောအခါ၊ ခင်ဘုန်းမှာ မှတ်သားရန် များစွာခဲယဉ်းသွားပြန်လေတော့၏။

ထိုနောက် ဂူကြီး၏နောက်ပိုင်းရှိ ကြီးမား ကျယ်ဝန်းသော အခန်းကြီးများကို တခန်းပြီးတခန်း၊ ကူးသန်းဖြတ်ကျော်လာခဲ့ပြန်ရာ၊ အချို့သောအခန်းများမှာ လက်နက်ခဲယမ်းမီးကျောက်, စားနပ်ရိက္ခာများထား၍၊ အချို့သောအခန်းများမှာ ဓါးပြ ငယ်သားတို့၏ အဝတ်အစား အသုံးအဆောင်များဖြစ်ပြီးလျှင်၊ အရှေ့ပိုင်းရှိ အချို့သောအခန်းကျယ်ကြီးတွင်မူကား ဓါးပြငယ်သားများ တစုအရုံးကြီး နေထိုင်ကြသည်ကို လှမ်း၍မြင်ရလျှက်၊ တဖြည်းဖြည်း အတွင်းဘက်ကျသောအခန်းကြီးများသို့ ရောက်လာသောအခါ၊ အနံ့နံ့ အလှလှ လှပကဲတိုက်ခိုက်ယှဉ်ထားသော ဘုရင့်ဘုံတော်များအသုံးထားသည့် ကျွန်းသား သေတ္တာကြီးများကို တိုက်ခိုက်ရရှိသည့် ခုနစ်သတ္တရာဇ်နှင့်တကွ၊ အခိုအဝဲအတိုင်း ချိုမှတ်ထားသည်ကို တွေ့ရသော်၊ခင်ဘုန်းသည်း ဤမျှကြီးကျယ်ခမ်းနား

ရှာ ဒုဒယ်ကြီးနှင့် အငိုင်အခန့် ဆိုးသွမ်းတိုက်ခိုက်နေသော ခါးပြကြီး ပေတကား။ ယခင်လှည်းစခန်းတွင်မိမိကို တိုက်ခိုက်သူများမှာလည်း သူ၏တပည့်များသာဖြစ်၍သာ၊ သူကိုသိတိုင် ချိမ်းခြောက်မောင်းမဲ လွှတ်နိုင်ခြင်း ဖြစ်ပေသည်ဟု တွေးမိကာ ရှေးကထက် စက်ဆုပ် ရွံ့ရှာမိလေသတည်း။

ထိုနောက် ဂူတွင်းရှိ အခန်းတွင်းမှာပင် အပေါ်သို့ တက်ရန် တောင်နံရံ၏ ကျောက်သားများကို အသင့်သစ်တွင်းထုကာကြောင် လိမ်လှေခါးပမာ ပြုပြင်ထားသော ကျောက်လှေခါးမှ နေ၍ အထက်သို့ တက်သွားရပြန်သည်၊ ခင်ဘုန်းကား ဤအခြေအမှ ရှိန်းဂန်း တွန်းလှုခံနေရ၍လည်း အကြောင်းထူးတော့မည်မဟုတ်သဖြင့်၊ ရွှေစုန်ညိုထွဲခေါ်ရာသို့သာ အောင့်သက်သက်နှင့် လိုက်ပါနေရလေ၏၊ သို့နှင့် အပေါ်သို့ရောက်သောအခါ၊ နှစ်သင်တိုက်ကြီး ပမာ၊ ကျယ်ဝန်းသော ကျောက်သားအခန်းကြီး တခုသို့ ရောက်လာပြန်လေ၏၊ ထိုအခန်းကြီးမှာ ထူထဲသော သစ်တိုင်သုံး တံခါးကြီးများ တပ်လျက်ရှိသည့် ရွှေစုန်ညို၏ အထူးအခန်းကြီး ဖြစ်ကြောင်း၊ သိရလေသည်၊ ရွှေစုန်ညိုသည် ထိုအခန်းတွင်းမှာပင် ခင်ဘုန်းအား နေထိုင်စေရန် နေရာချထားခဲ့လေ၏။

ခင်ဘုန်းလည်း၊ ထိုအခန်းထဲသို့ ရောက်သည့်တိုင်အောင်၊ ထွက်ပေါက်ကို မျက်စိနှစ်လုံးမှာ ဖေါင်းတောက်အောင် ရှာလျက်ရှိ၏၊ သို့ရာတွင် မျှော်လင့်အားထားသွယ်ရာ တခုမှမမြင်၊ ကျောက်ခန်းကြီးနံရံတွင် လေဝင်ပြူတင်းပေါက်ကလေးသာဘွယ်၊ အလိုလို ဖြစ်ပေါ်နေသော ကျောက်ခေါင်းပေါက်တခုကိုတွေ့၍၊ အားရဝမ်းသာ ပြေးကြည့်လိုက်မိစကားမူ၊ ထိုအပေါက်မှာ နံရံကဲ့သို့ မတ်စောက်သော တောင်ပေမ်းအထက်ပိုင်းတွင် ရှိနေ၍ အောက်သို့ငုံ့ကြည့်လိုက်သောအခါ၊ သစ်ပင်ချုံနွယ်များဖုံးလွှမ်း ပေါက်ရောက်



နေသော အသူတရာနက်သည့် ချောက်အဆွေးကြီး ခံနေသည်ကို တွေ့ရလေသည်၊ ချောက်တွင်းရှိ ကြီးမားလှသော လက်ပံပင်နှင့် ကျွန်းပင်ကြီးများပင် ချောက်ကြားထဲတွင် သေးငယ်ပြီးရှာ မြင်ရလျက်၊ စိမ်းလဲ့သော မြက်ခင်းပြင်တွင် ငွေချည်မျှင်ကလေး ချထားဘိအလား ကောက်ကောက် ကွေ့ကွေ့ စီးဆင်းနေသည့် ချောင်းငယ်ကလေးကိုလည်း နေရောင်ခြည်တွင် ဖြူဖြူ ဖွေးဖွေးနှင့် လက်လက်တလေးမြင်ရတော့သဖြင့်၊ မိမိအတွက် လွတ်မြောက်ခွင့်ကို မြော်လင့်ချက် မမြင်သောကြောင့်၊ အသက်ရှူပင် မှားသွားလေ၏။

သို့ရာတွင် လက်မလျှော့သေးဘဲ၊ သံချိုင့်တွင် ဖမ်းလှောင်ထားသော ငှက်ငိုင်းမကလေးပမာ၊ ထွက်ပေါက်ကိုသာ မနားမနေ လိုက်လံစမ်းသပ်ရှာဖွေနေမိရာ၊ မိမိနောက်ဆီမှ ဟက်ဟက်ပက်ပက် ရယ်လိုက်သောအသံကြီးကိုကြားရသဖြင့်၊ ရုတ်တရက်လှည့်ကြည့်လိုက်မိသောအခါ၊ မိမိကို ခါးကြီးသောက်ခေါ် ရယ်မောနေသောရွှေစုန်ညိုအား တွေ့မြင်ရသောကြောင့် မခံချိမခံသာကြီး ဖြစ်ခါ၊ ချာကနဲ မျက်နှာလွှဲပစ်လိုက်လေ၏။

'ဟား....ဟား....ခင်ဘယ်လို ထွက်ပေါက်ရှာနေပေမဲ့ အလကားဘဲ'

ဟုဆိုကာ ရှေ့သို့ တိုးလာပြန်သည်၊ ခင်ဘုန်းလည်း ထိတ်သန့်တကြားနှင့် နံရံဆီသို့သွား၍ ကပ်နေလိုက်လေ၏။

သို့။ ။'ယောကျ်ားများဟာ၊ ကိုယ်ချစ်တဲ့ မိန်းမတယောက်ကိုတော့ ကြိုးစား ရမယ်ဆိုရင်၊ အသက် စည်းစိမ်နဲ့၊ ဉစ္စာစည်းစိမ်များတောင်မှ အနှစ်မြော်မရှိဘဲ၊ စွန့်လွှတ်ပြီး ကြိုးစား တတ်တယ် ခင်ရဲ့'

ခင်ဘုန်းမှာတစုံတရာမပြောဘဲ၊ မျက်မှောင်ကုတ်ခါမျက်စောင်း

ကြီးထိုး၍ ကြည့်လိုက်လေသည်၊ ထိုရာတွင် ရွှေစွန်ညိုကား အပြုံး မပျက် ဆက်လက်၍…

'ဒါမျိုးက ချစ်သူအတွက်နဲ့ ပတ်သက်လာရင်၊ တလောကလုံးနဲ့ အတိုက်အခံပြုရမယ်ဆိုလဲ ပြုရဲကြပါတဲ့ခင်ရဲ့၊ မောင့်မှာလဲဒီအတိုင်း ဘဲဖြစ်နေတဲ့အတွက်'

ခင်တုန်း (စကားမဆုံးခင် လက်သုံး ခေါက်ခေါက်ထိုး၍ ခြွား ဖြတ်ကာ) 'တော်တော့နော် မကြားချင်ဘူး၊ ရှင်ဟာ အင်မတန် မိုက်ရိုင်းကြမ်းတမ်း ဆိုးသွမ်းညစ်စုတ်တဲ့ ဓါးပြကြီးပဲပြီ၊ မိန်းခလေး တဦးတယောက်ကို မညှာမတာနဲ့ ပမာမခန့်ပြောနေတာဟာ၊ လူ လိမ္မာရဲ့အကျင့်မဟုတ်ဘူး'

ညို။ ။'ဟား…ဟား…ဟား…ဟား… အမယ်လေး ရန်တွေ့ ကောင်းလှပါကလားခင်ရယ်၊ ချစ်တယ် ကြိုက်တယ်ဆိုတဲ့ အစိုးရ အခ ကိစ္စလေးသာ တကျောရောက်နဲ့ ဆက်သွယ်နေလို့၊ ခင်စစ်တော့ နိုင်းပေါ့ပါဘဲ၊ သို့သော်လဲ ချစ်မေတ္တာက တိုက်တွန်း နေလို့အတွက်၊ နိုင်းပင်ရိုင်းပေမဲ့ ကွယ်ဝှယ်စောင့်ဆိုင်း မနေနိုင်လို့'

ဟုပြောခိုင်း တလှမ်းချင်း ရှေ့တိုးလာပြန်လေ၏၊ ခင်တုန်းအနီး သို့ရောက်လျှင်၊ ရွှေစွန်းညိုသည် ပြုံးပြုံးကြီးလုပ်ကြည့်လိုက်ပြန်ကာ ဆက်လက်၍…

ညို။ ။'မှန်မှန်ပြောစမ်းပါ၊ ခင်လဲ မောင့်ကိုနဲ့နဲ့တော့ ချစ်မှာ ပဲ၊ ဒါပေမဲ့ တမင်မှန်းချင်ယောင်ဆောင် နေတယ် မဟုတ်လား၊ ဒီလို ဟန်ဆောင်ရကြီးဟာ တနေ့ကျတော့ အိခြွေမဆောင်နိုင် တော့၊ မောင့်ကိုချစ်ပါတယ်၊ စုံမက်ပါတယ်လို့ ဖွင့်ပြောရလိမ့် မယ် သတိထားနော်'

ဟုပမာမခန့်ကြီး ပြောပြန်လျှင်၊ ခင်တုန်းမှာ ဆောက်တည်ရာ မရအောင်၊ ဒေါသထွက်လှ၍ ထွီကနဲတံတွေးထွေးလိုက်ပါ…



'ရှင့်ကိုသား ဒီလိုမပြောမှာ၊ မပြောဘူး - မပြောဘူး၊ ထောက်နဲ့ ကိုယ်နဲ့ ပြိုသမျှ ကာသပတ်လုံး၊ အမုန်းကြီးမုန်းမှာဘဲ၊ ဟင်း ဟင်း သူ့ကိုယ်သူ အထင်ကြီးနေလိုက်တာ'

ဟုပြောလေသည်၊ ရွှေစွန်ညိုမှာ ပြုံးကာ ရယ်ဘာ မရှိမခန့်နှင့် ပင်…

'အင်းလေ မုန်းချင်သလောက် မုန်းနေလိုက်စမ်းပါဘုံး၊ နို့ပြီး တော့လဲ ငါဟာ ငါမုန်းနေတဲ့ရွှေစွန်ညိုရဲ့ လက်ထဲရောက်နေပါက လားဆိုတော့လဲ မုန်းရာက ဆက်ပြီးစဉ်းစားစမ်းပါခင်ရဲ့'

တုန်း။ ။'စဉ်းစားရော မလိုပါဘူး၊ နားလည် ပြီးသားဘဲ၊ အချုပ်အချယ်ခံနေရတဲ့ သူ့ရဲ့ဘက်ကနေ တွေးရင်လဲ၊ ငါ့ကို ဒီဂူထဲ မှာ အယ်နည်းနဲ့မှတဘက်လုံးလှောင်ထားနိုင်မှာမဟုတ်ဘူး၊ တနေ့ လွတ်မြောက်ရမှာဘဲလို့ တွေးမိမှာပေါ့၊ ချုပ်ချယ်ထားတဲ့ လူက တော့ ငါ့ကိုနှစ်စဉ်နှင့်အမျှ စစ်တပ်တွေနဲ့ လိုက်ရှာနေတယ် ဆိုပါ တော့ စဉ်းစားမိရဲ့လား'

ညို။ ။'ဟဲ…ဟဲ…သူကဘဲပြန်ခမ်းခွန်းထုတ်နေပြန်ပါကလား၊ ဟုတ်ကဲ့ခင်ဗျာ၊ မမလေး မိန့်တော်မူတဲ့အတိုင်း ကျွန်တော်မျိုးကြီး စဉ်းစား မိပါတယ်၊ ဒါပေမဲ့ ဒီစစ်တပ်လောက်ကို အရေးမလုပ် လောက်ဘူးထင်လို့ အေးအေးပင် နေလိုက်ရခြင်းပါဘဲ'

ဟု ပြောင်လှောင်သရော်သလို ပြောလျှင်၊ ခင်တုန်းမှာစိတ်ထိုး စွာ ကဲ့ရဲ့ရှုံ့ချသောမျက်နှာနှင့် ဆက်လက်၍…

'ဘာမဟုတ်တဲ့ ရုမ်းဓါးပြ တယောက်က ဗမာအရာရှိတဦးရဲ့ သမီးကို ခုလို အတင်းခိုးရာက် သားတဲ့အတွက်၊ ဗမာစစ်တပ်တော်ကြီး က အေးအေးဆေးဆေး ဥပက္ခာပြုထားမှာ မဟုတ်ဘူး၊ ရှင်ဟာ တောပုန်း ရာဇဝတ်ကောင်ကြီးဖြစ်နေရာက ထပ်ဆင့်တက်ပြီး၊ ခုလို အရေးကြီးတဲ့ ရာဇဝတ်ဖြစ်မှုကြီးတခုကို နောက်ထပ်ကျူးလွန်ထား

တဲ့အတွက် ရက်မကြာခင် အတွင်းကလေးမှာ ထောင်ထဲ ရောက်ရတော့မယ်လို့ ပုံသေ တထစ်ချ မှတ်ထားလိုက်ပါ'

ဟု မင်းသံ ရာဇသံနှင့် မာနဘိကလေးပေါ်ပါ ပြောလိုက်သောကြောင့်၊ ရွှေစွန်ညိုမှာ ကျယ်လောင်စွာ လှောင်ရယ်ကြီး ရယ်ပြစ်လိုက်လေသည်၊ ဤသို့ရယ်လိုက်ခြင်းမှာ ခင်ဘုန်းတွင် မခံမရပ်နိုင်အောင် ပိုမိုဒေါသထွက်လာပြီး ရွှေစွန်ညိုအား မှုန့်မှုန့် ညက်ညက် ချေပစ်နိုင်က ထိုကေတွင် နင်းချေပစ်လိုက်ချင်လေသည်၊ သို့ရာတွင် မိမိနှင့် အားအင်ချင်းမမျှသော ကာယဗလကြီးလှသူဖြစ်၍သာ အံကြိတ်ခါ မျိုးသိပ်ကြီး ကြည့်လိုက်ရင်းပင်၊ ခေါင်းပြုံးပြုံးကာ အနီးသို့တိုးကပ်လာသော၊ ရွှေစွန်ညို၏ ရင်ဘတ်ကြီးကို တွန်းထိုး ထုနှက်လျက်၊ အခန်းပြင်ဘက်သို့ ရောက်အောင် တွန်းပို့လိုက်လျှင်၊ ရွှေစွန်ညိုလည်းရယ်ကာမောကာနှင့်ပင် နောက်ပြန်ထွက်သွားခဲ့လေသည်။ ခင်ဘုန်းလည်း ရွှေစွန်ညို အပြင် ရောက်သွားသည်နှင့် တံခါးနက် သံတံခါးရွက်ကြီးကိုဆွဲ ဆောင့်ပိတ်လိုက်လေသည်၊ သို့နှင့်အပြင်ဘက်မှ သံမင်းတုံးကြီးကို ချောက်ခနဲ ထိုးလိုက်သောအသံ ကြားရသောကြောင့်၊ ခင်ဘုန်းမှာ မိမိအတွက် တခုတည်းသော ထွက်ပေါက်တံခါးကြီး လုံးလုံး ပိတ်သွားလေပြီဟု မျက်လုံးများ ပြူးသွားမိလေ၏။

* * *

မိုးနဲ့မြို့တွင်ကား စော်ဘွားကြီးခွန်ကျည်ပယ်သည် မိုးနဲ့မြို့ပေါ်နန်းကို ပြန်လည်ရရှိသဖြင့် အရပ်ရပ်စီမံ အုပ်ချုပ်လျက် မြို့ရိုးမြို့တာမှစ၍ အစစအရာရာ ခိုင်ခံ့လုံခြုံအောင်စီမံပြုပြင်နေလေ၏၊ အဝေးဝန်မင်းနှင့်တကွ တပ်တော်သားများမှာလည်း မိုးနဲ့မြို့မှ အရေးနိမ့်ကာ ဆုတ်ခွာလာခဲ့ရပြီးနောက် ခင်ဘုန်းမြင့် ပျောက်ဆုံး နေပြန်သည့်အတွက် မင်းကျော်ခေါင်နှင့်အတူမြင်းတပ်နှင့် တောနင်းကာ တောတောင်အနှံ့ လိုက်လံရှာဖွေနေရသည်မှာ ရက်ပေါင်း အတန်



ကြာ၍လာလေ၏၊ သို့ရာတွင် ခင်ဘုန်းမြင့်၏ အစအနကိုသော်၎င်း၊ ရွှေစွန်ညိုနေထိုင်ရာ စခန်း၏အရိပ်အယောင်ကိုသော်၎င်း၊ အနည်းငယ်မျှ သဲလွန်စမရနိုင် ရှိနေလေရာ ဝန်မင်းဦးရွှေမောင်မှာ ဆုံးမလျှော့ဘဲ ဆက်လက်ရှာဖွေမြဲ ရှာဖွေလျက်ရှိလေသည်၊ မင်းကျော်ခေါင်ကား တပ်သားများကို အမှူးအကြီးပြုကာ ဦးရွှေမောင်နှင့်အတူ ခင်ဘုန်းမြင့်ကို လိုက်လံရှာဖွေရသော်လည်း စိတ်ထဲတွင် ခင်ဘုန်းနှင့် သူ၏ဦးလေးပြန်တွေ့က မိမိအပေါ် ဆောင်ကြဉ်းသွားမိသည့် အမြင်ကြီးကို ပေါ်ပြော တိုင်တန်းမည်လည်း စိုးရိမ်မိ၏၊ ထိုသို့စိုးရိမ်ခြင်းဖြင့် ခင်ဘုန်းအားမရှာဘဲလည်း မနေနိုင်ပေ၊ ဒါပြင်ကြီး ရွှေစွန်ညိုလက်တွင် မိမိချစ်လှသော ခင်ဘုန်းကိုအဆုံးမခံနိုင်၊ သို့ကြောင့် ကြိုးကြိုးစားစားပင် ရှာဖွေနေရှာတော့သည်။

သို့နှင့် တောတန်းတခုကို ဖြတ်ခဲ့ပြီးနောက်၊ တောင်ကုန်းမြင့်ကလေးတခုပေါ်သို့ တပ်တော်ကြီး ရောက်လာသောအခါ အရှေ့ဘက် တတိုင်ကျော်ကျော်လောက်တွင် အုပ်ဆိုင်းညို့မှိုင်းသော တောအုပ်တောင်တန်းကြီးများအလယ်၌ ထည်ဝါမြင့်ကြွား၍ ခွင့်ခွင့်မားမား ဖြစ်သော အထိကရ ကျောက်တောင်ကြီးတခုကို တွေ့မြင်ရလျက် ထိုကျောက်တောင်၏ အောက်ခြေတောအုပ်ကလေးမှ ကောင်းကင်သို့ တလူလူလွင့်တက်နေသော မီးခိုးများကို တွေ့မြင်ရလေ၏။

လမ်းပြထံသား တယောက်ကား အားရဝမ်းသာနှင့် ရှေ့သို့ တက်လာကာ ဦးရွှေမောင်နှင့် မင်းကျော်ခေါင်တို့အား ရှေ့မှမြင်ရသော နေရာသည် ရွှေစွန်ညို၏ စခန်းနှင့်တူကြောင်း တပ်သားများကို သုံးမျက်နှာမှ ဝိုင်း၍ဖမ်းရသော် မုချမလွတ်တမ်း မိမည်ဖြစ်ကြောင်း ပြောသဖြင့် ဦးရွှေမောင်နှင့် မင်းကျော်ခေါင်တို့လည်း စိတ်ဇောထက်သန်စွာ မီးခိုးတအူအူ မြင့်ရာအရပ်ဆီသို့ ခပ်သုတ်သုတ် ဦးတည်၍ ချီတက်သွားကြလေ၏။

ရွှေစွန်ညို၏ စခန်းဖြစ်သော ကျောက်ဂူကြီး၏ အရှေ့ဘက်မျက်နှာစာ၌ သာယာ ဖြန့်ပြူးသော တောအုပ်ကြီးနှင့် တသွင်သွင် တစီးစီး စီးဆင်းနေသောစမ်းချောင်းငယ်ကလေးအနီးအပါးတွင် များစွာသော ဓါးပြငယ်သား တစုတို့မှာအမှုမဲ့ အမှတ်မဲ့ ပျော်ရွှင်စွာနေထိုင်လျက်ရှိကြ လေ၏။

ကျောက်ဂူတံခါးကြီးမှာလည်း ဟာလာ ဟင်းလင်းပွင့်လျက် ရှိနေရုံမက အကြီးအမှူးဖြစ်သူ ဓါးပြဗိုလ်ကြီး ရွှေစွန်ညို ကိုယ်တိုင်လည်း ကျောက်ဂူဝ၌ တပည့်ငယ်သားများနှင့် စိတ်အေး လက်အေး ဆွေးနွေးတိုင်ပင် နေထိုင်စဉ် ဖြစ်လေ၏။

တိုက်ခိုက်ရရှိသားသော ဆင်၊ မြင်း၊ ကျွဲနွား များကိုလည်း ဂူကြီးအပြင်သို့ ခြေညောင်းလက်ဆန့် ထုတ်ထားခဲ့ကာ၊ အချို့လူများမှာလည်း မီးခိုးတလူလူနှင့် ပျော်ရွှင်စွာ ချက်ပြုတ် စားသောက်နေခိုက်ဖြစ်ပြီး အချို့မိန်းမ၊ ယောကျ်ား များမှာလည်း စမ်းချောင်းကလေးတွင် ရေချိုးမြုပ်လျော်နေကြလေ၏။

ကျောက်ဂူအထက်ထပ်ရှိ အခန်းကြီးတွင် ပိတ်လှောင် ခံထားရသော ခင်တုန်းမြင့်မှာလည်း ယနေ့ထက်ထိပင် စိတ်မပျော့ဘဲ ကျောက်နံရံများကို တွန်းထိုးစမ်းသပ်ခါ၊ ထွက်ပေါက်ကို ရှာဖွေဆဲ ဖြစ်လေသည်။ ဦးရွှေမောင်နှင့် မင်းကျော်ခေါင်တို့ တပ်မှာလည်း အရေးတကြီးနှင့် ဒလကြမ်း ဝိုင်းနှင်လာကြသောကြောင့် ကျောက်ဂူစခန်းကြီးနှင့် နီးသည်ထက် နီးလာလေပြီ။

× × ×

**အခန်း ၇။** နောက်ဆုံးတွင် မင်းကျော်ခေါင် တို့သည် ကျောက်ဂူကြီးနှင့် အနီးဆုံးနေရာသို့ ရောက်နေကြသဖြင့် တပ်သားများကို ခြေသံမကြားရအောင် လူစုခွဲကာ မီးခိုး



ထွက်ရာအရပ်ကို မှန်းခြေကိုက် ဝိုင်းမိစေရန် တဖြည်းဖြည်း ရှေ့သို့တိုးလာကြလေ၏။

မင်းကျော်ခေါင် ဦးရွှေမောင်နှင့်တကွ၊ တပ်သားတစုတို့မှာ ဤတခါတွင် ရွှေစွန်ညိုတို့လူစုအား မြုံးထောင်မိသော ငါးတသိုက်ကဲ့သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ဖမ်းဆီးရမိလေတော့မည် ထကာသဟု စိတ်အားထက်သန်စွာ ဝါးခနဲပိတ်ခါ ဝိုင်းလိုက်ကြလေသတည်း။

သို့ရာတွင် ဝိုင်းမိသော အခါ၌ မိမိတို့တပ်နှင့် ဝိုင်းထားသော လူများမှာ ရွှေစွန်ညို၏ လူစုများမဟုတ်ဘဲ ဝဲလူမျိုးမိန်းမယောကျ်ား၊ အငိုင်အငိုင်များ ဖြစ်နေကြသည်ကို တွေ့ရသဖြင့် အံ့အားကြီးသင့်လျက် မျှော်လင့်အားထားမှုကြီးလည်း ပျက်စီးသွားလေတော့သည်။ အဆိုပါ ဝဲလူရိုင်းတို့ကား ချေသေတကောင်ကို မီးဖုတ်ထားသည့် မီးခိုးတလူလူထွက်နေသော မီးပုံကြီးတခုကို အလယ်မှာထားကာ ခေါင်းရည်အမူးသားနှင့်ချာချာဝိုင်း၍ ထိုင်းကွက်ကျ ကခုန်နေကြပြီး ကျောက်တောင် နံရံတွင် မပြီမသ ထွင်းထုထားသော ချင်း နတ်ရုပ်ကြီးများပမာ အရုပ်ဆိုးစွာသော နတ်ရုပ်ကြီးများကို အငိုင်းတို့သာဝ ကရင်း ခုန်ရင်း ကြက် ငှက် သားငါး ခေါင်းရည်များနှင့် တင်မြှောက်ပသလျက် ကြက်ကြက်ဆူ ပျော်ရွှင် နေကြသေသည်၊ ယင်းကဲ့သို့ ပျော်ရွှင်နေကြသော ဝဲလူရိုင်းများသည်၊ မိမိတို့ကိုဝိုင်းထားသည့် တပ်သားများအား မျက်စိပြူးပြဲကြည့်ကာ ၎င်းတို့ဘာသာစကားဖြင့် ဆူညံစွာပြောဆိုကြလျက် မိမိတို့ပျော်ပွဲကို ဖျက်ဆီးသူများဟု အယူထားပြီး လက်နက်ဓါးလှံများကိုင်ကာ တပ်သားများရှိရာသို့ ခုန်ရှန့်လာကြလေသည်။

ဦးရွှေမောင်နှင့် မင်းကျော်ခေါင်တို့လည်း....

'ဟေ့...ဟေ့...သူတို့ဘာသာဘာဝနေထိုင်ကြတာကို ရန်မရှာကြပါနဲ့ကွ။ လာလာသွားကြပါစို့'

ဟုဆိုကာ ဝ လူရိုင်းတို့အား ၎င်းတို့ကို ရန်မူရန် လာခြင်းမဟုတ်ကြောင်း အထိမ်းအမှတ်ပြခဲ့လျက် ရှေ့သို့ ခရီး ဆက် ခဲ့ကြရတော့သတည်း။

ကျောက်တောင်ကြီးထိပ်ရှိ တပင်တည်း မြင့်မတ်စွာ ပေါက်ရောက်နေသော ကညင်ပင်ကြီး၏ တခုသော အကိုင်းကြားမှ မျှော်စင်အစောင့် ဝင့်ရှားကျနေသော ခါးပြတယောက်သည် အန္တရာယ်မရှိတော့ပြီ ရန်သူများဝေးရာသို့ ရောက်သွားကြပြီဟုသော အထိမ်းအမှတ်ဖြင့် ခိုင်ချိုကတော့ကြီးတခုကို ပါးစပ်တွင်ကပ်ခါ မှုတ်လိုက်လေ၏။

ထိုအခါ၌ ယခင်က နတ်ပသ နေယန်း ဆောင်နေကြသော ဝ လူရိုင်းတစုတို့မှာ ရုပ်ပြောင်းကိုယ်ခွါ ပဉ္စလက်ပညာ တတ်ကြသည့်အလား၊ ရွှေစွန်ညို၏ ခါးပြယ်သားများအဖြစ် ပြောင်းလဲသွားပြီးလျှင် စောစောက ချင်းနတ်ရုပ်ကြီးများ ထုလုပ်ထားကြသော ကျောက်ဂူဝခေါင်းကြီးမှာ ယာယီ လွှမ်းခြုံထားသော ချုံနွယ်သစ်ကိုင်းတို့ကို တွန်းထိုးရှင်းလင်းလျက် ကျောက်တုံးကြီးများ တလိမ့်လိမ့် လည်ပြီး နဘေးတဘက်တချက်သို့ ရွှေ့လျားသွားသည်ဖြစ်ရာ ကျယ်ဝန်းသော ဂူပေါက်ကြီး ပေါ်လာပြီး မကြာမီက ကမန်းကတန်း ရိုက်သွင်း ပိတ်လှောင်ထားလိုက်သော ဆင်၊ မြင်း၊ ကျွဲ၊ နွားများနှင့် တကွ ခါးပြယ်သားအချို့တို့မှာ ပြုံးရွှင်ရယ်မောကာနှင့် ပြန်ထွက်လာကြလေ၏။

ဝန်မင်း ဦးရွှေမောင်နှင့် မင်းကျော်ခေါင်တို့သည် စိတ်အား မလျှော့ဘဲ ဇွဲသန်သန်ထားကာ ရွှေစွန်ညို၏စခန်းကို မနားတမ်းလိုက်လံ ရှာဖွေလျက် ရှိကြလေသည်။

ထိုရာတွင် ရက်မကြာမီ မြေလျင်တပ်သားများနှင့်တကွ မြင်းတပ်များမှာ ပင်ပန်း ဖျော့နွမ်းလာကြလျက် ရှေ့အတို့ ခရီးဆက်ရန် အင်



အားမရှိတော့ပြီဖြစ်၍ နောက်ဆုံးတွင် တပ်တော်အင်အားဖြည့်တင်းရန် ညောင်ရွှေမြို့သို့ ပြန်ခဲ့ရလေသည်။

ဦးရွှေမောင်နှင့်မင်းကျော်ခေါင်တို့ကား၊ လူသာလျှင် နားသော်လည်း စိတ်မှာ မရပ်မနားနိုင်ပေ။ ခင်သုန်းမြင့်အတွက် တသက်သက် စိတ်စော၍ မကြာမီ ထပ်မံ တောနင်း၍ ရှာဖွေရန်သာ စီမံ စိုင်းပြင်းလျက် တပ်သားများ အင်အား ဖြည့်တင်းမည့် အချိန်အခါကို စိတ်မရှည်နိုင်အောင် သည်းခံစောင့်ဆိုင်းကာ နေရလေ၏။

× × ×

ခင်သုန်းမြင့်သည် နေ့ရှိသမျှ၊ အချိန်ရှိသမျှ ထွက်ပေါက်ကိုသာလျှင် ခေါင်းတောက်အောင် ရှာဖွေနေသူဖြစ်သည့် အားလျော်စွာ ထိုနေ့အဘို့မှာလည်း အခန်းထဲသို့ မည်သည့်နေရာမှ ပေါ်လာမှန်း မသိ၊ ဝိဇ္ဇာဓော်ကို တပသီတို့ကဲ့သို့ ထွက်ရပ်ပေါက်တန်ခိုးနှင့် မြေလျှိုး၍ ပေါ်လာသကဲ့သို့ ပိတ်ထားသော သံတံခါးကြီးမပွင့်ဘဲအခန်း ထဲသို့ ရွှေစွန်ညိုရောက်လာပြီး နောက်မှနေကာ—

‘ယနေ့ထက်ထိ ပြေးပေါက်ရှာနေတုံးဘဲလား ခင်ရဲ့’

ဟု ပြောလိုက်သောအသံကို ကြားရသည့်တွင် ခင်သုန်းလည်း ထိတ်လန့်တကြားနှင့် ကျောက်နံရံ ထိသွား၍ ကပ်လေ၏။ ရွှေစွန်ညိုက ပြုံးချိုရွှင်လန်းသော မျက်နှာနှင့် ဆက်လက်ခါ....

‘ခင်လို ဒုက္ခခံပြီး ပြေးပေါက် ရှာနေခြင်းထက် မောင့်ကို မေတ္တာ တုံ့ပြန်ခြင်းက ခင့်အတွက် အထူးပျော်ရွှင် လွတ်လပ်ခြင်းကို ရစေနိုင်ပါတယ်’

ဟု ပြောသောအခါ ခင်သုန်းမှာ မုန်းတီး၍ ရှာလှသူ၏ နေ့ရက်ရှည်စွာ ပမာမခံ အပြောခံနေရသည်တို့ကို အားမတန်၍ ကြိတ်ခံခဲ့ရရာမှ ယနေ့သော် စိတ်မရှည်နိုင်တော့သဖြင့် ဝမ်းနည်း လိုက်လှစွာ မျက်နှာကလေး ငိုမဲ့မဲ့ဖြစ်လာပြီး....

‘နွန်မောင်ညို ခင့်ကိုအာပြုလို့ ဗီဇဓါပြီး လှောင်ထားရတာလဲ၊ သတ်မှာဖြင့်လဲ မြန်မြန်သတ်ပစ်လိုက်ပါ၊ ပမာမခံ့တဲ့ စကားတွေပြော ပြောနေတာ မကြားပါရစေနဲ့တော့’

ဟု ဒေါသဖြစ်ဖြစ်နှင့် ညှစ်ဓါးဆော်လိုက်လျှင် မျက်ရည်တွေကျ လာလေတော့သည်။

ရွှေနွန်ညိုလည်း အနီးသို့ တိုးကပ်၍ ဆံကေနဲ့ ခင်ဘုန်း၏ ပုခုံး ကလေးကို သိမ်းကြုံးပွေ့ဖက်ပြီး ငိုမဲ့မဲ့မျက်နှာကလေးကို စေ့စေ့ စိုက်ကြည့်လိုက်ဓါ ကြင်နာသနားလှသော လေသံ အေးအေးဖြင့်-

‘ချစ်လှန်းလို့ ခေါ်လာတာ ဘယ့်နဲ့ကြောင့် သတ်ပစ်ရမှာလဲ ခင်ရဲ့’

ဟု ပြောရာတွင် ခင်ဘုန်းလည်း ဖြတ်ခနဲ ရုန်းထွက်လိုက်ခါ....

‘ရှင်လို ရာဇဝတ်ကောင် ဓါးပြလုဆိုးကိုလား၊ တလောကလုံးမှာ ရှင်တယောက်ထဲ ယောကျ်ားရှိနေတောင် မယူဘူး’

ဟု ခါးခါးသီးသီးပြောလိုက်လျှင် ရွှေနွန်ညိုသည် နားထောင် နေရာမှ အားလျော့ကာ မျက်နှာညှိုးသွားလေသည်။ တဖန်မျက်နှာ ညိုးရာမှ မျက်နှာကြီးမဲ့လာလေ၏။ ဘယ်အရာမဆို စိမ်အလိုရှိက ဖြစ်ခဲ့ရပါလျက် ကြုံတချက်တွင် လက်လျှော့ရတော့မလို ဖြစ်ရသည် ကို မကျေမချမ်းနိုင်၊ အပွဲပွဲနိုင်ခဲ့အဖျ ယခုတပွဲတွင်မှ နှပ်ပစ်ခံရပုံကို အံကြိတ်ခံကာ အနာကြီးနာပါလေသည်၊ ရက်စက်ကြမ်းကြုတ်သော ယောကျ်ားကြီး ဖြစ်သည့်အားလျော်စွာ ဒေါသကို မသိမ်းနိုင်တော့ သံထင်ယလို ပြုမူလိုက်ရမည်ကိုလည်း အချစ်စိတ်က ကန့်လန့်ဖြတ် လက်တားချိ နေတော့၏။

ထိုကြောင့် နီမြန်းသော မျက်နှာကြီးဖြင့် တွေ့၍ ကြည့်လိုက်ခါ-

‘ဟော့....မင်းက ဓါးလာတဲ့ မာနထားပြီး အဘက်မတန်ဘူးထင် နေပေတဲ့ ဗိတာဝမှာ မင်းကလွဲရင် ဘယ်မိန်းမကိုမှ မယူဘူးလို့ သစ္စာ



ပြုထားတယ်၊ ဒါကြောင့် မင်းကလေးဟာ တနေ့ကျရင် ငါ့မိန်းမ ဖြစ်ရမှာဘဲ’

ဟု ကြိမ်းဝါးလျက် အခန်းထဲမှ ပြန်ထွက်သွားလေရာ ခင်ဘုန်း မှာ တယောက်ထည်း ချုံးချုံးချ ငိုကြွေး ကျန်ရစ်ရှာလေ၏၊ ထိုတော မှာပင် ခြေသံကြားသောကြောင့် ခေါင်းထူ၍ ကြည့်လိုက်ရာ၊ မိမိ ထံသို့ အစားအစာများ လာပို့နေကြ မိန်းမကြီးတဦးကို တွေ့ရ လေ၏။

ခင်ဘုန်းသည် အကြံကုန် ဂရုန်ဆားချက်သည့်သဘောနှင့်မိန်း မကြီးကို ချော့မော့အသနားခံဦးမည်ဟု စိတ်ကူးကာ....

‘အမေကြီးရယ် ကျမကိုသနားသဖြင့် ကယ်ဆယ်ပါရစ်၊ ကျမ အိမ်ကို အင်မတန်မှ ပြန်ချင်နေပါတယ်၊ ထွက်နိုင်ရင်ထွက်ပေါက်က လေး တဆိတ်ညွှန်ပြပေးပါ၊ ကျေးဇူးမမေ့ပါဘူး၊ ကျမမှာ ပါ လာတဲ့ လက်ဝတ်လက်စားတွေ အမေကြီးကို အားလုံးကန်တော့ ခဲ့ပါမယ်’

ဟု ပြောမိလေသည်၊ အဒေါ်ကြီးသည် ခင်ဘုန်းကို မဲ့မဲ့ရွဲ့ရွဲ့ ကြည့်ကာ....

‘အလိုလေး....မလွှတ်ဘဲ့ပေါင်ဓအေ မလုပ်ပါနဲ့၊ တို့ရဲ့ဗိုလ်ကြီး ရွှေနွန်ညိုကိုဘယ်လိုရက်စက်တဲ့ လူစားမှတ်လို့လဲ’

ဟု ပြတ်ပြတ်သားသားကြီးငြင်းဆန်လိုက်သောအခါ၊ ခင်ဘုန်း မြင့်မှာ အားလျော့ကာ မှိုင်ကျသွားလေတော့သည်၊ ထိုနောက်အ ဒေါ်ကြီးသည် ခင်ဘုန်းမြင့်ကို ကဲ့ရဲ့ရှုံ့ချသော မျက်နှာနှင့် ကြည့် ကာ....

‘ညီးက တို့ဆရာကို ဘယ်လိုအစားထဲကမှတ်လို့ အဘက်မတန် ဘူးထင်နေသလဲ၊ သူဟာ မင်းဆွေမင်းမျိုးသဲ့အဓေ့၊ ဘုရင်ကိုစိတ် နာပြီး သက်သက်မဲ့နှောက်ယှက် ဖျက်ဆီးနေတာ’

ဟု ပြောပြန်လျှင် ခင်တုန်းမှာ ထနံတရာ ပြန်မပြောတော့ဘဲ ငိုမြဲငိုနေသဖြင့် အဖေကြီးမှာ ဝေးရေးများကိုထားပြီး ဆောင့်ကြီး ဆောင့်ကြီးနှင့် ပြန်ထွက်သွားလေ၏။

ဤသို့အားဖြင့် ရွှေစွန်ညိုသည် ခင်တုန်းမြင့်ကို လုံခြုံစွာ ထားလျက်၊ နေ့စဉ်ရက်ဆက် ပြောင်းဖျနားချနေရ ခင်တုန်းမြင့်မှာလည်း တယ်အခါမှ ပျော့ညွတ်ယိမ်းယိုင်ခြင်းမရှိဘဲ ကျောက်တိုင် ပကတိကဲ့သို့ တင်းမာလျက်ရှိလေရာ ရွှေစွန်ညိုလည်း တနေ့သောအခါတွင် ဓါတ်ငွေ့နည်းတော့ ကိုယ်ပျောက်ထွက်သွားမဘာဘာယ်နေရာမှပေါ်လာသည်မသိ၊ အဆောင်တွင်းသို့ ဘွားကနဲရောက်လာပြန်လေ၏၊ ခင်တုန်းမြင့်လည်း ထားမြဲအတိုင်း မျက်နှာထားမျိုးအတိုင်း၊ အောင့်နလုံးနာစွာ ကြည့်နေလေ၏၊ ရွှေစွန်ညိုကလည်း တည်းနှံ့သော မျက်နှာနှင့်ပင် ခင်တုန်းမြင့် အနားရောက်အောင် လာပြီး....

'ဘယ့်နှယ်လဲ၊ ငါ့ငွေးလို့ မရသေးဘူးလား၊ မင်းဟာ ငါ့လက်တွင်းမှာနေရတဲ့အတွက် အနိုင်အထက်လုပ်ရင်လဲခံရမှာဘဲ၊ ထို့ပြင် လဲ စိတ်မပါတဲ့ မေတ္တာမျိုးကို အလိုမရှိတဲ့အတွက် ဒီနေ့ဒီရက် အထိ စောင့်နေတာ'

ဟု ပြောလျှင် ခင်တုန်းမြင့်မှာ ပြောနကြာအပြုမှုလွှဲ၍ ပြောရာစရာမရှိသည့်အလျောက် ငေါက်ထောက်ထောက်ထိုနံ့နံ့ လေသံနှင့်....

'ရှင်ဟာ ဓါးပြလုလိုက်ပြီ၊ လူများပစ္စည်းကို အနိုင်အထက် လုယက်ထိတ်မိုက်ယူလို့ ရခဲ့ပေမဲ့ မေတ္တာကို ထိုက်မိုက်လုယက်ယူလို့ ရမယ်ထင်သလား။ ရှင့်ကို ချစ်ကြိုက်ဘို့အရေးကတော့ တသက်လုံး ထိုင်စောင့်နေတောင် မကြားရဘူးမှတ်ပါ'

ဟု ပြောလိုက်သောအခါ ရွှေစွန်ညိုမှာ သည်းမခံနိုင်လောက်အောင် ဖြစ်လာလေ၏၊ ထို့ကြောင့် ခက်ထန်သော ဓါးပြဗိုလ်ကြီး တဦးဖြစ်သည့်အားလျော်စွာ ဒေါသနှင့်တွဲ့ယှဉ်ကာ ခင်တုန်းမြင့်အား



ရုတ်တရက် တင်းကြပ်စွာ ဖက်လိုက်ပြီး ပါးပေါ်သို့ အညှိုးကြီးကြီးနှင့် အချစ်တံဆိပ်ကို တတိယအကြိမ်မြောက် ရှုတ်အမွှေး နှိပ်လိုက်ပြန်လေ၏။

ခင်တုန်းမြင့်မှာ မသဒ္ဒါဘဲနှင့်ပင် ရွှေစွန်ညို၏ သန်မာသော လက်မောင်းကြားတွင် ပြွေ့ရှိနေရလေတော့သည်၊ ထိုအခိုက်မှာပင် ခင်တုန်းမြင့်၏ လက်တဘက်သည် ရွှေစွန်ညို၏ ခါးပေါ်သို့ ရောက်နေပြီး၊ တစုံတခုကိုသွား၍ ထိမိသည်နှင့်တပြိုင်တည်း၊ ခင်တုန်းမြင့်၏ မျက်လုံးအိမ်များသည်၊ မျက်တောင်ကြားမှ အရောင်များဝင်း၍လာလေသည်၊ ဒေါသစိတ်များလည်း တကိုယ်လုံးသို့ ဖုံးလွှမ်းမှုန်ဘက်ခေါ်၊ မိမိစမ်းတွေ့ထားသော ရွှေစွန်ညို၏ ခါးကြားမှ ဓါးမြှောင်ကို ဆပ်မနဲ့ ဆွဲနုတ်ယူလိုက်ခေါ်၊ ထိုမိထိုရာသို့ တအားစိုက်လိုက်ခိလေရာ၊ ခင်တုန်းမြင့်အား မချင့်မရဲဖြစ်တိုင်း တင်းကြပ်စွာဖက်ထားသော ရွှေစွန်ညို၏လက်များမှာ ရုတ်တရက် ပြေလျော့၊ လက်ပြင်ကြားမှ ရင်ဘုံဆီသို့ ဖေါက်ထွက်သွားသော ဓါးအတ်ရာကိုဖိနှိပ်ခေါ်၊ ပြေ့ငွေ့ လဲကျသွားလေတော့သတည်း။

ခင်တုန်းမြင့်မှာ ဒေါသအလျောက် ပြုလုပ်လိုက်မိသော မိမိ၏အမှုကို မတုန်မလှုပ်ကြီး စိုက်ကြည့်ကာ အတန်ကြာ ကြက်သေ သေနေမိလေသည်။ ပညာရှိ ကာလီဒါသဆရာကြီးသည် မိန်းမတဦး၏ လက်ချက်ဖြင့် အသက်ထွက်ရသကဲ့သို့ နယ်တုန်းအောင် ဆိုးသွမ်းရက်စက်လှသဖြင့် အနေနေ့ အရက်ရက် စေတတ်နှင့် ရှာဖွေဖမ်းဆီးနေ၍ မရနိုင်သော တောပုန်းဓါးပြကြီး ရွှေစွန်ညိုမှာ နုနယ် အားငယ်သော မိန်းမပျိုတဦး၏ လက်ချက်ဖြင့် သွေးအိုင် သွေးပွက်ကြီးအလယ်တွင် တုံးလုံးပက်လက်လဲကာ၊ ရွှေမလှ ဖြစ်နေရှာတော့သည်။ ခင်တုန်းမြင့်ကား မျက်လုံးများအိုင်းသာ ကြည့်မရတော့ပေ။ သူ၏ဘသည့်တွေ့ဘိလျှင် မိမိအားစိစိညက်ညက် ကြေ

အောင် ဝိုင်းဝန်းထိုးရုတ် ထတ်ပြတ်ပြစ်ကြတော့မည်မလွဲဟု အားငဲ ဖြတ်မိကာ၊ ပြေးပေါက်မရှိသည်ကို သိလျက်နှင့်ပင် ပြေးပေါက်ကိုရအောင် ရှာမိပြန်သည်။ နောက်ဆုံး ချောက်ကမ္ဘားကြီးအက်တွင်ရှိသော ကျောက်ဂူ လောင်ပေါက်ရှိရာသို့ ရောက်လာလေသည်၊ အောက်သို့ငုံ့ကြည့်လိုက်သောအခါ၌ အသူတရာ နက်ရှောက်သော ဝေဘင်ဝေဘက် ချောက်ကြားကြီးကို မြင်ရပြီး၊ စိမ့်ကနဲ ကြက်သီးထသွားမိသည်။ နှုန်းချလိုက်သည်နှင့်တပြိုင်နက်၊ အရိုးအသား ရှာမရအောင် ကြေမွသွားလိမ့်မည်ဟု သိလေသည်။ သို့သော် ဤတွင် နေ၍လည်း မရှုမလှ သေရမည်အတူ၊ လွတ်မြောက်ရေးကို ကြိုးစားခြင်းဖြင့် သေလိုက်ရခြင်းက မြတ်ပေဦးမည်ဟု ဆုံးဖြတ်၍၊ ကိုယ်ပေါ်တွင် အချမ်းလုံအောင် အမြဲခြုံထားသော ပိုးသားပုဝါကလေးကိုပင် ခွာပစ်လိုက်ပြီး၊ ကျောက်ဂူပေါက်ကလေး၏ အစွန်အဖျားသို့ တရွေ့ရွေ့တိုးရွေ့သွားကာ ရထားနာသုံးပါး ဦးထိပ်ထားလျက်၊ မျက်စိကို စုံမှိတ်၍ အံသွားကို နာနာကြိတ်၍ ဇွတ်ကနဲခုန်ချလိုက်လေရာ၊ ရင်ထဲတွင် ဟာကနဲ အေးကနဲဖြစ်သွားပြီး၊ တခါတည်း သတိလစ်၍သွားလေ၏။

ခင်ဘုန်းမြင့်၏ ပိုးသားပုဝါကလေးကား၊ ကျောက်ဂူပေါက်ကလေးတွင် တပိုင်းတင်လျက် တပိုင်းမှာ ကျောက်ကမ္ဘားစောက်ကြီးဆက်သို့ တန်းလန်းကျပြီး၊ ဝမ်းနည်းသော အထိမ်းအမှတ်ဖြင့် လေထဲတွင် တဖျပ်ဖျပ်လှုပ်ရှားကာ သူ့သခင်မကို နှုတ်ဆက်နေရစ်ရှာလေသတည်း။

* * *

နေ့စဉ် ဝတ္တရားအတိုင်း အစားအစာပို့ရန် အဒေါ်ကြီးသည် အခန်းကို သော့နှင့်ဖွင့်ကာ ဝင်ရောက်လာလေ၏၊ ခင်ဘုန်းမြင့်ကို မတွေ့ရတော့ဘဲ သွေးအိုင်အလယ်တွင် ဓါးဒဏ်ရာနှင့်လဲနေသော မိမိ



တို့ဆရာကိုမြင်သည့်အခါ၌ စူးရှကျယ်လောင်စွာ ဟစ်အော်လိုက်သည်မှအစ၊ မကြာမီ့ဖနန်းကြီးတခုလုံးတွင် ဓါးပြလယ်သားတွေ့အရ တရုံးကြီးရောက်လာ၍ ပြာပြာသလဲ ဖြစ်နေကြလေ၏။

စိုးရိမ်ကြီးစွာနှင့် ၎င်းတို့၏ ဆရာကို ပွေ့ထူမ်းသင်ပေါ် သတိရအောင်ကြိုးစားကြသည်၊ ရွှေစွန်ညိုလည်း ဒဏ်ရာမှသွေးလွန် မေ့မြောနေရာမှ သတိရလာလေသည်၊ လက်ပြင်သားအောက်မှ ရင်အုပ်သားကြီးကိုရှင်ဝေ၊ ထိုးဖေါက် စူးဝင်နေသော ဓါးမြှောင်ကြီးကို မိမိဘာသာ အံကြိတ်ခါခဲ့နုတ်ပယ်လိုက်ပြီး၊ တပည့်တို့အား အဝတ်များနှင့် စီးနှောင် ပေးစေပြီးနောက်၊ မိမိကိုယ်ကို ဟန်နိုင်သည်နှင့်တပြိုင်နက် မျက်လုံးများမှာ ခင်ဘုန်းမြင့်ကို ရှာနေလေသည်။

သို့ရာတွင် မတွေ့၊ ကျောက်နံရံအပေါက်တွင် တပိုင်းတစ၍တင်ကျန်ရစ်ခဲ့သော ခင်ဘုန်း၏ ပိုးခြုံပုဝါကလေးကို ပြေး၍မြင်မိသောအခါ၌၊ ရွှေစွန်ညိုမှာ ငယ်ထိပ်ကို တူနှင့်အနက် ခံရသကဲ့သို့ ပိုက်ခနဲ ဖြစ်ခါ ပူလောင်စိုးရိမ်သွားမိလေ၏။

ကပြာကယာ ပြေးသွားလျက် ကျောက်နံရံ အပေါက်ငယ်မှ အောက်သို့ ငုံ့ကြည့်လိုက်သောအခါ၊ မလင်းတလင်း သာနေသော လရောင်ကလေး အောက်၌ အဆုံးအဆ မခန့်မှန်းနိုင်အောင် နက်မှောင်မည်းကြုတ်သော ချောက်ကမ္ဘားကြီးမှာ၊ ပါးစပ်အပြဲသားနှင့် စောင့်စားနေသော သမင်၏ခံတွင်းကြီးပမာ ငြိမ်သက်စွာ တွေ့မြင်ရသောကြောင့်၊ ရွှေစွန်ညိုမှာ ချစ်သူအတွက် အသက်ရှုမှားမိလေသည်။

ယင်းသို့ရွှေစွန်ညို ဝမ်းနည်းစွာ ငုံ့ကြည့်နေမိသော အနီးအပါးမှပင် ခင်ဘုန်းမြင့်၏ ခြုံပုဝါကလေးမှာလည်း ရွှေစွန်ညို ပူပန်စိုးရိမ်မိသည့်နည်းတူ၊ လေသာလပ်တိုင်း ဖြတ်ဖြတ်လူး၍ နေသည်ကိုတွေ့

ရနေသာအခါ ရွှေနှင်းညိုမှာ မိမိဒဏ်ရာကို ပမာမထားနိုင်ဘဲ ဂူထဲမှ ချာကနဲ လှည့်ထွက်လာခဲ့မိလေ၏။

* * *

**အခန်း ၈။** တောရိပ် တောင်ရိပ် အားဖြင့် ဘိန်းပိတ်၍ မှောင်လျက်ရှိသော ချောက်ကမ္ဘားကြီး အတွင်းသို့ မိမိ၏ပြင်းထန်သော ဒဏ်ရာများကိုမျှ ပမာနမထားနိုင်ဘဲ ဖိုးပိုးဝါးဝါးမျှသာ လင်းနေသည့် လရောင်ကလေးနှင့် အားပြုကာ တရွေ့ရွေ့ဆင်းလာပြီး ခင်သုန်းမြင့်ကို အရေးတကြီး ရှာဖွေနေသော ရွှေနှင်းညိုကား ခိုက်ခိုက်တုန်မျှ အေးချမ်းလှသော အချိန်ကြီးတွင် ချွေးသီးချွေးပေါက်ကြီးများ ပြန်လျက် မဟန်နိုင်အောင်ရှိလေသည်။

တခါတရံ အပေါ်တည့်တည့်သို့ မော့ပြန်ကြည့်လိုက်မိသော အခါ မြင့်လှစွာသော တောင်နံရံ ခါးပြတ်ကြီး၏ ဂူပေါက်ကလေးမှ လေထဲသို့ တပိုင်းလွင့်ပါနေသော ပုဝါကလေး ဖြူဖြူဖွေးဖွေးနှင့် တရေးရေး လှုပ်ရှားနေသည်ကို တွေ့မြင်ရတိုင်း နှလုံးသွေး တိုင်းရိုက်သလို ဖြစ်သွားလေသည်။ မိမိခိုက်မိမှုကြောင့် နုနယ်သော မိန်းမသားကလေးမှာ ညှိုးမျှကြောက်မက်ဖွယ် မြင့်စောက်သည့် ချောက်ထဲပိမှထဲကို ခုန်ချ ရှုန်ချသွားရရှာသည်ဟု ယူကြုံးမရကြီး ဖြစ်မိလေသည်။

ချစ်သူကလေးမှာ ယခုနေအခါတွင် အရိုးအသားကြေမွ၍ ခေါင်းရင်း၊ အလောင်းကလေးကို သစ်ကျိုးစသော သားရဲတိရစ္ဆာန်များ စားသောက်ကြလေပြီလော၊ မရှုမလှ တွေ့မြင်ရလေတော့မည်ဟု ယူဆမိကာ အားကြိုးမာန်တက်နှင့် အလောင်းကလေးကို မတွေ့မြင်လိုက်ရှာလေတော့သည်။ တခါတခါသည်း မတော်တဆ က



ကောင်းထောက်မ၍ အသက်မသေသေးဘဲ ထိခိုက်မိသော ဒဏ်ရာ အနာတရနှင့် တနေရာရာတွင် မချိမဆံ့ ဝေဒနာ ခံစားနေရရှာလေမည်လားဟု စဉ်းစားတွေးတောမိကာ မမြင်ဝံ့အောင် သနားစိတ်များ ဖြစ်ပေါ်လာပြန်လေသည်။ တခါတခါလည်း သူမသေပါက ထင်ပါရဲ့ ငါ့ကိုမုန်းလို့ တမင်ပုန်းရှောင်နေချင်ခနေမလားဟု စဉ်းစားမိသည်။ ဤသို့ဖြစ်လျှင် ချောက်ထဲခုန်ဆင်း၍ မသေသူကလေးအား သစ်ကျိုးတောတိရစ္ဆာန်တို့၏ ဘေးများနှင့်ရင်ဆိုင်တိုးမိမည်ကိုလည်း အစိုးရိမ်ကြီးလျက် အပူကြီးပူလိုက်မိသည်။

မည်သည့်နည်းနှင့်မဆို ခင်သုန်းမြင့်မှာ ချောက်ထဲမှ ခုန်ချ၍ သေသည်ဖြစ်စေ၊ တောင်း တိရစ္ဆာန်တို့၏ဘေးရန်ကြောင့် သေရသည်ဖြစ်စေ၊ မိမိမမေ့ မကောင်းသော သေခြင်းမျိုးသာ ဖြစ်ရရှာမည်ဟု ယူဆကာ မိမိချစ်သူ တနည်းနည်းနှင့် သေလျှင်မိမိသည်း ရှ မြည်တွင် မနေတော့ဟု ဆုံးဖြတ်လိုက်သည်။

တသက်နှင့်တကိုယ် ဘယ်အခါကမျှ သားစိတ်မယားစိတ် မကူးခဲ့ဘူးဘဲ သူ၏ ထူးကဲသော ရည်မှန်းချက်သရုကို အရင်းပြုကာ ကြမ်းကြုတ်ရက်စက်စွာ ဆိုးသွမ်းတိုက်ခိုက်လာသော ဒေါ်ပြုကြီး ရွှေနှင်းညိုမှာ ခင်သုန်းမြင့်ကို မြင်ရသည့် အချိန်အခါက စ၍ အရွှေအမှုကြီး ခွဲလန်းချင်ခင်မိလေရာ မိန်းမပျိုဘို့နှင့် သက်ဆိုင်ပေါင်းသင်းမှုကို အလျင်းခကျွမ်းကျင်ခဲ့ဘဲ ဒေါ်ပြုကြီး သည်ပိုပိုဆင်တန် ကြမ်းတမ်းထွာစနေထိုင်ခဲ့ရသူ ဖြစ်သည့်အလျောက် ခင်သုန်းမြင့်ကို တွေ့ဆုံပြောဆိုရာတို့၌ ဒုပြုဒ် ပြောင်းနဲ့မြင်းမရှိ၊ သူ့အိုင်ကိုယ် ပကတိစိတ်ထား အဟုအဆ အတိုင်း တောသံ မာမာနှင့် နားဝင်မသာအောင် ပြောဆို ပြုမူခဲ့သည့် အပြင် ခင်သုန်းမြင့် ကိုယ်တိုင်ကလည်း တောပုန်း လူဆိုး ဒေါ်ပြုကြီးတယောက်ဟု မှုကြောက်

ခက်ဆုပ်နေသောကြောင့် ရွှေစုန်ညိုတို့၏ အချစ်လမ်းခရီး အစီအစဉ်မှာ အဆင်မပြေဘဲ အလွဲလွဲအချော်ချော် ဖြစ်လာလေသည်။

သို့ရာတွင် ရွှေစုန်ညိုမှာ မိမိ၏ချို့ယွင်းမှုများကိုလည်း မစဉ်းစားတတ်၊ ခင်ဘုန်းမြင့်၏အထင်သေးမှုကိုလည်း မတွေးမိဘဲ၊ ဤကဲ့သို့သောအချစ်၏ ရက္ခထဲတွင် တဝဲလည်လည် ဖြစ်ခဲ့ရ၍ တဘက်သတ်မေတ္တာနှင့် စိတ်ဆင်းရဲပြိုကြွင်းစွာ ရှာဖွေနေလျက်က တခါတခါတွင် တောသံတောင်သံများနှင့် သမင်ဟောက်သံ၊ ဂျိုဟောက်သံ သစ်ခေါက်သံ၊ကျေးငှက်သံတွေနဲ့ တရှဲရှဲ တသဲသဲ မြည်နေသောသစ်ကိုင်းသစ်ရွက် လှုပ်ရှားသံများ တဝေါဝေါ ကျဆင်းနေသော ရေတံခွန်မှအသံများနှင့် ရောနှောကာ....

'ခင်ရေ... ခင်ဘုန်းရေ'

ဟူ၍ ပူလောင်လိုက်လံစွာ အော်ခေါ်နေသော ရွှေစုန်ညို၏ အသံများလည်း ကြီးကြား ကြီးကြားပေါ်ပေါ်လာသည်၊ ထိုမှ ကသေး တချက်တချက်၌....

'ခင်ရေ ...အာပြုလို့ မထူးသလဲ၊ မင်းရုက္ခတခုခုနဲ့ တွေ့နေမှာ စိုးလို့ မှောင်ထဲမှာ မမြင်မကန်းနဲ့ လိုက်ရှာနေတယ်ကွဲ၊ငါကိုချစ်သာ မချစ်သာ အပထားပြီး၊ခေါ်သံကြားရင်ပြန်ထူးလိုက်ပါခင်ရဲ့'

ဟုရင်း၊ တခါတခါတွင်လည်း အသံဘုန်ကြီးနှင့်....

'ခင်ရေ...မင်းက စိတ်ဆိုးရောလုပ်သွားပေတဲ့လဲ ငါစိတ်မဆိုးဘူး၊ မင့်ကိုရန်မရှာပါဘူး၊ငါကို မကြောက်ပါနဲ့ မင့်အတွက် စိတ်မချနိုင်လွန်းလို့ မျိုးဘဲနဲ့ လိုက်ရှာနေပါတယ်၊ မင်းဘယ်သိကသဲ ဘာမှ မဖြစ်ရင် တသိတ်ကလေး စိတ်အေးရအောင်ထူးလိုက်စမ်းပါ ခင်ရဲ့'

ဟုသူ၏ စိတ်ထဲတွင်ရှိသမျှကို ပရိယာယ်မနေဘဲ ပြောဆိုခေါ်အော်နေရှာတော့သည်။



သို့နှင့်လည်း ခင်ဘုန်းမြင့်၏အသံမှာ ခုန်းတုံ့ မပြန်လာဘဲ ပျောက်ကွယ်နေ၏၊ ရွှေစုန်ညိုလည်း စမ်းတဝါးဝါးနှင့် စိတ်အားမလျှော့ဘဲ ရှာဖွေလျက်ပင် ရှိလေသေးသည်။

သို့နှင့်ပင် အရှေ့လောကခေါ်တ်ဆီမှ လင်းရောင်ခြည်များ တစတစပြို့ကြလာလေ၏၊ မည်းမှောင်နေသောတောင်ကြား ချောက်ကမ္ဘားယံ စောင်းကြီးတလျှောက်ရှိ သစ်ပင်၊ ဝါးပင်၊ နွယ်ရှင်၊ ငန်းရှင်၊ ချုံ၊ တန်းပိတ်ပေါင်းများကို တဖြည်းဖြည်း ကွဲပြားစွာ မြင်ရလေပြီ၊ ရွှေစုန်ညိုကား အလင်းရောင်ကြောင့် တအားတက်ခဲ့သည်တိုင်အောင် ခါးဇက်ရာမှ အနာရှိန်ကလည်းတက်လျက် ထည့်လှုံနှင်းဖြိုင်ဖြိုင်ကျ၍ အေးမြစွတ်စိုလှသည့် တောင်ကြားကြီး အတွင်းတွင် အဆောင်းသည်းမပေါ်၊ စီးရောတိနပ်ကိုမျှ သတိမရဘဲ တိုးမိန်သောကနှင့် ယှဉ်တွဲပြီး၊ အပမ်းတကြီး ရှာဖွေနေခြင်း တို့ကြောင့် တုန်တခိုက်ခိုက်နှင့် အဖျားရောဂါ ဆိုက်ရောက်လာလေသည်။

သို့ရာတွင် ငှက်တော၊ ခွေးတော၊ တခွင်၌ တိုက်ခိုက်ဆိုးသွမ်းကြမ်းချင်တိုင်းကြမ်း၍ ရမ်းချင်တိုင်း ရမ်းလာခဲ့သူတဦး ဖြစ်ခြင်းကြောင့် တကြောင်း၊အချစ်ဇောနှင့် မရမနေ ကြိုးကြိုးစားစား ရှာဖွေသောကြောင့်တကြောင်း၊လူကောင်းပကတိမှာအကြိတ်ခဲ ခေါင်းလျက် မတွေ့မခြင်း ရှာဖွေနေပြန်လေသည်။

ထိုသို့နှင့်ပင် တောင်ခါးပန်း ကျောက်ဂူပေါက်ကလေးနှင့် တည့်တည့်အရပ်သို့ နောက်တကြိမ်ထပ်ရောက်ခဲ့ပြန်သည်၊ ကြိုးမားသော မျဉ်းကတိုးပင်ကြီးနှစ်ပင်ကို ယှက်သိမ်ပေါင်းကူးထားသည့် ဂူ့ရှေ့၊ နွယ်ပင်ကြီးများ၏ နွယ်ရှင်၊ နွယ်ငန်း၊ နွယ်တန်း၊ နွယ်ခွ၊ ကြီးတို့မှာ ပိုကဲကျွန်ကိုပြန်လှမ်းထားသည့်ပမာ တွေ့ရလေသည်၊ ညကမူ ထိုနေရာမှာ ကောင်းကင်မှ လရောင်မဝင်ဘဲ အလွန်ပိုမှောင်မည်း နေသောကြောင့်၊ တစုံတရာကို မြင်စွမ်းနိုင်ခြင်းမရှိခဲ့ပေ။ ယခု

အခါတွင် အလင်းရောင်၏ ထင်အားကြောင့်၊ နွယ်ခွေ၊ နွယ်တန်း ပေါ်တွင် ဖြူဖြူအရာတခုကို မြင်မိသဖြင့် အနီးသို့ ကပြာကယာ ပြေးကြည့်မိသည်၊ အဝတ်ပုဆိုးတွင် အိပ်ပျော်နေသောကလေးငယ် အလား သတိအလျင်းမရ မြောမ နေသော ခင်ဘုန်းအား၊ နွယ် တန်းများပေါ်တွင် မြေပြင်လက်ပြစ် ကျတင်နေသည်ကို တွေ့မြင်ရ လေ၏၊ ရွှေစွန်ညိုလည်း မိမိဝေဒနာကို သတိလုံးလုံးမရနိုင်၊ ချုံ နွယ်ကြီးပေါ်သို့ ကပြာကယာတက်ခါ၊ မေ့မြောနေသော ခင်ဘုန်း ကို ထမ်းပွေ့ယူလာသည်၊ မြေပေါ်သို့ရောက်ချင်း မိမိရင်ခွင်တွင် ယုယစွာ ပိုက်ထားပြီး ဒဏ်ရာချုံကိုရှာရာ ကံကောင်းထောက်မ၍ အပရိက ထိခိုက်ပွန်းပဲ့သော ဒဏ်ရာကလေးများမှတပါး စိုးရိမ် လောက်အောင်မရှိဘဲ၊ အကြောက်လွန်ကာ မေ့မြောနေရှာသည် ကို သိရလေ၏။

ထို့ကြောင့်ပင်...

'ခင်ရေ...ခင်ဘုန်းရေ'

ဟု လှုပ်ခါနှိုးပြီး၊ အနီးရှိ ကျောက်ခမ်းအိုင်ကလေးမှ ရေများ ကို လက်ခုပ်နှင့်ခပ်ယူလျက်၊ ခင်ဘုန်း၏ မျက်နှာကို သုတ်ဖျန်းပေး လိုက်သည်တွင်၊ ခင်ဘုန်းလည်း လှုပ်လှုပ်ရှားရှားဖြစ်ခါ မျက်လုံး ကလေးဖွင့်ကြည့်လိုက်သည်၊ ရွှေစွန်ညိုမှာ အားတက်လာပြီး...

'ခင်...ခင်...သတိရလာပြီလား၊ လုပ်မှလုပ်ရက်လေခြင်းခင်ရယ်၊ ခင်သာ တခုခုဖြစ်ရင် မောင်လဲလူ့ပြည်မှာ မနေဘူးလို့ ကိုပိုင်းဖြတ် ထားလိုက်တယ်'

ဟု တချက်တချက် ထတိုးဟဲ့ အဖျား တက်နေလျက်က၊ ထား မျှမဖြစ်သလို ဖြူးဖြူး ထွက်ထက်စွာ ပြောလေသည်၊ ခင်ဘုန်းမှာမူ ကား မိမိအဖြစ်ကိုမယုံနိုင်မိ ကြောင်၍ ကြည့်နေမိ၏၊ အသုတ ရာနက်သော ချောက်ကမ္ဘားကြီးကို စွန့်စားခုန်ချလိုက်မိပြီးနောက်၊



ရင်ထဲတွင် အေးကနဲဖြစ်ခါ အကြောက်လွန်ကဲလျက်၊ [illegible] တိလက်လွှတ် သွားသည်အချိန်ကစ၍၊ သာကို [illegible] မိမိသည် ခင်ဘုန်းဖြင့် ဘဝ၌မရှိတော့ဘဲ၊ ထ [illegible] သလားဟု မသိမကွဲ စဉ်းစားနေမိဟန် တူသည်၊ [illegible] စွန်ညိုက...

'ကံကောင်းလွန်းလို့၊ မသေ မပျောက် ရှိတာပေါ့၊ လဲ လဲ တောင်ပေါ် ပြန်တက်ကြပါစို့၊ ဒီနေရာဟာ သားရဲတိရစ္ဆာန်တွေ အင်မတန်များတယ်၊ ခုလိုမိုးလင်းစ ဆိုရင် အစာရှာ ထွက်ကြတော့ မယ်၊ ကြာကြာနေလို့မတော်ဘူး'

ဟု ဆိုကာ ခင်ဘုန်းကို ပွေ့ထူမည်ပြုသည်၊ ခင်ဘုန်း [illegible] ဤတွင်မှ အလုံးစုံ ကြည်ကြည် လင်လင် သတိ ရလာ [illegible] ထို့ကြောင့်လည်း ရှိုရှိုး မုန်းတီးသော ဇာတ်ကွက်ကို [illegible] လက်ကပြုပြန်သည်။ ရွှေစွန်ညို၏သက်မှ အပြန်ရုန်းထွက်ခါ၊ [illegible] ဖဲ့ ပြင်းထန် စွာ ပြန်လေ၏။ ရွှေစွန်ညိုလည်း [illegible] သော ခင်ဘုန်းဖြင့်အား ချော့မော့တွဲခေါ်ကာ ချောက်ကြီးပေါ် သို့ တဖြည်းဖြည်းတက်လာသည်။ ခင်ဘုန်းဖြင့်မှာ [illegible] ကန်ခဲ့ပင် ပါသွားခဲ့ရာ အတန်ကြာသော် ခရီးသုံးပုံ တပုံ ခန့် ရောက်လာလေသည်။ ခင်ဘုန်းကား ရုန်းလျက်ကန်လျက် [illegible] လာခဲ့ရာ၊ ခေါ်မှသု ရွှေစွန်ညိုမှာ ဒဏ်ရာတက်၊ [illegible] သသကတမျိုး၊ အားအင်ကုန်ခမ်း၊ ပင်ပန်း [illegible] သွယ်နှင့် မြင့်စောက်သော ချောက်ကမ္ဘားကြီးကို [illegible] သည်ကတတန်၊ မလိုက်သိုဟု ကပ်ဖဲ့ ရုန်းထွက်နေသော ခင်ဘုန်းကို လက်မလွှတ်အောင်ဆွဲထားရသည်ကတတန်နှင့် [illegible] တွေ့နေရလေ၏။ သို့ရာတွင် ကံကောင်းထောက်နှင့် [illegible] ထန်နေသောကြောင့်၊ ရွှေစွန်ညို၏စိတ်ထဲတွင် [illegible]

ပမာမထားပေ၊ သို့နှင့် ကံအားလျော်စွာ တက်လာခဲ့ပြီးသော လျှို ကြားကြီးအတွင်းမှ ကျားနှစ်ကောင်အကောင်ကို အကြောင်းပြု၍ မာန်ဖီဟိန်းဟောက်လျက် လုံးထွေးကိုက်ခဲကြသော အသံသည် တတောလုံး ရုတ်ခနဲ ပဲ့တင်ထပ်မျှ ဆူညံစွာ ထွက်ပေါ်လာသော ကြောင့်၊ ခင်ဘုန်းမှာ ကြောက်ကြောက်လန့်လန့် ဖြစ်လာပြီး၊ ရှေ့ သို့ ခပ်သွက်သွက်လိုက်ပါလာတော့သည်။ ဤတွင်မှ ရွှေစွန်ညိုမှာ အတော်အတန် သက်သာရာရကာ ချောက်ကမ္ဘားထိပ်သို့ ပိုမိုနီး ကပ်လာလေသည်။

သို့နှင့်ပင် နောက်ဆုံး၌ ချောက်ကြီးထိပ်ဝသို့ ရောက်လာကြ သည်။ ထိုနေရာတွင် ဆင်ပြောင်ကြီး အမြဲရောက်မှ တစ်ခုနေသလို ထိပ်ဝတွင် အပေါ်သို့ရောက်ရန် အဆင်မပြေဘဲ၊ လူတရပ်သာ သာမျှမတ်စောက်သော ကျောက်စောင်းကြီးတခုခံနေသည်ကို တွေ့ ရလေသည်။ ရွှေစွန်ညိုလည်း ကုန်ခမ်းနေသော အားအင်များကို စုရုံးကုတ်ကျင်ခါ၊ သစ်မြစ်တခုကို တွယ်ဆက်သွားလျက်၊ အပေါ် ရောက်မှ မောက်လျှားထိုးစား အောက်တွင်ကျန်ရစ်သူ ခင်ဘုန်း ထံသို့ လက်ကမ်းပေးပြီး ခင်ဘုန်းတကိုယ်လုံးကို မိမိအင်အားရှိသ မျှတို့ဖြင့် ကြိုးကြိုးစားစား အပေါ်သို့ ဆွဲတင်လေသည်။ ခင်ဘုန်း အပေါ်သို့ ရောက်ခဲ့လေပြီ၊ ရွှေစွန်ညိုလည်း စိတ်ချလက်ချနှင့် မိမိ ကျောက်ဂူကြီးဆီသို့ ဆက်လက်သွားရန် ကုန်း၍အသေ့လိုက်တွင် မိုက်ခနဲမြင်ခါ ချာချာလည်ပြီး ချောက်ထဲသို့ ထိုးကျသွားတော့ မည်အပြုတွင် ခင်ဘုန်းမှာ ဖြတ်ခနဲ လက်တဘက်ကို ယောင်ရမ်း ဆောင့်ဆွဲလိုက်သဖြင့်၊ ချောက်ထဲသို့ ဦးစောက်ကျသွားမည့်ဘေးမှ သီသီကလေးလွတ်ခါ၊ ချောက်နှုတ်ခမ်းပေါ်တွင် တဲတဲကလေးတင် ကာ လဲကျသွားလေသည်။ ခင်ဘုန်းလည်း ရွှေစွန်ညို၏ ဖြစ်ပုံကို ထွေးအားသင့် ကြည့်နေမိလေသည်။ ထိုနောက် အကြောင်းမည်



သို့ဟု သိရှိရန်အနားသို့ကပ်၍ ငုံ့ငမ်းကြည့်မိသောအခါ၊ ရွှေစွန် ညိုမှာ သတိမရဘဲလဲနေသည်ကို တွေ့ရသည်။ ဤဘွင်လွှတ်ရာသို့ ထွက်ပြေးတော့မည်ဟု အကြံပြုမိသည်၊ ထိုနောက် ရွှေစွန်ညိုကို ပြန်ကြည့်မိရာ တချက်လောက်ဘွန့်လိုက်လျှင် ချောက်ထဲသို့ ပြန် ကျသွားနိုင်သဖြင့် ခင်ဘုန်းသည် သဘာဝါဘဦးကို ကယ်ဆယ်သိ သော စိတ်ထားမျိုးနှင့်ပင် သတိမရဘဲလဲနေသော ရွှေစွန်ညို၏ ကိုယ်ကြီးကို မနိုင့်တနိုင် ပခုံးများမှ ကိုင်ဆွဲကာ ချောက်ကမ္ဘား မြတ်ကြီးနှင့် အတန်ဝေးရာသို့ ရွှေ့ပေးမိသည်။ ဤတွင် မှလည်း ရွှေစွန်ညိုတွင် မီးထောက်တော့မည့်အလား၊ ကိုယ် များ ချစ်ချစ်တောက်ပူလျက် အဖျား ပြင်းစွာ တက်နေသည်ကို သိရလေသည်၊ မိမိလက်ချက်ဖြစ်သော ဒေါ်ဒက်ရာမှလည်း စီး နွှေဝင်သားသော အဝတ်အောက်မှ သွေးစိမ်းများတပေါက်ပေါက် စီးယိုထွက်ကျလျက် ရှိနေသေးသည်ကိုတွေ့မြင်ရသည်၊ ဤမျှ ဝေဒ နာခံစားနေရာကပင် မိမိကိုကြင်နာစွာနှင့် မရအရဘဲ ခေါ်ယူသာ ပုံတို့ကိုပြန်၍စဉ်းစားမိသည်၊ ယခုကား မဟန်နိုင်အဆုံးတွင်မှ ဘုန်း ဘုန်းလဲရကြောင်းတွေးမိကာ အာဂန္တုခေတ္တာဆမျှဖြစ်သော သနား စိတ်ကလေးဝင်ရောက်လာလေသည်၊ သို့နှင့်အနီးတွင် ထိုင်ကာ တစုံ တရာကူညီရန် ဖော်ဆိုစမ်းသပ်ကြည့်ရင်းပင် ယခင်က မိမိအား ခေါ်ပြများလာက်မှုရင်း၊ ပလောင်ရိုင်းများလက်မှုရင်း၊ ချောက်ထဲမှ စိုးရိမ်ကြီးစွာ ရုန်းခဲ့လျက် အထက်သို့မရောက်ရောက်အောင် ခေါ် ဆောင်လာခဲ့သည်တို့ကိုရင်း၊ တခုပြီးတခု ဆက်ခါဆက်ခါ ပေါ် ပေါက် ထင်မြင်လာလေသည်။

ထိုခဏမှာပင် ဂူထဲမှ စဝေဖော်ကြီးနှင့် ကမန်းကတန်း ပြေးထွက် သွားသော မိမိတို့ဆရာအား စိတ်မချသဖြင့် တည့်တည့်လုံးထိုက်သုံ ရှာ ဖွေနေကြသူ တပည့်လေးငါးယောက်နှင့် ဓားစရာပို့သော အပေါ်

ကြီးပေါ်ရောက်လာကြပြီး ဖိုးရိမ်တကြီးနှင့် ဒိုင်းဖုံစမ်းထပ်ပေါ် ဂူကြီး ရှိရာသို့ မသောင်ယုကြလျက် ခင်ဘုန်းကိုလည်း အပေါ်ကြီးကပင် လက်ကို ဆွဲကိုင်ကာ ပြန်လည် မပေါ် ဆောင်လာခဲ့လေသတည်း။

x x

မိုးနဲ့မြို့ ပေါက်ကြီးတွင်ကား၊ မိုးနဲ့စော်ဘွားကြီးနှင့် အပေါ်ပေါ် စော်ဘွား၊ မြို့စားကြီးများသည် မိုးနဲ့မြို့ကြီးကို ခိုင်လုံစည်းကြပ်စွာ ပြင်ဆင်ထားရသော်လည်း ရွှေမြို့တော်ကြီးမှ နောက်ထပ် နှိမ်နင်း တိုက်ခိုက်ရန် တပ်တော်သစ်များ ရောက်လာလေဦးမည်လားဟု ဖိုးရိမ်သောက မအေးကြတဲ့ ရှိနေလေသည်။

သို့ရာတွင် ရွှေမြို့တော်၌လည်း အင်္ဂလိပ်များနှင့် စစ်ဖြစ်တော့ မယောင် သတင်းများ သန့်သန့်ကြားသိကြရသဖြင့် မိုးနဲ့သို့ စစ်တပ် ကြီးများ နောက်ထပ်ရောက်မည် မရောက်လာမည်မှာ အင်္ဂလိပ် အ ရိုးရနှင့် စစ်ဖြစ်မှုအားရန် သေချာပြီဖြစ်သော အရေးပေါ်တွင်သာ အခြေတည်၍နေသကဲ့သို့ ရှိနေသောကြောင့် ရွှေမြို့တော်ဆီမှ အ တွင်းရေးကို အရေးတကြီးသိရှိရန် အချိန်သင့်တော်နေသည်နှင့် စော် ဘွားကြီးများမှာ သူလျှိုစေလွှတ်ရန် အရေးနှင့်စပ်လျဉ်း၍ ရွှေစုန် ညီအား အရေးတကြီးတွေ့လိုနေကြပြီ ဖြစ်လေရာ အထောက်တော် များကို ရွေးကောက်တိုက်တွန်းနှိုးဆော်ကာ အပူတပြင်း လိုက်လံ ရှာဖွေစေတော့၏။

ကျောက်ဂူ ဆရန်းကြီးအတွင်း၌ ပြန်လည် ရောက်ရှိလာရသော ခင်ဘုန်းမှာ မိမိ၏ ကံကြမ္မာကိုသာ တွေးတော စိတ်နာမိရှာသည်၊ သို့ရာတွင် ယခုတစ်ခေါက် ရွှေစုန်ညီမှာ ဖက်ရာနှင့်အဖျားမအေနာကို ကုသနေဆဲ ဖြစ်သောကြောင့် မိမိထံသို့ လာရောက်နိုင်ခြင်းမရှိသေး ၍၊ ခပ်အေးအေး တွေးလိုရာ တွေးနေနိုင်သေးသည်၊ တခါတခါ လည်း ရတနာပုံနေပြည်တော်ကြီးသို့စိတ်ရောက်သွား၍ တခါတခါ



လည်း၊ မိုးနဲ့မြို့မှ သေပြေး ရှင်ပြေးထွက်ခွါ ထွက်ပြေး လာရပုံများ ကို စိတ်ရောက်သွားကာ၊ ယခုအခါ ဦးလေးကြီးဦးရွှေမောင် ညောင် ရွှေမြို့သို့ ရောက်ရှိနေရှာမည်၊ မိမိပျောက်ဆုံးသည့် အတွက်ကိုလည်း အပူကြီးပူ၍နေရှာလေတော့မည်ဟု တွေး၍သနားနေမိပြီး၊ အကြံ ပက်စက်သော မင်းကျော်ခေါင်ကိုလည်း တွေးမိတိုင်း ဒေါသထွက် မိသည်၊ တခါတခါလည်း သူ ငါ့ကိုချစ်ရှာလွန်းလို့ပဲ ထင်ပါရဲ့ လေ...ဟု ညှာညှာတာတာနှင့်သနားကြင်နာ၍လာမိပြန်သည်၊ သို့ရာ တွင် ဘုရင်က မြှောက်စားသူကောင်းပြုကာ၊ တပ်တော်ကြီးကို ဦးစီး စေလျက်၊ ယုံမှတ်စေလွှတ်လိုက်သည်နှင့်အမျှ အမှုထမ်း၊ ပေါ့လျော့ မှုကြောင့်၊ မိုးနဲ့မြို့မှ အရေးနိမ့်ခဲ့ကြရသည်တို့ကို တွေးမိကာ မင်း ကျော်ခေါင်၏ သူရသတ္တိမရှိမှုကို ရှုံ့ချမိပြီး၊ စိတ်အပျက်ကြီးပျက် ၍သွားလေတော့သည်။

ထိုညဉ့်အတိုမှာလည်း၊ မြူနှင်းများ သန့်ရှင်း ကြည်လင်လျက်၊ နက်ပြာရောင် ကောင်းကင်ပြင်ကြီးတွင်၊ ပြည့်ဝန်းသော ငွေ့လဝန်း ကြီးသည်၊ နက္ခတ်တာရာကလေးများ ခြံရံကာ၊ တင့်တယ်သာယာ စွာ ၎င်းနေသည်ကို တခါက သေမင်းခံတွင်းပမာ ခုနစ်ချလိုက်ဘူးသော ကျောက်ဂူပေါက်ကလေးမှ ကျောက်နံရံကို မှီ၍ထိုင်ပြီး၊ ငြိမ်းချမ်း သော ဖြစ်ရေးကုန်စင်တို့ကို စိတ်ဖြင့် မှတ်တမ်းတင်လျက် ရှိလေ တော့သည်။

ထိုအခိုက်မှာပင် သာယာ ကြည်လင်သော ဒုံးသရေသံကလေး ကို သဲ့သဲ့ ကြားလာရသည့်အပြင်၊ သရေသံနှင့်အတူ ပါလာသော သီချင်းသံမှာလည်း၊ ယခင်တခါက ကြားရဖူးသောသီချင်းသံဖြစ်နေ ပြန်သည်ကို သိရလေသည်၊ ဤတကြိမ်ကား ခင်ဘုန်းတွင် သရေသံ ကို သာယာသည်ဟု မထင်မှတ်နိုင်ဘဲ၊ ကြောသံမှ ဖျန်းကနဲ ကြက် သီးထကာ ကြောက်အားပိုလာပြန်သည်။

'သုလားပြန်ပြီ၊ ကြည့်စမ်း၊ တယ်နှစ်ရက်မှ မကြာသေးဘူး၊ နေကောင်းသွားပါပကော'

ဟု တယောက်ထည်း ရေရွတ်ပြောဆိုမိသည်၊ မကြာမီ ရတွင်းသို့ ရွှေစွန်ညိုဝင်လာသောအရိပ်အရောင်ကို တွေ့သဖြင့်၊ ခင်ဘုန်းမှာ တအက်သို့ ရှာကနဲ လှည့်လိုက်ပြီး၊ ဂုပေါက်မှ လရောင်ကျရာ အရပ်တို့ကို ကြည့်ရှုမျှော်မှန်းကာ နေလိုက်လေသည်၊ ရွှေစွန်ညိုသည် မိမိ၏ တမင်ရှုရှု တအက်သို့ လှည့်သွားသော ခင်ဘုန်းကို ပြုံးချိုရွှန်းစားသော မျက်လုံးများနှင့် ကြည့်လိုက်ပါ ခင်ဘုန်း၏အနီးသို့ လာထိုင်ပြီး...

'လမင်းကြီးရဲ့အရောင်အဝါနဲ့ အလွန်သာယာတဲ့ညဥ့်ဖြစ်ပါတယ်၊ ဒီလိုသာယာကြည်လင်ပြီး မျှော်ရှုင်စရာ ကောင်းတဲ့ ညဥ့်အခါမျိုးမှာ၊ ဒေါသ, မောဟ, စိတ်တွေငြိမ်းပြီးအချိန်ကုန်ဖေမယ်ဆိုရင်၊ အင်မတန် နှမြောဘို့ကောင်းပါတယ်'

ဟု ပြောလိုက်လျှင် ခင်ဘုန်းသည် မှုံတေတေကြီး နားထောင်နေလေသည်၊ တပန်မျက်စောင်းကြီးထိုးပြီး တအက်သို့ အနည်းငယ် တိုးရွှေ့သွားလေ၏။

ညို။ ။'အို... ခုတောင်မုန်းတုန်းဘဲလားခင်ရဲ့၊ ကဲ....ကဲ....မုန်းချင်ရင် မနက်မှ ဆက်ပြီးမုန်းပါ၊ ဒီနေ့ညဥ့်တော့ဖြင့် သာယာတဲ့လရောင်အောက်မှာ ချစ်ခင်တဲ့ မိတ်ဆွေများလို စကားတွေ ဟန်ဆောင်နေဘို့ တောင်းပန်ပါတယ်'

ဘုန်း။ ။(ဒုတိယအကြိမ် မျက်စောင်းထိုးကာ) 'ဒါနဲ့ပြသဿနာကြီး တယောက်ပို့-စကားလေးမှမိတ်ဆွေလိုသဘောမထားနိုင်ပါဘူး'

ညို။ ။'မောင်ငိုကို အားမနာသေဘ်လဲ ဟော....အပေါ်က ရွှေလမင်းကြီးကို အားနာပြီး စကားလောက်ကြည်ကြည်သာသာကလေး



နေလိုက်စမ်းပါခင်ရယ်၊ တောက်တောက်ခါးခါး မေတ္တာပင်မထားပေတဲ့ သနားရုံကလေးတော့ သနားလိုက်ပါသေးတယ်'

ဘုန်း။ ။(နှလုံးနာသောမျက်နှာနှင့် ကြည့်ကာ) 'ရှင်လူများ ပရိုညီးကို လုယက်တိုက်ခိုက်ပြီး၊ ရက်ရက်စက်စက် သတ်ဖြတ် နေတုန်းကော....သနားတဲ့ စိတ်များမပေါ်ဘူးလို့လား'

ညို။ ။'မောင်ငိုကိုယ်တိုင် ဒီနေ့-ဒီရက်အထိ ဘယ်သူ့ကိုမှမသတ်ခဲ့ဘူးသေးပါဘူး၊ ဒါပေတဲ့ တနေ့မှာတော့ လူတဦးရဲ့ အသက်ကို သတ်ပြီး ဂလဲ့စားချေရမဲ့ အခွင့်သာနံတော့ရှိပါတယ်'

ဤစကားသည် ခင်ဘုန်းအား ပိုမိုစက်ဆုတ်သွားစေသကဲ့သို့ ရှိလေ၏၊ ထို့ကြောင့် ခင်ဘုန်းသည်၊ ရွှေစွန်ညိုကို ခြေဆုံးခေါင်းဆုံးကဲ့ရဲ့ရှုံ့ချသော မျက်လုံးများနှင့်ကြည့်လိုက်ပြီကာ။

'ရှင်ဟာ-ရှပ်ရေးအပြောအဆိုနဲ့ မလိုက်အောင် မိုက်လုံးကြီးနေတဲ့လူဆိုးကြီးတယောက်ဖါကလား၊သူများအသက်ကို သတ်လို့ဘာအကျိုး ရှိမှာတဲ့လဲ'

ညို။ ။(ရယ်မောကာ) 'အကျိုးမရှိဘူးဆိုတာတော့ သိပါရဲ့ခင်များ၊ ဒါပေတဲ့ကိုယ့်ဆရာသမားရဲ့အတွက် ရက်စက်စွာဂလဲ့စားချေရစ်ပါမယ်ဆိုတဲ့ သစ္စာတခုကြောင့် ယခုလို တိုက်ခိုက်ဆိုးသွမ်းပြီး မင်းသားကြမ်းကြီး လုပ်နေရခြင်းပါ၊ ဒီကိစ္စကြီး ပြီးသွားရင် ဒါးပြဗိုလ် ရွှေစွန်ညိုဆိုတဲ့နာမည်ဆိုးကြီးကို တောဓိကမ္ဘာရဲ့ အပြင်အပသို့ လွှင့်ပစ်လိုက်မှာပါ၊ ဒါကြောင့်ဖြင့် မေတ္တာမပျက်လိုက်ပါနဲ့လို့ လေးလေးနက်နက်ကြီး တောင်းပန်ပါတယ်'

ဘုန်း။ ။'လူတအက်သားကို ဂလဲ့စားခြေဘို့ရာ သည့်ပြင်နည်းလမ်းတွေအများကြီး ရှိသေးတာဘဲ၊ ကိုယ့်ကိုယ်ကို လူဆိုးကြီးအမည်ခံပြီးမှ သူ့အသက် တချောင်းကို သတ်ပစ်မှ မဟုတ်ပါဘူး၊ ရှင်ပြောပြောနေတဲ့ မေတ္တာစကားတွေကို မကြားချင်ပေတဲ့ ဒီဂုဏ်

က ထွက်မပြေးနိုင်သေးခင် ကြိုးစားနားထောင် နေရအုံးတော့မှာဘဲ'

ညို။ ။'ဟင်....ခင့်ကိုလား မောင်မသော သမ္ဘီဂုထဲက တယ်မှ မသွားရဘူး'

ဘုန်း။ ။'ကျမက မပြေးနိုင်သေးတော့ ပြောကြသေးတာပေါ့'

ညို။ ။'တယ်လဲ ခေါင်းမာတော် မူတာကိုးခင်ရဲ့၊ မောင့်ကို ဒါလောက် လူတိုးကြီးထင်နေမယ်တဲ့ မဆိုပါဘူး၊ မောင်ဟာ အမျိုးကောင်းသား တယောက်ပါ'

ဘုန်း။ ။'အမျိုးကောင်းသား တယောက်က ဗီအလုပ်မျိုးလုပ်နေလို့ သာဆိုနေတာပေါ့'

ညို။ ။'အော်...ဗီကိုရည်း ရိုး မယ် ဖွဲ့ ပြောလှဒါ မောင့်အကြောင်း အစအဆုံးပြောပါမယ်၊ ဘယ်လိုကြောင့် ဗီဒါးမြ အလုပ်ကိုလုပ်ရတယ်ဆိုဒါ နားထောင်စမ်းပါခင်ရဲ့'

ဟု ဆိုကာ ထမင်းဖွဲ့၍ တဘက်သို့ လှည့်ထိုင်နေသော ခင်ဘုန်း၏ကိုယ်ကလေးကို မိမိနှင့်တည့်တည့်သို့ လှည့်ယူလိုက်ဒါ တည်ကြည်သော မျက်နှာနှင့် ဆက်လက်၍

'နတ်ရွာစံ မင်းတုန်း မင်းတရားကြီး၏ မြောက် ဆောင် တော်မိဖုရား နန္ဒဒေဝီ၏ သွေးတော်သိရိုးသမက်သော ဒေဝီဘွဲ့ခံ၊ ဆင်ရှင်မြို့စား မင်းသွေးနှင့် သက်ပန်းမိဖုရား၏သားတော် သိရိမဟာ ဓမ္မရာဇာ၊ သတိုးချည်သားလေးဘွဲ့ခံ ရွှေကူမြို့စား မင်းသားတို့ကို ခမည်းတော်မင်းတုန်းဘုရင်မင်းမြတ် ကိုယ်တော်တိုင် မောင်လယ် နမလယ်ချင်းရုံဘက်ထိမ်းမြားတော်မူတားသဖြင့် သားတော်ထိပ်တင် ကလေးကိုဘွားမြင်တော်မူတယ်၊ ရွှေကူမင်းသားရဲ့လက်စွဲတော် အချစ်တော်ဗိုလ်မှူးကလေး ခင်မောင်ညိုဆိုသူဟာ မောင်ပါဘဲ၊ မောင့်ဖခင်



ဟာ အသက်ထင်ရှားရှိစဉ်အခါက မင်းမှုထမ်း အရာရှိကြီး တဦးပါဘဲ'

'ယင်းရှုယ်စဉ်က မိဘများကွယ်လွန်လို့ သက်ပန်းမိဖုရား ထိမ်တော်မှာ သားတော် ရွှေကူမင်းသားနှင့် ညီရင်းအကိုလို ခင်မင်ပြီးကစားတော်မူနေခဲ့ရာမှ အချိန်အရွယ်ရောက်လို့ ခမည်းတော် မင်းတရားကြီးက သားတော် ရွှေကူမင်းသားကို သွေးတော် ဆင်ရှင်ထိပ်ခေါင်တင်ဘုရားနှင့် ရေသွန်းလက်ထပ်ပေးတော်မူပြီး ထိမ်တော်သီးခြားထားတော်မူတဲ့အခါ မောင့်ကိုလဲ အတူတကွ မခွဲမခွါ နေထိုင်စေရန် အမိန့်တော်ရှိလို့ ဗိုလ်မှူးကလေးဖြစ်သည့်တိုင်အောင် ရွှေကူကိုယ်တော်ကြီးထံမှာ မြဲမြံခစားနေရပါတယ်'

ဟု ဆိုကာ ရှေးဖြစ်ဟောင်းကို ပြန်လည် စဉ်းစား၍ မျက်နှာ မှုန်ညိုသွားလေသည်၊ ခင်ဘုန်းကား တုံးခြားခြင်းမရှိသေးဘဲ နားထောင်၍သာ နေလေသည်၊ ရွှေစွန်ညိုက စိတ်ရှည် လက်ရှည်နှင့် ဆက်လက်ဒါ အောက်ပါအတိုင်းပြောလေ၏။

× × ×

**အခန်း ၉။** တနေ့သည်၌မှာ ရွှေကူ ကိုယ်တော်ကြီးနှင့် နမတော် မယ်ရှင် ထိပ်ခေါင်တင်တို့သည် နှစ်ဒေါ်လည်ရှုယ် ယားတော် ထိပ်တင်လေးကို အလယ်ကထား၍ လက်ရုံတော်ရင်း ဗိုလ်မှူးခင်မောင်ညိုနှင့်အတူ ခေသတယ်ကို ရှေ့ရှုကြည့်ဆယ်ကာ ပျော်ရွှင်စွာ စံနေတော်မူနေစဉ် ဆင်ရှင် ထိပ်ခေါင်တင်မှာ တစုံတရာကို သတိတော်ရလို့ မျက်နှာတော် ညှိုးငယ်သွားရှာပြီး....

'မောင်မောင်ဘုရားရေ...ခေါင်ခေါင်တို့မှာဖြင့် ပျော်ပျော်ရွှင်

ရှင်၊ မေ့မေ့၊ လျှော့လျှော့ နေတော်မူလိုက်ကြပါ ခမည်းတော်
ဘုရားရဲ့ ဝေဒနာတော် သက်သာတော်မူမှ မလား'

ဟု ညည်းတွားတော်မူ၍မှ မဆုံးသေးမီ ခေါင်းပေါင်းဖြူ ပေါ့
လုံးအကျီလက်ကျယ် ရွှေစလွယ်နှင့် ဝန်ကြီးတဦး နောက်ပါ လက်
သုံးတော် သုံးလေးယောက်နှင့် အဆောင်တော်ထဲ ဝင်ရောက်လာ
ပြီး....

'ခမည်းတော်ဘုရား ဝေဒနာတော်မှာ သက်သာတော် မူလာပြီ
ဖြစ်ကြောင်း၊ သားတော်များကို အလှည့်ကျ ခေါ်တော် ဆက်သစေ
ရန် ဆန္ဒတော်ရှိသဖြင့် အတွင်းတော်သို့ ဝင်ရောက် ခစားစေလို
ကြောင်း တင်လျှောက်လာတဲ့အတွက် ရွှေကိုယ်တော်ကြီးမှာ ဝတ်
လဲတော်မျှ မလဲနိုင်၊ ခေါင်းတော် ရွှေမှုသိမ်ကိုသာ ကပြာကသီ ပေါင်း
ဆင်တော်မူပြီး ဝန်ကြီးများနှင့်အတူ လိုက်ပါတော်မူမည်အပြုတွင်
သလွန်တော်စွန်းနှင့် ပဆိုးစညိပြီး ရွှေ့ထိုးလဲတော့မည်အပြုတွင် ဗိုလ်
မှူးကလေး ခင်မောင်ညိုက ဆီးကြိုပွေ့ပိုက်ထားလိုက်ရသည်တွင် နမ
တော် ဆင်ရှင်ထိပ်ခေါင်တင်မှာ မျက်နှာသုန်မှုန်တော် မူသွားရှာ
သည်၊ ထိုအခိုက်မှာပင် အဆောင်တော် မျက်နှာကြက်ဆီမှ ထိမ်
မြောင် ရုတ်ထိုးသံ တချက်ကြားရပြန်သောအခါ တို့၏ မျက်နှာ
တော်ပျက်ပြီး မောင်တော်အနီးသို့ကပ်ပါ....

'ထွက်တော်မူလို့ သင့်လျော်ပါ့မလား မောင်မောင်၊ ခေါင်
ခေါင် စိတ်လေးတော်မူလှတယ်၊ မျက်ခုံး လက်ရုံးတွေကလဲ မကြာ
ခဏ လှုပ်လှုပ်နေလို့ စိုးရိမ်တော်မူပါ့တယ်'

ဟု ဆိုလျှင် ဝန်မင်းက....

'စိုးရိမ်တော်မူပါနဲ့ ထိပ်ခေါင်တင်ဘုရား၊ ထွက်တော်မူတို့အခိုက်နှ
လင့်ပါလိမ့်မည်၊ ဝုန်နေ အရှင့် ညီတော် နောင်တော်ဖြစ်ကြတဲ့ မင်း
သားများပင် ထရောက်စုံညီနေကြတော့မည် ဖြစ်ပါတယ်'



ဟု လျှောက်တင်ရာ ရွှေကိုယ်တော်ကြီးလည်း စိတ်တော်
တင်းပြီး ရှေ့ကကြွသွားရာ ဗိုလ်မှူးကလေး ခင်မောင်ညိုလည်း
နောက်ကပါလာ၍ ဝန်မင်းက လှည့်ကာ တားဆီးလျက်-

'ခမည်းတော်ဘုရားက အဆောင်တော်ကြီး အတွင်းသို့ သား
တော်များ တပါးချင်းသာ ဝင်တော်မူရပါမယ်၊ ကျေးကျွန် အမှု
ထမ်းများ မခေါ်ရပါဘုရား'

ဟု လျှောက်တင်သဖြင့် ရွှေကိုယ်တော်ကြီးလည်း ခင်မောင်ညို
အား နေရစ်ရန် မိန့်ကြား၍ ဆက်လက် ထွက်တော်မူသွားလေသည်၊
ဗိုလ်မှူးကလေး ခင်မောင်ညိုကား မျက်နှာပျက်သွားပြီး ထူးခြား
သော အမိန့်တော်ကြီးကို စဉ်းစားရင်း ကျန်ရစ်လေ၏။

ဆင်ရှင် ထိပ်ခေါင်တင်လည်း၊ ခင်မောင်ညို အနီးသို့ ရောက်လာ
ကာ။

'ညီ-နှင့်သခင်ကို ငါစိတ်ချတော်မမူဘူး၊ နင်အမှတ်တမဲ့ လိုက်
ကြည့်စမ်း၊ သူတို့တတွေ အကြံဆန်းကြပြီ ထင်တယ်'

ဟု မိန့်တော်မူလိုက်သောကြောင့် ခင်မောင်ညိုလည်း ရွှေနန်း
တော်ကြီးဆီသို့ အမှတ်မဲ့ ထွက်လာခဲ့လေသည်။

ခင်မောင်ညိုသည် ဗိုလ်မှူးအဝတ်အစားနှင့်ဖြစ်၍မင်းမှုထမ်းမှန်း
သိကြသည့်အလျောက် ရွှေနန်းတော်ကြီး၏ အရှေ့မင်းပေါက်ဝ
ဝိုင်း၌ အစောင့်စောင့် အခန်းခန်းသို့ လွယ်ကူစွာ ဖြတ်သန်းသွား
လာနိုင်သည့်အလျောက် အမှတ်မထင် ရှောက်ခါ ကြည့်ရှုစမ်းနေပြီ
သည်၊ အစောင့်စောင့်တို့တွင် ရေးယခင်ကကဲ့သို့ စိုစိုပြေပြေမရှိ၊
မင်းတရားကြီး မမာတော်မူသဖြင့် တိတ်ဆိတ် ခြောက်သွေ့နေသည်
ကို တွေ့ရပြီးလျှင် အစောင့်စောင့်ရှိ မှူးမတ် အရာရှိကြီးများနှင့်
အမှုထမ်းများလည်း တစုံတရာကို စေ့စေ့ ထိုင်ပင်နေကြပြီးလေလား၊
ငါးယောက်တစု ခြောက်ယောက်တစု တစုံတရာကို တိုးတိုးပေါင်း

ချင်းခိုက်နေကြသည်ကို တွေ့မြင်ရပြန်သောအခါ ခင်မောင်ညိုမှာ ပို၍ သက်သာမကောင်း ဖြစ်လာပါလေသည်။

မင်းတရားကြီးစံတော်မူရာ မှန်နန်း အဆောင်တော်ကြီးအတွင်းသို့ကား အတွင်းတော်မှအထူးရွေးချယ်၍ အခွင့်ပြုထားသော သမားတော်ကြီးများ မိဖုရားကြီးများနှင့်မှူးတော်မတ်တော်ကြီးများသာ ဝင်ရောက် ခစားရသဖြင့် ခင်မောင်ညိုမှာ အနားသို့မျှ မသီတံ့ချေ။ အဆောင်တော်ဝတွင် အစောင့်အနေများသည်း ပို၍ချထားလျက်ရှိသည်ကို တွေ့မြင်ရလေ၏။

ထို့နှင့် နေဝင်ရီတရော အချိန်သို့ ရောက်ခဲ့သောအခါ ခင်မောင်ညိုသည် မိမိရောက်ရှိနေသည့် အဆောင်တော်ကြီး တခုအတွင်းမှ ခပ်ထုပ်ထုပ်စကားပြောသော လူသံများ သဲ့သဲ့ကြားရ၍ နားစိုက်ထောင်မိရာ လူသံများမှာ ပျောက်တလှဲ့ ပေါ်တခါဖြစ်နေပြီး အဆောင်ကြီးမှာလည်း လေးဘက်မှ အလုံပိတ်ထားလျက် အဝင်ပေါက်ကြီးတွင်မူကား လှံကိုင် အစောင့်စစ် အမှုထမ်းသား နှစ်ဆယ်လောက် စီတန်း စောင့်ရှောက်နေသည်ကို တွေ့ရလေ၏၊ ခင်မောင်ညိုသည် ရွှေနန်းတော်ကြီးအတွင်းရှိ အဆောင်တခုအတွက် ဤမျှလောက် စစ်မှုထမ်းများ အစောင့်အနေ ချထားသည်ကို မည်သည့်အခါကမျှ မတွေ့မမြင်ခဲ့ရဘူးသောကြောင့် အကြောင်းထူးတခုခုတော့ ရှိလေပြီဟု အတတ်တွေးမိလာသည်၊ ထို့ကြောင့် စစ်သားများအနီးသို့ ခပ်ကြွားကြွားသွား၍ အစောင့်တာဝန်ကျသူ အကြီးအမှူး ထံ ပြန်မေး—

'ဟေ့...မင်းတို့ ဒီမှာ ကောင်းကောင်း စောင့်နေကြနော်၊ လူဘယ်နှစ်ယောက်လဲ ကောင်ဝင်ကော မပါဘူးလား၊ ရဲတွန်းတို့က ဘယ်မှာအစောင့်ကျသလဲ၊ နောက်ထပ် လူလဲမသာမခြင်း မင်းတို့ကို ဒီမှာထားရမယ်'



ဟု အမိန့်ပေးကာ အတွင်းဘက်သို့ အမှတ်မဲ့ ခေါင်းငုံ့ကြည့်လိုက်လျှင်၊ ခင်မောင်ညိုမှာ မိမိမျက်စိ၌တွင် တွေ့မြင်ရသော အချင်းအရာတို့ကို မယုံနိုင်အောင် ဖြစ်မိရှာသည်။

မြင်ရချက်ကား မဟာဂီသာသနေ၊ မဂ္ဂရာကိုယ်ခံတော်ကြီး၊ သိုးဆယ်ကိုယ်ခံတော်ကြီး၊ မိမိဆရာ ရွှေဂူမင်းသားကြီး၊ စလေ မင်းညီမင်းသားပေါင်း ၃၀ ကျော်လောက်အား၊ ကတ္တီပါကြိုးများနှင့် နှောင်ကြိုးလက်ပြန်ချီကာ ခေါင်းမွေးမွေး၊ လှံခမ္မခမ္မ ကိုင်သားသည့် စစ်သားများ ဝိုင်းရံ ဖမ်းဆီးထားသည်ကို တွေ့ရသည်၊

ဤတွင်လည်း မင်းတုန်းမင်းတရားကြီး ဝေဒနာတော်မှ မလွန်မြောက်နိုင်တော့ပြီဖြစ်၍ ဆင်ဖြူမရှင် မိဖုယားကြီးနှင့် အပေါင်းပါအချို့သော မှူးကြီးမတ်ကြီးများ၏ အစီအမံဖြင့် သူတို့ကြိုက်ရာ ကြံနိုင်ကြစေရန်၊ သားတော်ကြီးများကို မလိမ့်တပတ်နှင့် ဖေါ်ဆောင်ခေါ်ယူပြီး၊ လွှတ်တော်ကြီးအမိန့်နှင့် ဖမ်းဆီးထားလေပြီဟု ရိပ်မိလာတော့သည်၊ ခင်မောင်ညိုမှာ မိမိဆရာအတွက် အသားများ ဆတ်ဆတ်တုန်မျှ မခံမရပ်နိုင်ရှိလှသဖြင့် ဓါးလွယ်ကို မကြာခဏ စမ်းမိလေ၏၊ သို့ရာတွင် အခါမသင့် အခွင့်မလျော်သေးသောကြောင့် ဒေါသအိုးမွှိုင်ပိတ်ပါ၍ မသိမသာ စစ်သားများနှင့်ရောသွားနေရရှာလေသည်။ ရွှေဂူမင်းသားကြီးမှာလည်း ခင်မောင်ညိုအား မသိမသာအားကိုးသော မျက်နှာနှင့် လှမ်းကြည့်ရှာသည်။

အတန်ကြာသော် အရာရှိတဦးရောက်လာပြီး မင်းသားများအား ယခု အဆောင်တော်မှအစောင့်အနေကြပ်သည်ထက်ပို၍ ကြေးတိုက်တော်သို့ ပြောင်းရွှေ့ရမည်ဟု အမိန့်ပေးသောကြောင့် မင်းသားများကို ကြေးတိုက်တော်ဆီသို့ပို့ရန် အစောင့်အကြပ်ကိုယ်စီနှင့် တဦးပြီးတဦး၊ အစဉ်အတိုင်း ထုတ်ယူသွားလေ၏၊ ခင်မောင်ညို

လည်းအဆောင်ဝမှ အစောင့်များနှင့် ရောနှောရပ်နေရာမှ ရှေ့ရှု မင်းသားကြီး ထွက်လာသောအလှည့်တွင် မင်းသားကြီး၏နောက်မှ လက်ျာမြန်ကြီး ကိုင်ဆွဲတွဲခေါ်လာသည့် စစ်မှုထမ်းသားအား ထယ်စေ၍ မင်းသားကြီးကို မိမိကိုယ်တိုင် နောက်မှကြိုးကို ကိုင်ရင်းလိုက်လာပြီး ထီးတိုးလေသဖြင့်....

'ကိုယ်တော်ကြီးဘုရား၊ ဘယ်ပုံဖြစ်တော်မူကြတာလဲဘုရား'

ဟု မေးရာ မင်းသားကြီးလည်း မျက်နှာတော် ညှိုးညှိုးနှင့်ပင်

'မင်းမြင်တဲ့အတိုင်းပဲကွယ်၊ ကိုယ်တော်လဲ ဘာအကြောင်းမှ မသိရဘူး၊ ငါမင့်တုန်းခေါင်ခေါင်ကိုသားအမိကို မင်းဂရုစိုက်ပြီး စောင့်ရှောက်ပါကွယ်....'

ဟု အခြားအမှုထမ်းများ မရိပ်မိစေရန် ဟန်မပျက်ပြောရင်း လာခဲ့ကြရာ၊ ကြေးတိုက်တော်ကြီးသို့ ရောက်လာလေသည်။ အခြားအမှုထမ်းသားများလည်း ခေါ်ယူလာသော မင်းသားများကို ထပါပြီးတပ်၍ ကြေးတိုက်တံခါးကြီးအတွင်းသို့ သွင်းလိုက်ခါ လှည့်ပြန်ကြရာတွင် ခင်မောင်ညိုမှာလည်း အများနည်းတူ ဟန်မပျက် မိမိဆရာအား ကြေးတိုက်ကြီးအတွင်းသို့ သွင်းသားခဲ့ရပြီး နောက် မျက်နှာအောက်ချထား သင်ရှင် ထိပ်ခေါင်တင်ဘုရားထံသို့ ညိုးငယ်စွာပြန်လာခဲ့ရရှာလေ၏။

ထိပ်ခေါင်မှာ မျက်နှာညှိုးငယ်စွာ ပြန်လာသော ခင်မောင်ညိုကိုတွေ့ရသောအခါ စိုးရိမ်ထိတ်လန့်စွာမေးမြန်း စုံစမ်းတော်မူလျှင် ခင်မောင်ညိုလည်းလျှောက်တင်ရန်ခက်သောကြောင့် ခေါင်းကြီးအောက်စိုက်ခါ မကျေချမ်းသောမျက်နှာနှင့်လည်း တခါတခါ အကြိတ်ကြိတ်၍ ထိတ်ထိတ်လျက်ရှိနေလျှင် ထိပ်ခေါင်တင်သည် ပို မို တုန်လှုပ်သွားရှာသဖြင့် ခင်မောင်ညို၏ ပခုံးကို ကိုင်လှုပ်ခါ၍ မျာ မျာကြီးစွာနှင့်....



'ဟဲ့ ညို ရဲ့ မြန်မြန်သံတော်ဦးတင်စမ်းပါ၊ ငါ့ခင်ပုံတော်မျှက်ရဲ့၊ မောင်တော်များ ဘယ်မှာစံတော်မူရစ်သလဲ'

ဟု ချက်သလဲဆံပြော မေးတော်မူရှာသည်၊ ခင်မောင်ညိုလည်း မင်းသိုးကို ဝမ်းနည်းစွာမော်ကြည့်လျှက်....

'သတိထားတော်မူပါ ထိပ်ခေါင်တင်၊ အရှင်တို့သား မယ်တော် နှစ်ပါးကို ကျွန်တော်မျိုးခေါင်းထမ်း၍ စောင့်ရှောက်ပါမယ်၊ ဘာမှ အားငယ်တော်မမူပါနဲ့ ဘုရား'

ဟု အသံတုန်ကြီးနှင့် ပြောလိုက်သောစကားမှာ ထိပ်ခေါင်တင်အား ပိုမိုချောက်ချားစေပြန်လျက် ရင်တော်ကို လက်နှင့်ဖိ၍ တာ-

'ဘာ....ဘာ...ဘာပြောတယ်၊ ငညို နင့်မျက်နှာ ထိုလှပါက လား၊ မှန်တဲ့အတိုင်း တင်စမ်းပါ၊ မောင်တော်ဘယ်မှာစံတော်မူရစ်သလဲ'

ခင်မောင်ညိုမှာ မပြောလျှင်လည်း မပြီးသဖြင့် ခေါင်းကြီး အောက်စိုက်ခါ....

'ကိုယ်တော်ကြီးဘုရားမှာ အခြားမင်းညီမင်းသားများနှင့်အတူ ကြေးတိုက်တော်မှာ [*]စံတော်မူနေရပါပြီဘုရား'

ဟု စွန့်စားတင်လျှောက်ရသည်၏အဆုံးတွင် ထိပ်ခေါင်တင်မှာ ဆလွန်တော်ထက်မှ ရုတ်တရက် မေ့မေ့လဲကျသွားလေ၏။

ခင်မောင်ညိုလည်း သခင်မကို မကြည့်ရက်နိုင်ပေ၊ အပျိုတော် တွေ ဝိုင်းဝန်းပြေ့၍ နှိပ်နယ်နေကြသည်ကို မျက်နှာလွှဲကာ သကျိုး အကြောင်းစုံစမ်းမေးမြန်းရန် ထွက်လာခဲ့ပြန်သည်၊ တညလုံးလုံး

---

(မှတ်ချက်။ ကြေးတိုက်တော်ဆိုသည်မှာ၊ မင်းမျိုး မင်းနွယ် များ အတွက် သီးသန့်ထားသော အချုပ်ထောင်ဖြစ်သည်။)

ရောက်ခါစရှိနေပြီ၊ လင်းအားကြီးမှ အဆောင်တော်သို့ ပြန်ရောက်လာသောကြောင့် ထိပ်ခေါင်တင်၏အပါးသို့ ဝင်၍စေးပြန်လေ၏။

ထိပ်ခေါင်တင်ကား၊ ခင်မောင်ညိုကိုမြင်လျှင် ရင်ကိုထုကာ ငိုရှာပြန်သည်။

'ညို...ညို ငါမနေရစ်ဘူး၊ နင့်သခင်နောက်ကို လိုက်တော်မူမယ်'

ဟု ဆိုကာ လိုက်တော့မည်ပြင်ဆင်သောကြောင့် အပျိုတော်များဝိုင်းဝန်းဆွဲထားရလေ၏။

'သတိထားတော်မူပါ ထိပ်ခေါင်တင်ဘုရား'

ဟု ခင်မောင်ညိုက ဖြောင်းဖျလျှောက်တင်သည်တွင် ငိုယို မူဆေးတော်မူရာမှ....

'ဘယ်လို မှုပြစ်မျိုးကြောင့် မောင်မောင်တို့ကို ဖမ်းဆီးကြရပါသတဲ့လဲ၊ မည်းတော်ဘုရားကောသိတော်မူရဲ့လား၊ အကျိုးအကြောင်းသိရအောင် စုံစမ်းပါဦး'

ညို။ ။'ကျွန်တော်မျိုး တညလုံး လိုက်လံစုံစမ်းခဲ့ပါပြီ၊ အကြောင်းက ဒီလိုပါတဲ့ဘုရား၊ ရွှေနန်းရှင်မင်းတရားကြီးဘုရားမှာ ဝေဒနာတော်မှ လွန်မြောက်တော်မမူနိုင်တော့သည့်အတွက်၊ သားတော်ကြီးများကို မလိမ့်တပါတ်နှင့် ခေါ်ယူ ဖမ်းဆီး၊ အတွင်းကြေးတိုက်တော်ကြီးမှာ အချုပ်အနှောင် ချထားပြီး၊ မင်းတရားကြီးအမိန့်တော်နဲ့ သိပေါ မင်းသားကလေးကို မနေ့ကပင် ထီးရှင်နန်းတော်မူလိုက်သတဲ့၊ ဆင်ဖြူမရှင် မိဖုရားနဲ့ လွှတ်တော်ဝန်ကြီးတချို့၏ မတရားတဲ့ အတွင်းစနက်ပို့ အခက်တော်ကြုံကြရပါတော့မယ်ဘုရား'

တင်။ 'အို... အကြံပက်စက် ဆန်ကောလောက်မှ ဖောက်မနက်ကြပါကလား၊ မဖြစ်နိုင်ပါဘူး ညိုရယ်၊ မည်းတော်ဘုရား



ဟာ ဒီမင်းသားကလေးကိုဘယ်နည်းနှင့်မှ သားတော်ကြီးများထက် လွန်ကဲပြီး သဘောတော်မမူခဲ့ဘူးတဲ့၊ ဒီလောက်ရက်စက်တဲ့ အမိန့်တော်မျိုးကို မပေးရိုးအမှန်ဘဲ၊ မည်းတော်ဘုရားကို ဒီအကျိုး အကြောင်းတွေ သိတော်မူအောင် ဘယ်လို ကြံဆောင်ရပါမလဲ၊ နှင်မယ်မယ်ဘုရားတို့အဆောင်တော်တွေ သွားစုံစမ်းပါဦး၊ သည်ကိစ္စမှာ မယ်မယ်များတို့လို မိဖုရားတွေသာ၊ မည်းတော်နား ပေါက်ကြားအောင် သံတော်ဦးတင်နိုင်ရာ ရှိတော့တယ်ဟဲ့၊ ကဲ ကဲ မြန်မြန် သွားစုံစမ်းပေါ့၊ အနောက်ဝန်မင်းကို အရေးရှိ၍ အနောက်ဆောင်သို့ဝင်လို့ကြောင်း အခွင့်တောင်းပြီး ဝင်ပေတော့၊ တကယ်လို့ မဝင်ရဘူးဆိုမှ ငါ့ဆီက အထိန်းတော်ကြီးကို စေလွှတ်တော်မူမယ်'

ဟု မိန့်တော်မူကာ စုံစမ်းရန် စေခိုင်းတော် မူပြန်သည်နှင့် ခင်မောင်ညိုထွက်ခွာလာခဲ့ရပြန်သည်၊ ထိပ်ခေါင်တင်ကား မျက်ရည်နှင့်မျက်ခွက်ပင် ခင်မောင်ညိုထံမှ သတင်းထူးများကို စောင့်စားနေတော်မူရှာလေသည်။

နောက်တနေ့ညနေသို့ ရောက်သောအခါ၊ ခင်မောင်ညိုသည် အားတက်ရှင်လန်းသော မျက်နှာနှင့် ထိပ်ခေါင်တင်၏ ရှေ့တော်သို့ ရောက်လာလေ၏။

ညို။ ။'ထိပ်ခေါင်တင်ဘုရား၊ ကိုယ်တော်ကြီး လွှတ်တော်မူပါပြီ၊ ထိပ်ခေါင်တင်တို့သား မယ်တော်နှင်ပါ၊ မြောက်ဦးမျှော်တော်သို့အမြန်ထွက်တော်မူပါတဲ့ဘုရား'

တင်။ ။(ဝမ်းသာအားရနှင့်) 'အို...ခုမှဘဲ စိတ်တော်အေးရတော့တယ် ညိုရယ်၊ ဒါလောက်စနစ်ပေါ်ဦး၊ မောင်မောင်က ထိပ်တော်ကိုမကြွလာသေးဘဲ၊ ဘာ့ကြောင့် မြောက်ဦးမျှော်တော်မှာ စံတော်မူနေရတာတုန်းဟဲ့'

ညို။ ။'အကြောင်းက သည်လိုပါဘုရား၊ သားတော်ကြီးများကို ရှုတ်တရက်ဖမ်းဆီးခြကျဉ်းဖို့ ဝိုက်ချုပ်နှောင်းသားကြောင်းကို မကွရာ ကိုယ်တော်ကြီး, သုံးဆယ်ကိုယ်တော်ကြီးတို့၏ မယ်တော်များနဲ့၊ ကျွန်တော်မျိုးတို့ ရွှေဂူကိုယ်တော်ကြီးနှင့် ထိပ်ခေါင်တင်ဘုရားရဲ့ မယ်တော်များဖြစ်ကြတဲ့ မြောက်ရွှေရေး ဆောင်တော်မိဖုရား၊ သက်ပန်းမိဖုရားများ,တစုတရုံးသည်း မင်းတရားကြီးဘုရားအဆောင်တော်ငင်၍ အကျိုးအကြောင်းငိုယိုသံတော်ဦးတင်ကြတဲ့အတွက် မင်းတရားကြီးဘုရားက ငါမသေသေးတဲ့နှင့်မင် ဤသို့ဖြစ်ကုန်ကြပြီလား၊ ငါ့သားတော်များကို ရှေ့တော်သို့ခေါ်ခဲ့ရမယ်လို့ အမိန့်တော်ရှိပါတယ်'

ထင်။ ။'ဆင်း.... မည်းခံတော်ဘုရား သည်လို အကြံတော်မပက်စက်ပါဘူးလို့ ငါအပြောသားမဟုတ်လားညို၊ ကဲ ကဲပြောစမ်းပါအုံး'

ညို။ ။'အမိန့်တော်အတိုင်း မကြာခင် သားတော်များရှေ့တော်သို့ ရောက်ကြရာ မင်းတရားကြီးကိုယ်တော်တိုင် သားတော်များကို အကျဉ်းမှလွှတ်တော်မူပြီး သားတော် သုံးဆယ်မင်းသားကြီးကို အထက်ချင်းတွင်းခရိုင်၊ သားတော် မကွရာမင်းသားကြီးကို တောင်တွင်းကြီးခရိုင်မှစ၍ သားတော်ကြီးများကို အသီးသီးဘုရင်ခံခန့်ထားတော်မူလိုက်ပါတယ်။ ရွှေမြို့တော်မှာ အတွင်းရေးရှုပ်ထွေးတွယ်ရာတွေ မြင်တော်မမူလားမသိ၊ ဘုရင်ခံခန့်ထားတော်မူသော သားတော်ကြီးများကို စရိတ်ငွေတော် အမြောက်အမြားပေးသနားတော်မူပြီး အခြားနီးစပ်ရာ ညီတော်, နှစ်မတော်, ကြင်ယာမြောက်သား,အခြွေအရံ ကျေးကျွန်များပါ သိုသလောက်ခေါ်ယူပြီး အလျှင်အမြန် နေရာချင်းညစ္စချင်းပင် ချီတက်စေရန် မိန့်တော်မူပါသည်။ သို့အတွက် အနောင်အဖွဲ့မှ လွှတ်လာသမျှ



သားတော်များမှာ မြောက်ဥယျာဉ်တော်ထဲတွင် နှမတော်, မယ်တော်, ကြင်ယာတော်စသောသူများနှင့် နှုတ်ခွန်းဆက်သကြရပါမည်။ သည့်အတွက် ထိပ်ခေါင်တင်ဘုရားတို့ သား မယ်တော်နှစ်ပါးကို ကျွန်တော်မျိုးကိုယ်တိုင် အကြိုတော် ရောက်ရခြင်းပါဘုရား....'

ဟု ပြောလျှင် ထိပ်ခေါင်တင်လည်း သားတော်ထိပ်တင်လေးအား အထိမ်းတော်ကြီးအား ချီစေလျက် ခင်မောင်ညိုနှင့်အတူ အမြန်ထွက်တော်မူခဲ့လေ၏။

မြောက်ဥယျာဉ်တော်သို့ရောက်လျှင် ရွှေဂူမင်းသားနှင့် ထိပ်ခေါင်တင်တို့သည် သားတော်ကလေးကို တလှည့်စီချီကာ မယ်တော်မိဖုရားများနှင့်အတူ ဝမ်းနည်းဝမ်းသာ နှုတ်ခွန်းဆက်သနေကြသကဲ့သို့ပင် အခြားသော မင်းသားများမှာလည်း အသီးအသီး နှမတော်,မယ်တော်, သားသွီး ခြွေရံကျေးကျွန်များနှင့် နှုတ်ခွန်းဆက်သလျက် ချီတက်ရန်အရေး ဆွေးနွေးတော်မူကြလေ၏။ ထိုအခိုက်မှာ ခင်မောင်ညိုလည်း သူ၏သခင်များအနီးတွင် ရှိလေရာ မလှမ်းမကမ်းမှ လက်နက်ကိုင် စစ်သူသည်းသားများ ပြေးလာနေကြသည်ကို မြင်ရသဖြင့် သက်ဘမကင်းစွာနှင့် ကြည့်နေမိစဉ် စစ်သားများသည် ရှိသမျှသော မင်းသား,မင်းသွီးနှင့် မယ်တော်ကြီးများပါမကျန် ခြွေရံကျေးကျွန်များကိုပါ လွှတ်တော်ကြီးက အမိန့်ဟုဆို၍ ဝိုင်းဝန်းသိမ်းဆီးပြန်သည်။

ခင်မောင်ညိုလည်း လွယ်ထားသောဓါးကို နှုတ်ပေးမည့်ဟန်နှင့် ရွှေဂူမင်းသားနားသို့ကပ်ခါ....

'ကိုယ်တော်ကြီးဘုရား ခုစံတော်မူပါ'

ဟု ပြောမိရာ မင်းသားက မျက်ရိပ်ပြလျက်....

'ခမည်းတော်ဘုရား ရှိပါသေးတယ် ကိစ္စမရှိပါဘူး။ သူတို့က

အကြံဦးနေမှလဲ ခုမှလို့မဖြစ်ပါဘူးညီရယ်၊ ငါ့သားတော် ထိပ်တင်လေးကိုသာ စောလှထဲက ဆောင်ယူပြီး စောင့်ရှောက်လိုက်ပါတော့'

ဟု ဆိုသောကြောင့် ခင်မောင်ညိုလည်း၊ မိမိတို့ အနီး ထိုစစ်သားများရောက်ရှိ ထိပ်တင်လေးကို ပွေ့ချီထားသော အထိမ်းတော်ကြီးအား လက်ဆွဲကာ၊ သင်ပင်ကြီးသစ်ပင်ကြားများမှ ရုန်းကြယ် ပြေးထွက်လာခဲ့ရလေသည်။ ခင်မောင်ညိုနှင့် အထိမ်းတော်ကြီးတို့ မြောက်ဦးယျာဉ်တော်ထဲမှ ထွက်မိသောအခါ၊ ကျန်ရစ်သော မင်းသား၊ မင်းသမီး ခြွေရံသင်းပင်းတစုလုံးမှာ မြူးမိသော ငါးကဲ့သို့ စစ်သားများအလယ်တွင် မိမိ၍နေရှာကြသည်ကို တွေ့မြင်လိုက်ရလေသည်။ ခင်မောင်ညိုသည်၊ အထိမ်းတော်ကြီးအား လမ်းရိုးတွင်တွေ့ရသည့် ဆင်းရဲလှသော ဟင်းရွက်သည် အမယ်ကြီးထံမှ အဝတ်အစားများကို လဲလှယ် ဝတ်ဆင်စေကာ ထိပ်တင်အစလေးကိုလည်း၊ ဟင်းရွက်တောင်းထဲသို့ ထည့်စေ၍ အပေါ်မှ သစ်ရွက်သစ်ခက်တို့နှင့် ဖုံးလွှမ်းပြီး ရုပ်သဏ္ဌာန်ပြောင်းလဲပေးလိုက်ခါ....

'ဟဲ အထိမ်းတော်ကြီး၊ ကျော်မိုး တံခါးအထွက်က ညောင်ပင်ကြီးအောက်မှ အမှတ်မထင်စောင့်နေပါ၊ ကျွန်တော်ရုပ် ပြန်လာခဲ့ပါမယ်'

ဟု ပြောဆိုမှာထားပြီး မြောက်ဦးယျာဉ်ဆီသို့ ပြန်ထွက်သွားလျှင် အထိမ်းတော်ကြီးလည်း၊ ခေါင်းပေါ်သော တောင်းငယ်ကို ရွက်ခါ၊ ဟင်းရွက်သည်သဏ္ဌာန်နှင့် မြို့တွင်းမှ သုတ်သီးသုတ်ပြာ ထွက်သွားရှာလေ၏။

ခင်မောင်ညို ပြန်ရောက်လာသောအခါမူကား မြောက်ဦးယျာဉ်တော်အတွင်းဟာလာဟင်းလင်း တွေ့ရလေသည်။ မှိုလိုမှိုငြား မြေး



လိုက်သွားသောအခါ၌ မင်းသားမင်းသမီးများမှာ ကြေးတိုက်တံခါးဝသို့ရောက်၍နေကြလေပြီ၊ ခင်မောင်ညိုလည်း၊ အားမလျှော့ဘဲ၊ အမှုထမ်းသားများနှင့်ရောနှောကာ ကြေးတိုက်အတွင်းသို့ ဝင်လိုက်သွားပြီ။ တုတ်နှောင်ထားသော ရွှေမင်းသားနှင့် ဆင်ရှင်ထိပ်ခေါင်တင်တို့ အနီးတွင် အစောင့်လှည့်ကျသော စစ်သားပမာ တောင့်တောင့်ကြီးရပ်ခါ နေလိုက်လေသည်။

ခင်မောင်ညိုသည် လှံကိုင် စစ်သားတဦးအဖြစ်နှင့် တောင့်တောင့်ကြီးရပ်နေရာမှ မသိမသာ အချက်ပြလိုက်သောကြောင့် မင်းသား မင်းသမီးများအနီးသို့ အမှတ်မထင် ရောက်လာလေသည်၊ နှစ်ပါးလုံးကပင်....

'တို့တော့...ရေထဲမှာ နစ်ရပြီကွဲ့၊ ကျန်ရစ်တဲ့ သားတော်ကလေးကို အသက်ပေးပြီး စောင့်ရှောက်ပါတော့ကွယ်၊ ငါ့တပည့်ကြီး အသမံ့ရင် ငါတို့ပျော်ပျော်ကြီးတဲ့ သေပွဲဝင်ခံ့ပါပြီ'

ဟု တိုးတိုးပြောရှာ၍ ခင်မောင်ညိုကလည်း....

'ထိပ်တင်လေးအတွက် စိတ်ချတော်မူပါ၊ ကျွန်တော်မျိုး အသက်နဲ့လဲစောင့်ရှောက်ပါမယ်၊ အရှင်တို့ လွတ်မြောက်ရေးကိုလဲ ကျွန်တော်မျိုး တတ်နိုင်သလောက် ကြိုးစားပါမယ်'

မင်းသား။ ။'ဘယ်နည်းနဲ့မှ ငါ့တပည့် မကြံနိုင်ဘူး ထင်တယ်၊ အလယ်နန်းတော် ဆင်ဖြူမရှင်ရဲ့ အကြံက ဦးနေပြီ၊ သည်ကြေးတိုက်တော်ထဲ၊ မင်းသား မင်းသမီးများမှာ ကျားသနားမှ နွားချမ်းသာမဲ့ ကိန်းကျနေပြီ'

မင်းသမီး။ ။'ခမည်းတော်ဘုရား သိအောင် ကြံနိုင်ရင်တော့ လွှတ်မှာဘဲ ညီရဲ့၊ ခမည်းတော်ဘုရားကို မြန်မြန်သွားပြီး သံတော်ဦးတင်နိုင်ဖို့ အရေးကြီးတယ်၊ လွှတ်တော်ဝန်များဟာ သား

တော်များသာမက သွားတော် ပိန်းမသားကိုပင် ကြေးတိုက်တော်တွင် ဘမ်းဆီးထားပြီးပါပြီလို့ လျှောက်တင်စမ်းပါ'

ညီ။ ။'ကြီးတော်ပါမည်ဘုရား၊ စိတ်ချတော်မူပါ'

မင်းသမီး။ ။'ငါ့သားတော်ကလေးကောဘဲ့၊ ခုနှယ်မယ်မယ့်ကို လွမ်းပြီး ငိုကြွေးမြည်တမ်းနေတော် မူရှာမှာဘဲနော်'

ညီ။ ။'ထိုပ်တင် ကိုယ်တော်လေးအတွက်လဲ၊ စိတ်အေးတော်မူပါ၊ အေးလွှတ်ရာ ပို့ထားပါပြီဘုရား'

ယင်းသို့ရှိနေစဉ် အစောင့်အနေကျသော အခြားတပ်သား သင်များ ဝင်ရောက်လာပြီး အကြီးအမှူးတို့က စစ်ဆေးစီမံကာ နေရာချထားနေသဖြင့် ခင်မောင်ညိုသည် မိမိမျက်နှာကို မမှတ်မိစေရန် မောက်တို့ကိုပေ်ငိုက်ငိုက်ဆောင်းကာ အပြင်သို့ထွက်လာရလေသည်။

ခင်မောင်ညို မြို့တံခါးအထွက်သို့ရောက်လျှင် အထိမ်းတော်ကြီးအား မှာထားသည့်အတိုင်း ညောင်ပင်အောက်တွင် အသင့်တွေ့ရလေသဖြင့် ခင်မောင်ညိုသည် အထိမ်းတော်ကြီးနှင့် သားတော်ကလေးအား သူ၏မိတ်ဆွေ ဆင်ဝန်မင်းထံသို့ခေါ်လာပြီး၊ ခေတ္တတည်းခို နေထိုင်ရန် ပြောဆိုအပ်နှံထားခဲ့သည်၊ ဆင်ဝန်မင်းကလည်း ရှေ့မင်းသားကြီး၏ ကျေးဇူးမကင်းသူသဖြင့် သားတော်ကလေးအား လုံခြုံစွာ စောင့်ရှောက်ထားပါမည်ဟု အာမခံလိုက်လေ၏။

ခင်မောင်ညိုလည်း မိဖုရားများရှိရာသို့ အကျိုးအကြောင်း စုံစမ်းရန် ရောက်လာပြန်သည်၊ ဤအကြိမ်တွင်ကား၊ အချို့ ဘမ်းဆီးရမပါသော မိဖုရားများသည် အဆောင်တခုတည်းတွင် ခေါင်းချင်းဆိုင်၍ ကြိတ်ခဲငိုနေကြရှာသည်ကို တွေ့ရလေသည်၊ ခင်မောင်ညို အကျိုးအကြောင်း လျှောက်တင်ကြည့်သောအခါ၊ မိမိတို့သား



တော် သွီးတော်များအတွက် လျှောက်တင်မည် သူ့ကြရာ အဆောင်တော်ဝတွင် ဆင်ခြူမရှင် မိဖုရားနှင့်ဘာသူ၊ အစောင့် အရောက်များက မင်းတရားကြီး ဘုရား၊ ဝေဒနာတော် တိုး မည်စိုးရိမ်ရသည့်အတွက် မည်သူမျှ စိတ်တော် အနှောင့်အယှက်ဖြစ်မည့် စကားများ မလျှောက်တင်ရ၊ အတွင်းတော်သို့လည်းမည်သူမျှမဝင်ရဟုအကြပ်အတည်းတားဆီးထားသဖြင့် သိတော်ဦးတင်ခွင့် မရတော့ကြောင်း သိရလေသည်၊ ခင်မောင်ညိုလည်း မထက်မသာနှင့်ပင် ထိုအဆောင်မှ ထွက်ခွါလာပြီး အခြားနည်းများကို စုံစမ်းနေပြန်လေ၏။

ကြီးမားရှည်လျားသော ကျွန်းသစ် တိုင်လုံးကြီးများကို ထောင်လျက် ကာရံထားပြီး အတွင်းမှ လယ်ဆပါးကြာ နှစ်ထပ်နှင့်၊ အုဋ်စီအုဋ်ကာ ကြေးတိုက်အဆောက်အဦးကြီး အတွင်းရှိ မင်းသားမင်းသမီးများမှာ လွတ်မြောက်ရေးကိုသာ သက်ကသေးတာဆန့်ဆန့်နှင့် မျှော်နေမိရှာသည်၊ အချို့သက်ကြီးသော မင်းသားကြီးများကား မျက်နှာထားမမှုမဲ့၊ ဤသို့ဘမ်းဆီး ချုပ်နှောင်ထားခြင်းခံရသည်ထက် မြန်မြန်ကားတက်သေလိုကြောင်း၊ သိမ်ပါမင်းသားကလေးအား ပေ်ကျိုးယဲနာပေါ်၍ ရေရွတ်သဲရေးလျှောက်ရှိပြီးလျှင်၊ ထိုးအယ် ကိုယ်တော်ကြီးကား ယောကျ်ား အာ ဇာနည်တပါး ဖြစ်သည့် အားလျော်စွာ၊ မြင့်မား သော သစ်တိုင်အရံအကာကြီးကို ခုန်လွှားထွက်မြောက်ပြီးလေပြီ၊ သို့ရာတွင် ကျိန်ရစ်သော ညီတော်ကို ငဲ့ညှာသဖြင့် ပြန်ဝင်လာပြီး နောက်တကြိမ်ညီတော်ကိုထမ်း၍ ခုန်ထွက်သောအခါ သစ်ကိုင်းထိပ်နှင့် ပုဆိုးစအငြိတွင် အစောင့်အနေများ သိသဖြင့် ပြန်လည်ဘမ်းဆီးထားရှာသည်။ အချို့စိတ်အားပျော့လှသော မင်းသားများနှင့် မိန်းမသားတို့မှာ ကြောက်ရွံ့ခြင်းပြင်းစွာနှင့် ငိုရှိုသာ နေရှာကြသည်။

ဤသို့ ရှိနေကြသည့် အတောအတွင်းတွင် နောက်တနေ့၌ မင်းသားမင်းသမီးများသည် ခါတိုင်းကဲ့သို့ ဗဟိုရ်စည်, ခေါက်စည်သံများကို မကြားရတော့သဖြင့် နေပြည်တော်မင်းတရားကြီး လူမြည်ပြီး၍ နတ်ထီးစံကြောင်းသိရကား၊ မိမိတို့ လွတ်မြောက်ရေးအတွက် နေပြည်တော်ကို အားထားမြော်လင့်နေရှာကြသူများမှာ မျှော်တောင်ကြီးပြိုရချေမဲ့တော့ပြီဟု ပြင်းပြစွာငိုကြွေးရှာကြလေ၏။

ထိုနေ့မှ၍ ကြေးတိုက်တော်ကြီးတွင် အစောင့်အနေ ကြပ်တည်းကျသည်နှင့်ခင်မောင်ညိုမှာအနီးသို့ပင်မသီလာနိုင်ရှိလေသည်။

နေ့ရက်များသည်း တဖြည်းဖြည်း ကုန်ခမ်းလွန်မြောက်လာခဲ့လေ၏။ ထိပ်တင်လေး ပုန်းလျှိုးခိုကိုးနေရရှာသော၊ ဆင်ဝန်မင်းအိမ်မှာလည်း ဆင်ဝန်မင်းနှင့် ဆင်ဝန်ကတော်တို့မှာ ခေါ်သလက်ခံထားမှုနှင့် လင်မယားကြားက စကားများနေကြရလေသည်။ ဆင်ဝန်ကတော်၏သဘောထားကား ရာဇဝတ်အပြစ်မကင်းသော မင်းသားကလေးအား လက်မခံထားလို၊ သီပေါမင်းက ထိုနန်းကို သိမ်းမြန်းရိုက်ချိုးနှုပြီးနှိပ်၍ သီပေါမင်း၏ရန်သူကဲ့သို့ ဖြစ်နေသော မင်းသား ထိုလက်အရွယ်ကလေး မိမိတို့အိမ်၌ ထားမိခြင်းအတွက် မိမိတို့အပေါ် အမှုမရောက်ရန် မကြာမီ ဦးမိအောင်၊ မျက်နှာရမအောင်၊ ထွားရှိသတင်းပေးလိုက်လိုသူတွင် ဝန်မင်း၏ဟန့်တားမှုကြောင့် မအောင်သက်သက်နှင့် နေခဲ့ရသည်။ ထို့သော် ဝန်ကတော်မှာ ဝန်မင်းအပေါ်၌ ဩဇာလွှမ်းမိုးသူဖြစ်သောကြောင့်၊ အသိမ်းတော်ကြီးမှာ အကာဓမရှိသော ဝန်ကတော်ကြီးကို မြင်ရတိုင်း၊ ထိပ်တင်လေးတော့ အသက်ကြောင့်ကြောင့်မှ မရှုနိုင်ရှာ ရှိလေ၏။ ခင်မောင်ညိုလည်း မိမိအရှင်သခင်များကို အခါခါတွေ့ရတိုင်းတွေ့ရခြေခြင်းသာလျှင် ၄ ါးကြေးတိုက်တော်အနီးအပါးသို့ နှစ်ရက်ခြား-သုံးရက်ခြားဆိုသလို မပေါင်မလည် သွားလာနေမိလေတော့မှ အစောင့်



အနေများကြပ်တည်းလှသဖြင့် အတွင်းသို့ဝင်ခွင့်မရခဲ့ပေ၊ သို့နှင့်တစတစ သုံးလကျော်-လေးလတွင်းသို့ပင် ရောက်ခဲ့လေသည်။ ထိုအတောအတွင်း သီပေါမင်း၊ ရာဇဝိသေသ ဘိသိက်ခံပွဲအတွက်၊ မှူးမတ်အရာရှိကြီးများ အထူးအလုပ်များနေကြကြောင်း သိရသည်။ ချုပ်လှောင် ထားသောမင်းသားမင်းသမီးများကိုလည်း၊ အကျယ်ချုပ်နှင့်ထားရန်၊ မြို့တွင်း အနောက်မျက်နှာတွင် အုတ်ဝင်းနှင့် ကာသော အဆောက်အဦး တဲတန်းကြီးများ ဆောက်လုပ်ရန် စီမံနေကြကြောင်းနှင့်တကွ၊ သီပေါမင်း၏မယ်တော်ကြီးအတွက်လည်း၊ အိမ်ဖြူတော်သိမ်းအခမ်းအနားများကို စီမံစိုင်းပြင်နေကြကြောင်း သိရသဖြင့် မင်းသား မင်းသမီးများအတွက် ငတ်ထရက်အချုပ်အနှောင်မှ မလွတ်သေးသော်လည်း၊ အသက်အန္တရာယ်ကို စိုးရိမ်ရန်မရှိတော့ကြောင်းသိရသဖြင့် အတော်အတန်စိတ်အေးရလေသည်။ ထိုရာတွင် ခင်မောင်ညိုကား၊ စိတ်မလျှော့ဘဲ၊ မိမိသခင်များနှင့်တွေ့နိုင်ရန် ကြေးတိုက်ကြီးအနီးသို့သာ မြဲလာခဲ့လေရာ၊ ထိုနေ့အချိန်မှာ ကြေးတိုက်တော်ကြီးတွင် အစောင့်လူသူ ဆိတ်ကင်းလျက် ဟာလာဟင်းဖြစ်နေသည်ကိုတွေ့ရလေ၏။ ထို့ကြောင့်အတွင်းသို့ ကပြာကယာ ဝင်၍ စုံစမ်းလိုက်သောအခါ၊ ပျင်းရိစွာ ငေးငိုနေသော စောင့်တဦးထံမှ မင်းသား မင်းသမီးများအား ရာဇဝတ်ဆောင်ကြီးသို့ ပြောင်းရွှေ့ ထားလိုက်သည်မှာ ၂ ရက်ခန့်ရှိပြီဖြစ်ကြောင်း သိရလေ၏။

ရာဇဝတ် ဆောင်ကြီးမှာ ဆင်းရဲသား ရာဇဝတ် သားများပေါတွေးရော ယှက်တင်ရှိ၍ ထောင်တွင်းသို့ အဝင်အထွက်တွင်၌ မိမိတို့ကဲ့သို့ ဗိုလ်မှူးတဦးအသို့မှာ အထူး လွယ်ကူကြောင်း၊ သိရသဖြင့်၊ ခင်မောင်ညိုမှာ ရာဇဝတ်ဆောင်ကြီးသို့ ကပြာကယာ ပြေးလိုက်လာလေ၏။

တောင်ကြီးသို့ ရောက်လျှင် အာကာသပါးကွက် တယောက်နှင့် ရင်ဆိုင်တွေ့ရ၍ မင်းသားများ အကြောင်း စုံစမ်းရာ၊ ပါးကွက်အာကာသားကြီးလည်း ကွမ်းရာကို တမြုံ့မြုံ့ ဝါးရင်း အေးအေး တောလေသံဖြင့်...

'ဒီနေ့ မနက်ချက်ထိုးက လက်သုံးတော်ကြီးများကိုယ်တိုင် လာပြီး၊ မကွေးကိုယ်တော်ကြီးအစ သာဂရကိုယ်တော် ကလေးအဆုံး သားတော်၊ သမီးတော်၊ မြေးတော်ပေါင်း ၄၀ ကျော်ကို၊ တခါတည်း ကိုစုတုန်းဆောင် သုံးတန်းပေးပြီး စီရင်သွားပြီဗျ၊ မဟာဆီ၊ မဟာဇေဗျူ၊ မြေမကျရအောင် ဆိုပေမင့် သတ်ရတဲ့လူတွေက များတော့ ဓုတ်ကလေးနဲ့ လည်မျိုကိုမထေမခြင်း ငိုက်ငိုက်သတ်ရတာ အချိန်ကတော်ကြာတယ်၊ ဒါကြောင့် တချို့ မင်းသားကလေးတွေအလောင်းမှာ၊ ဂုဏ်ကြီးတောင်ဓါးတွေရဲ့ အကုအညီ ယူရသေးတာဘဲ၊ ဒါတောင် ကျုပ်တို့လက်မှာ သွေးစီးတွေခဲခဲနေလို့၊ ခရီးမတွင်တာနဲ့ မဲ့ ရေဆေးမနေရတယ်၊ မောလိုက်တာဗျာ...ခုမှနားရတာလေးရှိသေး။ အော် လူများများသတ်ရမှ ပိုက်ဆံများများရတော့ ကျုပ်တို့ အလုပ်က ဗိုလ်မှူးကလေးတို့လို မချောင်ဘူးဗျ'

ဟု ပြောလိုက်သောအခါ၊ ခင်မောင်ညိုမှာ မကြားရက်၍ နားနှင့်အက်ပိတ်ထားလိုက်မိရှာသည်၊ ထို့နောက်နေရာကိုမေးမြန်းကာ မြင်းစင်ကြည့်ရှုလိုက်သောအခါ၌မူကား၊ ကောက်ရိုးမျှင်များ၊ ဖျာရုတ်များ၊ ထိပ်တုံးများ၊ ပြည့်နှက်လျက်ရှိသော တောင်ဝန်းကြီးအတွင်း၌ ပျံ့ကွဲသော မင်းသား၊ မင်းသမီးတို့၏ အလောင်းများသည် ၄၄ ပြည့်ထပ်လျက်၊ အချို့ပက်လက်၊ အချို့မှောက်ရက်၊ အချို့ သားတော် သမီးတော် ပေါက်ကလေးများပိုက်လျက် ရှုမလှသေဆုံးနေ ရှာကြသည်ကို တွေ့ရလျှင်၊ ခင်မောင်ညိုမှာ မချိတင်ကဲ ဝမ်းနည်းစိတ်နာလှစွာ ထ'သွားပြီး၊ အထက်ပြင်းပြင်းကြီး ချူမိလေသည်။



ထို့နောက် အလောင်းများအနီးသို့ချဉ်းကပ်ခါ၊ ငိုသရွေ့ငိုပြီးမှ အသပ်ထပ် ဖြစ်နေသော အလောင်းများကို အသေအချာ ရှာဖွေကြည့်ရှုသောအခါ၊ လူသေပုံ အသယ်လောက်တွင် မွေ့မင်းသားနှင့် သခင်ရှင်ထိပ်ဒေါင်းဘင်တို့ အလောင်းများ ပေါ်လာသောကြောင့်၊ ယုယ၊ ပွေ့ ထူကြည့်လိုက်သောအခါ အလောင်းနှစ်ခုမှာ လည်မျိုတွင်သွေးသီးနှည့်ကဲ့သို့ ညိုမဲလျက်၊ ပါးစပ်မှ သွေးများ အထွက်သေဆုံးနေရှာသည်ကို တွေ့မြင်ရလျှင်သိုက်သိုက်လှဲလိုကြည့်ကဲ့စွာကြည့်မိရင်းမိမိဘုရင်ဖြစ်လိုရေးကြောင့် သွေးတွ၊ သားတွ၊ ညီအစ်ကို မောင်နှမများကို ညှာမျှရက်စက်စွာ သတ်ဖြတ်ရှာသော မင်းသားရဲ့ စွန်းစည်းစိမ်ဟာမြဲ နိုမြဲ နိုရှက်ရှုက် ခံစားစံစားနိုင်ခြင်း မရှိနိုင်ပါစေနဲ့၊ ငါသည်တတ်အားသမျှ ဤမင်းသားအကျိုးမဲ့မှု ကိုပြုကာ အခွင့်သာသည်နှင့်တပြိုင်နက် ငါ၏အရှင်သခင်များအသက် ထွက်ရသကဲ့သို့ ရက်စက်စွာဂလဲ့စားချေပြီး သားတော် ထိပ်တင်ကလေးကို နန်းတင်ပေးပါတော့မည်ဟု အလောင်းနှစ်ခုကို ရှေ့တွင်ထားပြီး စွယ်တော်စဉ်တူရားဆီသို့ လက်အုပ်ချီကာ စိတ်အားထက်သန်စွာသစ္စာပြုမိလေသည်။

ထို့နောက်အလောင်းများကို ရှိခိုးကန်တော့ကာ ထွက်လာခဲ့ရာ အဝတွင်ရှိသော ယခင်အာကာသားကြီးကတောင်၍...

'ဘယ်နှယ်ပြန်တော့မလား ဗိုလ်မင်းရဲ့၊ ဒါနဲ့ မောင်ရဲခကျော်တို့ ကိုတွေ့ရင် ကျုပ်ကို လာခေါ်လှည့်ပါဦးလို့ တဆိတ် ပြောလိုက်စမ်းပါ ဗိုလ်မင်းရာ၊ သူတို့တတွေက အခြင်မှာရှိတဲ့ မင်းသား၊ မင်းသမီးအထောက်အနှယ်တွေကို လိုက်ရှာပြီး တွေ့ရာနေရာမှာ သတ်နေကြတယ်၊ သူတို့အလုပ်ဟာ အဟုတ်ပိုက်ဆံရတာဆရာရဲ့၊ တယောက်ယောက်ကို သတ်မဲ့အလုပ်မှာ ငွေထပ်နဲ့ပစ်ပြီး ကာကွယ်ကြတာကလား၊ ပင်းရဲကျော်တို့တော့ မကြာခင် သူဌေးဖြစ်တော့မှာဘဲ'

ဟု ပြောလျှင် ခင်မောင်ညိုမှာ 'တယ် ဒီတိုင်ငွာန်ကြီးနေယ်'ဟု စိတ်ထဲမှရေရွတ်ပေ၏ ရှုံ့ချသောမျက်နှာနှင့်ကြည့်မိလျှက် ထိပ်တင်လေးအတွက် စိတ်လက်မချသဖြင့် တွေ့ရာမြင်းတစီးကို ဆွဲစီးကာ ဆင်ဝန်မင်းအိမ်သို့ အပြေးစိုင်း နှင်လာလေ၏။

ရောက်သောအခါ ထိပ်တင်ကလေးကို ပွေ့၍ ချော့မော့နေသော အထိမ်းတော်ကြီးနှင့် ဟိမ်ခေါင်ရင်း ပန်းခြံကလေးတွင် တွေ့ရလေသည်။

'အမေရှို့ သူတို့လိုက်သတ်နေပြီ၊ ထိပ်တင်လေးကို ဒီမှာထားလို့လဲ လုံခြုံမှာမဟုတ်ဘူး၊ ရွှေနန်းတော်ကြီးနဲ့ဝေးရာကို ပြေးမှဘဲ၊ မကွာရာ ကိုယ်တော်ကြီးတို့၊ သုံးဆယ်ကိုယ်တော်ကြီးတို့ရဲ့ ကျန်ရစ်ခဲ့တဲ့ အဆက်အနွယ် သားတော်သမီးတော်ကလေးတွေနဲ့ အခြားအဆက်အနွယ်တော်ကလေးတွေလဲ အားလုံးဘဲ လွတ်ရာလွတ်ကြောင်း ပြေးကုန်ကြပြီ၊ အခုဘဲ လမ်းမှာ တွေ့ခဲ့ကြားခဲ့ရတယ်၊ကျွန်တော်တို့လဲ ဒီမှာနေလို့မဖြစ်ကြဘူး၊ မြန်မြန်ပြေးမှ'

ဟု ဆိုလျှင်၊ အထိမ်းတော်ကြီးလည်း မင်းသားကလေးကို ပွေ့ကာ မှုန်းစရာရှာမရသကဲ့သို့ ဖြစ်သွားရှာသည်။

ထိုအခိုက်မှာပင် ဆင်ဝန်ကတော်နှင့် စစ်သမ္မတမ်း လေး၊ ငါး၊ ဆယ့်ယောက် ရောက်လာပြီး၊ ဆင်ဝန်ကတော်က ထိပ်တင်လေးကို လက်ညှိုးထိုးပြကာ...

'မောင်ရေ၊ ကျုပ်တို့ဆီပြေးလာတဲ့ ရွှေဘုမင်းသားရဲ့ သားတော်ကလေးဘဲ၊ ရှမ်းလက်ထဲ ကျမကိုယ်တိုင် ပေးအပ်ပါတယ်၊နောင်ခါ ကြားသိက ရာဇဝတ်အသင့်မခံနိုင်ဘူး'

ဟု မျက်နှာထားဆိုးကြီးနှင့် ကြည့်ကာ ပြောပြီး ထိုးအပ်လေသည်၊ ခင်မောင်ညိုနှင့် အထိန်းတော်ကြီးမှာ ဝန်ကတော်ကို ထုံ့ကြွစွာကြည့်နေစဉ် တပ်သားများ ကလေးကို လုရန် ပြေးဝင်လာ



ကြ၍ ခင်မောင်ညိုမှာခေါက်ဆွဲချွတ်ပြီး၊ ကလေးပွေ့ထားသော အထိန်းတော်ကြီးကို လက်တဘက်ဖြင့် ကာကွယ်ရင်း ဓါးရေးပြနေလေတော့သည်။

ထိုခဏမှာပင် အထိမ်းတော်ကြီးမှာ ကလေးကို မိမိရင်ခွင်တွင် ဝှက်ထားရင်းမှ ကြောက်လွန်းနှင့် အတိုက်ခံရရှာသဖြင့် ကျဆုံးသွားရှာ၊ ခင်မောင်ညိုမှာ ကလေးကို ကပြာကယာ ကောက်ချီပြီး၊ ဓါးတစင်းနှင့် တပ်သားများကို အကြိတ်အနယ်ခုခံရင်း မိမိ၏မြင်းပေါ်သို့ လှမ်းကနဲခုန်တက်ခါ အရှေ့ဘက်သို့ ဦးတည်၍ စိုင်းလာလျှင် နောက်မှ စစ်သားအချို့လည်း မြင်းများနှင့်ပင် ညာသံပေးကာ လိုက်လာကြပြန်၏။

ခင်မောင်ညိုကား ပြေးရင်း လွှားရင်းပင် ပခုံးတွင် ပိုးထားသော ကလေးအား ခါးစီးပုဝါနှင့် လိမ့်မကျစေရန် နှာနှာပတ်ထားပြီး၊ မြင်းကြီးကို တအားကုန် စိုင်းတော့သည်ဖြစ်ရာ၊ နောက်သို့မှ ဟစ်အော်ဆူညံပစ်ခတ်ရင်း လိုက်လာသော မြင်းစီးစစ်သားများနှင့် ဝေးသည်ထက်ဝေးသွားပြီး တဖြည်းဖြည်းရှမ်းပြည်မတောင်တန်းကြီး နှင့်နီးသည်ထက် နီးလာလေ၏။

ယင်းသို့ မရပ်မနား ခရီးကြမ်းပြေးခဲ့ရာမှ တောင်ခြေသို့ ရောက်သောအခါ နောက်မှရန်သူများလည်း ကျန်ခဲ့ပြီဖြစ်၍ မြင်းကို ရပ်ခါ တွေ့အနားယူမိရာတွင်မှ မိမိကိုယ်တိုင် နှံ့နှံ့စားသား အသက်ဆံများလှုပ်ယှာသခဲ့ရသော ထိပ်တင်လေးမှာ မျက်လုံးကလေး မှိတ်ခါ ဇက်ကျိုးကျနေသည်ကို တွေ့ရသဖြင့် ထိတ်လန့်တကြားစမ်းကြည့်ရှုရာ၊ ထိပ်တင်လေးမှာ ကြောချိုးကြားမှ အသေ့ပြား ရှုဝင်၍ တန်းလန်းပါလာသော လက်ပစ်ဓါးမြှောင်ချွန်ဖြင့် အသက်ကင်းမဲ့နေရှာကြောင်း သိရသည်၊ ခင်မောင်ညိုမှာ မိမိလာသမျှ သဲခရီးကျဖြစ်ရလေတော့သည်တကားဟု ပူဆွေးမကျေဖြစ်ခါ၊ ထိပ်တင်

လေး၏ အလောင်းကို ကောင်းစွာ သင်္ဂြိုဟ်ခဲ့ပြီးနောက် ထိပ်တင်လေး ရန်သူ့လက်ချက်ဖြင့် အသက်မရှည်ရှာသဖြင့် ထီးနန်းအမွေကို မဆက်ခံစေနိုင်သည့် တိုင်အောင်၊ ခင်မောင်ညိုမှာ သီပေါဘုရင်အား တသက်တွင်အခဲမကြေနိုင်တော့ပေ၊ စူယံတော်စဉ်ဘုရားတွင် ဆရာဆိုခဲ့ဘူးသည့်အလျောက်၊ သီပေါဘုရင်အား မိမိမသေမချင်း ဂလဲ့စားချေရန် သန္နိဋ္ဌာန်ချခဲ့ပြီ၊ ထိပ်တင်လေး၏ မြေပုံကားကို နောက်ဆုံးကြည့်ခြင်းဖြင့်ကြည့်၍ ခွဲခွါထွက်လာလျက်၊ အရှေ့ဘက် ရှမ်းရိုးမတောင်တန်းကြီးဆီသို့ ဧရှုရှိုင်းနှင့်တွက်ခွါလာခဲ့လေတော့သတည်း။

* * *

**အခန်း ၁၀။** ဒါးပြဗိုလ်ကြီး ရွှေစွန်ညိုသည် အသက်ပါ အကြောင်းအရာများကိုဝမ်းနည်း ကြည်ကြဲ အခဲမကြေနိုင်သော မျက်နှာထားကြီးနှင့် ပြောပြလာခဲ့သည့်အဆုံး၌ ခင်ဘုန်းကို စေ့စေ့ကြည့်ကာ...

'အဲဒီကတည်းက သီပေါမင်းကို စိတ်အနာကြီးနာပြီး သူ၏ အကျိုးမဲ့ဖြစ်စေတော့လို့ သူ့ဘဏ္ဍာပစ္စည်းတွေကို တပည့်အများနဲ့ လုယက်တိုက်ခိုက်လာခဲ့ပါတယ်၊ ဘယ်ဆင်းရဲသား တဦးတယောက်ကိုမှ နှောင့်ယှက်မနေခဲ့ဘူးပါဘူး၊ တိုက်ခိုက်လုယက်လို့ရတဲ့ ဘုရင့်ဘဏ္ဍာပစ္စည်းများကိုလဲ ကိုယ်ထိုးခွဲ့အကျိုးခံစားဘို့မဟုတ်ပါဘူး၊ ပြည်သူပြည်သားများရဲ့ ပစ္စည်းဥစ္စာဖြစ်တဲ့အတိုင်း၊ ကုသိုလ်ကောင်းမှုပြုရာဌာနများမှာ ပြည့်စုံလှူဒါန်းခြင်း၊ တပည့်ငယ်သားနှင့် ဆင်းရဲသားများကို ထောက်ပံ့ခြင်း၊ တိုင်းပြည်ကိုတရားသဖြင့် အုပ်စိုးနိုင်မဲ့ မင်းသားအသက်အရွယ်တပါးပါးကို ရှာဖွေပြီး ယခုရထားတဲ့ပစ္စည်းများနဲ့ လူသူ စုဆောင်း သိမ်းသွင်း လက်နက် ခဲယမ်းမီး



ကျောက်များ ဝယ်ယူ၍ အင်အားတောင့်တင်းတဲ့အခါ၊ မြန်မာပြည်ဆင်း၍ သီပေါမင်းကို မောင်ကိုယ်တိုင် နန်းပေါ်က ဆွဲချပြီး လူလူချင်း ဂလဲ့စားချေဘို့ပါဘဲ၊ခင်ဗျားထင်မှတ်ခဲ့နေသလိုယုတ်ညံ့တဲ့လူဆိုးကြီးမဟုတ်ပါဘူး'

ဟုဆိုကာ မိမိစကားများကို ထုံးသွားသည့် တိုင်အောင် ပေးမောနားထောင်နေသော ခင်ဘုန်း၏ လက်ဖမိုးအားလားကို အသာတရ သွားကိုင်မိလိုက်သည်၊ခင်ဘုန်းကား သပ်ခနဲလက်ကိုရုန်းလိုက်သေး၏၊ ရွှေစွန်ညိုသည် အချစ်ကြောင့်စိတ်ပျော့ညွှတ်ပြောင်းလျှက် တောင်းပန် အသနားခံသောမျက်နှာနှင့်....

'ဒီလိုမလုပ်စမ်းပါနဲ့ ခင်ရယ်၊ တယောက်နဲ့ တယောက် မုန်းထားပြီး ခွင့်စိတ်မထားခြင်းဟာ မင်္ဂလာရှိပါဘူး၊ တော်ားမစပ် လကလေးကလဲ သာလိုက်ခင်ရယ်၊ နက္ခတ်တာရာအပေါင်း ခြံရံနေတဲ့ ရွှေလမင်းကြီးအောက်မှာ တဦးနဲ့တဦး ချစ်ကြည်နူးနေရရင် ဘယ်လောက် ပျော်စရာ ကောင်းမလဲ စဉ်းစားစမ်းပါခင်ရယ်'

ဟုဆိုရာ ခင်ဘုန်းလည်း ရှုံ့မဲ့ မုန်းသောသော မျက်နှာကို ပြောင်းလဲခြင်းမရှိခဲ့ဘဲ....

'ရှင်ဟာ အမျိုးကောင်းသား၊ မင်းယောကျ်ားဆိုပြီး မကောင်းဆိုးရွားတဲ့အလုပ်ကြီးကို လုပ်နေတော့ ချစ်ခင်ဘို့ အပ်မတန်ခဲ့ဘူးတယ်၊ ပြီးတော့ ကျမသတောမတူသေးဘဲ ခွန်အားဗလ ကိုးသေးပြီး ၂ ကြိမ် ၃ ကြိမ်ခေါ်ကားဘူးတော့ အထူးသဖြင့် မကြည်သူနေတာဘဲ၊ ချစ်ကြ ကိုတော့ တောင်းပန်တဲ့စကားကိုလဲ နောက်ထပ် မကြားပါရစေနဲ့'

ညို။ ။'အချစ်စိတ်က တိုက်တွန်းအားကြီးနေတော့ တအားထိလို့မရအောင် အချစ်မှန်သွားတဲ့အခါမျိုးမှာ လူ့မိစ္ဆာပါ၊ ခင်ရယ်၊ မောင်ဟာ အချစ်ကိုမတရား တိုက်ခိုက်လုယူဘို့ စိတ်မရှိပြီ၊ အမှန်ပါ။

ဒါကြောင့်သာမေါခင်ရယ်၊ ခင်ယာ အခု မောင့်လက်ထဲ ရောက်နေရပါပြီ၊ မောင်ကသာ မနေဘူးဆိုရင် ခင်ဘာတတ်နိုင်မှာလဲ၊ ခင့်စိတ်ထဲက မပါသေးမှန်းသိလို့ ဒီအချိန်ထိအောင် စောင့်ပြီး အသနားခံနေပါပေါ့၊ မောင်နဲ့တွေ့တုန်းက ခင်ယာ မောင့်ကို ဒါလောက်မုန်းပုံ မရပါဘူး၊ ဟိုပလောင်ရိုင်းတွေ လက်ထဲက ခေါ်လာတုန်းကလို ပြုံးပြုံးကလေး နေစမ်းပါ'

ဟု ပခုံးကို ကိုင်လှုပ်ပြောရာ ခင်တုန်းသည် ရွှေစွန်ညို၏လက်ကို လျှင်မြန်စွာ ဖယ်ချလိုက်ပြီး....

'အဲဒီတုန်းကတော့ ခွန်မောင်ညို ဆိုတဲ့နာမည်နဲ့ ရိုးရိုး ရှမ်းကပြားတယောက်လို့ ထင်မိဒါကိုး၊ ခုလို ဆိုးတော သောင်းကျန်းနေတဲ့ရွှေစွန်ညိုဆိုတဲ့ ဓါးပြကြီးမှန်းမှ မသိရသေးတာ'

ထိုအခိုက်တွင် အခန်းတွင်းသို့ အသည့်တယောက် အရေးကြီးသော ကိစ္စတခုပြောလိုဟန်နှင့် ဝင်ရောက်လာသောကြောင့် ရွှေစွန်ညိုကထ၍မေးမြန်းစုံစမ်းရာ အပြင်တွင် မိုးနဲ့စော်ဘွားကြီးထံမှ စေတမန်တဦးရောက်လာကြောင်းသိရသဖြင့် ရွှေစွန်ညိုတံခါး၀အပြင်သို့ ထွက်သွားသည်တွင် အခန်းတွင်း၌ အစောင့်လာသူ အပညိုနှင့် ခင်တုန်းသာလျှင် ကျန်ရစ်ခဲ့သည်။ ခင်တုန်းသည်းထိုသူအား မြင်ဘူးသလိုလိုရှိ၍ စိုက်ကြည့်မိသည်၊ ထိုသူကသည်း ခင်တုန်းကို ထိုအားသင့်သလို ပြန်ကြည့်နေလေ၏။ ထိုသူကားအခြားမဟုတ် လှည်းစေခံတွင် အတိုက်ခံရစဉ်က ဓါးပြတဦးဖြစ်ကြောင်း ခင်တုန်းသိသည်၊ ထမ်းမှန်သည် ခင်တုန်းအတွက်နှင့် မိမိကို ပြင်းထန်စွာ အရိုက်အနှက် ခံခဲ့ရသည်တို့ကို အမှဲမကြေခဲ့ပေ၊ ထို့ကြောင့် ကပြာကယာ အနီးသို့သွား၍ တိုးတိုးလေးသံနှင့်....

'ခင်များသူ့လက်ထဲရောက်နေတာ ဘယ်လောက်ကြာပြီလဲ'

ဟု မေးရာ ခင်တုန်းသည်း မိမိရောက်နေရသည်မှာ နှစ်လ



လောက်ရှိပြီဖြစ်ကြောင်း၊ ပြေး၍မရသဖြင့် ဒုက္ခပ်နေရကြောင်း တိုးတိုးပြန်ပြောသည်။

'ဒါဖြင့်အခွင့်သာတဲ့အခါ လွတ်ရာကို ပြေးနိုင်အောင် လမ်းပြပေးမယ် သာမှမပူနဲ့'

ဟုပြောကာ အခန်းမှ ကပြာကယာ ထွက်သွားလေ၏။

ခင်တုန်းသည်း ကြိတ်ခါဝမ်းသာမိသည်။ ရွှေစွန်ညိုကား တံခါးဝကို နောက်ခိုင်းကာ ရောက်လာသော စော်ဘွား၏ စေတမန်နှင့်အတန်ကြာ စကား ပြောနေလေ၏၊ ခင်တုန်းသည်း နောက်မှချောင်း၍နားထောင်နေလိုက်ရာ ရွှေစွန်ညိုသည် စာလွှာတခုကို ဖတ်ကြည့်ပြီး စေတမန်အား....

'ဪ.... ဒီနေ့လဆန်း ၁၃ ရက်တောင် ရှိနေပါကလား။ ကောင်းပြီ ငါယခုလာခဲ့မည်၊ လင်းအားကြီးအချိန်မှာ စော်ဘွားကြီးများ လာမဲ့စခန်းက ကြို၍စောင့်နေမည်'

ဟု မှာကြားပြီး ပြန်လှည့်လိုက်သည်ကို မြင်ရလေသည်။ရွှေစွန်ညိုလည်းအခန်းထဲသို့ပြန်ဝင်လာ၍ ခင်တုန်းမှာကပြာကယာ[illegible]မျက်ဟန်ဆောင်နေလိုက်သည်။ ရွှေစွန်ညိုသည် လက်တွင် ခေါက်လျက်ကိုင်ထားသော ယခင်စာလွှာကလေးကို ဂူအခန်းတွင်းရှိ ကျောက်ခေါင်းကလေး တခုပေါ်သို့ ပစ်တင်လိုက်ခါ ခင်တုန်း ရှိရာသို့ ထက်လက်လှမ်းလာလေ၏။

'ခင် ကောင်းကောင်းနေရှင်နော် မောင်အရေးကြီးတဲ့ ကိစ္စလို့ ခရီးထွက်ရဦးမယ်၊ ဘယ်အရာမဆို လိုဒါရှိရင် မောင့်အပညိုတွေကို ခေါ်ခိုင်းနော် ကြားလား'

ဟု ဆိုကာ ခင်တုန်း၏ မေးဖျားကလေးကို [illegible] လက်နှင့်ဆွဲ၍ ကစားခဲ့လျက် အပြင်ထွက်သွားရာ၊ အခြားအပညိုတယောက်က တံခါးပေါက်ကြီးကို သော့နှင့် ပိတ်ထား[illegible]လေ၏။

ခင်ဘုန်းသည် တံခါးပိတ်သွားသည်နှင့်တပြိုင်နက် ရွှေစန္ဒီညို ထားခဲ့သော စာရွက်ကလေးကို မနိုင့်တဖို လှမ်းယူ ဖတ်ကြည့်လိုက် သောအခါ....

(မိုးနဲ့အရှင် စော်ဘွားကြီးနှင့် မိုင်းနောင်မြို့စား အမှူး ရှိသော အသင်းပါ မင်းအပေါင်းတို့က အဆွေတော် ဗိုလ်ကြီးရွှေစန္ဒီညိုထံသို့ မေတ္တာရေ့ ထား၊ အမှာတော်စာ ပါး လိုက်ပါသည်။ ကျွန်ုပ်တို့မှာ အဆွေတော်ကဲ့သို့ပင် သီပေါ ဘုရင်ကို ကြည်ညိုကင်းမဲ့သော အသင်းများဖြစ်ပါ၍ ရှေ့အဖို့၌ တိုးတက်လွတ်မြောက်ခြင်း ရရှိစေခြင်းငှါ အကြံဥာဏ် စုလင်စွာဖြင့် နှီးနှောတိုင်ပင်ရန် အဆွေတော် အား အကူအညီတောင်းရန် ဖိတ်မံခြင်း ပြုလိုက်ပါသည်၊ ယုံကြည်စိတ်ချစွာနှင့် ကျွန်ုပ်တို့ စည်းဝေးတိုင်ပင်ရာ ဖြစ် သော နယ်ခွဲတောင်စခမ်းသို့ ယခုလဆန်း၊ ၁၄ ရက်နေ့ နံနက်တွင် ဆက်ဆက်ကြွလာစေလိုပါသည်အဆွေတော်....)

ဟုရေးထားသဖြင့် ခင်ဘုန်းသည်၊ ထိုစာကို အကျီခါးကြားထဲသို့ ဖွက်ယူထားလိုက်လေသည်။

နံနက်လင်း၍ နေအတန်မြင့်သောအခါ ရွှေစန္ဒီညို၏ လူယုံ တော်အစေခံမကြီးသည် စားစရာများနှင့် အခန်းထဲသို့ ဝင်လာ ရာ ခမ်းမွန်သည် မိန်းမကြီးနောက်မှ တိတ်တဆိတ် နောက်ယောင် ကာ အတူဝင်လိုက်လာပြီး မှောင်ထဲတွင် ကပ်ခိုနေလိုက်လေ၏။ မိန်းမကြီးလည်း စားစရာများ ပို့ထားခဲ့ပြီးလျှင် တံခါးကြီးကို ကျ နစေသချာစွာ ပြန်ပိတ်ပြီး အပြင်မှ သော့ခပ် ထွက်သွားလေ၏။ ခမ်းမွန်လည်း ပုန်းကွယ်ရာမှ ထွက်လာပြီး...

'ကဲအဆင်သင့်ဘဲနေထက် အခွင့်သာသလို့တော့ မငိုဘူး၊ ခင်များ ဘယ်ကို သွားချင်သလဲပြော'



ဟု ဆိုလျှင် ခင်ဘုန်းမှာ အားရဝမ်းသာနှင့်....

'အရင်ကတော့ မိုးနဲ့မှာနေတယ်၊ ဒါပေတဲ့ ဦးလေးများ ညောင်ရွှေရောက်နေလို့ ညောင်ရွှေကို သွားချင်ပါတယ်'

ဟု ပြောသောကြောင့်။

'ကဲ လာ လာ ကျုပ်နောက်လိုက်ခဲ့'

ဟု ဆိုပြီး ခမ်းမွန်မှာ ကျောက်ဂူမှောင်ကျရာဆီ၊ နံရံတခုမှ ကျောက်စလုပ်ငယ်ကို အချက်ပေး အမှတ်အသားနှင့် လှည့်လိုက် သည်တွင် ကျောက်ပြားတချပ် တရွေ့ရွေ့ ဖေးရွေ့သွားပြီး၊ လူတယောက်ဆင်းသာသော အပေါက်နှင့် ကျောက်လှေခါးတခု ကိုတွေ့ရသဖြင့် ထိုလှေခါးမှ အတူ ဆင်းလိုက်သွားရလေသည်။ အတော်ရှည်လျားစွာ ဆင်းမိသောအခါ မြေညီကဲ့သို့ ကျောက် ခန်းတခုထဲသို့ ရောက်လာလေသည်။

ခမ်းမွန်သည် ထိုနေရာတွင် ထွန်းထားသော ကညင်ဆီမီးတိုင် တခုကို မီးကူးကာ၊ ကျောက်နံရံ တနေရာမှ ခလုပ်တခုကို နှိပ် လိုက်ပြန်ရာ ကျောက်ပြားတခုပွင့်လာပြီး လူတယောက် ဝင်သာရုံ မျှရှိသော မည်းမှောင်သည့် ဥမင်လိုဏ်ပေါက်တခုကို တွေ့ရပြန် သည်။ ခမ်းမွန်သည် ထိုဥမင်ပေါက်တွင်းသို့ ကညင်ဆီမီးတိုင်ကို ကိုင်ကာ ရှေ့မှလမ်းပြသွား၍ ခင်ဘုန်းက နောက်မှ လိုက်လျက်ရှိ သည်၊ ခင်ဘုန်းသည် ရွှေစန္ဒီညို၏လက်မှ လွတ်မြောက်လိုခြင်း နှင့် ဦးလေးရှိရာသို့ အမြန်ဆုံး ရောက်လိုခြင်းများကြောင့်၊ ခမ်းမွန်ကို တစုံတရာ သင်္ကာမကင်းဖြစ်ရန် သတိမရနိုင်တော့ဘဲ၊ မှောင်မည်း ၍ ကြောက်စရာကောင်းလှသော ဥမင်လိုဏ်ခေါင်းလမ်းကြီးမှ ခရီး မဆုံးနိုင်သလောက် ကွေ့ကွေ့ကောက်ကောက်နှင့် တလျှောက်လုံး လိုက်ပါလာခဲ့သည်။

ထိုနှင့် နောက်ဆုံး ဥမင်လမ်းအဆုံးသို့ရောက်ပြီး၊ ရှေ့မှကျောက်

ပြားသော ဆီးနေသည်ကို တွေ့ရလေရာ၊ ခမ်းမွန်သည်း ထိုကျောက်ပြား၏ထိပ်စွန်းရှိ ကျောက်ခလုတ်တခုကိုနှိပ်လိုက်သည်တွင် ဂျိမ်းကနဲမြည်ကာ ကျောက်ပြား၏အလယ်တွင် လူတယောက်လျှိုဝင်နိုင်ရုံမျှ အပေါက်ငယ်တခု ဟ၍သွားလေ၏၊ ခင်ဘုန်းနှင့် ခမ်းမွန်သည် ထိုအပေါက်မှ အပြင်သို့ ရောက်ကြလေသည်၊ အပြင်ရောက်လျှင်ပင် အလင်းရောင်များနှင့် လေအေးကလေးတဖြူးဖြူးတိုက်နေသည်ကို တွေ့ရသည်၊ ရှေ့တည့်တည့် တခေါ်လောက်တွင် လူသွားလမ်းကလေးနှစ်ခု ဆုံရာကိုလည်း တွေ့ရသည်၊ အပေါ်သို့ မော့ကြည့်လိုက်သောအခါ ရွှေစွန်ညို၏စခန်းဖြစ်သော ကျောက်တောင်ကြီးမှာ ထောင်ဝေ၍ ညိုညို့မှိုင်းမှိုင်း မတ်မတ်မားမားကြီး ကျန်ရှိနေသည်ကို မြင်ရသောကြောင့် မိမိလာခဲ့ရသော ဥမင် လမ်းကြီးမှာ ကုန်းနိမ့် တောင်ကသေးသေးတခုနှင့် စမ်းချောင်းငယ်တခု ကြားတွင် လာခဲ့ကြောင်း သိရသည်။

'ကဲ ဟောဒီလမ်းခွကလေးကနေပြီး လက်ျာဘက်က လမ်းအတိုင်း လိုက်သွားရင် ညောင်ရွှေကို စောစောကလေးနဲ့ ရောက်သွားမယ်၊ လက်ဝဲဘက် လမ်းကိုတော့ မလိုက်လေနဲ့နော်၊ နွယ်ခွေတောင်ကို ရောက်နေလိမ့်မယ်'

ဟု ဆိုကာ ခမ်းမွန်ပြန်သွားလေလျှင်၊ ခင်ဘုန်းလည်း ကျေးဇူးတင်မဆုံးသောမျက်နှာနှင့်ကြည့်ကာ၊ ညောင်ရွှေမြို့ဘက်သို့ခပ်သွက်သွက်ကလေး ရှောက်လာခဲ့လေ၏။

အဝေးဝန်မင်းနှင့် မင်းကျော်ခေါင်တို့လည်း ထိုနေ့မှာပင် အားအင်ပြည့်တင်းပြီးသော တပ်တော်ကြီးမှ တပ်သားအချို့နှင့် ခင်ဘုန်းကိုရှာဖွေရန် ထွက်လာ ခဲ့ကြမှန်သည်၊ ဤအကြိမ်တွင် မိုးနဲမြို့ကျဆုံးစဉ်အခါက ဝန်မင်း၏အိမ်တော်သားများ ညောင်ရွှေသို့ထွက်ပြေး လာခဲ့ရာတွင် အပါအဝင်ဖြစ်သော သူဇာနှင့်မလသာတို့



လည်း မိမိတို့သခင်မကိုရှာရာတွင် မြင်းကိုယ်စီနှင့် လိုက်ပါလာကြလေသည်။

ခင်ဘုန်းသည် တယောက်တည်း အရဲစွန့်ကာ ခမ်းမွန် ညွှန်ပြလိုက်သော လမ်းကလေးအတိုင်း ပြေးလာခဲ့ရာတွင် မကြာမီ မြင်းခွါသံများကြားရသဖြင့် ထိတ်လန့်တကြားနှင့် ချုံပုတ်တခုတွင် ဝင်ပုန်းနေလိုက်ရသည်၊ သို့ရာတွင် ဦးရွှေခေါင်တို့မှန်းသိရသောအခါမှကား ဝမ်းသာ အားရနှင့် အသံကုန်ဟစ်၍ ခေါ်လိုက်ခြင်းဖြင့် ရှာသူများရော ခင်ဘုန်းပါ လှိုက်လှိုက်လှဲလှဲ ဝမ်းသာသွားကြလေသည်၊ သူဇာနှင့် မလသာတို့မှာလည်း သခင်မကို ဖက်၍ ငိုကြသည်။ မင်းကျော်ခေါင်ကလည်း အားရဝမ်းသာပြုံးရွှင်ကာဖြင့် နှုတ်ခွန်းဆက်သလေသလော၊ ခင်ဘုန်းမှာ မင်းကျော်ခေါင်ကို အခဲမကြေသလို၊ မျက်စောင်းထိုး၍ ကြည့်မိသည်၊ သို့ရာတွင် အစွာမရှိသောမိမိသူငယ်ချင်းအကြောင်းကို ဦးရွှေမောင်နှင့် အခြားသူများ ရိပ်မိမည်ကို ရက်စနိုးသဖြင့် မခေါ်ချင့် ခေါ်ချင် အောင့်သက်သက်နှင့်နှုတ်ဆက် လိုက်ရလေ၏။

ထို့နောက် ခင်ဘုန်းသည် အကျိုးအကြောင်း ပြောဆိုပြီးနောက် မိမိယူလာသောစာကိုပြကာ ရွှေစွန်ညိုနှင့်အတူ သူပုန်စော်ဘွားများကို နွယ်ခွေ တောင် စခန်းသို့ သွားရောက် ဝိုင်းဝန်း ဖမ်းဆီးလျှင် အလွယ်တကူပင် မိမည်ဖြစ်ကြောင်း၊ ရွှေစွန်ညိုမှာလည်း တယောက်တည်း စော်ဘွားများမှာလည်း စစ်သည်တပ်သားများပါမည်မဟုတ်၍ ခုခံနိုင်မည်မဟုတ်ကြောင်း ပြောပြလျှင် ရွှေစွန်ညိုနေထိုင်ရာ စခန်းဖြစ်သော မည်သူမျှရှုစမ်းမရသည့်ကျောက်တောင်ကြီး တခုကိုလည်း ညွှန်ပြကာ လက်ခေါက် ချ လိုက်လေတော့သည်၊ ဦးရွှေမောင်နှင့် မင်းကျော်ခေါင်တို့မှာ အလွန်ကျေနပ်ဝမ်းမြောက်စွာနှင့် ခင်ဘုန်းကို များစွာချီးကျူးကြကာ ပေးကြလေသည်၊ ထို

နောက်ကျန်ရစ်သော တပ်သားများနှင့် လက်နက်လူသူ ဆင်မြင်းများကို စုဆောင်းယူငင်ပြီးမှ ရွှေစွန်ညိုနှင့် စော်ဘွားများကိုဖမ်းဆီးရန် ညောင်ရွှေမြို့သို့ အရေးတကြီးပြန်ခဲ့ကြလေ၏။

ညောင်ရွှေမြို့ အိမ်တော်ပေါ်သို့ ရောက်သောအခါ ခင်ဘုန်းသည် ရွှင်ပြုံးကျေနပ်လှသောမျက်နှာနှင့် အဆောင် ပြူတင်းပေါက်မှ ကြည့်လိုက်လျှင်ဦးရွှေမောင်နှင့် မင်းကျော်ခေါင်တို့စစ်ချီရန် ပြင်ဆင်နေကြသည်ကို တွေ့ရလေသည်၊ ဦးရွှေမောင်နှင့်မင်းကျော်ခေါင်မှာတပ်ကြီးကို နှစ်စုခွဲလျက် တတပ်လျှင်တဦးစီခေါင်းဆောင်၍ဦးရွှေမောင်၏တပ်မှာ ရွှေစွန်ညို၏ ကျောက်ဂူစခန်းကြီးကို တိုက်ခိုက် ဖျက်ဆီးပစ်ခါ ယခင်အထက် ကျော်ကာဒီက လုယူထားသော ဘဏ္ဍာတော်များကို ပြန်ယူခဲ့ရန်ဖြစ်၍ မင်းကျော်ခေါင်၏ တပ်မှာ နွယ်ရွှေတောင်စခန်းမှ စည်းဝေးတိုင်ပင်ပြီး ပြန်လာကြမည့်ရွှေစွန်ညိုနှင့် သူပုန်စော်ဘွားများကို အရှင်လတ်လတ် လက်ရဖမ်းပြီးနာမည်ကောင်းယူရန်ဖြစ်လေသည်၊ သို့နှင့် တပ်နှစ်တပ်သည် အင်အားကြီးမားစွာနှင့် ခင်ဘုန်းမျက်စိရှေ့တွင် ပျော်ပျော်ရွှင်ရွှင်ကြီး ချီတက်သွားကြလေ၏။

ခင်ဘုန်းလည်း ပြူတင်းပေါက်မှကြည့်ရင်း ဤတခါတွင် မိမိလွန်စွာမုန်းတီးစက်ဆုပ်ခဲ့သော ရွှေစွန်ညို၊သူ့ကိုယ်သူ မည်သူမှ မဖမ်းဆီးနိုင်ဟု လူစွမ်းကောင်းကြီးလုပ်ခဲ့သူ ရွှေစွန်ညိုအား စစ်သားများအလယ်တွင် မျက်နှာငယ်ကလေးနှင့် ဖမ်းဆီး ယူဆောင်လာသည်ကို တွေ့မြင်ရတော့မည်တကားဟု အချက်ပိုင်ပိုင် မိမိသက်ထောက်ချလိုက်သည်ကိုပင် အားရ၊ရွှင်လန်း၊ဝမ်းသာ၊အူမြူး၊ နေရစ်လေ၏။

နေပြည်တော်ကအရေးတကြီးအလိုရှိနေသော သူပုန် စော်ဘွားများနှင့် ရွှေစွန်ညိုတို့ ဖမ်းဆီးလိုက်ခြင်းအားဖြင့် မိမိဦးလေးမှာ



မည်မျှမျက်နှာရ၍ မည်မျှအရာအထူး တိုးတက်သွားမည်ကို မစဉ်းစား မခန့်မှန်းနိုင်အောင်ပင် ရှိလေသည်၊ ထို့နောက် ရွှေစွန်ညိုကို မိလျှင် မည်သို့စီရင်ကြမည်နည်းဟု ဆက်၍ စဉ်းစားလိုက်သောအခါ ခင်ဘုန်း၏မျက်လုံးအိမ်ထဲ၌ အမျိုးမျိုးသော ရာဇဝတ်သား စီရင်နည်းများကို ထင်မြင်လာမိလေသည်။

ခင်ဘုန်းသည် တွေးရင်းတွေဝေသွားလေသည်၊ ရွှေစွန်ညိုနှင့် မိမိ ရှေးဦးစွာ တွေ့စဉ်အချိန်ကစပြီး ယခုနောက်ဆုံးတွေ့ကြပြောလာခဲ့သည်အထိ စဉ်းစားမိလေသည်။ ခင်ဘုန်းစိတ်ထဲတွင် အထူးပိုမိုထင်ရှားသောအဖြစ်အပျက်တခုကား၊ မိမိက ရက်စက်စွာ ဓါးနှင့်ထိုးပြီး ထွက်ပြေး ခဲ့သည့်တိုင်အောင်တွေ့မယုတ်စိုးရိမ်ကြီးစွာနှင့် တညဥ့်လုံး လိုက်လံရှာဖွေခဲ့ပုံ၊ တွေ့သောအခါသည်း ဝေဒနာ ခံစားလျက်က ကြိုးစားအားထုတ်ကာ၊ သစ်ကျားတိရစ္ဆာန်တို့၏အန္တရာယ်မှကယ်ဆယ်စောင့်ရှောက်ခါ ခေါ်လာခဲ့ပုံနှင့် နောက်ဆုံး ကုန်းပေါ် ရောက်သောအခါ မဟန်နိုင်ပုံနှင့် လဲကျသွားပုံများဖြစ်၍ မိမိကို မည်မျှ ချစ်ခင်နေရှာသည်ကို တွေးမိသည့်အပြင်၊ ဤမျှ ချစ်ခင်ပါလျက်၊သူ့ပိုင်နက်ထဲ တလကျော်နှစ်လမျှကြာသည့်တိုင်အောင်နေခဲ့ရစဉ်တွင် အနိုင်အထက် သိမ်းပိုက်မည်ဆိုက အလွယ်မှမတတ်နိုင်၊ ခံရမည်ပင်ဖြစ်သောသူတဦးအား ညာတာထောက်ထား၍ မေတ္တာတုံ့ပြန်မည့်နေ့ရက်ကိုသာ၊ သစ္စာရှိရှိနှင့် စောင့်စည်း နေခဲ့သည်တို့ကို ထင်မြင်စဉ်းစားမိပြီး၊ တဖန်လည်း မိမိသည် သူတပါး၏ကျေးဇူးကို မသိတတ်ရာကျချေပြီဟု ကိုယ့်ကိုယ်ကို ရှုံ့ချမိလေသည်၊ မိမိသက်ချက်နှင့်စစ်တပ်ကြီးကား ချီတက်သွားလေပြီ၊ လွန်ပြီးသည့် အမှုကို ထယ်ကဲ့သို့မျှ ပြုပြင်၍ မရတော့ကြောင်းသိရကာ၊ နောင်တကြီးစွာ ဖြစ်မိလေ၏၊ ဤတကြိမ်ကား ရွှေစွန်ညိုမည်မျှ အစွမ်းကောင်းသော်လည်း ခံနိုင်၊ ချက်ကောင်းတွင် ဝိုင်းမိသဖြင့် မချိမဆန့် အမိခံရ

တော့မည်...ခင်ဘုန်းသည် တွေးရင်း တွေးရင်း မနေနိုင် မထိုင်နိုင် ဂါးရနံ့ပြာလျှပ်ပြန်လာတော့သည်။ ထို့ကြောင့် အခန်းထဲသို့ကပြောက ရာ ဖြေးဝင်ကာ၊ ခပ်မကလေး သတ္တာန် ခေါင်းပေါင်း ပေါင်း ထိုက်ခေါ် အင်္ကျီလက်ကြပ်နှင့် ထမီတိုတိုဝတ်လျက် ဓါးမြှောင်တလက် ကိုခါးကြားတွင်ထိုးပြီး၊ နောက်ဖေးပေါက်မှ အမှတ်မဲ့ ဆင်းလာ ခဲ့လေ၏။

ခင်ဘုန်းသည် တဲကုပ်ကလေးတာ၏အနီး တောသို့ထင်းတိုက်ထွက် ရန်ပြင်ဆင်နေသော ရှမ်းလူမျိုးလှည်းသမားကြီးတဦးထံသို့ ရောက် လာလေသည်။

'ဘကြီး နွယ်ချွေတောင်ကို အမြန်ရောက်အောင် အနီးဆုံးဖြတ် လမ်းက ပို့မပေးနိုင်ဘူးလား၊ ကျမ အရေးတကြီး သွားရောက်စရာ တခုရှိလို့ပါ။ လှည်းခ ကောင်းကောင်းပေးပါ့မယ်'

ဟု အရေးတကြီးပြောလျှင်၊ ရှမ်းကြီးလည်း ဆေးတန်ကြီးကို ခဲ၍ အေးဆေးစွာနှင့်...

'အင်း...ဘကြီး နွားကလေးတွေကတော့ သိပ်ပြေးတာဘဲ၊ ထင်း ခုတ်နေကျ လူဆိုတော့ ဖြတ်လမ်းကိုလဲ သိပါရဲ့၊ မိန်းကလေး တ ယောက်ထည်းလား၊ ဘယ်လိုကိစ္စနဲ့ သွားမှာလဲ၊ ရာဇဝတ်မှုမကင်း တာဖြင့် လိုက်မပို့နိုင်ဘူး မိန်းကလေးရဲ့'

ဟု ဖြည်းပယ်ပယ် ပြောနေရာ။

'ဟို...ငိုးငိုးအေး ရေးကြီးတဲ့ကိစ္စပါ အမှုမရောက်နိုင်ပါဘူး၊ ဘကြီး ရဲ့ လှည်းခ အများကြီးရမှာဘဲ၊ ဟောဒီ ကျမလက်ထဲက ရွှေလက် ကောက်တရံ ယူပါ၊ ရွှေတဆယ်သား ရှိပါတယ်'

ဟု ဆိုကာ၊ ရွှေစတီလက်ကောက်တရံကို ချွတ်ပေး လိုက်ခြင်း ဖြင့် အဘိုးကြီး၏ ဂျီများနေခြင်းကိုပိတ်ဆို့လိုက်သည်တွင်။ ခင်



ဘုန်းမှာ အပြေးမောင်းသွားသောလှည်းကလေးပေါ်တွင် ရင်ထိုင် ထိုင်မြဲကိုင်ချက်ပါသွားလေ၏။

ချီတက်သွားကြသောတပ်ကြီးမှာ ခပ်မှန်မှန် ချီတက်လာကြရာ မှတောစခန်း ခရီးတဝက်သို့ ရောက်သည်တွင် ဦးရွှေမောင်နှင့် မင်း ကျော်ခေါင်တို့သည် အသီးသီး ဆိုင်ရာသို့ တပ်ခွဲကာ တဆင့်ချီ တက်သွားကြပြန်သည်။

ခင်ဘုန်း၏လှည်းကလေးသည် တောင်ကြားဖြတ်လမ်းမှ လေ ကြမ်း မောင်းနှင်၍လာခဲ့ရာ မကြာမီ မိုးညိုချောင်းတခု ဆီးနေ သည့်အရပ်သို့ ရောက်ခဲ့သောအခါ လှည်းဆရာကြီးမှာ ချောင်းအ ထက်ဆီသို့ လှမ်းကြည့်လိုက်ပြီး လှည်းကို ရပ်ထားလိုက်သည်၊ ခင်ဘုန်းမှာ အရင်လိုလှသူဖြစ်၍ မကျေနပ်နိုင်ပေ။

'ဘာဖြစ်လို့ ရပ်နေရတာလဲ ဘကြီးရဲ့၊ မြန်မြန်မောင်းပါ နွယ် ချွေတောင် ရောက်တော့မယ်ဆို'

ဟု ပြောလျှင်။

'အေး...ချောင်းတဘက် ဟိုရှေ့က မြင်ရတာ နွယ်ချွေတောင် ဘဲ၊ ဒါပေမဲ့ မောင်းလို့ မတော်ဘူးထင်တယ်၊ ချောင်းထိပ်မှာ မိုးညိုနေရင် ဒီချောင်းမဖြတ်ဝံ့ဘူး၊ ခုဘဲရေလုံးကြီးတွေ လိမ့် ဆင်းလာလိမ့်မယ်၊ အေးအေးဆေးဆေး ရေစီးမကူးရင် အန္တရာယ် မရှိဘူး'

ဟု ပြော၍ ခင်ဘုန်းမှာ ကျော်ခေါင်တို့စစ်တပ် မိုးလာမည်ကို အလွန်ပူပင်နေမိသည့်အလျောက် အသက်ဘေးကိုပင် တွေးကြောက် ရန်သတိမရပေ။

'ဟို...ရေမကျခင် မြန်မြန်ဖြတ်ကူးတာပေါ့၊ ဘကြီးနွားတွေလဲ အပြေးသားဘဲ၊ အရေးသိပ်ကြီးနေလို့ ရေစင်အောင် မစောင့်ပါရ စေနဲ့ ဘကြီးရဲ့၊ ရော့...ရော့...လက်ကောက်တရံ ထပ်ယူပါဦး'

ဟု ဆိုကာ ထပ်ပေးပြန်လျှင် လှည်းဆရာကြီးမှာ လှည်းဝေတွ အိအောင်ရနေပြီဖြစ်၍ မိုးညိုချောင်းကို ရှန်းခါးကာ ဖြတ်ကူးလေ၏။ လှည်းကလေးသည် သဲချောင်းတွင် အမြန်ဖြတ်မောင်းပြေးနေသည်။

ထိုအခါ၌ အထက်အညာမှ ရေလုံးကြီးသည် တအားလှိမ့်ဆင်းလာလေ၏။ လှည်းဆရာကြီးသည်း ရေလုံးကြီး လိမ့်လာသည်ကို မြင်ရလျှင် သေပြေး ရှင်ပြေး နွားများရိုက်ခါ ကမ်းစောက်ဆီသို့ နယ်လှည့်၍ မောင်းပြေးနေသည်။ ခင်တုန်းကား ရေလုံးနှင့် ပြာနေသော လှည်းဆရာကို မမြင်နိုင်၊ လှည်းရှေ့တိုင်ကိုကိုင်ကာ နောက်မှစစ်တပ်များ မိုလာမည်ကိုရိုးရိမ်ကြီးစွာ လည်ပြန်ကြည့်ရင်း ပါလာလေ၏။

ရေလုံးကြီးအနီးသို့ ရောက်လာသည်နှင့် တပြိုင်နက် အပြေးသန်သောလှည်းကလေးမှာ ကုန်းအထက်သို့ သိသိကလေးကင်း၍တက်မိသွားသည်။ လှည်းဆရာကြီးမှာ ဤတွင်မှ ဟင်းကနဲ သက်ပြင်းချလိုက်ပြီး စီရွှေလက်ကောက်ကလေးများကို ယခုမှစိတ်ချလက်ချ ပိုင်ရပေတော့မည်ဟု စမ်းသပ်မိသည်။ ထိုရာတွင် ခင်တုန်းကား ဘာမှမသိလိုက်ချေ၊ ရှေ့ကို မြန်မြန်ရောက်လိုဇောသာ သန်လျက်ရှိ၍

'မြန်မြန်မောင်းပါ အကြီးရဲ့၊ ရောက်လှပါပြီ'

ဟု ပင်ပြောနေသောကြောင့် လှည်းဆရာကြီးမှာ ချောင်းလုံးရှန်အောင် အဟုန်ပြင်းစွာ စီးနေရစ်သော ရေများနှင့် ဘာမှ သတိမထားနိုင်သော ခင်တုန်းကို တပြန်စီ ကြည့်ကာ ဖျံ့ဖြလိုက်မိပြီး၊ တစုံတရာ မပြောတော့ဘဲ ဆက်လက် မောင်းသွားရလေတော့သည်။ ခင်တုန်းသည် နောက်ပြန် ကြည့်မိရာ၊ ချောင်းတအက်ရှိ အတန်စေးသောတောင်ကုန်းကလေးတွင်ချီတက်လာနေကြသော မင်းကျော်ခေါင်၏ မြင်းတပ်များကို မြင်ရသဖြင့်



အရေးတကြီးဖြစ်သွားစဉ် လှည်းကလေးမှာ တခုသောလမ်းသို့ချိုးသွား၍ မိမိကိုမမြင်နိုင်တော့ပြီဟု တွေးမိသည်အကြောင်း၊ ချောင်းရေအပြင်းကျနေသဖြင့် သူတို့နီးလာသည်တိုင်အောင် ချောင်းရေမစစ်မချင်း တဘက်သို့ကူး၍ မလာနိုင်သေးကြောင်း သိရှိကာ အတန်ငယ်အသက်ရှူချောင်သွားလေ၏။

လှည်းဆရာကြီးမှာ နောက်ထပ်တွေ့ရသော လမ်းချိုး တခုသို့ရောက်လျှင် လှည်းကိုကွေ့အမောင်းလိုက်၊ ရင်ဆိုင်အရပ်မှ မြင်းကိုစီး၍ ပြည်သွင်းစွာလာနေသော ရွှေစွန်ညိုကို တွေ့လိုက်ရသောအခါ ခင်တုန်းမှာ အရေးတကြီးလှည်းပေါ်မှဆင်း၍ လာခဲ့လေသည်၊ ရွှေစွန်ညိုလည်း တွေ့ကြည့်နေရာမှ ခင်တုန်းမှန်းသိသည်နှင့်တပြိုင်တည်း အားရဝမ်းသာနှင့် မြင်းပေါ်မှ ခုန်ဆင်းလိုက်ခါ....

'အလို....ခင်ပါလား၊ ဘယ်နှဲ့ကြောင့် ဒီရောက်လာရသလဲ'

ဟု မေးကာ လှည်းကိုလှမ်းကြည့်ပြီး မသက်သာလို ဖြစ်သွားလေသည်၊ ခင်တုန်းလည်း ခပ်တည်တည် ခပ်ခန့်ခန့် မျက်နှာထားနှင့်....

'ရှင့်ကို ဘေးရန်ကမှလွတ်အောင် သတိပေးဖို့ လိုက်လာခဲ့တယ်၊ ရှင့်အသက် ချမ်းသာချင်ရင် ဒီလမ်းကမပြန်ဘဲ တခြားလမ်းက လွှဲပြန်ပါ၊ ချောင်းဟိုဘက်ကမ်းမှာ စစ်တပ်တွေချီတက်လာကြပြီ'

ရွှေစွန်ညိုက ဝမ်းသာစွာ ရယ်မောပြီး....

'အို... မောင့်ကို စိတ်မချလို့ လိုက်လာတယ်....ဟုတ်လား၊ အလကား ဒုက္ခရှာလေခင်ရယ်၊ ကျုပ်တပည့် တယောက်ယောက်ခိုင်းလိုက်ပါတော့လား'

ခင်တုန်း မခိုးမခံ့ပြုံး-ပြုံးလိုက်ပြီး....

'ကျမက ညောင်ရွှေမြို့မှာနေရလို့ ရှင့်လူတွေကို သွားမပြောနိုင်ဒါနဲ့ ကိုယ်တိုင်လာခဲ့ရတယ်၊ အဖမ်းမခံချင်ရင် မြန်မြန်ပြေးပါ၊ ဒီလမ်းက မသွားပါနဲ့'

ရွှေစွန်ညို ထုံအားသင့်သွားပြီး....

'အာရယ်...ညောင်ရွှေက လာတယ်၊ ခင့်ကိုဘယ်သူကလာခေါ်သလဲ'

တုန်။ ။'ကျမတုက်ပြေးနိုင်လို့ ပြေးခဲ့ပါ မေးနေစရာ မလိုပါဘူး၊ အခု ရှင့်ကိုသနားလို့ အပင်ပမ်းခံလာပြီး သတိပေးခဲ့ပါ၊နောက်က စစ်တပ်တွေ လာနေပြီ၊ မြန်မြန်ပြေးနိုင်မှ လွတ်မယ် ပြေးပါ'

ညို။ ။(မတုန်မလှုပ် မြုံးမြုံးကြီးရပ်ခါ) 'အော်... ဒီလိုကိုး၊ ခါဖြင့် ရွှေစွန်ညိုရဲ့ လက်ထဲက ထွက်ပြေးပြီးမှအဖန် ပြန်လာခဲ့တယ်ဆိုပါ...တော်တော့မေတ္တာမဟုတ်ဘူး၊ ခင်ကျုပ်ကို အဟုတ်မမုန်းသွားဆိုပါ၊ ယုံကြည်ပါတယ်'

တုန်။ ။(အံ့အားသင့်သွားရာမှ မျက်မှောင်ကုတ်ခါ) 'ရှင်ဘာတွေပြောနေပါလဲ ကျီစားနေတယ်ထင်လို့လား၊ စစ်သားတွေ မလာဟု ချောင်းတသက် ရောက်နေပြီ၊မြန်မြန်လွတ်အောင် ပြေးပါ'

ညို။ ။(ခပ်အေးအေးပင်) 'နေပါဦး၊ခင်ဘယ်ပုံဘယ်နည်းလွတ်လာ သွား တယ် ဆိုစေ ကျုပ်မသိရ ဘူးလား၊ ခုလို လွတ်မြောက်အောင်ထွက်ပြေးပြီးမှ ခင့်သဘောအတိုင်း အပင်ပမ်းခံလိုက်လာပြီး သတိပေးခြင်းဟာ မောင့်ကို ချစ်လို့ ဂရုစိုက်လို့ စေတနာထားရောက်မှာစိုးလို့ပေါ့နော်'

တုန်။ ။'ရှင်...စော်စော်ကားကား ပြောနေတုံ့ အချိန်မဟုတ်ဘူး၊ ခုလိုလာပြီး ပြောရခြင်းဟာလဲ ရှင့်ကိုချစ်လို့ ဂရုစိုက်လို့ မဟုတ်ဘူး၊ ရှင့်နေရာစခန်းနှင့်တကွ ရှင်ဒီအချိန် ဒီအခါ၊ ဒီနေရာမှာ ရှိမယ်ဆိုတာ စစ်တပ်ကြီးကို ကျမကိုယ်တိုင် သတင်းပေးမိပြီးမှ ရှင် ကယ်ဆယ်ဘူးတဲ့ ကျေးဇူးကိုသတိရတာနဲ့ ခုလိုတင်ကြိုသတိပေးဖို့ ထွက်လာခဲ့ပါ'



ရွှေစွန်ညိုသည် တစုံတရာပြန်မပြောဘဲ ခင်တုန်းကို မြုံးမြုံးကြီးကြည့်ကာသာ နေလေ၏၊ ခင်တုန်းသည်၊ အားမရဖြစ်ခါ...

'ရှင်...ဘယ့်နှဲ့လူလဲ သွားလေ၊ ရေကျရင် ရှင့်ခန်းသူတွေ ဒီဘက်ရောက်လာတော့မယ်၊ ကိုယ့်ဘေး ကိုယ်လွတ်အောင် မလုပ်ဘဲနဲ့ ဘာပြုလို့ လူကိုရပ်ကြည့်နေရပါလဲ'

ဟု ပြောလိုက်ရာ၊ ရွှေစွန်ညိုသည်း ခင်တုန်း၏ လက်နှင်ဘက်ကို ဆုကိုင်ပြီး မိမိရင်ဘတ်တွင် ကပ်ထားလိုက်လျက်...

'ခင်ရယ်...ခင် မောင့်ကို မေတ္တာရှိတယ် မဟုတ်လား'

ဟု အေးအေး ဆေးဆေး မေးမြန်းသည်၊ ခင်တုန်းက မိမိလက်များကို ဆောင့်ရုန်းလျက်...

'တသက်လုံး မေတ္တာမရှိဘူး၊ ရှင့်ကို ကျွန်မကိုယ်တိုင် ရန်သူ့လက်အပ်လိုက်တယ်လို့ ပြောပြီးပြီ မဟုတ်လား၊ နောက်မှ ရှင်ကယ်ဘူးတဲ့ ကျေးဇူးကလေးတွေ့မိလို့ ရန်သူ့လက် မရောက်စေချင်ဒါနဲ့ ခုလို လာသတိပေးခဲ့ပါ၊ ကဲ-ကျမတော့ရာကုန်ပြီ သွားတော့မယ်၊ ရှင်လဲ လွတ်ရာလွတ်ကြောင်း ပြေးပေတော့'

ဟု ဆိုပြီး တဘက်သို့လှည့်ကြည့်လိုက်မိရာ ချောင်းရေများ စဲစပ္ပ ပြီဖြစ်၍ မြင်းစီးတပ်သားများ ရေထဲ ကူးဖြတ်ကြတော့မည်ပြုနေသည်ကို သဲပင်ကြားမှနေ၍ မြင်လိုက်ရသဖြင့် ထိတ်လန့်တကြားဖြစ်သွားမိလေ၏၊ ရွှေစွန်ညိုသည်း ခင်တုန်းကြည့်ရာ အရပ်ဆီသို့ လိုက်ကြည့်မိရာ၊ မြင်းတပ်သားများ အဟုတ်ပင်လာနေကြောင်း သိရလေသည်၊ ထိုရာတွင် အရေးမစိုက်လှဘဲ ခင်တုန်းဘက်သို့ လှည့်ပြုံး ပြီး....

'ဂုဏ်ကြီးရှင် အချောအလှ ကျုပ်နှမကလေးရယ်၊ လောကမှာ အသီးအတာန်ဆုံးဖြစ်တဲ့ ချစ်မေတ္တာကို ခလေးကစားသလို အောင်းမေ့ခြင်းဟာ မှတာ ထုံးတမ်းကို တသက်တလမ်း လုပ်ရာကျပါတယ်'

ဟု ပြောပြန်ရာ ခင်ဘုန်းမှာ ရန်သူများ ဤမျှလောက် နီးကပ်နေပါလျက် အေးစက်စက် လုပ်နေသည်ကို အထူးအံ့ဩသော မျက်နှာနှင့်ကြည့်ကာ....

ဘုန်း။ ။'ကဲ...ရှင် ဒီမှာနေပြီး အဘမ်းခံတော့မှာလား ထွက်မပြေးတော့ဘူးလား'

ညို။ ။'မောင်ထွက်ပြေးလို့ ရှိရင် ခင်က မောင့်ချစ်ဇနီးအဖြစ်နဲ့ ကျေကျေနပ်နပ် လိုက်ခဲ့မယ်မဟုတ်လား'

ဘုန်း။ ။'ရှင် ရှုးနေသလား၊ ဘာပြုလို့ လိုက်ရမှာလဲ'

ညို။ ။'ဒါဖြင့် မောင်ဒီခနရောက ဘယ်မှမသွားတော့ဘူး'

ဘုန်း။ ။'ရှင် ဒီလောက် ခေါင်းမာပြီး ကမ်းမမြင် လမ်းမမြင် မိုက်လုံးကြီးနေတဲ့အတွက် ကျမအပင်ပမ်းခံပြီး လာခဲ့ရတာတွေအလကားဖြစ်ထာပေါ့၊ ကျမတွေ့ရားတော့ ကုန်ပါပြီ'

ဟု ဆိုကာ ချောင်းထဘက်သို့ လှည့်ကြည့်မိပြန်လျှင် မြင်းတပ်သားများ ချောင်းလယ်ဆီသို့ ရောက်နေပြီကို တွေ့မြင်ရသည်နှင့် မငိုရမိအဲ မနေနိုင်အောင် ဖြစ်သွားပြန်ကာရွှေစွန်ညို၏လက်မောင်းကို ဆွဲရှူးဆွဲတွန်းသုပ်ကိုင်သူ၏အလား ကိုင်တွယ်လိုက်ခါ....

'ကဲ သွားပါတော့၊ သူတို့မီသွားရင်ရှင့်ကိုသတ်မှာ ဘယ်လိုသတ်မယ်ဆိုတာ မပြောတတ်အောင်ဘဲ၊ လွတ်အောင်ပြေးဘို့ အချိန်ရရက်နဲ့ ပြေးပါတော့၊ သူတို့လာနေပြီ'

ဟု ငိုးရိုမ်စွာ ပြောပြန်ရာရွှေစွန်ညိုမှာ ခင်ဘုန်း၏လက်နုစ်ဘက်ကို ကိုင်ထားပြီး စိမ်းစိမ်းကြီးစိုက်ကြည့်ကာ...

'ခင် မောင့်ကို တကယ်ဘဲ မသေစေချင်ဘူးလား'

ဟု မေးနေသဖြင့် ခင်ဘုန်းမှာ စိတ်ဆိုးခ်ပြင်းလာသေ၏။

ထိုအခိုက်မှာပင် ထဘက်သို့ ရောက်လာနှင့်သော တပ်သားများ ပြေးဝင်လာသည်ကို မြင်ရ၍ ခင်ဘုန်းမှာ ကပြာကယာ အနီးဆုံး



ချုံကလေးထဲသို့ ပြေးဝင်ပုန်းရှောင်လိုက်ရသည်၊ မင်းကျော်ခေါင်မှာ ထိုအချိန် တပ်သားများ၏နောက်ဆုံးမှ မြင်းတစီးနှင့် ချောင်းရေးဝ်စပ်ကို ဖြတ်ကူးလျက်ရှိလေသည်၊ ရွှေစွန်ညိုသည် မိမိမျက်နှာကို ပုဝါပါးနှင့် ဆဲ့ပ်ထားလိုက်ခါ တွေတွေကြီး ရပ်စောင့်နေရာမှ မင်းခေကျာ်ခေါင်ကို သွား၍ မြင်မိသောအခါ ဤမျှ သူရဲကောင်းကြောင်းသူ တဦးအား စစ်ပိုလ်မှူးအရာ ခန့်ထား စေလွှတ်လိုက်ခြင်းမှာ မိဖုရားကြီးနှင့် အကြောင်းသင့်မြတ်အောင် ပေါင်းထားခြင်းကြောင့် သဒ္ဓါတော်မှုလိုက်ခြင်းဟု အခင်းသိရပြီးစိတ်ထဲမှကြိတ်ခါ ပြုံးရယ်လိုက်မိလေ၏။

ထိုခဏမှာပင် စစ်မှူးတဦးသည် ရှေ့သို့တိုးတက်လာပြီး ရွှေစွန်ညိုနံပါးသို့ ဓါးနှင့်ဝင်လေရာ ရွှေစွန်ညိုက ဓါးကိုဆီးဘမ်းရုံ တမ်းပြီး၊ လက်ကိုလိမ်ချိုးလိုက်ခြင်းကြောင့် စစ်မှူးမှာ ဓွေကာ လဲကျသွားစဉ် သူ့လက်ကောက်ဝတ်နှစ်ခုကို သူ့ ဓါးနှင့်ပင်ထိုးသီကာ ဓါးကိုမြေတွင်စိုက်ထားလိုက်သောကြောင့် စစ်မှူးလည်းမလှုပ်နိုင်ရှိလေ၏၊ စစ်သားများကား ရွှေစွန်ညိုမှန်းသိရသည်နှင့် တပ်ပြင်နုတ် ရုတ်တရက် အန်းရှဲ့ နေကြလေ၏။

ထိုနောက် ရွှေစွန်ညိုသည် သစ်တုံးဘခုပေါ်သို့တက်၍ရပ်လိုက်ပြီး မိမိမျက်နှာမှ ပုဝါကိုဆွဲချလိုက်ခါ စစ်သားများရှိရာသို့ လှည့်ပြီး-

'ဟေ့ မင်းတို့ ငါကို မှတ်မိကြသေးရဲ့လား၊ မြင်ကွန်း အရှေးတော်ဘုန်းက တခါးနီးမှာ မင်းတို့နဲ့အတူ ခုခံတိုက်ခိုက်ခဲ့တဲ့ ရွှေရမင်းသားကြီးရဲ့အချစ်တော် ဗိုလ်မှူးကလေး ခင်မောင်ညိုဆိုတာ ငါဘဲကွဲ့'

ဟု စတင်ပြောလိုက်သောအခါ တပ်သားများလည်း စိတ်ဝင်စားသကဲ့သို့ ငြိမ်သက်စွာ နားထောင်နေကြလေ၏။

'မင်းတို့သိပေါ့ရှင်ဘုရင် မတရားနန်းစံသာကို မခံချင်လွန်းလို့

ရွှေစွန်ညိုဆိုတဲ့နာမည်နဲ့ ဆိုးသွမ်း သောင်းကျန်းနေခဲ့ပေတဲ့ ဆင်းရဲသားများကို ဘယ်အခါကမှ မနှောက်ယှက်ဘူးဘူး၊ ပြည်သူပြည်သားဆင်းရဲသားတွေရဲ့ အစွန်တော် ချွေးနည်းစာတွေကို မတရားညှဉ်းဆဲပြီး နှိပ်စက်နေတဲ့ တရုတ်ဝင်းမျိုးမတ်တွေ နှိပ်စက်များများရည်အောင် မင်းတို့တစ်တွေက ခိုင်းတော ချေးတော့မှာ အဆင်းရဲခံပြီး သူပုန်ရန်ကို နှိမ်နင်းဖျက်ဆီးဖို့ရန် တက်လာကြတဲ့အတိုင်း ငါ့ကို ဖမ်းလိုရင်ဖမ်းကြပေတော့'

ဟု ရင်ကိုကော့၍ အဖမ်းခံမည့်ကဲ့သို့ရှိသော်လည်း စစ်သားများမှာ အချင်းချင်းတီးတိုး ခေါင်းချင်းရိုက်ခါ မဖမ်းဘဲနေကြလေ၏။

ထိုအခိုက် မင်းကျော်ခေါင် နောက်မှ ရောက်လာပြီး စစ်သားများကို ကြိမ်းမောင်းဆူပူလိုက်ခါ။

'ဟေ့ အကောင်တွေ ရာဇဝတ်ကောင်ကို မင်းတို့ အမေ့လင် မှတ်လို့ မဖမ်းဘဲ နေကြသလား၊ မင်းတို့မဖမ်းရင် ငါကိုယ်တိုင် ဖမ်းမယ်'

ဟု ဆိုကာ ရွှေစွန်ညိုရှိရာသို့ ဒီးကနဲ လှံ တစင်း လှမ်းလိုက်လေရာ၊ ရွှေစွန်ညိုခေါင်းနှင့် ဓါးလှယ်ခုတ် ဆီးပိုင်းလိုက်သဖြင့် လှံ နှစ်ပိုင်း ကျိုး၍လွင့်သွားလေ၏၊ ထိုသားများသည်း မိမိတို့ဗိုလ်မှူး မင်းကျော်ခေါင်အား ရွှေစွန်ညိုကို ခုတ်ကားရမည်လားဟု မကျေ မချမ်းဖြစ်ခါ ဝိုင်းဝန်းပုန်ကန်တားဆီးထားကြလျှင် ရွှေစွန်ညိုက လွှတ်လိုက်ရန် တောင်းပန်သည်တွင် စစ်သားများက လွှတ်လိုက်ကြလေ၏၊ ကျော်ခေါင်လည်း အလျှော့မပေးဘဲ ရွှေစွန်ညိုထံသို့ ဓါးဦးချိန်ကာ တအားပြေး၍ ခုတ်လေတော့သည်၊ ရွှေစွန်ညိုမှာမဖြစ် ဖြစ်ကျယ်လှုစသျှေနှင့် ယှဉ်ပြိုင်ခါးကစားရန် သန္ဓ မရှိလှသော ကြောင့် ချွေးကျွေးစွာနှင့် စိတ်မပါတပါ ခုခံနေရင်းကပင် အသေ သတ်တော့မည်ဟူသော ခေါ်သံဖော့နှင့် ဓါးကို တအားရွယ်ကာ



ပြေးလာသော ဗိုလ်မှူးမင်းကျော်ခေါင်မှာ အရှက်သိလှသော ရွှေစွန်ညိုခပ်အေးအေး တိမ်းရှောင်လိုက်ရုံကလေးမျှနှင့် အားလွန်ကာ ရှေ့သို့ ကိုင်းရိုက်သလိုလဲကျသွားသောအခါ ရွှေစွန်ညိုက ခပ်ကြွားကြွား ရှေ့တက်သွားပြီး ကျော်ခေါင်ပခုံးကို ခြေဖနောင့်ထိုးလှန်လျက် ခြေတဘက်နှင့် ပခုံးများကိုနင်းထားပြီး ပြုံးပြုံးကြီး ကြည့်လိုက်သောအခါ မင်းကျော်ခေါင်မှာ မခံချင်လှသောမျက်နှာနှင့် လက်တွင်ဆုပ်ကိုင်ထားသောဓါးကို တအားရှမ်း၍ လှမ်းခုတ်လိုက်သောအခါ ရွှေစွန်ညိုက မိမိဓါးဖျားနှင့် ရိုက်ပစ်လိုက်သည်တွင် မင်းကျော်ခေါင်လက်မှ ဓါးလွင့်စင်သွားလေ၏။

ထိုနောက် ရွှေစွန်ညိုသည် မင်းကျော်ခေါင်၏ လက်ပခါး တဘက်ကို ဓါးဦးနှင့် မြေတွင်ကပ်ခါ ဖိုက်သားလိုက်ပြီး စစ်သည်တပ်သားများဘက်လှည့်ခါ....

'ကဲ မင်းတို့သရာကိုတော်ရာ ခေါ်သွားကြစမ်းပါကွာ၊ သူဆပ်သော့တာနဲ့ ငါသတ်မိနေပါဦးမယ်'

ဟု ဆိုလိုက်သောအခါ စစ်သားများသည် ဓါးရေးမှ ကျွန်းသော မိမိတို့ဗိုလ်မှူးနှင့် စစ်မှူးတို့ကို မြင်းပေါ်သို့ ပွေ့တင်ခေါ်ဆောင်ကာ လာလမ်းအတိုင်း ပြန်သွားကြလေ၏။

ရွှေစွန်ညိုသည် ကြောက်လန့်စွာ ပုန်းနေသော ခင်ဘုန်းထံသို့ ရောက်လာပြီ ....

'ကဲ....ခင်လင်သလို သူတို့ မဖမ်းကြပါဘူး၊ ပြန်သွား ကုန်ကြပြီ ထိုမှာ'

ဟုဆိုသည်နှင့် ခင်ဘုန်းလည်း ညွှန်ပြရာသို့ကြည့်လိုက်သော အခါ၊ ချောင်းတဘက်သို့ ဖြတ်သွားနေကြသော မြင်းတပ် များကို တွေ့မြင်ရလေ၏၊ ရွှေစွန်ညိုက ချိုပြုံးသော မျက်နှာနှင့် ဆက်လက်ခါ...

'ခင် မောင့်အတွက် ဇွက္ခမ်ပြီးလိုက်လာတာ အင်မတန်ကျေးဇူးတင်ပါတယ်၊ ဒီတော့ မောင်ကလဲတလှည့် ကျေးဇူးဆပ်ဖို့ ပြန်ရန်၊ မောင့်ကျောက်ဂူကို ပြန်လိုက်ခေတာ်မူခဲ့ပါတော့နော်'

ဟု ပြောလျှင်၊ ခင်ဘုန်းမှာ မနှစ်သက်ဟန်နှင့် မျက်လုံးတချက်လှန်ကြည့်ပြီး၊ တဖန်လည်း မိမိ၏ လှည်းဆရာကြီးကို ကပြာကယာ မေး၍ ကြည့်ရှုရှာဖွေမိပြန်သည်၊ သို့ရာတွင် မတွေ့တော့ပြီ၊ ကျွေ့ကျွေ့ကောက်ကောက်နှင့် ကြောက်ကြောက် ရွံ့ရွံ့ မောင်းနှင်ထွက်သွားသော လှည်းဘီးရာကလေးများကိုသာ မြင်ရတော့၏၊ ရွှေစွန်ညိုလိုက်လာပြီး ပြောင်လှောင်သော မျက်နှာထားနှင့်...

'အဲ ထခါဖြင့်ခက်ပြီ၊ လှည်းသမားသဲ ထွက်ပြေးပြီ၊ ဘယ်လိုလုပ်ကြမသဲ၊ အဲလေ...ဒါကြောင့် တဦးမေတ္တာတဦးမှာဆိုတဲ့ စကားကို ထောက်ထားပြီး မောင့်နောက်ကိုသာ လိုက်ခဲ့ပါတော့ ခင်ရဲ့'

ဘုန်း။ ။'ရှင့်နောက်ကိုလိုက်မလို့ လာတာမဟုတ်ဘူး၊ ဘေးအန္တရာယ်မှ လွတ်ပါစေတော့လို့ သနားသဖြင့် သတိပေးဘို့လာတာ၊ အရှက်မရှိတိုင်း ဒီစကားတွေပြောမနေပါနဲ့၊ ရှင့် ကျောက်ဂူ ခေမ်းနဲ့ ရှင်နဲ့ လဲဝေးပါပြီ၊ ဒီအချိန် ဦးလေးဘုရားတို့တပ်က ရှင့် တပည့်တွေသိမ်းပြီး ရှင်အနှစ်နှစ်အလလက ခိုးတိုက်ထားတဲ့ ဘဏ္ဍာတော်တွေကို သယ်ယူနေကြရောပေါ့'

ဟုပြောလိုက်သောအခါ၊ ရွှေစွန်ညိုမှာ ပါးစပ်ဟောင်းလောင်းနှင့် တုံ့အားသင့်နေလေ၏၊ ထိုနောက်မျက်နှာကြီးသည်ဆွေးပေါက်ကဲ့သို့နီမြန်းလာလေသည်၊ အခြားလူတဦးသာဆိုပါက ရက်စက်ဆိုးရွားသော ခါးပြကြီးပီပီ ရက်ရက်စက်စက်အပြစ်ပေးမည် ဖြစ်သော်လည်း၊ မိမိချစ်နေသူတဦးဖြစ်သောကြောင့် မပြုရက်နိုင်ရှိတော့ဘဲ ညှိုးငယ်သော မျက်နှာနှင့်...



'ခင် တယ်တော်တယ်ပေါ့လေ၊ကိုင်းကိုင်း ခင်လဲဒီမှာတယောက်ထဲမနေရစ်ခဲ့နဲ့၊ မောင့်တပည့်တွေကို သွားကူရအုံးမယ်'

ဟု ဆိုကာ အခရေးတကြီးနှင့် ခင်ဘုန်းကို မိမိမြင်းပေါ်သို့ ပွေ့တင်မည်ပြုလျှင်၊ ခင်ဘုန်း ရှုန်းထွက်ခါ...

'အိုထို...တလုပ်ထားလဲ၊ မလိုက်ဘူး'

ဟု ပြောကာ ငြင်းရှောင်နေလေ၏။

ရွှေစွန်ညိုမှာ အခရာကြီးလာ၍...

'ခင့်ကို ဒီမှာထားခဲ့ရမှာ စိတ်မချလို့ ညောင်ရွှေ ထိအောင် လိုက်ပို့မလို့ပါ'

ဟု ပြောလျှင် ခင်ဘုန်း၊ မခန့်ရယ်ရယ်ကာ...

'ဒီလောက်ပါးရှုံနဲ့ ဘာရမလဲ'

ဟုဆို၍ မလိုက်ဘဲ ပေနေလျှင်၊ ရွှေစွန်ညို စိတ်ရှုပ် လာပြီး၊ တာရှည်အချိန်ကုန်ခံ၍ ပြောမနေနိုင်တော့ဘဲ ခင်ဘုန်းကို ဖသကြမ်းဆွဲပွေ့ယူငင်ပြီး မြင်းနှင့် စိုင်းနှင်ပြေးရတော့ရာ၊ ခင်ဘုန်းမှာ ဟာစ်အောင်ရှုန်းကန်ရင်း ပါသွားရလေ၏။ သို့ရာတွင် မကြာခင် ညောင်ရွှေမြို့ ခင်ဘုန်းနေထိုင်ရာ အိမ်ဝင်းအနီးသို့ ရောက်လာပြီး မြင်းပေါ်ကမှ ခင်ဘုန်းကိုချခဲ့လျက်...

'ကဲ...ခင် အိမ်ရောက်ရောက်ပြီ၊ နေရစ်ပေအုံးတော့၊ မောင့်တပည့်တွေ ဘယ်လိုနေမယ်မသိရဘူး၊ ပြေးကြည့်လိုက်အုံးမယ်'

ဟု ကသိုက်ကမြန်ပြောလျက် မြင်းကိုဆက်၍ စိုင်းနှင်ပြေးလေ၏။ ခင်ဘုန်းမှာ မိမိထင်သလို မရှိုင်းစိုင်းဘဲ လူ၏ အခရေးထဲမှာပင် မိမိအား အိမ်ထိရာရောက် လိုက်ပို့ခဲ့ရှာသေးသည်ဟု တွေးမိကာ ကိုယ့်ကိုယ်ကိုသာပင် စိတ်သဘော သေးသိမ်ညံ့ဖျင်းရာ ကျနေပြီဟု ရှက်မှုမိပြီး ရွှေစွန်ညို၏မြင်းကြီးစိုင်းပြေးရာသို့ လှမ်းမျှော်ကာ ကြည့်နေမိတော့သည်။ ထိုအချိန်အခါတွင် ခင်ဘုန်းမြင့်မှာ တသက်

နှင့်ထက်ကိုယ် မပေါ်လာခဲ့ဘူးသော ထူးခြားသည့် စိတ်တခုသည် လှုပ်ရှားချောက်ချားစွာ ပူးဝင်လျက်ရှိလေတော့သတည်း။

*　　　*　　　*

**အခန်း ၁၁။** ကျောက်တောင်ကြီးကို ထင်ရှားစွာ တွေ့မြင်နေရပါလျက် လျှို့ဝှက်သော ရွှေစွန်ညို၏ စခန်းဖြစ်ကြောင်း မည်သူမျှမရိပ်မိခဲ့သည့် ဌာနကြီးမှာ ယခုအခါ ခင်ဘုန်းမြင့်၏ လက်ညှိုးတချက်ညွှန်ရုံနှင့် သိမ့်သိမ့်တုန်၍နေလေ၏။ အာဝေးဝန်မင်းတို့ တပ်သားများသည် ကျောက်ဂူကြီးကို လေးဘက် လေးတန်မှ ဝိုင်းထားပြီး လုံခြုံစွာ ပိတ်ဆို့ထားသည့် ချင်းနှတ်ရုပ်များ ထုထားသော ဂူတံခါးကျောက်ဖျာကြီးအား ထုချက်ပြီးတချက်အမြောက်ဆံကြီးများနှင့် ပစ်ခဲ့ရာ၊ ထုထဲသော ကျောက်ဖျာတံခါးကြီးမှာ မကြာမကြာ သိမ့်သိမ့်တုန်၍နေလေ၏။ ကျောက်ဂူအတွင်းမှ ဓါးပြများလည်း မိမိတို့ဆရာမရှိသည့်အခိုက်တွင် ဘုရင့်တပ်သားများ နေရာဌာနနှင့်တကွ သိသွားပြီး လေးဘက်လေးတန် ဝိုင်းထားခြင်းခံရသဖြင့် မကြံသာတော့ဘဲ၊ ကျောက်ဖျာတံခါးကြီးကို ပိတ်ဆို့ကာ ကျောက်တောင်ကြီး အတွင်းမှသာ ကြံ့ကြံ့ခံ၍ နေရလျက်၊ ရှေးမီးဝိုင်း ပြာလောင်ခတ်နေကြလေသည်။ ထိုအတွင်း ကျောက်တံခါးကြီးမှာ အမြောက်ဆံ မကြာခဏ ထိမှန်ခံရခြင်းကြောင့် ပြိုကွဲပျက်စီးလုနီးပြီး၊ တုန်ဟီးမြင်းထန်သော အသံကြီးများနှင့် ဟစ်အော်နေသကဲ့သို့ရှိလေရာ၊ ဓါးပြများမှာ ကြံရာမရတော့သဖြင့် လှုပ်လှုပ်ရှားရှားနှင့် ပြေးသူပြေး လွှားသူလွှား၊ အချို့ကား တောင်ထိပ်တက်သည့် ကြောင်လိမ်လှေခါးမှတက်ခါ တောင်ထိပ်တွင် အရေးဝှိုက အသုံးချနိုင်ရန် ကျောက်တောင်နံရံတွင် ခိုထပ်ထားသည့် လေးမျက်နှာမှ ကွယ်



ဝှက်ပြင်ဆင်ထားသော အမြောက်စိန်ပြောင်းများ၊ ဘုပီးသေနတ်များနှင့် တောင်အောက်တွင် ဝိုင်းထားသော စစ်သည်တပ်သားများအား တရိုင်းရိုင်း ပစ်ခတ်ခုခံနေကြရလေ၏။

ရွှေစွန်ညိုလည်း ခင်ဘုန်းကို ပို့ထားခဲ့ပြီးနောက် မြားဓါးလျှင်မြန်ခြင်းဖြင့် မြင်းကို အပြင်းစိုင်းကာ မိမိကျောက်ဂူစခန်းရှိရာသို့ အရေးတကြီးလာခဲ့လေ၏။ ခပ်ဝေးဝေးတောင်ကုန်းတခုမှ ကြည့်လိုက်သောအခါ စစ်သားများနှင့် မိမိတပည့်များ အကြိတ်အနယ် ပစ်ခတ် တိုက်ခိုက်နေကြသည်ကို တစိမ့်စိမ့် တွေ့မြင်ရပြီး၊ ကျောက်တောင်ကြီးအနီး ပတ်ဝန်းကျင်တွင်လည်း နှစ်ဦးနှစ်ဘက် ပစ်ခတ်သော အမြောက်စိန်ပြောင်းတို့မှ မီးလုံးကြီးများ အလိပ်လိပ်တက်လာသည်ကို မြင်ရသောအခါ ရွှေစွန်ညိုလည်း တောင်ကြားလမ်းတခုမှ မြင်းကို ဒလကြမ်း စိုင်းခုပြန်လေ၏။

တောင်ခြေမှဝိုင်းထားသော တပ်သားများမှာ တောင်ထိပ်မှ ဓါးပြများ ပစ်ခတ်ခုခံလျက်ရှိ၍ အနီးသို့တိုး၍မတတ်နိုင်ဘဲရှိလေရာ ကျောက်ဖျာကြီးကိုသာ အမြောက်နှင့်နာနာပစ်၍ ပစ်ခတ်နေကြလေ၏။ ကျောက်ဖျာတံခါးကြီးမှာလည်း ပစ်ခတ်ဖန်များသဖြင့် ပဲ့ရွဲ့အက်ကွဲပြိုလာလေပြီ။ စစ်သားများလည်း ကျောက်ဖျာကြီးကို ဖြိုခွဲ၍ ဂူထဲသို့ ဝင်စီးနိုင်ခြင်းငှါ တောင်ခြေသို့ ကြီးကြီးဝါးဝါး ကပ်လာကြလေ၏။ ရာဇပတ်တံခါးကြီးတခု ဂျိမ်းကနဲ ကျလာပြီး လူတစုလုံးကို မြှုံလောင်ဖမ်းပြီးသားကဲ့သို့ ဖြစ်သွားလေ၏။ ဦးစွေမောင်နှင့်တကွ တပ်သားများသည်လည်း ဂျိုးကန်း တောင်းမှောက်မျက်လုံး ဒေါက်ခတ်ဝင်လျက်ရှိနေကြစဉ်၊ ၎င်းတို့ ခေါင်းပေါ်ရှိ ကျောက်နံရံအကြိုအကြားမှ များစွာသော သေနတ်ပြောင်းဝတွေပေါ်လာပြီး၊ ဂူကြီးတခုလုံး ဟိန်းသွားအောင် စက်သေနတ်နှင့်ကြဲလိုက်သကဲ့သို့ တဗိုင်းဗိုင်းပစ်ဖေါက်လိုက်ရာ၊ စစ်

သားအချို့တို့မှာ အတုန်းအရှန်းလဲ၍ သေဆုံးကြလေ၏။ ဓါးပြများသည်း အမြင့်မှ လှံကားကာနဲ့ လွှားကာနဲ့ ရန်ချကာ စစ်တပ်တွင်ပါသမျှ လက်နက်ဓါးလှံတို့ကို လုယက်သိမ်းဆည်း ယူလိုက်ကြရာစစ်တပ်သားအားလုံးတွင် ပါသမျှလက်နက်တွေဆုံးလျှက်၊ အရှုံးပေး တည့်ခံကြရလေသည်။

ဤတွင် ရွှေစုန်ညိုကိုယ်တိုင် ဝန်မင်းဦးရွှေမောင်အနီး ရောက်လာကာ...

'ကိုင်း...ဝန်မင်းက ရန်လုပ်လာပေတဲ့ ကျုပ်ကတော့ ခင်မျက်နှာ ထောက်ထားပြီး၊ ဝန်မင်းနှင့်တကွ တပ်သားအားလုံးကို အသက်ဘေးမှ ချမ်းသာခွင့်ပေးပြီး၊ ဒေါမဲ့လွှတ်လိုက်ပါသယ်၊ စိတ်အေးအေးနဲ့ ပြန်ကြတော်မူပါ'

ဟု ကိုင်းညွှတ်ရိုသေသောအမူအရာနှင့် ပြောလိုက်ရာ အဝေးဝန်မင်းသည်း ကျနေသော ပုဝါကိုပေါင်းရှင်း ရှက်ကိုး ရှက်ကန်းနှင့် တပည့်များကိုခေါ်ကာ ပြန်လာခဲ့ရလေတော့သတည်း။

× ❋ ×

ထိုအရေးတော်ပုံများ ပြီးစီးပြီးနောက်၊ ခင်တုန်းမြင့်သည် ရွှေစုန်ညိုခေါ် ဝင်မောင်ညိုအပေါ်တွင် ရှိုးရှမုန်းတီးခဲ့သော စိတ်များ တနေ့ထက်တနေ့ ရှားပါးကုန်ခမ်းသွားလျှက်၊ မိမိအပေါ်တွင် ချစ်ခင်မြတ်နိုးလှ၍ အမျိုးမျိုး သည်းညည်း ခံခဲ့ပုံများသည်ရင်။ မိမိအား ဤမျှ မေတ္တာထားနေသူအား အကျိုးယုတ် ပျက်စီးစေမှုကို ပြုမိစေကာမူ၊ ဒေါသ မာန်မာနစက်ထန်၍ကြမ်းကြုတ်ရက်စက်သော သူတည်းဖြစ်ပါလျှက်၊ လူသာမာန်တို့ပင် သည်းခံနိုင်မည်မဟုတ်သည့်အရာတို့တွင် သည်းခံရှာပုံ၊ အသက်စွန့်များ ကိုယ်ရေးကြွနေစဉ် အခါမှာပင်၊ သူ၏အကျိုး ဆုတ်ယုတ် ပျက်ပြားစေရန်ရန်လုပ်ထားပေး ပြုခဲ့မိသူ မိမိအား ဘေးအန္တရာယ်မရှိစေရန် အိမ်ထိ



ရာရောက် လိုက်ပို့နိုင်ခဲ့ပုံ၊ မိမိဦးစေသားနှင့်စစ်သည်များကို မြှုံးလှောင်မိစေသော ငါးကဲ့သို့ ပိုင်ပိုင်နိုင်နိုင်ကြီး ဘမ်းမိသောပါလျှက်၊ မိမိ မျက်နှာကိုငဲ့ညှာထောက်ထား၍ သောင်းမှုန်စွာပြန်လွှတ်လိုက်ပုံများကိုတနုံ့နုံ့ စဉ်းစားကာ မိမိသို့ခဲ့ပုံများကို ထောက်ဆ၍ ချစ်သနား အားနာကြီးဖြစ်ပေါ် နေမိလေသည်။

သို့ကြောင့် နောက်တကြိမ် တွေ့လျှင်ကား ဒါတိုင်းကဲ့သို့ မျက်နှာထားမဘောင်းတော့ဘဲ မိတ်ဆွေသူငယ်ချင်းတဦးကိုဆက်ဆံ ပေါင်းသင်းသကဲ့သို့ ချိုချိုသာသာ လက်ခံစကားပြောလိုက် ပါတော့မည်ဟု ပိုင်းဖြတ်မိလေသည်၊ သို့ရာတွင် ခင်မောင်ညိုမှာ ရက်အတန်ကြာသည်တိုင်အောင် မပေါ်လာဘဲရှိနေပြန်၏၊ ဤသို့ မပေါ်လာသောအခါမှ ခင်တုန်းမှာ ပူသလိုလို၊ ဆွေးသလိုလို သူ့အတွက်ပင် မအေးသလိုလိုနှင့် တခါတခါလည်း ပေါ်လာနိုးနှင့်မျှော်ကိုးမိလေ၏၊ သို့ရာတွင် ရွှေစုန်ညိုမှာမပေါ်လာ မြုပ်သားကောင်းလျှက် ရှိလေသတည်း။

ထိုသို့မပေါ်လာသဖြင့် မျှော်ကာ ဘမ်းမိသော နေ့ရက်တို့ အတောအတွင်းမှာပင်၊ ခင်တုန်းတို့၏အခြေအနေမှာ အတော်ပြောင်းလဲလာကြရလေသည်၊ ပြောင်းလဲပုံကား...

ဗိုလ်မှူးကျော်ခေါင်အား မိုးနှံမြို့သို့ တောပုန်းသူပုန် စော်ဘွားများ၏ရန်ကို ပြိုဖျက်ရန် စေလွှတ်ရာ နိုင်နင်းအောင် မတိုက်ခိုက်နိုင်၍မကာ၊ အပုဆမ်းပေါ့လျော့သောကြောင့် သူပုန်တို့က ဝင်၍စီးမိသဖြင့် စေလွှတ်ထားပြီးသောအရာရှိများပါ ညောင်ရွှေသို့ဆုတ်ခွာခဲ့ရသည့်အတွက် ဗိုလ်မှူး၏ရာထူးမှချ၍ ရာဇဝတ်နှင့် ချုပ်နှောင်ခေါ်ယူခဲ့ရမည်ဟု လွှတ်တော် အမိန့်ရောက်လာ၍ မင်းကျော်ခေါင် အချုပ်နှင့်ပါသွားရလေ၏။ ထိုနောက် သက္ကရာဇ် ၁၂၄၅ ခုနှစ် တန်ဆောင်မုန်းလတွင် နောက်ဝင်းတော်မှူး။ ပျဉ်းမနားမြို့စား မင်း

ကြီး မဟာမင်းကျော်မင်းခေါင်ကိုလည်းချည်ပြီးလျှက်၊ နေပြည်တော်ကြီးမှ ချီတက်လာခဲ့သော တပ်တော်ကြီးသည် မိုးနဲစော်ဘွားမှ စ၍ မိုင်း နောင် မိုင်းပျဉ်း စော်ဘွားတို့၏ မြို့ရွာများကိုပါ အပြင်းအထန်တိုက် ခိုက်သိမ်းယူ လိုက်သောကြောင့်၊ မိုးနဲစော်ဘွားအစရှိသော သျှမ်း စော်ဘွားတို့မှာ ယောင်မှားကာလွတ်ထင်းခြေပြုရလျက်၊ သံလွင်မြစ် အ ထက် ကျိုင်းတုံနယ်သို့ ထွက်ပြေးကြရလေသည်၊ မြန်မာစစ် တပ်ကြီးလည်း မိုးနဲမြို့တွင် နယ်ပယ်ငြိမ်ဝပ်သည် တိုင်အောင် ကွပ် ကဲရပ်တည်နေလေရာ၊ အဝေးဝန်မင်းနှင့် ခင်ဘုန်းမြင့် တို့မှာလည်း မိုးနဲမြို့သို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်ရပြီး ဝန်မင်းမှာလည်း မူလ အဝေးဝန်ရာထူးကိုပင် ဆက်လက်ထမ်းရွက်နေထိုင်ရသည်အထိ အ ပြောင်းအလဲ ဖြစ်ပေါ်ခဲ့လေ၏။

ယင်းသို့ အခြေအနေပြောင်းသော်လည်း ခင်ဘုန်းမှာ ရွှေနှန်းညို အား အမြဲသတိရလျက်ရှိလေ၏၊ သို့ရာတွင် ရွှေနှန်းညိုကား မပေါ် လာပေ၊ ခင်ဘုန်း၏လက်ချက်ကြောင့် လျှို့ဝှက်ထားသော ရွှေနှန်း ညို၏ အလိုက်အတွေ့ ဖြစ်သည့် ကျောက်တောင်ကြီးကို လှမ်းသွား ပြီ ဖြစ်သည်ထင်ကြောင်း၊ အပြင်းအထန် ခုခံတိုက်ခိုက်ရခြင်းကြောင့် မြို့ ယံသားများ အနာတရ ဖြစ်ကြရသည်တကြောင်း၊ ယင်းသို့ အ ခြေလှတပည့်ယံသားများ ဒေါ်ပရဲနှင့် အရာအထည် ကွဲကုန်သည် တွင် နောက်ရောက်လာသော စစ်တပ်တော်ကြီးက အဆိုးအကြီး မားလှသည်နှင့် မိုးနဲမြို့နှင့်ဝေးရာသို့ နေရာစခန်း ရွှေ့ပြောင်းသွား ကြပြီး ရွှေနှန်းညိုကိုယ်တိုင်ကလည်း ကျိုင်းတုံနယ်သို့ ပြေးလေပြီး သော သျှမ်းစော်ဘွားကြီးများနှင့် လုပ်ရေးကိုင်ရေးတို့ကို အခါမ ပြတ် သွားရောက်နေ၍ နေခဲ့ရသည်တကြောင်း၊ မိမိက သေလုမြော ပါး ချစ်ရပါလျက် မိမိအား မညှာမတာရက်စက်စွာ ပြုမူလိုက်သည့် ခင်ဘုန်းအပေါ်တွင် မုန်းသော်လည်း စိတ်အပျက်ကြီး ပျက်လျက်



မျှော်လင့်ချက်မရှိ၍ ဘာသိဘာသာ နေလိုက်တော့ခြင်းကြောင့် ခင်ဘုန်းမျှော်သလောက် ရွှေနှန်းညို ကျယ်ပျောက်နေခြင်း ဖြစ်လေ တော့သည်၊ ခင်ဘုန်းကား ရွှေနှန်းညိုစိတ်ပြောင်းသွားသည်ကို မသိ မျှော်မိကာ ဒီတခါလာလျှင် ကြည်ကြည်သာသာ စကား လက်ခံ ပြောတော့မည်ဟု ပြင်ဆင်နေလေရာ၊ အချိန်ကြာ၍ ကာလကျမ်း ပြီး မုန်းခြေ မကိုက်အောင်ရှိခဲ့သော်လည်းမိုးလွှန်မှတ္တန်ချသကဲ့သို့ သော မိမိအဖြစ်ကို အနည်းငယ်မျှ ရိပ်မိပေ၊ မျှော်၍သာ နေလေ သည်။

သျှမ်းစော်ဘွားများမှာလည်း ကြံ့အားစည်အား မလျှော့ပေ၊ ရေဝိမ်ကျပမှာ တပေပေ တလှုလှုနှင့်သာ တောတောင် မှန်းချီ၍ အမျိုးမျိုးအင်အားစုလျက် ရှိကြလေသည်၊ သူတို့အနည်းငယ် ရှိ နေသည်မှာ နောက်ချိတက်ရပ်နေသော ဗျဉ်းမနားမြို့စား၏ တပ် ကြီးဖြစ်လေသည်၊ ထိုတပ်ကြီးမှာ ရှမ်းပြည် ရှမ်းရွာတွင် အမြဲမနေ နိုင်ပေ၊ ရွှေမြို့တော်တွင် အင်္ဂလိပ်နှင့် အရေးပေါ်လျှင် ခေါ်ပြန်း အမြန် သင်းပြေးရလိမ့်မည်၊ ယင်းသို့ဝင်းပြေးရသည်နှင့်တပြိုင်နက် မိမိတို့အတွက် အခွင့်အခါကောင်း ကြုံမြန်ရမည်ဟု မျှော်လင့်ကာ အင်္ဂလိပ်နှင့် ထပ်နေ့သယ်ရက်ဆီသွား အရေးပေါ်မည်ဖြစ်သော အ မြန်သိရှိလိုနေသဖြင့် ရွှေနှန်းညိုမှာ စုဆောင်း သိမ်းသွင်းမိသမျှသော မိမိတပည့်ယံသားများကို လိုမြဲ ရှာ ခေမ်းသခုတွင် ပြောင်းရွှေ့ ထားခဲ့ပြီး နေပြည်တော်ကြီးသို့ မြောက်ပိုင်းရှမ်းကုန်သည်တဦးအ နေနှင့် အမှတ်မထင်ဆင်းသွားလေ၏။

× × ×

နေပြည်တော်သို့ရောက်၍ အနောက်ဘက်မှ နေ့ရောင်ခြည်ကျန် လျက်ရှိသော ရွှေနန်းတော် ဒုပိကာကြီးကို ငေးလှမ်းကြည့်မှ ပြင်၍ လျှင်ပင် ရွှေနှန်းညိုမှာ သွားဆော်သူ မိမိဆရာ ရွှေမင်းသားကြီးကို

မျက်လုံးအိမ်တွင် ထင်းထင်းမတ်မတ် ထင်မြင်လာကာ ကြည်ကဲ့လှယ် အပြစ်အပျက် ပေါင်းများသည် အသစ်ထပ်လောင်း ပေါ်ပေါက်ခဲ့၊ သီပေါမင်းစံနေရာ ရွှေနန်းတော်ကြီးကို လှမ်းမျှော်ပြီး လက်သီး ကြိတ်ဆုပ် တံကြိတ်ခဲလျက် အချက်ပိုင်ပိုင်ကြီး လက်စားချေရန် စိတ်အားထက်သန်သည်ထက် ထက်သန် လာပြန်လေသတည်း။

ရွှေစွန်ညိုမှာ သာမာန် ရှမ်းတယောက်ကဲ့သို့ ရုပ်ဖျက်ခါ မြင်းတစီးနှင့် တဖြည်းဖြည်းမြို့တော် ဆောင်မြင်အရပ်ကို ဖြတ်၍ လာခဲ့လေသည်၊ သို့ရာတွင် ရွှေစွန်ညိုတွေ့မြင်ရသော မြို့လူမြို့သားများမှာ ထူးခြားသောအမူအရာနှင့် အရေးတစုံတခုအတွက်ယောက်ယက်ခတ် လှုပ်ရှားပြေးလွှားနေသည်ဟု ထင်ရလေသည်၊ သို့အတွက် ရွှေစွန်ညိုမှာ မစဉ်းစားတတ်အောင် ရှိလေ၏။

ထိုနေ့ကား နေပြည်တော်ကြီးတွင် အရေးတော်ပေါ်သော နေ့ကြီးပေတည်း၊ သို့ရာတွင်ရွှေစွန်ညိုမှာ ဘာမျှမသိရသေးဘဲ အမှုအရာ ထူးခြားနေသော မြို့လူမြို့သားများကိုသာ အကဲခတ်နေမိသေးသည်၊ တွေ့မြင်ရသောလူများမှာ အရေးတကြီး ပုယာ ကြောက်ရွံ့ရွာနှင့် ပြေးလွှားပုန်းအောင်းသူ၊ ရင်တီးလက်ခတ် ငိုသူငို၊ အထုပ်အပိုးတဘက်၊ ကလေးမြှူးငယ်တန်းလန်းနှင့် လမ်းပေါ်တွင် ထလည်လည်နေသူနေ၊ အမေတပေ အဖေတပေ ခေါ်ဟစ်အော်သူ အော်နှင့် ပျားပန်းခတ်မျှ ဖြစ်နေကြသည်ကိုတွေ့ရလျှင် ယခင်ထက် ပိုမိုဖွဲ့ထားသင့်သွားမသာသည်၊ ဤလူတွေ ဘာဖြစ်နေကြတာလဲဟု တွေးမိသည်၊ သို့နှင့် မြင်းဇက်ကိုမလျှော့ပြီး မြို့တံခါးအနီးသို့ ချဉ်းကပ်ကြည့်ရှုပြန်ရာ၊ နန်းတွင်းသူနန်းတွင်းသားနှင့်တူသည့် မိန်းမကြီးငယ် တစုတို့သည်အထုပ်အပိုးကိုယ်စီနှင့် ပြာရီးပြာရာ ပြေးလာကြပြီး တံခါးမှူးကို အပြင်ထွက်ရပါမည့်အကြောင်းနှင့် ငိုရိုသူ၊ တောင်းပန်သူ၊ ငိုယိုသူ၊ ငွေထုပ်ကြီးပေးရှိုရှင်း၊ မှတ်း၊ နားငွင်း၊ လက်တောက်လောက်



ရှုပ်၊ ချွတ်ပေးခြင်းဖြင့် တံခိုးလက်ဆောင်ထိုးပြီးအမျိုးမျိုးတောင်းပန်နေကာ မြို့ပြင်သို့ ထွက်လာခဲ့ရရှာသူများကိုဎင်း၊ တံခါးမှူးမှာ ရွှေငွေတံစိုး တလွယ်ပိုးကြီးရ၍ ကျေနပ်လှသော မျက်နှာထားနှင့် အားရနေသည်ကိုဎင်း၊ တွေ့မြင်ရလေသည်၊ ထိုအခိုက် ရွှေစွန်ညို၏ နားတွင် ထူးခြားသော အသံတခုကို ကြားရသောကြောင့် နားစွင့်၍ တောင်းမိလေသည်၊ ထိုအသံမှာ စင်ကြီးရှိသောအခါ တီးမှုတ်သည့် အင်္ဂလိပ်တင်ရောသံများ ဖြစ်ကြောင်းသိရ၍ ဘာအကြောင်းမျှ မသိရသော ရွှေစွန်ညိုမှာ သာ၍ ဇဝေဇဝါဖြစ်ပြန်လေသည်၊ တဖန်မြို့တံခါးဘက်သို့ သည့်ကြည့်လိုက်မိသော အခါမှာလည်း မြို့တွင်းမှ ပြေးထွက်လာသူများမှာ မစဲနိုင်အောင် များပြားလျက် ရှိနေသေးသည်ကို တွေ့မြင်ရလေသည်၊ ရွှေစွန်ညိုသည်၊ မြို့တော်ကြီးတွင်တစုံတခုသောအရေး ပေါ်ပေါက်နေပြီဟု တွေးမိသည်၊ ထို့ကြောင့် အရေးထဲမှာဘာများနေမည်ဖြစ်သော တံခါးမှူးအား အသက်လုပ်၍မှ ပန်ကြားခြင်းမပြုတော့ဘဲ မြင်းဇက်ကိုတအားဆွဲပြီး မြို့ထဲသို့ လေကြမ်းတိုင်းနှင့် ဝင်ရောက်လာခဲ့လေသတည်း။

မြို့တွင်းသို့ရောက်သောအခါ ရွှေစွန်ညိုမှာ မိမိမျက်စေ့ကိုပင် မယုံနိုင်လောက်အောင် တုန်လှုပ်သွားမိလေသည်။ ရွှေနန်းတော်ကြီး၏အတွင်းအရှေ့အထားဖြစ်သောတံခါးနီဘက်တပ်ကြီး၊ ပတ်ဝန်းကျင်တွင် သေနတ်ထမ်းဂေါရာ စစ်သားများ လှုချင်းထိုးပ်ခါ ဝိုင်းရံထားသည်ကို တွေ့ရလေသည်။ အတွင်းသို့လှမ်းကြည့်လိုက်သော အခါလည်း အပြင်သို့မထွက်နိုင်သော မိန်းမ ယောကျ်ားများမှာ ပြေးလွှားအော်ကာ ကြောက်ဒေါ်မှန်၍နေရှာကြသည်ကို တွေ့မြင်ရလေသည်။ ထိုမှတဖန် လှည့်ပြန်သော် ဥယျာဉ်တော်များ ပတ်လည်တွင်လည်း ဂေါရာစစ်သားများ ဝိုင်းရံနေလျက် ရွှေနန်းတော်ကြီး ပတ်လည်တွင်လည်း ဂေါရာစစ်သားနှင့် ရှက်

တောင်စိုက် စစ်ဗိုလ်များ ကြီးမှူးပိုင်းခန်းထားသည်ကို တွေ့ရပြီး
အချို့ ဂေါ်ရာစစ်သားတို့မှာ ရွှေနန်းတော်ကြီးပေါ်တွင် ဘွတ်
ဖိနပ်ကြီးတဂေါက်ဂေါက်နှင့် အမြီးပြန်ခေါင်းပြန် လျှောက်လျက်
ရှိသည်ကို ရှုမြင်ရသောအခါ မိမိခေါင်းပေါ် တက်နင်းခံရ
သည့်နှယ်မခြား ဆတ်ဆတ်တုန် နှလုံးကျည်းသွားမိသဖြင့် ဓါးရိုးကို
မကြာခဏ စမ်းသပ်မိလေ၏။ ထိုတွင်မျှမကသေး ရွှေသားအတိ
တွင် ရတနာခုနစ်ပါး စီချယ်ထားသော သီဟာသန ဂဇာသန
ဘမရာသန မိဂါသန မဒုမာသန စသော မင်းအဆက်ဆက်အသုံး
တော်ပြုခဲ့ကြသည့် ရာဇပလ္လင်တော်ကြီးများအနီးတွင် ဂေါ်ရာစစ်
သား ကုလားစစ်ပါကြီးများ တောသီးလောင် တောကြောင်လက်
ခမောင်းခတ်လေ့ရှိသည့် မြန်မာစစ်တပ်မှ အလစ်သမား လူညံ့
စားများ ထင်းရှုံးပြင်လျက် တစုံတခု အလုအယက် ဖဲ့ခွဲယူငင်နေ
ကြသည်တို့ကို တွေ့မြင်ရသောအခါ မိမိဘုအသည်းကို ဆွဲငင်ဖြတ်
ယူနေသည်အလား များစွာ အခံရခက်လှလေ၏။ သို့ရာတွင် အကျိုး
အကြောင်းကို အစုံအလင်မသိရသေးသဖြင့် မိမိဘာမှ မလှုပ်တတ်
အောင် ရှိနေတော့သည်။ ထို့ကြောင့် ထူးခြားသော အရေးအ
ခင်းများကို တဝေဝေယောင်ယောင် မျက်တောင်မခတ်ကြည့်လျက်
အထက်သို့ လျှောက်လာမိပြန်သည်။

အနန်းဥယျာဉ်တော်အတွင်း၌ ရွှေလှေ၊ ငွေလှေသင်းတို့နှင့် ရေ
ကြောင်းစီးလျှော်လေ့ရှိသော ရေမြောင်း အသွယ်သွယ်တို့ နံပါးရှိ
လမ်းများပေါ်တွင် နန်းတွင်းသူ ကြီးငယ်တစုတို့မှာ လူဆိုးသူဆိုး
တို့၏ ဘေးအန္တရာယ်မှ ထိမ်းရှောင်ထွက်ပြေးနေကြရလျက် အချို့
မှာလည်း လက်ပတ်လက်စား ရွှေငွေများကို လိုက်လံ လုယက်
သောဘေးမှ မလွတ်နိုင်ဖို့ရန်ကို ကြောက်လန့်ရှာကြသောကြောင့်အသိုး
တန် လက်ဝတ်လက်စားများကို ချွတ်ခါ ရေမြောင်းတွင်းသို့ ပစ်



စွန့် ထွက်ပြေးလာကြရှာသည်ကိုရှင်း၊ အချို့ နေ ရာ တွင် လည်း
ကြောက်ရွံ့စွာပြေးလာကြသော မိန်းမသားများကို လိုက်လံ
လုယက်ထိုးခုတ်သတ်ဖြတ်နေကြသဖြင့် မျက်စိအောက်တွင် မရှောင်
မလွဲသာအောင် တွေ့မြင်နေရသောအခါ ရွှေစွန်ညိုမှာ သွား
ရင်းလာရင်းသုံးလေးကြိမ်မျှ ခုခံမောင်းနှင်ပေးလိုက်ရပေ၏။ ဤအ
ထဲမှာပင် လေဘာအနောက်သို့ ကောက်ကောက်ပါ လိုက်နေကြ
သော အချို့ယောကျ်ားများမှာ အသက်အန္တရာယ်ကြောင့်စွန့်ပစ်
ခဲ့သော ပစ္စည်းများကိုပင် အရေးတကြီး လှလှတခုတ်ခါ လိုက်
လံ ကောက်ယူနေကြသည်ကိုရှင်း၊ ထိုသို့ ကောက် ယူ သူ များ
ကို လည်း နိုင် ရာ နိုင် ရာ က တ ဆင့် ထိုး သတ် လု ယူ သွား
ပြန်သည်တို့ကိုရှင်း တွေ့မြင်ရသောအခါ လောလော ဆယ်ဆယ်၊
တထူးကျယ်ကောင်းသော အဖြစ်အပျက်များကို ထင်ရှားတွေ့
မြင်ရလေသည်၊ သို့လျှင် ရွှေစွန်ညိုသည် နေပြည်တော်တွင် မင်း
ပြောင်း မင်းလဲနှင့်ကြုံချေပြီဟူ၍သာ သိရသည်၊ သို့ရာတွင် မည်သည့်
မင်းနှင့်ပြောင်းလဲသည်ကား မသိရသေး၊ အင်္ဂလိပ် စစ်သားများကို
တွေ့မြင်နေရသဖြင့်လည်း စိတ်ထဲတွင် စနောင့်စနင်းရှိနေသေးသည်၊
ကြောက်ကြောက်ရွံ့ရွံ့နှင့်ပြေးလာကြသူများကို ဆီး၍မေးမြန်း
ရာတွင်လည်း၊ ထိုသူများမှာ ကြောက်စေ့ထွန်းနေရ၍ မပြောနိုင်၊ အ
ချို့အကျိုးအကြောင်း သိမေးသူကိုပင် ရန်သူဟုထင်၍ တုတ်ထိုး
ကြီးပြေးကြလေရာ ရွှေစွန်ညိုမှာ ယောင်လည်လည်နှင့်သာ ကျန်ရစ်
လေ၏။

ယင်းသို့ ဗျူးကန်ရှုပ်လာသော ရွှေစွန်ညိုသည်ချင်း ဘာမျှမ
သိရသေးသော်ငြားလည်း၊ ထိုနေ့ကား ၁၂၄၇ ခုနှစ် တန်ဆောင်
မုန်းလဆုတ် ၇ ရက်နေ့ဖြစ်၍ မြန်မာပြည်၏အရေးအကြီးဆုံးသော
အဖြစ်အပျက်များဖြစ်ပွားပေါ်ပေါက်၍သတင်းပျံ့ဟု ထင်ရှားသွားခဲ့

သောမြန်မာများ လူမျိုးကွဲခဲ့ခြေဖဝါးအောက်စထင်ရောက်ရသော နေ့ကြီးဖြစ်လေရာ၊ ထိုနေ့အတွက် တသက်လုံး ကြည်ကွဲ ဆွေးမြေ့ ကျန်ရစ်စေလောက်သော အဖြစ်အပျက်တို့ကား....

ရွှေမိုးတော် တောင်ပြင်မှာက်သာတံခါးမှ ဂေါ်ရာ စစ်သားများ ရှေ့နောက်ခြံရံ၍ လိုက်လာသော တရုပ်ကပ်ဘီယို လှည်းနှစ်စီးနှင့် နောက်မှခြေလျင် လိုက်ပို့ကြသော နန်းတွင်းသူယောက်ျား မိန်းမ အများ ညီးငယ်ပူဆွေးငိုကြွေးလျက် ပါလာကြလေ၏၊ ဘီယိုလှည်း နှစ်စီးအနက် ရှေ့လှည်းတွင် သီပေါမင်း၊ မိဖုရား၊ မယ်တော်ဆင်ဖြူ မရှင်တို့ စီးနင်းလျက်၊ နောက်လှည်းတွင် ညီမတော် သို့ဘော် နှစ်ပါး အထိန်း ကျေးကျွန်းများပ ရှိလေ၏၊ သီပေါမင်း စီးနင်းလိုက် ပါတော်မူသော ရှေ့လှည်း၏နံဘေးတစ်ဘက်တချက်ဘွင်ကား၊ မင်းကြီး မင်းတင်မဟာစည်သူ၊ ဝက်မစွတ် မြို့စားဝန်ထောက်မင်း [*] နှင့် ပင်းတလဲမြို့စားဝန်ထောက်မင်းတို့သည် ဘောင်းဝတ်လုံ ဆင်မြန်း ထားကြသော်လည်း ဘီနပ်မျှမစီးနိုင်ကြဘဲ၊ ထီးဖြူတော်နှစ်စင်း ကိုယ်တိုင်မိုးလျက် လမ်းစဉ်တလျှောက် လိုက်ပို့ကြလေသည်၊ ကျုံးနံဘေး လမ်းတလျှောက်လုံးမှာမူကား ပြည်သူပြည်သား အပေါင်းတို့မှာ၊ သောင်းသောင်းဖျဖျ ငိုကြွေးကြလျက် ကြွတော် မူသောဘုရား၊ လိုက်တော်မူခတော့ဘုရားဟု နှုတ်ဆက်တင်ကာငိုကြွေး ဟစ်အော် ပူဆွေးကန်တော့လိုက်ကြရရှာသည်၊ အချို့ သက်ကြီး သူတို့များမှာကား လိုက်တော်မူကြတော့ အမိုက်ကလေးတို့ရေ...

ဟု ခေါင်းတုန်တုန် လည်တုန်တုန် ကြည်ကွဲလိုက်လှဲသော အသံ ကြီးများနှင့် ကိုယ့်မင်းကိုယ်ချင်းဖြစ်၍ သံယောဇဉ် မကင်းနိုင်ရှာ

(* မင်းကြီး မင်းတင်မဟာစည်သူ - ဝက်မစွတ် မြို့စား မင်းကြီးမှာ၊ ဦးဝဏ္ဏ(ရေးသူ ဗဂုန်ခင်ခင်လေး၏ အဘိုးအရင်းဖြစ်သည်။)



ဘဲ၊ ဂရုဏာဒေါသော စူးစူးရှားရှား ဟစ်အော် ပြောလိုက်ပါရှာ ကြသည်။

နောက်ကျ၍ မမြင်ရသူ များမှာလည်း သူ့ ထက်ငါ လု ယက် ပြေးလွှား ထိုး ဝှေ့ ပြီး၊ အဆုံး စွန်သော ကန်တော့ ခြင်းဖြင့် မိမိတို့ ဘုရင်ကို၊ ကန်တော့ လိုက်ကြ ရရှာ လေ တော့သည်၊ သို့နှင့် တနိုင်ငံလုံး၊ အုံးအုံးကြွက်ဆူ မီးနှယ် ပူလျက် ရှိကြစဉ် အရှင်နှစ်ပါးကို တင်ဆောင်လာခဲ့သော လှည်းနှစ်စီးသည် မင်္ဂလာတံခါးမှထွက်၍ ကျုံးနံဘေးမှ တီလမ်းအတိုင်း စစ်သားများ ဝိုင်းရံမောင်းနှင်လာခဲ့ရာ၊ ထီးတန်းဘိပ်သို့ ရောက်လျှင် ယိုးဒယား ဓာတ်ကြီးသားများထွက်၍ ဘီယိုလှည်းကိုဆွဲထားပြီး ဘုရင်ကိုပြန် လုယူရန် အစို့သားများက ကူညီစေရန် ဟစ်အော်စုဆောင်း ခေါ် ငင်သော်လည်း လူမညီ၊ မြန်မာစစ်သည်တပ်သားများမှာလည်းလက် တော်မှ မစုရုံးရှာသော အခိုန့်ကြောင့် တပ်သားအချို့မှာ အကြိတ် ခါ လက်ပိုက်ကြည်နေရရှာခိုက် ဖြစ်နေပြီးလျှင်အင်္ဂလိပ် စစ်ဗိုလ်တို့ ကလည်း ရှုံးရင်းဆန့်ခပ်မပြုရန်နှင့် မောင်းမင်းတို့ဘုရင်မင်းကိုယ် တိုင် သဘ္ဘဝ ါအပေါင်း မျက်စီးသောကြောင့်အတွက် ငါ့ကျက်သွား တာ၍ ခုခံတိုက်ခိုက်ခြင်းမပြုဘဲ အသာတကြည်နှင့် ပါတော်မူ လာပြီဖြစ်ကြောင်း စကားပြန်နှင့် အပြောခိုင်းသည်ဖြစ်ရာ၊ ယိုးဒ ယားဓာတ်ကြီးသားများနှင့် အရပ်သားအစို့ သားများမှာ မျက် ရည်တပ်ပ် ခံတာခဲခဲနှင့် အားမတန်၍ မခန်လျှော့လိုက်ခေါ် ဆုတ်ခွါ သွားကြရရှာလေ၏။

ဘီယိုလှည်းများမှာ အစဉ်အတိုင်း မောင်းလာလျက် ဒီတိုး လမ်းသို့ ချိုးကွေ့လာပြီး ဂေါဝိန်ဆိပ်ကမ်းသို့ သွားသည့် လမ်းသို့ ရောက်လျှင် အရှင်နှစ်ပါးသည် မြတောင် ထရာတော်ကြီးသို့ မင်း နားကြီးကျယ်စွာ တောက်လှုပ်လျှော့ခါ်းထားသောကောင်းမှုတော်

ဖြစ်သည့် မြတောင်ကျောင်းတော်ကြီးမှာ အပြီးသပ်၍ ခမ်းနား ကြီးကျယ်စွာ ရေစက်သွန်းချရန်သာ လိုတော့သည်ဖြစ်သဖြင့် ရေစက်ချခဲ့လိုကြောင်း နေ့လွှာလည်းရွေးပေးရန် ပြောဆို၍ လှည်းရပ်ပေးသည်နှင့် သီပေါမင်းလည်းပေါ်မှ ဆင်းတော်မူသည်ပြုလာ၊ အင်္ဂလိပ်စစ်ထိုးကမူဆင်းခဲ့ရပါ၊ ပြောဆိုရန်ရှိသည်တို့ကို လှည်းပေါ်ကပင် ပြောဆိုစေလိုကြောင်း သားမြစ်ခေသာကြောင့် မြတောင်ဆရာတော်ကြီးကို ပင့်ဆောင်လာ ဆရာတော်ကြီးကြွတော်မူလာပြီး၊ ထကာတော် ရေမြေ့ရှင်များကိုကြည့်ကာ ဘုရားရှင် ပုဂ္ဂိုလ်ကြီးပင် ဖြစ်လင့်ကစား စိတ်ထိခိုက် လှုပ်ရှားသွားသကဲ့သို့ ရှိရသည်၊ သီပေါမင်းနှင့် မိဖုရားတို့မှာလည်း ဆရာတော်ကြီးကို တွေ့မြင်ရသောအခါ ရင်ထဲခံစားမှုကိုပင်မထိန်းသိမ်းနိုင်လောက်အောင်ကြည်ကွဲသော်မူရရှာလေသည်၊ ထိုနောက် ဘိယိုလှည်းပေါ်တွင် လမ်းခရီး ပွဲတော်တည်ရန် စားတော်ဝန်မင်းကိုယ်တိုင် မျက်ရည် စက်လက်နှင့် ထည့်ပေးလိုက်သော ရွှေခွက်၊ ရွှေဖလား၊ ရွှေကရား၊ ရွှေတခေါင်းများမှ ရွှေကရားတခုကို ရေသည့်စေပြီး လမ်းမတော်တော်မှာပင် သီပေါမင်းတရားကြီးကို ရွှေကရားနှင့် လှည်းပေါ်မှ မျက်ရည်စက်လက်နှင့် ရေစက်ချလျက် မြတောင်ဆရာတော်ကြီးကလည်း အောက်မှ မတ်တတ်ရပ်ခါ မျက်ရည်လည်လည် အသံတုန်တုန်ကြီးနှင့်ပင် ရေစက်ချကို ရွတ်တော်မူရှာသည်၊ တိုက်တွင်းရှိ စာသင်သားတော်အပေါင်းကား ထယောင်ကျော် နှစ်ထောင်နီးမျှရှိလေရာ၊ ပျို့ရွယ်သန်စွမ်းသောပဉ္စင်းငယ်တို့မှာ ဆရာတော်ကြီးနှင့် ဘကာတော်ဘုရင်မင်းမြတ်၏ ဖြစ်ပုံကိုမြင်ရလျှင် သည်းခံနိုင်ခြင်းငှာ မစွမ်းသဲ့ တပါးလျှင် ဝါးရင်းတုတ် တချောင်းစီ ကိုင်ဆဲ့ကာ ဂေါရာ စစ်သားတို့ကို ရိုက်နှက်ရုံမျှနှင့်ပင် အနိုင်ရနိုင်ကြောင်း သိရှိသည့်အလျောက် လွှတ်လုမည်ထက်ကဲ့ရှိကြရာ ဆရာတော်ကြီး ရိပ်မိသွား



သောကြောင့် ဘာသာတရားတော်ကြီးအရ၊ ၂၂၇ ပါးသော ဝိနည်းသိက္ခာပုဒ်တော်ကို စောင့်ထိန်းရသည့် ရဟန်းများအနေနှင့် ဘုရားမကြိုက်သော အကြမ်းဖက်၍ မလုပ်ကြနဲ့ မောင်ပဉ္စင်းတို့ အကျိုးမရှိဘူး၊ ကံအတိုင်းသာ ဖြစ်ပေစေတော့-ဟု မိမိတပည့်များဘက်သို့ လှည့်၍ ဓားတိုးမိန့်မြွက်တော် မူလိုက်ခြင်းအားဖြင့် ပဉ္စင်းတို့မှာ ဆရာတော်ကြီးအား သက်ဦးဆံပိုင် ဘုရင်တမျှ၊ ကြောက်၍ ရိုသေကြရများ ဖြစ်သည့်အားလျော်စွာ မကျေမချမ်းနှင့်ပင် ကျောင်းသင်္ခန်းအတွင်းသို့ ဝင်ခဲ့ကြရလေသည်၊ ဆရာတော်ကြီးကား ဘိယိုလှည်းကလေး ဝေးသွားသည်တိုင် ကြည့်မျှော်ကျန်ရစ်ရှာလေ၏။

အစဉ်အတိုင်းလာခဲ့သော ဘိယိုလှည်းနှင့်စစ်တပ်များမှာ ညဉ့်နေဝင်၍ မှောင်စပြုသည်တွင် ဂေါ်ဒိန်ထိပ်ကမ်းသို့ ရောက်လာလေသည်၊ သူရိယခေါ် သင်္ဘောပေါ်တွင်လည်း အစောင့်စစ်သားများ မြင်ဆင်ပြီး ဖြစ်လေ၏၊ သင်္ဘောကုန်းဘောင် တဘက်တချက်တွင်ကား ဂေါရာစစ်သားများ ဝဲ့ယာစီတန်းရပ်နေလျက် အချို့မှာ လက်တွင် ဆောင်တော်ကူး မီးကျီဖယောင်းတိုင် မီးခွက်များ ကိုင်ဆောင်ထားကြလေသည်၊ သီပေါမင်းတရားကြီးနှင့် မိဖုရားကြီးတို့လည်း သွားတော်ငယ်နှစ်ပါးကို ကိုယ်တော်တိုင် လက်ဆွဲကာ သင်္ဘောပေါ်သို့ တက်တော်မူကြရရှာလေ၏၊ လိုက်ပို့သူများမှာ လိုက်ခွင့်ရသူတို့ နောက်တော်က ပါကြရလျက်၊ ကျန်ရစ်သူများမှာမူကား၊ ရင်ထုလက်ခတ် သည်းအူပြတ်မျှ ကမ်းနဖူးတွင် လူးလိမ့်ငိုကြွေးရစ်ရှာလေ၏၊

ရွှေစုန်ညိုလည်း နေဝင်၍ မှောင်လာသည် တိုင်အောင် တလည်လည်ပင်ရှိလေသည်၊ အကျိုးအကြောင်း စုံစမ်းမေးမြန်းရန် အလို့ငှာ၊ ရွှေက သိဟောင်း ကျွမ်းဟောင်းများသို့ ဝင်သော်လည်း လူကို မတွေ့ရ၊ ပိတ်ဆို့ထားသော အိမ်များကိုသာ တွေ့ရလေသည်၊ အချို့

အိမ်များကိုမှ မသိကျွမ်းသော်လည်း စုံစမ်းရန် အရမ်းဝင်၍သွားပြီး တွေ့သူကို အကျိုးအကြောင်း စုံစမ်းမေးမြန်းမိသည်၊ သို့ရာတွင် မည်သူမျှ အရေးလုပ်ခါ မဖြေနိုင်ကြဘဲ၊ သူတို့ဘာသာ ပြာ၍ နေကြလေသည်။

အချို့သော အိမ်ကြီး အိမ်ကောင်းများကို တအိမ်တက်ဆင်း စုံစမ်းပြန်ရာ အိမ်သူ အိမ်သားတို့မှာ သောကဗျာပါဒ ကြီးစွာနှင့် ကျွန်းသေတ္တာ၊ သံသေတ္တာ၊ စသော ကြီးမားသော သေတ္တာကြီးများ အတွင်းသို့ ထမီကောင်း-ပုဆိုးကောင်း-အသုံးအဆောင်ကောင်း ဆိုသမျှ၊ မဆန့်မတန် သိပ်ထည့်ကာ၊ သေတ္တာကို လုံခြုံစွာပိတ်လျက် လူလေး ငါးယောက် မနိုင့်တနိုင်မကာ၊ ရေကန်၊ ရေတွင်းများ အတွင်းသို့ အမှတ်အသားနှင့် ပစ်ချထားခြင်း၊ အချို့တို့မှာလည်း ရွှေထည် ငွေထည်သော အဖိုးတန် ပစ္စည်းများကို တွင်းနက်နက်ပေါက်၍ ထည့်ဝှက်နေသူကနေ၊ အချို့ကား မိမိတို့၏အထက်တန်းစားကျသော အဝတ်ကောင်းများကို ချွတ်၍ စုပ်ပဲ့ညစ်ပေသော အဝတ်အစားကိုလဲလျက် ကိုယ့်အိမ်တွင် ကိုယ်မအိပ်ပဲ သင့်လျော်ရာတွင် ပုန်းလျှိုး ကွယ်လျှိုး နေရန် ထွက်ခွာသွားကြသည်တို့ကိုသာ တွေ့ခဲ့ရသည်။

တဖန် လမ်းဘက်သို့ ထွက်ခဲ့ပြန်ရာ၌လည်း လရောင်ဝိုးဝါးတွင် ဓါးတပြေးပြေး လှံတလက်လက်နှင့် ထိုင်းပြည်ပျက်ကို စားကျက်ပြုကာ လုယက်တိုက်ခိုက်ကြသည့် တောင်ပံနီခေါ် လူဆိုး လူတေများ ၎င်းတို့ရန်ကို ကြောက်၍ သဖြင့် ပုန်းလျှိုး ကွယ်လျှိုး ပြေးလွှားနေရရှာသူများပင် မတွေ့တွေ့အောင် လိုက်ရှာကာ၊ ပါသမျှကို မရမက ဝမ်းဆီးသဲပြတ် ယူငင်နေကြသည်ကို တွေ့ရလေ၏၊ ၎င်း မီး-လောင်မီး အသီးသီးတို့ဖြင့်လည်း မြို့ပြင်နယ် ဝေးလေးပြင်၌ မပြတ်အောင် ထိန်ထိန်ညီးလျက်ရှိလေသည်။



မီးလောင်ရာ၌ အနီးအပါးတွင် ပုန်းလျှိုး အိပ်ရသူများမှာလည်း မီးဘေးမှ ပြေးလာရာတွင် လူဆိုးများနှင့် ရင်ဆိုင်တွေ့ကာ၊ ပါသမျှကို ချပြေးရလေသည်၊ အချို့ ပစ္စည်းခင်မင်သူများမှာ အသက်ရော ပစ္စည်းပါ၊ လုဆိုးတို့၏ လက်တွင် ဆုံးရှုံးသွားရသည်တို့ကို တွေ့မြင်ရလျက်၊ အချို့ အရွယ်ကောင်းသော မိန်းမလေးများမှာမူကား၊ ပစ္စည်းဆုံးရုံမက၊ လူ့အစော်ကားခံရမည်စိုးသဖြင့် အထူးစိုးရိမ် ယခိုက်ခါ၊ ပုန်းလျှိုးရှာသည်ကိုရှင်း၊ အချို့နာမည်ကြီး ကပ်စေးနဲသော သူဌေးကြီးများမှာကား၊ လူဆိုးများက အညှိုးကြီးနှင့် ရှာဖွေခြင်းခံရမည်ဖြင့် ခိုက်ခိုက်တုန် အေးချမ်းလှသော တန်ဆောင်မုန်းလ အတွင်းပင် ဖြစ်လင့်ကစား၊ ကျုံးရေထဲဆင်း၍ ကြာပက်အောက်တွင် ခေါင်းမျှသာပေါ်ကာ၊ ပုန်း၍နေကြရရှာသူများလည်း မရှားပေ၊ ရွှေစွန်ညိုသည်း ဖြစ်ပုံအတွေ့တွေ့ကို မရှောင်မကွင်းသာဘဲ၊ တွေ့မြင်လာရခြင်းအားဖြင့် ညဥ့်သန်းခေါင်ကျော် အချိန် ရောက်လာသောအခါ အိမ်ကြီးတအိမ်၏ လှေခါးရင်း၌ ဆွေးဆွေးမြေ့မြေ့ ထိုင်ငိုနေသော အမယ်အိုကြီးတဦးကို တွေ့ရပြန်သည်နှင့် အနီးသို့ သွား၍ ရပ်မိရာ၊ အမယ်အိုကြီးမှာ ကြောက်ရွံ့စွာ ဒူးတုပ်ရှိခိုးပြီး....

'ချမ်းသာပေးပါ မောင်ရယ်၊ အဖွားမှာ ဘာမှမရှိပါဘူး၊ မယုံရင် ရှာကြည့်ပါ'

ဟု တုန်တုန်ရီရီပြောရှာလျှင် ရွှေစွန်ညိုသည်း၊ အဖွားကြီးအား မိမိလူဆိုးမဟုတ်၍ မကြောက်ရန်ပြောပြီး အဖွားကြီးစိတ်အေးသွားသည်တွင်မှ အကျိုးအကြောင်း မေးမြန်းစုံစမ်းရာ၊ အမယ်ကြီးသည်း ဝမ်းနည်းပက်လက်နှင့်....

'အမယ်လေးမောင်ရယ်...မသိဘူးလား၊ အဖွားတို့သခင် ရွှေနန်းရှင်ကို ကုလားဖြူမင်းက ဆောင်ကျဉ်းသွားပြီမောင်ရဲ့၊ ဒါကြောင့်

နို့ ရွှေမြို့တော်ကြီးတခုလုံး ကြိမ်မီးဆုံးသလို ချုံးချုံးချ ငိုပွဲကြီး ဆင်နေကြပါတဲ့၊ ဒီအထဲ လူဆိုးတွေဆိုးတွေက မငြိမ်မသက် ထကြွနေလို့ ရုတ်ရုတ်ယက်ယက် ဖြင့်နေပါမောင်ရဲ့....'

'ဘာပြောတယ်အဖွား၊ ကုလားမင်းက ဘုရင်ကို ခေါင်ကျဉ်း သွားတယ်ဟုတ်လား၊ ဘယ်သူ့ကမှ ခုခံပြီး မတိုက်ကြဘူးလား၊ ဒါမှ မဟုတ် တိုက်ရက်သားနဲ့ အင်အားမမျှလို့ အရှုံးခံရပါလား'

ရွှေရှန်ညိုမှာ သိပေါမင်းအား မိမိကိုယ်တိုင် ဂလဲ့စားချေမည်ဟု ရန်ငြိုးထားခဲ့သူပင် ဖြစ်ငြားသော်လည်း၊ ယခုကဲ့သို့ ကုလားမှူး မင်းသက်သို့ ပါသွားသည်ဟု ကြားလိုက်ရသောအခါ (လက်သဲဆိတ်တော့-လက်ထိပ်နာ) (အမျိုးထိတော့-မချိရှာ)တနိုင်ငံလုံး ကျွန်ကျွင်း နှစ်အောင် ဖြစ်ရချက် မသက်သာတော့ပေဟု ယူကြုံးမရ ဖြစ်ရရှာ တော့သည်။ထိုအတွင်း အဖွားကြီးမှာငိုသံပါကြီးနှင့် ဆက်လက်ပါ....

'မပြောချင်ပါဘူး မောင်ရယ်....အဖွားတို့ တိုင်းပြည်ကြီးဖြင့် အတွင်းမီး အရှုပ်အရှက် တွေကြောင့် ရှုတ်တရက် ရေတိမ်မှာ နစ်ပါပေါ့ မောင်ရဲ့၊ ဆုံးပြီ ဆုံးပြီ ကုန်းဘောင်ဆက်နေ့တာယူဝမင်း သိမ်းပါတော့ မှုရှာပေါ့'

ဟု ညည်းညည်းညူညူ ငိုကြွေးလိုက်သောအခါ၊ ရွှေရှန်ညိုမှာ မချိတရိနှင့် သက်ပြင်းကြီးချလိုက်မိလေ၏၊ ထို့နောက်ရွှေနန်းဦးဆောင်ဆုစဉ်ပလ္လင်တော်ကြီးကို စိတ်ထဲမှ ထင်မြင်ကာ၊ လ ရောင် မသာ တသာတွင် ရွှေနန်းပြာသာဒ်တော်၏ ဒုပီကာအဆက်များနှင့်ငှက်မြတ်နား ရှင့်ရှင့်မြင့်မြင့်ကြီးကို မျှော်ကြည့်မိလျှက်၊ မိမိရန်ငြိုးထားခဲ့သူပင် ဖြစ်လင့်ကစား၊ မျိုးဇာတ်မတူသည့် သူတပါးလက်အောက်သို့ ကမောက်ကမနှင့် ရောက်ရမည်ကိုမမြင်လို၊ (အရေးကြီးတော့ သွေးနီးရာဘက်မှ ပါကြရမြဲ) ပမာအတိုင်း။ ခါးကြားမှ ခါးကိုစမ်းကာ အမယ်ဆိုကြီးကို အရေးတကြီးကိုင်လှုပ်လျှက်....



'နေပါဦး အဖွားရဲ့၊ ဘုရင်မင်းကို ဘယ်အရပ် ခေါင်ကျဉ်း သွားသလဲ၊ သတ်များပစ်ပြီလား အဖွားရဲ့'

ဟု ပြာပြာသလဲ မေးမိသည်၊ အဖွားကြီးလည်း ငိုရာမှ ခေါင်း ရမ်းကာ....

'သတ်တော့ မသတ်ပါဘူးမောင်ရယ်၊ သားမယ်တော် တွေကို ထီးမိုးလှည်းနဲ့ ဂေါရာစစ်သားတွေ ခြံရံပြီး ဂေါ်ဒိန်ဆိပ် ခေါင် ကျဉ်းသွားတယ်၊ အခု ရေလယ်သင်္ဘောပေါ်မှာတဲ့ နံနက်လင်းရင် ရန်ကုန်ကို စုံဆင်းတော့မယ်၊ ဟိုကမ တခါ သူတို့ကုလားပြည်ကို ယူ မှာတဲ့မောင်ရဲ့'

ဟု ပြောလိုက်သောအခါ ရွှေရှန်ညိုမှာ တစုံတရာ မပြောတော့ဘဲ မြင်းပေါ်သို့ ဖြတ်ခနဲခုန်တက်ပြီး အရေးတကြီး စိုင်းပြေးလေ၏၊ ရွှေရှန်ညိုမှာ ရေလယ်သင်္ဘောပေါ်ရှိ သီပေါမင်းကို ပြန်လည် လုယူရန်နှင့် မြို့တော်တွင်းတွင် ရောက်နေသော အင်္ဂလိပ်စစ်တပ် များကို ခုခံတိုက်ခိုက် ဖြိုဖျက်သွတ်ရန် တည္ဖွဲလုံး အကြံအမျိုးမျိုး ထုတ်ခါ ပြေးလွှားနေလေသည်၊ မိမိတပ်သားများမှာလည်း ဝေးလံလှသော ကျိုင်းတုံနယ်စပ်တွင် ကျန်ရစ်ခဲ့သည်၊ ရွှေမြို့တော်တွင် လည်း တပ်ကြီးတပ်ကောင်း မျှားစွာမရှိလှဘဲ ရှိသမျှ လူသူ တပ်သားများမှာ မင်းလှခံတပ်၊ အင်းဝသနပြတာန်း ခံတပ်တို့သို့ ပို့ ထားပြီးဖြစ်ကြောင်းသိရလေသည်၊ သို့အတွက် ရေလယ်သင်္ဘောသို့ တက်ရောက်တိုက်ခိုက်ရန် လူကူမရလျှင်ရှိနေတော့ နံနက်သင်္ဘော စုံဆင်း လာလျှင်၊ အင်းဝသပြေတန်းခံတန်မှနေ၍ အကြံတ်အနယ်တိုက်ခိုက် ယူမည်၊ သင်္ဘောတွင် အမြောက်ခေသနတ် မည်မျှပင်ပါစေ၊ သပြေ တန်းခံတပ်မှ စစ်သားအမြောက်အမျှား ရဲရဲလှ ကိုယ်စီနှင့် ဆီး၍ သင်္ဘောကပ္ပတန်အစ ပါသမျှစစ်ဗိုလ်စစ်သားများကိုဓါးတလက်စီ နှင့်ပင် ဝိုင်းခုတ်ဦးတော့၊ မိမိတို့က လူများစု ရန်သူတို့က လူနည်းစု

ဖြစ်၍ မှုချနိုင်ရမည်ဟု စိတ်ဇောထက်သန်စွာနှင့် သမ္ပြတန်းခံတပ်သို့ ရောင်နီမသာခင်ရောက်အောင် မြင်းကဆုန်ပေါက် စိုင်းပြေးခဲ့ရပြန်လေသည်။

ခံတပ်သို့ရောက်လျှင် တိုက်ခိုက်စုခံရန် စစ်ဗိုလ် စစ်ကဲတို့အား၊ အရေးတကြီး ပြောကြားတိုက်တွန်းရာ ရင်းတို့မှာလည်း ရွှေစွန်ညိုကဲ့သို့ပင် ရုံလိုကြလျက်၊ လွှတ်တော်ကြီးမှ 'မခုခံကြနှင့် ခုခံလျှင်သုပ်' ဟု ကြေးနန်းနှင့်တားမြစ်ထားခြင်းအတွက် တစုံတရာမလုပ်ဝံ့ကြကြောင်းပြောကြသောအခါ၊ ရွှေစွန်ညိုမှာ တခါတည်းအားပြတ်စိတ်ပျက်ခါ မခံမရပ်နိုင်ဖြစ်သွားလေသည်။လွှတ်တော်ကြီးမှ လူကြီးများသည်အဘယ်ကြောင့်ရန်သူအားပေး ပြုရက်ကြသည်ကို မစဉ်းစားတတ်အောင်ရှိလေ၏။သို့ရာတွင်အချို့အတွင်းရေးသိသူဗိုလ်မှူးများကယခုကုလားဖြူများချီတက်သိမ်းပိုက်ခြင်းမှာ သီပေါမင်းကိုမုန်းသည်ကို မနှစ်သက်သူများက ကုလားပြည်တွင် စံနေသော ညောင်ရမ်းမင်းသားကို လာရောက်နန်းတင်ပေးရန် အတွင်းကြိတ်မကြံ့ရှိကြသဖြင့် ကုလားဖြူစစ်တပ်နှင့်အတူ သင်္ဘောပေါ်တွင် ညောင်ရမ်းမင်းသားကြီးပါလာကြောင်း သို့အတွက် လွှတ်တော်ဝန်ကြီးများက ခုခံတိုက်ခိုက်ခြင်းမပြုရန် တားမြစ်သည် ဖြစ်ကြောင်း။ သို့ရာတွင် မိမိတို့မှာ ထင်သလောက်ထင်၍ ကုလားဖြူအစိုးရသည် ညောင်ရမ်းမင်းသားအတွက် ရိုးသားစွာမကျိုးဆောင်ပေးလိမ့်မည်ဟု မထင်နိုင်ကြောင်း၊ ယခုအခြေအနေမှာ အရေးပါသူရောက်သော လွှတ်တော်ဝန်ကြီးများ၊ လူပေါင်းမှားခြင်းသာဖြစ်မည်ထင်ကြောင်းပေါင်းချင်းရိုက်ခါ အရေးတကြီး ပြောမိကြသည်။ရွှေစွန်ညိုနှင့်တကွ အချို့နာကျည်းလွန်းလှသော သူများကမူ လွှတ်တော်မှအမိန့်မရသော်လည်း သင်္ဘောစုံလာလျှင် ဆီး၍တိုက်ရန်ကြံမိကြသေး၏။ သို့ရာတွင် စစ်ဥပဒေစည်းမျဉ်းအရ အ



ထက်ကအမိန့်ကိုသာလျှင် နာခံရမည့် ဗိုလ်မှူးစစ်ကဲတို့၌ လွှတ်တော်အမိန့်ကို ဖီဆန်၍ အမိန့်မပေးသာသဖြင့် ငိုတု ရယ်တုနှင့် အချိန်ကြာခဲ့ရလေ၏။

ထိုအခိုက်မှာပင် သီပေါမင်းတရားကြီးနှင့် သားမယ်တော်တစုအား တင်ယူဆောင်ကျဉ်းလာသော သင်္ဘောကြီးမှာ သင်္ဘောဦးတွင် အမြောက်ကြီးများ ချိန်ရွယ်ကာဖြင့် တဖြည်းဖြည်း စုံဆင်းလာနေသည်ကို တွေ့မြင်ရလေ၏။ အမှုကားလွန်၍နေချေပြီ၊ တိုက်ခိုက်လိုသော မျိုးချစ်စစ်သားအချို့နှင့် ရွှေစွန်ညိုကား မချိလှသဖြင့် တရှုံ့ တကြုံကြုံ ဖြစ်ကုန်ကြလေ၏၊ အထက်အရာရှိကြီးများကားအမိန့်မပေး၊ သင်္ဘောကြီးကား ခံတပ်နားသို့ ရောက်လာသောအခါ အငြိမ့်မြင်းလျက် ရှေးကထက် မြန်မြန်သွက်သွက်ခုတ်မောင်းသွားဟန်တူလေသည်။ ဆီး၍ခုခံမည်ဟု စကြံကြီးနှင့် ပြေးခဲ့သောရွှေစွန်ညိုနှင့်တကွ စိတ်တူများသူ စစ်သားများမှာ ဒေါသတွေကို မြိုသိပ်ချုပ်ပြီး လိုက်လိုက်လှဲလှဲဆွေးမြေ့ ကြေကွဲလှသော မျက်နှာတွေနှင့် ဖြည်းဖြည်းဝေးသွားသော သင်္ဘောကြီးကို ငေးမျှော်ကာ မိမိတို့၏ကျေးဇူးရှင်ဘုရင်ကို နောက်ဆုံး ဦးတင်ကန်တော့ခြင်းဖြင့် ဝမ်းနည်းစွာ ကန်တော့လိုက်ကြရရှာတော့သည်၊ ရွှေစွန်ညိုမှာ ကြက်သရေမင်္ဂလာအဖြာဖြာနှင့် မြန်မာ့ဒေါင်းလ'ကြီးနေရာတွင် ယူနီယံ'ဂျက်အလ'ကြီးတင့်တင်ထိုးတက်လာသည်'ကို မျက်စိနှစ်စုံတွင် ထင်မြင်မိသည်နှင့် တပြိုင်နက် မျက်နှာညိုးခြင်းကြီးမှာ ညိုးကျသွားလေ၏၊ ထိုမှတပန် တစုံတရာအကြံရပြန်သည့်အလား မျက်နှာထားကြီး တင်းမာခက်ထန်လာပြန်သည်၊ ဓါးကိုဆွဲကောက်ပြီး ဓါးအိမ်ထဲသို့ ဆပ်ခနဲထည့်လိုက်မိသည်၊ မျက်သုံးထိမ်ထဲ၌ ရှမ်းပြည်ကျိုင်းတုံနယ်စပ်တွင် ကျန်ရစ်ခဲ့သော မိမိ၏ ဓါးပြယ်သားများနှင့် ကျိုင်းတုံနယ်တွင်ရှိ မိုးနဲ့စော်ဘွားကြီးတို့၏ ဆင်အားကောင်းလှ

သော သူပုန်တင်ကြီးများကို ဘွားကနဲသတိရကာ အားတက်လာလေသည်၊ ထိုကြောင့်လူ့အလယ်မှ မားမားမတ်မတ်ရပ်ခါ၊ ငါတို့ဘုရင်ကားမရှိပြီ၊ သူ့ကျွန်မဖြစ်လိုသူများ မိမိနောက်သို့ လိုက်ခဲ့ကြရန်ကြွေးကြော်သောအသံကြီးနှင့် ဟစ်ခေါ်လိုက်လျှင် တပ်သားအချို့သည် ရွှေစုန်ညိုရှိရာသို့ စုရုံးရောက်လာကြသည်၊ ထိုနောက် ရွှေစုန်ညိုခေါင်းဆောင်သော လူတစုတို့သည် အရှေ့ဘက် ရှမ်းရိုးမတောင်တန်းကြီးဆီသို့ မြင်းများကို တအားပိုင်းနှင်၍ ပြေးကြလေရာ မင်းပြောင်း မင်းလွဲတွင် ဆူပူသောင်းကြမ်းလျက် အကုပ်မရှိသေးသော ကြမ်းကဲ့သို့ ဗရမ်း ဗတာ ဖြစ်နေသော ရတနာပုံ ရွှေမြို့တော်ကြီးအလယ်၌ ထယ်ဝါမြင့်မတ်သည့် နန်းဦး ပြာသဒ် တော်ကြီးမှာ သားကောင်းရတနာများ သွားရာလမ်းသို့ မျှော်မှန်းအားအားသော ကြည့်ခြင်းဖြင့် ကြည့်ရှုနေရစ်ရှာသကဲ့သို့ ရှိလေသတည်း။

# သားရွှေစုန်ညို

**အခန်း ၁၂။** ၁၂၄၇-ခုနှစ်၊ တန်ဆောင်မုန်း လပြည့် ၈ ရက်နေ့မနက်ခင်း အချိန်ကား၊ ခေါင်းလဲကြီးတဝင့်ဝင့်နှင့် ကြွားခဲ့သော မြန်မာပြည်ကြီးအတွက် အခါဆိုး ရက်ဆိုးကြီးဖြစ်ခဲ့သည့် အားလျော့စွာ ရတနာပုံနေပြည်တော် ဂေါ်ဝိန်ဆိပ်တွင် ဆိုက်ကပ်ထားသော သူရိယ အမည်ရှိ သင်္ဘောမှာ ကျောက်ကြီးများကို နုပ်သိမ်းပြီး တဖြည်းဖြည်း စုန်ဆင်းစပြုနေလေ၏။

သီပေါဘုရင်မင်းတရားကြီးနှင့် သားမယ်တော်တစုတို့မှာ အဆိုပါ မီးသင်္ဘောကြီးပေါ်တွင် ရွှေကော်တော်တင်လျက် ကုလားပြမင်းများဆောင်ကျဉ်းရာသို့ ပါတော်မူရရှာပြီး၊ တိုင်းပြည်ကြီး တခုလုံးလည်း ထိုနေ့နံနက်အချိန်တွင်မှ ခြေဆုံး ခေါင်းဆုံး မွန်းနိုင်ရတော့လျက် ရာဇဝင်အဆက်ဆက်မှ ကိုယ့်မင်းကိုယ့်ချင်းဖြင့် မာန်ဂုဏ်တင်း၍ ရှေးထီးရောင် ဝင်းခဲ့သော အထက်တန်းစား သခင်လူမျိုးများမှာ သူ့ခြေဖဝါးအောက်တွင် ကျွန်သပေါက်အတန်းအစားသို့ နိမ့်လျော့ကျရောက်သွားရချေပြီ ဟုဖြေသိမရ ရှစ်မြောက်သကာ မျက်နှာတငယ်ငယ် မျက်ရည်လည်လည်နှင့် လူတိုင်းလူတိုင်းပင် အပူထယ်တွေ ဖြစ်နေကြရရှာလေ၏။

ယင်းသို့လျှင် ပြည်သူအလုံး ညှိုးချုံးဆုတ်ကြ ပူမီးလျက် ငိုကြွေး ခရုထေခါက အကျင့်သော ထုံးစံရှိသမျှအတိုင်း မင်းပြောင်း မင်းလွှဲ ကာလပျက်ကြီးများကို ထင်မြင်ကာ အမျိုးသား အချင်းချင်း နိုင်ရာစားကြသော တောင်ပိုင်း ရှုဆိုးတို့မှာ နိုင်ငံတော် အနှံ့ အပြား တောသို့ရောက်ပြီ ဆိုးသလို သောင်းကျန်းသောင်းကြလျက် ရှိနေကြမြန် သောကြောင့် တိုင်းပြည်နှင့်တကွ တရုပ်ပါဆိုးသဖြင့် နှလုံးကြည်ကွဲမှု ဖြစ်နေရှာကြရသော ပြည်သူပြည်သားများမှာ ကျီးလန့်စာစား ထင်တိုင်းထိတ် ထလန့်လန့် အတုပ်အပြီး တမြင်မြင်နှင့် မည်သည့်နေရာတွင်မှ ကျောသန့်အောင် မအိပ်နိုင် ရှိနေရှာကြလေ၏။

အနယ်နယ် အရပ်ရပ်ရှိ သူဌေးသူကြွယ် မင်းစိုးအရာရှိမှ စ၍ အမျိုးမြည်ထင်ရှားသောသူတို့မှာ နေခင်းနေ့လည်တွင် ကိုယ့်အိမ်ကိုယ့်ရာ၌ အခြေမပျက် နေနိုင်ကြသော်လည်း ညဦးအခါ များတွင်မူကား အိမ်ရာကိုစွန့်ပစ်ခါ လုံခြုံသင့်တော်ရာတွင် ပုန်းလျှိုး ကာ နေထိုင်ကြရှာသည်။အချို့တည်လက်သား အချွေအရံ အမြောက်အများ ဖြင့်ကာ ခံတိုက်ခံတပ်သဘွယ် လုံခြုံကျယ်ဝန်းသောအဆောင်တိုက်ကြီးနှင့် နေထိုင်၍ လက်နက်အင်အား တောင့်တင်းသူများ မူကား တောင်ပိုင်း ဓါးပြရှုဆိုးတို့ရန်ကို တွန်းလှန်နိုင်ကြရုံမက ခိုကိုးရာမဲ့ အိမ်ထောင်ရှင်များကိုပင် လက်ခံကာကွယ် ပေးနိုင်သဖြင့် အသင့်အတင့် စိတ်အေးရသော်လည်း တပည့် တပန်းနှင့် လက်နက်အင်အားမရှိသော ဓါးပြမိလ် အဆုပ်အသင်းများ လာရောက်တိုက်ခိုက်ခြင်းခံရသည့် အလှည့်တို့၌ စင်တလင်းကလေးမှာ နှစ်ဦးနှစ်ဘက် အတုံးအရုံး သေဆုံးခြင်းခံရလျက် ခံနိုင်ရည်ရှိသည့်ဘက်မှ အနိုင်ရလေတော့သည်။

အေးချမ်းသာယာသော မြေပိုင်ရှင်ပိုင်ရှင်များဖြစ်ကြသည့် ရွှေဗမာတို့၏ ထုံးစံအရ အိမ်တိုင်းတွင် မိမိတို့လယ်ယာ ကိုင်းကျွန်းမှ



ထွက်သည့်ဆန်, ဆီ, ပြောင်း, ကြက်သွန်, ပဲဆော အစားအစာ တို့ကို တနှစ်တမိုးစာ ပုလုံအောင် သိုလှောင်စားသောက် နိုင်ကြသဖြင့် ယခုခေတ်ကဲ့သို့ အိမ်ဆိုင် ဈေးဆိုင်များမရှိသလောက် ရှားပါးလှသည်ဖြစ်ရာ ခိုကိုးရာမဲ့ ပြေးလွှားရှောင်ပုန်းနေကြရသူများ၌ ပိုက်ဆံကြေးငွေပါသည့် တိုင်အောင် အလွယ်တကူ ဝယ်ယူစားသောက်ခြင်း မပြုနိုင်သဲ အိမ်တွင်ရှိသော စားရေရိက္ခာများကိုလည်း တဘန်တခါ သယ်ပိုးယူဆောင်မလာနိုင်နှင့် အခက်အခဲကြုံကာ အပြတ်ပြတ် အငတ်ငတ် ဖြစ်ကြရှာလေတော့သည်၊ အချို့သတိရှိသူ အနည်းငယ်တို့ကား ပေါ့ပါး၍ ဝန်ကျဉ်းသော ထမင်းခြောက် ကလေး အနည်းငယ်ကို ရေစိမ်ကာ အဆာပြေရုံမျှ စားသောက် မြည့်တင်းကြရှာလေသည်၊ ထိုသို့ ပြေးပုန်းနေထိုင်ကြရာတွင် လူကြီးများက ဆာလောင်မွတ်သိပ်ခြင်းကို အားတင်း ခံနိုင်သော် စေ ကာမူ ခလေးသူငယ် လူမမယ်တို့မှာကား မသိနားမလည်ရှာကြသေးသော အရွယ်ဖြစ်၍ ဆူပူငိုကြွေးကာ အစာတောင်းတတ်ကြလေရာ လူသံကြားလျှင် ဓါးပြများဝိုင်းလာဦးမည်ကို အလွန်ကြောက်၍ ရှာကြသဖြင့် ထမင်းခြောက်ပါသူများကိုပင် မိမိတို့အတွက် အငတ်ခံကာ ခလေးငယ်များကို မျှတကြရရှာလေ၏။

ထို့ကြောင့် 'ကမ္ဘာမီးလောင် သားကောင်ချနင်း၊ ကိုယ်မချိက အမိသော်လည်း သားတော်ခ'ဆိုသော စကားပမာ တချို့သားသည်အမေများကို ပြေးလွှားလာကြသောလူစုလူအုပ်တို့က အပေါင်းအသင်းမလုပ်လို၊ စွန့်ပယ်ခဲ့တတ်ကြပြီးလျှင် အချို့မိခင်တို့မှာမူ မိမိတို့အသက်သေးနှင့် ရင်သွေးကိုမည်သည့်ဘက် ငဲ့ရမည် မသိနိုင်အောင် အကြပ်အတည်းကြုံကြရလေ၏။

အများအားဖြင့်လည်း သားသည်အမေများမှာ မိမိတို့ ခလေးငယ်များ ငိုယို့မှုဖြင့် တောနင်းလိုက်ရှာကြသော ဓါးပြများက

မကြာခဏပိမ့်၍ ဆတ်ဖြတ်လှုပ်ခတ်ခြင်း ခံကြရရှာလေသည်။ မင်းပြောင်းမင်းလဲ ဗရုတ်သုကွဲအတွင်း၌ ရှိရင်းမြဲမှာ မင်းမှုထမ်းတို့ကလည်း မအုပ်ချုပ်နိုင်၊ နောက်ရောက်လာသည့် ကုလားဖြူအစိုးရတို့ကလည်း ငြိမ်ဝပ်ပိပြားအောင် မအုပ်စိုးနိုင်နှင့် အကွပ်မရှိသော ကြမ်းကျဲသို့ ပရမ်းပတာဖြစ်နေတော့သည်။

ယင်းသို့နှင့် တဆယ်စု နှစ်ဆယ်စု၊ တရာစု နှစ်ရာစု၊ ငါးရာစု တသောင်းစု၊ စသော ဓါးပြအုပ်အသင်းများနှင့်လည်း တပိုင်တမင်းမှုကာ အရပ်ရပ်အရွာရွာတွင် သောင်းကျန်း တိုက်နေကြသည် ဖြစ်ရာ၊ ကုလားဖြူအစိုးရ၏ စစ်တပ်သားများမှာလည်း နယ်အနှံ့အပြား ဆိုးသွမ်းတိုက်ခိုက်နေကြသော ဓါးပြလူဆိုးအစ၊ သူပုန်ဘွဲ့ခံ ဗိုလ်အဖွဲ့ကြီးများအထိ တတ်စွမ်းနိုင်သမျှ ဖိနှိပ်ဖြိုဖျက်၍ နေကြသဲဖြစ်လေ၏။

တခါတခါ ဓါးပြအသင်းကြီးများနှင့် ကုလားဖြူ အစိုးရ စစ်သားများ ရင်ဆိုင်တွေ့ဆုံ တိုက်ခိုက်ကြသည့် အခိုက်အတန့်များတွင်လည်း နှစ်ဦးနှစ်ဘက်လုံးမှ အတုံးအရုံး ပျက်ပြုန်း သေဆုံးလျက်ရှိလေတော့သည်၊ တစတစနှင့် ကာလ ကြာညောင်းလာသောအခါတွင်ကား မြို့ကြီးရပ်ကြီးများမှာ ကုလားဖြူအစိုးရ၏ နှိမ်နင်းမှုကြောင့် လူဆိုးသူဆိုးတို့အားမှ သက်သာရာရစပြုလာရာ အချို့သောမြို့မများမှာ ကုလားဖြူ အစိုးရလက်အောက် ဝင်ရောက်အမှုထမ်းပြီး မိမိနှင့် အမျိုးတူခြင်းဖြစ်သော ဓါးပြလူဆိုးအားသူပုန် ဓါးပြများအစုံး ကိုယ့်လူသူ့လူ သက်သာအနေနှင့် ဖြားယောင်း သွေးဆောင်ပေါ် ဖမ်းဆီး ပေးတတ်ကြပြီးလျှင် အချို့ထက်မြက်သော ဓါးပြလူဆိုးများနှင့်ဗိုလ်အမည်ခံသူများကိုလည်း ကုလားဖြူအစိုးရတို့က ဖမ်းဆီး ရမိသည့်တိုင်အောင် အပြစ်မပေးဘဲ၊ ၎င်းတို့အတွက် အကျိုးဆောင်အမှုထမ်းတဦးဖြစ်လာစေရန် ရာထူးဌာနန္တရ



ဆုချွေဘွဲ့တံဆိပ်စသည်တို့ ပေးအပ်ဖြားယောင်း သိမ်းသွင်းကာ ကျွန်ရင်းသော လူဆိုးဓါးပြများကို ဖမ်းဆီးစေလေသဖြင့် ၎င်းတို့ မင်းမှုထမ်း ဖြစ်ခါမှပင် ဇာတိတူသားကို မြိန်မြိန်ယှက်ယှက်ကြီး စားလိုက်ခြင်းကြောင့် ကျန်သောလူဆိုးများနှင့် ကုလားဖြူ လက်အောက်ခံဟု ဇာတိမာန်နှင့်တင်းခံနေသော သူပုန် ဗိုလ်များမှာ အသားထဲက လောက်ထွက်ပြီး ကုလားဖြူအစိုးရတို့၏ ပရိယာယ်တည်းဟူသော ပိုက်ကွန်တွင်းဝယ် တစတစ အမိခံကြရတော့သဖြင့် တနေ့ထက်တနေ့ ခြေခင်းလက်ခင်းမှသာအောင် ကျဉ်းမြောင်းကြပ်တည်းလာကြသည်နှင့် အချို့ဗိုလ်ဆောင်းသူများမှာ တိုင်းစွန် ပြည်ဖျား တောတောင်ကောင်းရာသို့ တစတစ ဆုတ်ခွာရှောင်တိမ်းသွားကြရလေ၏။

ပါတော်မူနေ့ နံနက်အချိန်က အင်းဝသပြေတန်း ခံတပ်မှ သတောကြိုက်ညီရာ နောက်လိုက် နောက်ပါများနှင့်အတူ ရှမ်းရိုးမ တောင်တန်းကြီးဆီသို့ မျက်နှာမူကာ ရေတိမ်တွင် နစ်ရှာသော မိမိတို့၏တိုင်းပြည်ကြီးကို ရက်တိုတိုနှင့် ပြန်လည်ဆယ်တင်ရန် စိတ်ဓာတ်ထက်သန်စွာနှင့် ခိုးထွက်လာခဲ့သော ရွှေစွန်ညီတို့လူစုသည်လည်း မငြိမ်မသက် ဗရုတ်ဗရက်ဖြစ်နေသော ရှမ်းနယ်တဝိုက်တွင် လူသူစုရုံးသိမ်းသွင်းလျက်ရှိကြလေ၏။ ဓါးပြဗိုလ်ကြီး ရွှေစွန်ညီမှာ ရှေးယခင်က မိုးနဲနှင့် ညောင်ရွှေနယ်စပ်တွင် လျှို့ဝှက်သောကျောက်ဂူစခန်းကြီးနှင့်တကွ တပည့်လက်သား လက်နက်ဓါးလှံ အများနှင့် အင်အားတောင့်တင်းခဲ့သော်လည်း ခင်တုန်းမြိုင်အဘွဲ့နှင့် စပ်လျဉ်း၍ မိမိလျှို့ဝှက်ရာစခန်းကြီးကို လူသူသိရှိလျက် အဘေသဝန် ဦးရွှေမောင်နှင့် မင်းကျော်ခေါင်တို့ စစ်တပ်နှင့် အကြိတ်အနယ် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြရပြီးနောက် အသိုက်အအုံကို ဖျက်သိမ်းကာ လူစုကိုလည်း လေးငါးဆယ်စုခွဲလျက် နေရာဌာန ပြောင်းလဲကြရ

သောကြောင့် အကျဲကို အပြားပြား ဖြစ်နေကြရာတွင် တိုင်းပျက် ပြည်ပျက်အရေးနှင့် ရှုပ်ထွေးလျှက် လူစုကွဲ သည်ဆက်ကွဲကာ အလျှဉ်းသင့်ရာ မိုးဆိုးတိုက်ခိုက် စားသောက်နေကြရသဖြင့် အင်အားအသစ်မွေးရန် ရောက်လာခဲ့သော ရွှေစွန်ညိုမှာ ရှိပြီးတပည့်များကိုပင် လုံ့လုံအောင် အတောင်ရုက္ခစ်ကာ ရှာဖွေစုဆောင်းနေရ ရိုက်ဖြစ်လေး။

ယခင်က ရည်ရွယ်ချက်ခြင်း တူမျှခဲ့ကြသော သူပုန်စော်ဘွားတစုမှာလည်း ကျိုင်းတုန်နယ်စပ်တွင် လူသူစုရုံး သိမ်းသွင်းနေကြသဖြင့်ရုံမက သီပေါမင်းအစား လင်းပင်မင်းသားကြီးကို နန်းတင်ရန် စိမံ့စိုင်းပြင်းနေကြသောကြောင့် ရွှေစွန်ညိုမှာ တပည့်အင်အားများစွာနှင့် အကူအညီပေးရန် အရေးတကြီး စီစဉ်ကာ စုရုံးသိမ်းသွင်းရရှိသမျှသော တပည့်လက်သားတို့ကိုလည်း ကျိုင်းတုန်နယ်သို့ အထောက်မပြတ်ပို့၍ နေရလေသည်။ ကျိုင်းတုန်နယ်စပ်တွင်ကား မူလသူပုန်စော်ဘွားကြီးများနှင့်တကွ အပေါင်းအသင်းပါလူရှိသည်ရှင်း၊ လင်းပင်မင်းသားနှင့် အပေါင်းပါစော်ဘွားမြို့စားများသည်ရှင်း၊ ကုလားဖြူအစိုးရလက်မခံလိုဟု တင်းမာနေကြသော အခြားစော်ဘွား မြို့စားများသည်ရှင်း၊ ရွှေစွန်ညိုထံမှ ရခဲ့ဆောင်းပေးပို့ထားသော တပ်သားများသည်ရှင်း၊ ကျိုင်းတုန်နယ်စပ်တွင် အင်ကြီးအားကြီးနှင့် ကျုံ့ခိုင်စေတော်တင်းလျက်ရှိလေရာ ကုလားဖြူအစိုးရမှာ ရှမ်းနယ်တဝိုက်အတွက် အုပ်ချုပ်ရန် ခြေကုမ်းမကျယ်ဝန့်သေးဘဲ၊ ခပ်ဆိုင်းဆိုင်းအချိန်ဆွဲ၍ အုပ်ချုပ်ခဲ့ကို မျှော်ရေသူးစမ်းသကဲ့သို့ရှင်း၊ မြေစမ်းခရုမ်းပျိုးသကဲ့သို့ရှင်း၊ ချော့တန်သူကို ချော့၊ ချောက်တန်သူကို ချောက်၊ ခြောက်တန်သူကို ခြောက်လျှက် အမျိုးမျိုး လက်တဲ့စမ်းစ ပြုလျှက်ရှိလေသတည်း။

မိုးနဲ့စော်ဘွားကြီး ပုန်ကန်ခြားနားလျှက် အရေးရှုံးနိမ့်၍ ထွက်



ခွာသွားရသော မိုးနဲ့မြို့ကြီးနှင့်တကွ မိုးနဲ့ တနယ်လုံးအတွက်မှာ မြန်မာဘုရင်မင်းမြတ်၏ ကိုယ်စားလှယ်တော်အဖြစ်ဖြင့် အဝေးဝန်မင်း ဦးရွှေမောင်အုပ်စိုးနေရသည် ဖြစ်ရာ ထိုအချိန်ကာလအတွင်းမှာပင် မြန်မာဘုရင် အရှင်သီပေါမင်းမှာ ကုလားဖြူအစိုးရတို့ကို အညံ့ခံ၍ပါတော်မူသွားရသောကြောင့် မြန်မာဘုရင်တိုက်ရိုက် အုပ်စိုးနေရသော မိုးနဲ့မြို့ကြီးမှာမူကား၊ အခြားသောရှမ်းနယ်ပယ်များကဲ့သို့ သိမ်းသွင်းရန်အခက်အခဲမတွေ့ရတော့ဘဲ အဝေးဝန်ဦးရွှေမောင်လက်ထဲမှ အလွယ်တကူ သက်သာ အေးချမ်းစွာ ပြောင်းလဲယူလိုက်ရကာ များမကြာမီက မြန်မာ ဒေါင်းလံကြီး တလွင့်လွင့်နှင့် ကြွားခဲ့ရသည့် မိုးနဲ့ယောင်ဦး၌ ကုလားဖြူ အစိုးရတို့၏ ယူနီယံဂျက် အလံကြီးတလူလူလွင့်နေပြီး ယောင်ကြီး အနီးအဝိုက်တွင်လည်း စပ်ဟိုင်၊ ပန်ချာပီ တပ်သားများနှင့် မျက်နှာခံနီ ဂေါ်ရာစစ်မှူး စစ်ကြပ်များကိုသာ တွေ့မြင်ရလေ၏။

သူပုန်စော်ဘွားများ ရွှေစွန်ညို၏ အဖွဲ့သားများနှင့် လင်းပင်မင်းသားကြီး၏ အသင်းဝင်များမှာ တောခတောင် ကျင်လည်ပြီးသူများဖြစ်ကြသော တိုင်းရင်းသား ရှမ်းအမျိုးသားတွေနှင့် ရဲစွမ်းသတ္တိနှင့် အထူးပြည့်စုံသည့် မြန်မာ သူရဲကောင်းတွေသာများလျှက် ရှမ်းပြည်တောင်ပိုင်း မြောက်ပိုင်းနယ် အနှံ့အပြားပင် အစုအဖွဲ့ တပ်ခွဲ အမြောက်အမြားနှင့် ရောက်သသာသမျှ ကုလားဖြူ စစ်တပ်များကို ခြင်ဆိုင် တိုက်ခိုက်နေကြသည်ဖြစ်ရာ အများအားဖြင့် ရွှေစွန်ညို ဦးစီး ခေါင်းဆောင် အမှူးပြု၍ တိုက်ခိုက်သော တပ်ခွဲများမှာ ကုလားဖြူတပ်တို့ကို အောင်မြင်စွာ ခုခံပြီးဖျက်လိုက်သည်သာ များရကား၊ မင်းသားကြီးနှင့်တကွ စော်ဘွားမြို့စားတို့မှာ ရွှေစွန်ညိုအား အထူးအားထားနေကြရုံမကာ၊ ကရင်နီနယ်တွင် အကြံအစည်နှင့်တကော် တလမ်းမှ စမ်းပွင့်အောင် ကြိုးစားနေသော မြင်ကွန်း မင်းသား

ကြီးကပင် မိမိအတွက် လက်ရုံးတဘက်ကဲ့သို့ အားကိုးရမည့် အတိုးတန်သူရဲကောင်းတဦးဟု ချီးကျူးကာ အဆက်အသွယ်ပြုရန် တပည့်ငယ်သားနှင့် အထောက်တော်များကိုစေလွှတ်ရှာဖွေစေရာ၊ ရွှေစွန်ညို၏ မူလရည်ရွယ်ချက်မှာလည်း မိမိတို့တိုင်းပြည်ကြီးနှင့် အမျိုးသားများ လူ့ကျွန်ဖြစ်ရမည်ကို မနှစ်သက်နိုင်ခြင်းဖြင့် အသက်တမျှ ကြိုးစားနေခြင်း ဖြစ်ရကား မြင်ကွန်း မင်းသားကြီး ဖြစ်စေ လင်းပင် မင်းသားကြီး ဖြစ်စေ ညောင်ရမ်း မင်းသားကြီး ဖြစ်စေ မင်းတုန်းဆရာ မင်းတရားကြီး၏ ရင်သွေးတော်များ ဖြစ်ကြသောကြောင့် ပုဂ္ဂိုလ်ငဲ့မထား မြန်မာပြည်ကို မြန်မာ မင်းဆက်များသာလျှင် အုပ်စိုးစေလိုမှုကို အရင်းအခြေပြု၍ တတ်အားသမျှ ကူညီအကျိုးဆောင်ပေးရန်တိုင်းပြည်နှင့် အမျိုးအတွက် အသက်နှင့် ကိုယ်ကိုစွန့်လွှတ်ခါ၊ စေတနာထက်သန်စွာနှင့် အပင်ပန်း ခံနေခြင်းသာ ဖြစ်ခြင်းကြောင့် မိမိ၏ ကိုယ်ရေး ကိုယ်တာအတွက်နှင့် စပ်လျဉ်း၍၊ တစုံတခုကိုမျှ စိတ်မဝင်စားဘဲ နေခဲ့လေရာ၊ ရှေးယခင်အခါက လွန်စွာ မြတ်နိုးချစ်ခင်ခဲ့ခြင်းဖြင့် မိုးနဲ့မြို့ အနီးအပါးမှ မခွာနိုင်အောင် ခင်တုန်းမြင့်အားအချစ်၏ သံယောဇဉ်နှောင်ကြိုးတဲ့ထားခြင်းခံရစေကာမူ ယခုသော်ကား တိုင်းပြည်နှင့် အမျိုးအတွက် ငယ်ထိပ်သို့ ရောက်နေသည့် အချိန်အခါဖြစ်၍ တတ်နိုင်သလောက် လူသူစုရုံးနေရသည်တကြောင်း၊ အဓိကအလဲ ချစ်မိခဲ့သော ခင်တုန်းမြင့်မှာ မိမိအပေါ်တွင် မေတ္တာတုန့်ပြန်ခြင်းမရှိခဲ့၍ မိမိ၏ အချစ်မှာ တဘက်သပ်သပ် အကျိုးမဲ့ဖြစ်နေသည်ကို သိရှိရိပ်မိ၍စိတ်အားလျော့လိုက်ပြီဖြစ်သည့်အပြင်၊ မိုးမောင်တင်းသော မိမိ၏အသိုက်အအုံကြီးနှင့် တပည့်ငယ်သားများ ပြန့်ဖရဲ လူစု ကွဲသွားရခြင်းမှာလည်း ခင်တုန်းမြင့် ပယောဂကြောင့်ပင် ဖြစ်ခဲ့ရာ၊ ယခုကဲ့သို့ နိုင်ငံနှင့်အမျိုးအတွက် ရုတ်တရက် အရေးဆိုက်လာရာတွင် ရှေးကကဲ့သို့ အသင့်ဖြစ်



ဆင်ပြီးမရှိသည့်အတွက် တဘက်သက် နှစ်ခြိုက်တကာ ခင်တုန်းမြင့်ကိုပင် စိတ်နာလိုက်မိလေသည်။

ထိုရာတွင် ရွှေစွန်ညိုမှာ ရှမ်းဒိုးမ ထောင်တန်းကြီး တခွင်တွင် တပည့်လက်သား အစုံနှင့် လျှင်မြန်သော လေအဟုန်ကဲ့သို့ မနားမနေ လှည့်လည် သွားလာကာ ကုလားဖြူစစ်တပ်များနှင့် ယှဉ်ပြိုင်တိုက်ခိုက်သည့်အခါ တိုက်ခိုက်၍ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော တပည့်လူသူများကို စုရုံးသိမ်းသွင်းရှာဖွေသည့်အခါ ရှာဖွေ၍ တခါတရံလည်း ထိုသို့ လူသူစုရုံးရေးနှင့်ပတ်သက်၍ ဗိုလ်အမည်ခံ နောက်လိုက်တပည့်အများနှင့် ဆိုးသွမ်း၍ ရှမ်းနယ်တွင် ပြေးလာ သောင်းကျန်းနေသူများအား အနုနှင့်ရင်း အနုနှင့်မရက အကြမ်းနှင့်ဗိုလ်လုကာ မိမိ၏ လက်အောက်ခံ တပ်ခွဲငယ်များအဖြစ်နှင့် ဆက်သွယ် စေခိုင်းထားရခြင်း ရွှေစွန်ညိုနှင့် စော်ဘွားကြီးများ၏ ရည်ရွယ်ချက်ကို နှစ်သက်ကျေနပ်စွာနှင့် လာရောက် ခိုဝင်လာကြသည့် အခြားခေါင်းဆောင်များ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသည့် သာမန် လူရိုးရိုးများကိုရင်း လက်ခံသိမ်းသွင်းနေရသည်မှာလည်း ရွှေစွန်၏ အလုပ်ကြီးတခု ဖြစ်လေရာ တနေ့တခြား အင်အားကောင်းသည်ထက် ကောင်းလာသော မိမိတပ်ကြီးများကို စီစဉ်နေရချထားရခြင်းများဖြင့် ရွှေစွန်ညိုမှာ ဖင်နားရသည်မရှိဘဲ ရှမ်းပြည်တောင်ပိုင်း, မြောက်ပိုင်း, အထက်ပိုင်း, အောက်ပိုင်း, လူးလာဆန်ခတ် ပြေးလွှားနေသလောက် ကိစ္စများလျက် ရှိလေ၏။

ထိုအတွင်းမှာပင် ကုလားဖြူ အစိုးရများသည် အသားထက လောက်ထွက်သောမြန်မာတပည့်များကို လက်သပ်မွေး၍ ရာထူးခန့်ပေးပြီး မြှောက်စားထားခြင်းဖြင့် စိတ်ထက်သန်သော မြန်မာအချင်းချင်းကို ထိုမျိုးနှစ်တစုက လိုက်လံ[illegible] တက်နေသော မျိုးချစ်စိတ် အညွန့်ကလေးကို ချိုးနှိမ်ပစ်ကြခြင်း

ဖြင့် အနေခင့်အရှက်တခု ပေါ်လျက်ရှိနေရကား မြန်မာပြည်တွင် မနေလိုကြတော့ဘဲ တောတောင် ထူပြောရာ ရှမ်းနယ် တိုက်သို့ ပြေးရှောင် ခိုအောင်းလာကြရာ ထိုသို့ပြေးလာကြသူ လူဆိုးသူဆိုး တို့မှာ အင်အားကောင်းရာ ရွှေစွန်ညိုထံတပ်သို့ လာရောက် ပူးပေါင်း မိကြခြင်းဖြင့်လည်း ရွှေစွန်ညိုမှာ တနေ့တခြား အင်အား တောင့် သည်ထက် တောင့်၍ လာလေရာ ကုလားဖြူ အစိုးရ လက်တွင်းသို့ သက်ဆင်းကျရောက်သွားသော မိုးနဲမြို့ကြီးကို ရေးဦးစွာ ပြန်လည် တိုက်ခိုက် သိမ်းပိုက်ရန် ကြံရွယ်ထားလေ၏။

× × ×

**အခန်း ၁၃။** ရွှေစွန်ညိုသည် ပြင်ဦးလွင်မှ လူသူ့ဘပည့်များ ရှာဖွေ စုဆောင်းခဲ့ပြီးနောက် မိုးနဲမြို့ အနီးအပါးတွင် တပ်သားများနှင့် စခန်းချကာ သုပ်ရေးကိုင် ရေး ဈေးနွေး စောင့်ဆိုင်းလျက် ရှိနေလေ၏။

ရွှေစွန်ညို စခန်းချနေသော ဌာနကား ယခင် နေထိုင်ခဲ့သော မိုးနဲမြို့နှင့် ညောင်ရွှေမြို့အကြား၌ရှိ ကျောက်ဂူ စခန်းကြီးနှင့် မနီးမဝေးတွင် ရှိနေလေသည်၊ ရွှေစွန်ညိုမှာ မိမိနေထိုင်ရာကျောက် ဂူယောင်းကြီးတွင် ပြန်လည်နေထိုင်လျက်ကွန်းအောက်စခန်းပြုမည် ကြံသော်လည်း ကျောက်ဂူစခန်းကြီးမှာ ရေးအခါကကဲ့သို့မရှိနေသား တကျမရှိတော့သည့်အပြင် သာလာသယ်စရပ်ကြီးပမာ သုဝင် ဝါ ထွက်နှင့် အရပ်ရပ်မှပြေးလာကြသော လူပုန်း ဓါးပြ အစရှိသည်တို့ နှင့် တောင်ပန်းနီလူဆိုးတို့သည်၎င်း လူဆိုးသူဆိုးတို့၏ဘေးမှ ထွက် ပြေးတိမ်းရှောင်လာကြသည့် မြို့ရွာ နယ်ပယ်အရပ်ရပ်မှ လူစုလူသိုက် တို့သည်၎င်း ဆောင်းခြောင်းနေရာရာ ရှိအောင်း ပုန်းလျှိုးကာ အ ထွက် အဝင်မပဲဖြစ်နေရုံမက လူကောင်းတို့ကို လူဆိုးတို့က နိုင်ရာ



စားကြသဖြင့် ဆူညံမစဲ တသဲသဲ တရုတ်ရုတ် ထိုးခုတ်သတ်ဖြတ်နေ ကြခြင်းကြောင့် မရှင်းနိုင်အောင်ရှုတ်ပွေနေရကား တဦးနှင့် တဦး လည်း မျက်စိတမှိတ် လည်တဆိုင်းမျှ မယုံစားဝန့်ဘဲ အမြဲကြီးလန့်စာ စား နေထိုင်ကြရှာသည်ကို သိရှိတွေ့မြင်ခဲ့ရခြင်းကြောင့် ထိုသူတို့နှင့် အဓရာရောအနေအနေနေ၍မဖြစ်ခေသးသည့်အလျောက်မိမိတာသာ နေရာသီးခြားတွင် ကွန်းအောက်စခန်းပြု၍နေရခြင်းဖြစ်လေသည်။

တနေ့သော ညနေခင်းအချိန်တွင် ရွှေစွန်ညိုသည် နောက်ပါ တပည့် ဆယ့်လေးငါးယောက်နှင့် မြင်းစီးကာ မိုးနဲမြို့နှင့်မလှမ်း မကမ်းတောစပ်တခုတွင် လာရောက်ပါ ကုလားဖြူ စစ်တပ်များ၏ အရိပ်အခြေကိုစောင့်ပေါ်ရိပ်ခြေကြည့်နေစဉ် တောတန်းတဘက်မှ အသက်ဆန်ပြားကြောက်အားနှင့်ပြေးလွှားလာကြသော မိန်းမ သုံး ဦးနှင့်ယောကျ်ားနှစ်ဦးကိုတွေ့ရလေသည်၊ထိုကြောက်ရွံ့စွာပြေးလာ ကြသည့်နောက်ဆီမှလည်း ဓါးသွေးဖွေး လှံပြောင်ပြောင်နှင့် လူဆိုး လေးငါးဆယ်ယောက်လိုက်သာကြလေသည်၊ ပြေးလာသော လူစုမှ ယောကျ်ားနှစ်ဦးမှာ မိန်းမသုံးယောက်ကို အတွင်ပြေးစေလျက် ၎င်းတို့က လူဆိုးတို့ရန်ကိုတတ်အားသမျှ ခုခံတွန်းလှန် နောက်ချန် နေရစ်ရာတွင် ကံမကောင်း အကြောင်းမလှသော ထိုယောကျ်ား နှစ်ဦးမှာ လူဆိုးတို့ ဓါးများ လှံများတွင် မရှုမလှ ကျဆုံးသွားလေ ၏၊ လူဆိုးများလည်း ရှေ့မှ ပြေးသွားသော မိန်းမများ နောက်သို့ လိုက်လာကြပြန်ရာ အလိုက်ခံရသော မိန်းမများမှာသည်း ကိုးကွယ် ရာမရှိနှင့် ပြေးလာလေ၏။

ရွှေစွန်ညိုကားကြည့်မနေနိုင်တော့သည့်အလျောက်ရှေ့သားဖေါ် ယားပြေးလာကြသော မိန်းမသုံးဦးနှင့် လူဆိုးတို့ကြားတွင် ဓါးနှင့် ဝင်၍ ခုခံလိုက်ရတော့သည်၊ လူဆိုးတို့ကား မိမိတို့အစာကိုယာန့်တား ရပ်မည်လားဟု ရွှေစွန်ညိုအား များစွာ ဒေါသထွက်ပါ အနိုင်မရ

မခြင်းခေါ်ရှမ်း ကြလေတော့သည်။ ရွှေစွန်ညိုကားထိုလူဆိုးတို့အား မိမိနှင့် ညီးသူရန်ဘက်လည်းမဟုတ်၊ အရေးကြီးတုန်း ခေါင်းနိုင်းကြရမည့် အခါမျိုးကြီးတွင် အမျိုးသားချင်း ရန်မဘက်လို့၊ မိန်းမသားများကို နိုင်လိုမင်းထက် ပြုကြမည်ဖိုး၍သာ ဝင်ရောက် ကာကွယ်ပေးရခြင်းဖြစ်သောကြောင့် လူဆိုးတို့အား ရက်ရက်စက်စက် မပြုလိုဘဲ ဓတ်ကြေ တမ်းကြေများသာ ခုတ်တိုက်ခိုက်နေရာ၊ လူဆိုးတို့မှာမူကား အညီးနှင့်အနိုင်ကြီးစားနေကြသောကြောင့် ကြာသော်ရွှေစွန်ညိုမှာ ထိုသူများနှင့် များစွာအချိန်ကုန် မခံနိုင်သည့်အလျောက် ထိုနိုက် ပေါက်ပြလောက်ရုံ ဒဏ်ရာရစေလျက် အနိုင်ယူလိုက်ရသည်တွင် လူဆိုးတို့လည်း အားမတန်၍ မာန်လျှော့လိုက်ရသည့်အလား အံ့သွားများအာခံနှင့် တောထဲသို့ ဝင်ပြေးကြလေ၏။

လူဆိုးတို့ကို ခုခံမောင်းနှင်လိုက်ပြီးနောက် ရွှေစွန်ညိုလည်း မိမိကယ်ဆယ်လိုက်ရသော မိန်းမများကို ဘယ်ဆီရောက်သွားကြသည်ဟု အရေးတိုက် ဂရုမထားတော့ဘဲ မိမိတပည့် ယောသားများနှင့်အတူ ခေမဲ့သို့ပြန်တော့မည်အပြုမှ မြို့ပွတ်ကလေးအတွင်းတွင် ပုန်းအောင်းနေသော မိန်းမများပြေးထွက်လာပြီး တယောက်မှာ ရွှေစွန်ညိုရှိရာသို့ ပြေးလာလျက်၊ နှစ်ယောက်ကား ယခင်လူဆိုးများလက်ချက်နှင့် အသက်ထွက်ရရှာသော ၎င်းတို့အပေါ်ယောကျ်ား နှစ်ဦး၏ အလောင်းရှိရာဆီ ပြေးသွားပွေ့ထူ စမ်းသပ်ကြလေသည်။

ရွှေစွန်ညိုသည် မိမိရှိရာသို့ ကသိကအောက်နှင့်ပြေးလာသော မိန်းမပျိုကိုကြည့်လိုက်ရာ၊ ထိုမိန်းမပျိုမှာ ခင်သုန်းမြင့် ဖြစ်နေသောကြောင့် ရုတ်တရက်သော် အံ့အားသင့်နေမိလေ၏၊ အံ့အားသင့်ရာမှ တဖန် ခင်သုန်းမြင့်၏ စနက်ကြောင့် မိမိတို့လျှို့ဝှက်သည့် တပ်စခန်းကြီး ပျက်သိမ်းလိုက်ရသည်တို့ကိုရင်း၊ မိမိကအရှုးအမူးချစ်ခင်ခဲ့ပါလျက် မိမိအားချစ်တုံ့မပြန်ဘဲ မာန်မာနကြီးထွဲနှင့် နေခဲ့



သည်များကို သတိရကာ စိတ်ခတ်နာခနာဖြစ်နေသောကြောင့် ရှေးအခါကလောက် ပြာပြာသလဲ မရှိလှတော့ဘဲ ခပ်မှန်မှန် မျက်နှာထားနှင့်ပင်...

'အလို...ခင်ပါကလား၊ ဘယ်လိုများ ဖြစ်ပျက်လာကြပါလဲ'

ဟု မေးလိုက်လေသည်၊ ခင်သုန်းကား အားသားရှာမဲ့ ငိုးရှိုမ့် ထိတ်လန့် ကြောက်ရွံ့ခြင်း များစွာနှင့် ပြေးလာရသူဖြစ်သည့် အားလျော်စွာ ရွှေစွန်ညိုကို အားကိုးအားထားကြီးနှင့် ပြေးဘက်ခေါ်...

'ခင်...ခင်တို့ကို ကယ်ပါအုံး အကိုကြီးရဲ့၊ ခင်တို့ဖြင့် ကိုးကွယ်ရာမမြင် သောင်ပြင်လွှတ်တဲ့ငှက်လို ဖြစ်ကြပေါ့'

ဟု ပြောလျက် ဝမ်းနည်းပက်လက် ငိုလေ၏။

ရွှေစွန်ညိုသည် လိုက်လိုက်လျောလျော မရှိလှဘဲ ခပ်တွေတွေ စဉ်းစားနေဘဲ ရှိလေသည်၊ ခင်သုန်းမြင့်ကား၊ ရွှေစွန်ညို၏ အချစ်ကို ယုံစားနေသူ ဖြစ်လေသည်၊ သူ့ငါကိုချစ်သည်၊ ငါ့အတွက် ဆိုလျှင်အသက်နှင့်လဲမည့်သူ တဦးဖြစ်သည်ဟု ပိုင်ပိုင်နိုင်နိုင် ယုံးဖြတ်ခဲ့သူဖြစ်၏၊ ရွှေစွန်ညိုကို နှယ်ခွေတောဝပ်စခန်းကအပြန်တွင် နောက်ဆုံးတွေ့လိုက်ရပြီးသောအချိန်ကစ၍ နောက်နောက်က တင်းမာခဲ့သော စိတ်များ နူးညွတ် ပြောင်းပြောင်းကာ အရည်ပျော်လာလေသည်။ လူဆိုးကြီးပင် ဖြစ်သော်လည်း သစ္စာရှိသည်၊ မြင့်မြတ်သော ရည်ရွယ်ချက်နှင့် သတ္တိကို ကိုးစား၍ ဆိုးဝါးရက်စက်နေခြင်းမျှဖြစ်သည်၊ မိမိအတွက် ချစ်ခင်မြတ်နိုး အားအကိုးထိုက်ဆုံးသော ယောကျ်ားမြတ်တဦးပေတကားဟု စိတ်နှလုံး ဒုံးဒုံး ချ၍ ထားလိုက်မိသည်၊ သစ္စာမတည် လျှပ်ပေါ်လော်လီသော စိတ်ထားရှိသော မင်းကျော်ခေါင်နှင့် စာလေလေ ရွှေစွန်ညို၏ မွန်မြတ်သော စိတ်နေစိတ်ထားက ထင်ရှားလေလေ ရှိနေခဲ့ရာ နောက်တကြိမ် တွေ့ရလျှင် သူ့အလိုကိုလိုက်တော့မည်၊ အလိုလိုက်နိုင်ရန် သူ့မြန်မြန် လာပါစေဟု

သ[illegible] ပြန့်ခဲ့သည်၊ လို့ရာတွင် ခင်တုန်းမြင့် ဆုတောင်း မပြည့်ခဲ့ [illegible] ပယ်ဆပြန်မှုတွေခဲ့ပြီး ယခုအချိန် အထိ [illegible] မြင်ရသည့်မှာ ရွှေစုန်ညိုကို မတွေ့ခဲ့ရုံမက [illegible] သည်၊ တိုင်းပျက် ပြည်ပျက် အရေးတော်ပုံ [illegible] ကြီးမှုသာသမြေအနေ ပြောင်းလွှဲ ခြင်းများနှင့် [illegible] အားငယ်နေသဲတွင် အားကိုးရာကို ပိုမို [illegible] ရွှေစုန်ညိုအား ရှေးအခါကထက် ,,သယ်ဆ တံပိုး [illegible] ယခုကဲ့သို့ ရုတ်တရက် အမှတ်မထင်တွေ့ ရသောအခါ ခင်တုန်းမြင့်၏ ရင်တွင်း၌ ရက်လများစွာ ကဲ့ကွဲခဲ့ ကွက်၊ နေခဲ့ရသော ချစ်သူတယောက်ကို ပြန်လည်တွေ့ဆုံရသောအလား ဝမ်းသာ ဝမ်းနည်း မှိုက်ကြီးတောင် ဖြစ်နေလေသည်၊ သို့ရာတွင် ရွှေစုန်ညိုကား ခင်တုန်းမြင့်၏စိတ်ပြောင်းလဲနေမှုကိုမသိ၊ မိမိကိုရှေးက ကဲ့သို့ပင် မချစ်ပြင်ပြပ် ထွင်သွင်စိမ်းကားနေသည်ဟု တထင်ချယူဆကာ မိမိအားခိုင်ကောင်းရုံ ညာပြန်သည်ဟု တွေးမိသည်၊ ခင်တုန်းမြင့်သည် ရွှေစုန်ညို မထိုတေတော့ကြီး လုပ်နေသည်ကို အားမလိုအားမရကြီးဖြစ်ခါ....

'အကိုကြီးရဲ့, ခင်တို့ရက္ခရောက်နေကြပါပြီ၊ ကယ်ပါအုံး.... ဟိုမှာလဲ ဦးလေးဘုရား သေရှာပြီထင်ပါရဲ့.... လိုက်ကြည့်လှဲ့ပါဦး'

ဟု ဆိုကာ ကမန်းကတန်းနှင့် ဆွဲခေါ်လာလေ၏။

အမေဝေဝန် ဦးရွှေမောင်ကား တရှုတ်ရှုတ်ငိုနေကြသော သုဇာနှင့် မာလာတို့ လက်ပေါ်တွင် လူဆိုးများပေးသွားသော မရှုမလှ ဒါဏ်ချက်ဖြင့် အသက်ကင်းမဲ့လျက် တွေ့မြင်ရလေ၏၊ ခင်တုန်းမြင့်လည်း....။

'အမယ်လေး ဦးလေးဘုရားရဲ့,'

ဟု တစ္စန်းထည်း ဟစ်အော်ကာ မြေခမ့ လဲကျသွားရှာလေ၏၊



သုဇာနှင့် မာလာတို့မှာ ဝန်မင်းအလောင်းကိုချ၍ ခင်တုန်းကို ယုယ ပြုစုကြရရှာပြန်လေ၏။

ရွှေစုန်ညိုလည်း နောက်နောက်အခါက ရွှေသီးတခင်းဝင်းနှင့် အာဏာထန်ပြင်းလှသော အမေဝေဝန်မင်း ဦးရွှေမောင်မှာ မရှုမလှ ဒဏ်ရာနှင့် မြေပေါ်တွင် အသက်ဆုံးရှုံးရခြင်းကိုရင်း၊ ရှေးအခါက မာနသံ ခပ်ပါပါနှင့် အထက်စီးနင်း ပြောလေ့ရှိသော ခင်တုန်း၏ ပြောင်းလွဲလာသော လေသံကိုရင်း၊ ရုတ်တရက် နှိုင်းယှဉ်မိလျက် အနည်းငယ် ကရုဏာသက်လိုက်မိလေသည်၊ သို့ရာတွင် ယခင်တကြိမ်က ခံရချက်နာလှသဖြင့် စိတ်ချလက်ချ မယုံကြည်ပုံအောင် ရှိသောကြောင့် အကျိုးအကြောင်းကို သုဇာတို့အား စုံစမ်းမေးမြန်းကြည့်ရလေတော့သည်။

သုဇာတို့ထံမှ ကြားသိရသော သတင်းများမှာ ခင်တုန်းအတွက် မသက်သာလှချေ၊ အမေဝေဝန်မင်း ဦးရွှေမောင်မှာ သီပေါဘုရင် မင်းတရားကြီး၏ တိုက်ရိုက် ကိုယ်စားလှယ်တော်အဖြစ်နှင့် မိုးနဲမြို့ကို အုပ်စိုးနေထိုင်ရသူဖြစ်သောကြောင့် သီပေါဘုရင် မင်းတရားကြီးနှင့်တကွ၊ နိုင်ငံတခုလုံး ကုလားဖြူမင်းများ လက်တွင်းသို့သက်ဆင်းကျရောက်သွားသောအခါ ဘုရင်တိုက်ရိုက် အုပ်စိုးရာ မိုးနဲမြို့နယ်သို့လည်း ကုလားဖြူအရာရှိနှင့် စစ်မှူးတို့ လာရောက် သိမ်းပိုက်ခြင်းကြောင့် မြို့နယ်အားလုံးကို လွှဲပြောင်းပေးခဲ့ရပြီး နောက်၊ မြို့ရွာကလည်း မငြိမ်မသက် လူဆိုး သူဆိုးရန်ကလည်း တသက် မိမိတို့အိုးအိမ်နှင့် အသက်ကိုပင် လုံခြုံနိုင်မည့် အခုခင့် အရှောက် အကွယ်အကာတို့ကို အစိုးရသစ်ထံမှ မရနိုင်အဆုံးတွင် အများနည်းတူ ဓားလှံတ်မည်ထင်ရာအရပ်သို့ ပြေးလွှားပုန်းရှောင် နေထိုင်ခဲ့ရခြင်းဖြင့် အစားအသောက် အနေအထိုင် ဆင်းရဲစွာနှင့် မကြာခဏလည်း လူဆိုးများရန်ကြောင့် ပုန်းအောင်းနေထိုင်ရာ

ငွာနကို တနေ့စီတရက်စီဆိုသလို ခြေရာဖျောက်ခါ အစဉ်တစိုက် လှဲပြောင်းရွှေ့ပြောင်းနေခဲ့ရကြောင်း၊ ယနေ့အတွက်တွင် ပထမပုန်း အောင်းရာအရပ်သို့ ထိပ်ခေါင်ဗိုလ်ခေါ် ဓါးပြတိုက် လာ ရောက်တိုက်ခိုက်မည်ဟု သတင်းကြား၍ ပျာယာဖါးယား ပြေးပြီး တည်ရာသို့ တောတောင်သစ်ပင်တို့အကြားတွင် ခုပြေးလွှား လာခဲ့ ရကြောင်း၊ ယင်းသို့ပြေးရင်းလွှားရင်းမှ လူဆိုးများနှင့် မကြာ ခဏ ရင်ဆိုင် တိုက်ခိုက်ခဲ့ရခြင်းကြောင့် ဝန်မင်း ဦးရွှေမောင်၏ တပည့်ရင်း လေး ငါးယောက်မှာ ဆက်ခါဆက်ခါကျဆုံးခဲ့ကြ သဖြင့် နောက်ဆုံးတွင် မိမိတို့လူသိုက်၌ ယောကျ်ားဆို၍ ဦးရွှေမောင် နှင့် တပည့်တယောက်သာ ကျန်ရှိလေရာ၊ ထိပ်ခေါင်ဗိုလ်၏ ရန် ဘေးမှဝေးရာသို့ လွတ်ပြေးလာခဲ့ရာမှ ထိပ်ခေါင်ဗိုလ်၏ဘေးမှ လွတ်ခဲ့သော်လည်း ယနေ့တွင် အခြားသော တောင်ပနီလူဆိုးတို့ နှင့် ရင်ဆိုင်တိုးမိပြန်သောကြောင့် ဒုက္ခကြီးစွာတွေ့ရပြန်ကြောင်း၊ ယခုမှာမူ မိမိတို့ သခင်မကလေးတွင် အားထားရာဖြစ်သော ဝန် မင်းဦးရွှေမောင် ကွယ်လွန်ရှာပြီဖြစ်၍ ကျီးလန့်စာစား ပြေးလွှားနေ ရသော ကာလပျက်ကြီးအတွင်း မိန်းမသားသုံးဦးမှာ ကိုးကွယ်ရာ မဲ့ ဖြစ်ရတော့ကြောင်း၊ ခင်ဘုန်းမြင့်မှာလည်း ပြေးရင်းလွှားရင်း အားငယ်ငယ်ရှိတိုင်း ဗိုလ်မင်းရွှေစွန်ညိုကိုတွေ့လိုကြောင်း၊ ဗိုလ်မင်း သာရှိမည်ဆိုပါက ဗိုလ်ခြေတထောင် ခြံရံသည်ထက် လုံခြုံမည် ဖြစ်ကြောင်းမကြာမကြာသည်းစွာလိုသည်ဟု တမ်းတနေကြောင်း သည်ကိုကြားရလေ၏။ ရွှေစွန်ညိုသည် ခင်ဘုန်း၏အားထားရာ မပြင်တော့ရှာကို သိရသောကြောင့် မိမိက ကယ်ဆယ်ထားရ တော့မည်ဟု တွေးလိုက်မိသည်၊ ထိုအခါမှာပင် မြေခမေ့နေသော ခင်ဘုန်းမှာသတိရပြီး ထထိုင်လေသည်။ ဒုက္ခပင်လယ်ကြောတွင် ထိပ်လန့်ကြောက်၍ မြေ့သလာခဲ့ရာမှ အပူသယ်ကလေး တဦး



အဖြစ်သို့ဘီလူးတွေ့ ဒုးတွေ့ရောက်ရှိသွားရသူ ဖြစ်သည့်အားလျော်စွာ ဦးဆံပါးဈာနှင့် သွေးသိမ်းရဲ့ သေဆုံးနေရှာသော ဦးရွှေမောင်၏ အလောင်းကိုပိုက်ဖက်ခါ...

'အို...ဦးလေးဘုရားရဲ့ အဖေသဘိုးလေချည်ရဲ့ တူမကလေးခအတွက် ငိုးရှိမ်တယ်ဆို စိတ်မချဘူးဆို ကျီးလန့်စာ စားနေရတဲ့ ကာလပျက်ကြီးထဲမှာ တူမကလေးကို စိတ်ချပြီး ပစ်သွားခဲ့တော့မလား ဦးလေးဘုရားရဲ့၊ ဒီတော ဒီတောင်ကြီးထဲမှာ ဦးလေးဘုရား အလောင်းကို ဘယ်လိုလုပ်ပြီး ဖြစ်အောင် သင်္ဂြိုဟ်ရမလဲ အဖေသဘိုးလေချည်ရဲ့ ဦးလေးဘုရားရဲ့'

ဟု ဖွဲ့နွဲ့ လိုက်လှဲစွာနှင့် မအောင့်နိုင်အောင် ငိုကြွေးရှာလေတော့သည်၊ သူဇာနှင့် မာလာတို့မှာလည်း သူတို့သခင်မနှင့်အတူ ကြွေကြွေပါအောင် ငိုကြလေရာ တောတကိုက်လုံးမှာ ဆူညံသွားလေတော့သည်၊ ရွှေစွန်ညိုလည်း မိမိလုပ်ရေး ကြံရေးက ရှိနေသေးသဖြင့် ဤနေရာတွင် အချိန်များစွာ အကုန်မခံနိုင်ပြန်သောကြောင့်....

'ကိုင်း....ကိုင်း-ဒီလို ငိုနေကြလို့ ကိစ္စမပြီးသေးဘူး၊ ခင့်ဦးလေး အလောင်းကို သင်္ဂြိုဟ်ဖို့ကိစ္စကလဲ ရှိသေးတယ်၊ ဒီတော့ ကျုပ်တပည့်များကို၊ အလောင်းမြှုပ်နှံ သင်္ဂြိုဟ်ဖို့ အခွင့်ပြုလိုက်ပါ၊ အရင်ကလို အေးအေးချမ်းချမ်း မနေရတဲ့အခါမို့ တင့်တင့်တယ်တယ်တော့ မသင်္ဂြိုဟ်နိုင်ဘူး၊ ကိစ္စပြီးရုံလုပ်ရမှာဘဲ ကျုပ်မှာလဲ အရေးကြီးတဲ့ ကိစ္စကြီးတွေက ရှိနေသေးတယ်'

ခင်ဘုန်းမှာ မိမိအလူးအလဲ ငိုယိုနေသည်ကို ရွှေစွန်ညိုက ယုယယယ ပိုက်ထွေး ချော့မော့မည် အထင်ရှိခဲ့ရာတွင် ဤသို့ မဟုတ်မှဲ တုန်းတိတိကြီး ပြောလိုက်သောအခါ ခင်ဘုန်းသည် အတန်ကြာ ငေးကြောင်ကြည့်နေမိရှာသည်၊ ဤနေရာတွင် ယခုကဲ့သို့ အရေးတည်းတွင် သွေးကြီး၍မနေအားဘဲ သူပြန်မှုရတော့မည်၊ သူမှတပါး ဘား

အားဖိုးရိုးရာမရှိတော့ဟု ပြောင်းပြော့ ညွတ်နူးစွာ စိတ်လျော့ပြီး မျက်တောင်ခတ်တော့ကလေး လှန်ကြည့်ကာ ရွှေစွန်ညိုပြောသမျှ နားထောင်ရရှာတော့သည်။

ရွှေစွန်ညို၏ တပည့်တို့ကား ဦးရွှေမောင်၏အလောင်းကို မြှုပ်နှံသင်္ဂြိုဟ်ရန်အတွက် မြေမျှားကို တူးဆွ ပြင်ဆင်ကြလေသည်။ ခင်ဘုန်းမှာ မိမိဦးလေးအား အာဂန္တုခရီးသွား ဓုတ္တသည် မသာအဖြစ်နှင့် မြေးရင်း လွှားရင်း ကြက်သေ ငုတ်သေကလေးတခုကို စွန့်ပစ်ရသကဲ့သို့ သေဆုံးရာမြေပေါ်တွင် တော်စွာ လျော်စွာ မြှုပ်ထားခဲ့ရတော့မည်ကို မဆည်နိုင်အောင် အသဲနာလျက် မျက်ရည်မသိမ်းနိုင်တော့ပေ။ ထိုခင်ဘုန်း ပူဆွေးလိုက်လှဲစွာ ငိုနေရာတွင်လည်း ရွှေစွန်ညိုမှာ ချော့မော့ ယုယခြင်းမပြုဘဲ တပည့်များကိုယာ မှာကြားတန်သမျှ မှာထားနိုင်ပြီးမှ ငိုနေသော ခင်ဘုန်းအနီးသို့ ပြန်လှည့်လာပြီး....

'ကိုင်း... ကိုင်း....ငိုမနေပါနဲ့ တော့ပြီးတဲ့အလုပ်ပြီးပါပြီ ဝန်မင်းမရှိလို့ အားငယ်ပြီး အခါကာလကြီးကလဲ သောင်းကျန်းနေတုန်း ခိုကိုးရာမဲ့ ဖြစ်နေတဲ့အခါ ကျုပ်စခန်းမှာဘဲ လိုက်နေကြသေးတာပေါ့။ ဒါပေမဲ့ ကျုပ်မှာ ကလေး ကချေ ပြေးလွှားနေရတဲ့ အခါမို့ အရင်လောက်တော့ ဝတ္ထုရေးကြအောင် မပြုနိုင်ပေဘူး'

ဟု ခပ်တည်တည် ခပ်တန်းတန်း ပြောလိုက်ပြန်ရာ ခင်ဘုန်းမှာ ရွှေစွန်ညိုကို အားငယ်ဝမ်းနည်းသော မျက်နှာနှင့် ငိုမဲ့မဲ့ စိုက်ကြည့်နေမိရှာသည်။ သူဘာဖြစ်နေသလဲ အရင်ကနဲ့ မတူဘူး။ အရင်ငါက မောက်မောက်မာမာ ပြောဆိုနေခဲ့ပါရက်နဲ့တောင် သူက အင်မတန်လိုက်စားခဲ့တယ်။ အခု ငါအောက်ကျို့ခံပြီး အနေသားနဲ့ သူက အကဲရောက်သလိုထဲ-ဟု တွေးပြီး ဝမ်းနည်းလိုက်မိလေသည်။ ထိုရာတွင် ခိုကိုးရာမဲ့အချိန်၌ သူ့ကိုမျှအားမကိုးလျှင် အခြားအားကိုးဘွယ်ရာ မမြင်သည့်အလျောက် ရှေးကလို မာနစိတ်မထားနိုင်အားဘဲ



သူ့စိမ့်ရာ လိုက်နာပါမည်ဟူသော အထိမ်းအမှတ်ဖြင့် ငြိမ်သက်စွာ နေလိုက်ရပြန်သည်။

ရွှေစွန်ညိုက သက်လက်ခါ တပည့်များဘက်သို့လှည့်၍....

'ဟေ့....မင်းတို့ကိစ္စပြီးကြရင် သူတို့ကို ငါ့စခန်းခေါ်သွား။ ဟိုမှာ နေထိုင်စားသောက်ဖို့ ထဲဘာခုရှင်းပြီး နေရာချပေးလိုက် ငါမြင်ဦးလှိုင်ကို ခဏဆင်းလိုက်ဦးမယ်'

ဟု ဆိုကာ မြင်းကြီးပေါ်သို့ လွှားကနဲ့တက်ပြီး တဘက်သို့ စိုင်းနှင် ထွက်သွားလေ၏၊ ခင်ဘုန်းမြင့်သည်း ရွှေစွန်ညို၏ အမူအရာကို မတွေးတော ထတ်သလို ငေးကြည့် ကျန်ရစ်ရာမှ မိမိတို့အကဲကိုစောင့်ကြည့်နေသည်ဟု ထင်ရသော သူစာနှင့် မာလာတို့အား လှမ်း၍မြင်ရပြန်သည်တွင် အပြောနှင့်အဟော မညီသော အဖြစ်ကို တွေး၍ ရှက်ခါပို၍ ဝမ်းနည်းလာပြန်လေသည်၊ ထိုအခိုက် မြေမြှုပ်ရန် တူးတွားပြီးသူများ ဦးရွှေမောင်၏ အလောင်းကို မြှုပ်တော့မည် လုပ်သည်တွင်မှ ခင်ဘုန်းမြင့်မှာ အညီးနှင့်တိုးရွှာလိုက်သော မိုးသံပမာ ဝမ်းနည်းစရာရှိသရွေ့ကို စုပေါင်း၍ ဦးလေးအလောင်းပိုက်ဘက်ပြီး လှိုက်လှိုက်လှဲလှဲကြီး ငိုချလိုက်ရလေသတည်း။

* * *

**အခန်း ၁၇။** ထိုနေ့မှအစပြု၍ ခင်ဘုန်းမြင့်နှင့် တပည့်မနှစ်ယောက်တို့မှာ ရွှေစွန်ညို၏ ယာယီစခန်းတွင် ခိုကိုးအားထား နေထိုင်ရလေ၏။

ရွှေစွန်ညို၏ ယာယီစခန်းကလေးမှာလည်း အခိုင်အမာ မြို့မြင်စီရင်ထားရသည်မဟုတ် ယာယီတည်းချရန် ပြုလုပ်ထားသော သက်ခက် အမိုးအကာနှင့် တဲအိမ်ငယ်ကလေးများသာ ဖြစ်လေရာ အမှတ်မဲ့ ကြည့်ရှုမှု ကရင်ရွာငယ်ကလေးသဘွယ် တဲအိမ်ပေါင်း နှစ်ဆယ်

အစိတ်မျှသာရှိလျက် တဲအိမ်ကလေးများ၏ အလယ်ပဟိုလောက်တွင် အများသော တဲငယ်များထက် အတန်ငယ်ကြီးမားသောတဲမှာ ရွှေစွန်ညိုနေထိုင်ရာဖြစ်၍ ရွှေစွန်ညို၏ တဲနှင့်မနီးမဝေးရှိ တဲကလေးမှာ ခင်တုန်းတို့အတွက် နေရာချပေးထားသော တဲဖြစ်လေသည်၊ ဘေးပတ်လည်၌ တဲအုံ့အယောက်အဦး ငယ်တို့ကား ရွှေစွန်ညို၏ အပည့်တပ်သားများ ဆယ်ယောက်တစု၊ သယ်နှစ်ယောက်တစု စုရုံးနေထိုင်ရာဖြစ်ပြီးလျှင် မိမိတို့စခန်းအတွက် လုံခြုံစေခြင်းငှာလည်း တပ်သားများမှာ လက်နက် ဓါးလှံကိုယ်စီနှင့်နေ့စေ့ညဉ့်ပါ အလှည့်နှင့် ကင်းစောင့်ကြရသေး၏၊ ရွှေစွန်ညိုကား မိမိစခန်းမှ သွားချည်လာလှည့်နှင့်သာ ရှိလေ၏၊ တခါတရံလည်း စခန်းတွင် အစောင့်အရှောက် အနည်းငယ်တို့ကိုသာချန်လျက် လေးငါးရက်မျှ ခရီးထွက်ခွာသွားတတ်၏၊ တခါတရံလည်း အရပ်တပါးမှ စုဆောင်းသိမ်းသွင်း လာသော တပ်သားများမှာ စခန်းနှင့် မဆန့်အောင် ပါလာလျက် တခါတရံလည်း အပေါ်မပေါ် တဦးတည်းသာလျှင် မျောက်ချည် ပေါ်ချည်နှင့် ရှိခဲ့လေသည်၊ စခန်းတွင် နှစ်ရက်ပြည့်အောင် နားနေသည် ဟူ၍ မရှိခဲ့ပေ၊ နားနေသမျှ အခိုက်တလေးတွင်လည်း သူ့အရေးကိစ္စများအတွက် တွေးတောစဉ်းစားရ၍ အကြံညာဏ်ထုတ်နေရခြင်း၊ တပည့်လက်သားများကို စီမံညွှန်ကြားဆွေးနွေးနေရခြင်းတို့ဖြင့် အချိန်ကုန်လျက်ရှိရကား မိမိကယ်ဆယ်ထားသော ခင်တုန်းအား သတိတရမရှိနိုင်ခဲ့ပေ၊ တဲချင်းနီး၍ တကြောင်း၊ ခင်တုန်းကိုယ်တိုင်က ရွှေစွန်ညိုအား မျက်နှာတပေးပေးနှင့်အရေးတယူ ကြည့်ရှု မျှော်ခေါ်နေရှာခြင်းကြောင့် တခါတရံ မျက်နှာချင်းဆိုင်မိသည်တိုင်အောင် ရွှေစွန်ညိုကား ခင်တုန်းမြင့်အား အရေးတယူမရှိလှဘဲ အသိတာသာ နေခဲ့တတ်လေရာ ရွှေစွန်ညို ဤသို့ဝေတန်းဘန်း နေခြင်းအတွက် ခင်တုန်းမှာ မနှစ်သက်



နိုင်အောင်ရှိလေသည်၊ သူ့ဝှင်စဉ်က ငါမပိုင်ခဲ့ ငါ့ပိုင်းဘဘလဲ သူမဝှင် ငါ့သူ့ကိုအနှောင့်အယှက်ပြုမိသာကိုများ အသိုးထားနေရော သလားဟု စဉ်းစားမိသောအခါ၊ ယခုအခြေအနေ၌ မိမိမှာ ရွှေစွန်ညို၏အရိပ်ကိုအမှီပြု အားထားနေရသောကြောင့် သက်လုံရှည်ကြောင့် နိုင်အောင်ရှိတော့သည်၊ နွယ်ခွေတောင်စခန်းမှ ပြန်စဉ်က မိမိနောက်ကြောင့် ကျောက်ဂူစခန်းကြီးကို စစ်တပ်များ ဝိုင်းဝန်းတိုက်ခိုက်ခြင်းခံနေရသည့်အဆဲဆဲကပင် မိမိကိုအိမ်တိုင်ရာရောက် လိုက်ပို့ခဲ့သေးသည်ကိုထောက်လျှင်၊ အနာဂါတ် ထားသည်ဟု မဆိုနိုင်ဘဲ ယခုလောလောဆယ်ဆယ်မှာလည်း မိမိတို့ကို ကယ်ဆယ်ထားပြန်ခြင်းက စိတ်သက်သာရာ ရစေသကဲ့သို့ ရှိပေ၏။

သို့နှင့် ခင်တုန်းမြင့်သည် ရှေးက မချစ်နိုင် စက်ဆုတ် ရွံမုန်းအောင်နှလုံးနာခဲ့သလောက် တောက်တောက်ခါးခါး စိမ်းကား ရက်စက်စွာ ပြောဆိုပြုမူခဲ့ဘူးသည်နှင့်အမျှ ယခုအခါတွင် မိမိအချစ်ပါတော့မည်၊ အားကိုးအားထားပြုပါတော့မည်ဟု စိတ်နှလုံး ခိုးခိုး ချလိုက်ခါမှပင် ရွှေစွန်ညိုမှာ မိမိအထင်အမြင်နှင့် အဆင့်အတန်း ကွာနေပြန်သည်ကို တွေ့နေရပြန်သောကြောင့် စိတ်မသက်မသာနှင့် မျက်နှာကလေး တငယ်ငယ် ရှိနေရှာသည်၊ ထိုအတွင်မှာပင် တခါ တခါ သူတာနှင့်မာဂဓာတို့ကလည်း ရှေးအခါက မိမိနှင့်ရွှေစွန်ညိုတို့ ဖြစ်ပျက်တွေ့ကြုံခဲ့ရပုံ၊ မိမိကို မည်မျှအတိတစ သည်းညည်း ခံ၍ချစ်ခဲ့ပုံ၊ မိမိက မညှာမတာပြုလုပ်ခဲ့မိပုံ၊ မိမိထံမှ အချစ်ကိုမိုးမျှော်၍ စောင့်စားနေရှာပုံ ဤတကြိမ်တွေ့က သူ့အချစ်ကိုသက်ခံတော့မည်၊ မိမိကအချစ်ကို လက်ခံလိုက်သည်နှင့် တပြိုင်နက် ရွှေစွန်ညိုမှာမည်မျှ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှာမည်တို့ကို မကြာခဏ ပြောခဲ့မိခြင်းတို့ကြောင့် အပြောနှင့်အပေါ်မညီသည်တို့ကို မကြာခဏ ထောက်ခံ ဤ

စကားစကြားနှင့်ရှိကြပြန်ရာ မြေအောင်လည်းမဖြေနိုင်သဖြင့် အခက်တွေ့ကို မြိုသိပ်ပါ ရှက်ရက်နှင့်ကြိတ်၍သာ ငိုရှာတော့သည်။

ခင်ဘုန်းသည် မပြေနိုင်သော ရွှေစုန်ညို၏အချစ်ပြဿနာကို စဉ်းစားရင်း မိမိ၏တဲပြူတင်းကလေးမှ ရွှေစုန်ညို၏တဲဆီသို့လှမ်းမျှော်ကြည့်နေစဉ် သူဇာနှင့်မာလာတို့ အနီးသို့ရောက်လာပြီး သူဇာက....

‘အလို မဘုရားကလေး ညဉ့်နက်လှပြီ ခုတောင် မအိပ်သေးဘူးလား’

ဟု မေးလိုက်လျှင် ခင်ဘုန်းလည်း မရွှင်ပြုံးနိုင်သော မျက်လုံးနှင့် လှမ်းကြည့်လိုက်ခါ....

‘ဒီလောက် အားကိုးစရာမဲ့ပြီး စိတ်ညစ်ပူဆွေးစရာတွေ များနေတဲ့အခါကြီးမှာ အိပ်လို့ စားလို့ပျော်နိုင်ပါ့မလား သူဇာရယ်’

ဟု ငိုသံပါကလေးနှင့် ပြောလိုက်သောအခါ သူဇာနှင့် မာလာတို့မှာ မိမိတို့သခင်မကလေးအတွက် ရင်ကွဲပက်လက် ဖြစ်ရရှာလေ၏။

မာလာ။ ။‘အော်...သူ့အကြောင်းက ဒီလိုဖြစ်ကြသို့ပါလား လို့ ဖြစ်ရပျက်ရကြပြီတဲ့ မဘုရားကလေးရယ်၊ ဒါတွေ ပြန်ပြန်တွေးပြီး ပူဆွေးနေရင် ကိုယ့်စိတ်ကိုယ် ရူးပေးသလိုသာဖြစ်တော့မပေါ့၊ နို့ပြီးတော့ အခုလဲဘဲ မဘုရားလေးကို အင်မတန်ချစ်ရှာတဲ့ လုစွမ်းကောင်းကြီးတဦးရဲ့ အစောင့်အရှောက်ခံနေရပြီဥစ္စာ၊ ရှေ့ရေးကိုတွေးပြီး ဘာမှအားငယ်နေစရာမရှိပါဘူးဘုရား’

ခင်ဘုန်း။ ။‘မာလာရယ် ညီးထင်သလို မဟုတ်သေးဘူးနော်’

မာလာ။ ။‘ဘယ်လိုမဟုတ်တာလဲ မဘုရားရဲ့၊ အရင် မဘုရား ကလေး ကောကောပြောဘူးပါတယ်၊ ရွှေစုန်ညိုဟာ မဘုရားကလေးကို သိပ်မြတ်နိုးတယ်၊ မဘုရားကလေးကသာ မောက်မောက်မာမာနဲ့ မထုမထန်သလို လုပ်ခဲ့တာကို၊ ခုလိုမဘုရားကလေးကသာ ကြည်



ကြည်သာသာ ဆက်ဆံမယ်ဆိုရင် သူ သိပ်ဝမ်းသာမှာဘဲဆို မဟုတ်လားဘုရား’

ခင်ဘုန်း။ ။‘အေးလေ ဒါတွေအရင်က ဟုတ်ခဲ့ပါဘဲ၊ ငါလဲ မှန်တဲ့အတိုင်း ပြောခဲ့မိတယ်၊ အခုသူ့ကိုကြည့်ရပါ ငါထင်သလို မဟုတ်ဘူး၊ နဲနဲမှကြွနေတယ်၊ အရင်ကများ ငါက မာန်မာန်မဲမဲနဲ့ နေတာတောင် သူကပြုံးပြုံးသာလဲ့နှင့် အမြဲလိုက်စား ချော့မော့နေသေးတာကလား၊ အခု ဘယ်လိုသဘောနှင့် ခင်တန်းတန်းကြီး လုပ်နေသလဲ မသိရဘူး’

သူဇာ။ ။‘ဟုတ်ပါရဲ့ ဖျကျူမတို့လဲ မဘုရားကလေး ပြောစကားနဲ့ တမျိုးစီကြီးဖြစ်နေလို့ အကဲခပ်နေမိပါတယ်’

ခင်ဘုန်း။ ။‘ဘာဖြစ်လို့ ငါ့ကိုစိမ်းနေသလဲဆိုတာ မစဉ်းစားတတ်ဘူး၊ စိမ်းကားတယ်လို့ အထင်ရှိရအောင်လဲ ငါ့ကိုသာ မှ ရက်ရက်စက်စက် ပြောဆိုမောင်းနှင်မလွှတ်တဲ့ လူဆိုးများသက်ထဲက ကယ်ဆယ်လိုက်တဲ့အပြင် သူ့ဆီမှာ ချမ်းချမ်းသာသာ လိုလို မြဲမြဲ နေရအောင် ခေါ်ပြီးစောင့်ရှောက်ထားပြန်တော့ မကောင်း ထင်ရမှာလဲ အခက်သားတဲ’

မာလာ။ ။‘ဟုတ်တာပေါ့ဘုရား၊ ခုနအခါ သူမှကယ်မထားဘူးဆိုရင် မဘုရားလေးနဲ့ ဖျကျူမတို့တတွေမှာ ဘယ်အခြေရောက်နေမယ်ဆိုတာ တွေးလို့တောင်မရဘူးဘုရား’

ဘုန်း။ ။‘ငါ့ခုတွေ့ ရောက်ဘိုင်ရောက်တိုင်း သူဟာ အမြဲကယ်ခဲ့တယ်၊ ငါ့မှာ အကျိုးနဲ့တော့မဲ့ဆဲဆဲ အကြပ်အတည်း တွေ့တိုင်း သူပေါ်ပေါက်လာတတ်တာဟာလဲ ဘယ်လို ဘာ ဆုတောင်းရယ်လို့ မပြောတတ်ဘူး’

မာလာ။ ။‘ဖူးစာရှင်မှန်တဲ့အတွက် ကြုံကြုံဖန်ဖန် တွေ့ရတာ ဘဲလို့သာ စွပ်စွဲရတော့မှာပေါ့’

တုန်း။ ။'ဖူးစာရှင် ဆိုတဲ့စကားကို ထည့်မပြောပါနဲ့တော့ မာလာရယ်၊ ငါတော့ ငိုသာငိုချင်တော့တာဘဲ၊ ညီးတို့ကိုလဲ နောက်နောက်က မှန်တဲ့အတိုင်း ငါပြောခဲ့တယ်မဟုတ်လား၊ သူက ချစ်ပါ ချစ်ပါနဲ့ တောင်းကျွန်ပြီး အတန်တန်တောင်းပန်နေတုန်းက တော့ ငါကတင်းခံခဲ့တယ်၊ အခုငါက အရည်လည်ပြီး သူ့ကိုတကယ့်စေတနာ တကယ့်မေတ္တာနဲ့ အအားကိုးအားထားကြီးတခု ပြုပါတော့မယ်၊ သူ့အလိုကို လိုက်ပါတော့မယ်လို့ ဆုံးဖြတ်ထားလိုက်ခါမှ ဘယ်လိုသဘောနဲ့ သူက တမျိုးတမည်ဖြစ်နေတယ် မပြောတတ်တော့ဘူး'

သူဇာ။ ။'မသုရှားကလေးကို မြှော်လင့်စရာ မရှိတော့ဘူးဆိုပြီး စိတ်ပျက်ပျက်နဲ့ နေလိုက်တာထင်ပါရဲ့'

တုန်း။ ။'ဟုတ်မှာဘဲ သာမန်ဒုက္ခသည်တဦးကို သနားလို့ ကယ်ဆယ်ထားတဲ့အနေမျိုးနဲ့ ကယ်ဆယ်ထားတာဖြစ်မှာဘဲ၊ ငါ့မှာ ; မိန်းမသားဖြစ်နေတော့ မခေါ်ဘဲနဲ့ ထုံးရမှာ ခက်တယ်အေ... သူကလဲ မထုံးဘူးထင်လို့မခေါ်ဘဲနေတာဖြစ်မှာဘဲ....'

မာလာ။ ။'မသူဇာရေ ဒါဖြင့် ဒီလိုလုပ်ရ မကောင်းလား'

သူဇာ။ ။'ဘယ်လိုများလုပ်မှာလဲ'

မာလာ။ ။'မသူဇာက ရွှေစွန်ညိုကိုသွားပြော၊ ကျမတို့မှာ ရှားလေးက ထူးပါတော့မယ်။ ဗိုလ်မင်းကသာ ခေါ်ပါတော့လို့'

တုန်း။ ။'တော်ကြစမ်းပါအေ၊ ငိုအားထက် ရယ်အားသန် ဆိုတာလို မဟုတ်က ဟုတ်ကတွေ ပြောမနေကြစမ်းပါနဲ့'

ဟု ဆိုကာ စိတ်ပျက်သောအမူအရာနှင့် တဘက်သို့ လှည့်သွားပြီး အရှည်အဝေးကြီး စဉ်းစားနေသောကြောင့် သူဇာနှင့်မာလာတို့လည်း အလိုက်သိစွာ တဘက်သို့ ထွက်ခွာသွားကြလေသည်။

ရွှေစွန်ညိုမှာလည်း ၎င်း၏ ယာယီတဲထည်းတွင် ခင်တုန်းတို့



အား သတိမရနိုင်ဘဲ မိုးနဲ့မြို့ကြီးကိုစီးရန် အကြံအမျိုးမျိုးထုတ်လျက်ရှိလေသည်။ ထိုကာ၌ တပည့်တဦးနှင့် ဗိုလ်မှူးကလေးတယောက်တို့ ဝင်လာသောကြောင့် ရွှေစွန်ညို အတွေးပျက်သွားလေသည်။

ညို။ ။'အသို...မောင်ခေါင်ဦး ပါကလား၊ ဘယ်တုန်းက ရောက်လို့ ကျုပ်စခန်းကို ဘယ်လိုရှာဖွေစုံစမ်းပြီး လိုက်လာသလဲဗျ'

ဦး။ ။'အမယ်လေး ရှာလိုက်ရတာများတော့ မပြောနဲ့တော့ မိတ်ဆွေကြီးရယ် အခု ဒီရောက်လာပြန်တော့လဲ တပည့်ကျော်တွေက မဝင်ရဘူး ဝင်ရဲ့နဲ့ အဆောင်ခံနေလို့ မနည်းပြောယူရတယ်'

ညို။ ။'ထုံးစံရှိပါဗျာ စိတ်မရှိပါနဲ့၊ ခင်ဗျား လာတာ ရွှေမြို့တော်က တိုက်ရိုက်လာခဲ့တာလား'

ဦး။ ။'ဟုတ်ကဲ့ လာတုန်းကတော့ ရွှေမြို့တော်က တိုက်ရိုက်လာခဲ့တာပါဘဲ၊ သို့ပေတဲ့ လေးငါးလရှိမှ ခင်ဗျားဆီကိုရောက်ရတယ်၊ ကျုပ်ကဟိုမှာ ကြာကြာနေရင် ခက်မယ်ဗျ၊ ဒါကြောင့် ခင်ဗျားတို့ လုပ်ကိုင် ကြံစည်နေကြတဲ့ သတင်းကို နားထောင်ပြီး ခင်ဗျားတို့ရည်ရွယ်ချက်ကို နှစ်သက်လွန်းလို့ လူချင်းပူးပေါင်းပြီး အကြိတ်အနယ်ကြိုးစားချင်တာနဲ့ မတွေ့တွေ့အောင် လိုက်ရှာခဲ့တာကလားဗျာ'

ညို။ ။'ဟိုက သတင်း ကလေးများလဲ ကြားစမ်း ပါရစေအုံးဗျ'

ဦး။ ။'ရွှေမြို့တော် ကြီးမှာဖြင့် စိတ်ပျက်စရာတွေ တနေ့တခြား များနေတာဘဲ၊ မျိုးပျက်၊ မျိုးနှစ် တွေကလဲ ပေါ်လိုက်တာ လွန်ပါရော၊ ပေါ်ဆို ဟိုလူတွေကလဲ ပရိယာယ်က တယ်ကောင်းသ

ကိုး တိုင်းပြည်ကလဲ ပရွတ်ပယက်နဲ့ မငြိမ်မသက် ဖြစ်နေတော့ ပြေးရ လွှားရနဲ့ ဝတ်တဲ့ပြတ်တဲ့လူတွေ ကိုယ့်ခေါင်းကိုယ် တနေ့ ဆယ်ခါလောက် စမ်းနေတဲ့လူတွေ ပစ္စည်းဥစ္စာ ရှိပါရက်နဲ့ အေးအေးငြိမ်းငြိမ်းမနေရတဲ့ ပြေးလွှားနေရတဲ့လူတွေကလဲ ဘာရယ်လို့ မဟုတ်သေးလေ၊ နိုင်ငံတကာ အမျိုးနဲ့ချီပြီး ကျွန်ဖြစ်နေတာတွေ မတွေ့သေး၊ လက်ငင်းသူတို့တာထား၊ တမြေ့၊ အေးအေးလူလူနေချင်တာကလေးတခုလောက်တော့ပြီး ဟိုလူတွေ သွေးဆောင်ရှာပါကြတယ်၊ တိုင်းပြည် သူပုန်အောင် လုပ်နေတဲ့ သူပုန်တွေ ဓါးပြတွေကို နှိမ်နင်းဖမ်းဆီး မိစေချင်ကြတဲ့အတွက် ကိုယ်တိုင်တွက်ပြီး အကျိုးဆောင်ပေးတဲ့ လူကပေ၊ ဥစ္စာပစ္စည်းနဲ့ သွေးဆောင်နိုင်းတဲ့ လူကနိုင်းတယ်၊ တယ့်လောက်ရှင်းသလဲဗျာ၊ ကုလားဖြူအစိုးရရဲ့ ဩဇာမစံပါဘူးလို့ တင်းမာနေတဲ့ သတ္တိခဲဗိုလ်တွေကိုလဲ အမျိုးမျိုးလှည့်ပတ်သွေးဆောင် ချော့ခေါ်ပြီး ရာထူးတွေ လခတွေ ပေးပြလိုက်တော့ ကျန်တဲ့လူတွေကလဲ ခပ်ဟုတ်ဟုတ်ဘဲဆိုပြီး အလိုလိုဝင်လာကြတယ်၊ တချို့တကဲ့ ဗိုလ်သမားတွေကိုတော့ အဲဒီကိုယ့်လူသူ့ဘက်သားဖြစ်သွားတဲ့လူမျိုးတွေကဘဲ လိုက်ဖမ်းပေးကြပြန်ရော၊ အဲသလိုမှ ချော့ခေါ်လို့လဲမရ၊ လူယုံနဲ့လှဲ့ဖမ်းလို့လဲမရတဲ့ ခင်ဗျားတို့ ကျုပ်တို့လိုဟာတွေကိုတော့ ဆုငွေနဲ့ ဝါးရမ်း ထုတ်ထားတယ်ဗျ’

ညို။ ။(ဒေါသနှင့်) ‘ဟင်…ဒီလို ဝါးရမ်း ထုတ်ထားတော့ ရရောတဲ့လား၊ ကျုပ်တို့က သူတို့ပိုင်နက်ထည်းမှာ ပုန်းလျှိုး ကွယ်လျှိုးနေတဲ့အစားမှမဟုတ်ဘဲ၊ ကုလားဖြူအစိုးရ အလံ မစိုက်နိုင်တဲ့ အရပ်မှာ အထင်အရှားနေတာဗျ မြန်မာပြည်ကိုအလွယ်တကူနဲ့ ရနိုင်ခဲ့ပေတဲ့ ရှမ်းနယ်တပိုင်းကိုတော့ တယ်နည်းနဲ့မှ မသိမ်းပိုက်နိုင်အောင် ကျုပ်တို့နဲ့တကွ စော်ဘွားမြို့စားတွေက ယခုအတိုင်း တညီတညွတ်ထည်း ခံချနေကြတို့စီစဉ်ထားတယ်၊ ဦးရွှေမောင်တို့လက်



က ဒိုက်ဒိုက်ယူထားလိုက်တဲ့ ပေဘီခိုးနဲ့မြို့ကြီးကိုလဲ ယခုလိုသူတို့လက်ထဲရောက်နေတာ မကြည့်နိုင်ဘူး၊ နေ့ချင်း ညချင်းဆိုသလို ပြန်တိုက်ယူဘို့ကြိုးစားနေကြရတယ်’

ဦး။ ။‘ကောင်းပါတယ်ဗျာ၊ ကျုပ်သဲ ဒီနေ့ကစပြီး ခင်ဗျားနဲ့အတူ ပေါင်းစည်းပြီး ကူညီတိုက်ခိုက်ပါမယ်၊ ကျုပ်မှာလက်ရွေးစဉ်တပည့်ကောင်းသုံးရာကျော်လောက်ပါပါတယ်’

ညို။ ။‘နေရာကျလေခြင်း မိတ်ဆွေ’

ဦး။ ။‘ဒါထက် ရှမ်းနယ်မြောက်ပိုင်းကအကြောင်းတခုကြားရတယ်ဗျ၊ သီပေါစော်ဘွားကြီးဟာ သီပေါမင်း လက်ထက်တော်တုံးက ခွာနွားပြီး ကုလားဖြူအစိုးရပိုင်တဲ့ အောက်နိုင်ငံကိုခိုဝင်သွားတယ်မဟုတ်လား ရန်ကုန်မြို့မှာနေသတဲ့’

ညို။ ။‘ဟုတ်ကဲ့ ကြားပါရဲ့၊ သူလဲဘုရင်ကို မကြည်ညိုတဲ့လူဘဲ၊ ဒါပေတဲ့ ခုလိုလူမျိုးခြားလက်အောက်ပါသွားရတာသိုတော့ ကျုပ်တို့လိုဘဲ သွေးပူနေမှာပေါ့’

ဦး။ ။‘ကျုပ်ကြားတာကတော့ ခင်ဗျားထင်သလိုမဟုတ်ဘူး’

ညို။ ။‘ဟင် တယ်လိုများ ကြားသလဲ၊ ပြောစမ်းပါဦး’

ဦး။ ။‘မြန်မာပြည် အောက်ပိုင်းကို အုပ်စိုးနေတဲ့ ကုလားဖြူအစိုးရက အစော် နာမည်ကောင်း ယူနေတယ်ဗျ၊ သူတို့ကအလိမ္မာနဲ့ နာမည်ကောင်းယူလိုက်တာဟာ အုပ်စိုးခံရတဲ့ အောက်ပိုင်းက ကရင်၊ တလိုင်း၊ မြန်မာတွေရဲ့စိတ်မှာ အော်…သူတို့ဟာ လူမျိုးကွဲပင် ဖြစ်သော်သည်း အုပ်စိုးတဲ့နေရာမှာ တို့မြန်မာဘုရင်များထက် သက်သာပါကလား၊ တိုင်းသူပြည်သားများရဲ့စိတ်ကို နည်းနည်းမျှ မပြုခြင်ရဘူး၊ ဝါတို့မျိုးတူဇာတ်တူခြင်းဖြစ်တဲ့ မြန်မာ ဘုရင်များနဲ့ ကွာလိုက်လေတယ်လို့ ထင်ကုန်ကြတယ်။ ရုတ်တရက်ဆိုတော့ ထင်လဲထင်စရာပေဘဲ၊ ကျုပ်တို့ သီပေါမင်းကလေး လက်

ထက်နဲ့ အကြီးတော်ဘုရားကိုသက်ထက်မှာ မိန်းမဘက်က ဘယ်ပြီး ဖြေ၁ ထက်ကြတာကိုးဗျ၊ အဲဒီလို ဖြေ၁ထက်တိုင်း ကိုယ့်လက် ဖေးကယ်သားတွေကို ထင်ရင်ထင်သလို မထင်ရင်မထင်သလိုနှိပ် စက်ကြတယ်၊ ပြီးတော့ သီပေါမင်း နန်းတက်ခါနီး မင်းတုန်းမင်း တရားကြီး အသက်အသယ်မဟောတော်မူတဲ့အခိုက်မှာလဲ နန်းမတော်ကြီး ဖယ်နဲ့ရဲ့ သိုးတော်ဖြစ်တဲ့ ဆင်ဖြူမရှင်မိဖုရားက ဝန်ကြီးများနဲ့ တလှိမ်းတကြံထဲ သားတော်သမီးတော်တွေ လေးဆယ်ကျော်လောက် ကို သမ်းဆီးသုတ်သင်ပယ်လိုက်တဲ့နာမည်ဆိုးကြီးက ကြားရတဲ့ လူ တိုင်း ကြက်သီးမွေးညှင်းထတဲ့ မနေနိုင်အောင် ဖြစ်ကုန်ကြတယ်၊ ဒီတော့ တိုင်းသူပြည်သားတွေဟာ မကြားမကြာ နာမည်ပျက်လာ တဲ့ ကိုယ့်ဘုရင်တွေအပေါ်မှာ အတော် စိတ်ပျက်လာကြတဲ့ အထဲ သူတို့က ယခုလိုဝင်ပြီး နာမည်ကောင်းယူပြီး အလိမ္မာနဲ့ အုပ်ချုပ် ပြလိုက်တယ်ဆိုရင်ဘဲ မျက်စိအပြင်ကလေးလောက် ကြည့်တတ်တဲ့ လူတွေရဲ့စိတ်မှာ ဟာ ဗမာရှင်ဘုရင်တွေ အုပ်စိုးမှုထက်ကောင်း ပါ့လား၊ သိပ်ကြောက်ရတာဘဲ၊ ကုလားဖြူအစိုးရ အုပ်စိုးတာက ကောင်းတယ်၊ တိုင်းပြည်ရွာ ဘယ်မျှသာယာအေးချမ်းပြီးဖြောင်း ပန်းဝယ်ပန်းတွေလဲ ဘယ်လောက် ပွင့်လန်းသလဲ၊ အင်မတန် သ ဘောကောင်းတဲ့အစိုးရ သူတို့ကို ခုတ်တိုက်ခိုက်တဲ့ သူပုန်ဓါးပြလူ ဆိုးတွေကို ဘမ်းဆီးရမိထားတာတောင် အပြစ်ဒဏ်မပေးဘဲရာထူး စည်းစိမ်တွေ ပေးထားသေးတယ်၊ တော်ပါပေတယ်၊ လူမျိုးကွဲ ဆို ပေမဲ့ ကိုယ့်အမျိုးတူခြင်းထက် စိတ်ရင်း ကောင်းရှာကြပါပေ တယ်လို့ လူငယ်တွေကရော၊ လူကြီးတွေကရော၊ ရိုးကျူးတဲ့ သ ဘောသို့ တပြောထဲ ပြောနေကြတယ်၊ ဒီလိုအပြောမျိုး ခံရလေ အောင် မြန်မာပြည်အထက်ပိုင်းကို သီပေါမင်းအုပ်စိုးချိန်က သူတို့ ကအောက်ပြည်ထဲသွား ရန်ကုန်မြို့ကို ဗဟိုရုံထားပြီး အုပ်စိုးတဲ့ အ



ဖြိုင်ခေတ်မှာ အတော်ကလေး လူချီးမွမ်းခံရအောင် လုပ်ပြလိုက်ပေ တာကိုးဗျ၊ အောက်ပြည်က လူတွေ ကျုပ်တို့ဆီ အလည်အပတ်လာ ရင် သူတို့ဆီမှာ ဘယ်မှ ဘယ်နည်း သာယာအေးချမ်းတယ် ဆိုတာ တွေ အထက်သားတွေ သွားရေယို ပေါက်အောင် တီးတိုး ပြော ကြလို့ တချို့များ သားမယား တိုးအိမ်နှင့်တကွ အောက်ပြည်ကို ပြောင်းရွှေ့သွားကြတယ်ဗျ၊ ဒီလူတွေကိုလဲ အပြင်ခိုရမှာ အခက် သားကလား၊ မျက်မြင် ကိုယ်တွေ့ အခိုက်အတန့် ကလေးမှာလဲ (ကိုယ့်မဲကပြာ) ဆိုတာလို ကိုယ့်ဘုရင်ဘက်က မိဖုရားများနဲ့ ဝန် ကြီးများ ဖြစ်နေပုံက ချူချာပေသကိုး

ညို။ ။ကျုပ်လဲအခုက သီပေါမင်းကို အင်မတန် မုန်းခဲ့တယ် ဗျာ၊ မုန်းဆို ထဘက်သတ်သတ်ဘဲလေ၊ ဘာမှ ဟုတ်တာမဟုတ်တာ မ စဉ်းစားဘူး၊ ကိုယ့်ဘယောက် ဘုရင်ဖြစ်ချင်တဲ့အတွက် ညီအစ်ကို မောင်နှမတွေကို ရက်ရက်စက်စက် သတ်ရက်လေခြင်း လူပုံကပြောင် ပြောင်နဲ့၊ ဖျင်းပုံချင်းလောက်နဲ့ တိုင်းတုန်အောင် ဆိုးဝါးရက်လေခြင်း ဆိုပြီး မုန်းလိုက်တဲ့ဖြစ်ခြင်း ကျုပ်ကျေးဇူးရှင် ရွှေကိုယ်တော်ကြီး မင်္ဂမဆန်နေသေရသလို သေရမယ်၊ ကျုပ်ကိုယ်တိုင်လူသူကြီးသက် တေးချေမယ်ဆိုပြီး နေ့ရှိသမျှ သီပေါမင်းရဲ့ အကျိုးမဲ့ ကိုဘာလုပ် လာခဲ့တာဘဲ၊ သို့ပေတဲ့ ကုလားဖြူများ အောင်ကျဉ်းသွားတယ်ဆို တော့ လက်ဆဲဆိပ် လက်ဆိပ်နာတဲ့သဘောနဲ့ မခံမရပ်နိုင်အောင် ရှိခဲ့တယ်၊ သူ့အပေါ်အညှိုးထားတဲ့ စိတ်များလဲ ပျောက်ပျက်ကုန် ခဲ့တယ်၊ ဒီအတောအတွင်းမှာဘဲ အရင်က အဘက်သတ်သတ် ရှိခဲ့ ပြီး အညိုးကြီး ထားခဲ့တဲ့ ကိစ္စကိုလဲ ဒီတော့မှ စုံစုံစမ်းစမ်းလုပ်ခဲ့ တယ်၊ အဲဒီလို စုံစုံစမ်းစမ်း မေးမေးမြန်းမြန်း လုပ်တဲ့အခါမှ နောက် နောက်က အညိုးထားမိ စွပ်စွဲမိတာတွေဟာ ကျုပ်ကဘက်သတ် ကျနေကြောင်း မင်းသားတွေ မရှမလှ သေဆုံးခံရတဲ့ ကိစ္စကြီးရဲ့မှ

လာလက်သယ် တရားခံဟာ သီပေါမင်းမဟုတ် ဒီအရေးမှာ [ * ] သီပေါမင်း ကိုယ်တိုင် တစုံတရာ မသိရကြောင်း ပဋ္ဌမပုလ မင်းသားများ သတ်ဖြတ်ခြင်းခံရသည်မှာ အလယ်နန်းတော် ဆင်ဖြူမရှင်နှင့် လွှတ်တော်ဝန်ကြီးအချို့ရဲ့ အစီအမံဖြစ်ကြောင်း၊ သည့်နောက် မင်းသားများကို တသက်ဆုံးရှုံးအောင် စီမံသူများမှာ သီပေါမင်းကို ထပ်ပြီး တန်ခိုးကြီးချင်တဲ့ မှူးမတ်အချို့နှင့် လက်ရုံတော် ကျေးကျွန်များရဲ့ လက်ချက်ဖြစ်ကြောင်း သိရတယ်၊ သီပေါမင်း သူ့ခမြာမှာတော့ သူ့အပေါ်လုပ်သွားသမျှ မကောင်းတဲ့အပြစ်တွေ သူ့ခေါင်းမှာစုပြီး အမည်တတ်ခံရရှာတယ်၊ သူ့စိတ်မှာ ဘုရင်ဖြစ်လိုတဲ့စိတ်လဲမရှိ၊ ဖြစ်ရပြန်တော့လဲ ထက်ထက်မြက်မြက် ဘာတခုကိုမှ လုပ်လိုက်မယ်-ကိုင်လိုက်မယ် မရှိရှာပါဘူး၊ သူ့ဝါသနာအတိုင်း အေးအေးသာသာ နေရှာတာတဲ့၊ အလုပ်မှာ သီပေါမင်းကိုတမ်းပြပြီး နောက်ကွယ်က အမျိုးမျိုး ဆိုးဝါးယုတ်မာ ထင်ရာစိုင်းနေတဲ့ လူတစုရဲ့အပြစ်တွေပါ၊ ဒီလူတစုဟာ ကိုယ့်မှီရာကို ဖျက်ဆီးတဲ့ လူတွေတဲ့ ဗမာပြည်ကြီး ဝုံးစုံးနစ်ဖြစ်သာလဲ ဒီလူစုတွေ မလိမ္မာတဲ့ အတွက်ပါဘဲဗျာ'

ဦး။ ။'အော်...စေ့စေ့တွေး ရေးရေးပေါ်ဆိုတာလိုကုလားဖြူတွေကို အကောင်းထင်နေတဲ့ လူတွေကိုအဆိုး ဆိုရမှာကလဲ အခက်ဘဲဗျာ၊ ကျုပ်တို့ ကုန်းဘောင်ဆက်မှာလဲ ဘကြီးတော်တို့ နန်းမတော် မယ်နုတို့လက်ထက်ကစပြီး နာမည်ပျက်လာတဲ့ လက်စကအဖတ်ဆယ်လို့မရအောင် ဖြစ်လာတော့ (ကိုယ့်မိကပြ)နေတာကိုး'

( * မှတ်ချက်။ ဤအရေးတော်ပုံကို အကျယ်တဝင့် ခယားခေ့ ကြွင်းကျ သိလိုလျှင် (ဂုဏ်ခင်ခင်လေးရေး) မဟာဆိုတော် ဝတ္ထုကြီးကို ဖတ်ရှုပါ။)



ညို။ ။'အင်း...မိန်းမ...မိန်းမ...မိန်းမချက်ချောကြ ဖြစ်ပျက်တယ် ဆိုတာမျိုးတွေပေါ့ခလ၊ အသိမှာခံနိုင် ပညာဥာဏ်ကြီးတဲ့ မိန်းမကောင်း မိန်းမမြတ်မျိုးက ကြွားလွှမ်းမိုးပြီး ရှေ့ဆောင်ရုပ် အရာရာမှာ ခေါင်းမြင့်ကြီးပွားနိုင်ပေတဲ့၊ အမြင်တို့ အုတ်ပြီး ကိုယ်ကောင်းကြံတတ်တဲ့ မိန်းမဆိုးမျိုးက တရားမဲ့ ကြွားလွှမ်းမိုးပြီး ထင်ရာတွေကို လုပ်နေကြမယ်ဆိုရင် တိုင်းပြည်တွင်မက ကမ္ဘာကြီးတောင် ဂျမ်းသောင်းအောင် မှောက်ကျနိုင်တာမျိုးကသာ၊ ကျုပ်ဖြင့်မိန်းမဆိုရင် ရှုံပါပေါ့ဗျာ၊ စကားစပ်မိလာလို့ ပြောလိုက်ရအုံးမယ်၊ ကျုပ်ဟာ စိတ်ကြမ်း ကိုယ်ကြမ်းနဲ့ တောတန်း တခွင်မှာ ပြဲပြဲစင်အောင် ဆိုးသွမ်းတိုက်ခိုက်နေတဲ့လူပီပီ မိန်းမတွေ ဘာတွေနဲ့ ဘယ်အခါကမှ ရောနှောဝင်ဝင် ဂရုတစိုက် မနေခဲ့ဘူး ဘူး၊ ဒါပေတဲ့ တခုဟာ မိန်းမတယောက်နဲ့ သွားတွေ့ပြီး သူ့ကို အရူးအမူးချစ်ခင်စွဲလမ်းခဲ့တဲ့စိတ်ကြောင့် အတော်သည်းညည်း ခံဒုက္ခရောက်ခံခဲ့ရတယ်၊ ဒီမိန်းမဟာ ကိုယ်ကချစ်သလောက် သူကပြန်မချစ်ရုံမက ကျုပ်အတွက် အရေးအကြီးဆုံးဖြစ်တဲ့ သျှို့ဝက်တဲ့စမ်းကြီးနဲ့ အင်မတန်မှ အင်အားတောင့်တင်းတဲ့ သူပုန်ခေါင်းပြ အဖွဲ့ကြီးကို အစိပ်စိပ်အမွှာမွှာနှင့် လှစ်ခွဲထားလိုက်ရသည်အထိ ဒုက္ခပေးလိုက်တယ်။ ထိုသို့ ဒုက္ခပေးလိုက်ပြီး လက်လွှန်မှ ကျုပ်ကိုသနားလို့တဲ့ဗျာ ရှုံ့ရှုံ့စားစား လိုက်လာပြီး သတိပေးပြန်တယ်၊ သူ့တို့စိတ်ဟာ ဘယ်လောက် ဖြစ်လွယ် ပျက်လွယ်တယ်ဆိုတာ ချင့်ကြည့်တော့၊ အခုလဲ တိုင်းပျက်ပြည်ပျက် အရေးထဲမှာ ခိုကိုးရာမရှိတာနဲ့ ကျုပ်ကဘဲ ကယ်ဆယ်စောင့်ရှောက်ထားလိုက်ရပြန်ပြီ၊ ဘယ်တော့ဆီလောက် ဒုက္ခပေးအုံးမယ် မသိနိုင်သေးဘူး၊ ရှမ်းနယ်အရေးကလဲမအေးသေးတော့ ကုလားဖြူတွေနဲ့ ယှဉ်ပြိုင်ရ

ဘိုအရေးက ရှိသေးတယ်၊ သူ့ကတမှောင့် မအေးမြန်ဘူးဆိုရင် အခက်သဲ'

ဦး။ ။'ဟောဒ်...ရှမ်းနယ်အကြောင်း ပြောလာက ကျုပ်တို့ စကားတွေ ဘယ်ပြေးလာခဲ့တယ်မသိဘူး၊ ကျုပ်ပြောစဉ်က သီပေါစော်ဘွားကြီးအကြောင်းပြောနေတာဘဲ'

ညို။ ။'အဲ...ဟုတ်ပါရဲ့ ဆိုစမ်းပါဦး'

ဦး။ ။'သီပေါစော်ဘွားကြီးဟာ သူ့အပြစ်ကြောင့် မြန်မာဘုရင်ရဲ့အမျက်အငြိုင်ကိုခံရလေတော့ သူ့သားမယား ကျေးကျွန်အခြွေအရံများနဲ့ ကုလားဖြူအစိုးရ အလံအောက် ခိုဝင်ပြီး ရန်ကုန်မြို့မှာနေထိုင်တယ်။ ဒီအတွင်း စော်ဘွားကြီးက သူ့တပည့်ကျေးကျွန်ထဲက လူယုံနှစ်ယောက်ရွေးချယ်ပြီး သီပေါမင်းနှင့်တကွ လွှတ်တော်ဝန်ကြီးများရဲ့ သဘောထားနဲ့ အတွင်းရေးများကို သိရအောင် သူလျှိုစေလွှတ်ထားရာမှ သူလျှိုများ ပြန်ရောက်တဲ့အခါ အလိုရှိတဲ့သတင်းများမရ အမှုတော်ကိုကျေပြွန်အောင် မထမ်းဘူးဆိုပြီး အမျက်တော်ရှိတာနှင့် ဒီသူလျှို ရှမ်းနှစ်ယောက်ကို စော်ဘွားကြီးကိုယ်တော်တိုင် သူ့သက်သုံးတော် ဓါးနဲ့ ခေါင်းဖြတ်သတ်လိုက်တယ်၊ သူ့တိုင်းသူ့နိုင်ငံမှာတော့ သက်ဦးဆံပိုင်မင်းပေကာလ သတ်နိုင်ပေသကိုး၊ ဒါပေတဲ့ ရန်ကုန်မြို့ဟာ ကုလားဖြူအစိုးရရဲ့ ဥပဒေနဲ့ အုပ်ချုပ်နေတဲ့မြို့၊ သူတို့ဥပဒေနှင့် ယှဉ်ကျင့်တယ်ဆိုပြီး ကုလားဖြူအစိုးရက သီပေါစော်ဘွားကြီးကို လူသတ်မှုကျူးလွန်တဲ့ တရားခံတဦးအဖြစ် တမ်းဆီးချုပ်နှောင်ပြီး အရေးယူသားလို့ အတော်ဘဲ ထုရေရသည့်၊ ဒါနဲ့ ရှေ့ရေးကို အမြင်ကျယ်တဲ့ ကုလားဖြူအစိုးရက သီပေါစော်ဘွားကြီးကို လူသတ်မှုက ဂွင်းလုံးကျွတ် လွှတ်ပစ်လိုက်တော့ စော်ဘွားကြီးကလဲ အတော်ဘဲ ကျေးဇူးတင်သွားသကိုး။ ဒါကြောင့် အခု သီပေါမင်း



လဲပါတော်မူ၊ တိုင်းပြည်ကြီးတခုလုံးလဲ သူတို့ရပြီးတဲ့နောက် ရှမ်းစော်ဘွားတွေကို သိမ်းသွင်းဖို့သာသိရာမှာ စော်ဘွားတွေ မြို့စားတွေကသဲ ခုလိုမင်းသားကြီးတွေရဲ့ ဆက်တော်သားတွေ ဝင်းများတို့လို အမျိုးဂုဏ်ကို စောင့်စည်းတဲ့လူတွေနဲ့ ပူပေါင်းပြီး ခေါင်းမာနေကြတဲ့အတွက် အသိမ်းအယူကောင်းမြန်စေဖို့ အပြစ်ချမ်းသာပေးထားတဲ့ သီပေါစော်ဘွားကြီးကို သီပေါရှုန်းတောင်နယ်ကြီး အပ်ပြီး စော်ဘွားကြီးအဖြစ် ပြန်ပေး၊ သူတို့ဆီက တွဲဘက်အုပ်ချုပ်ဖို့ ကုလားဖြူ အရေးပိုင်တို့ မင်းကြီးတို့ကို စစ်တပ်နှင့်တကွ ထည့်အပ်လိုက်တယ်၊ ဥပဒေနဲ့ တရားသဖြင့် အုပ်ချုပ်စေတယ်၊ ဒီတော့ စော်ဘွားကြီးမှာ ကုလားဖြူအစိုးရကို အင်မတန် ကြည်ညိုသွားတာပေါ့၊ ခုတော့ သူတဦးတည်း ကြည်ညိုရုံမကဘူး တခြားစော်ဘွားအချင်းချင်းတွေကို သူ့ကိုယ်ကို စံနမူနာပြပြီး ကုလားဖြူ အစိုးရကောင်းကြောင်း ယခုလို အကျိုးမဲ့ အလုပ်နှင့် ပင်ပန်းဆင်းရဲခံပြီး အချိန်ကုန်နေမဲ့အစား ကုလားဖြူအစိုးရလက်အောက် ဝင်လိုက်ရခြင်းက စည်းစိမ်မပျက်အသက်မသေ ချမ်းသာစွာ နေရမည့်အကြောင်းနှင့် ကောင်းကောင်းကြီး တွေးခေါ် ဟောပြောနေပြီလို့ ကြားရတယ်'

ညို။ ။'ဟင် ဟုတ်ကဲ့လား၊ ဒီစော်ဘွားကြီးဟာ ဗမာချင်းချင်းထက် ကုလားဖြူကို ယုံစားသတဲ့လား၊ သူမှားတော့မပေါ့၊ ဗမာမင်းကတနှစ်တနှစ်လုံးမှ လက်ဆောင်ကလေးနဲ့ တခါလောက်ကန်တော့ဝင်ပြီး ကိုယ့်နယ်ကိုယ်သင်သလို နေဝင် တရင်ဘာ အဖြစ်နဲ့ ချောင်ချောင်လည်လည်ကြီး နေရတာယ်၊ တွဲဘက်တွေ ဘာတွေနဲ့ ဖယားဝင်ရှုပ်ပြီး စကားလေး အတွင်းကြော အပြင်ကြော နှုတ်သလို အဆီကိုစားပြီးအသားကိုမြို့တဲ့ အစားထဲက မဟုတ်ဘူး။ ဟာ ခက်ပါတိုဗျာ၊ တာရှည်စားသည့်ကို မကြည့်တဲ့ ထကတန်းက

လေးကောင်းတာမြင်ကြတာကိုး၊ ဒီလိုအသားထဲကထွက်တဲ့လောက်တွေကို ကြာကြာထားလို့မဖြစ်ဘူး၊ မြန်မြန်ဆန်ဆန်အမြစ်ပါဖြတ်အောင် အရေးတကြီးလိုက်ဖြတ်မှဖြစ်ကြမယ်၊ ကျုပ်တို့ အရေးမှာလဲ ရှမ်းစော်ဘွားများကိုသာ အားထားနေရတာကြာရင်ခက်လိမ့်မယ်'

ဦး ။ 'နေအုံးဗျ ဒါ အမြင်တမျိုးရှိသေးတယ်၊ ရှမ်း ကရင် အစရှိတဲ့လူမျိုးတွေဟာလူအေးတွေ၊ သူတို့ရဲ့ဆောင် လူကြီးများရဲ့စကားကို ဘုရားဟောလိုလိုက်နာကြတာ၊ အဲဒီပေါ့ စော်ဘွားကြီးလိုပုဂ္ဂိုလ်ကစပြီး ရှေ့ဆောင်လိုက်ရင် ကျန်တဲ့ စော်ဘွားတွေဟာ အစဉ်တစိုက်ကြီး နောက်က လိုက်ကုန်ကြမှာဘဲ၊ နို့ပြီးတော့ ကုလားဖြူတွေဟာ တယ်လောက်များ လိမ်မှာသလဲ၊ လာဘ်မြင်သလဲဆိုရင် ကျုပ်တို့ဗမာတွေရော ရှမ်းတွေရော ဗုဒ္ဓဘာသာဝင်များဖြစ်ကြတဲ့အတိုင်း ရတနာသုံးပါး အပါအဝင်ဆိုပြီး သင်္ဃာတော်များကို တယ်လောက် ဦးသေကိုင်းရှိုင်းကြတယ်၊ ဆရာတော်ကြီးတွေ ကျောင်းထိုင်ပုဂ္ဂိုလ်ကြီးတွေ ဟောပြောတဲ့စကားကို ရှင်ဘုရင်ကသာဇ ဆင်းရဲသားများထိအောင် အမြတ်တနိုးအရေးထားယူ နားထောင် လိုက်နာကြတယ်ဆိုတာ သိလေတော့ နာမည်ရ ဆရာတော်ကြီးများကို နိုင်ငံအဝှမ်း လှည့်လည်ပြီး တရားရေအေးတိုက်ကျွေးသုံးမ နေတယ်၊ (လောဘ-ဒေါသ-မောဟတို့ကြောင့် မြတ်စွာဘုရား တရားတော်က ဖြစ်သမျှနဲ့ ရောင့်ရဲတင်းတိမ်ရမယ်)ဆိုတဲ့ တရားမျိုးတွေပေါ့လေ၊ အဲဒီလို လှည့်လည်ပြီး တရားဟောပြောပေးကြတဲ့ ဆရာတော်ကြီးတွေကို နိုင်ငံအေးအောင် အကျိုးဆောင်ကြတယ်ဆိုပြီး ရွှေပြည်အေး ဆရာတော်တွေရယ်လို့ ခေါ်ကြတယ်၊ မြန်မာနိုင်ငံ အလယ်ပိုင်းမှာတော့ အဲဒီ ဆရာတော်ကြီးများ လို့လကြောင့် လူဆိုးဓါးပြတွေ မျိုးချစ်စိတ်ထက်သန်တဲ့ သူပုန်ရန်တွေ အတော် အေးချမ်း ကုန်ကြပြီ၊ ဆရာတော် သင်္ဃာတော် တွေကလဲ



ဘာသာရေးအမြင်နဲ့သာ မြင်ကြတဲ့ ပုဂ္ဂိုလ်ကြီးတွေဆိုတော့ နိုင်ငံအေးချမ်းမှ သာသနာတည်ပင် ပြန့်ပွားပြီး သာသနာ့နေဝန်း ထွန်းလင်းမယ်၊ နိုင်ငံသာယာအေးချမ်းမှ ပြည်သူအများ ရောင်းပန်း ဝယ်ပန်း ဖွင့်လန်းပြီး သင်္ဃာတော်များ ဆွမ်းကွမ်းလုံလောက်မယ်၊ ဆွမ်းကွမ်း လုံလောက်ပြည့်ဝမှ တရားအားထုတ်နိုင်မယ်၊ အခုလိုတိုင်းနိုင်ငံမငြိမ်မဝပ်ဖြစ်အောင် အမျိုးပါကျွန်ဖြစ်မခံနိုင်လို့ ကုလားဖြူတွေကို ခုခံတွန်းလှန်လိုတဲ့စိတ်နဲ့ သူပုန်ထကြ ဓါးပြတိုက်ကြနဲ့ ဆူပူလုပ်နေကြတဲ့ လူတွေရှိနေတာကို သာသနာ မျက်စေ့နဲ့ ကြည့်ပြီး ဒေါသ လောဘ ရှေ့သွားရင် အပါယ်လားမယ်ဆိုတဲ့ အယူအဆနဲ့ အပြစ်ပြော ဟောနေကြတဲ့အတွက် ကုလားဖြူအစိုးရမှာ တသိန်းတပ် တသန်းတပ်နဲ့ ဝိုင်းပြီးနှိမ်နင်းတိုက်ခိုက် ကူညီလိုက်သလောက် ဟန်ကျသွားတာပေါ့၊ ဗီနည်းက နေရာကျတယ်ဆိုရင်ဘဲ ဆရာတော်သင်္ဃာတော်ကြီးတွေကို ကပ်ပေါင်းသင်းပေါင်းပြီး (အရှင်ဘုရားများက တိုင်းပြည် အေးချမ်းသာယာအောင် ဟောပြော ဆုံးမတော်မူကြပါ၊ အရှင်ဘုရားများ၏ သာသနာ့ ဒါယကာဘုရင်မရှိသော်လဲ မစိုးရိမ်ကြပါနဲ့၊ မြန်မာဘုရင် လက်ထက်ကလို ဆွမ်းဆန်များလဲ လုံလောက်အောင် ထောက်ပံ့ပါမယ်၊ အဂ္ဂမဟာ ပဏ္ဍိတ စတဲ့ ဘွဲ့တံဆိပ်တော်များကိုလဲ လှူဒါန်းပါမယ်) ဆိုတဲ့ ကြိုက်လုံးမျိုးတွေ သွင်းထားတော့ နဂိုကတရား မျက်လုံးတဘက်ထဲသာ ကြည့်နေတဲ့ ဆရာတော်ကြီးတွေကလဲ 'ဟင်း... ကုလားဖြူတွေကလဲ လူမျိုးကောင်းပတဲ့ အလိုက်သိရှာကြသားကတဲ့လို့ သဘောတားတော်မူပြီး ပြည်သူသတ္တဝါအများ အကျိုးမဲ့ သေဆုံးနေကြသည်ကို မကြည့်နိုင်တော်မူကြလို့ နိုင်ငံအေး ရွှေပြည်အေးတရားများ ဟောတော်မူပြီ၊ အခုအများ ကြီးကြီးစားစား လိုက်လံ ဟောပြော နေကြတယ်ဗျ၊ ခင်မောင်ညို ခင်ဗျား စဉ်းစား ကြည့်စမ်းပါ... ကျုပ် သဘောတော့

ရတာနဲ့သုံးပါး အဝင်အပါ ရဟန်းသံဃာတော်ကြီးများ ဖြစ်နေလို့ မပြောင်လို့သာ နေရမယ်၊ ဒီလိုအရေးတကြီး သွေးစည်းထကြွလိုက်ရမည့်အခါမျိုးမှာ ဆရာတော် သံဃာတော်ကြီးတွေက ဘာသာရေးကို အသာကလေး ပြည့်ပုံချပြီး နုတ်ပိတ်ရင် လုပ်နေလိုက်ကြတို့ ကောင်းတယ်လို့ ထင်တာဘဲ'

ညို။ ။'အင်း...စော်ဘွားတွေအတွက် မသက်သာစရာ သတင်းကြားရတဲ့အထဲမှာ ပိုပြီးစိတ်ထိခိုက်စရာ ကိစ္စကြီးတွေ ပေါ်လာပြန်မှလို့။ ခက်ပြီ...ခက်ပြီ-ဒီအတိုင်းမှန်ရင် ကျုပ်တို့ရဲ့ အကြံဟာ နလံမထူနိုင်အောင် ပျက်စီးကုန်တော့မှာဘဲ'

ဦး။ ။'ကျုပ်တို့အကြံအောင်ဘို့က နောက်လိုက် နောက်ပါများဘို့လိုတာဘဲ၊ ခုလို တိုင်းပြည် မငြိမ်မသက်ခင် ကုလားဖြူတွေ နေသေးစဉ်ကမှ အတောအတွင်းမှာ အောင်မြင်အောင် ကြိုးစားလိုက်မှဖြ'

ညို။ ။'ကျုပ်လဲ ဒီအချိန်ကလေးကိုလှပြီး အရေးတကြီး သွေးစည်းနေရတာဘဲ၊ ဒီအရေးမှာ အထူးအားထားနေရတာက စော်ဘွားတွေနဲ့ ဗမာလူမျိုး နောက်လိုက်သူရဲကောင်းတွေဘဲဗျ၊ သူတို့ကိုစိတ်ပါအောင် ဟောပြောစည်းရုံး နေရတုန်းမှာ ခုလိုလူတွေ သွေးအေးအောင် ဆရာတော်ကြီးတွေက လိုက်ပြီးတရားဟော စော်ဘွားတွေ စိတ်ပြောင်းအောင် စော်ဘွားကြီးတဦးက ဝင်ပြီးရှေ့ဆောင်လမ်းပြ လုပ်နေတယ်ဆိုတော့ ကျုပ်တို့ဗမာပြည်ကြီးအတွက် အတော်ဝမ်းနည်းစိတ်ပျက်ဘို့ ကောင်းတာဘဲ'

ဟုပြောရင်း ရွှေစွန်ညိုသည် စိတ်အားထက်သန် ဒေါသမာန်ဖြင့် ထွက်သွားကိုခဲ ခါက်ဆို၍

'ဒို...တာဘဲဖြစ်ဖြစ် ကျုပ် တပေါက်ထဲ ကျန်တဲ့ အချိန် ထိအောင် မလျှော့ဘူး'



ဟု ရှူးရှူးရှားရှားနှင့် ကြိမ်းဝါးပြီး တဲထဲတွင် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေလေရာ မောင်မောင်ဦးမှာသည်၊ ရွှေစွန်ညိုကဲ့သို့ပင် စိတ်မကောင်းဖြစ်ခါ အနီးရှိမီးဖိုကားသားကို ငြိမ်သက်စွာ စူးစိုက် ငေးကြည့်နေလေ၏။

* * *

**အခန်း ၁၅။** ထိုနေ့သောညဥ့်သန်းခေါင်ကျော်ခန့်အချိန်တွင် ခင်သုန်းသည် အိပ်မပျော်နိုင် သဖြင့် တုံးစံအတိုင်းကဲ့သို့ဖြစ်နေသည့် တွေးတောမှု ရေယဉ်ကြောတွင် နစ်မြော၍ နေလေ၏၊ ခင်သုန်းထိုင်နေသော တဲပြူတင်းကလေးမှ လ, ရောင်မှုံမှိုင်းမှိုင်းနှင့် သစ်ပင်ရိပ်များအောက်တွင် အစီအရီ နေသော တပ်သားများ၏ တဲအိုကနှုးကလေးများနှင့်တကွ အနီးကပ်ဆုံးဖြစ်သော ရွှေစွန်ညို၏ တဲတိုမှာ ရှေ့တည့်တည့်တွင် ထောင်ထားသော ပန်းချီကားကဲ့သို့ မလှုပ်မရှား ငြိမ်သက်စွာ တည်ရှိ နေလေသည်၊ ခင်သုန်း၏စိတ်သည် ရွှေစွန်ညို ဆီသို့ရောက်သွားလိုက် ဦးရွှေခေါင်မြို့ကလေး ကျန်ရစ်ရာသို့ ရောက်သွားလိုက်၊ ရမ်းဗြိုးမတောင်တန်းကြီးနှင့် မန္တလေးနေပြည်တော်ကြီးသို့ အပြန်ပြန် အခေါက်ခေါက် ကူးသန်းလိုက်နှင့် လျှပ်စစ်သဖွယ် လျင်မြန်သော စိတ်တန်ခိုး အလျောက် အဆီးအတား အချုပ်အချယ်မရှိ ပြေးလွှားလျက်ရှိလေရာ မိမိစိတ်က မနားမနေ ပြေးလွှားလှုပ်ရှားနေသလောက် မိမိရှေ့တွင် တွေ့မြင်ရသော အရာဝတ္ထုများမှာ မလှုပ်မရှား ငြိမ်ချက်သားကောင်းနေခိုက်တွင် ခင်သုန်း၏ စိတ်အတွေးကို ရုတ်တရက် နှောင့်နှေးရပ်နားသွားစေ၏၊ ထိုအရာကား ရွှေစွန်ညို၏ တဲအမိုးသို့ မဲမဲ- မဲမဲနှင့် လူရိပ်နှစ်ခု သုံးခုအဆက်မပြတ်ကပ်သွားသည်ကိုတွေ့ရခြင်းဖြစ်၍ ခင်သုန်း၏ ငေးစိုက်နေသော မျက်လုံးကို ရုတ်တရက်

အသက် ဝင်လာစေသည်၊ ခင်တုန်းသည် သက်သာမကင်း ဖြစ်လာလေ၏၊ ထိုလူရိုင်းများ၏ သွားလာပုံ အမူအရာမှာ ရွှေစွန်ညိုအား မကောင်းကြံသူများဟု အကဲခတ်နိုင်၏၊ ထို့ကြောင့် ထိုသူများမှာ ပြည်နှင်းရန်သူဆော်ရင်း၊ အတွင်းရန်သူများဆော်ရင်း ဖြစ်ရမည်ဟု တွေးမိသည်၊ စခန်းတခုလုံးကား တိတ်ဆိတ်ငြိမ်သက်စွာ အိပ်လျှက်နေကြဆဲဖြစ်၏၊ ညဥ့်လှည့် ကင်းစောင့်သမားများသည်း ငြိမ်ချက်သားကောင်းလှချေတကား၊ ရွှေစွန်ညိုသည် မိမိတဲအနီးသို့ ရန်သူများ နီးကပ်နေသည်ကို သိမှသိပါလေစ၊ သူ့ဓားနှင့်မာလာတို့ကို လက်ကုတ်ပြရန်လည်း ထခေါ်ခေါ်နှင့် အိပ်မောကျလျက်ရှိလေသည်၊ ထိုအခိုက်မှာပင် မိမိတဲရိပ်အနီးမှ လူနှစ်ယောက်တီးတိုးပြောသံကို ကြားရသောကြောင့် အသာကလေး နားစိုက်မိလိုက်သည်။

'ဟေ့…သတိဝီရိယ ရှေ့ထားနော် ဒီအကောင်က တော်တော်ပါးတဲ့အကောင်၊ ဖြုန်းကနဲ ငို့ကသက်ဦးမိမှ ဖြစ်မယ်'

'ခုနေ ငို့ကအများ၊ သူကတယောက်ထဲ'

'ဒါထက် ငြိမ်ချက်သားကောင်းလှတယ်၊ သူတို့တကယ်အိပ်ပျော်နေကြတာမှ ဟုတ်ကဲ့လား'

'အို… ဒါတော့စိတ်ချ၊ ထမင်းထုံးကြီးထဲကို ဆေးတလုပ်လုံး ထည့်လိုက်တာတဲ၊ တော်တော်နဲ့ မနိုးနိုင်ပါဘူး'

ခင်တုန်းသည် ရွှေစွန်ညိုအတွက် ထိတ်ခနဲ ဖြစ်သွားလေ၏။ စိတ်လက်မကောင်းလှသဖြင့် ညဦးက လာပို့သော ထမင်းကို မစားလိုက်မိခြင်းအတွက် ကိုယ့်ကိုယ်ကို ကျေးဇူးတင်လိုက်မိသည်၊ ထိုအခိုက် ယခင်လူနှစ်ယောက် မှောင်ရိပ်မှထွက်လာပြီး တဦးကလက်တွင် ပါလာသော ဓါးမြှောင်ကို လရောင်တွင် ထောင်ကြည့်ကာ…

'ဟော ဒီ ဓါးကလေးဟာ လူစွမ်းကောင်းကြီး ရွှေစွန်ညိုရဲ့



သွေးကို သောက်ရတော့မယ်၊ သိပ်ကံကောင်းတဲ့ ဓါးကလေးတဲ…'

ဟုဆိုပြီး ဓါးသည်းတို ပြန်ထိုးလျက် ရွှေစွန်ညို၏ တဲဘက်သို့ မှောင်ရိပ်မှ ခုတ်တရက်ဖြတ်ကူးသွားလေ၏၊

ခင်တုန်းလည်း မနေသာတော့ပြီ၊ တဘက်ကလေးကို ကပြာကရာဆွဲခြုံလျက် မိမိတဲတွင်းမှ ခပ်သုတ်သုတ်ထွက်လာပြီး ရွှေစွန်ညို၏ တဲရှေ့မျက်နှာစာဆီသို့ မှောင်ရိပ်ခိုကာ ရောက်လာလေသည်။ တဲရှေ့တွင် အစောင့်ကင်းသားတဦးမှာ ရင်ဝတွင် လှံစူး သေဆုံးနေသည်ကိုတွေ့ရပြီး တဲအတွင်းမှ စကားပြောသံ ကြားရသည်နှင့် မိုးနံလှံ အချောင်းနှစ်ဆယ်ခန့် စုစီးထားသော လှံပုံကြီးတပုံကို ရနှင်းလျက် မဲ့တမှိုထရံပေါက်ကလေးမှ ချောင်းကြည့် နားထောင်လိုက်ရာ တောင်ပံနိုလူထိုး လေးငါးယောက်ခန့်သည် အိပ်နေသော ရွှေစွန်ညို၏ပါးစပ်ကို အဝတ်စည်း ကိုယ်ကိုကြိုးများနှင့် ဦးမိအောင်တုတ်နှောင်ထားပြီးမှ လှံသွား ဓါးသွားများနှင့်ရွယ်လျက်…

'ဟော့…ရွှေစွန်ညို ထပါဦး လူစွမ်းကောင်းကြီးရဲ့၊ မင်းက ငို့များအစခကို ဟန့်သွားတဲ့အတွက် လက်စားချေဖို့ လာကြတယ်၊ အခုငါတို့လက်ထဲရောက်နေပြီ၊ ဒီနေရာမှာ မင်း လူစွမ်းမကောင်းတော့ဘူး မဟုတ်လား…ဟား…ဟား…ဟား'

ဟု ခပ်ရှာရှာလူတယောက်က မခိုးမခန့်ကြီးကြည့်ကာ ပြောလျက် ချွန်ထက်သော ဓါးဦးနှင့်ထိုးတော့မည်ထက် လုပ်နေရာ ရွှေစွန်ညိုလည်း မလှုပ်သာအောင် မိနေသည့်အထဲမှ ထဲသွားကြီးတစ်ခုနှင့် တွန်းထိုး ရုန်းကန်ကာ ပါးစပ်တွင် စည်းထားသော အဝတ်ကိုလည်း ပခုံးစွန်းနှင့်တိုက်၍ ကြိုးစား ဖယ်ရှားလျက်ရှိလေ၏၊

ထိုအတွင်း အခြားလူဆိုးတယောက်က ရွှေစွန်ညိုအား အစိမ်းဝါး ခဲတော့မလိုသော မျက်နှာထားကြီးနှင့်ကြည့်ကာ....

'ကဲ...ဒီမျက်နှာကို ကြာကြာ ကြည့်မနေကြပါနဲ့, မြန်မြန်ကိစ္စ ပြီးအောင် စီရင်လိုက်စမ်းပါ'

'အေးကွာ ဟုတ်တယ်၊ ခုလို ချောင်ချောင်လယ်လယ် မိထားတုံး မြန်မြန်ကိစ္စတုံးလိုက်မှ ကြာကြာထားရင် ပြဿနာပေါ်နေမယ်'

ဟု ဆိုကာ လက်ထဲက ဒါးကို တအားမြှောက်လိုက်ရာမှ....

'အမယ်လေးဗျ....'

ဟု တစ္ခုန်းသည်း အော်လျက်၊ ကြောဘက်မှ ရင်ဝသို့ ဖေါက် ထွက်လာသော လှံသွားကြီးကို ဆုပ်ကိုင်ကာ မြေပေါ်သို့ ဒါးရော လူပါ မှောက်လဲကျသွားသဖြင့် ကျန်သော လူဆိုးများလည်း အံ့အား ကြီးသင့် ကြည့်နေကြလေ၏။

ခင်တုန်းသည် မိမိအားကို မြှုလုပ်လိုက်မိသည်ဟုမသိ လှံတန်း လန်းနှင့်လဲကျသွားသောလူဆိုးကို အဝေးကွယ်မှ ငေးကြည့် နေမိ သည်၊ ထိုနောက် အဆိုပါ လှံကြီးကို မိမိပင် သွားရှာသွေးတန်း ထ အားပေါက်လိုက်မိကြောင်းသိရမှ ကိုယ်ရေးကြွ၍ သက်လုံအောင်း လိုက်ရသည်ကို အားရ လိုက်မိသည်၊ လူဆိုးတို့သည် ထိုအကြောင်းသိ ဝင်ကာ ရန်သူကိုရှာကြ၏၊ ခင်တုန်းလည်း သူတို့ကဲ့သို့သတိနှင့်အကြံ ဆင်ထားရလေ၏၊ ထို့ကြောင့် မိမိကိုယ်ကို ကွယ်လျက် လှံစည်းကြီး ကို တဲထဲပါဝမှ လှံသွားတွေကို တဘက်တချက်ရှက်၍ တင်ထား လိုက်သည်၊ အတွင်းက လူဆိုးတို့ အထင်ကား တပ်သားနှစ်ဆယ် အ စိတ်ခန့်လှံသွားကိုယ်စီနှင့် တဲဝမှတော ချိန်ထားကြသည်ဟု အထင် ရောက်ဝေ၊ ထိပ်ထိပ်ပြာပြာဖြစ်လာပြီး တဲတဘက်ရှိ ထွက်ပေါက်ကို ပြေးကြ၏၊ ထိုအခိုက် ရင်းတို့အထဲမှ လူဆိုးတဦးက ရွှေစွန်ညိုအား လွှတ်ကန် ဆန်တော့သည့်အလား ဒါးနှင့် တအားအပိုင်းလိုက်တွင်



ဒါးကိုင်သောလက်သို့ လှံတစင်းလာစိုက်သဖြင့် လူဆိုးမှာ ကြောက် ချေးပါမတတ်ထွက်ပြေးလေ၏၊ ရွှေစွန်ညိုကားမိမိအပည့်များရောက် လာသည်ထင်ကာ အားရမိသည်၊ သို့ရာတွင် အတွင်းသို့ မည်သူမျှဝင် မလာဘဲ တဲတခုလုံး တိတ်ဆိတ်နေသဖြင့် အံ့အားသင့်မိသည်၊ အ ပေါက်ဝက လှံသွားများလည်း မလှုပ်မရှားငြိမ်ချက်ထားအောင်း နေသဖြင့် မတွေးတတ်အောင်ဖြစ်ခိုက် လှံတစင်းကိုကိုင်ကာ ပြုံးပြုံး ပြာရာနှင့်ဝင်လာသော ခင်တုန်းကိုတွေ့ရ၍ ပိုမိုအံ့ဩမိပြန်သည်၊ ခင် တုန်းလည်း ကိုင်ထားသော လှံကြီးကိုပစ်လိုက်ပါ ရွှေစွန်ညိုရှိရာသို့ ပြေးလာပြီး စည်းနှောင်ထားသော ကြိုးများကို အရေးတကြီး ဖြေ ပေးလေသည်။

ရွှေစွန်ညိုသည် ခင်တုန်းမြင့် အပြုအမူကို အစအဆုံး ကြည့်နေ မိပြီး မိမိရေတိမ်တွင် နစ်မည့်ဆဲဆဲ၌ မိန်းမဥာဏ်ဖြင့်ဖြတ်ထိုး ဝင် ဆယ်လိုက်ကြောင်း သိလေတော့သည်၊ နောက်နောက်က အထင် အမြင်သေးမှုများသည် ထိုခဏ၌ လွင့်စင်ကြည်လင်သွားလေ၏။

ထို့ကြောင့် ကြိုးများ ပြေသွားလျှင် သွားခြင်း ခင်တုန်းကို တ အားဖက်ပါ....

'ခင်....ခင်....မောင့်ကို တကယ်မမုန်းပါဘဲလား၊ မောင်အထင် မှားခဲ့မိတာ သည်းခံပါ'

ဟုဆိုလျှင် ခင်တုန်းမှာ ရွှေစွန်ညိုကို ပြုံး၍ကြည့်လိုက်မိသည်။

ယခုကဲ့သို့ ခင်တုန်း၏ ပြုံးသော မျက်နှာကလေးကို တာလကြာ မြင်ရှုခွာက တောင်တခဲ့ရသော ရွှေစွန်ညိုမှာ ရင်ထဲတွင် ဆောက်ရဲ နွေးကနဲ ပိုလိုက်ရှိုက်မော အကြိုက်မော ကြွလာလေသည်။

ညို။ ။'ခင်...မောင့်ကို အရင်လို မမုန်းတော့ဘူးနော် ဟုတ် လား'

တုန်း။ ။မမုန်းပါဘူး မောင်ဟာ လူဆိုးကြီး တဦးမဟ် ဖြစ်

သော်လဲ ခုလိုအရေးထဲမှာ အားနဲ့တဲ့ မိန်းမသားရဲ့ အားကိုးရာကြီး တခုဖြစ်ပါတယ်၊ နောက်နောက်ကလဲ ခင့်ကို ကယ်ဆယ်တဲ့ ကျေးဇူးတွေ များလှန်းလို့ ခုဖြင့်'

ခင်ဘုန်းသည် နောက်ဆုံးစကားတလုံး လွှန်သွားသည့် အတွက် ရှက်ကိုးရှက်ကန်း ဖြစ်သွားလေသည်၊ ရွှေစွန်ညိုမှာ စောစောက ဘေးရန်တွေကို လွန်ခဲ့သော အနှစ်တရာက အဖြစ်အပျက်ပမာ အလျဉ်းသတိမရဘဲ မေ့လျော့သွားပြီး ခင်ဘုန်း၏ ပြုံးသော မျက်နှာနှင့် နောက်ဆုံးပြောလိုက်သော စကားကလေး တခွန်းကြောင့် တလိုင်တည်း နတ်ပြည်သို့ တွန်းပို့လိုက်သည်နှင့် မခြား လှိုက်လှိုက်လှဲလှဲကြီး ဝမ်းမြောက်သွားလေ၏။

ညို။ ။'အင်း....အင်း....ခုဖြင့် ဘာဖြစ်သလဲ ဆက်ပြောစမ်းပါ ခင်ရဲ့'

ခင်ဘုန်းသည် အဖြေမပေးရဲပေ။ ထိုအခိုက် တောင်ပံနီတို့ကို မီလာသော အပြင်ကင်းလှည့် ဘမားများသည် ဘမ်းထားသော လူဆိုးများနှင့်အတူ တဲဝသို့ ရောက်လာကြသောရာ မိမိတို့ဆရာမှာ ခင်ဘုန်းနှင့် ကြည်သာရွှင်ပြုံးစွာ စကားပြောနေကြသည်ကို တွေ့ရသောကြောင့် ဝမ်းမြောက် ဝမ်းသာနှင့် တဦးကိုတဦး မျက်စနှင့် စကားပြောကာ လှည့်ထွက်သွားကြလေ၏။

ရွှေစွန်ညိုသော် ခင်မောင်ညိုသည် ရှမ်းပြုံးကလေး ပြုံးကာ လုံးလုံး ခေါင်းမဖော်တော့သည့် ခင်ဘုန်းအနီးသို့ တိုးကပ်ထိုင်လိုက်ပြီး....

'ပြောလေ...ပြောစမ်းပါခင်ရဲ့ ခုတော့ ဘာဖြစ်သလဲ ကြားစမ်းပါရစေ'

ဟု ဆိုလျှင် ခင်ဘုန်းမှာ တန္ခဲ့နွဲ့ညှာတန်ယိမ်းလျက် ဘိမ်းမည့်ဘူ စောင့်စားနေသော သဇင်ညွန့်ကလေးပမာ ပြုံးမယောင် ရှက်သွေး



ဖြာသော မျက်နှာကလေးကို မော်ကာကြည့်ပြီး ခင်မောင်ညို၏ နဖူးကို လက်ညှိုးကလေးနှင့် ထိုးပြကာ....

'ခုတော့ ပေါဘီလူဆိုးကြီးကိုဘဲ ခင့်တသက်မှာကြည့်ကြည့် ညိုညို့နဲ့ မိုးမိုးအားထားပြီး နေပါရစေတော့လို့ တောင်းပန်မယ်လို့ပါတဲ့'

ဟု နောက်နောက်က မကျေမချမ်းနှင့် အောင့်အင်း မြိုသိပ်ထားရသည်တို့ကို စွန့်စွန့်စားစား ဖွင့်ချလိုက်လျှင် ခင်မောင်ညိုမှာလည်း အားရဝမ်းသာနှင့် ခင်ဘုန်းကို တအားပွေ့၍ မိမိရင်ခွင်ထဲသို့ သိမ်းယူပြီး မချင့်မရဲဖြစ်ရပုံကြီးနှင့် ခင်ဘုန်းမျက်နှာကို စိမ်းစိမ်းကြီးကြည့်ကာ....

'အစတုန်းကတော့ ချစ်တော်မူပါ၊ ခင်တော်မူပါလို့ တောင်းပန် ခယလိုက်ရတာ ဖတ်ဖတ်မောပါတဲ့၊ အမျိုးမျိုး တောင်းပန်မရလို့ မျှော်လင့်ချက်ဆုံးပြီး မုန်းချင်ချင်ဖြစ်လာမှ သူကချစ်ပါရစေ တောင်းပန်ပြန်တယ်၊ ဖယ်ပါ...ချစ်ချင်ပါဘူး၊ ခုမှ လာမချော့ပါနဲ့'

ဟု နဲ့ကျီစယ်ကာ တဘက်သို့မှုပြီး လှဲ့သွားလျှင် ခင်ဘုန်းက ကျေကျေနပ်နပ်ကလေး ပြုံးရင်း တဘက်သို့ လှဲ့သွားသော ခင်မောင်ညို၏မေးကိုဆွဲ၍ လှဲ့သော်လည်း မလှဲ့ဘဲ ပေနေသဖြင့် စိတ်မရှည်သလို ခွာတ်ခမ်းစူကာ....

'ဒါဖြင့်နေ'

ဟု ဆိုပြီး ခင်မောင်ညို၏ ကိုယ်ကြီးကို တွန်းဖယ်လျက် ရုတ်တရက် ထိုင်ရာမှခြေဆောင့်သသွားလိုက်လျှင် ခင်မောင်ညိုမှာ ကြာရှည် မနေနိုင်တော့ဘဲ ကပြာကယာ လှည့်ကာ လက်ဆွဲ ထားပြီး ပြုံးပြုံးကြီးကြည့်၍....

'ဟိုး...ခင်ကလဲ မောင်က ကျီစားတာကလေးနဲ့ စိတ်ကောက်သွားပြန်ပြီ၊ စိတ်ပြန်ပြေ နောက် မကျီစားပါဘူး၊ မသွားပါနဲ့ ခင်ရဲ့'

ဟု ချော့မော့ရာ ခင်သုန်းက မာယာ မျက်စောင်းကလေးနှင့် ကြည့်ပြီး ခင်မောင်ညို၏ ရင်ဘတ် ထိုးတွန်းလိုက်သည် တွင်ကား ခင်မောင်ညိုမှာ ခင်သုန်းအား လက်ရှောလှပါ တကိုယ်လုံး သိမ်းကြုံးဖက်လိုက်ပြီး မျက်နှာကလေးကို အနီးသို့ဆွဲယူလိုက်စဉ် ခင်သုန်းကလည်း ခြေကြက်သန်တကြား အရှိန်လိုက်နှင့် နှစ်ယောက်လုံး ကုလားထိုင်ကလေး ပေါ်သို့ လဲကျသွားလေရာ ထိုအတွင်း၌ အလင်းရောင်အလို့ငှာ ထွန်းညှိထားသော ရေနံချေးမီးခွက် ကလေးမှာလည်း လေထဲတွင် တယိမ်းယိမ်း လှုပ်ရှားနေရာမှ ပြောက်လေ ကလေးတချီအဝေ့ လိုက်တွင် ရုတ်တရက်ငြိမ်းရှိသွားလေသတည်း။

* * *

ထိုနေ့မှစ၍ ခင်မောင်ညိုနှင့် ခင်သုန်းမြင့်တို့မှာ ကာလအတန်ကြာက မြှော်လင့်ခြင်းကြီးစွာဖြင့် တည်ဆောက်ခဲ့ရသည့် အချစ်အဆောက်အဦးကြီး အောင်မြင်ပြီးစီးသဖြင့် အပျော်ကြီး ပျော်လျက် အချစ်ဗိမာန်ကြီးအတွင်းဝယ် တဦးနှင့်တဦး ကြင်နာစွာ ချစ်တုံ့လှယ်လျက်ရှိနေကြခြင်းကြောင့် တလောကလုံးကို မေ့လျော့နေကြသကဲ့သို့ ရှိလေ၏။

ခင်မောင်ညိုမှာလည်း အရေးကြီးသော ကိစ္စတာဝန်များကို အချစ်ကမ္ဘာကြီးဖြင့် ပြည့်ဖုံးအုပ်၍ ထားခြင်းကြောင့် တစုံတရာ ထင်မရတဲ့ တပြုံးပြုံးနှင့် ခင်သုန်း၏ မျက်နှာကလေးကိုသာ တမိန့်မိန့်ကြည့်ကာ နေလေတော့သည်၊ မိမိတို့ဆရာ ပျော်ရွှင်စွာနေသောအခိုက်အတန့်ကလေးတွင် တပည့်ငယ်သားများမှာလည်း အပျော်ကြီးပျော်လျက်ရှိကြလေ၏။

လောကကြီးသည် သာယာသာကျက်ရှိ၏ မိမိတို့အချစ်နှစ်ဦး နေထိုင်



ရာ ဌာနကလေးမှာလည်း တလောကလုံးတွင် ပျော်စရာအကောင်းဆုံးဌာနကလေးတခုဟု အထူးအမှတ်ပြု၍ ထားသကဲ့သို့ထင်ရ၏၊ အနီးပတ်ဝန်းကျင်ရှိ တောတန်းတောင်စဉ် သစ်ပင်ခြုံနွယ်တို့မှာလည်း ခါတိုင်းမြင်နေကြနှင့်မတူ စိုစိုပြေပြေ အသက်ဝင်နေ သကဲ့သို့ ထင်ကြစေတော့သည်၊ စိတ်နှလုံးထိခိုက်၍ ညှိုးနွမ်းငြိုငြင် နေသူတို့အတွက် ကမ္ဘာလောကကြီးမှာ ပျော်စရာတစ္ဆေးသားမျှ ရှာ၍မရသလို စိတ်အလိုဆန္ဒ ပြည့်ဝပျော်ရွှင်နေကြသူတို့ အတွက်မှာလည်း ကမ္ဘာလောကကြီးတွင် စိတ်ညစ်ပူဆွေးစရာ မရှိဟု ထင်မှတ်ကြသကဲ့သို့ပင် ခင်မောင်ညိုနှင့်ခင်သုန်းမြင့်တို့မှာ ရှေးဟောင်းမောင်နှံတောင်ပန်ယှက်နွဲ့ရွှေ့သည့်တွဲ့ ပျော်ပွဲစံသည့်ပမာ ကြည်သာရွှင်ပြုံး ပျော်မဆုံးရှိကြသည့်အလျောက်၊ တယောက်ကို တယောက် မျက်စေ့ဆောက်က အပျောက်မခံနိုင်ဘဲ တံပြူတင်းမှ တဖြူးဖြူးလာသော လေညှင်းကလေး၏အရသာကို နှစ်ယောက်တွဲခံစားကာ နေကြခိုက် တွင် ခင်မောင်ညို၏ရင်ခွင်ထဲမှ မထတတ်ရုပ်ခါနေသော ခင်သုန်းသည် ခင်မောင်ညို၏ပခုံးကိုကိုင်ကာ ပြုံးရွှင်ကြည်လင်သော မျက်နှာကလေးကိုမော့လျက်...

သုန်း။ ။'မောင့်ကိုလဲ ချစ်ရပါပြီ၊ ဒီတခါတော့ ခင့်အလိုလိုက်ပြီး ခုလိုတိုက်ခိုက် ဆိုးသွမ်းနေတဲ့အလုပ်တွေ စွန့်ပစ်လိုက်ပါတော့ မောင်ရယ်'

ညို။ ။[ကျေနပ်စွာပြုံးလျက်]'ခင်ကမောင့်ကို ချစ်တဲ့နောက် ဘယ်အရာမဆို ခင့်အကြိုက်တွေ့ဖြစ်ပါစေမယ်'

ခင်သုန်းအတိုင်းမသိ ဝမ်းသာသွားလေသည်၊ ငါချစ်သူသည် ငါ့စကားကို နားထောင်ရှာတော့မည်ဟု ကျေးဇူးတင်၍မဆုံးသော မျက်လုံးကလေးနှင့်ကြည့်ကာ ခလေးငယ်ပမာ ခင်မောင်ညို၏ ပခုံးကို ခပ်နွဲ့နွဲ့ မှီထားလျက်....

'ဒါဖြင့် ဒီနေ့ကစပြီး မောင်ဟာ တောသုန်းဝါးပြကြီး မဟုတ်တော့ဘူးနော် ပျက်လားမောင်၊ နေပြည်တော်ကြီးပြန်ပြီး ရိုးရိုးသားသား ကုပ်ကိုင်စားသောက်ကြပါစို့နော်'

ဟု ကန့်ကွက်မပြောလေသည်၊ ခင်မောင်ညို ရုတ်တရက်အဖြေမပေးသေးမီ၌ ခင်သုန်းက စိုးရိမ်စွာ မော့ကြည့်လိုက်သောအခါ ခင်မောင်ညို၏မျက်နှာမှာ သိသိသာသာကြီး ပျက်နေသည်ကို တွေ့ရလေ၏။

သုန်း။ ။'အလို ဘာဖြစ်သွားရပါလဲမောင်ရဲ့၊ နေပြည်တော်သွားရမယ်ဆိုတာနဲ့ စိတ်ညစ်သွားသလား ပြော...ပြော မောင့်ကို မသက်သာတော့ဘူး'

ခင်မောင်ညိုသည် မိန်းမပ°ပ° မသက်သာ ရန်တွေ့သံ ကလေးနှင့် ပြောသောခင်သုန်းအား တည်ကြည် ခန့်ညားသော မျက်နှာထားနှင့် မေ့ထက်ထားကာ....

ညို။ ။'ခင့်ဆီက အသိုးထိုက်တန်လှတဲ့ အချစ်လာဘ်ကြီးကို ဖြုံးကနဲရလိုက်တော့ တသက်နဲ့တကိုယ် မကြုံဘူးအောင် အားရဝမ်းသာဖြစ်သွားတဲ့အတွက် မောင်ဆောင်ရွက်ရမဲ့တာဝန်ကြီး တရက်ကို ၃–၄ ရက်မေ့သွားတယ်၊ အဲဒီတာဝန်ကြီးဟာလဲ မောင့်အသက်နဲ့အမျှ လွှက်သက်ဝင်သက်ရှိသမျှ စိတ်ဝင်စားနေရတဲ့ အင်မတန်ကြီးလေးလှတဲ့ တာဝန်ကြီးတဲ့ခင်ရဲ့'

ဟုပြောလျှင် ခင်သုန်းမြင့်သည် ခင်မောင်ညို၏ ထူးခြားလေးနက်သောမျက်နှာကို မြင်ရခြင်းအားဖြင့် စိတ်ဝင်စားစွာ နားထောင်နေလေသည်။

ညို။ ။'ခင်ပြောလိုက်တဲ့ စကားထဲမှာ နေပြည်တော် ဆိုတဲ့စကားလုံးတလုံးပါတော့မှ ဒီကိစ္စကြီးကို ဘွားကနဲပြန်ပြီး သတိရတော့တယ်၊ ဒီတာဝန်ကြီးကို ဆောင်ရွက်မပြီးမခြင်း မောင်ဟာအ



သက်နှင့်အမျှချစ်လှတဲ့ ဟောဒီကခင်နဲ့အတူ မနေနိုင်သေးတဲ့ အဖြစ်တွေကို တွေးမိလို့ စိတ်လေးသွားတာပါ'

ခင်သုန်းသည် ခင်မောင်ညိုကဲ့သို့ပင် မျက်နှာညှိုးငယ်သွားကာ။

'ဘယ်လို တာဝန်ကြီးမျိုးမို့ ခင်နဲ့အတူ မနေနိုင်ရတာလဲ ပြောစမ်းပါ၊ သေမခွဲ ရှင်မခွဲ အေးအတူ ပူအမျှ သစ္စာထားမှုပေါ့မောင်ရဲ့'

ဟု ခင်မောင်ညို၏ ပခုံးကိုလှုပ်၍ မေးလေသည်၊ ခင်မောင်ညိုလည်း ပြော၍ တော် မတော် အတန်ကြာစဉ်းစားနေမိသည်၊ ထိုအတွင်း ခင်သုန်းက မရမက ထပ်ခါထပ်ခါမေးနေသဖြင့်....

ညို။ ။'မောင်ဟာ သီပေါဘုရင်ကို အင်္ဂလိပ် ရန်သူကြီးခဲ့တယ်ဆိုတာ ခင့်ကိုပြောဘူးတယ် မဟုတ်လား၊ မောင့်ကျေးဇူးရှင်ရွှေဘုမင်းသားအတွက် သီပေါမင်းကို လက်စားချေပြီး (....)မင်းသားကိုနန်းတင်မယ်ကြံစည်နေတဲ့မှာ သီပေါမင်း အင်္ဂလိပ်လက်ပါသွားရတဲ့အတွက် ဘကြီးလေမှိုသီးတင်ပွဲနှင့်လွဲဆိုတဲ့စကားလိုတောင်မရောက် မြောက်မကျ ဖြစ်ခဲ့ရတယ်၊ သို့သော်လဲ အကြံအစည်ကို မလျှော့ဘူး။ ဒို့ပြည်ကိုဒို့အမျိုးသားချင်း အုပ်ချုပ်တာကိုသာမြင်လိုတယ်၊ မသိမသိုင်းတဲ့ နိုင်ငံရပ်ခြားတိုင်းတပါးသားတွေ လာပြီး လွှမ်းမိုးချုပ်ချယ်နေတာကို မကြည့်လိုဘူး၊ ခင်းတို့သခင်တွေကို စေ့စေ့စီးစီးက မောင်ထုတ်မှုတဲ့ဆိုပြီး နိုးဝပ်ရာအကြံဘူရာလှူချင်း စည်းလုံးပြီး တောသုန်း သူပုန်ကြီးလုပ်နေရခြင်းဖြစ်တယ်၊ မောင့်အကြံအစည်မအောင်မြင် သေးသမျှဖြင့် ချစ်လှတဲ့ ဟောဒီ ခင်သုန်းနဲ့ ရှင်မြိုးကြည်သာစွာ နေရဦးမှာမဟုတ်ဘူး ခင်ရဲ့'

ခင်သုန်းသည် သောကမအေးသော မျက်နှာကလေးနှင့် ခင်မောင်ညို၏လက်မောင်းကို ယောင်ရမ်းဖြစ်ညစ်ခါ နားထောင်နေမိရာသည်။

ညို။ ။'ဒါကြောင့် မောင်ဟာ အရင်ကလို သီပေါမင်းရဲ့ ရန်သူတော် မျှော်ညို မဟုတ်ဘူး၊ ကုလားဖြူအစိုးရရဲ့ ရန်သူ သူပုန်ကြီး မျှော်ညိုဖြစ်နေပြီ၊ ခွင့်သာတဲ့အခိုက်မှာကုလားဖြူ ထမ်းတွေကို အနှောင့်အယှက်ပေး လှည့်လည် တိုက်ခိုက် နေရလိမ့်မယ်၊ ဒါ ကြောင့် ခင်နဲ့အတူမနေနိုင်သေးတာပေါ့'

သုန်း။ ။'အို...မဆော်တာ မောင်ရယ်၊ ကာလပျက်ကြီး အ တွင်း ခင်တို့မှာ မောင့်တစ်ယောက် အားကိုးနေရမှာပါ၊ မောင့်ရည် ရွယ်ချက်က အမျိုးအတွက် မှန်မြတ်လှပေတဲ့ ခင့်ကို ငဲ့ကွက်သင့်ပါ သေးတယ်၊ ရက်ရက်စက်စက် ပစ်လို့ဖြင့် ထွက်မသွားပါနဲ့'

ညို။ ။'ခင့်ကို မောင်ဘယ်လောက် ချစ်တယ်ဆိုတာ အထူး ပြောစရာမလိုပါဘူးခင်သိပါတယ်၊ မောင်ဟာ ခင့်ကိုမျက်စိအောက် က တစေ့တစ်လေမှ အပျောက်မခံနိုင်အောင် ဖြစ်ခဲ့တယ်၊ ဒါပေမဲ့ မဖြစ်သေးဘူးခင်ရယ်၊ ကိုယ့်တိုင်းပြည်ကြီးနဲ့ ကိုယ့်အမျိုးသားတွေ ရေတိမ်မှာနစ်ပြီး လူ့ကျွန်ဖြစ်ကုန်ကြမှာမခံနိုင်ဘူး၊ တိုင်းပြည်ကြီး ကို ကျွန်တွင်းက ပြန်မဆယ်ရသမျှ မောင်ဖြင့် လုံ့လမလျှော့နိုင်ဘူး၊ မောင့်အသက်ရှေ့ကထားပြီး ကြိုးစားရလိမ့်မယ်ခင်ရဲ့'

ခင်မောင်ညိုသည် ပြောရင်း ပြောရင်း ဒေါသစိတ်ပြင်းလာပြီး အံသွားကြိတ် ထခဲခဲဖြစ်လာလေရာ ခင်သုန်းမြင့်မှာ အားငယ်ပူဆွေး စိတ်မအေးသံကလေးနှင့်....

သုန်း။ ။'ဒါဖြင့် ခင့်ကို မချစ်လို့ ပစ်ခဲ့တော့ မယ်ပေါ့နော်၊ ခုလို တိုးခြေမတည် ဒိမ်ခြေမတည် ကျီးလန့် စာစား ပြေးလွှားပုန်း ရှောင်နေရတဲ့အထဲမှာ ခင့်ကိုစိတ်ချထားခဲ့တော့မှာလား မောင်ရဲ့'

ညို။ ။'ခင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ နောက်နောက် ကဖြစ်အပျက်တွေသာ စဉ်းစားကြည့်ပါတော့ခင်ရယ်၊ ခုအရေး မှာတော့ မနေသာတဲ့အတွက် ချစ်သူကလေးကိုခွဲထားခဲ့ရမှာပါ'



သုန်း။ ။'မောင် မနေသာရအောင် ဒီအလုပ်ကို ဘယ်လိုလူ စားက ခိုင်းတာလဲ ခင်သွားတောင်းပန်စမ်းပါရစေ'

ညို။ ။'မောင့်ကို ဘယ်လိုလူစားကမှ ခိုင်းခိုင်းနိုင်နိုင် မခိုင်းနိုင် ပါဘူး၊ ယခုကိစ္စမှာတော့ မောင့်ကိုယ်သဲ နှလုံးသွေးထဲမှာရှိကဲ့ မျိုး ချစ်စိတ်က ခိုင်းတဲ့အတွက် အချိန်နဲ့အသက်ကို ရင်းပြီး ကြိုးစားရ တော့မယ်၊ ခင်ဘယ်နည်းနဲ့မှ တားမြစ်လို့မရဘူး'

ခင်သုန်းသည် တယုသန်နှင့် စိတ်ခက်ထန်စွာ ပြောလိုက်သော ခင်မောင်ညိုကို ဝမ်းနည်းခြင်းစွာ မော်ကြည့်လျက် မျက်ရေစက် လက်နှင့် ရှိုက်ခါငိုလေတော့သည်။ ခင်မောင်ညိုသည်လည်း ခင်သုန်း ကို ပိုက်ပွေ့ကာ နှုးသံစကားလေးများသယ်၍...

ညို။ ။'အားမငယ်ပါနဲ့ခင်ရယ်၊ ခင်တို့အတွက် လုံခြုံစိတ်ချ ရအောင် မောင့်ကိုယ်တိုင် နေရာချပေးထားခဲ့ပါမယ်။ နောက်တ ရက်နှစ်ရက်အတွင်း မိုးနဲ့မြို့ကို သိမ်းပိုက်ထားတဲ့ ကုလားဖြူ တပ် သားများကို တွန်းလှန် ဖြိုဖျက်ရလိမ့်မယ်၊ မြို့ထဲက ရှမ်းတွေကလဲ လူမျိုးကွဲ တရန်သန်ကလာပြီး အုပ်စည်းတာ မနှစ်သက်ကြတဲ့အ တွက် မောင်တို့ဘက်က အားလုံးသိုလို ကူညီတိုက်ခိုက်ကြလိမ့်မယ်၊ လွန်ခဲ့တဲ့ အပတ်နေ့ကပြီး မြို့ထဲမှာလက်နက်တွေကို လျှို့ဝှက်တဲ့ နည်းနဲ့ ယူသွားကြပြီ၊ မောင်တို့က အပြင်ကမြို့ကိုဝိုင်းတာနှင့်တပြိုင် နက် သူတို့ကလဲ မြို့ထဲက အတွင်းရန် ထကြလိမ့်မယ်၊ အတွင်းရော အပြင်ရော နှစ်ဘက်ညှပ်သတ်လိုက်ရင် ဒင်းတို့ ကုလားဖြူတပ်သား တွေ စီစီညက်ညက်ကြေကျဘဲ၊ အဲဒီလိုနည်းနဲ့ မိုးနဲ့မြို့ကြီးကို ပြန် သိမ်းပြီး ခင်တို့ကိုမြို့တွင်းမှာ ချောချောနေနေ လုံလုံခြုံခြုံ ထားခဲ့ပြီးမှ မောင်သွားစရာရှိတဲ့နေရာတွေကို သွားမှာပါခင်ရဲ့'

သုန်း။ ။'မောင် သွားစရာရှိတဲ့နေရာတွေဆိုတာက ဘယ်လို နေရာတွေလဲမောင်'

ညို။ ။'ကျိုင်းတုန်နယ်စပ်က ခေါင်ဘွားကြီးများနဲ့ မင်းသားကြီးများဆီကိုလဲ မပြတ်သွားရမဲ့ကိစ္စ၊ မောင်တို့ဘသင်းကို မပါဘဲနေတဲ့ခေါင်ဘွားတွေကို ပါလာအောင်သွေးဆောင်ရမဲ့ကိစ္စ ရယ် အသင်းဝင်ပြီးသား ခေါင်ဘွားတွေကိုလဲ သွေးမကွဲအောင် နိုင်မြဲအောင် ချည်နှောင်သိမ်းသွင်းရမယ်၊ ဗမာပြည် တပြည်လုံး မြို့ရွာမြို့ရွာ ထောင်ရွာနယ်ပုဒ်များကိုလဲ ရှုပ်အောင် လိုက်လံ တိုက်မိတ်နေရမယ်၊ ယခုနောက်ဆုံးကိစ္စတခုကတော့ ခေါင်ဘွားတွေကို ကုလားဖြူအစိုးရက သူ့လက်အောက်ရောက်အောင် ရှမ်းခေါင်ဘွားကြီးတယောက်ကို သွေးဆောင် နိုင်ခဲ့တယ်လို့ သတင်းရောက်လာတဲ့အတွက် သူ့ဝါဒကို အရေးတကြီးဖျက်ဆီးဖို့ ကိစ္စပေါ်ပေါက်နေတယ်'

ခင်ဘုန်းလည်းတစုံတရာမပြော ငိုရှိုက်နေတော့သည်၊ ခင်မောင်ညိုက ယုယချော့မော့လျက်....

ညို။ ။'တိတ်ပါခင်ရယ် မောင်စိတ်မပြောင်းအောင် ငိုမနေစမ်းပါနဲ့၊ ဖြူးတာနဲ့လဲ မခွဲသေးပါဘူး၊ မောင့်အချစ်ကလေးနဲ့ ချစ်နိုင်သေးသမျှအချိန်ကလေးမှာပျော်ပျော်ကြီးချစ်သွားစမ်းပါရစေ၊ မောင်လေခင့်ကို အနားက နဲ့နဲ့ကလေးမှ မခွါချင်ဘူးအမှန်ပါ၊ အမျိုးနဲ့တိုင်းပြည် ကျွန်ဖြစ်မဲ့ကိစ္စမို့သာ သွားရပါမယ်၊ ဒါပေမယ်လို့ မောင်ဘယ်အရပ်မှာဘဲ ရောက်နေနေ ခင့်ရှိရာကို ညွှန်းသနေတိုင်း မှန်မှန်ကြီးရောက်အောင် လာခဲ့ပါမယ်၊ ကဲ-ခင်ရယ် ခင့်နဲ့နေရတဲ့အချိန်ကလေးမှာ ပျော်ပျော်ရွှင်ရွှင် နေသွားစမ်းပါရစေ၊ မဲ့နေတဲ့ ခင့်မျက်နှာကလေးကို ပြင်ပြီး ပြုံးပြုံးရွှင်ရွှင်ကလေး နေလိုက်စမ်းပါ'

ဟု ဆိုကာ ခင်ဘုန်းအား ချစ်ခင်ကြင်နာစွာ ယုယ ပိုက်ထွေးလိုက်လေသောကြောင့် ချစ်သူ၏ အလိုကိုလိုက်တတ်သည့် မိန်းမကောင်း



တို့ဓမ္မတာအတိုင်း မပြုံးချင်ဘဲ အားခဲ၍ပြုံးလိုက်ရ ရှာလေ၏၊ ထိုခဏမှာပင် မောင်မောင်ဦးနှင့် တပည့်တယောက် ဝင်လာလေ၏။

ဦး။ ။'အော်...ခင်မောင်ညို အားတော့နေပါနဲ့ သတင်းကလေးဘူးတာနဲ့ ဝင်လာခဲ့တယ်ဗျာ'

ညို။ ။'ကိစ္စမရှိပါဘူး မောင်မောင်ဦးရဲ့ ပြောစရာရှိတဲ့ကိစ္စကိုသာ မြန်မြန်ကလေး သိစမ်းပါရစေ'

ဦး။ ။'နေပြည်တော်က သတင်းပါဘဲဗျာ၊ ခင်ဗျားနဲ့ တိုက်ရိုက် ဆက်ဆိုင်နေတဲ့ ကိစ္စမို့ မြန်မြန်ကြီး သတင်းပေးရတာဘဲ'

ညို။ ။'ဆိုစမ်းပါဦး'

ဦး။ ။'အရင်မိုးနဲ့ကို ထပ်တော်ကြီးနဲ့ လာဘူးတဲ့ မင်းကျော်ခေါင် မောင်မောင်ထွန်းလေ၊ ခင်ဗျား မှတ်မိရဲ့လား'

ညို။ ။'အင်း...မှတ်မိပါတယ်၊ ကျုပ်နဲ့ အတော်ရင်းရင်းနှီးနှီး ယှဉ်ပြိုင်ခဲ့ရဘူးတဲ့ လူတယောက်ပေါ့၊ ဒါပေတဲ့ သီပေါမင်း လက်ထက်တော်ကဘဲ အမှုတော်ထမ်း လစ်ဟင်းလို့ နေပြည်တော်ကို အရာချပြီး အကျဉ်းချုပ်နဲ့ ခေါ်သွားတယ် မဟုတ်လား'

ဦး။ ။'ဟုတ်တယ် ခေါ်တုန်းကတော့ လွှတ်တော်က မျက်နှာမလိုက် အပြစ်အလျောက် အရာချ အကျဉ်းထားတာအမှန်ဘဲ၊ သို့ပေတဲ့ မောင်မောင်ထွန်းတို့က မိဖုရားကြီး အဒူါတော်မှုတဲ့ ကျေးကျွန်များဖြစ်လေတော့ မကြာခင် အကျဉ်းက လွှတ်ပစ်လိုက်တယ်၊ ဗိုလ်မှူးရာထူးကို ပြန်ပေးမဲ့ ဆဲဆဲမှာ ကုလားဖြူအစိုးရက တိုင်းပြည်ကို သိမ်းလိုက်တာနဲ့ မရလိုက်တော့ဘူး'

ညို။ ။'အော်...ဒီလိုလား'

ဦး။ ။'ဒီလိုမျှ မကသေးဘူးဗျ၊ အခုသူက ကုလားဖြူအစိုးရလက်အောက်မှာ အကျိုးဆောင်လုပ်ပြီး အမျိုးသား အချင်းချင်းတွေ လိုက်နှိမ်နင်းပေးနေတယ်၊ သူ့မှန့်ဖိုးလိုကလေး သုံးလေးဦး

သူကိုယ်တိုင် ဖမ်းပေးလိုက်တဲ့အတွက် ဟိုမှာအတော် မျက်နှာရလို့ မကြာခင် စစ်ကဲထိုက်သား မြို့ထုပ်ဆိုသား လခကောင်းတာအရာရှိ ခန့်လိမ့်မယ်လို့ သတင်းပြောနေတယ်၊ သူကလဲ ကျွန်ုပ်အားရှိလာတာနဲ့ မကြာခင် ရှမ်းပြည်ဘက်ဘက်လာပြီး ရှမ်းပြည်မှာသတင်းကြီးနေတဲ့ ရွှေနှင်းညိုကို ရအောင်ဖမ်းဆီးပေးမယ်တဲ့'

ညို။ ။'တယ်...ဒီလိုကိုယ်ကောင်းကြံတတ်တဲ့ အမျိုးယုတ်တွေ ပေါ်လာလေလ တိုင်းပြည်ကြီး ပက်လက်မြောနေလ ဖြစ်တော့မှာဘဲ၊ ရွှေနှင်းညိုကိုဖမ်းတို့ ရှမ်းပြည်ဘက်လာမယ်တဲ့လား၊ သူက ကျုပ်ကို ဖမ်းချင်ပေမှာပေါ့ဗျာ အမျိုးမျိုး အဘက်ဘက်ကနေပြီး မကျေချမ်းနိုင်တဲ့ အနာဂါတ်ကြီးက ရှိနေတာကိုး'

ခင်ဘုန်းသည် မိမိချစ်သူအသို့ ရန်သူများ ဝိုင်းနေသည့်အတွက် စိတ်လက်မအေး ရှိနေရာတွင် မောင်မောင်ထွန်းကဲ့သို့ တိုက်ရိုက် ရင်းနှီးသော ရန်သူတဦးက ကုလားဖြူအစိုးရဘက်မှ ပူးပေါင်း ဖမ်းဆီးတော့မည်ဟု ကြားရသောအခါ မောင်မောင်ထွန်း၏ သစ္စာမဲ့မှုကို သိရှိပြီး ဖြစ်စေကာမူ ကုလားဖြူအစိုးရ၏ အကူအညီနှင့် လာမည် ဆိုသောစကားကို နားဝင်မခံနိုင်အောင် ရှိသောကြောင့် ဆက်လက် နားမထောင်လိုတော့ဘဲ ထဲခန်းအတွင်းသို့ ဝင်လာပြီး တယောက်တည်းကြိတ်၍ ငိုနေမိရှာလေသတည်း။

* * *

**အခန်း ၁၆။** နောက်ရက်တပတ်မျှကြာမိသောအခါ မိုးနဲ မြို့ကြီး၏ အခြေအနေသည် ပြောင်းလဲသွားပြီ၏၊ ယော်ဦးတွင်ရှိသော ယူနီယံဂျက်အလံကြီးမှာ အပိုင်းပိုင်း ကြိုးပြတ်လျက်ရှိသောအလံတိုင်အောက်တွင် စုတ်ပြတ်ပြည့်နေသည်ကို တွေ့မြင်ရခြင်းသောကြောင့် ကုလားဖြူ အစိုးရလက်တွင်းမှ မြို့တွင်း



မြို့ပြင် နှင့်တကွလည်း၍ အောင်မြင်စွာ ပုန်ကန် ထကြွလိုက်ကြောင်း သိရှိနိုင်ပေ၏၊ ကုလားဖြူ အစိုးရများသည် မြို့သူမြို့သားများ ညီညွတ်စွာ ပုန်ကန်လိုက်ခြင်းကြောင့် ခြေခင်းလက်ခင်း မသာသဖြင့် ရှက်တရက် ဆုတ်ခွာသွားရသဖြင့် ကျန်ရစ်သော မြို့သူမြို့သားများမှာ လွတ်လပ်စွာ ပျော်ရွှင်နေကြရသော အခိုက်အတန့်ကလေးဖြစ်လေသည်။

မိုးနဲ့မြို့ကြီး၏ အခြေအနေ ပြောင်းလဲသည်နှင့်အမျှ ခင်ဘုန်းမြင့်တို့ အခြေအနေလည်း ပြောင်းလဲခဲ့တော့သည်။ ရွှေနှင်းညိုနှင့် တပ်သားတို့သည် မိုးနဲ့မြို့အတွင်းရှိ ကုလားဖြူ စစ်တပ်များကို မောင်းနှင်ထုတ်လိုက်ပြီးနောက် ခင်ဘုန်းနှင့် တပည့်မနှစ်ဦးအား မြို့တွင်းရှိ အိမ်တလုံးနှင့် အေးချမ်းလုံခြုံစွာ နေထိုင်စေရန် နေရာချထားခဲ့လျက် မိမိကိစ္စအတွက် ဆောင်ရွက်ရန် ခရီးထွက်ခွာသွားလေ၏။ ထိုရာတွင် ခင်မောင်ညိုမှာ မိမိဂတိ စကားအတိုင်း ရှစ်ရက်လပြည့်သော ဥပုသ်နေ့များတွင်ကား မည်သည့်နေရာက ဖြစ်စေ ခင်ဘုန်းထံသို့ အရောက် ပြန်လာလေ့ရှိ၏။

မိုးနဲ့ မြို့သူ မြို့သားများကား ယောကျ်ားမိန်းမ ကလေးလူကြီး မကျန် သူပုန်ဗိုလ်ကြီး ရွှေနှင်းညိုအား လူကိုမမြင်ဘူးသော သူများကပင် အထူးသဖြင့် ကြည်ညို လေးစား မေတ္တာထား လျက် ရှိကြစေကာမူ၊ သတိရှိသော ခင်မောင်ညိုမှာ မိမိနှင့် ခင်ဘုန်းတို့ အဆက်အသွယ်ရှိသည်ကို ရင်းချာသော တပည့်များမှတပါး မည်သူ့အားမျှ အသိမပေးဘဲ လျှို့ဝှက်ထားလေ၏၊ ခင်ဘုန်း၏အလုပ် ဝတ္တရားမှာလည်း အိမ်ထဲတွင် ကုတ်နိုင်သမျှကုတ်နေကာ ခင်မောင်ညိုလာသောနေ့ကလေးတွင် ပျော်ပျော်ရွှင်ရွှင်နေရလျက်၊ ကျန်သောရက်တို့မှာ ချစ်သူ့ဘေးအန္တရာယ် ကင်းစေကြောင်း ကြံတိုင်းအောင် ဆောင်တိုင်းမြောက်စေကြောင်း ဘုရားစင်ရှေ့တွင် ဆုမှန်

ဘောင်း၍ ပန်းထမြနှင့် ညောင်ရေ လောင်းရသည့် အလုပ်နှင့်ပင် အချိန်ကုန်ခဲ့ရလေ၏။

လူတိုင်းသာယာသော မိုးနဲ့မြို့ကြီးမှ မြို့သူမြို့သားတော့ပျော်ရွှင်နေထလောက် ကြမ္မာငြိုပ်ယံမကုန်သေးသကဲ့သို့သော အချိန် အနောင်များသည် ရက်များမကြာမီအတွင်း ရှက်သန်း ကာဆီးလာလေ၏၊ ရွှေရှန်ညီသည် မိုးနဲ့မြို့ကြီးမှ ကုလားဖြူ တပ်သားများကို နှိမ်နင်း မောင်းထုတ်လိုက်ပြီး ခင်ဘုန်းတို့ကိုလည်း နေရာ ထိုင်ခင်းများ ချထားပြီးပြဖြစ်၍ မိမိကြံစည်ရေးအခွင့်အလမ်းများကို ရှေ့သို့ဆက်လှမ်းဆောက်ရန် တပ်သားအလုံးအရင်းများနှင့် ကျိုင်းတုံနယ်သို့ ကူးသွားနိုက်တွင် ကုလားဖြူတပ်ကြီးသည် မိုးနဲ့မြို့ကို ပြန်လည်သိမ်းပိုက်ရန် အင်အား တောင့်တင်းစွာနှင့် နောက်ထပ် ချီတက်လာရောက်ခါ၊ ရက်မကြာမီ ထိုက်နိုက်သိမ်းပိုက်လိုက်ကြပြန်၏၊ ရွှေရှန်ညီကလည်း ခရီးလှန်နေခိုက်ဖြစ်၍ မြို့တွင်းမှလူများမှာ ထိရောက်စွာ ခုခံတွန်းလှန်ရန် အားမရှိဘဲ ကုလားဖြူစစ်သားများ၏ ပိုက်ကွန်တွင်းဝယ် အလွယ်နှင့်မိကြပြန်သည်ဖြစ်ရာ မိုးနဲ့မြို့ကြီးမှာ အချိန်ကာလ အနည်းငယ်အတွင်း၌ပင် အမျိုးမျိုး လက်ပြောင်းနေရသောကြောင့်မြို့သူမြို့သားများမှာ စိတ်ပမ်းကိုယ်ကြေဖြစ်ခါနောက်ဆုံးတွင် ကုလားဖြူ စစ်တပ်များ လက်အောက်၌ ငြိမ်သက်စွာ ဘောင်ထင်နေရလေတော့၏။

ဤတကြိမ်အား ကုလားဖြူမျက်နှာနီဂေါ် ရာစစ်မှူးအမြောက်တပ်မှူးထုပ်ချုပ်လျက် စစ်သည်၊ ပန်ချာပ်တပ်သားများနှင့် လက်နက်များကလည်း ရေးထက် အဆများစွာပါရှိလာပြီးလျှင် ကုလားဖြူစစ်ပိုလ်နှင့်အတူ၊ (မင်းကျော်ခေါင်)မောင်မောင်ထွန်းပါလာပြီး အထက်အခါက သူကိုယ်တိုင် ဦးစီးဦးကိုင် နေထိုင်ခဲ့ဘူးသော မြို့နယ်တခုဖြစ်သည့်အလျောက် မြို့တွင်းမြို့ပြင်ရှိ မသက်ာသူ



များ၊ ရွှေရှန်ညီနှင့် အဆက်အသွယ်ရှိသူများကို မနေမနား ကြိုးစားထောက်လှမ်းလျက်ရှိလေရာ၊ မိုးနဲ့မြို့သူမြို့သားတို့မှာ များစွာအနေကြပ်၍ မလှုပ်ဝံ့အောင် ဖြစ်ရရှာတော့သည်။ အချို့မှာ မောင်မောင်ထွန်းနှင့် အလွန်မသင့်က သူပုန်အားပေးသူဟု လက်ညှိုးညွှန်လိုက်လျှင် ကုလားဖြူတပ်သားများက ဘမ်းဆီး ချုပ်နှောင်အကျဉ်းထောင်သို့ အပို့ခံရတော့သည်၊ သို့နှင့် ကုလားဖြူ အစိုးရအလိုတော်ရိ မောင်မောင်ထွန်း၏ တန်ခိုးအာဏာသည် တစထက်ကျယ်ဝန်းလာပြီး မိုးနဲ့မြို့ကြီးတခုလုံးကို လွှမ်းမိုးစ ပြုလာသောသည်။မြို့ဝန်ထက် ပါဝါနောက်က ဝါးထက်လျက်ရှိရာ၊ မောင်မောင်ထွန်းမှာ လွှင်စွာ စားပေါက်ကျယ်၍ ရှိနေလေ၏။

မောင်မောင်ထွန်း မိုးနဲ့မြို့သို့ ရောက်လာမှ အနေရအကျဉ်းကျပ်ဆုံးသော သူမှာ ခင်ဘုန်းမြင့်နှင့် သူ့စာ မသာသို့ ဖြစ်လေ၏၊ မောင်မောင်ထွန်း ဩဇာအာဏာ ကျယ်ဝန်း လာလေ၊ ခင်ဘုန်းမှာ မလှုပ်သာလေရှိခဲ့သည်။ တယ်အခါကမျှ အတွေ့မခံဝံ့၊ သုံးယောက်သားအိမ်ထဲမှ အိမ့်အပြင်သို့မထွက်ဘဲ ကုတ်နှိုင်သမျှ ကုတ်နေခဲ့ပြီး၊ ယုတ်စွာအဆုံး မိမိတို့ကိုမြင်၍မျှ မသိစေခြင်းငှါ မြန်မာအဝတ်အစားကိုချွတ်၍ ရှမ်းမကလေးများကဲ့သို့ ပြောင်းလဲ ဝတ်ဆင်နေကြရတော့သည်။ သို့သော် မောင်မောင်ထွန်းမှာ ထင်ရှက်တချပ် ဆယ်ထပ်လှန်ခါ ရှာဖွေနေတဲ့အလား ရွှေရှန်ညီနှင့် အဆက်အသွယ်မကင်းသူများကို မြို့တွင်းမြို့ပြင် အိမ်ပေါက်စဉ်စေ့ငှအောင် ရှာဖွေစုံစမ်းနေသဖြင့် ခင်ဘုန်းတို့မှာ တနေ့မတွေ့ တနေ့တွေ့ရမည်မှာ သေချာနေသောကြောင့် ဆရာတပည့်သုံးဦးသား ခေါင်းချင်းဆိုင်လျက် ရှေ့ရေးအတွက် ထင်မြင်ချနေရလေ၏။

ထိုအတွင်းမှာပင် မောင်မောင်ထွန်းသည် ဥပုသ်နေ့တိုင်း မိုးနဲ့

မြို့အတွင်းသို့ ရွှေ့ရွှန်းညီလာတတ်ကြောင်း သတင်းသဲ့သဲ့ကြားရသောကြောင့် ဈေးကထက် ကြီးကြီးစားစား ထောက်လှမ်းကာ အခြေအနေများစွာ ရှာထားပြီးလျှင် သူကိုယ်တိုင်လည်း အိမ်ခဏတက်ခဏ နေ့ရှိသရွေ့ စုံစမ်းစစ်ဆေးလျက်ရှိပြန်သည်။

ထိုနေ့သောနံနက်၌ ခင်တုန်းသည် လက်ယှက်နေ့ညဥ့်က ခင်မောင်ညိုနှင့်တွေ့ပြီး နောက်ထပ် လေးငါးခြောက်ရက် တွေ့ရဦးမည်မဟုတ်သဖြင့် စိတ်အေးလက်အေး ဘုရားစင်တွင် ပန်းရေချမ်းများ လဲလှယ်နေစဉ် သူဇာ အရေးတကြီးပြေးဝင်လာသည်ကို တွေ့မြင်ရသဖြင့် ရုတ်တရက်အံ့အားသင့် နေမိလေ၏။

တုန်း။ ။'ဟဲ့ သူဇာ ဘာဖြစ်လာတာလဲ ညီးမျက်နှာလဲ မကောင်းပါကလား'

ဇာ။ ။'တိုးတိုးဘုရား တိုးတိုး၊ အပြင်ဘက်မှာ မောင်မောင်ထွန်း ရောက်နေတယ်'

တုန်း။ ။'အလိုမြတ်စွာဘုရား၊ သူဘာကိစ္စလာတာတဲ့လဲ ငါတို့မှန်းသိသလား'

ဇာ။ ။'သိမယ်မထင်ဘူးဘုရား၊ ဒီအိမ်မှာလူဘယ်နှစ်ယောက်နေသလဲ၊ ဘာလုပ်စားသလဲလို့ လာစစ်နေတယ်၊ ပိုဘက်အိမ်က သုံးယောက်နေတယ်လို့ ပြောတာနဲ့ သုံးယောက်လုံး တွေ့ချင်တယ်တဲ့'

တုန်း။ ။'ဟိုက်...ခက်ကုန်ပြီ ဒါနဲ့ ညီးတို့ကို မြင်တော့ မှတ်မိသလား'

ဇာ။ ။'ကျွန်မတို့နှစ်ယောက်ကို ကြည့်တော့ အတော်ကြည့်တာဘဲ၊ ရုပ်ကလဲရှမ်းရုပ် အသံကိုလဲ ဝဲတဲတဲထားပြောလို့ မှတ်မိပုံတော့မရဘူး၊ ယော...ယော...ပြောရင်း ဆိုရင်း အိမ်ထဲဝင်လာပြီ...'



ခင်တုန်းသည် မိမိမျက်နှာကို ရုတ်တရက်မမှတ်မိစေရန် ရှမ်းခေါင်းပေါင်းကြီးကို မျက်နှာဖုံးအောင် ဆွဲချလိုက်ခါ ရှေ့အလိပ်လိပ်တက်နေသော စောင်ကြီးတထည်ကို ဆွဲခြုံလျက် ကပြာကယာ ထွက်လာလေ၏။

မောင်မောင်ထွန်းသည် မျက်နှာအောက်ချနှင့် အမှိုင်းအရိုင်းကလေးသဘွယ် မအူမလည်ရောက်လာသော ရှမ်းမလေးကလေး၏ မျက်နှာကိုမြင်ချင်မြင်ခြင်း ထင်းကနဲမှတ်မိလိုက်သည်၊ ရုတ်တရက်လည်း အတော်အံ့ဩသွားမိသည်၊ ထိုရာတွင် ခင်တုန်းက သူ့ကိုယ်သူမသိစေချင်၍လို့ ဝှက်နေသည်ကိုရိပ်မိသဖြင့်(သူ့အကြောင်း တခုခုရှိရမည်)ဟု ရုတ်တရက် အသိဉာဏ်တခု ဝင်လာကာ...

'အင်း...ဖမာချော ချောတဲ့ ရှမ်းမကလေးပါကလား'

ဟု မကြားတကြား ခပ်ငေါ့ငေါ့ တခွန်းပြောလိုက်ပြီး...

ခင်တုန်းတို့အား ဤအိမ်တွင် လူဘယ်နှစ်ယောက်နေထိုင်၍ မည်သည့်အလုပ်အကိုင် လုပ်စားကြောင်း၊ မိဘ အမျိုးအနွယ်၊ အမည်၊ နေရပ် စသည်တို့ကို ထုံးစံအတိုင်း မေးမြန်းစုံစမ်းရာ ခင်တုန်းကလည်း မိမိအမည်မှာ နန်းဗေါဖြစ်၍ သူဇာနှင့် မသလာတို့မှာ နန်းပေါ်-နန်းချောခေါ် မိမိအစ်မ နှစ်ယောက်ဖြစ်ကြောင်း၊ မိမိတို့ အစဉ်ဆက်မှာ ရှမ်းလူမျိုးများဖြစ်ကြောင်း မြန်မာဘုရင်နှင့် မိုးနဲ စော်ဘွားတို့ ပုန်ကန်မှုအရေးတွင် အမေကျဆုံး၍ အဖေမှာ မကြာမီက သောင်းပနီ လူဆိုးတို့လက်ချက်ဖြင့် သေဆုံးရကြောင်း၊ မိဘမရှိ အခါကာလကလည်း မကောင်း၍ အလုပ်အကိုင်မရှိ၊ မိဘကျန်ရစ်သော လက်ဝတ်ကလေးနှင့် နေထိုင်စားသောက် နေရကြောင်းနှင့် သင့်လျော်သလို ပြောလိုက်ရာ မောင်မောင်ထွန်းကလည်း အရေးမြုံးမြုံးလိုက်သော မျက်နှာကြီးနှင့် ခင်တုန်းကို တချက်မျှ ပြုံးကြည့်လိုက်ခါ...

'သွားလိုက်ပါအုံးမယ်– မနန်းစောခင်များ'

ဟု နှုတ်ဆက်လျက် ထွက်ခွာသွားလေ၏၊ ခင်တုန်းသည် မောင်မောင်တွန်း၏ မျက်လုံးကြည့်ပုံကြီးကို သက်သမကောင်းဘဲ စိတ်ထဲတွင် စနိုးစနောင့်ကြီး ဖြစ်ကျန်ရစ်လေ၏။

* * *

နောက် ရက်ပေါင်းမကြာမီအတွင်းတွင် မိုးနဲ့မြို့ကြီး၏ ပတ်ဝန်းကျင်နှင့် နယ်စပ်တဝိုက်ရှိ လမ်းဆုံလမ်းခွများတွင် ပုရပိုက်ဖြူတွင် ဆေးနက်နှင့် ရေးသား ဆွဲကပ်ထားသော စာတမ်းကြီးများကို လူအများ ဝိုင်းအုံ တိုးဝှေ့ ဖတ်ကြည့်နေကြသည်ကို တွေ့မြင်ရလေ၏။

ထိုစာတမ်း၏ အဓိပ္ပါယ်မှာ ရှမ်းနယ်တဝိုက်တွင် ဆိုးသွမ်းသောင်းကျန်းနေသော လူဆိုးကြီး ရွှေစွန်ညိုကို ရအောင် ဖမ်းဆီးပေးနိုင်သူများအား ဆုတော်ငွေ ငါးထောင်ပေးမည်ဟု ရေးသားကြော်ငြာထားခြင်းဖြစ်ရာ စာတမ်းကို ဖတ်မိသူများသည် တယင့်စကားတဆင့် ပွားလျက် တနယ်တရပ်လုံး မြန်နှံ့သွားလေ၏၊ ခင်တုန်းမှာ ကြားရချက်မသက်သာသဖြင့် အိပ်ရာတွင် တခေါခေါနှင့် ငိုရှိုက်သာနေရှာတော့သည်၊ ထိုနောက်မှ မောင်မောင်တွန်း လက်ချက် ဖြစ်ကြောင်း ကောင်းစွာယုံကြည်မိသည်၊ နောက်တနေ့တွင် မာလာသည် အပြင်မှ အရေးတကြီးပြန်လာပြီး ခင်တုန်းအနီးသို့ တိုးတိုးကပ်ခါ....

'မတုရားလေး ဟိုကြော်ငြာ စာတမ်းတွေကို ဗိုလ်မင်းနဲ့ မြင်းစီးတပ်သားတွေက ညတွင်းခြင်း မီးနဲ့ ရှို့ ပစ်ကြသတဲ့၊ မြို့ထဲမှာလဲ တခုမှမကျန်ဘူး။ အားလုံး ပြာဖြစ်နေပြီတဲ့'

ဟု ပြောလိုက်လျှင် ခင်တုန်း စိတ်ဝင်စားစွာနှင့်....

'ဟင်....ဒါဖြင့် ညက မြို့ထဲကို မောင်ရောက်လာပေါ့၊ ငါ့ဆီကို အလုပ်မဝင်သလဲ မသိဘူး၊ အေးလေ....သူ့အရေးနဲ့ လာတာဘဲ ဥပုသ်နေ့လဲ မဟုတ်ဘဲကိုး'



လာ။ ။'မြို့ထဲက လူတွေကလဲ ခုလို လာပြီး အစွမ်းပြသွားတာကို အားရလွန်းလို့ ဒို့ ရွှေစွန်ညို တေးရန်ကင်းပါစေဆိုတာ လူတိုင်းကြိတ်ပြီး ဆုတောင်း နေကြတယ်တဲ့ရှင့်...'

တုန်း။ ။'မောင်မောင်တွန်းကလဲ အမှုကောင်း ရတာနဲ့ သိပ်တန်ခိုးပြနေတော့တာဘဲ'

လာ။ ။'ဟော မောင်းတုသံပါကလား၊ မတုရားလေး သာ မောင်းပါ့သိမ့်၊ အလို ရွှေစွန်ညို အသေရရ အရှင်ရရမိအောင်ဖမ်းပေးနိုင်ရင် ဆုတော်ငွေ တသောင်းဆိုပါကလား၊ နေ့ချင်းညချင်း ဆုငွေတိုးလာပြီ'

တုန်း။ ။'ခက်တယ် ခက်တယ်၊ ငွေမက်ပြီး မောင့်အသက်ရန်ရှာကြမှာ စိုးပါဘိ မာလာတို့ရယ်'

ခင်တုန်းကား တနေ့ထက်တနေ့ နေ့ဝေသော ပန်းကလေးကဲ့သို့ ညှိုးနွမ်း၍ နေရှာတော့သည်၊ အစောင့်အနေများ ကင်းသမားများလည်း ခင်တုန်းအိမ်နားတဝိုက်တွင် အထူးသဖြင့် ပိုမိုများပြားလာသည်ဟု ထင်ရလေသည်၊ မိုးနဲ့တမြို့လုံးနှင့် နယ်အနှံ့အပြားအစောင့်အနေ အကွပ်အကဲ များလာ သလောက် ရွှေစွန်ညို၏ အနောက်အယှက် အဖျက်အဆီးများလည်း တနေ့တခြား သောင်းကျန်းလာရလေရာ အသားထဲက လောက်ထွက်သည့် မျိုးဖျက်များ ရာထူး လာဘ မက်မောခြင်းဖြင့် လူမျိုးကွဲအစိုးရ၏ အလိုတော်ကျ အကျိုးဆောင်ရွက်၍ ကိုယ့်အမျိုးချင်း ဖြန့်ခွဲပစ်သူတို့၏ ခေါင်းဖြတ်များလည်း မြို့ပြင်နှင့်မြို့တွင်းတွင် တောင်ပို့ကန်စင်းဖြစ်လာပြီးလျှင် ရွှေစွန်ညို ဆိုးဝါးသောင်းကျန်း လာသည်နှင့်အမျှ ဆုငွေကလည်း တသောင်းမှ နှစ်သောင်း၊ နှစ်သောင်း သုံးသောင်းအထိတစ တစ တိုးတက်လာပြန်လေ၏။

ခင်တုန်းနှင့် ရွှေစွန်ညို တနည်းနည်းနှင့် အဆက်အသွယ်ရှိရမည်၊

မိုးနဲ့မြို့ထဲသို့ရွှေစုန်ညို မကြာခဏလာသော အမှတ်တရများက လည်း ထင်ရှားနေသောကြောင့်၊ မောင်မောင်ထွန်း (မင်းကျော် ခေါင်)ကလည်း အလစ်မပေးတဲ့ ဖမ်းဆီးရန် အမြဲချောင်းမြောင်း လျက်ရှိလေရာ၊ ရွှေစုန်ညို၏ကြင်လည် ပါးနပ်မှုနှင့် လက်တလုံး ခြားကလေး ဝင်ထွက်သွားလာ နေသောကြောင့် မောင်မောင်ထွန်း မှာ အချိန်ကုန် လူပန်းနှင့် မဖမ်းဆီးသာအောင် ရှိခဲ့လေသည်။

ခင်ဘုန်းကား အစောင့်တွေကြားမှ မီမိထံသို့ အချိန်မှန်မှန် အ ထင့်ရှိစွာ ထွက်ဝင်သွားလာနေသော ရွှေစုန်ညိုအား အသိတယား ယားနှင့် အမေသား သတိပေး၍နေရလေ၏၊ တခါတရံသည်း မီမိ အတွက်နှင့် ချစ်သူ အသက် အန္တရာယ်ကို စိုးရိမ်ကာ မကြာခဏ သောရန်ကိုပင် တောင်းပန်မိရှာတော့၏။

× × ×

လူရည်သန့်သန့် ရှမ်းနှစ်ယောက်နှင့် နောက်လိုက်တပည့် လေး ငါးယောက်ခန့်တို့မှာ စကားတပြောပြောနှင့် တောလမ်းက လေးတွင် ပြတ်လာကြလေ၏။

'ဒါထက် ကိုနန်းအောင် တခြားစော်ဘွားတွေကို လိုက်ပြီးနှုး သွင်းရတဲ့အလုပ်ဟာ လွယ်ပါ့မလား။ ကျုပ်တို့စော်ဘွားက စ စ ဝိုစရှည်နှင့် ယခုကဲ့သို့ စေလွှတ်လေးဆောင်စေတာ ဟိုက ကျေ ကျေနပ်နပ်နှင့် ပြန်လွှတ်လိုက်ရင် တော်ပါသေးရဲ့။ မကျေနပ်လို့ မင်းတို့ဟာ ရန်သူမင်းပေးတဲ့ အကောင်တွေဆိုပြီး ဒါးစမ်းလိုက် လျှင် စော်ဘွားကြီးမှာ တိရွမရှိပါဘူး ကျုပ်တို့ လယ်ပင်းက အ ရင်ဦးဆုံး ဒါးစာခံဖြစ်ရမှာသေချာ'

'ဒါလောက်လဲမစိုးရိမ်ပါနဲ့ ကိုစောလှရှယ်၊ အမြင်ကျယ်ကျယ် ကြံစည်တဲ့အကြံဆိုရင် ထောက်ကလဲ အမှန်သဘော ကျမှာပါဘဲ၊ ထယ်လတ္တဝ မဲဆို အနေဒါင့်အရှက်မရှိ၊ အထိရကွမခံရတဲ့နှင့် ချမ်း



သာမည့်လမ်းကို အမြဲမပြတ်မျက်နှာမူနေတာဟာ တလောကလုံး ရဲ့ လုံးစံမှုတာပါဘဲ၊ နို့ပြီးတော့ ကျုပ်တို့ရှမ်း အမျိုးသားချင်း ကောင်းရာအောင်းကြောင်း ဆွန်ပြနှုးသွင်းရတာပို့ ခဲယဉ်းဘို့ မ မရှိပါဘူး'

'ပုဘ်တော့ ဟုတ်ပါရဲ့ ကိုနန်းအောင်၊ အရင်းထဲချင် အဖျား ထင်းဖြစ်ရမယ်ဆိုတဲ့အတိုင်း မူလပင်ရင်းဖြစ်တဲ့ ဗမာမင်းမှ မရှိတဲ့ ဗမာမင်းရဲ့ လက်အောက်ခံ ရှမ်းစော်ဘွားများက ခေါင်းမာနေစ ရာမလိုဘူး၊ လက်နက်အင်အားချင်း မမျှတဲ့ အတူတော့ သေသေ ဆေး ကုလားဖြူများ အလံအောက် ဝင်လိုက်သာက ကောင်း တယ်လို့ သဘောရတာဘဲ၊ သို့သော်လဲသူတို့က အယူသန်နေတော့ ချော့မော့ ဖျောင်းဖျလို့မရမှာ ပူနေတာဘဲ'

'ဒါထက် ကိုစောလှ ယခု ကျုပ်တို့စော်ဘွားက အလွှာတာယ် နှစ်စောင်ပေးလိုက်သလဲ၊ ခရီးစဉ်ကိုကော နောက်ထပ်ဘယ်လို အ မိန့်တော်ရှိလိုက်သလဲ'

'အလွှာသုံးစောင်ပါတယ်၊ မိုးနဲ့စော်ဘွားကြီး အတွက်က တ စောင်၊ ယောက်စောက်စော်ဘွားကြီး အတွက်ကတစောင်၊ ပိုင်း ပျဉ်းမြို့စားကြီးအတွက်ကတစောင်ပဲ၊ သူတို့ကို တွေ့အောင် သွားရ မဲ့ခရီးစဉ်ကလဲ မလွယ်ဘူး၊ ကျိုင်းတုံနယ်ဘက်ကို ကူးရသိပ်မယ်၊ လမ်းခရီးမှာလဲ သူပုန်တွေ တောပုန်းတွေက ထကြွခက်တဲ့ ယခုတ လောများ ရွှေစုန်ညိုတို့အဖွဲ့က အစော်ကြမ်းနေတယ်'

'ကျုပ်တို့မှာလဲ လက်နက်ကိုင်တပည့်တွေ အပါသားပဲ၊ ဒါ တွေ တွေ့ပူပနေနိုင်ပါဘူး၊ ယောကျ်ားတွေဘဲ'

ယင်းသို့ နှစ်ယောက်သား စကားတပြောပြောနှင့် ရှေ့ကသွား နေရာနောက်မှ ၎င်းတို့၏ လက်နက်ကိုင် အရံတပ်သားများသည်း ကိုယ်စီကိုယ်စီ အလျဉ်းသင့်သလို စကားပြောလာကြလေ၏၊ သို့

ရာတွင် အဆိုပါလက်နက်ကိုင် တပ်သားများအနက်မှ တပ်သားတယောက်မှာ ရေ့ဆောင်လူနှစ်ယောက် ပြောသောစကားကို အမှတ်တမဲ့ နားစိုက်ထောင်လျက် တဖြေးဖြေးနောက်ချန်မှန်းမသိ ချန်ကာ လမ်းချိုးတခုသို့ရောက်၍ ရှေ့ကလူများ လွန်သွားသောအခါ လာခဲ့သည့်လမ်းစဉ်အတိုင်း ပြန်ပြေးခဲ့လေ၏။

အချိန်ကား နံနက်အာရုဏ်ကြင်းစဖြစ်လေ၏။ ခင်ဘုန်းသည် မိမိထံသို့ အချိန်မှန်မှန်အစောအသန်းခံ၍ ရောက်လာပြီး နှစ်နှစ်ခြိုက်ခြိုက်ကြီး အူးအိပ်ရာ ယှဉ်တွဲအိပ်ပျော်နေရှာသော ခင်မောင်ညို၏မျက်နှာကို ပြူတင်းမှ ကျဆင်းနေသည့်လရောင်တွင် ကြင်နာယုယစွာ စူးစိုက်ကြည့်နေမိရှာသည်။ စားချိန်မမှန် အိပ်ချိန်မမှန် ပင်ပန်းဆင်းရဲစွာ နေရှာရလျက် မိမိနှင့် တွေ့ရသော အချိန်ကလေးအတွင်းတွင်သာ စိတ်ချ လက်ချ အိပ်ရေးဝအောင် အိပ်ရရှာသည်ကို တစိမ့်စိမ့်တွေးသနားပြီး စောင်ကလေးများပြင်ခြုံပေးနေစဉ် အခန်းတွင်းသို့ အရေးတကြီး တပည့် တယောက် ဝင်လာသဖြင့် ခင်ဘုန်းက တီးတိုးလေသံနှင့်....

'အိပ်နေတယ်....ဘာကိစ္စလဲ စောချစ်ဦး၊ အရေး မကြီးရင် မနှောက်ရှက်ပါနဲ့. သူ့ခမြာ ဒီရောက်မှ ဖြောင့်ဖြောင့် အိပ်ရရှာတာပါ'

ဟု ဆီးရှိုးပြောလေသည်၊ စောချစ်ဦးကလည်း....

'အင်မတန် အရေးကြီးပါတယ် မမရဲ့....ဒါကြောင့် ကျွန်တော် လာရတာပါ'

ဟု တီးတိုးပြန်ပြောစဉ် အကင်းပါးလှသော ခင်မောင်ညို ထတ်ကနဲထထိုင်ကာ....

'ဘာလဲဟေ့'

ဦး။ ။'ထမုံ့နှန်းအောင်နဲ့ စောလုံတို့လူစု သီပေါစော်ဘွား



ကြီးရဲ့ သစက်လှသာကိုယူပြီး ကျိုင်းတုံနယ်က မိုးနဲ စော်ဘွားကြီးများရှိရာ ထွက်လာကြပါပြီ၊ ဆရာ့ကိုအချိန်မီ သတင်းပေးလိုတာနဲ့ မြလိုင်တောင်စခန်းက သူတို့နဲ့သယ်ခဲ့ပြီး ထွက်လာခဲ့ပါတယ်'

ခင်မောင်ညိုသည် မျက်နှာကြီး နီမြန်းကာ အမျက် ထွက်လာသဖြင့် အိပ်ရာဘေးကဓါးကိုဆွဲပြီး ရုတ်တရက်ထထိုင်လျက်...

'ဘယ်ခလဲဟေ့....ဒီမျိုးဖျက်ကောင်တွေ ခုချက်ချင်း ငါကိုယ်တိုင်လိုက်ပြီး ခေါင်းဖြတ်မယ်'

ဟု ဆိုကာ ခင်ဘုန်းကိုပင် နှုတ်ဆက်ရန် သတိမရဘဲ ထွက်လာခဲ့လေသည်၊ ခင်ဘုန်းကား ခင်မောင်ညိုသွားရာကို ပြူတင်းပေါက်ဝမှ မျှော်မှန်းကြည့်ရှုလျက် ပင့်သက်ကလေးမြှာ၍ နေရစ်ရှာတော့သည်။

နောက်နေ့များတွင် မိုးနဲမြို့ကြီးနှင့်တကွ ရှမ်းနယ် တဝိုက် တွင် အုတ်ကြွက်သောင်းတင်း ဖြစ်နေသော သတင်းများမှာ မြလိုင်တောင်ခြေတွင် သီပေါစော်ဘွားကြီးထံမှ စေလွှတ်လိုက်သော ထမုံ့နှန်းအောင်နှင့် စောလုံတို့တသိုက် ခေါင်းနှင့်ကိုယ် အိုးစားကွဲကာ အတုံးအရုံး အလောင်းချင်းထပ်၍ သေဆုံးနေသောသတင်းနှင့် (အချင်းချင်း တွေ့ခဲ့လိုသူများ ဤလမ်းအတိုင်း သွားရမည် ရွှေစုန်ညို) ဟူသောစာတမ်းကြီးတခု အလောင်းပုံကြီးအပေါ်မှ စိုက်ထူ ထားခဲ့ကြောင်းများဖြစ်လေ၏။

ထိုသတင်းများနှင့် ရှေ့ဆင့် နောက်ဆင့်လည်း သီပေါအုန်းဘောင်လေးမြို့ နယ်စပ်တွင် ကုလားမြို့အစိုးရစစ်တပ်နှင့် ရွှေစုန်ညို၏ တပ်သားများ အကြီးအကျယ် ယှဉ်ပြိုင်တိုက်ခိုက်၍ နှစ်ဦးနှစ်ဘက်လေုံးအတုံးအရုံးမြင်မကောင်းအောင် ကျဆုံး ကြသောသတင်းများဖြစ်လေ၏။

မိုးနဲမြို့ကိုလည်း ရှေးကထက် အစောင့်အနေကြပ်တည်းစွာ ထား

ပြန်လေ၏၊ မောင်မောင်ထွန်းကိုယ်တိုင်လည်း ခင်ဘုန်းနှင့် ရွှေရွှန်ညီ အဆောက်အအုံ ပကာင်းသော အယူရှိကာ အ-ထူး ဝီ ရိ ယ စိုက်၍ ချောင်းနေသည့်အကြောင်း၊ တိုက်ရ ခိုက်ရ သစ္စာဖေါက် သွေးခဲ့သူများကို လိုက်လံသုတ်သင်ရန်နှင့် ခင်မောင်ညိုမှာ ခင်ဘုန်း ထံသို့ပင် အမြဲမှန်မှန်မလာနိုင်အောင် မိုခဲ့ပြန်သည်၊ အသေရှိရ အရှင်ရှိရ ဟူသော ဆုတောင်းများကလည်း တနေ့တခြားတိုးသည်ထက် တိုး၍လာလေရာ ခင်ဘုန်းမှာ ချစ်သူအတွက် ရင်မအေးနိုင် ဖြစ်ရရှာတော့၏။

နေ့စဉ်နှင့်အမျှ မျက်ရေမျက်စက်လေးနှင့် မှိုင်တွေငေးမော၍သာ နေချက် သူဇာတို့နှင့် မျက်နှာချင်း ဆိုင်မိတိုင်းလည်း....

'အော်. သူမှန်ရိုးလိုကြီး ဘုန်းရိုးလိုကြီး မျိုးချစ်စိတ်နဲ့ ရာဇဝတ်သား လုပ်နေတဲ့ တောသူနိုး ငါ့ရမ်းပြေးကြီး ချစ်သူကိုပစ်ထားပြီး ဖွန့်စားလိုက်ရတာ ပင်ပမ်းလှရှာပြီ၊ ဘုရားမ လို့ တေးကင်းပါစေ'

ဟု ယေးရေးလွတ်သလို တတွတ်တွတ်ဆုတောင်းရှာလျှင် သူဇာနှင့် မသာတို့ကလည်း ခင်ဘုန်း၏စိတ် သက်သာစေရန် ကြံဖန်ချော့မော့ရသည့် ထုံးစံအတိုင်း....

'ဒါလောက် အစွမ်းထက်မြက်ပြီး အနှိုနိုကောင်းကောင်းတတ်နေတဲ့အချိန်မျိုးမှာ ဘယ်နည်းနဲ့မှ တောက်က မချိုးနှိမ် နိုင်ပါဘူး မများလေးရယ် မစိုးရိမ်ပါနဲ့'

ဟု ပြောသည်တိုင်အောင် ခင်ဘုန်းက....

'မဟုတ်သေးဘူးလေ၊ ဘယ်လောက် စွမ်းစွမ်း ဒီလောက် နေ့ည မရှောင်မဝင်ထပ်တွေ့ သုချိုးလောက်တွေနဲ့ လိုက်ရှာ ဆုငွေတွေနဲ့ ကြေငြာနေတော့ တနေ့ကျရင်....'

သူဇာ။ ။'ဟို...မဘုရားကလေးကလဲ နမိတ်မရှိ'



ဘုန်း။ ။နဲ့နဲ့ထူးခြားလာပြီ အရင်က ဥပုသ်နေ့ဆိုရင် အချိန်မှန်မှန်ရောက်လာတယ်၊ ငါက စိုးရိမ်လို့ ခင့်ကို စိတ်ချပါမောင့်မှာ ရန်သူများရှောင်နေလို့ ခဏခဏ မလာပါနဲ့ လို့ တောင်းပန်တာတောင် မနေဘူး၊ အချိန်မှန်မှန်ကြီး ရောက်လာရှာတယ်၊ အခုတလော ဒီလိုမှန်မှန် မလာနိုင်ရှာတာ အတော်ကြာပြီအေ'

သူဇာ။ ။'တိုက်ရခိုက်ရ ရန်သူတွေကို ဖယ်ရှားရတဲ့ အလုပ်တွေ ရှုပ်နေထင်ပါရဲ့ ဘုရား'

ဘုန်း။ ။'နို့ပြီးတော့ ငါ့ကိုလဲမောင်မောင်ထွန်းက သူ့ မိန်းမမှန်း ရိပ်မိသွားသလား မပြောတတ်ဘူး၊ စံသားတွေဟာ တနေ့ထက်တနေ့ အိမ်နားမှာ မလစ်ရအောင် ဖြစ်နေပြီး မယားကိုကြား ကွင်းထောင်ပြီး ယင်ကိုမိအောင် ထမ်းကြလိမ့်မယ်ထင်တယ်'

သူဇာ။ ။'သူတို့တကယ် အတတ်သိကြတာ မဟုတ်ပါဘူး၊ အထင်နဲ့ စုံစမ်းနေကြတာပါ၊ မဘုရားလေးကို အားလုံးက အပျိုလို့ ထင်နေကြပါတယ်'

ဘုန်း။ ။'အေး....သူတို့ အပျိုထင်ရင် ခဏတဲ ထင်နိုင်ကြတော့မယ်၊ ငါ့အခြေအနေက မလှတော့ဘူး နောက်တလနှစ်လဆိုရင် ဖူးပေါ်သလို ပေါ်လာတော့မယ်၊ ငါတော့ မကြံတတ်ဘူး ဒို့အပေါ်မှာ ကုလားဖြူ အရာရှိများထက် မောင်မောင်ထွန်းရဲ့ရန်က ပိုပြီး အဆိပ်တက်နေတယ်အေ'

မသာ။ ။'ဒါအတွက်တော့ မပူပါနဲ့....မဘုရားလေးရယ်၊ အစပေါ်ပြီးအောင် မျက်နှာမတို့ ဆောင်ရွက်ပါ့မယ် နောက်ဆုံးတနေ့မှာ မတတ်သာရင် သံလွင်မြစ် တဘက်ကူးပြီး ကျိုင်းတုံနယ်ထဲသွားနေ ဟိုမှာဒီးဗွားဘို့လဲ အခန့်သင့် စီမံနိုင်တာပဲ ဘုရား'

ခင်ဘုန်းသည် သူဇာနှင့်မသာတို့ကပြောသမျှ ကြားရခြင်းဖြင့် ဖျောင်းဖျကြသော်လည်း မပြေနိုင်တဲ့ မျက်ရေအိုင်ထဲတွင်သာ မျော

ပါရှိ နေရှာတော့ဘူး၊ သူဘနှင့် မာလာတို့ အိပ်မောကျသွား သည့်တိုင်အောင် မျက်လုံးတကြောင်ကြောင်နှင့် သန်းခေါင်အချိန် ထိ တောင်စဉ်ရေမရ တွေးကာပုံနေရှာသဖြစ်တော့သည်။

ထိုစဉ်မှာ ငှက်ကနဲ ပြေးတွန်သံကဲ့သို့သော အချက်ပေးသံကြား လိုက်ရသောအခါ ညှိုးနွမ်းပူဆွေးကာ မလှုပ်မရှက် ငြိမ်သက်နေ သော ခင်တုန်းမှာ ရုတ်တရက် အသက်ဝင်လာလေ၏၊ မိမိကိုယ်ကို စောင်ကလေးနှင့် ခြုံလျက် မျက်ရည်စများကို ကပြာကယာ သုတ် ၍ ပြူးတင်းပေါက်မှ အိမ်ဘေးသို့ ချောင်းကြည့်လိုက်ပြီး အိမ် တွင်းရှိ မီးရောင်များကို ငြိမ်းသတ်လိုက်၍ မှောင်မဲနေသော ပြူ တင်းမှဆေးလိပ်မီး မှုတ်ပြလေသည်။

ထိုအထိမ်းအမှတ်ကား အိမ်နားတပိုက်တွင် အစောင့်အနေ များသည် သတိထားသောပါ...ဆိုသော အဓိပ္ပါယ်ဖြစ်လေသည်။

ခင်မောင်ညိုသည် မှောင်ရိပ်သစ်ပင်ကွယ်မှ ဆေးလိပ်မီးပြ ရာဆီသို့ လှမ်းမြင်လေသည်၊ ထို့ရာတွင် မှောင်ရိပ်ခိုကာ လစ်နေ လစ်နေ အိမ်နှင့်နီးရာသို့ ကူးနေလေ၏။ ထိုအခိုက် ခင်တုန်းအိမ်နှင့် မနီးမဝေးရှိ တဘက်သော လမ်းပေါ်တွင် လှံစွပ်သေနတ်ကြီး များထမ်းကာ ခြေသံပြင်းပြင်းနှင်းရောက်လာကြသော ကုလား စစ်သားများသည် ထိုအနီးအပါးသို့ မသင်္ကာသော မျက်လုံးများ ဖြင့် လက်ဆွဲမီးအိမ်ကို ကိုင်မြှောက်၍ မှောင်ကျရာဆီသို့ လှမ်း ၍လှမ်း၍ကြည့်လျက် ခင်တုန်းနေအိမ်ဘက်သို့ တည့်တည့်မတ်မတ် ဆက်၍ ရောက်လာကြလေ၏။

ခင်မောင်ညိုလည်း မိမိခိုနေသော သစ်ပင်ရိပ်ဆီသို့ ကုလား များနီးလာသည်ကို တွေ့ရလျှင် တဘက်သို့ ဆက်မပြေးသာဘဲ၊ သစ် ပင်လုံးကြီးတဘက်သို့ ကိုယ်ကိုလှည့်လျက် ကပ်တွယ်နေလိုက်ရသည်၊ ကုလားများလည်း ထိုသစ်ပင်နားသို့ရောက်လာပြီး ပို၍မသင်္ကာ



သလိုရှပ်ဆိုင်းကာ မီးအိမ်ကိုမြှောက်ကိုင်ပြီး တောင်မြှောက်မြောက် ပါးကြည့်ကြပြန်လျှင် ခင်မောင်ညိုမှာ အသက်မရှူသာအောင် ရှိတော့၏၊ ကံအားလျော်စွာ ကုလားစစ်သားများ ထိုနေရာမှ ထွက်သွားပြီး တဘက်ရှိ ခြံပုတ်တခုကို ဓာတ်နှင့်ထိုးကြည့်နေဆဲ ခင်မောင်ညိုသည် ခင်တုန်းရှိရာအိမ်ထဲသို့ လစ်ခနဲပြေးဝင်သွားရာ ထိုခါမှ ထင်တကြိတ်နှင့် ဆီးကြိုနေရှာသော ခင်တုန်းမှာ ခင် မောင်ညိုကို ဆီးဖက်၍ မှောင်ထဲသို့ခွဲခေါ်သွားလေ၏။

* ※ *

အရှေ့ဘက် ကောင်းကင်မှ ကြယ်နီပေါ်၍ လင်းကြက်များ အော်လျက်ရှိလေ၏၊ ထိုအချိန်တွင် လမ်းကြော့ဘက်မှ မောင် မောင်ထွန်းနှင့် နောက်ပါလက်နက်ကိုင် ကုလားစစ်သားများထွက် ပေါ်လာကြလေ၏၊ မောင်မောင်ထွန်းမှာ ရှမ်းခေါင်းပေါင်းကြီး နှင့် ရှမ်းတောင်းဘီ ပွကြီးကိုဝတ်ဆင်၍ ခါးကြားတွင် ခါးအိမ် နှင့်တည့်ထားသည့် ခါးဆွဲယပ်တလက်ကို ထိုး၍ လက်ပစ်လုံးဟိုက လေးတချောင်းကို ကိုင်လျက်၊ ကြော့ကြော့မော့မော့ ရှေ့ဆောင် ထွက်လာရာ၊ ရင်းနောက်တွင် သခင်တုန်းတောက်လျှင် ခြေတောက် (က)မည့် အလိုတော်ရိပါ နောက်နှစ်ယောက်လည်း စစ်သားများ ရှေ့မှပါလာကြလေ၏၊ ထို့နှင့်ခင်တုန်းတို့ အိမ်အနီးရောက်သော အခါ မောင်မောင်ထွန်းက မှောင်ကွယ်မှ ချောင်းနေကြရန် အ ချက်ပေးလေသည်။

စစ်သားများလည်း၊ အိမ်ပတ်ဝန်းကျင်တွင် နှစ်ယောက်တတွဲ သုံးယောက်တတွဲလူစုခွဲ၍ ထုံးစံအတိုင်း စောင့်နေကြသည်၊ မောင် မောင်ထွန်းသည်း တပည့်နှစ်ယောက်နှင့်အတူ အိမ်နှင့် အနီးဆုံး မှောင်ရိပ်အကျဆုံးနေရာမှ တိတ်တဆိတ်စောင့်နေလေ၏။

ထွန်း။ ။(တီးတိုးလေသံနှင့်)'လာရမယ် ဘယ်နည်းနဲ့မှမနေ

ဘူး၊ နေ့တိုင်းနေ့တိုင်း ချောင်းနေမှန်းသိလို့ လာတာ၊ ဟိုခွေးသားမချောင်းတော့ဘူးထင်အောင် ဒီနေ့တမင်တပက်ငိုက်ပြီး သင်းအားကြီးမှ လာခဲ့တာကွ၊ အိမ်ထဲမှာ မုချမိရမယ်၊ အသာ စောင့်ဖမ်းရုံဘဲ'

ဟု တပည့်များကိုပြောခါ မှောင်ကွယ်မှ စိတ်ရှည် လက်ရှည် စောင့်နေကြလေ၏။

မောင်မောင်ထွန်းဆင်းလာသော အောင်ချောက်မှာ ထိုညဥ့်အထိ အတန်ငယ် အရှင့်အရေးသားသျှက်ရှိလေ၏၊ အကြောင်းမှာကား ခင်မောင်ညိုသည် အခါတိုင်းကဲ့သို့ အစောင့်အနေ မကြပ်ဘည်း လည်း စေစောကတွေ့ရသော စင်သားအနှင့်ယော်မျှကိုသာ တွေ့ရခြင်းကြောင့် ယနေ့ညအတို့ အလွှတ်အဝင်ချောင်သည်ဟု အယူရှိပြီး အမှုမဲ့အမှတ်မဲ့ နေခိုက်ဖြစ်လေသည်၊ သို့နှင့် အချိန်သည် လင်းရောင်ခြည် လာပြီဖြစ်သောကြောင့် ခင်မောင်ညိုအား ခင်ဘုန်းကိုယ်တိုင်ဆက်တွဲလျက် အိမ်၏ထွက်ပေါက်ဆီသို့ လိုက်ပို့လေရာ ခင်မောင်ညိုလည်း ခင်ဘုန်းကို ဟုယကြင်နာစွာ ဖက်မွှေ့၍ နှုတ်ဆက်ရန်ရှိသည်တို့ကို နှုတ်ဆက်ပြီးသည်တွင်....

'ကဲ ခင်မောင်သွားမယ်နော်၊ မောင်မရှိတုန်း ခင်ငို့ငိုမနေပါနဲ့ကွယ်၊ သတ္တိရှိတဲ့ လူစွမ်းကောင်းကြီးရဲ့ ဇနီးတယောက်ဘဲ၊ ဝမ်းနည်းစိတ် အားငယ်စိတ်တွေ လက်ခံမထားသင့်ဘူး ခင်ရဲ့'

ဟု နောက်ဆုံးမှာကြားနှုတ်ဆက်၍ ရုတ်တရက် အိမ်တံခါးမှ ထွက်ပြီး မှောင်ရိပ်ထဲသို့ဖြတ်အပြေးလိုက်တွင် မောင်မောင်ထွန်း ပုန်းကွယ်နေရာ မှောင်ရိပ်ဆီမှ ဓါးရှူးတချောင်းလျှပ်မြန်သောလေအဟုန်ကို ပေါက်ထွက်ခါ ခင်မောင်ညိုလက်မောင်းကို ပြင်းထန်သောအရှိန်နှင့် ဖျပ်ခနဲ လာစိုက်လေသည်၊ ခင်မောင်ညိုလည်း လျှင်မြန်ဖျပ်လပ်စွာ မှောင်ရိပ်မှီ၍ ဆက်လက် ပြေးတော့မည် အပြု



တွင် အိမ်၏ ပတ်ဝန်းကျင်တိုက်မှ [လိုက်ဟ ဖမ်းဟ အိမ်ကို ဝိုင်းထားကြဟ] ဆိုသော အသံများ ပွက်ပွက် ညံ၍လာပြီး ပြေးလာကြသော ခြေသံများမှာလည်း မိမိနှင့် နီးသည်ထက်နီး လာသည်ကို သိရသောကြောင့် ရှေ့သို့ ဆက်လက်ထွက်ပြေးရန် အခက်တွေ့နေရသော ခင်မောင်ညိုမှာ ကြံရာမရအဆုံး၌ ခင်ဘုန်း အိမ်ထဲသို့ပင် နောက်ဖေးပေါက်မှ လစ်ခနဲပြန်ဝင်ရသည်တွင် ရင်တလှပ်လှပ်နှင့် ဖြစ်နေသော ခင်ဘုန်းသည် အရေးရှိက လျှင်မြန် ဖျပ်လတ်ပါးနပ်သူ ဖြစ်သည့် အလျောက် ခင်မောင်ညို နောက်ဖေး ပေါက်မှဝင်လာသည်နှင့်တပြိုင်တည်း ဆီးကြိုဆွဲခေါ်ကာ အိမ်အတွင်း အလုံခြုံဆုံးသော နေရာတခုတွင် ဝှက်ထားလျက်၊ သူတို့ကိုယ်တိုင်ကား ထူးခြားမှုမပျက်နေကြလေ၏၊ အပြင်မှ ဆူညံစွာ ရှာဖွေသံများလည်း ကြွက်ကြွက်ညံနေလေသည်။

'အိမ်ကို ဝိုင်းထားတယ် ဘယ်နည်းနဲ့မှ အပြင်ကိုမရောက်စေဘူး ရှာအောင်ရှာကြ၊ အပြင်မှာ မတွေ့ရင် ငါကိုယ်တိုင် အိမ်ထဲ ဝင်ရှာမယ်'

ဟု ဟစ်အော်အမိန့်ပေးနေသော မောင်မောင်ထွန်း အသံမှာလည်း ဓါး လှံ သေနတ်သံတို့အကြားမှ ဆူဆူဝါဝါ ထွက်ပေါ်လာလေ၏၊ ခင်ဘုန်းနှင့် သူ့တာ မသလာတို့မှာ အတွင်းမှ ကြံရာမရ အောင်မှိုစေကာမူ မောင်မောင်ထွန်းနှင့် ရင်ဆိုင် တွေ့ရသောအခါ ထူးခြားမှုမပျက်စေရန် ဟန်ကောင်းနိုင်သမျှ ကောင်းအောင် ကြိုးစား နေကြရလေ၏၊ တခဏမျှ ဆူညံနေကြပြီးနောက် အသံများ တိတ်ဆိတ်ငြိမ်သက်သွားပြီးလျှင် အိမ်ထဲသို့ဝင်လာသော ခြေသံများနှင့် အတူ....

'ဟေ့ ဒီအိမ်ထဲဝင်သွားတယ်မင်းတို့ ဝှက်ထားကြသလား'

ဟု အောင်မြင်စိတ်ကြွားစွာ မေးလိုက်သော မောင်မောင်ထွန်း

ကိုတွေ့ရလေ၏၊ ခင်ဘုန်းတို့မှာ ဤသို့ခံ့ညားပြင်းထန်စွာ မေးသည်ကို အခံရကြုပ်ကောဘမူ မျိုးသိပ်သည်းခံ၍ မသိကြိုးကြင် ပြုလျက် ထိပ်မှ ရုံ့မွှားဟန်နှင့် အမေးကို နားမလည်သလို ကြည့်နေကြလေသည်၊ မောင်မောင်ထွန်းမှာ ခင်ဘုန်းအနီးသို့ တိုးလာပြီး မကျေချမ်းသော မျက်နှာကြီးနှင့် ကြည့်လျက် မဲ့ခွက်ခွက် မေးထိုး၍ ငေါက်ာ....

'ဘဲ့နဲ့လဲ ဗမာစကားနဲ့ မေးနေတာကို နားမလည်ဘူးလား ရှမ်းမကြီးရဲ့'

ဟု ပြောလိုက်လျှင်၊ ခင်ဘုန်းက စော်တည်တည်နှင့်ပင်....

'မရှိဘူးပြောပေမဲ့ ယုံချင်မှယုံမှာ ဒီတော့ မေးတာထက် ကျေနပ်အောင် ရှာကြပါလား'

ဟု ပြောလိုက်သောအခါ မောင်မောင်ထွန်းနှင့်ဘက္က နောက်ပါ တစုတို့မှာ တအိမ်လုံးတွင် အကြိုအကြားမကျန် မွှေနှောက် လှန်လှောရှာဖွေနေကြလေ၏၊ ခင်မောင်ညိုကား မောင်မောင်ထွန်းနှင့် ခင်ဘုန်းတို့ရပ်ခံနေကြသည့်ခေါင်းပေါ်တည့်တည့်ရှိ အသေပိတ်ထားသော ကျပ်ခိုးစင်ပေါ်တွင် ခိုအောင်းလျက် လက်မောင်းမှ ထုတ်ချင်းခတ် ပေါက်သွားသောဒဏ်ရာက သွေးများတစိမ့်စိမ့် ယိုစီးနေသည်ကို လက်နှင့်ဖိကာ မလှုပ်မရှက်ငြိမ်သက်စွာနေလိုက်ရလေသည်။

တအိမ်လုံး မွှောက်လှန်ရှာ ဖွေနေသူများသည်း မတွေ့သဖြင့် အခဲ မကျေနိုင်ဘဲနှင့်ပင် ထွက်ခွာသွားကြရန် ပြင်ဆင် နေကြလေ၏၊ မောင်မောင်ထွန်းမှာ ခင်ဘုန်းကို တစုံတရာ ပြောလိုသေးသဖြင့် တပည့်များအား....

'ဟေ့....မင်းတို့ပြန်ကြတော့ ဒီနေ့မတွေ့ရင် နက်ဖြန် တွေ့ရမပေါ့ကွာ၊ ဒီအကောင် ငှက်မို့အတောင်တပ်ပျံနိုင်မလား'

ဟု ပြောလွှတ်လိုက်၍ တပည့်များသည်း မကျေမချမ်းနှင့်ပင်



တွေ့မြင်ရာပစ္စည်းတို့ကို ကန်ကြောက်လှန်လှောရင်း ထွက်သွားကြလေ၏။

မောင်မောင်ထွန်းသည် ခင်ဘုန်းနှင့် နှစ်ယောက်ထဲ ကျန်ရစ်သောအခါ မရိုးမရနဲ့ မသားမစားမျက်နှာကြီးနှင့် ခင်ဘုန်းကို သရော်ပြုံးပြုံး၍ကြည့်လျက် လက်တွင်ကိုင်ထားသော လက်ပစ်လှံတိုကလေးကို ဝေ့ကာဝေ့ကာကစားရင်း....

'အင်း....ပြန်လိုက်ပါဦးမယ် မနှင်းစော တနေ့မတွေ့ တနေ့တော့တွေ့ရမှာပေါ့'

ဟု ပြောလိုက်ရာ ခင်ဘုန်းမှာ အဖြေမပေးနိုင်၊ မောင်မောင်ထွန်းကိုရှု ကြောက်ကြောက်သော မျက်နှာနှင့် မျက်လုံးအကြောင်သားကြည့်နေမိရာသည်၊ မောင်မောင်ထွန်းမှာ ဤသို့ခင်ဘုန်းစိတ်ချောက်ချားအောင် ပြုရသည်ကိုပင် ပီတိဖြစ်နေသည်အလား။ ပမာ မခန့်ပြုံးကြီးနှင့် ရင်ဘတ်ကိုကော့ကော့ကြီးထား၍ လက်ကလှံကို မထိတထိလှည့်၍ကစားပြီး ရှုံ့ရှုံ့ခိုက်ခိုက်ကြီး ကြည့်နေရာမှ လက်ကလှံကလေးအမှတ်မထင် လွှတ်ကျသွားသဖြင့် ရှေ့သို့ကုန်း၍ ကောက်လိုက်သည်တွင် လှံကလေးကျသွားသော နေရာမှာ သွေးကွက်တကွက်ဖြစ်၍ အပေါ်မှလည်း သွေးများတစက်စီတစက်စီ အဆက်မပြတ်ကျနေသည်ကို တွေ့ရသောကြောင့် သင်္ကာမကင်းဖြစ်ခါ ခင်ဘုန်းကို ပြုံးပြုံးကြီးကြည့်လိုက်ပြန်သည်။ ထိုအခါတွင်ကား ခင်ဘုန်းမှာ ရုနွေ့မျက်၍ စိုးရိမ်သောကကလေးဘက်၍ နေသေပြီ၊ ကြပ်ခိုးစင်ပေါ်သို့တလှည့် သွေးကွက်သို့တလှည့် မောင်မောင်ထွန်း၏မျက်နှာကိုတလှည့် လှမ်းသော ကြိုးကွဲ့သို့ ပြူးကြောင်ကလေးကြည့်၍နေရာသည်၊ ကြပ်ခိုးစင်ပေါ်မှ ခင်မောင်ညိုမှာလည်း မိမိအတွက်နှင့် ခင်ဘုန်းကို မောင်မောင်ထွန်းက နှိပ်စက်စီးနင်း ခနဲ့နေသည်ကိုမခံမရပ်နိုင်ဘဲဖအောင်ခဲနှင့်ဖြစ်နေတော့သည်။

ထိုအခိုက်မှာပင် မောင်မောင်ထွန်းသည် ကြပ်ခိုးစင်ပေါ်သို့ မော့လျက် ချိတ်တင်ထားသော (လေခါ့ဂက်)ကလေးကိုပါ သိမ်းရုံးကြည့်လိုက်ပြီး ရှောင်ပြောင်မှာသော အသံကြီးနှင့် ရယ်မောလိုက်ခါ…

'ဟား…ဟား…ဟား လက်မထင်ကလေး လွဲသွားတော့မလို့၊ ပေ့…လူစွမ်းကောင်း သူပုန်ကြီးရဲ့ ဆင်းခဲ့ပါကွ'

ဟု ပြောလိုက်သောအခါမှကား ခင်တုန်းမှာ ချစ်သူအရေးကြောင့် သွေးပျက်လုတော့မတတ်ဖြစ်သွားသဖြင့် မောင်မောင်ထွန်းအားတိုးလျှိုးတောင်းပန်သော မျက်နှာကလေးနှင့် အသနားခံကာ…

'ချမ်းသာပေးပါရှင် သူ့ဟာသူ လွတ်ရာသွားပါစေ၊ ဒီအတွက် ကျေနပ်လောက်အောင် ကျေးဇူးဆပ်ပါ့မယ်'

ဟု ပြာပြာသလဲပြောလျှင် မောင်မောင်ထွန်းမှာ ခင်တုန်းအား ရွတ်ချုံ့ရှုံ့သော မျက်နှာကြီးနှင့် ခြေဆုံးခေါင်းဆုံးကြည့်ကာ…

'ရှမ်းမယောင်ဆောင်ပြီး သူပုန်ကောင်ကို အားပေးနေတဲ့ မိန်းမတယောက်တကောကို ကျုပ်က နာခံရမလား'

ဟု ပြောလိုက်သောအခါ ခင်တုန်းမှာ ထိကရုံးပင်ကလေးများ ညှိုးကျသွားသလို နောက်ထပ် ဆင်ခြေမတက်နိုင်တော့ဘဲ မောင်မောင်ထွန်းအား သတက်သရဲကြည့်သလို ကြောက်ရွံ့စွာ ကြည့်နေမိလေတော့သည်၊ မောင်မောင်ထွန်းကား ရွှေစုန်ညို မိမိလက်က မထွက်နိုင်၊ ဓါတ်ရာ ဓါတ်ချက်နှင့် ပိုင်ပိုင်နိုင်နိုင်ကြီး မိထားပြီဟု၍ စိတ်ကြီးဝင် မာနတက်ခါ၊ နောက်နောက်က မိမိအရေးနှံ့စုံသလောက် တဆတိုး၍ အငြိုးနှင့် နှိမ်စက်ရန် တစိမ့်စိမ့် ကျေနပ်ဝမ်းမြောက်နေလေသည်။



ခင်မောင်ညိုသည် မိမိလက်မောင်းမှ ဒါဏ်ရာကို လက်တဘက်နှင့် ဆုပ်ကိုင် ဖြစ်ညှစ်ထားရင်း ပိုင်လောက်ပြီဟု ပမာမခန့် လုပ်နေသော မောင်မောင်ထွန်းသက်မှ မည်သို့ ရုန်းထွက်ရမည်ကို စဉ်းစားလျက်ရှိနေရာမှ အပေါ်သို့ မော့တင်ထားသော လေ့ကားထက်ချိတ်ကို ဖြုတ်ချလိုက်ရာ လေ့ခါးကလေးမှာ မောင်မောင်ထွန်း၏ ခေါင်းပေါ်သို့ တအားရိုက်လိုက်သလို အရှိန်ပြင်းစွာနှင့် ကျသွားသောကြောင့် စောစောက ဟန်ကြွားကြွားဖြစ်နေသူ မောင်မောင်ထွန်းမှာ လေ့ခါးအောက်တွင် စကားမေးမရတော့ဘဲ အခွေသား လဲသွားတော့သည်၊ မည်မျှကြာစွာ မေ့မြောနေသည်မသိ သတိရသောအခါ မောင်မောင်ထွန်းသည် မိမိကိုယ်တွင် ကြိုးများတင်းကြပ်စွာ တုတ်နှောင်လျက် ကျပ်ခိုးစင်ပေါ်တွင် အလုံပိတ်၍ ထင်ထားခံခြင်းခံရသည်ကို သိရပြီး အနည်းနည်းနှင့် ပင်ပန်းစွာ အကူအညီတောင်း၍ မိမိတပည့်များ လာရောက် ကယ်ဆယ်သောအခါမှကား ထိုအိမ်ကလေးတွင် ရွှေစုန်ညိုသာမက ခင်တုန်းနှင့် သူ့စာ-မသလာတို့၏ အရိပ်အရောင်ကိုမျှ မမြင်ရတော့ဘဲ လူမနေသော ဗရပ်ပျက်ထဲမှာ ဟာလာဟင်း ဖြစ်နေသည်ကို တွေ့ရလေသည်။

ထိုနေ့မှ အစပြု၍လည်း မိုးနဲမြို့ကြီးမှ ခင်တုန်းတို့ အစပျောက်သွားသည်ဖြစ်ရာ မောင်မောင်ထွန်းမှာ ရွှေစုန်ညိုကို မိမိလက်ထဲသို့ ဝင်မိပလျက်နှင့် လက်လွှတ်သွားသည့်အတွက် နေ့စဉ်ရက်ဆက် အခဲမကျေနိုင်ဘဲ သဲသဲမဲမဲ လိုက်လံ ရှာဖွေလျက် ရှိပြန်လေသည်။

× × ×

**အခန်း ၁၇။** အချိန်ကာလသည် တစတစ လွန်မြောက်၍ ပြန်လေ၏၊ မြန်မာပြည် အရပ်ရပ်တွင် ငြိမ်ဝပ်ပိပြားသွားသလောက် ရှမ်းပြည်နယ်ဘက်မှာ တိုက်ခိုက်မှုကန်

မှုများ အဆက်မပြတ်အောင် ထွေပြောနေသဖြင့် ကုလားဖြူအစိုးရတို့လည်း သူပုန်ရန်ကို တွန်းလှန်ဖြိုဖျက်ရလျက်ရှိလေရာ နှစ်ဦး နှစ်ဘက်စလုံး နစ်နာပျက်စီးပြီး နယ်သူ နယ်သားများလည်း စားရမဖြောင့် နေရမဖြောင့် တကြောင့်ကြကြ ဖြစ်နေကြရာ တဘက်နှင့်တဘက်လည်း သတ်ရှုမလောက် သေရှုမဆုံး နလုံးနောက်မျှ ဖြစ်မကောင်း ဖြစ်နေကြရကား သဗ္ဗာဝ ါအပေါင်းတို့၏ ဆင်းရဲပျက်စီးကြောင်းကြီး ဖြစ်သော သတ္တန္တရ ကပ်ဆိုးကြီး ပပျောက် အေးငြိမ်းစေခြင်းကို အရင်းခံအကြောင်းပြုကာ တရားရေအေး တိုက်ကျွေးဆုံးမရန်အလို့ငှာ ဆရာတော် သံဃာတော်ကြီးများကိုယ်တိုင် ရှမ်းပြည်ဘက်သို့ ကြွလာကြပြီး အသီးသီးသော မြို့ရွာဇနပုဒ်တို့ကို လှည့်လည်လျက် ဆုံးမဟောပြော တရားသဘော သွင်းပေးနေသဖြင့် အချို့နယ်များတွင် အသင့်အတင့် အေးချမ်းငြိမ်သက်စပြုကာ အချို့နယ်သူနယ်သားများမှာလည်း သူပုန်တို့ကို ရှေးကလောက် အားပေးထောက်ပံ့ခြင်းမပြုဘဲ လစ်လျူရှုစ ပြုလာကြလေ၏။

သူပုန်စော်ဘွားကြီးများကို အားပေးကူညီနေကြသော အခြားစော်ဘွားမြို့စားများမှာလည်း ဆရာတော် သံဃာတော်ကြီးများ၏ငြိမ်းချမ်းရေး ဩဝါဒကြောင့် တကြောင်း၊ သီပေါစော်ဘွားကြီးကလည်း စော်ဘွားမြို့စား အချင်းချင်း တွေ့ဆောင် ပြောင့်ဖျ၍သိမ်းသွင်းခြင်းတို့ကြောင့်တကြောင်း၊ သူပုန်စော်ဘွားများကို ရှေးကလို ထောက်ပံ့အားပေးမှုမပြုကြတော့ဘဲ အချို့နီးစပ်ရာစော်ဘွားမြို့စားချင်း တဆင့်လှမ်း၍ ငြိမ်းချမ်းရေးစကား ကမ်းလှမ်းလျက်ရှိလေရာ ယခင်က ခေါင်းမာသော စော်ဘွားအချို့ပင် ဆင်းရဲပင်ပန်းစွာ တောတောင်ခိုမှီး၍ အကြံကြီးနေကြရသော မိမိတို့အလုပ်ကိုစက်ဆုပ်စ ပြုလာကြလေ၏။

မည်သူ မည်သို့ဖြစ်ဖြစ် ရွှေစွန်ညိုကား မသုတ်မနစ်သော လုံ့လ



ဖြင့် အခွင့်ရတိုင်း တိုက်ခိုက် သောင်းကျန်းလျက်ရှိလေ၏၊ မောင်မောင်ထွန်းမှာလည်း အကြမ်းဆုံး အရမ်းဆုံးဖြစ်နေသော ရွှေစွန်ညိုကိုသာ အညိုးကြီးစွာနှင့် လိုက်လံဖမ်းဆီး တနည်းနည်းနှင့် ရအောင်ဖမ်းရန် ကြိုးစားလျက် ရှိလေသည်။

မိုးနယ်တဝိုက်မှာ ရွှေစွန်ညို၏သတင်းကား ပိန့်ပိန့်တုန်မျှ ထင်ရှားလှ၏၊ အဆောရအာ-အရှင်ရရ-ဟု ဦးစွာပထမက ကြော်ငြာခဲ့သည့်ကြော်ငြာ စာတမ်းကြီးများမှာလည်း ရွှေစွန်ညိုတို့အဖွဲ့က ယခုအချိန်အထိ တွေ့ရာတွင် မီးရှို့ဖျက်ဆီးခဲ့သည်နှင့်အမျှ ရေဲခွေးပမာ တဆော့ပိုး၍သာ လာလျက်ရှိလေ၏၊ အခြားသော စော်ဘွားမြို့စားတွေ့ ငြိမ်ဝပ်လာစ ပြုလာသည့်တိုင်အောင် ရွှေစွန်ညို၏ အဖွဲ့ကားယနေ့တိုင်အောင် မာန်စောင်ရှိသာ နေသည်ဟု ရှမ်းပြည်တလွှားတွင် ကျော်ကြားလျက် ရှိလေ၏။

ရွှေစွန်ညို ဦးမကျိုးသမျှ ရှမ်းပြည် အရပ်ရပ်မှာ သူပုန် ရန်ဘေး မအေးနိုင်ဟု တထစ်ချ ယူဆကြလေသည်၊ ရွှေစွန်ညိုသည်မသေသမျှ အလျှော့ပေးမည်သူ မဟုတ်၊ တနည်းနည်း အားဖြင့်စိတ်ထား ညွတ်ပြောင်း၍ တရားသဘော သက်ဝင် သွားလျှင်ကား အေးချမ်း ငြိမ်သက်စွာ နေပေ လိမ့်မည်ဟု၊ ရွှေစွန်ညိုညီမျှရကွက်၍ စိတ်ထက်သန်စွာ ကြိုးပန်းနေသည်ကို သနားမိသူတို့ကလည်း နှစ်ဦးနှစ်ဘက် မနစ်နာစေရန်၊ ရွှေစွန်ညိုအား ကုလားဖြူအစိုးရများနှင့် စေ့စပ်ပေးလိုသောကြောင့် ရှေးဦးစွာ ဆရာတော် သံဃာတော်ကြီးများနှင့် ရွှေစွန်ညိုကိုတွေ့ဆုံပေးရန် တဘက်တလမ်းမှ ကြံစည်လျက်ရှိကြလေ၏။ ထိုအစီအမံမှာ ရွှေစွန်ညိုကိုမေတ္တာ ကရုဏာ မကင်းသူများနှင့် အစိုးရဌာနမှ ပူးပေါင်းစီမံကြသော အကြံအစည်သာ ဖြစ်လေရာ မောင်မောင်ထွန်းမှာမူကားရွှေစွန်ညိုကို တနေ့တွင်မိရမည်၊ မိသောအခါ အစိုးရ အပြစ်ဒဏ်

ကို လှလှကြီးခံစေရန်သော်ရှင်း၊ မိမိကိုယ်တိုင် အခဲမကျေခဲ့သည့် ရန်ညိုးအာဃာတ ရွှေစုန်ညိုထံသကျူးမဲ့ ပျက်စီး ဆုံးရှုံးမှုကြီးကို မြင်နိုင်စေရန်သာ လက်စားချေသဘောနှင့် စောင့်သန်လျက် ရှိသောကြောင့် ရွှေစုန်ညိုထံသို့ သူလျှိုတမန်များစေ၍ အပုံသွင်း၍ပို့ထားခါ နက်နက်နဲနဲပိုင်အောင် ကြံစည်လျက်ရှိလေ၏။

ရွှေစုန်ညိုကား မိမိကိုမတွေ့ရသေးသူတို့နှင့် အစိုးရများကောင်းရာကောင်းကြောင်း ကြိတ်၍ ကြံထားသည်ကိုလည်းမသိ၊ မိမိအကျိုးမဲ့စေမှုအတွက် နက်နက်နဲနဲ ကြံစားနေသော မောင်မောင်လွန်း၏အကြံအစည်ကိုလည်း မသိဘဲ တောထဲ တောင်ထဲတွင် သားတကွဲမယားတကွဲနှင့် သဲသဲမဲမဲ တိုက်ခိုက်ဆိုးသွမ်း၍ တိုင်းပြည်အတွက် ကြိုးပမ်းနေလေတော့သည်။

တနေ့သ၌ ခင်မောင်ညိုသည် မိန်းနှင့် ညောင်ရွှေနယ်စပ်တွင် ရှိသော ကုလားဖြူတပ်ခွဲစခန်းကလေးတခုကို ဝင်ရောက် စီးနင်းရန် မိမိတပ်သားများနှင့် တောစပ်မှ ချောင်းမြောင်းလျက် ရှိလေသည်။ တပ်ခွဲစခန်းကလေးကား လွန်ခဲ့သော သီတင်းတပတ်လောက်ကမှ ရောက်လာလျက် ယာယီ ရှက်ဖျင် တဲငယ်ကလေးများနှင့် ကုလားဖြူ ကုလားနီ ကုလားမဲ့ စသော စစ်သားများ လှုပ်လှုပ်ရှုရှုသွားလာနေကြ၍ တပ်ဦးတွင် ယူနီယံ ဂျက် အလံ တိုင်ကလေး စိုက်ထားသည်ကို တွေ့ခဲ့ရဘူးသည့်အတိုင်း ယနေ့ အဘို့မှာလည်း စစ်သားများ ကူးသန်းသွားလာနေကြသည်ကို မတွေ့ရစေကာမူ ရှက်သည့် တဲကလေးများနှင့် တပ်ဦးက ယူနီယံ ဂျက်အလံ ကလေးမှာ လေလာလာတွင် တဖျပ်ဖျပ် လှုပ်ရှားနေသည်ကို တွေ့မြင်ရသဖြင့် စစ်သားများ တဲတွင်း၌ ရှိကြမည်ဟု ယုံကြည်သည့်အလျောက် ရွှေစုန်ညိုလည်း မိမိတပည့်များကို အချက်ပေးခါ တပ်စခန်းကလေးကို တဟုန်ထည်းဝင်၍ စီးကြလေ၏။



ဒါးဖွေးဖွေး လှံဖွေးဖွေးနှင့် ဝင်ရောက်စီးနင်းလိုက်မိသော တခဏ၌ ခေါင်းဆောင်ဗိုလ်မှူးကြီး ရွှေစုန်ညိုနှင့်တကွ နောက်ပါတပ်သားတို့မှာ မြေပချုပ်ကို ဖွင့်လှစ်လိုက်မိသည့်အလား ကြောက်ရွံ့စွာ အံ့အားသင့်၍ သွားကြလေ၏။

ရှက်ဖျင်တဲအတွင်းမှ သေနတ်အမြောက်တို့ဖြင့် ပစ်ခတ်ခုခံမည့် စစ်သားများကို တွေ့ရမည်ဟု ထင်ခဲ့သည်နှင့် တက်ယက်စင် မှားနေလေသည်။ လက်နက်ကိုင်စစ်သားများကိုမတွေ့ရဘဲလက်နက်အစား စိပ်ပုတီးလုံးကြီးများကို စိပ်နေသည့်သင်္ကန်းဝါဝါနှင့် ဆရာတော်သံဃာတော်ကြီးများကိုမမျှော်လင့်ဘဲနှင့်သာတွေ့ရသောအခါ ရွှေစုန်ညိုမှာ မတိုးသာမလှုပ်သာ မဆုတ်သာ မတက်သာနှင့် ကျောက်ရုပ်မှာ ငြိမ်သက်တွေဝေလျက် အကြောင်းသား ကြည့်နေမိလေ၏။

ဆရာတော်သံဃာတော်ကြီးများသည် ပုတီးစိပ်ရာမှ ခင်မောင်ညိုအား မေတ္တာ ကရုဏာရှေ့ထားသော ကြည့်ခြင်းဖြင့်ကြည့်ခါ...

'အလို...တကာတော်ဗိုလ်မှူးကလေးပါကလား အခန့်သင့်လိုက်လေ...တကာရယ်၊ ငါတို့ ဆရာတော်အများ ရှမ်းပြည် ရှမ်းရွာကို သာသနာပြုရန် ကြွရောက် လာခဲ့တဲ့အခိုက် တကာတော်ကလေးနှင့် တိုက်ဆိုင်ပြီးကြုံကြိုက်တွေ့ရတာ ဝမ်းမြောက်ပါတိ တကာတော်ရယ်...ကဲ ထဲ...ရှေ့တိုးပြီးထိုင်စမ်းပါဦး၊ ဒီနေရာမှာ တကာတော်အတွက်အန္တရာယ် မရှိနိုင်ပါဘူး'

ဟု အမိန့် ရှိကြသော အခါ ခင်မောင်ညိုမှာ ရတနာ သုံးပါး အဝင်အပါ ဆရာတော်သံဃာတော်ကြီးများ၏စကားကို လွန်လွန်ပယ်ရှားခြင်းငှါ မတတ်သာတဲ့ ဆရာတော်ကြီးများအပါးသို့ ညွတ်တွားရိုသေစွာ တိုးလာပြီး ဦးချ၍ထိုင်ရလေတော့၏၊ တပ်စခန်းကခုလုံးကား ထူးခြားစွာငြိမ်သက်လျက် ရှိလေ၏၊ ထိုခဏတွင် သက်

တော် ဝါတော်အကြီးဆုံးနှင့် တူသည့် ဆရာတော်ကြီး တပါးက စတင်ကာ...

'တကာတော်ကလေးဟာ သုံးရသတ္တိ အရာတွင် အလွန်တရာ ကျော်စောနေတဲ့ ဗိုလ်မှူးကလေးတဦးပါပေပဲ၊ ကိုယ့်နိုင်ငံ ကိုယ့်အမျိုးကိုသဲသဲမဲမဲ ချစ်မြတ်နိုးတယ်လို့ သတင်းကြားရတယ်'

ဟု မိန့်တော်မူသည်။

ညို။ ။'မှန်ပါတယ် ကိုယ့်နိုင်ငံကို ချစ်လှတဲ့အတွက် လူမျိုးခြားလက်အောက် ရောက်နေတဲ့ တိုင်းပြည်ကြီးကို အသက်နှင့်သဲ့ချွေထုတ် ယူနိုင်ဖို့ရန် စွမ်းအားသတ္တိရှိသမျှ ကြိုးစားနေလျက်ပါဘုရား...'

ဆရာတော်။ ။'အေး အေး ကိုယ့်နိုင်ငံ ကိုယ့်အမျိုးဆိုတာ ချစ်ကြရိုးဆုံးစံပဲ တကာကလေးရဲ့၊ ကောင်းပါတယ် ကောင်းပါတယ်၊ သို့သော်အကယ်၍ ကိုယ့်နိုင်ငံ ပြန်ရလျှင် တကာကလေး ဘုရင်လုပ်ဖို့များ စိတ်ကူးသလား'

ညို။ ။'တပည့်တော်မှာ ဆင်းရဲသား မင်းမှုထမ်းမျှသာ ဖြစ်ပါတယ်၊ နိုင်ငံအကျိုးကို သယ်ပိုးရွက်ဆောင်လို့ အောင်မြင်သော်လဲ ကိုယ်နဲ့ မထိုက်တန်တဲ့ မင်းစည်းစိမ်ကို ချိန်ရွယ် ကြံစည်ခြင်းမရှိပါ၊ တပည့်တော်နှင့်တကွ ကြံရာပါ ဗော်ဘွားကြီးများ ရည်ရွယ်ချက်က လင်းပင်ကိုယ်တော်ကြီးအတွက်သာရည်ရွယ်ပါသည်ဘုရား'

တော်။ ။'အင်း အင်း ဒါဖြင့် တကာ့ခတော် လင်းပင် မင်းသားကြီးနှင့် ဒီက တကာ့ကလေးနှင့် မကြာမကြာ တွေ့ကြပါရဲ့လား'

ညို။ ။'မှန်လှပါ ကိုယ့်တာဝန်နှင့်ကိုယ် အနယ်နယ်ကို ကျင်လည် တိုက်ခိုက်နေရတဲ့အတွက် လင်းပင် ကိုယ်တော်ကြီးနှင့် မတွေ့ရတာ မကြာခင်လေးကျော် ရှစ်လလောက် ရှိလာပါပြီဘုရား'



တော်။ ။'ဒါဖြင့် ယခု တကာတော် လင်းပင်မင်းသားကြီး အကြောင်းကြားရပြီလား'

ညို။ ။'မကြားရသေးပါ ကိုယ်တော်ကြီး ဘာဖြစ်နေပါသလဲဘုရား' (စိုးရိမ်ကြီးစွာ မေးလေ၏။)

တော်။ ။'အော်...ဒီလိုလား တကာလေးရယ်၊ ကိုယ့်နိုင်ငံ ကိုယ့်တိုင်းပြည်ကို ကိုယ့်အမျိုးသားချင်း အုပ်စိုးတာသာ ကြိုက်ကြတာပေါ့၊ သို့သော်လဲ လူ့ကိန်းခန်းအလာနဲ့ ဖြစ်ရတော့ ဘယ်တတ်နိုင်မလဲ၊ အားကြီးသူက အားနည်းသူကို လွှမ်းမိုးမြဲမှုဘဲ၊ မြတ်စွာဘုရားတရားတော်မှာလဲ နိစ္စ ပသာနံ သုခံ ဒုက္ခ ဆိုတဲ့လောကဓံတရားကြီးကို ဘယ်သတ္တဝါမှ မလွန်ဆန်နိုင်ကြဘူးလို့ အထင်အရှားပြထားတယ်မဟုတ်လား။ တကာလေးက ကိုယ့်နိုင်ငံပြန်ရလိုမှုနှင့် ရန်စစ်သတ္တုပြုနေသော်လဲ ငါတို့တိုင်းပြည်မှာ အလွန်တရာမှ အားနည်းနေပြီ တကာရဲ့၊ ငါတို့ဗမာပြည်ကြီးရဲ့ အချုပ်အခြာဌာနဖြစ်တဲ့ ဗမာပြည်အလယ်ပိုင်းမှာ နေထိုင်ကြတဲ့ ပင်ရင်းမူလ ဗမာအမျိုးသားအချင်းချင်းတွေကလဲ စိတ်ဝမ်းကွဲပြားနေကြတော့ ညီညွတ်ခြင်းဆိုတဲ့ တရားလဲ မရှိသလောက် ရှားပါးနေတဲ့အတွက် အလွယ်တကူနဲ့ ခုခံတွန်းလှန်လိုက်တိုကလဲ အင်မတန်ခဲယဉ်းနေတယ်၊ အကယ်၍တဇွတ်ထိုး စိတ်ထန်တိုင်း အားမတန်ဘဲနဲ့ ခုခံတိုက်ခိုက်နေကြပြန်ရင်လဲ အားနည်းသူများမှာ အကျိုးမဲ့သေကြေပျက်စီးကြရုံမှတပါး အခြားအကျိုးထူးမရနိုင်ဘူးဆိုတာ စဉ်းစားမိရဲ့လား တကာလေးရဲ့'

ခင်မောင်ညိုသည် ဘာသာရေးဖြင့် လေးစားရှိသေခဲ့ရသော ဆရာတော် သင်္ဃာတော်ကြီးများဖြစ်၍သာ နားမဝင်ဘဲ ကြိုးစား နားထောင်နေရလေသည်၊ လူ လူချင်းဆိုပါမူကား ထိုကဲ့သို့လုပ် ဆံ့ဇင်းများကို ငါးစာကျွေးလျက် ရှောင်ထွက်သွားတော့မည်ဖြစ်

ပေ၏၊ ဆရာတော်တို့သည်းအပြေမပေးသဲ တွေတွေကြီး ကြည့်နေသည့်ခင်မောင်ညိုအား....

'ဒါနဲ့ကျုပ်ကကလေး ဆရာတော်တို့ပြောတာကို သဘောပေါက်အောင်စဉ်းစားမိရဲ့လား'

ဟု ထပ်ခါမေးပြန်သည်။

ညို။ ။'စဉ်းစားမိပါတယ်ဘုရား၊ ထိုသော်လဲ ကိုယ့်တိုင်းပြည်ကြီး သူတပါးလက်မှာ ပျက်စီးနစ်မြုပ်နေတာကို လက်ပိုက်ကြည့်နေတာထက် မနိုင်လို့ အသက်သေချင်သေ တိုက်ရင်းခိုက်ရင်း သေရတာက မြတ်သေးရဲ့ဆိုတဲ့ တိုင်းကျိုးဆောင် မျိုးချစ်စိတ်က တိုက်တွန်းနေတဲ့အတွက် အသက်ကို စွန့်လွှတ်အားကြတဲ့ လူဖြစ်ပါတယ်'

တော်။ ။'အိမ်း...အားလုံးလူတွေ တကာတော်ရဲ့ စိတ်မျိုးရှိကြလျှင် တော်သေးရဲ့၊ သို့ရာတွင် တကာတော်တို့ သူပုန်အသင်းဝင် တပ်များနဲ့တကွ ကြီးမှူးအုပ်ချုပ်သူ တကာတော်လင်းယုန်မင်းသားနှင့် စော်ဘွားမြို့စားများပါ ပြည်သူ့သစ္စာဖောက်များ နောက်လိုက် တပည့်ယောက်ျားများ အတိဂုဏ္ဍရောက်ပြီး ခြောက်ချားမှုဖလောင်လှတဲ့အတွက် ဆရာတော်များ မတွေ့ရပ်မီချက်အရ များမကြာမီကပင် လက်နက်ချ၍ မျက်နှာဖြူဘိုးဆောင်းအစိုးရ အလံအောက် ဝင်ကုန်ကြပြီ တကာတော်ရဲ့၊ တကာတော် တဦးတည်း အားမငယ်ကြီးစားနေတော်လဲ အချိန်နှောင်းသွားရှိတော့မယ်'

ဟု ပြောလိုက်သောအခါ ခင်မောင်ညိုမှာ ရှတ်တရက်မယုံနိုင်အောင်ရှိလေသည်၊ ဆရာတော်များသည် ဤမျှလောက် ပြောင်ပြောင်ကြီးလှည့်စား၍ မုသားဆိုဝံ့မည်ကားမဟုတ်ဟု တွေးမိ၏၊ မိမိနှင့် မင်းသားကြီး၊ စော်ဘွားကြီးများနှင့် မတွေ့ရဘဲ ကိုယ်စီကိုယ်စီတာဝန်ခွဲ၍ တိုက်ခိုက်နေရသည်မှာလည်း ခြောက်လကျော်



ခုနစ်လရှိကြာခဲ့ပြီဖြစ်၏၊ ကြားရသော သတင်းအတိုင်း မှန်မမှန်မည်လားဟုလည်း စိုးရိမ်သွားသေးသည်၊ ထို့ကြောင့် မျက်နှာညှိုးငယ်စွာနှင့်ပင်....

'အရှင်ဘုရား...လင်းယုန်ကိုယ်တော်ကြီးနဲ့ မိုးနဲ့ယောက်ဖောက်တဲ့ စော်ဘွားကြီးများ ကုလားဖြူ အစိုးရလက်အောက် ခိုဝင်ကြပြီဆိုတာ အမှန်ပါလားဘုရား'

ဟု ထပ်ခါမေးမိသည်။

တော်။ ။'၂၂၇-ပါးသော သိက္ခာပုဒ်တော်ကြီးကို စောင့်စည်းထိန်းသိမ်းရတဲ့ ငါတို့ရဟန်းတော်ကြီးများ မမှန်သောစကားကို ဆိုဘူးသလော တကာတော်....'

ခင်မောင်ညိုသည် အားပြတ်ခါ မှိုင်ကျသွားလေသည် မိမိကဲ့သို့ပင် ဝံ့မာန်တင်း၍ ဒါးသွားထဝင်းဝင်း ဝင့်ခဲ့သော စော်ဘွားကြီးများမှာ မည်သည့်အတွက် မိမိကိုမျှအကြောင်းမကြားဘဲ စိတ်ပြောင်းယိမ်းယိုင်သွားကြသည်ကို မစဉ်းစားတတ်အောင် ရှိလေ၏။

မြန်မာပြည်အရပ်ရပ်၌ မျိုးချစ်စိတ်ပွားတိုး၍ အခိုးတလူလူနှင့် သွေးပူစိတ်ထန်လျက် ရှိကြသူများအားလုံးမျိုးခြားအစိုးရများ လွယ်ကူစွာ အုပ်စိုး၍ မရနိုင်ရှိနေသည့် အတောအတွင်း ဤမျှ ချက်ခြင်း ငြိမ်ဝပ် ပြောင်းပြောင်းသွားရသည်မှာ အခြားနည်းမဟုတ် ဗုဒ္ဓဘာသာ, မွန်, မြန်မာ, ရှမ်း, ကရင်တို့အပေါ်တွင် ဘာသာရေးကိုကြီးကိုင်ခါ မြင့်မြင့်ကြီး ပြောလွှမ်းမိုးလျက် တန်ခိုးတော်ကြီးခဲ့ကြသော ဆရာတော် ယတိတော်ကြီးများ၏ ငြိမ်းချမ်းရေးတရားရေအေး အမြိုက်ဆေးတို့ကြောင့်ပင် ...ဟု ထက်ဝါးပေါ် ပဋ္ဌာန်း ထင်သကဲ့သို့ ကွင်းကွင်းကွက်ကွက် မြင်လေသည်။ အခွင့်အလာက ဘာသာရေးကို အလေးပြု ဖိုးသည့်သည့် ထုံးစံမွှေဘာအတိုင်း ရတနာသုံးပါး အပေါ် သတ်တော်ကြီးများဖြစ်၍ မြိုစ်မှားဝံ့စကာမှု ခင်မောင်

ညှိုးစိတ်မှာ တော်...ဒေါ်တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဟာ ဆရာဘုန်းတော်ကြီးများစကားကို မြေပယ်မကျ နားထောင်ကြပါ ကလေး ယခုအရေးကြီးတဲ့ အခါမျိုးမှာ တပည့်သယ်ာ မြောက်များစွာ ခြံရံပြီး မှန်စီရွှေချကျောင်းတိုက်ကြီးတွေနဲ့ သီတင်းသုံးနေတဲ့ ဆရာတော် သယ်ာတော်ကြီးတွေကသာ ဝိနည်း သိက္ခာပုဒ်တွေနဲ့ အသာသာရေးအချုပ်အခြယ်တွေကို ခေတ္တဘေးဖယ်ထားပြီး အခါအားလျော်စွာ ပေ... တကာတို့...ဒေါ်တို့တိုင်းပြည် သူ့ထံပါးလာရောက်အုပ်စိုးတာ ကြည့်မနေကြနဲ့, ထဆိတ် ဒါးတလက်စီ ကိုင်ထက်ကြ ဒို့ရှေ့က တက်မယ်လို့ အမိန့်ရှိကြမယ်ဆိုရင် ပုက်တွင်းက အစ ကုန်းကျွတ်ယိုနေတဲ့ ဇရာအို အဘိုးကြီး အမယ်ကြီးများအထိ ထွက်လာကြမှာဘဲ၊ ဒီလိုအခါမျိုးမှာ ကုလားဖြူ လောက်မဆိုထားနှင့် ဖမာကို ကမ္ဘာကပင် အုပ်စိုးလို့ရမည်မထင်ဘူး....

ဟု ငြိုးစေးလိုက်မိသည်။

ဆရာတော်ကြီးများလည်း အတွေးနက်နက်နှင့် ငြိမ်သက်စွာထိုင်နေသော ခင်မောင်ညိုအား ဆက်လက်ခါ...

'တကာတော်....မြန်မာနိုင်ငံတော် တရှမ်းလုံး ရှုသွပ်ရှား နေသမျှ သူပုန်ရန်အပေါင်းမှာ ဒီက တကာတော် ရွှေနှစ်ညီ၏ တပ်မှာပါ၊ အားလုံးလိုလိုပင် လက်နက်ချ၍ မျက်နှာဖြူ အစိုးရလက်အောက်ဝင်ရောက်ကုန်ကြပြီ၊ သည်တော့တကာတော်လဲ စိတ်အားလျှော့ကို အင်နိုင်ကိုင်ပြီ ထင်တယ်၊ လက်နက်ချပြီး အေးချမ်းစွာ နေလိုင်ပါတော့လို့, ဆရာတော်တို့က ကောင်းမြတ်တဲ့စိတ်ထားနှင့် ပြောကြားက မေတ္တာရပ်ခံချင်းဖြစ်တယ်၊ တကာတော် ကြိုးပန်းသလောက် အကျိုးဖြစ်ထွန်းမယ်ဆိုလျှင်တော့ တားမြစ်ဘို့ မရှိပါဘူး'

ဟု မိန့်တော်မူသည် ခင်မောင်ညိုသည် မျက်နှာမကြည်မသာနှင့်



ငြိမ်သက်စွာ နားထောင်နေမြဲ နားထောင်နေမြဲဆဲ ဆရာတော်တပါးက ဆက်လက်၍....

'အရေးအကြီးဆုံး လိုရင်းအချက်ကတော့ တကာတို့က ယခုလို ကိုယ်ပန်း စိတ်ပန်းခံ အသက်စွန့်စား၍ ခုခံတိုက်ခိုက်ပြီး ထီးနန်းဘင် ခံရခဲ့ပဲဗိုလ်တဦးကပင် ပြည်သူသတ္တဝါများ အေးငြိမ်းသာယာစွာ နေထိုင်နိုင်ကြဘို့ကို ကရုဏာရှေ့ထားပြီး မျက်နှာဖြူ အစိုးရများ လက်အောက်ခံဝင်၍ အဝေးတောက်အရပ် ရိုးဘဲ ပို့သွားပြီး ဖြစ်တဲ့အတွက် တကာတော် ရှေ့ဆက်လက် တိုက်ခိုက်နေသော်လဲ အချည်းနှီးမျှ ရှိတော့မယ်'

ဟု မိန့်တော်မူသောအခါ ခင်မောင်ညို၏ရင်ထဲတွင် ဟာ၍သွားရာတော့သည်၊ မိမိက မျိုးချစ်စိတ်ရှေ့ထားပြီး သားတကွဲ မယားတကွဲနှင့် တောထဲတောင်ထဲတွင် အတိဒုက္ခခံ၍ ကြိုးစားတိုက်ခိုက်နေပါလျက် စော်ဘွားကြီးများက ဝတ္ထုရားယူကာ၍ မျက်နှာဖြူ အစိုးရလက်အောက် ဝင်ရောက်သွားကြ၍ လက်ဗုံးထောက် ပြုတ်သွားရသကဲ့သို့ရှိစဉ် မိမိတို့က အသက်နှင့်လဲ၍ ရာဇပလ္လင်ပေါ်သို့ ထင်ပေးရမည့်သူကပင် မျက်နှာဖြူအစိုးရထက်သို့ ယိမ်းယိုင်သွား၍ သူတို့ပေးကမ်း ထောက်မ့ထားသော ရိက္ခာတော်များကို ခံယူသွားပြီ-ဟု သိရသောအခါ ခဲလေသမျှ သဲရေကျ ဖြစ်ရလေတော့သည်ဟု အိခြွေမအည်နိုင်အောင် မျက်ရည်များ ဝိုင်းလည်၍လာလေ၏။

ကန်းတောင်နေမျိုး ထီးရိုးနန်းယက်ကို လက်မလွှတ်နိုင်အောင် စုံမက်ခဲ့မိသော မိမိအယူသည်းခဲ့မှုမှာ နွားရှင်လက် သူခိုးကနစ်မြောရာ ကျနေချေပြီဟု ရှက်ပင် ရှက်လိုက်မိလေ၏၊ သို့သော် မြင်ကွန်း မင်းသားကြီး၏ မျက်နှာကို လွမ်းကာနဲ့ ထင်မြင်လာလေသည်၊ ထိုတော၌ လျော့ကျသွားသော စိတ်များမှာ ပြန်လည် တောင့်တင်းလာ

သကဲ့သို့ ထင်ရလေ၏၊ သို့ရာတွင် ဒီမင်းသားလဲ အဖျားရှူး သွားဦး
မလားမသိဟု တွေးမိခါ စနိုးစနောင့် ဖြစ်မိပြန်၏။

ဆရာတော်များသည်၊ လေသာမီး၊ ဓါတ်မီးတို့၏ အမြုပ်များကိုပေါ်ပြူပါ အမျိုးမျိုး နားချလျက် ခင်မောင်ညိုအား မငြင်းပယ်နိုင်အောင် လေးထက်မှုဖိုင်းပြီး ဂတိတောင်းကြလေသည်၊ ခင်မောင်ညိုမှာ ဆရာတော် သင်္ဃာတော်ကြီးများရှိ၍ ရှိခိုးငြင်းဆန်ရမည်လည်းအခက် အသုံးအမကိုခံယူခါ မျက်နှာပြုအစိုးရလက်အောက် ရိုကျိုးရမည်လည်း၊ တရွှေ့တစ်မျှ မနှစ်သက်နှင့်၊ သမ်နှစ်ဘက်ညှပ်ခံသော ဝါးပမာ အခြေခက်၍ နေလေသည်၊ ထိုအတွင်းမှာပင် ရွှေရောင်သျှံ တချပ်ချပ်နှင့် မတ်မတ်မားမား ကြွားကြွားဝင့်ဝင့် ကြက်သရေမင်္ဂလာအပေါင်းတို့ဖြင့် ပြည့်စုံသည့် ရွှေထီး ရွှေနန်း ရွှေကြငှန်းကြီးနှင့် ထလှလှလွင့်သျှက်ရှိသော ရွှေခေါင်းလဲကြီးကို ရည်မှန်း ထင်မြင်မိခါ ရာဇဝင်မင်းဆက်ထည်း၌ ခြွင်းချက်လုံးလုံး ကင်းလေပြီ ထကားယောသ်ကို အနိုင်ခွင်းခဲ့သည့် မုဆိုးဆက်မင်းမျိုးကို မျက်နှာပြု ထီးနိုးနှင့် အမျိုးသင်အောင် အရိုက်ခံရချေပြီဟု အားလျော့စိတ်ပယ်မျက်ရည်များလည်ယ် လျက်ရှိလေ၏။ ထိုခဏ၌ဆရာတော်ကြီးက....

'ကဲ...ဒါ့နဲ့ တုန်းဘကာတော် ငါတို့လဲ ကာကာတော်နဲ့ တကွ နောက်လိုက်ပယ်သားများ အတိဒုက္ခရောက်နေကြသည်ကို သနားကရုဏာသက်လှတဲ့အတွက် ငှက်တော ခွေးတောအတွင်း ပင်ပန်းဆင်းရဲခံပြီး တကူးတကန်လာ ရောက်ခဲ့ရခြင်းဖြစ်တယ်၊ သည်တော့ ငါတို့ကောင်းရာကောင်းကြောင်းဆုံးမသွန်ကြားတဲ့ ဩဝါဒတရားများ လိုက်နာနိုင်မည်လား မလိုက်နာနိုင်ဘူးလားဆိုတာ ဆရာတော်သင်္ဃာတော်များရဲ့ညီရှေ့မှာ ကွဲပြားအောင် လျှောက်ထားလိုက်ပေတော့'

ဟု နောက်ဆုံးဝင်၍ အမိန့်ရှိလျှင် ခင်မောင်ညိုမှာ အခြေမ



ပေးသဲ မနေသာရှိသည်နှင့် တစုံတခုကို ဆုံးဖြတ်ချက် ချလိုက်သကဲ့သို့ ခံခဲ့ပြီး သက်ပြင်းကြီးတချက် ရှူလိုက်ပါ၊ အဖြေပေးနန် ဟန်ပြင်လေတော့သည်။ ခင်မောင်ညို၏ နောက်ပါတပ်သားတပည့်များလည်း မိမိတို့ဆရာ မည်သို့အဖြေပေးမည်ကို သိလိုကြသဖြင့် ဟု့ဆက်ပါ တိုးဝေ့နားစိုက်နေကြလေ၏။

'တပည့်တော်ဟာ ဗုဒ္ဓဘာသာ မြန်မာလူမျိုး အစစ်ဖြစ်ခြင်းကြောင့် ဆရာတော်ဘုရားများ၏ဆုံးမမြွက်ထားတော်မူချက်ကိုတွန်းလှန်ရှုံးထွက်ခြင်းမပြုသိုက်ပါ၊ အရှင်ဘုရားများအလိုတော်အတိုင်း လိုက်နာရန်မှာလဲ တပည့်တော်စိတ်၌ အင်မတန်မှ ခံသဉ်းလှပါသည်၊ တပည့်တော်ဟာ တိုင်းပြည်နှင့်အမျိုးအတွက် အသက်ကို ရှင်းလှတ်ပြီးသူ ဖြစ်တဲ့အတိုင်း အရှင်ဘုရားများ မိန့်ကြားကိုလဲ မငြင်းမဆန်သာ လိုက်နာရမည်ကိုလဲ အခက်ဖြစ်နေတဲ့အတွက်ခက်ထန်လှတဲ့ တပည့်တော်ရဲ့အသက်ကိုယောဒီ ကျွန်တိုင်းပြည်ကြီးရဲ့ အမြင်သို့ ထွက်သွားစေပါတော့မည်ဘုရား....'

ဟု ပြောခါ ခင်မောင်ညိုသည် ခါးကြားတွင် ဆောင်ထားသော ခါးမြှောင်နှင့် သူ၏သည်မျိုသို့ တအားချိန်၍ ထိုးလိုက်လေရာ သွေးလက်ဖျပ်လတ်သော တပည့်များက လျှပ်မြန်စွာ ဝင်တဲ့လိုက်သောကြောင့် ခါးဦးမှာ ပခုံးစသို့ချော်ထိုးမိကာ နိုရဲသော သွေးများဖြာဆင်းလျက် တပည့်များလက်ပေါ်တွင် မြောပေါ့ကျသွားလေ၏၊ ထိုခဏ၌ တပည့်ပယ်သားများလည်း ရုတ်ရက်ရက်ရက်ဖြစ်ခါ မိမိတို့ဆရာကို ထမ်းယူလျက် ရဟန်းတော်များ မျက်မြေပြတ်ရာသို့ သည်ပိုးဆောင်ကျဉ်းသွားလျှင် တဲစခန်းတွင် ဆရာတော်ကြီးများသာလျှင်အံ့သြဝေမော၍ ကျန်ရစ်ခဲ့လေသတည်း။

* ....x.... *

**အခန်း ၁၈။** ဝသန္တဥတုဟု ဆိုအပ်သည့် မိုးတွင်းအခါ ဖြစ်သည့်အလျောက် ရှမ်းကုန်းမြင့် တောင်တန်းကြီးတဝိုက်တွင် အုံ့မှိုင်းညို့ဆိုင်း၍ မိုးသားတိမ်တိုက်များ အခါမလပ်ရွာသွန်း ပိတ်ဆီးလျက်ရှိသော်၊ တောကြီးမြိုင်ကြီးကနိုင်ကြီးအလယ် အသုပ်တွယ်သော ချောက်ကမ္ဘာတို့မှာလည်း၊ လေခန့်သည့် ထုံမြူပုဆိုးပမာ တဝေါဝေါ တဖြားဖြား ကျဆင်းနေသော ရေတံခွန်များနှင့် ဆူညံမစဲ တသဲသဲဖြစ်နေလေ၏။

ကျိုင်းတုံ့နယ်စပ်အပါအဝင် တောင်ရိုး ကမ်းရိုးတို့ဖြင့် ရှုက်စိမ်းညို့မှိုင်းသောအသိုပါ တောကြီးအတွင်းဝယ်မတ်စောက်သော ကမ္ဘားကြီး၏ထိပ်မှ အလိပ်လိပ်ကျဆင်းနေသော ရေတံခွန်ကြီးတခု၏ အောက်ခြေဘက်ကမ်းရှိ ဖြောင့်တန်း မြင့်မားသော ကညင်ပင်ကြီးအနီးတွင် သက်ကယ်မိုး ဝါးထရံကာသော အိမ်ငယ်ကလေး တစေသင်မှာ အခေါ်မနှုံး ငြိမ်သက်တိတ်ဆိတ်စွာ တည်ရှိလေ၏၊ ဤမှုလူသူပြတ်လပ်၍ နက်ခေါင်သော တောတောင်ကြီး အတွင်းရှိ တအိမ်ငယ်ကလေး၌ နေထိုင်သူများကား ရှုန်ရှုန်းစားစား တောင်ယာခင်း စိုက်ပျိုးနေထိုင်သူများသော်ရင်း၊ တောရပ် ပျော်မိုးသည့် အရည်းရှင်ရဟန်းတို့၏ ကျောင်းသင်္ခမ်းသော်ရင်း ဖြစ်ရမည်ဟု ထင်ရသော်လည်း၊ တအယ်အယ်ငိုကြွေးသော ကလေးငိုသံ ကလေးမှာ လေသံ မိုးသံ တောသံ တောင်သံတို့အကြားမှ တချက် တချက် ပေါ်လာပြီး ညည်းညည်းညူညူနှင့် သောကမအေး ပူဆွေးသော နှလုံးအိမ်ထဲမှ လှိုက်လှိုက်လှဲလှဲထွက်ပေါ်လာသော သပြကသီး ရေကြီးသနှင့် ထန်းသီးကကြွေ မိုးကခွေ့ မွေးခမတို့ထံ ပြန်ချင်ပါလှတယ်၊ သမီးပြုပါလေး...ဟူသော ကလေးချော့တေးသံတသံမှာလည်း ရံဖန်ရံခါ တသဲ့သဲ့ပါလာတတ်သောကြောင့် ထိုအိမ်



ငယ်ကလေးတွင် သားသယ်အမေ တဦးရှိနေကြောင်း ကောင်းစွာ သိနိုင်လေ၏။

အိမ်ကလေး အတွင်းတွင်ကား ပူဆွေးမအေးအဆွေးနှင့် အခေါ် လုပ်၍ နေရရှာသော ခင်တုန်းမြင့်မှာ ငိုကြွေးနေသော သားငယ်ကလေးကိုရင်ခွင်ပိုက်လျက် မျက်ရေသယ်လယ်နှင့် တသ်ညာချင်း လှည့်ချိုးရင်း အမျိုးမျိုးချော့မော့နေလေသည်။

ခင်တုန်း၏သစ္စာဖို့စွာ အနှံ့နခံ၍ ပြုစုနေရှာသောတပည့်မ သူစာနှင့် မသလားတို့မှာလည်းအနီးတွင်ထိုင်ကာ အငိုသန်သောကလေး ငယ်အား ကူညီချော့မော့လျက်ရှိကြလေ၏၊ တောခေါင်ခေါင်ကို ကျွမ်းကျင်သော အိမ့်ရှင်တောင်သူမကြီး အမေနန်းထူးမှာလည်း အနီးတွင်ထိုင်ခါ ကလေး၏အရိပ်အကဲကိုကြည့်လျက် တတ်သရွေ့ မှတ်သရွေ့ ပြုစုလုပ်ကိုင်ပေးနေရှာလေသည်၊ အဆွေးခေါင်ခံ၍နေသော ခင်တုန်းသည် တခါတခါချော့မော့မရအောင် ငိုတတ်သော သားငယ်ကလေးကိုကြည့်လျက် စိတ်ပျက်စွာ သက်ပြင်းချမိလေ၏။

'ဒီလောက်နက်ခေါင်တဲ့ တောကြီးတောင်ကြီးထဲမှာ ကလေးက လဲငယ်ငယ်နဲ့ တာရှည်နေကြသို့ မဖြစ်ပါဘူး အမေနန်းထူး ကြာရင် ကလေးရော လူကြီးတွေပါ ရောဂါများပြီး သေကုန်ကြလိမ့်မယ်'

ထူး။ ။'ဟုတ်ပါရဲ့ သွေးရယ်၊ အမေ နန်းထူးလဲ ဒီတော ဒီတောင်ကြီးထဲမှာ သွေးကို နှံ့ကလေးမှ မနေစေချင်တော့ဘူး။ ဒီတခါ ဗိုလ်မင်းလာရင် လူသူနီးတဲ့နေရာတခုခုကို ပြောင်းပေးဖို့ မှာတပါတော့သွေးရယ်'

တုန်း။ ။'သူ့ခမြာလဲ သူ့အရေးနဲ့သူ မအေးနိုင်ရှာဘူး(?) ပါရဲ့လေ၊ တော်မယ်ထင်တဲ့နေရာကို ပို့ထားတာ၊ အမှုများသော ချေးခေါ်သောနဲ့ အလိုက်မသိ အပူမကပ်ချင်ပါဘူး သူ့ဟာသာ

အလျောက် အခါအခွင့်သင့်သလို ချင့်ချိန်ပြီးပြောင်းရွှေ့ပေးနိုင်တဲ့ အခါမျိုးကိုရောက်ပါစေလို့သာ ဆုတောင်း ရတော့မှာဘဲ’

တောင်သူမကြီးဒေါ်နန်းထွားမှာ ခင်မောင်ညိုကိုချစ်ခင်ကြည်ညိုသူတဦးဖြစ်သည့် အလျောက်၊ ခင်တုန်းတို့ မိသားတစုအား သနားကျင်နာစွာနှင့် အရာရာလိုလေသေးမရှိ စောင့်ရှောက်နေသည့် အားလျော်စွာ ခင်တုန်းနှင့်ခလေးငယ်တို့အား သနားကြင်နာစွာကြည့်ရှုနေမိရှာသည်။

ထိုကဲ့သို့ အဝေးမှ စိုင်းနှင်လာသော မြင်းခွါသံလိုလိုအသံတခုကိုကြားရ၍ အားလုံးပင် နားစိုက်ထောင် မိကြသည်၊ သူတမှာအိမ်ပြူတင်း ကလေးကလေးကို ပင့်မ၍ ကြည့်မျှော်မိလေ၏။

‘မြောင်းဆိုရင်း ဗိုလ်မင်းတော့ ပြန်လာပြီထင်တယ်၊ မြင်းတစီးစိုင်းလာတာဘဲ’

ဟု ပြောလိုက်သောအခါ ညှိုးနွမ်းနေသော ခင်တုန်း၏ မျက်နှာကလေးမှာ ဝိုးပြလတ်ဆတ်လာပြီး၊ ကလေးကို ကသီကရီပွေ့လျက် အိမ်ပေါက်ဝမှ ထွက်မြှော်ရှာလေ၏။

တည့်တည့်မတ်မတ် စိုင်းလာသော မြင်းစီးသူ အိမ်ကလေးအနီးသို့ ရောက်လာသောအခါ ထိုသူမှာ ခင်မောင်ညို၏ လူယုံတည်း စောချစ်ဦးဖြစ်နေသည်ကိုတွေ့ရသဖြင့် ခင်တုန်းမြင့်မှာ မိမိမျှော်လင့်တောင့်တနေသော ချစ်သူ၏မျက်နှာကို မမြင်ရသောကြောင့် ဝမ်းနည်းပက်လက် ဖြစ်ရရှာပြန်သည်၊ စောချစ်ဦး အိမ်ပေါ်သို့ ရောက်လာသောအခါ ခင်တုန်းမှာတုန်ရီလိုက်လှဲ့ ငိုတော့မည်သဲသဲ လေသံနှင့်...’

‘စောချစ်ဦး ဘယ်လိုများ အကြောင်း ထူးသလဲ မောင်တော့ ကျန်းကျန်းမာမာဘဲနော်’

ဟု ဆို၍ မေးလျှင် စောချစ်ဦးလည်း ပြည်းလေးစွာနှင့်....



‘ဟုတ်ကဲ့ ဆရာကျန်းမာ ပါတယ်၊ ကျွန်တော် ဒီကိုလာရတာကတော့ မမတို့ကိုသွားပြီး စောင့်ရှောက်နေရမယ်ဆိုလို့ လာခဲ့ရပါတယ်’

တုန်း။ ။‘မှန်မှန်ပြောပါ စောချစ်ဦး၊ မောင်တခုခု ဖြစ်သွားလို့များ ဒို့သားအမိကို လာစောင့်ရှောက်တာလား၊ မောင့်ကိုယ်တိုင်မလာဘဲ လူစေး လွှတ်လိုက်တယ်ဆိုတော့ မမမြင့် အသဲတုန်လှပေါ့ စောချစ်ဦးရယ်၊ မောင့်မှာဘေးအန္တရာယ်တွေကများလှန်းလို့’

ဦး။ ။‘စိတ် စနိုးစနောင့် မဖြစ်ပါနဲ့ မမရဲ့၊ ဆရာ ဘာမှမဖြစ်ဖြစ်တာအမှန်ပါ၊ ကျွန်တော့ကိုလွှတ်လိုက်တာကတော့ မမကို ဒီအရပ်ပို့ခဲ့ပြီးယခုထက်ထိတခါခေါက်မှသူကိုယ်တိုင်လာမကြည့်အားတဲ့အတွက် မိန်းမသားတွေချည်း ကြာရှည် ပစ်ထားလို့မဖြစ်ပါဘူး၊ စောချစ်ဦး ငါ့ကိုယ်စား မင်းတလှည့်သွားပြီးစောင့်ရှောက်လိုက်ပါဦးဆိုပြီး လွှတ်လိုက်ပါတယ်’

တုန်း။ ။‘မောင် ဘာမှမဖြစ်ဘူးအမှန်ဘဲနော်’

ဦး။ ။‘အမှန်ပါဘဲ ဆရာဘာမှမဖြစ်ပါဘူး၊ ဒီနယ်ထဲကို မလာနိုင်တာကတော့ ကုလားဖြူအစိုးရနဲ့ မောင်ခမောင်တွန်းတို့ ရန်က တနေ့တခြားကြီးမားလာ၊ ဆရာကလဲ မလျှော့နိုင်ဘဲ တသက်နဲ့တသက် အတိုက်အခိုက် အရှောင်အတိမ်းတွေ အင်မတန်မှ ရုပ်ပွေများပြားနေတဲ့အတွက်ပါဘဲ၊ ရှမ်းပြည်အခြေအနေကလဲ တမျိုးတဖုံ ပြောင်းလဲနေတော့ နေ့ကလဲ ရုတ်တရက်မထိုးထိ လာနိုင်စရာအခွင့်အလမ်း တော်တော်နှင့်ရဦးမည်မထင်လို့ ကျွန်တော့ကို ကြိုကြိုတင်တင်လွှတ်လိုက်တာပါဘဲ’

ခင်တုန်းသည် ညှိုးညှိုးငယ်ငယ်နှင့်ပင် ခေါင်းတငြိမ့်ငြိမ့် ညိတ် တေးနွားထောင်နေရာမှ....

‘ဒါနဲ့ သူ့လူတွေနဲ့ရော ဘယ်လိုနေသလဲ’

ဦး။ ။'သူ့ တပည့် ငယ်သားတွေတောင် ဈေးကလို စိတ်အား ထက်ထက်သန်သန် စီးစီး လုံးလုံးမရှိလှဘူးမရဲ့၊ မကြာခဏလဲ အတွင်းမီးတောက်ကြတယ်၊ သစ္စာဖေါက်ချင်တဲ့အကောင်ကတကောက်ကဲ့တဲ၊ အစိုးရကလဲ ဆုငွေ မဆန့်အတန့်ထုတ်ထားတော့ လောဘမသိမ်းနိုင်လို့ ဆရာ့ခေါင်းဖြတ်ပေးချင်တဲ့လူကလဲ မရှားပေဘူးပေါ့'

ဘုန်း။ ။'ဘုရား...ဘုရား...ကြားရချက်မသက်သာလိုက်ထာနော်၊ ဒီလောက်မဖြစ်နိုင်တဲ့ အလုပ်ကြီးကို မလုပ်ချင်ပါနဲ့ မောင်ရယ်၊ စိတ်လျှော့လိုက်ပါတော့လို့ အတန်တန် တောင်းပန်ပါရက်နဲ့ ခုထက်ထိ စိတ်မပျက်သေးပါကလားနော်...'

ဦး။ ။'ဆရာ့ငဲ့ကမဖြစ်မနေ အသက်နဲ့လဲ ယူမယ်တဲ့ ဘယ်သူမှပြောလို့မရဘူး'

ဘုန်း။ ။'အော်...သူ ဘယ်လောက်ကြာမှ လာမယ်ဆိုတာ မခန့်မှန်းနိုင်သေးတော့ ခလေးကလဲ ငယ်ငယ်နဲ့ ဒီ လူမနီးတဲ့ တောကြီးလယ်ခေါင်မှာ တာရှည်နေကြလို့ ဖြစ်နိုင်ပါ့မလား စောချစ်ဦးရဲ့'

ဦး။ ။'ဒီအတွက်တော့ ဆရာကလဲ သတိရပါတယ် မမရဲ့၊ တောထဲမှာနေရလို့ မဖြစ်ကြဘူးဆိုရင် ယောက်ခေါက်နယ် ပန်စန်ရွာက ထမ့်ကြီးဦးနန်းမျိုးအိမ်ကို ရွှေ့နေကြဖို့လဲ မှာလိုက်ပါသေးတယ်၊ ကျွန်တော်ကတော့ မမတို့အနားမှာ တဘဝါးမကွာ ဆိုသလို ရင်မြေကတုတ်လုပ်ပြီးစောင့်ရှောက်နေထိုင်ရမှာပါတဲ'

ဘုန်း။ ။'ကျေးဇူးတင်ပါတယ် စောချစ်ဦးရယ်၊ မမအတွက်တော့ ဘယ်နေရာမျိုးမှာ နေရနေရ ကိစ္စမရှိလှပါဘူး ဒီသားကလေးကိုငဲ့ညှာပြီး သက်ဆိုးရှည်အောင် ဂရုစိုက်မွေးရမဲ့ တာဝန်ကြောင့်ပါတဲ၊ အော်...မောင်ဟာ တိုင်းပြည်အတွက် ဘယ်လောက်စိတ်စောထက်သန်နေသလဲဆိုတာ ဒီသားကလေးမျက်နှာကို ဖြ



သလား မသိလား တခါမှ မမြင်ရရှာသေးတာ ချင့်ကြည့်တော့ကွယ်'

ဟု ပြောလျက် မျက်ရည်မစည်နိုင်အောင် အိုင်ထွန်းနေသော မျက်လုံးဖြင့် သားကလေးကို ကြည့်ရှုနမ်းပြီး ဝမ်းနည်းလှိုက်လှဲ ကြေကွဲဆွေးမြေ့စွာ ငိုရလေတော့၏။

* * *

သစ်ပင် ခြုံနွယ် များထူထပ်စွာ ပိတ်ဆီးရက်သန်းထား သော တောင်ကြားကြီး တခုအတွင်း၌ တောပုန်းသူပုန် တပ်သားတသိုက်သည် တောအလိုက် တောင်အလိုက် ကိုယ်စီကိုယ်ငှရှာဖွေရရှိထားသော သားငါးများကို မီးတိုက်ဖျက်ကင်ပြီး အနည်းငယ်စီ ဝေငှစားသောက်နေကြလေ၏။

အခြားတပ်သားများနှင့် ခပ်လှမ်းလှမ်းတွင် ထိုင်နေကြသောလူတစုအနက်မှ တယောက်က...

'ငတ်လိုက်တာလဲ လွန်ရောကွာ ဗိုက်မျှား ထမင်းနဲ့ ဝေးနေတာ သုံးလေးလလောက် ရှိပါပြီ'

ဟု ဆိုလိုက်လျှင် တယောက်က...

'အေးကွာ...ငါတို့တော့ လူပေါင်းမှားတာသဲဟေ့၊ ထမင်းစားဆိုလားလို့ အသက်နဲ့ ကိုယ်နဲ့ မြဲအောင်အတော်ပြေးရှောင်နေရပြီ'

တယောက်။ ။'ရှေးက ရွှေနန်းညီရဲ့ တပည့်ခံရတဲ့ ငသီးစိမ်နဲ့ အခု ဗိုက်ကွေ့ရောက်ရတာနှင့် မမျှတော့ပါဘူးကွာ၊ ဆင်းရဲလိုက်တာ'

တယောက်။ ။(တီးတိုးလေသံနှင့်)'ဟေ့ မဆင်းရဲချင်ရင် အလွယ်ကလေးပါကွာ၊ ဗိုလ်ဆရာရဲ့ခေါင်းက နှစ်သောင်း နှစ်သောင်းနဲ့ ဖြည်နေတယ်'

တယောက်။ ။'ခင်းမင်းတိုင်ခေါ်ကိုမှာ ကမ္ဘာဇီးလောင်ရင်သားသိုးတောင် ချနင်းရတဲ့ထုံးကို နှလုံးမူရတော့မလိုဖြစ်နေပါကလား'

ထိုအခိုက် အကောင်းပါးသော ရွှေစွန်ညိုသည် နောက်ကွယ်မှ ဘွားကနဲပေါ်လာပြီး အကောက်ကြံမည် ထင်ရသော အဆိုပါ တပည့်များအား ကြာပွတ်နှင့် ထအောဝင်ရိုက်လျက် ဒေါသအမျက် ပြင်းစွာထွက်သော မျက်နှာကြီးနှင့် စိုက်ကြည့်ကာ....

'ဟေ့....မင်းတို့ကတာလဲ သစ္စာဖောက်ချင်ကြသလား'

ဟု မေးရာ တပည့်များမှာ အသေအလဲ ကြောက်လှသဖြင့် အဖြေမှုပင်မပေးနိုင်ဘဲ ခေါင်းငုံ့ခံနေကြရတော့သည်၊ ရွှေစွန်ညိုလည်း ဒေါသမပြေသေးဘဲ ကြာပွတ်နှင့် နောက်တကြိမ် လှဲရိုက်ရင်း....

'ဟေ့....မင်းတို့ထဲက သစ္စာဖောက်ချင်တဲ့ အကောင်တွေသွား၊ နင်တို့ သတင်းပေးမှာလောက်ကို ငါမကြောက်ဘူး၊ နားလည်လား'

ဟု ပြောလျှင် အရိုက်ခံရသော လူစုထဲမှ ပန်ခတွေး ဆိုသော တပည့်က ရွှေစွန်ညို၏ ခြေကိုဖက်ပြီး....

'ဆရာ....ချမ်းသာပေးပါဆရာ ဒီအထဲ ကျွန်တော် မပါပါဘူး၊ သူတို့ဟာသာ ပြောနေကြတာပါ၊ ကျွန်တော် ဘယ်အခါမှ ဆရာ့အပေါ် သစ္စာမဖောက်ပါဘူး၊ သေမကွဲ ရှင်မကွာ ဆရာနှင့်အတူ ဖက်နေမှာဆရာရဲ့'

ဟု ပြောသောကြောင့် ပန်ခတွေးမှာ အရိုက်အနက်မှ သက်သာရာရသွားလေသည်၊ အခြားတပည့်များမှာမူ ခေါင်း မဖော်ဝံ့အောင် ပြားပြားဝပ်လျက် ရှိလေသတည်း။

ရွှေစွန်ညိုသည် စိတ်အလျောက် ရိုက်နှက်ပြီးသောအခါ ကြာပွတ်ကို လွှင့်ပစ်ခဲ့လျက် မိမိတဲစခန်းရှိရာသို့ ပြန်လာခဲ့သည်၊ မိုက်မဲသူများပင်ဖြစ်ကြစေကာမူ မိမိကိုအမှီပြု အားထားနေကြရှာသော တပည့်များဖြစ်၍ ဤသို့ရိုက်နှက်လိုက်ရသည်များကို သနားဂရုဏာ သက်ပါ စိတ်မကောင်း ဖြစ်သွားရပြန်လေ၏။

ခင်မောင်ညိုမှာ ကာယကံ ရှင်မင်းသားကြီး ဆုံးရှုံးသွားရုံမက



မိမိနှင့်စိတ်တူသဘောတူအကူအညီရှိနေသော စော်ဘွားကြီးများပါ လက်လွတ်သွားလျက် မိမိတဦးတည်း နောက်လိုက် ငယ်သား အများနှင့် လုံ့လမလျှော့ ကြိုးစားမည် ပြုရာတွင်လည်း ဆရာတော်၊ သံဃာတော်ကြီးများက ငြိမ်းချမ်းရေးအမြိုက်တရားနှင့် ဆုံးမထားခြင်းကြောင့် နောက်လိုက်ငယ်သားမတိုးပွားတော့ဘဲ ရှိပြီးတပည့်ကလေးများနှင့် အားခဲ၍ နိုင်နိုင်ကြဲကြဲပိုင်းမည်အပြုတွင် တပည့် အချို့က ထိုသို့သစ္စာဖောက်ချင်ယောင်ယောင် စကားမျိုး ပြောနေကြသည်ကို ကြားရပြန်သောအခါ ဒေါသမထွက်ဘဲမနေသာတော့ချေ။ မိမိကိုယ်တိုင်က အသက်အမျှချစ်လှသော ဇနီးသည် ဝင်းဘုန်းအား လပေါင်းများစွာကုန်လွန်လျက် 'နုစ်' ပိုင်းဘက်သို့ ရောက်သည်အထိ ပြန်လှည့်၍မျှ မကြည့်ခဲ့နိုင်ဘဲ တိုက်မှ ခိုက်မှ ပုန်ကန်မှုထဲတွင်သာ အချိန်ကုန်ခဲ့စေပါလျက် တပါးသူများက တာဝန်မေ့လျက် သစ္စာဖျက်ကြသည်တို့ကြောင့် စိတ်အလိုမကျတိုင်း အုံ့မှိုင်းညို့ဆိုင်းသော ကောင်းကင်ပြင်ကဲ့သို့ အစဉ်မပြတ်ညှိုးမဲ့လျက် မျက်နှာထားခက်ထန်လျက်ရှိသလေ၏။ ထို့ကြောင့် မိမိတဲခန်းကလေး အတွင်းတွင် တကိုယ်တည်းတွေတွေကြီးထိုင်လျက် ရှေ့အဖို့ မည်သို့ မည်ပုံ ဆက်လက်စခန်းသွားရန် နည်းလမ်းများကို တွေးတောခါ၊ ပုရပိုဒ်ဖြူတခုနှင့် ရေးသားထားသော မြေပုံတခုကို အချိန် အတန်ကြာသည်တိုင်အောင် စိတ်ဝင်စားစွာ ကြည့်ရှုလျက်ရှိသလေ၏။ မိမိ ထိုင်ရာ ငြိမ်သက်နေသလောက် တပ်စခန်းကလေး တခုလုံးလည်း ငြိမ်သက်တိတ်ဆိတ်လျက်ရှိလေသည်။ အကြံသမား ပန်ခတွေးသည် ထိုသို့ငြိမ်သားကောင်းနေစဉ် သစ်ခက်တဲငယ်၏နောက်ပေါက်မှတစ် တစောင်း ချောင်းမြောင်းကြည့်ရှုလိုက်သောအခါ တဲအတွင်းတွင် ခင်မောင်ညိုတယောက်တည်း မိမိဘက်ကို ကျောခိုင်းထိုင်လျက် မလှုပ်မရှက်ငြိမ်သက်သော ကျောက်ရုပ်ပမာ ပုရပိုဒ်ဖြူတခုကို စူး

စိုက်စွာ စိတ်ဝင်စားကြည့်ရှုနေသည်ကို တွေ့ရသည်တွင် ကံအားလျော်စွာ အချက်ကောင်းတခုတွေ့ရလေပြီဟု ခါးကြားထဲမှ အသင့်ပါလာသော ဒါးမြှောင်ကို စမ်းမိလေ၏။ ပန်းတွေး၏ မျက်လုံးသည် ရွှေစွန်ညို၏ခေါင်းထဲမှ နှစ်သောင်းမျှသော ငွေထုပ်ကြီးထွက်လာသည်ကို ထင်ကြီးထင်မြင်မိသည်။ မိမိနေရပ်တွင် အတော်ကြာ အပြတ်ပြတ်နှင့် ကျန်ရစ်ခဲ့သော ခလေးငါးယောက်နှင့် မယား မိနှင်းပေါက်ကိုလည်း ကွင်းကွင်းကွက်ကွက်ကြီး ပေါ်လာပြန်သည်။ အထေ်မခံနိုင်သည့် အဆုံးတွင် ဆရာ့ခေါင်းကို ငွေနှစ်သောင်းနှင့် ရောင်းစားရတော့မည်ဟု ကြံစည်စိတ်ကူးမိသည့်အချိန်ကစပြီး နေ့နှင့်အမျှ အချက်ကောင်းကို ချောင်းလာခဲ့သည်မှာ ယခုအချိန်ထက်သာသော အချိန်အခါကောင်းမျိုးကိုတကြိမ်တခါမျှ မတွေ့ရခဲ့ပေ။ မိမိဆရာကို ပုန်မကာန်ရဲသော်လည်း လောဘသူရဲကြီး စီးလျက်ရှိပြီဖြစ်သောကြောင့် မဝံ့တဝံ့ပင် စွန့်ရတော့မည်ဖြစ်ရကား၊ ခါးထဲက ဒါးရိုးကို ခိုင်မြဲတင်းကြပ်စွာ ဆုတ်ကိုင်ပြီး ရွှေစွန်ညို၏အနီးသို့ တဖြည်းဖြည်းကျားချောင်းသကဲ့သို့ တိုးချီတိုးချီလာလေသည်။ ခင်မောင်ညိုကား ဤမျှရန်သူနီးကပ်နေသည်ကို မသိဘဲ မြေပုံကို ဇွဲကြီးစွာ ကြည့်နေရိုက်ဖြစ်လေ၏။

ရွှေစွန်ညို ဤမျှ ငြိမ်သားကောင်းလေ ပန်းတွေးမှာ အခွင့်အရေးသာလျက်ရှိလေရာ သေမင်းကြီးမှာ ဝမ်းမြောက်သော မျက်နှာနှင့် မနီးမဝေးမှ လက်ပိုက်ခါ ကြည့်နေသကဲ့သို့ ရှိလေသည်၊ ပန်းတွေးလည်း ရွှေစွန်ညိုနှင့် မြေနှစ်လှမ်းလောက်အသို့တွင် ဒါးမြှောင်ကို အိမ်မှ ဆွဲချွတ်လေ၏၊ လူသွေးကို စားရဘို့ ဆာဆာရှိသော ဒါးမြှောင်ကလေးမှာ ဒါးအိမ်ထဲမှ ဝင်းဝင်းလက်လက်နှင့် ထွက်လာသော ပေါ်လာလေသည်၊ ထိုခဏ၌ အပြင်မှ ခြေသံများနှင့် စကားပြောသံများပေါ်အထူး၊ လူတသိုက် တဲအတွင်းသို့ ဝင်လာသည်



နှင့်တပြိုင်နက် ငြိမ်သက်နေသော ရွှေစွန်ညိုလည်း သက်ဝင်လှုပ်ရှားလာခါ ဝင်လာသူများကို ခေါင်းမော်ကြည့်လိုက်သောကြောင့် ထိုးဖို့ဆဲဆဲ ဒါးရိုးကိုဆွဲနုတ်နေသော ပန်းတွေးမှာ ရုတ်တရက် ကိုယ်ရှိန်သတ်ခါ အမူအရာပြောင်းလျက် ဝင်လာသူများ အသင်မမှားစေရန် ဆရာ့အနီးတွင် ဝတ်ကြီးဝတ်ငယ် ပြုစုနေသော တပည့်ကောင်းတယောက်ပမာ အမျှားနှင့် ရောညာ နေလိုက်ရလေ၏။

ဝင်လာသူများမှာ ခင်မောင်ညို၏ လက်ထောက် သုပုန် ထပ်ဗိုလ်မှူးကလေး နှစ်ယောက်နှင့် နောက်လိုက်တို့ဖြစ်လေ၏၊ ခင်မောင်ညိုသည် စိတ်ပျက်ပျက်နှင့် အတွေးကောင်းနေရာ၊ ဗိုလ်မှူးကလေးတို့ လူသိုက်ကိုမြင်ရသောအခါ ၎င်းတို့မှာလည်း ခရီးကလောက်ထက်သန်ပုံရဘဲ စိတ်ဝပ်ပျက်ပျက်နှင့် သက်ပြင်းချချသော မျက်နှာမျိုးများနှင့် ဝင်လာကြပြီး ခင်မောင်ညို၏ ရှေ့တည့်တည့်တွင် အေးအေး ဆေးဆေး လေးလေး လံလံကြီး ဝင်ထိုင်ကြသောကြောင့် အရေးတကြီး တိုင်ပင် ဆွေးနွေးရန် မပေါ်သေးကြောင်း အကဲခတ်မိလေ၏။

ဗိုလ်မှူးကလေး။ ။'ဆရာရေ...ဘာလိုလိုနဲ့ ယခု ကျွန်တော်တို့ တသိုက်သာ သုပုန်အဖြစ်နဲ့ ကျန်ရစ်ကြတော့တယ်၊ အင်မတန်သွေးနည်းတဲ့ လူတွေဘဲ'

ညို။ ။'တတိုင်းတပြည်လုံး ကုလားလက်အောက်ဝင်ပြီး ကျွန်တော်မျိုး ခံချင်ခံကြပါစေ အားမလျှော့ဘူး၊ နောက်ဆုံး ငါတယောက်ထဲ ကျန်ရစ်တဲ့အချိန်ထိအောင် တိုက်မယ်'

ဗိုလ်မှူးတယောက်။ ။'ဒါမျိုး ဆိုတာလဲ အခက်သားဘဲ တယောက်တည်းနဲ့ မဖြစ်ဘူး ထင်တယ်ဆရာ၊ အင်ကြီးအားကြီးနဲ့ အများတညီတညွတ်ထဲ ထလုပ်ကြမှဖြစ်နိုင်တာမျိုးဘဲ စဉ်းစားပါဦး'

ရွှေစွန်ညိုလည်း ဖြစ်ရပ်မှာ တစတစ နစ်မှုန်းမသိ နစ်လာ

ကြောင်းသိရလေ၊ ခေါ်သမသိမ်းနိုင်အောင် စိတ်ခက်ထန်လာလေ ဖြစ်ရကား....

'ယေ့....ယေ့ စဉ်းစားပြီးသားကွ၊ ငါ့အသက်ကို ကိုင်းမြည် အတွက် မရေက်ချထားတယ်၊ ဘယ်တော့မှ နောက်ဆုတ်ဘို့ မတွေး ဘူး၊ မင်းတို့မကျေနပ်ရင် ထွက်သွားကြ'

ဟု ခေါက်လိုက်လျှင် သူ့ပုန်ဗိုလ်ကလေး နှစ်ယောက်မှာ နောက် ထပ် စကားမဆက်ဝံ့ဘဲ ငြိမ်သွားလေ၏၊ ရွှေစွန်ညိုလည်း အရာရာ မျိုး စိတ်တိုင်းကျ မဖြစ်ရတိုင်း တက် တခေါက်ခေါက် ဆဲတခဲခဲနှင့် ပင် တဲကလေးအတွင်း ခေါက်တုန့် ခေါက်ပြန် စကြိန်လျှောက်နေလေ သတည်း။

* * *

တနေ့သော ညဦးယံအခါ ရွှေစွန်ညိုလည်း ပန်တွေးနှင့် မြင်း နှစ်စီးယှဉ်ကာစီးလျက် နောက်ပါ မြင်းစီးသူပုန် တပ်သားအချို့နှင့် မီးထုပ်များကိုယ်စီထမ်းကာ တောတန်းတရှောက် မြေလမ်းကလေး အတိုင်း လာနေကြလေ၏။

ကုန်းမြင့်ကလေးတခုသို့ ရောက်သောအခါ ရွှေစွန်ညိုက မြင်း ကိုခေတ္တရပ်လျက် အရှေ့သို့ လှမ်းမျှော်ကြည့်ရင်း....

'ယေ့....ပန်တွေး ဘယ်မလဲ'

ဟု မေးလေ၏၊ ပန်တွေးသည်၊ တဘက်သော တောတန်းက လေးဆီသို့ လက်ညှိုးညွှန်ပြခါ....

'ဟိုတောထဲက မီးကလေး မှိတ်တုတ် မှိတ်တုတ် ဟာဘဲဆရာ၊ ဒီ ကောင်တွေ တညလုံး ဒီနေရာမှာ စခန်းချပြီး မနက်စောစောစီးစီး မှ မိုးနဲ့အရောက်သွားကြမှာဘဲ'

ညို။ ။'မင်းပြောတဲ့အတိုင်း လက်နက်တွေ ပါလာတာအမှန် ဘဲနော်'



တွေး။ ။'အမှန်ပါဆရာ ကျွန်တော့မျက်လုံးနဲ့ အသေအချာ ကြီးကို မြင်ရတာပါ၊ လက်နက် ခဲယမ်းမီးကျောက် အပြည့်အညှပ်တဲ့ ဂုံးသေတ္တာကြီးတွေ အလုံးသုံးဆယ်လောက်ပါ ပါတယ်၊ မိုးနဲ့စစ် တပ်ကြီးမှာ လက်နက် ခဲယမ်းမီးကျောက် နည်းသွားလို့ နေပြည် တော် ကုလားမြို့တပ်က နောက်ထပ်ပို့လိုက်တာပါ'

ညို။ ။'ဒို့မှာ လူအား လက်နက်အား နည်းနေတဲ့အခိုက် ဒါ တွေကို ရလိုက်ရင်တော့ ဘာမှကြောက်စရာမရှိဘူး'

တွေး။ ။'ကြိုးစားပါဆရာ၊ဒါမှ ကျွန်တော်တို့ နောင်ရေးအ တွက် အေးရပါမယ်'

ညို။ ။'သူတို့ဘယ်လောက်များသလဲ'

တွေး။ ။'ဟာ....မများပါဘူး၊မိုးနဲ့တပ်က လွှတ်လိုက်တဲ့ လမ်းပြ တပ်သား နှစ်ဆယ်လောက်သာ ရှိပါတယ်၊ ဟိုက ပါလာတဲ့ကုလား တွေကတော့ ဒီတောတောင်အကြောင်းမသိတဲ့ အစိမ်းတွေဘဲ၊ ဂရု မစိုက်လောက်ပါဘူး'

ညို။ ။'ဒါဖြင့် ဒို့က ချောင်ချောင်ကလေး ဝိုင်းတိုက်လိုက် ရုံဘဲ'

တွေး။ ။'ဟုတ်တော့ ရှိတယ်ဆရာ၊ မောင်မောင်ထွန်းတို့ လူစု ကလဲ တော်တော်ပါးတဲ့ဟာတွေ၊ မတော်တဆများ လာကြိုနေရင် ကျွန်တော်တို့နဲ့ 'တယ်'နေရအုံးမလား မပြောတတ်ဘူး'

ညို။ ။'တယ်' ချင် 'တယ်'ရပါစေကွာ၊ ဒီလောက်များပြား တဲ့ လက်နက်ခဲယမ်း မီးကျောက်တွေရဘို့အတွက်ကတဲ့ ခက်ခက်ခဲခဲ ကလေးလဲ ရှုံးစားပေးရ ပေမှာပေါ့'

တွေး။ ။'ကဲ....ဒါဖြင့် လာဆရာ၊ သူတို့ခမ်းနင့်နီးလာပြီ၊ လူ တွေကို ဒီမှာရပ်းမှ နှစ်ဘက်ညှပ်ပြီး တတပ်လုံးကို ဝိုင်းရမယ်'

ခင်မောင်ညိုသည် တပည့်များကို အချက်ပေး၍ ရှုံးစေ၏၊

တောကြိုးခေါင်ခေါင်၏ မဲမှောင်သော ညှို့အုံ့၌ မြင်းစီးသူပုန်တပ်သားများ ကိုင်ဆောင်လာသော မီးရှူးတိုင်ကြီးများမှာ အဝေးမှ နေ၍ကြည့်လျှင် တောင်စဉ်ဆောင်ခေါ်ပန်းတိုက်သို့တောမီးလောင် နေသည်ဟု ထင်ရလေသည်။

ရွှေစွန်ညိုနှင့်ပန်တွေး ရှေ့ဆောင်လာသော သူပုန်တပ်သည် တောင်ကြားလမ်းတစ်ခုသို့ ဆင်းသက်ခါ ရှေ့မလှမ်းမကမ်းတွင် တွေ့မြင်နေရသော မီးရောင်လဲ့လဲ့ကလေးရှိရာသို့ တဖြေးဖြေးချောင်း မြောင်းချီတက် သွားလျက်ရှိ၏၊ တောင်ကြားလမ်း တဘက်တချက် ကျွန်းမြင့်ပေါ်မှ မောင်မောင်ထွန်း ခေါင်းဆောင်ကာ လက်နက် ကိုယ်စီနှင့် မှောင်ရိပ်၌ အသင့်စောင့်လျက်ရှိသော မြင်းစီးစစ်သား များသည်လည်း တောင်ကြားလမ်း အနီးမှထဲမှမီးတုတ်တလက်လက်နှင့် ချီတက်နေသည့် ရွှေစွန်ညိုတို့ လူစုအား တဖြေးဖြေးနှင့် လေးဘက် မှ ဝိုင်းမိစေရန် တောင်ဆင်း တောင်တက်ကျွမ်းကျင် လိမ္မာသော ရှမ်းမြင်းများကို အသာတရ ဇက်သပ်ပြီးတောင်ကြားလမ်းရှိရာသို့ ဆင်းလျက်ရှိလေ၏။

မောင်မောင်ထွန်းသည် ရှေ့ဆုံးမှ ကုလားဖြူစစ်ကြပ်တဦး စီး သော မဂရစ်မြင်းကြီးကိုစီးကာ မကြာခဏအဝေးသို့ လည်ကိုဆန့် ကြည့် မျှော်လျက်ရှိ၏၊ ထိုအခိုက် တောင်ကြားလမ်းတွင် သွားနေ သော သူပုန်တပ်သားများ၏ မီးရောင်များ အနက်မှ မီးတုတ် တခု သည် အခြားမီးတုတ်များထက် အတန်ငယ်မြင့်တက်လာပြီး တောင် မြောက် ယိမ်း၍ပြလိုက်သည်ကို တွေ့ရသည်နှင့်တပြိုင်နက်....

'ဟေ့ တက်ကြတော့'

ဟု အချက်ပေးလိုက်ရာ နောက်ပါ မြင်းစီး တပ်သား တစုတို့ လည်း သူပုန်တပ်သားများအား မှောင်တိုက်မှ ဘွားကနဲ ထွက်ခါ ရုတ်တရက်စွာ ထိုးခုတ်ဆုတ်ဖြတ်ကြလေသတည်း။



ရွှေစွန်ညိုနှင့် တပ်သားတစုတို့မှာ ရုတ်တရက် မမြော်လင့်ဘဲ ရုတ် ဆိုင်တွေ့ရသော အရေးဖြစ်၍ ပါသမျှ လက်နက်တို့နှင့်ခုခံရင်း ဝိုင်း မိသော အစိုးရစစ်သားများအကြားမှထိုးဖေါက်ကျော်နင်းပြီး ခြေ ဦးတည့်ရာသို့ မြင်းနှင့်တလကြွစ်၊ ဝိုင်းနှင်ပြေးရတော့သည် ဖြစ်ရာ သူပုန်တပ်သားတို့မှာ စုရုံးသိမ်းသွင်းမရသဘဲ ဖရိုဖရဲနှင့် အကွဲကွဲ အပြားပြား ဖြစ်သွားကြလေသည်။

ရွှေစွန်ညိုမှာလည်း တိုက်ခိုက် ခုခံရင်း တပ်အတွင်းမှ ထွင်း ဖေါက် ပြေးလာရတော့သည်ဖြစ်ရာ၊ ပန်တွေးမှာ ရွှေစွန်ညိုအပါးမှ တသာဝါးမခွါဘဲ မြင်းခြင်းယှဉ်ကပ်ခါ အတူလိုက်လာခဲ့သေး၏။

ရွှေစွန်ညိုသည် မိမိနှင့် တပ်သားအချို့ လွတ်မြောက် လာသော် လည်း နောက်ဆိုလှည့်ကြည့်လိုက်သောအခါ တဝိုင်းဝိုင်း မြည်နေ သော သေနတ်သံများနှင့်တကွ မှောင်ထဲတွင် ဟိုမှဒီမှ ဖရိုဖရဲ ပြေး လွှားခဲ့ရနေကြသော မီးတုတ်များကို မြင်ရသဖြင့် တပည့်များကို ငဲ့ညှာကာ ကိုယ်လွတ် မရုန်းရက်အောင် ရှိရှာတော့သည်၊ ထိုအခိုက် မှာပင် မောင်မောင်ထွန်းအသံနှင့်တကွ...

'လိုက်ဟ...ဟိုဘက်ပြေးတယ် ရှေ့ကဆီးဝိုင်းထား'

စသော အသံများနှင့် နီးကပ်လာသော မြင်းခွါသံ သေနတ်သံ များကို ကြားရပြန်လျှင် ပန်တွေးသည် ရေကြီးသုတ်ပြာနှင့်...

'ဟော...ဆရာ လိုက်လာကြပြီ၊ ဆရာသာ လွတ်အောင်ပြေးပေ တော့၊ ကျွန်တော် ဒါးစာခံလုပ်ပြီး ဒီကောင်တွေကို လမ်းလွှဲခေါ် သွားမယ်၊ ဆရာ...ကဲ...ကဲ...ပြေးပါ ပြေးပါ ဆရာက အရေးကြီး ပါတယ်'

ဟု ပြောပြီး ခင်မောင်ညို စီးသောမြင်း၏ တင်ပါးသို့ ပန်တွေး ကတားအားရိုက်လွှတ်လိုက်သောကြောင့် ပြေးရသည်ဆိုသော စကား ကို အသုံးမခံလိုသည့်ရွှေစွန်ညိုမှာ မြင်းဆွဲရာသို့ ပါသွားလျက် ပန်

ထွေးကိုလည်း ဆရာအတွက် သစ္စာရှိသော တပည့်ကောင်းတယောက်ဟု အထင်ရောက်ရှိသွားလေ၏။

ရွှေစွန်ညို၏မြင်း မှောင်တိုက်ထဲတွင် ပျောက်ကွယ်သွားသောအခါ တဦးတည်းကျန်ရစ်ခဲ့သော ပန်ထွေးသည် အခြားလမ်းသို့ကော့မပြေးတော့ဘဲ မှောင်ထဲမှ မီးထုတ်ကြီးကို အသာကိုင်မြှောက်လျက် တချက်တချက် ပိုဝိမှုရမ်း၍ ပြလိုက်လျှင်....

'လိုက်ဟဲ့ ဖမ်းဟဲ့'

ဟုဆူညံစွာလာနေသော မောင်မောင်ထွန်းတို့ လူအသိုက်သည် ပန်ထွေးအနီးသို့ ဆိုက်ရောက်ခဲ့လေ၏။

ထွန်း။ ။'ဟေ့ကောင် ဘယ်မလဲ ဘယ်ပြေးသလဲ'

ထွေး။ ။'ဒီလမ်းတည့်တည့်အတိုင်း ပြေးလေရဲ့ လမ်းအဆုံးမှာ ချောက်ကြီးခံနေတယ်၊ ဘယ်မှဆက်မပြေးနိုင်ဘူး မြန်မြန်သာလိုက်ကြပေတော့....'

မောင်မောင်ထွန်းခေါင်းဆောင်သော မြင်းစီးတပ်သားတသိုက်သည် ရွှေစွန်ညိုပြေးရာလမ်းအတိုင်း တလကြမ်းလိုက်သွားကြလေလျှင် ပန်ထွေးလည်းမပ်အေးအေးပင် မြင်းဇက်ကိုလျှော့စီးကာ သူ့တပ်စခန်းကလေးရှိရာသို့ ပြန်ခဲ့လေသတည်း။

ရွှေစွန်ညို၏မြင်းသည် ရှေ့ကဆိုင်းပြေးလျက် နောက်ကလိုက်သူများကလည်း အရေးတကြီး အပြေးလိုက်လျက် ရှိလေရာ ညဉ့်အချိန်မှာ တစတစ ကုန်ခန်းလျက် နံနက်အချိန်သို့ အလင်းရောင်လုလျက်ရှိလေသည်။ နံနက်စောစော ထူပြောသော နှင်းတို့အကြားတွင် ပြေးသူနှင့် လိုက်သူတို့မှာ မြင်းခွာသံကိုသာ နားစွင့်၍တွင် ဆောင်အလုပ်လုပ်ကြရလေ၏၊ တောင်တက်တောင်ဆင်း အပြင်းနှင်လျက်ရှိကြရာမှ ခရီးတိုင်တာလည်း အဘယ်မျှ ပေါက်ရောက်လာလည်းဟု မခန့်မှန်းနိုင်ရှိလေ၏။



ထိုနှင့် နောက်ဆုံးနေထွက်တပြူ ရှိလာသောအခါ ပြေးသူနှင့် လိုက်သူတို့မှာ တဦးနှင့်တဦး မြင်သာထင်သာရှိနေရုံမက ရှေ့က ပြေးစိုင်းနေသော ရွှေစွန်ညို၏ မြင်းရှိရာသို့ နောက်က ပြေးစိုင်းလိုက်လာကြသော မောင်မောင်ထွန်းတို့လူစုမှာ လှံများဓါးများနှင့် ပစ်ပေါက်ပြီး သေနတ်များနှင့်လည်း အဆက်မပြတ်အောင် ပစ်ခတ် လိုက်လာကြလေသည်။

မို့လှူမိုခင်နှင့်ပင် အစဉ်အတိုင်း မြင်းကိုရှေ့သို့သာ တအားစိုင်း၍ ပြေးခဲ့ရသည်ဖြစ်ရာ နောက်ကပစ်ခတ်ကြသော လက်နက်များမှလည်း ရွှေစွန်ညို၏အနီးတွင် ဝီကနဲ ဝီကနဲ ကပ်သီဖြတ်သန်းကျရောက်လျက်ရှိရကား၊ နောက်တကြိမ်တွင် မောင်မောင်ထွန်းလက်မှ အကွက်ကောင်းချိန်၍ ပစ်လိုက်သော သေနတ်တချက်မှာ ရွှေစွန်ညို၏ပခုံးစွန်းသို့ ထိမှန်တွင်းဖေါက်သွားသဖြင့် ပြေးချင်းလွှားရင်း သွေးဖျင်းဖျင်းကျလာလေ၏။

ခင်မောင်ညိုမှာ တညဉ့်ပတ်လုံး မရပ်မနားပြေးလွှားလာခဲ့ရ၍ ပင်ပန်းလှသည် တကြောင်း၊ ပခုံးစွန်းမှ သေနတ်ဒဏ်ချက်မှာ အကြမ်းခံနိုင်ရည်ရှိသော ရွှေစွန်ညို၌ ဒါတိုင်းကဲ့သို့ အပယ်ကာ ဒါဏ်ရာမျိုး ပင် ဖြစ်စေကာမူ ဇက်တိုက် ပင်ပန်းခဲ့ရသော အရှိန်ကြောင့် တသက်သက်နှင့် အောင့်ချက်ဆိုးလာပြီး၊ နောက်က ရန်သူများနှင့်လည်း မိုလှုမိုခင်နီးကပ်နေသောကြောင့် အရှိန်ပြင်းစွာ ဆက်သက် ပြေးလာခဲ့ရတော့သည်။

ယင်းသို့ ပြေးရင်းလွှားရင်းမှာပင် တနေ့၌ ခင်မောင်ညိုမှာ ကြီးစွာသော အခက်အခဲနှင့် တွေ့ရပြန်လေ၏၊ ထိုအခက်အခဲမှာ ပြေးစိုင်းလာသော မိမိမြင်းသည် ရှေ့သို့ဆက်လက်သွားစရာမရှိတော့ဘဲ မြင့်မားသော ချောက်ကမ္ဘားကြီးထိပ်သို့ ရောက်နေသည်ကို တွေ့ရပြီး ချောက်ကမ္ဘားကြီးမှာလည်း မြေပြင်ရှိုးရှိုးမဟုတ်ဘဲ တ၈၀ ၉၀ ၊

အရှိန်ပြင်းစွာ ကျဆင်းနေသော ရေတံခွန်ကြီးနှင့် ရေစီးသန်လှသော ချောင်းကြီးတခု ဖြစ်နေသည်ကိုတွေ့ရလေ၏၊ ခင်မောင်ညိုမှာ ရင်ဆိုင်တွေ့ရသောအခက်အခဲကို မည်သို့ဖယ်လှဲ့ ရှောင်တိမ်းရမည်ဟု မစဉ်းစားသာအောင် ရှိလေသည်၊ တဘက်သို့ ကူး၍ပြေးရန်မှာလည်း မနောက်ဆီမှ ဝက်ခေါင်းထိုး ချီတက်လိုက်လာကြသော မောင်မောင်ထွန်းတို့ မြင်းတပ်များ ၃ မျက်နှာတွင် အနှံ့ ဖြစ်နေပြီး တအားစ မိမိနှင့် နီးလာရုံမက….

'လိုက်ကြပေ၊ ဗိုင်းထားကြ မလွတ်စေနဲ့၊ မပြေးနိုင်ဘူး၊ ဟိုမှာ ရပ်နေပြီ'

ဟုသောအသံတွေလည်း ဆူညံစွာကြားရမြန်သည်၊ ခင်မောင်ညိုသည် နောက်နောက်ဆီမိသာချင် အရေးသာ အနိုင်ရခဲ့သော မောင်မောင်ထွန်း၏ ဖမ်းဆီးခြင်းကို မည်သည့်နည်းနှင့်မျှ မခံနိုင်ပေ၊ ထိုအချင်သော သတ္တိကင်းမဲ့၍ ကောက်ကျစ်စဉ်းလဲသူ တဦးကို အညံ့မခံ…ဟူသော ဇာတိမာန်နှင့် လျင်မြန်စွာ မြင်းပေါ်မှဆင်းလျက် မြင့်စောက်လှသော ကမ်းပါးကြီးထိပ်မှ ရေထဲသို့ ပေါ့ပါးစွာ ခုန်ချလိုက်လေသည်၊ ဗိုင်းမိပြီဟု ပြေးလိုက်လာသော မောင်မောင်ထွန်းတို့ မြင်းတပ်များ ကမ်းပါးထိပ်သို့ရောက်သည်နှင့် တပြိုင်နက် ခင်မောင်ညိုမှာ ကျောက်လုံးကျောက်ဆောင်များကို အဟုန်ပြင်းစွာ တိုက်ဝင်စီးဆင်းနေသော ကျယ်ပြန့်လှသည့် ချောင်းရေအယဉ်ထဲတွင် အဆီးအတားအတွယ်အတာမရဘဲ မြုပ်ချီပေါ်၍ ဒလိမ့်ခေါက်ကွေး မျောပါသွားသည်ကို တွေ့မြင်ရကား ကမ်းပါးထိပ်မှ ခါးထောက်ခါ ကျေနပ်ဝမ်းမြောက်သော မျက်နှာနှင့် တပြုံးပြုံးခေါင်းငြိမ့်နေသူ မောင်မောင်ထွန်းသည်….

'ဟား ဟား ဟား ခွေးမသား ခုမှလုပ်ကိုက်ဇာတ်သိမ်းသွားတော့တယ်'



ဟုပြောပြီး မိမိမြင်းတပ်ကြီးကို ခေါက်လျက် မိုးနံ့မြို့အရောက် ပြန်ခဲ့လေသတည်း။

* * *

**အခန်း ၁၉။** နေဝင်ဆည်းဆာ အချိန်လောက်တွင် ရေစီးအတန်ငယ် ငြိမ်သက်၍ ရေပြင်ကျယ်ပြန့်သော နေရာတခုတွင် ခြေကုန်လက်ပန်းကျစွာနှင့် မြောပါလာသော ခင်မောင်ညိုမှာ ကမ်းခြေမြင်ရာဘက်သို့ အားအင်ရှိသမျှနှင့် ကြိုးစား ကူးယက်၍နေခဲ့ရာ မကြာမီ ကမ်းခြေရေတိမ်ရာသို့ ရောက်လာလေ၏၊ ထိုအချိန်တွင်ကား ရေစီးထဲတွင် သေဘေးမှ ရင်ဆိုင်ခုခံရခြင်းမရှိတော့သည်ဖြစ်၍ စိတ်အေးသွားရာ ကိုယ်လက်တို့ကို မသယ်ချင်တော့ဘဲ စိတ်ကိုလျှော့၍ ရေတိမ်ကမ်းစပ်ကလေးတွင် သစ်မြစ်တခုကိုမှီ၍ အနားယူလိုက်ရပြီး ဒေါ့အတိုသို့လည်း ဆိုးဆက်၍ မသွားလိုတော့ဘဲ ဤနေရာတွင်ပင် အမောမပြေသမျှ အားအင်မပြည့်သမျှ နေလိုက်တော့မည်ဟု စိတ်ပိုင်းဖြတ်လေ၏။

မိမိပြေးလာခဲ့ရသည်မှာ ဘယ်အရပ်သို့ ရောက်လာခဲ့သည် မသိနိုင်တော့ချေ၊ ယမန်နေ့က တညဥ့်လုံး တောအထပ်ထပ် တောင်အထပ်ထပ်တွင် မရပ်မနား မြင်းနှင့် တအား စိုင်းခဲ့ရလျက် ဤနေ့အဖို့သည်း နံနက်သင်းစကာ ညနေဝင်အထိ ရေထဲတွင် တနေကုန်မျောပါလာခဲ့ရသည့်အတွက် ခရီးအတော် ပေါက်နေပြီဖြစ်၍ မောင်မောင်ထွန်းတို့ရန်ကို စိုးရိမ်ရန်မရှိဟု စိတ်ချမိသည်၊ ဘသည့်များအတွက် စဉ်းစားလိုက်သောအခါ သင်းတို့တတွေ ဘယ်လိုဖြစ်နေရစ်ရှာမလဲ ဟု စိတ်ထဲတွင် ဂရုဏာသက်ကင်း နောက်ဆန် ထင်းလိုက်မိလေသည်။

ထိုနှင့် ဒဏ်ရာ ကလည်း ကိုက်ခဲ နာကြင်လာသည် ဖြစ်သော ကြောင့် လက်နှင့်ပိန်ပိပြီး လူနေအိမ်ခြေများ ရှိလိုရှိငြား အနီးပတ်

ဝန်းကျင် တစ်ဝိုက်သို့ လှမ်းမျှော်ကြည့်လိုက်မိလေသည်။ ထိုခဏ၌ ခင်မောင်ညို၏ မျက်လုံးများမှာ ဝင်းထိန်တောက်ပလျက် အရောင်ထွက်၍လာလေ၏။ မိမိရောက်ရှိနေသောနေရာ၏ တခေါ်လောက် ဝေးသောနေရာတွင် တဘက်မှ တဝေါဝေါကျနေသော ရေတံခွန်ကြီးအနီး တပင်ထဲထီးထီးကြီး မြင့်မားစွာပေါက်နေသည့် ကညင်ပင်ကြီးနှင့် သက်ကယ်မိုး အိမ်ငယ်ကလေးတခုကို တွေ့ရလေ၏။ ခင်မောင်ညိုသည် မမျှော်လင့်ဘဲ ရောက်လာသော ခင်ဘုန်းမြင့်တို့ နေထိုင်ရာ အိမ်ကလေးကို မြင်ရသည်နှင့်တပြိုင်နက် ချစ်လှစွာသော မယားခင်ဘုန်း၏ ချိုပြုံးသော မျက်နှာကလေးကို မြင်၍ ထင်မြင်မိသည်။ ကိုက်ခဲနာကြင်လှသော ဒဏ်ရာမှ ဝေဒနာကိုလည်း ထိုခဏ၌ လုံးဝသတိမရတော့ဘဲ မောဟဲ့လိုက်အောင် မောပန်း၍ ကုန်ခမ်းနေသော အင်အားများလည်း သိကြား သင်းမ့လိုက်သည့် အလား ဘွားကနဲ သန်စွမ်း တောင့်တင်း လာလေ၏။

ပေါ့ပါး သွက်လက်သော ခြေလှမ်းများနှင့် လှမ်းသွားရမှန်းမျှ မသိလိုက်ဘဲ အိမ်ကလေးထဲသို့ ရောက်လာခဲ့လေသည်။ လူသံသူသံ လည်းမကြား၊ တိတ်ဆိတ် ငြိမ်သက်လျက်ရှိသောကြောင့် ရုတ်တရက် အံ့အားသင့် သွားမိလေ၏။ အိမ်၏အခြေအနေကို အကဲခတ်ရာ၌ လည်း လူနေသော အရိပ်အခြေ အစအနမတွေ့ရ၊ အမှိုက်သရိုက် မှ အထပ်ထပ်နှင့်ရှိပြီး စားအိုးစားခွက်များမှာလည်းခြောက်ခြောက် သွေ့သွေ့နှင့် မီးဖိုတွင် မီးကလေး တငွေ့ငွေ့ တွေ့ရသောကြောင့်သာ လူတစုံတယောက်နှင့်လုံးဝ အဆက်အသွယ် မကင်းသေးကြောင်း သိ လေ၏။

ထိုရာတွင် ခင်မောင်ညိုကား စောစောကလောက် စိတ်အား မထက်နိုင်တော့ဘဲ အားနည်းစပြုလာပြီး ပခုံးမှ သေနတ်ဒဏ်ရာက လည်း ရှေးကထက်ပင် နာကျင်လာသကဲ့သို့ထင်ရလျက် အိမ်အ



တွင်း ဝါးကြမ်းပြင်ပေါ်သို့ ရုတ်တရက် ယိုင်လဲကျသွားလေ၏။ ထို ခဏ၌ အိမ်ပေါ်သို့ ဝါးကျည်တောက်ငယ်ကိုကြောပိုး၍ရေသယ်ပြန် လာသော ဒေါ်နန်းထူးလည်း အိမ်အောက်တွင် ဒဏ်ရာဒဏ် ချက်နှင့်လဲနေသော ခင်မောင်ညိုကိုတွေ့ရသဖြင့် ရုတ်တရက်အံ့ အားသင့်သွားရာမှ မြန်မြန်သတိဝင်ပွေ့ထူစမ်းသပ်၍ဒဏ်ရာကို ဆေး ကြောသုတ်သင်ပြီး ပူနွေးသောအဝတ်နှင့် စည်းနှောင်ပေးသော ကြောင့်အနည်းငယ်ကြည်ကြည်လင်လင်နှင့်သတိဝင်လာလေသည်။

ယင်းသို့ သတိရလာသည်နှင့်တပြိုင်နက် ခင်မောင်ညိုသည် ဒေါ် နန်းထူးကို တင်းကြပ်စွာဖက်ချက်....

‘အမေနန်းထူး ခင်တို့ကော’

ဟု တသောကမေးလေသည်။ ဒေါ်နန်းထူးလည်း အဖြေ ရခက်သကဲ့သို့ ရုတ်တရက်မျက်နှာပျက်သွားလေ၏။

ညို။ ။‘အမေနန်းထူး ခင်တို့ကောမြန်မြန်ပြောစမ်းပါ၊ ခင်တို့ ဘယ်မှာလဲ ကျန်းကျန်းမာမာရှိကြရဲ့လားဟင်’

ထူး။ ။‘အမေကြီးနဲ့ အတူတူနေတုန်းကတော့ ကျန်းကျန်း မာမာပါဘဲ’

ညို။ ။(အံ့သြထိတ်လန့်စွာနှင့်)‘ဘာပြောတယ် အမေနန်း ထူး ခင်တို့ဒီမှာမရှိကြတော့ဘူးလား ဘယ်သွားကြသလဲ’

ထူး။ ။‘ဒီအရပ်မှာ သေသနတ်လူနေနဲ့လဲဝေး ငှက်များ ကလဲ အင်မတန်ကြမ်းလေတော့ ကြာရင် အသလုံးသောကုန်ကြလိမ့် မယ်၊ ခလေးကလဲငယ်တော့ ဒီတော ဒီတောင်ထဲမှာ ကြာရှည် နေလို့မဖြစ်ကြဘူး။ မောင်ကလဲ တော်တော်နဲ့မလာနိုင်သေးဘူး ဆိုတာနဲ့ ယောက်စောက်နယ်က ထမုံကြီး ဘိုနန်းချိန်ရဲ့ ထံကို ရွှေ့သွားကြတာ ခြောက်လကျော် ခုနစ်လလောက် ကြာသွားပြီ မောင်ရဲ့’

ခင်မောင်ညိုမှာခပ်မှိုင်မှိုင်တွေးရှိနေမိလေသည်၊ ဒေါ်နန်းထွေး ကဆက်လက်ပါ...

'စောချစ်ဦးဆိုတဲ့သူကို မောင်ကအစောင့်အရှောက်လွှတ်လိုက်တယ်ဆိုတာတော ဟုတ်ကဲ့လား။ ဒီလူယုံမှယုံရရဲ့လား။ အမေနန်းထွေးမှာ ဒီလောက်ဝေးတဲ့အရပ်ကို မလိုက်နိုင်လို့သာ နေရစ်ခဲ့ရတယ်၊ ဒီသူငယ်ကို တယ်မယုံချင်ဘူး၊ ခင့်ကိုမှာ မိန်းမသားတွေချည်းမို့သာ အကူအညီမရှိလို့ သူနဲ့အတူသွားတာ ကြည့်နေလိုက်ရတယ်၊ ယောက်ခေါက်နယ်ထဲကိုမှ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ကြပါလေရဲ့လားလို့ ဒီကနေ့အထိ စိတ်တထင့်ထင့်နဲ့နေမိသေးတယ်'

ဟု ပြောလျှင် ခင်မောင်ညိုသည်း ဒေါ်နန်းထွေးကဲ့သို့ပင် ငယ်ရွယ်လှပသော ဇနီးချောကလေးအတွက် သောကတက်၍လာမိလေ၏။

ညို။ ။'နောက်နောက်ကတော့ အင်မတန်ယုံကြည်စိတ်ချရတဲ့ တပည့်တဦးတဲ့ အမေနန်းထွေးရဲ့၊ ဖေါက်ပေါက် ပြန်ပြန်နှင့် လောက်ဆော်လုပ်မဲ့လူစား မဟုတ်တန်ရာပါဘူး'

ထွေး။ ။'အင်းလေ...အမေကြီးလဲ ဒီလိုတဲ့ တွေပြီးမြေရတာတဲ့၊ ခင့်သဘောအလိုနဲ့တော့ ဘယ်မှာတဲ့နေရနေရ ကိစ္စမရှိရှာပါဘူး။ သူ့ကလေးက ငယ်လွန်းတော့ ဒီလောက်ဥတုရာသီကြမ်းတဲ့အရပ်မှာ ကြာကြာနေလို့ မသင့်လျော်ဘူးထင်တာနဲ့ ရွှေ့သွားရှာတာပါ၊ နို့ပြီး မြို့ထဲရွာထဲမှာနေရမှ ကလေးအတွက် အရေးဆိုရင်လွယ်ကူတယ်မောင်ရဲ့။ ဒါထက် ကလေးကလဲ တော်တော်ထွားတဲ့ကြီး လှတလှပါဘိနဲ့၊ မောင့်မျက်နှာနဲ့ တထေရာထဲတဲ့ကွဲ'

ခင်မောင်ညိုသည် ယခုမှကလေးအကြောင်း တွေးမိလာသည်၊ မိုးမဲ့တွင် မောင်မောင်ထွန်းရှိန်ကြောင့် ခင်ဘုန်းမြင့်တို့အား ဤနေ



ရာဒေသသို့ ပြောင်းလဲနေရာချသွားခဲ့စဉ်က ခင်ဘုန်းတွင် ပဋိသန္ဓေနှင့်ပါသွားကြောင်းထွားရ၍ သတိရပြီး သားတည်းဟူသော ချစ်ခြင်းသည် ရိုးတွင်းချဉ်ဆီတလျှောက် ထိမိုက် စိမ့်ဝင်သွားပေါ့ သိ ယောအဉ်ကြိုးကြီး တင်းလာလေ၏။ ထို့ကြောင့် ကလေး၏ ပုံပန်းသဏ္ဌာန်ကို စိတ်ကူးနှင့် ပန်းချီရေးလျက် တွေးရောင်ချွား၊ လျှမ်းတက်၍ ပြုံးရွှင်ချုပ်သောမျက်နှာသို့ ရုတ်ချည်း ကူးပြောင်းလာလေသည်။

ညို။ ။'အော်...ကလေးက ကျွန်တော်နဲ့တူတယ်ဟုတ်လား။ ဖြူဖြူတုတ်တုတ် တခွဲ့တပိုက်ကြီးလား။ ချစ်စရာကြီး နေမှာပေါ့နော်'

ထွေး။ ။'အင်း...အင်း...ဟုတ်သကွဲ့ ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီးလိုတဲ့၊ သန်စွမ်းလိုက်တာလဲလွန်ရော'

ဟု ဒေါ်နန်းထွေးက အားရကျေနပ်စွာ ပြုံးပြုံးကြီးပြောလိုက်သလောက် နားထောင်ရသော ခင်မောင်ညိုမှာ အားပါးတရ ဖြစ်လာပေ၊ ဖရာပီတိ ၄ွမ်းဆီထိသကဲ့သို့ တအိအိတစိမ့်စိမ့် ခေါင်းတဖြိမ့်ဖြိမ့်နှင့် ပြုံးလျက်၊ ရုတ်တရက်အားဖြင့် ခံစားရသောဝေဒနာကိုပင် သတိမရတော့ဘဲ ရှိလေတော့သည်၊ ထိုခဏမှာပင်ခင်မောင်ညိုသည် တစုံတခုကိုသတိရကာ ဒေါ်နန်းထွေး၏ နားနားသို့ တိုးတိုး ကပ်ပါ...

'ဒါထက် ယောကျ်ားကလေးလား၊ မိန်းကလေးလား အမေနန်းထွေး'

ဟု မေးပြီး မလိုသောမျက်နှာကြီးနှင့် ပြုံးတုံးတုံးကြီး အဖြေကို စောင့်နေလေသည်၊ ဒေါ်နန်းထွေးသည်း အားရပါးရကြီး ရယ်လိုက်ပြီးမှ...

'အမယ်လေးဟဲ့ ခုမှ မေးဟူရတယ်၊ ယောကျ်ားကလေး မောင်

ရဲ့၊ ယောကျ်ားကလေးမှ လေးလုံးခြောက်သက် မောင့်လို သတ္တိ ခဲကြီးမျိုးကဲ့၊ ဆိုလိုက်တာ ဗွဲကြီးလိုက်ထားဆိုလဲ တခါတခါ ဒေါ် မာန်မပါကြပြီး ငိုလိုက်ရင် တော်တော်နဲ့ ချော့လို့ မရဘူး'

ဟု ပြောလျှင် ခင်မောင်ညိုမှာ အသွန်တရာ ကျေနပ် ဝမ်းသာလျက် မိမိရင်သွေး သားကလေးအား တခါတဲ ပြေးသွားကြည့်လိုက်တော့မည်ဟု ထိုင်ရာမှ ပြုံးကာနဲ စိတ်ဆောင်၍ ထလိုက်မိသည်၊ ထိုစောင်း၌ ပခုံးစွန်းမှ ဒေါက်တာက မျက်စနဲ့ သတိပေးလိုက်သောကြောင့် ရုတ်သယ်ခါ ရုတ်တရက် ပြန်ထိုင်ချလိုက်ရလေ၏၊ သို့ရာတွင် စိတ်မလျှော့ဘဲ လိုက်သွားရန် ထကဲကဲပန်းပြင်ရင်းမှ

'အမေနန်းထွေး ကျွန်တော်သားကလေးကို ကြည့်ချင်လှပြီ၊ လိုက်သွားတော့မယ်'

ထွေး။ ။'ဆို...မောင့်အနာ ပျောက်အောင် ခဏ နားပါအုံးလားကွယ်'

ညို။ ။'ဟာ...မနေနိုင်ဘူးဗျာ၊ သားကလေးမျက်နှာ မြင်ချင်လှပြီ'

ထွေး။ ။'နေပါအုံးမောင် အမေကြီးတော့ တယ်မသွားစေချင်ဘူးကွယ်၊ ဟိုနယ်ကလဲ ကုလားဖြူ လက်အောက် ဝင်သွားတာ မကြာသေးဘူး၊ ခင်တို့ ဟိုမှာရှိတော့ တနေ့ မောင်လာမယ်ဆိုတာ သိလို့ နယ်စပ်မှာ အခေါင့်အကြပ်တွေမလပ်အောင် ချထားတယ်လို့လဲ သတင်းသန့်သန့်ကြားတယ် မသွားချင်ပါနဲ့အုံးမောင်ရယ်'

ညို၊ ။'ဒီအကြောင်းတွေကို အရေးမစိုက် နိုင်ပါဘူးဗျာ၊ ကျွန်တော့ သားကလေး မြင်ချင်လှပြီ၊ အမေနန်းထွေး တားပေမဲ့ ထွက်သွားမှာဘဲ'

'ကဲ ကဲ ဒါလောက် တာမရဘဲ မောင့်သတ္တိ အားကိုးနဲ့ သွားချင်သပဆိုလဲ သွားတာပေါ့၊ သို့ပေတဲ့ ဒီအနာကလေး ချပ်သွားပြီး



မောင်လဲ အင်အားကလေး ပြည့်လာအောင် တရက်နှစ်ရက်ဆိုင်းပါအုံး'

ဟု ဒေါ်နန်းထွေးက မရမက တားမြစ် ထားသောကြောင့် ခင်မောင်ညိုလည်း အားအင်ကုန်ခမ်း ညိုးနွမ်းနေသည့်အတိုက် ဖြစ်ရကား နှစ်ရက်မျှ ဒေါ်နန်းထွေး၏ တောင်ယာတဲကလေးတွင် အနားယူခဲ့ပြီး မြင်းကောင်းတစီးကို ရှာယူကာ ယောက်စောက် နယ်ဆီသို့ ထွက်ခွါလာခဲ့လေသတည်း။

ရက်များမကြာမီပင် ယောက်စောက်နယ်တွင်းသို့ ချဉ်းနင်းဝင်ရောက်မိလေ၏၊ ခင်မောင်ညိုသည် သား တည်းဟူသောချစ်ခြင်းက ပြင်းပြရှာလှ၍ ဆောင်လျက် ရှိခြင်းကြောင့် ထိုရက် အတောအတွင်း၌ မိမိ၏ သူပုန်တပ်သားများ မည်သို့မည်ပုံ ဖြစ်ပျက်နေကြသည်ဟု သတိတရ တွေးတောချိန်မရခဲ့၊ မိမိထွက်လာစဉ်က ဖရိုဖရဲ လူစုကွဲ ကျန်ရစ်ရာမှ အချင်းချင်း ပြန်လည်ပူးပေါင်းမိလေသလော၊ အဆုံးစွန်လူစုကွဲသွားလေပြီလားဟု တစုံတရာပြန်လည် စဉ်းစားရန်ကိုကို လည်း မေတ္တာက အမေ့ကြီး မေ့သွားမိသည်၊ ယောက်စောက်နယ်ထဲသို့မျက်နှာမူခါ မြင်းကိုနှင်နေသည့် ခြေလှမ်းတိုင်းမှာပင် ချစ်ခင်တွယ် ကောင်းလှသည်ဟု ဒေါ်နန်းထွေးထံမှ သတင်းကြားခဲ့ရသော သားကလေး၏ မျက်နှာကိုသာ စိတ်မှန်းနှင့် တန်းတန်းစွဲ ထင်မြင် လာခဲ့ မိလေ၏။

ယင်းသို့ ကြီးကြီးစားစား မယားနှင့်သားကို တွေ့လို စောကြောင့် မောကြီးပန်းကြီးပင် ယောက်စောက်နယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်ပြီး မိမိ၏လူယုံတော်ကြီးတဦးဖြစ်သည့် ထမ့်သိုးနန်းချိန်ထံသို့ လာခဲ့သောအခါ မှုကား ခင်မောင်ညိုမှာ ခင်ဘုန်းမြင့်တိုကိုမတွေ့ရဘဲ ရှိပြန်သဖြင့် ခြေလင့်ချက်ကုန်ဆုံး၍ လုံးလုံးအားလျော့သွားပြန်သတော့သည်။

ခင်ဘုန်းတို့ သားအမိအကြောင်းနှင့်စပ်လျဉ်း၍ တိုးနှန်းချိန်ထံမှ ကြားသိရသော သတင်းမှာ ခင်ဘုန်းတို့ ယောက်ခေါက်သို့ရောက်လာပြီးနောက် များမကြာမီ ဖိုးနဲ့ မောင်မောင်ထွန်းတို့ ထံမှ အထောက်အထွေမ်များရောက်လာကြောင်း၊ ခင်ဘုန်း ဤတွင်ရှိလျှင် ခင်မောင်ညိုလာရမည်ဟု ဖေဖေသေတျက်ထားကြသဖြင့် နေ့ရောည ပ အစောင့်အနေများ မသစ်လပ်အောင် ခြံရံ့နေရုံမက တနေ့တွင် ခင်ဘုန်းတို့ သားအမိကိုပင် ရန်ရှာလာမည်စိုးရသဖြင့် ဒေါ်ချစ်ဦးက သင့်လျော်သော နေရာ ဌာနသို့ ပြောင်းသဲ နေထိုင် ကြရန် ဘာမှ သောသေါ သိန္နီမြောက်ပိုင်း မိုက်လီဖန်မှာ ဒေါ်ချစ်ဦး ၏ အဖ ဓော်ကဲယောင်း နေခဲ့ဖူးသည် အိမ်ကို ရွေးချယ် ရရှိကြောင်း၊ ထိုအတွက် ရင်နယ်သို့ ခင်ဘုန်းတို့ ရုပ်ဖျောက် ထွက်ခွါ သွားကြသည်မှာ လေးလကျော်ကျော်မျှ ရှိပြီဖြစ်ကြောင်း၊ အကယ်၍ ခင်မောင်ညိုလိုက်လာလျှင် မိုက်လီဖန်က နေခဲ့ဖူးသည် အိမ်ဟု ပြောလျှင်သိကြောင်း၊ ကျိုင်းတုံနယ်စပ်က ဓေါ်နန်းထူးသို့ လည်းမိမိတို့ယောက်ခေါက်နယ်သို့ပြောင်းရွှေ့သွားကြောင်းခေါင့် ရျာရှိ မှာထားခဲ့ကြောင်းများ သိရှိရလေ၏။

ထိုဖြစ်ရကား၊ ခင်မောင်ညိုမှာ သိန္နီမြောက်ပိုင်း မိုက်လီဖန်သို့ ဆိုက်ရောက်ပြန်လေ၏၊ ရွှေစွန်ညိုအား အသေရရ အရှင်ရရ ဟူသော ဆုကြေငွေ ကြော်ငြာကြီးများကြောင့် အပြင်မှ အလွတ်ဝင်၍ သူရွေး ဖြစ်လိုက်လျှင်နေကြသူများကလည်းမရှား၊ မျက်နှာဖြူ အစိုးရများ ကိုယ်တိုင်ကလည်း ကြိုးကြိုးစားစား တောနင်းရှာဖွေ နေကြသည့် အပြင် မောင်မောင်ထွန်းကမူကား ထူးထူးခြားခြား အပြုံးကြီးစွာ နှင့် အကြံကြံ အကိုင်းကိုင်း လုရုန်းလျက် သစ်ရွက်တချပ် ဆယ်ထပ် လန့်၍ တောအနှံ့တောင်အနှံ့ ရှာဖွေထောက်လှမ်းလျက် ရှိသော ကြောင့် ခင်မောင်ညိုမှာ ခရီးမိုင်ပေါင်း များစွာဝေးကွာလှသော



ရှမ်းပြည်တောင်ပိုင်းနှင့် မြောက်ပိုင်းကို လှည့်ကုသက်သာစွာ ကူး သန်းခြင်းငှာ မစွမ်းနိုင်ရှာဘဲ များစွာသော အတားအဆီး အခက် အခဲများနှင့် ရင်ဆိုင်တိုးကာ သိမ်းသွင်းမိတော့မည့်သော တပည့်ကလေး များနှင့် အသက်တမျှ စွန့်စားတန်လျှင် စွန့်စားတိုက်ခိုက်၍ ခစ် တန်လျှင် ခစ်ပြီး၊ သိန္နီမြောက်ပိုင်းရှိ မိုက်လီဖန်သို့ တဖြေးဖြေး နီးနင်း ဆယ်လကျော်တနှစ်နီးပါးမျှ ခရီးနှင်၍ ရောင်တိမ်းလာခဲ့ ရလေ၏။

မိုက်လီဖန်တွင် ခင်ဘုန်းတို့ရှိနေကြောင်း၊ သတင်းရထား၍လား မသိ၊ မိုက်လီဖန်တပိုက်တွင် စစ်သား အမြောက်အများမှာ တပ်စခန်း အသေချလျက် နေ့ရော်ရက်ဆက် မလစ်ရအောင် စောင့်ရှောက်နေ သည်ကို တွေ့ရသောကြောင့် ခင်မောင်ညိုမှာ သားနှင့်မယား မျက် နှာကို မခံမရပ်နိုင်အောင် မြင်ချင်တွေ့ချင်ရှာလျက်နှင့် မိုက်လီဖန် ဘက်သို့ မကူးနိုင်ဘဲ အနီးအနားတွင်သာ တဝဲလယ်လယ်ဖြစ်၍နေ ရှာတော့၏။

မိုက်လီဖန် နယ်စပ်ရှိ ကင်းတပ်ခွဲစခန်းတခုတွင် မောင်မောင် ထွန်း၏ တပည့်တပ်သားများမှာ အလှည့်ကျ ကင်းစောင့်ရင်း စုရုံး ထိုင်လျက် စကားပြောနေကြလေ၏။

'ဒီလောက်နက်တဲ့ ချောက်ကြီးထဲ ခုန်ချတာတောင် မသေဘူး တဲ့ဗျာ၊ တော်တော်အသက်ပြင်းတဲ့ ရွှေစွန်ညိုဘဲ'

ဟု တယောက်က ပြောလိုက်လျှင် တဦးက....

'ခါကြောင့် သူမသေတာကို ဘယ်တုံးကသိသလဲ'

ပဋ္ဌမလူ ။'ဟိုတလေက ယောက်ခေါက်နယ်ထဲကို သူကိုယ် တိုင်ရောက်လာတယ်တဲ့၊ နောက်သဲ ရှမ်းပြည် တောင်ပိုင်း မြောက် ပိုင်းတခွင်မှာ တပ်စခန်းက လူတွေနဲ့ မကြာခဏ ရင်ဆိုင်တွေ့နေ ကြတာဘဲ'

နောက်လူ။ ။'သူ့နောက်လိုက် တပည့်တွေကလဲ စိတ်မချော့ သေးဘူးလား'

ပဋ္ဌမလူ။ ။'နောက်လိုက်တွေ အရင်လောက်တော့ မတောင့် တင်းလှပါဘူး၊ ထကွဲလက်ရှေးစဉ် ခင်-ခင် ပြည်နေတဲ့အကောင်တွေ လောက် ကျန်ပါတော့တယ်၊ ရှုရှုရှမှန်းလိုက်မယ်ဆိုရင် အလွန်မှ လူ့အစိတ် သုံးဆယ်လောက် ရှိပါလိမ့်မယ်'

ထိုအခိုက် မောင်မောင်ထွန်းနှင့် ပန်တွေးတို့သည် တဲငယ်တခု အတွင်းမှ ထွက်လာလျက် ယခင် ကင်းတပ်သားများအနီးသို့ ဖြတ် ရှောက်လာကြသောကြောင့် ကင်းတပ်သားများသည်၊ မိမိတို့ပြော လက်စ စကားကိုဖြတ်ခါ ခေတ္တရပ်နား နေလိုက်ကြရလေ၏၊ ၎င်းတို့ အနီးသို့ ဖြတ်ရှောက်လာသော မောင်မောင်ထွန်းသည်း ပန်တွေး၏ ဖဝါးကိုပုတ်ခါ...

'တဲ...မင်းသွားတော့ ငါပြောတာတွေ မှတ်မိရဲ့လား၊ လောက ကြီးထဲက ဗီအကောင် ပျောက်သွားပြီဆိုရင် ပီးတာဘဲ၊ မင်းလိမ္မာ သလိုသာ ကြည့်လုပ်ပေတော့'

ဟု ပြောလိုက်လျှင် ပန်တွေးလည်း ခေါင်းတညိတ်ညိတ်နှင့်...

'ဟုတ်ကဲ့...ကျွန်တော် နားလည်ပါတယ် ဆရာ'

ဟု စိတ်အားထက်သန်စွာ ပြန်ပြောလေ၏။

ထွန်း။ ။'ငါပေးလိုက်တဲ့ သေနပ်ကလေးကို ရှိုရှိုသေသေထား နော်...တကယ်ပိုင်လောက်မှပစ်၊ ဖက်လိပ်စစ်ဗိုလ်ဆီက ရှေ့စွန့်ညို့ကို သတ်ဖို့ ပေးလာတဲ့ခါးကြားထိုး သေနပ်ကွ၊ ယမ်းတောင့်မှ ခုနစ် တောင့်ထဲရှိတယ်၊ ဘလဟသာ မပြုနဲ့ ကြားလား'

ပေတွေး။ ။'ဟုတ်ကဲ့ဆရာ'

ထွန်း။ ။'ဗီအကောင်ဟာ ဘယ်လောက် အစောင့်အနေများ များမနေဘူး၊ တနေ့ မိုက်လီဖန်ကို ရောက်အောင် ကူးမှာဘဲ၊ ဗီတော့



ငါလွှတ်လာတဲ့အတိုင်း၊ မိုက်လီဖန်ထဲကို မင်းက 'အရင်ရောက်နှင့် အောင်သွားစောင့်နေ၊ ဟိုကျမှ အလုံးသွင်းပေါ့ကွာ'

ပေတွေး။ ။'ဒါတွေ နားလည်ပြီးပါဆရာ'

ထွန်း။ ။'အေး...နားလည်ပါတယ်ဆိုပြီး အရင်တခါလိုနောင် လက်မလွှားစေနဲ့ နော်...ဗီအကောင်ဟာ မိုက်လီဖန်မှာ ကြာကြာ အထက်ရှည်နေရင် အားလုံး ခက်ကုန်လိမ့်မယ်၊ မိုက်လီဖန်နဲ့ တရုပ်နဲ့ တစပ်ထဲလိုဘဲ အပ်မတန် နီးတယ်ကွဲ့၊ တရုပ်နယ်က တရုပ် တောသုန်း ဓါးပြတွေနှင့် ဗီအကောင် အဆက်အသွယ်ဖြစ်ပြီး ပေါင်း မိသွားရင် ငါတို့တော့ ငါးပါးမှောက်ဘဲ'

ပေတွေး။ ။'စိတ်ချပါ၊ ရှေ့စွန့်ညိုသော့ကို ကောင်းကောင်း ကြီး တာဝန်ယူပါတယ်၊ ဆရာတို့ ဂတိအတိုင်းသာ ကျွန်တော်သွား ပြီးတဲ့နောက် မိန်းမပေါက်တို့ကို ဟိုခရူတွေ သွားပေး ပေးပါ'

ထွန်း။ ။'ငါကတိမဖျက်ပါဘူးကွ၊ကဲ-ထဲ-သွားတော့သွားတော့'

ဟု ဆို၍ ပန်တွေးပခုံးကိုပုတ်ပြီး၊ ချော့မော့ လွှတ်လိုက်ရာ ပန် တွေးလည်း လွယ်အိတ်ကလေး ခေါးမှာလွယ်လျက် အားတက် ဝမ်း မြောက်စွာနှင့်...

'စိတ်ချဆရာ ပန်တွေးကြုံရင် မခံနိုင်ပါဘူး'

ဟု ပြောကာ ကင်းတပ်စခမ်း၏ တဘက်ဖြစ်သော မိုက်လီဖန်နယ် ထဲသို့ ထွက်ခွာသွားလေရာ မောင်မောင်ထွန်းသည်း ဝမ်းမြောက် ဝမ်းသာ ကျေနပ်စွာနှင့် ကြည့်မျှော် ကျန်ရစ်လေ၏။

* * *

## အခန်း ၂၀။

ခင်မောင်ညိုမှာ သားနှင့် မယား မျက်နှာကို မြင်ရခါနီးမှ ကြွပ်တည်း။ ခေ့စပ် လှသော ကင်းတပ်စခန်းများကို အလွယ်တကူ ကျော်ဖြတ်မြင်းရှာ

မခွမ်းနိုင်သကဲ့သို့ ရှိသောကြောင့် မချိတင်ကဲ အခံရခက်နေတော့သည်၊ ယင်းသို့မတွေ့ရစလေသော တွေ့ချင်မြင်ချင်သော အသားသာဆန္ဒက တိုးမှုလို့ဆောင်လျက်ရှိလေပြီတော့သည်၊ ထို့ကြောင့်တနေ့မျှအနားမနေ ထပည်ပြယ်သားတော့ကို သင့်လျော်သလို လှုရှုလှုပ်လိုက်ပြီး မိမိတကိုယ်တည်း မိုက်လီဖန်ဘက်သို့ ကူးချော်ဖြတ်သန်းသွားသောဆောင်ရှောင်မည်သင်သည့် နေရာများကို ပုံးလျှိုးကွယ်လျှိုး စမ်းတဝါးဝါးနှင့် ရှာဖွေလျက်ရှိလေ၏။

နောက်ဆုံးတနေ့တွင်ကား ခင်မောင်ညိုသည်တောင်ထိပ်ကတုန်းထရံပေါ်မှ မြင်းနှင့်ရပ်ခါ မှုံမှုံမှေးမှေး မြင်နေရသော မိုက်လီဖန်ကို ရှုမျှော်မိရင်း ခင်တုန်းအား မြူမြူမွေးမွေး ရေဆေးငါးကြီးပမာ ချစ်စရာကောင်းလှသော သားကလေးကို ပိုက်ထွေးချော့မြှူနေပုံကို စိတ်ကူးတွင် ထင်မြင်လာသောကြောင့် တွေ့ချင်ခဲ့သော အသားမှာတားမနိုင်ဆီးမရ ပြင်းထန်စွာ နိုးဆွ လှုံ့ဆော်လာကာ ဘသဲ့ဖြစ်ဖြစ် ဒုတ်နှစ်ရဲ့ ကင်းတပ်များကို ထိုးပေါက်သွားတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်မိသည်။

သို့ရာတွင် နယ်စပ်တလျှောက်တွင် မြင့်မတ်သော တောင်ကမ္ဘားစောက်ကြီးများမှာပေါ်း မြေပြင်မှန်သမျှ ရှိပေါက်နေသလို ကင်းတပ်ခြင်း ယှဉ်ဆက်နေသည်ကို ငုံ့ကြည့်မိပြီး သက်ပြင်းကြီးချလိုက်မိလေတော့သည်၊ တိုင်းပြည်နှင့်အမျိုးအတွက် စေတနာထက်ထက်နှင့် အားထက်သရော ကြိုးပမ်းခဲ့ရသည့်တိုင်သည်၊ မိမိတကိုယ်တည်း ကျန်ရစ်ပြီး ဆင်းရဲနွမ်းပါး ဖြစ်သွားရသည်များကို စဉ်းစားမိပြန်သောအခါ လိုက်လိုက်လှဲလှဲကြီး ကြေကွဲဝမ်းနည်းလာမိပြန်သည်၊ မိုက်လီဖန်၏ မြောက်ဘက်ရှိ မြလဲ့သောပိုးကောင်းကောင်ကြီးနှင့် ထိစပ်နေသော ညို့ညို့မှောင်မှောင်နှင့် တောင်တန်းကြီးများဆီသို့ တချက်မော်၍ ရှုမျှော်လိုက်သောအခါ သီပေါမင်းကို ပုန်ကန်ရန်မှုခဲ့



စဉ်က လက်နက်ခဲယမ်းမီးကျောက်များနှင့် ရွှေငွေ ပစ္စည်းများ အရောင်းအဝယ်ဖလှယ်ခဲ့ကြဘူးသည့် ကိစ္စနှင့် မကြာခဏတွေ့ဆုံဆက်ဆန်ခဲ့ကြရဘူးသော တရုပ်တောပုန်း ဒေါ်ပြကြီးအချို့၏ မျက်နှာများကွက်ခနဲပေါ်လာသဖြင့် ဘယ်အခါကမျှ ဗိုလ်မလျှော့ခဲ့ဘူးသော နိုက်ဘုတန်းမကောင်းချိန်ကလေးတွင်သာ ပုန်ကန် တိုက်ခိုက်မှုများ မပြုနိုင်ဘဲရှိနေသူ ခင်မောင်ညိုမှာ၊ အားတမျိုး တက်လာပြန်လေ၏၊ စော်ဘွားတော့ကို အားမထားရတော့သော်မှု အင်အား ကောင်းသော တရုပ်တောပုန်းဒေါ်ပြကြီးများနှင့် ပူးပေါင်း တိုက်ခိုက် ရသော် ရှမ်းပြည်တခိုက်သာမက ဗမာပြည်လုံးပင် ပြန်ရရမည်၊ တရုပ်များ၏ သတ္တိအင်အားလည်း နည်းပါးလှသည်မဟုတ်၊ ရှေးရာဇဝင်ကို ပြန်လည်စဉ်းစားကြည့်လိုက်လျှင် နရသီဟပတေ့တို့ လက်ထက်က ပုဂံပြည်ဘက်သို့ တိုင်အောင် ခြေလှမ်းကျယ်ခဲ့ဘူးသည့် အစေ့အဆက် အသား ပေါ်လာပြန်သောကြောင့် ခင်မောင်ညို၏စိတ်ကို ပိုမို အားပြည့် လာစေသည်၊ ထို့ကြောင့် မိုက်လီဖန်သို့ အရောက်သွားရန် အရေးကြီးကြောင်း မိုက်လီဖန်ကမှ ခင်တုန်းနှင့် သားကလေးကိုပါခေါ်ယူပြီး မူဆီးအရပ်သို့ ပြောင်းရွှေ့နေထိုင်ကာ တရုပ်တောပုန်း လူဆိုးများကို အကြောင်းသင့်သည့်ထက်သင့်အောင်ပေါင်းလျက် အကူအညီ ကောင်းစွာတောင်းပြီး ရှမ်းနယ်ကြီးကို ရှေးဦးစွာ သိမ်းယူမည်၊ ထိုက အင်အားတောင့်ပြန်သည်နှင့်တပြိုင်တည်း ဗမာပြည်ကြီးကို ပြန်လည်တိုက်ခိုက် သိမ်းဆည်းယူမည်၊ "သေလျှင်မြေကြီး ရှင်လျှင်ရွှေထီး" ဟု နောက်ဆုံး စွန့်စားခြင်းအဖြစ်ဖြင့် စွန့်စားကာ ကင်းတပ်စခန်းများကို တွင်းဖေါက်ကျော်ဖြတ်သွားတော့မည်ဟု ဆက်သန်နိုင်ပြီစွာ ဆုံးဖြတ်လိုက်ပြီး အနည်းငယ်ချောင်သည့်ထင်ရသော ကင်းတပ်စခန်းကလေးတခုရှိရာသို့ တိုက်ခိုက်ဆင်းလာခဲ့လေ၏။

ကင်းတပ်စခန်းတခုတွင် စောင့်နေကြသော ကုလားလူ့စွပ်ကိုင် စစ်သားများနှင့် ရှမ်းအမှုထမ်းသားတစုသည် မိမိတို့စခန်းရှိရာသို့ အဝေးမှ ဒုန်းစိုင်းလာသော မြင်းတစီးကို တွေ့မြင်ရသဖြင့် တပ်စခန်းကြီးမှ အရေးတကြီး လွှတ်လိုက်သည့် မြင်းစီးအမှုထမ်း တဦးပင်ဖြစ်မည်ဟု ယူဆကာ ထိုသူအနီးသို့ ရောက်သသည့်တိုင်အောင် စောင့်မျှော်ကြည့်ရှုလျက် ရှိကြလေ၏။

မြင်းသည် ကင်းတပ်စခန်းသို့ရောက်သော်လည်း အရှိန်လျှော့ကာ ရပ်ဆိုင်းခြင်းမပြုဘဲ တပ်စခန်းဖေါက်တွင်း၌ အပြင်းစိုင်းပြေးသည်တွင်မှ…

'ဟေ့ လိုက်ကြ လိုက်ကြ၊ ရွှေနှံညိုကွ ရွှေနှံညို'

ဟု အော်ဟစ်ပြောကြလျက် သေနတ်ဒါးလှံ့တို့ဖြင့် ပစ်ပေါက်ရင်း မြင်းကိုယ်စီနှင့် တလကြမ်းလိုက်ကြလေ၏။

ခင်မောင်ညိုသည် ကင်းတပ်စခန်းကို ကျော်မိသည်ကစ၍ မိုက်လီခန့်သို့ အမြန်ရောက်လေအောင် ခေါက်ချောက်ပိုင်းပြေးလေရာ နောက်မှ လိုက်လာသောတပ်သားတစုမှာလည်းဖွဲ့မြဲကြီးစွာနှင့်မရိုတမိုကပင် တွင်တွင်ကြီးဟစ်အော်ကျေညာရင်း လိုက်လာခဲ့ကြလေ၏။

ခင်မောင်ညိုလည်း နောက်မှရန်သူများ ထက်ကြပ် လိုက်လာသဖြင့် ဦးတည်ရာသို့ အပြေးစိုင်းလာခဲ့ရသည်ဖြစ်ရာ မကြာမီဝါးတရှက်ခလောက်ကျယ်သော ကမ္ဘားမြှတ်ကြီးတခုသိပ်သို့ရောက်လာပြန်လေသည်၊ တောင်တန်းနှင့်ချောက်ကြား ရောအ်ခွန်တို့ဖြင့် သာယာစွာရှိသည်ဟုထင်ရသော အရပ်ဌာနမှာ ရွှေနှံညိုကဲ့သို့ အသက်တများ ပြေးသွားနေရသော သူတဦးအတို့၌ မသာမယာချိုမက ကြီးစွာသော ဖေနှောင့်အခက် အဆီးအတားကြီးတခုကဲ့သို့ဖြစ်ငှေတော့သည်၊ နောက်ကရန်သူတွေကလည်း နီးသထက် နီးခဲ့သည်၊ အောက်ငုံ့ကြည့်လိုက်လျှင်လည်း ချောက်နယက်၍ ဝဲသ



ယက်တွေနှင့် ပြာနက်သော ရေစီးချောင်းကြီးကခုကို တွေ့မြင်ရသည်။ သို့ကြောင့် ရှေ့သို့အက်ရန် ခရီးလမ်းမရှိ ဂူဘိတ်ထိနှင့်သည်၊ အမိမခံလိုးကမ္ဘားရေ့ တဘက်နှင့်တဘက်လည်း ဝါးတရိုက်ခလောက်သာလျှင်ကွာသဖြင့် "ရလျှင်လည်းရ မရလျှင်လည်းကျ"ဟု စွန့်စားလျက် မြင်းကိုခပ်ဝေးဝေးသို့ပြန်ခကွာ လိုက်ပေါ် ကမ္ဘားထိပ်သို့ တအားစိုင်းပြေးလာလျက် တဘက်သို့ အရှိန်နှင့် ခုန်ကူး လိုက်လေ၏။

ခဲလုံးကို ခေသထဲတွင် လွဲ၍ပစ်လိုက်ဘိအလား၊ ခင်မောင်ညိုသည် မြင်းရေလှုပေါ် ပေါ်ပါးစွာ တဘက်သောချောက်ကမ္ဘားရှိုးသို့ ချောမောစွာ ရောက်သွားသည်နှင့် တပြိုင်နက် မိုးသိရေ ချူး ထား သဖြင့် နူး ပွ ခန သော ကမ္ဘားရံ့စောင်းရှိခေါ်လက်နေသည့် မြေစိုင်မြေကုံးကြီးမှာ မိမိအပေါ်သို့ ရုတ်တရက် အရှိန်နှင့်ကျလာသော မြင်းတကောင်လုံး၏ဖေါက်ကို တဖောကလေးမျှ မခံနိုင်တော့ဘဲ ရုတ်တရက် ပက်ကြွားကြီးအက်ကွဲပြီး ချောက်ထဲသို့ မြင်းရေလှုပေါ် သူနှင့်အတူ ခေါ်သွားလေသတည်း။

နောက်မှလိုက်လာကြသော မြင်းတပ်သားများ ကမ္ဘားထိပ်သို့ ရောက်သောအခါ မြင်းတခြား၊ လူတခြား၊ မြေရိုင်တုံးကြီးကတခြား အကွဲတပြား ချောက်နယက်ထဲသို့ ကျ နေ သည်ကို မြင်ရသောကြောင့် ဟယ်ကနဲ ဟာကနဲ ဖြစ်သွားကြပြီး ချောက်ထဲသို့ ငုံ့၍ကြည့်နေမိကြလေသည်၊ မြေစိုင်တုံးကြီးမှာ ရေထဲတွင် ငုံးလုံးနစ်သွားသော်လည်း သက်ရှိသတ္တဝါဖြစ်သော မြင်းကလေးမှာ ထက်အားသမျှ ကြိုးစားကူးယက်နေရှာသည်ကို တွေ့လျှင် ခင်မောင်ညိုမှကား ကူးယက်နေသော်လည်း ဝဲထဲတွင် မြုတ်ချည် ပေါ်ချည်ဖြစ်နေသည်ကို တွေ့ရလေ၏၊ ထိုအခါတွင်ပင် သတင်းကြားနှင့်နောက်မှလိုက်လာသော မောင်မောင်ထွန်းနှင့် တပ်သားတစုတို့ ရောက်

သာကြပြန်သဖြင့် မောင်မောင်ထွန်းမှာ ရေထဲတွင် မြောနေသော ရွှေစွန်ညီအား အပေါ်မှနေ၍ မရပ်မနား ယမ်းသိုးသေနတ်များနှင့် ပိုင်းပစ်နေရာ ဝဲထဲတွင် မြုပ်တလှည့် ပေါ်တခါ ဖြစ်နေသော ခင်မောင်ညီ၏ ပတ်ဝန်းကျင်တဝိုက်တွင် သေနတ်ချက် လုံချက်များ မိုးသီးမိုးပေါက်ပမာ မရပ်မနားကျရောက်၍ရကား အတန်ကြာသော် ရွှေစွန်ညီမှာ လက်ပန်းကြ၍ နစ်မြုပ်သွားလေသလော။ အပေါ်မှ တဖြုန်းဖြုန်းပစ်ခတ်ကြသော သေနတ် ဒါလုံများနှင့် ထိမှန်သွားလေသလားမသိ စုံးစုံးမြုပ် ပျောက်ကွယ်သွားလေ၏။

မောင်မောင်ထွန်းလည်း ရွှေစွန်ညီသေကာ အရာရှိများကို မျက်နှာပြလှစေရန် အလောင်းကို မိမိသာရလိုက်ချင်သည်၊ သို့ကြောင့် ကင်းတပ်စခန်းသို့ မပြန်သေးဘဲ တပ်သားများကိုကမ်းနားနံ့ရာကမ်းစပ် ရေရိုအောက်ပိုင်းသိမှ ဆင်းနေစေပြီး ရွှေစွန်ညီ၏အလောင်း မြောပါလာမည်ကို မတွေ့မချင်း စောင့်မြှော်ရှာဖွေနေကြစေ၏။

× × ×

ခင်မောင်ညီသည် ကမ်းထိပ်ပေါ်မှ ပစ်လိုက်သော ယက်နက်များအနက်မှ သေနတ်တချက် မိမိနဖူးပြင်ကို ရှပ်၍ထိမှန်သွားလေသောကြောင့် ဝဲထဲတွင် ကြာရှည်ကူးယက်နေနိုင်အားမရှိသည်ကို သိရသဖြင့် ဝဲထဲမှ ရုန်းကန်ကူးယက်ခေါ် ရေအောက်သို့ငုပ်၍ တဘက်ကမ်းချောင်ရှိရာသို့ ကူးလာခဲ့ပြီးနောက် ကမ်းပေါ်သို့ အမြင့်အထင် မတက်ဝံ့သေး၏ ကမ်းစပ်ရေထဲရှိ ဒိုက်ပုံသခုနှင့် မြဲနှယ်တို့အောက်တွင် မလှုပ်မရှက်ငြိမ်သက်စွာ ဖုံကွယ်နေရပြီး ညဉ့်အချိန်သို့ ရောက်သည်တွင်မှ မမြင်မကမ်းနှင့် ဝမ်းတဝါးဝါး ကမ်းပေါ်သို့ တက်လာရတော့လျက် ခေါင်းယိုင်နှင့်ပင် ကြိုးစားပြီး ခရီးဆက်ခဲ့ပြန်သည်၊ ကမ်းစတွင် ကျန်ရစ်ခဲ့သော မောင်မောင်ထွန်းတို့မှာ နှစ်ရက်သုံးရက်ကြာ၍မျှ အလောင်းမပေါ်လာလျှင် အကျိုးမထူးတော့ဟု ထိုနေရာမှ



ပြန်ခဲ့ကြလေ၏၊ သို့ရာတွင် ရွှေစွန်ညီ အကယ်သေသေသော သိရှိနိုင်ရန် ခင်သုန်းတိုနေထိုင်ရာ မိုက်လဲဖန်သို့ သူလျှိုများတပ်မ စေလွှတ်ပြီးလျှင် မိုက်လဲဖန်တွင်နေသော လူများကိုလည်း မိမိထံသို့ သတင်းပို့ရန် ငွေကြေးပေးကမ်း၍ လုံးပမ်းလျက်ရှိပြန်သည်။

မိုက်လဲဖန်မှာ သိန္နီနယ်တွင်ပင် ရှိရကား မျက်နှာဖြူ အစိုးရများဝင်ထွက်သွားလာ၍ ခြေကြာချနိုင်သော နေရာပင် ဖြစ်စေကာမူ ဒုပ်စိုးသူတို့က အင်အားခြင်းမမျှ၍ ကြောက်ရွံ့စွာသဘောတူအခွင့်ပေးနေရသော်လည်း အစွဲသန်သော နယ်သူနယ်သား အချို့မှာ ကူးလာသမျှသော မျက်နှာဖြူ-မျက်နှာမဲ စစ်သားများကိုရန်ရှာနှောင့်ယှက်လျက် ရှိကြသောကြောင့် မျက်နှာဖြူ အစိုးရများမှာ အထင်ခံများစွာ မသွားမလာကြသေးဘဲ မျိုးခတ်တူသော နယ်သူနယ်သားချင်း ယင်းသွင်းသွေးဆောင်နေစေရုံက်ဖြစ်သောကြောင့် မောင်မောင်ထွန်းနှင့် တပ်သားများမှာ မိုက်လဲဖန်သို့ ရုတ်တရက်မဝင်သေးဘဲ နယ်စပ်ခေမ်းမှနေ၍ လျှိုများကိုသာ စေလွှတ်ထောက်လှမ်းလျက် ရှိလေသတည်း။

* * *

နေ့ရက်နှင့် အချိန်တို့သည် တစတစ ကုန်မှန်းမသိ ကုန်ခမ်းလာခဲ့လေ၏၊ မိုက်လဲဖန်မှာလည်း ရေးကကဲ့သို့ သာသာယာယာ မရှိတော့၊ နယ်သူနယ်သားအချင်းချင်းမှာ ဝဿကာရ ပုဏ္ဏား၏ သွေးခွဲမှုဝ်နှမျိုးအရ ကုလားဖြူအစိုးရ လက်အောက်ခံလိုသူ-မခံလိုသူတို့ ကဦးနှင့်တဦး သွေးကွဲစပြုနေချိန်ဖြစ်လေသည်၊ နယ်စိုးဖြစ်သော လူကြီးလူကောင်း စော်ဘွားကြီးများပင်လျှင် အချင်းချင်း မညီမညွတ်ရှိတော့ဘဲ မလိုလျှင်မလိုသလို၊ လိုချင်လိုသလို ဂျုံသွေး၍ တဘက်နှင့်တဘက် ရန်မီးမွေးနေကြသောကြောင့် မည်သူမျှမိမိတို့၏ အနက်ပွင့်ပွင့်လင်းလင်း ဖွင့်ဟခြင်းမပြုခဲ့ကြ၊ နှုတ်ပိတ်ရေရှည် နေကြလျက်

စားရေးသောက်ရေးအတွက် လုပ်ငန်းဆောင်တာ မှီသမျှကလေးကို သာ အပြစ်ကင်းအောင် လုပ်နေကြရလေသည်။

တနေ့သော ညဦးယာမ် အချိန်လောက်တွင် ရွာပြင်မှ တကျိကျိ တအီအီ မလှုပ်တလှုပ် ပျင်းရိလေးလံစွာ မောင်းနှင်လာသော ကောက်ရိုးလှည်းတစီးသည် မိုက်သီဖန်မြောက်ပိုင်း အစွန်ဆုံးအရပ်ရှိ စော်ကဲကြီး နောင်ဖိုးစည်၏ အိမ်ဝေးတွင် ခေတ္တခဏ ရပ်နေလိုက်လေသည်။ ဆေးတံတိုကြီးကိုခဲကာ ကောက်ရိုးပုံကြီးကိုမှီ၍ ငိုက်မြဲ ရင်းပါလာသော လှည်းမောင်းသမား ရှမ်းအဘိုးကြီးသည် ခပ်မှေး မှေး ညည်းစိမ်းစိမ်းနေသော မျက်လုံးကလေးဖြင့် ကုန်းမြေမပျက် တောင် မြောက် လေးပါးကြည့်လိုက်ပြီး အနီးအနားတွင် လူသွားလူလာ မမြင်ရသောကြောင့် ကောက်ရိုးပုံထဲသို့ လက်ထိုး၍ လှုပ်လိုက်ပါ တီးတိုးခပ်ဆုပ်ဆုပ် လေသံနှင့်....

'ဗျို့....ဆရာ.... ခင်ဗျားပြောတဲ့ စော်ကဲကြီးအိမ် ရောက်နေပြီ'

ဟု ရှမ်းဘာသာနှင့် ပြောလိုက်ပြီး အပေါ်မှ ကောက်ရိုးစည်း များကို အနည်းငယ် ဖယ်ရှားပေးလိုက်လေ၏။

ထိုအခါ၌ အောက်ပိုင်းမှ ကောက်ရိုးစီးများ လှုပ်ရှားလာပြီး ဆံပင်ဆိတ် ရှုတ်ရှားနှင့် အင်အားခြောက်ခမ်းလျက် ရုပ်ပျက်ဆင်း ပျက်နှင့် ထယ်ထယ်၊ အဖျားတက်နေသော လူတယောက် ပေါ်ထွက် လာလေရာ ထိုသူမှာ ရေမိုးမြေ ဒုပုန်ကြီး ရွှေစွန်ညိုဟု နာမည်ကြီး လှသော ခင်မောင်ညိုပင် ဖြစ်လေသည်။

ခင်မောင်ညိုသည် လှည်းပေါ်မှ ဆင်းလာပြီးနောက် ဒရိုးဒယိုင် နှင့် တုန်တက်ခိုက်ခိုက် ဖြစ်နေသောကြောင့် အိမ်ထက်သို့ ရုတ်တရက် မသွားနိုင်ဘဲ လှည်းရုံတိုင်ကိုကိုင်၍ ထားရာမှ ခါးစည်း ပုဝါကြား တွင် ထည့်ထားသော ဒေါင်းဒင်္ဂါး ၄-၅-ပြားကို နှိုက်ယူပြီး လှည်း



ဆရာကြီးကို ပေးလေ၏။ လှည်းဆရာ အဘိုးကြီးလည်း ငွေများကို လှမ်းယူရင်း တုန်တုန်ရီရီဖြစ်နေသော ခင်မောင်ညိုအား စိုးရိမ်သလို ကြည့်နေမိပြီး....

'ဟေ့....လူ ဒီလောက်ဖျားနေရင် ကောင်းကောင်းမသွားနိုင်ဘူး ထင်တယ်၊ ကျုပ်တို့ ပေးရအုံးမလား'

ဟု သနားကျင်နာစွာ မေးလေရာ ခင်မောင်ညိုလည်း မိမိ အကြောင်းကို မသိစေချင်သောကြောင့်....

'နေပါစေတော့ဗျာ သွားနိုင်ပါတယ်'

ဟု ဆိုကာ မသယ်နိုင်သယ်နိုင် ခြေလှမ်းတို့ဖြင့် အိမ်ရှိရာသို့ ဒရိုး ဒယိုင် အားခဲရှောက်လာခဲ့ရလေ၏။

အိမ်ကလေးအနီးသို့ ကပ်မိသောအခါတွင် လူခြေတိတ်၍ အိပ် စက်နေကြပြီဖြစ်လေရာ နောက်ဖေး ခလုကားကလေးမှ မသယ်နိုင် သေကိုယ်ကိုကြိုးစားအားတင်း၍ လှေခါးတဆစ်ချင်း တက်သွားခဲ့ ပြီးနောက်၊ အနေမပျက်ခဲ့ ထားသော တံခါးကိုတွန်းလိုက်ရာ အ ခန့်သင့် ပွင့်သွားလျက် အိပ်ခန်းကလေးတခုအတွင်းသို့ အဆင်သင့် ရောက်လာလေ၏။ သပ်ရပ်စွာ ခင်းထားသော အိပ်ရာ ကလေးကို လှမ်းမြင် ရသောအခါ အိပ်ရာ အနီးအပေါ်တွင် ခလေး အသုံးအ ဆောင်ကလေးတချို့နှင့် မိန်းမသားအဝတ် အသုံးအဆောင် က လေးများကိုတွေ့လိုက်ရခြင်းဖြင့် ခင်မောင်ညို၏ ရင်တွင်း၌ လှပ်တ လောခြင်း အေးကနဲ နွေးကနဲ ဖြစ်သွားမိသည်၊ လူကိုယ်တိုင်ကို ရင် ဆိုင်မတွေ့ရသေးဘဲ သားကလေးနှင့် မယားတို့၏ခြေရာလက်ရာ က လေးမျှလောက်ကို မြင်လိုက်ရရုံနှင့် တုန်ရီလိုက်လှဲစွာ ဝမ်းမြောက် သွားမိ ရှာတော့သည်၊ သို့ရာတွင် အားအင်ကုန်ခမ်း ပင်ပန်းလိုက် မော၍ အလောသုံးဆယ် အဖျားဝေဒနာတာသည်း ပါလာသည့်အဖြစ် ရှစား အိပ်ရာနားသို့ရောက်သည်နှင့်တပြိုင်တည်း စိတ်မထောင်နိုင်

မျှတို့ကို လျှော့ဖြေလိုက်မိသဖြင့် ခွေပျော့အားပြတ်၍ လဲကျသွားလေသတည်း။

× × ×

တအိမ်သားလုံး အိပ်မောကျနေခိုက်တွင် ခင်သုန်းမှာ အိမ်ရှေ့ဝါးရုံရှုပ်ကလေးသို့ထွက်ထိုင်လျက် မီးလက်ပေါ်တွင်တရေးနိုးလာသော အခါလယ်ကျော်ကျော် နှစ်ခါလယ်နီးပါးရှိ သားကလေးနှင့်စိတ်ပြေသက်ပြေ ချော့မြှူကြည်ဆယ်နေပြီ အချိန် ဖြစ်လေ၏၊ ထိန်ထိန်သာသော ပိုးရွှေလကြီးကိုညွှန်ပြခါ စကားမပြီကလာ ပြိုကလာဖြေချပြနေသော ကလေးငယ်အား နုတ်တိုက်စကား သင်ပေးရင်းပင် အတွင်းရေးကြောင့် မျက်နှာကလေးမကြည်မလင် ဖြစ်နေရှာတော့သည်၊ ကြာကြာတွေးလျှင် အဆွေးတွေ အုံပါကြလာသောကြောင့် မျက်ရည်စကလေးများကို သိမ်းဆည်းခါ သားကလေးကို ချီပိုးလျက် အိပ်ခန်းထဲသို့ပြန်ဝင်လာလေ၏။

ခင်သုန်းသည် အခန်းတွင်းသို့ရောက်လျှင် ရောက်ခြင်း အိပ်ရာပေါ်တွင် ကန့်လန့်ဖြတ်လဲနေသော ခပ်မဲမဲလူရိပ်တခုကို တွေ့ရလျှင် ရုတ်တရက်ထိတ်လန့်ကြောက်ရွံ့၍ ခြေလှမ်း တွန့်သွားမိသည်၊ သို့ရာတွင် သတိဝီရိယရှေ့သွား၍ အနီးသို့ခြေဖျားထောက် တိုးသွားခါ ပြူတင်းပေါက်မှ ကျဆင်းနေသော လရောင်အားဖြင့် သေချာစွာ ကြည့်မိသည်တိုင်အောင် ဆံမုတ်ဆိတ်ဗလပွနှင့် ရုပ်ရေကို မဖမ်းနိုင်လောက်အောင်ရှိ၍ တွေဝေနေမိသည်၊ ထပန် ထိုသူ၏ကိုယ်တွင် ဝင်ဆင်ထားသော သွေးစွန်းပြည်စက်အများနှင့် စုတ်ပြတ်ပေါက်ပြဲနေသည့်အဝတ်အစားများကို ကြည့်ရှုအကဲခတ်ရာတွင်လည်း မရှင်းလင်းမှိုင်နေရာမှ နောက်ဆုံးထိုသူ၏ ဘောင်းဘီခါးပိုင်းတွင် အတွင်းကျကျမှ တစွန်းတစထွက်ပေါ်နေသည့် ခါးစည်း ပုဝါကလေးကို မြင်လိုက် ရသည့်အခါ ခင်မောင်ညိုအား ကျိုင်းတုံ နယ်စပ်မှ



နောက်ဆုံး ခွဲခွာခါနီးတွင် ပေးလိုက်သော မီမီအမှတ်တနီး အသုံးပြုသည့် ပိုးသားတဘက်ကလေး ဖြစ်နေသောကြောင့် ဤတွင်မှသာ တော့ပေါက်ခါ ခင်မောင်ညိုကိုတအားဖက်၍ စိတ်ရှိသလောက်ဖက်ပွေ့လျက် မျက်ရည်စက်လက်နှင့် နှုတ်ဆက်မိလိုက်လေသည်။

သို့သော်ခင်မောင်ညိုမှာ မလှုပ်မရှက် ငြိမ်သက်နေသောကြောင့် ခင်သုန်းမှာ အံ့ဩစိုးရိမ်စွာ စုံစမ်းမိလေသည်၊ ရုတ်တရက်သော် အိပ်မောကြီးကျနေပြီဟု ထင်ရသော်လည်း စူးစမ်းကြည့်သောအခါ လှုပ်ရှားမှုမသိအောင် အဖျားတက်နေသည်ကို တွေ့ရလေသည်။

'မောင်…မောင်'

ဟု ယုယကြင်နာစွာခေါ်ပြီး အရှုးမီးတိုင်း ပြာယာခတ်နေမိရှာသည့်တိုင်အောင် ခင်မောင်ညိုမှာမလှုပ်နိုင် ပြန်လည်သူဘော်မရ၍ ကြောက်စိတ်ကြောင်ဖြစ်သွားခါ စမ်းတဝါးဝါးနှင့် ညစ်ပတ်စုတ်ပြတ် ချေးစိုရွှဲနေသောအင်္ကျီကို လဲလှယ်ပေးရန် ချွတ်လိုက်သောအခါ လက်ပြင်လက်မောင်းပခုံးစွန်းတို့တွင် အမာရွတ် အဟောင်းအသစ်များနှင့် ပြည်ပြီးသွေးစီး တစက်စက်ဖြင့် မကျက်တကျက် ဒဏ်ရာအနာများ တခုနှင့်တခုထပ်နေသည်ကို တွေ့မြင်ရပြီး နားထင်စမှ သွေးစီးအလိမ်းလိမ်းကပ်ခြေနေသော ဒဏ်ရာကြီးမှာလည်း မမြင်ဝံ့အောင်ရှိရကား၊ ခင်သုန်းမှာရင်ထုမနာနှင့် မျက်ရည် စက်လက်ငိုရှိုက်ခါ အိမ်ရှင်ခေါ်ကဲပေါင်း နောင်ပိုးစည်နှင့် သားဖြစ်သူ ဓောချစ်ဦး၊ သူ့ဇာနှင့်မာလာတို့ကိုပါ ကပြာကယာလိုက်နှိုးပြီး အရေးတကြီးဝိုင်းအုံပြုစုကြရလေသတည်း။

* * *

ခြေမကိုင်မိလက်မကိုင်မိ ဝိုင်းအုံပြုစုကြခြင်းဖြင့် တကြောင်း၊ ချစ်လှသော မယားနှင့်သားကလေးတို့ကို ပြန်တွေ့ခြင်း တည်းဟူသောအာရုဏ်ကသကြားပေးသည့် ဆေးတန်ခိုးကြောင့်တကြောင်း

မျက်မြင်ကြသို့ ခင်မောင်ညို၏ရောဂါဝေဒနာမှာ သက်သာပျောက်ကင်းလာလေ၏။

ခင်ကျွန်းမြို့မှာ အကြင်လင်မယားဘဝ အကြောင်း မျှရှသည့်အချိန်ကစ၍ တစ်ထောက်လေးမျှ အေးချမ်းပျော်ရွှင်စွာ မနေခဲ့ရရှာသော ထိုအကွဲကွဲအပြားပြား ပြေးလွှားပုန်းရှောင်နေခဲ့ရရာမှ ယခုကဲ့သို့ ပြန်လည်တွေ့ဆုံရသောအခါ ဝမ်းသာ၍မဆုံး။ တပြုံးပြုံး ဖြစ်နေရှာတော့သည်။ ခင်မောင်ညို ပုန်ကန်တိုက်ခိုက်ရန် တပည့်များထံသို့ ပြန်မသွားပါစေနှင့်ဟုပင် ကြိတ်၍ဆုတောင်း နေမိရှာသည်။ လူရုပ်သိုက်တွေနှင့် ကွဲပြားလာကြောင်းသိရ၍လည်း ရှေ့အတွက် ခင်းမဆက်နိုင်တော့ဟု တွေးကာ အတွင်းကြိတ် ဝမ်းသာနေမိရှာသည်။ ပြောပါများ မယားစကားအောင်သည်ဆိုသော စကားကို ကိုးကား၍ သားကလေးမျက်နှာကို ပြလျက် ရှေ့အတွက် ပျော်ရွှင်အေးချမ်းစွာ မိသားတစုနေထိုင်ကြရန် အတန်တန် နားသွင်းဖြောင်းဖျလျက်ရှိလေ၏။

ဇနီးသားကို မလျော့သေးသည့်တိုင်အောင် ခင်မောင်ညိုမှာ အနိုက်အတန့်အားဖြင့် မိမိတွင်အင်အား နည်းနေသည့် အတောအတွင်း အနားယူကာ သားမယားနှင့် ခပ်အေးအေး နေဦးမည်ဟု စိတ်ပိုင်းဖြတ်လိုက်လေသည်။ ထိုရွာတွင် ရန်သူများနှင့် နီးကပ်လှသောကြောင့် မိုက်သံဖန်တွင်နေ၍ကား မဖြစ်သဖြင့် ကုလားဖြူအစိုးရ အလံမိုးနိုင်နှင့် လုံခြုံလွတ်ကင်းရာ တရုပ်နှင့် ရှမ်းပြည်နယ်ခြားဖြစ်သော မူဆယ်သို့မကြာမီ ပြောင်းရွှေ့နေထိုင်ရန် သန္နိဋ္ဌာန်ချလိုက်လေသတည်း။

ယင်းသို့ ခင်မောင်ညိုမှ မူဆယ်ဆရပ်ကို ပြောင်းရွှေ့မည့်ဆဲဆဲတွင် ထားနှင့်သည့် ပန်ထွေးသည် ရုပ်ပျက်ဆင်းပျက် ဆင်းရဲဒုက္ခများ မောဟိုက်ပင်ပန်းစွာနှင့်ရောက်လာပြီး ဆရာ၏ခြေကိုဖက်လျက် မျက်



ရည်နှင့်မျက်ခွက်ဝိုလေ၏၊ ခင်မောင်ညိုလည်း ဆင်းရဲဒုက္ခနှင့်စွာ ရောက်လာသော တပည့်ပန်ထွေးကို ကြည့်ကာ နောက်နောက်က မိမိတို့ အင်အားတောင့်တင်းစွာ နေထိုင်ခဲ့ရသည်တို့ကို တွေးမိပြီး စိတ်မကောင်းဖြစ်သွားလေ၏။

'ဆရာရယ် ကျွန်တော်တို့မှာဆရာနဲ့ ကွဲသွားကတဲက တောင်မြင့်မှာ လွတ်တဲ့ခွေးလို တောင်ပြေး မြောက်ပြေးနဲ့ ဆင်းရဲတော်ဖြတ်နေကြပါတယ်၊ စားစရာမရှိ၊ နားစရာ နေစရာမရှိနှင့် အတိဒုက္ခရောက်နေရတဲ့အထဲမှာ အစိုးရကလဲ ကျွန်တော်တို့နောက် တကောက်ကောက်လိုက်နေတယ်ဆရာ၊ အခု ဆရာရှိရာကို လာရတာတောင် အတော် ဆင်းရဲပင်ပန်းခံပြီး ကြိုးစား လာခဲ့ရပါတယ် ဆရာရဲ့'

ဟုရှုံ့ရှုံ့ဖြစ်ဖြစ်အလွမ်းသယ်သောပန်ထွေး၏စကားကို ခင်မောင်ညို ယုံကြည်စွာနှင့် ပန်ထွေးအား မိမိထံတွင် နိုက်ကိုးနေထိုင်ရာ အခွင့်အရေးပေးလိုက်လေ၏။

ထိုနေ့မှစ၍ ပန်ထွေးသည်လည်း မရဲတရဲနှင့်ပင် အလစ်ကိုချောင်းလျက်၊ ရက်စက်စွာပြုမှုရန် ကြံစည်အားထုတ်ခဲ့သည်။ ထမ့်ကြီး နောင်ပိုးစည်နှင့် စောချစ်ဦးတို့ကတမျိုး၊ ခင်သုန်းနှင့် သုခမာလာတို့ကတမျိုး။ မလစ်လပ်နိုင်အောင် ရှိခဲ့ခြင်းကြောင့် အကြံအစည် မနောင့်နှေးလျက်ရှိခဲ့လေသည်။ ထိုအတွင်းမှာပင် ခင်မောင်ညိုသည် အိမ်သားများကိုခေါ်လျက် မူဆယ်သို့ပြောင်းရွှေ့လာကြမြန်ရာ စောချစ်ဦးသည် ဆရာကို ကူညီစောင့်ရှောက်ရန် လိုက်ပါလာသကဲ့သို့ပင် ပန်ထွေးလည်း ဆရာကိုပြုစုရန် လိုက်ပါလာခဲ့လေသည်၊ ခင်မောင်ညိုကား ပန်ထွေး၏ အကောက်ဥာဏ်ကို မရိပ်မိရှာဘဲ စောချစ်ဦးနှင့်အတူ ယုံကြည်စိတ်ချရသော တပည့်တဦးအဖြစ်နှင့် အရာရာ တိုင်ပင်လျက်ရှိလေသည်။

ထိုအတွင်းမှာပင် ခင်မောင်ညိုမှာ မှုဆိုးသို့ရောက်မှ ရှေးကအဆက်အသွယ် ပြုခဲ့ဘူးသော နယ်စပ်ရှိ တရုပ်တောပုန်းဓါးပြကြီးများနှင့် မကြာခဏ သွားရောက်တွေ့ဆုံခါ မြန်မာပြည် မြန်မာရေးအတွက် တဖြေးဖြေး အင်္ဂလိပ်အကြံထုတ်လျက် ရှိနေသည်ကိုပင် တွေ့သိရလေသည်။ ထိုတောပုန်း ဓါးပြကြီးများအနက် ဓါးပြဗိုလ်ကြီး စန်လီဖူးဆိုသူမှာ ခင်မောင်ညို အပေါ်တွင်သာမက ခင်မောင်ညို၏ ထိမ်းသားများဖြစ်ကြသော ခင်တုန်းတို့ မိသားတစုကိုလည်း လွန်စွာခင်မင်ရင်းနှီးခဲ့လျက် မိမိသားကလေး ချန်ရူနှင့် ခင်မောင်ညို၏ သားကလေးအား အတူတကွ အဖြူထားရွဲ့ ကစားစေ၍ ပြုစု ထားခဲ့သည်၊ ဓါးပြဗိုလ်ကြီး စန်လီဖူး၏ ဇနီးမှာလည်း ခရွန်နယ်မှ တိုက်ခိုက်သိမ်းပိုက်ခဲ့သည့် မြို့စားတဦး၏ သမီးဖြစ်၍ ခင်တုန်းတို့နှင့် တွေ့သောအခါ ခင်မင်စွာ ပေါင်းသင်းဆက်ဆံရေး၌ ပိုမိုလေးစားရင်းနှီးချစ်ခင်သွားစေတော့သည်။

ခင်မောင်ညိုသည် မိမိ၏သားကလေးအား များစွာချစ်ခင်ထားထားခဲ့သည့်အလျောက် မိမိခြေရာကို နင်းနိုင်မည့်သားဟု ယုံကြည်စိတ်ချစွာနှင့် အမည်ပေးရန် ရွေးချယ်ရာ၌ပင် အခြားအမည်ကိုမပေးတော့ဘဲ "ရွှေစုန်ညို" ဟူ၍ပင်ပေးလိုက်လေ၏။

* ❊ *

**အခန်း ၂၁။** ပန်တွေးသည် နေ့ရှိသမျှ မိမိအကြံ အောင်စေရန် အချက်ကောင်း စောင့်လျက်ရှိသော်လည်း ရုတ်တရက် လှုလစ်သွားချိန်မတွေ့ရဘဲ နေလေသည်၊ မိမိနှင့် ခင်မောင်ညို နှစ်ဦးထဲ တိုင်ပင် ဆွေးနွေးရင်းလည်း အခွင့်အရေး မပေါ်သေးဘဲ ရှိလေ၏။

ပန်တွေးမှာ စော်ရက်စွာ ပြုမူရန် မရှောင်မလွှဲသာသဖြင့် စွန့်စား



ရတော့မည်ဖြစ်သော်လည်း တချက်တချက်၌ မရက်စက်နိုင်အောင် ရှိနေလေသည်၊ ထိုအတောအတွင်းမှာပင် ခေတ္တခဏ အနားယူရင်း သားမယားနှင့် ပျော်ပျော်ရွှင်ရွှင်နေရှာသော ခင်မောင်ညိုအား မြင်ရမြန်သောအခါ နဂိုရ်ကမရှိ တရှိ နေသော စိတ်များကို ပိုမိုတွန့်ဆုတ်သွားစေတော့သည်၊ အတွင်းရန်သူကြီးဖြစ်သော မြွေပွေးအား ဓါးပိုက် ပိုက်ထားမိသည်ဟု မသိရှာသော ခင်မောင်ညိုနှင့်တကွ အိမ်သားများမှာ ပျော်ပျော်ရွှင်ရွှင် နေကြသည့် အခိုက်အတန့်ကလေးဖြစ်တော့သည်။

ဥတုရာသီ သာယာကြည်လင်သောနေ့များမှာ ခင်မောင်ညိုတို့ အိမ်သားတစုနှင့် ဓါးပြဗိုလ်ကြီး စန်လီဖူးတို့တစုသည် ကုန်းသာယာ စခန်းကလေးတွင် အပျော်ပေါ် အလည်အပတ်ထွက်လာကြပြီးနောက် အရိပ်တကြည့်ကြည့် ရှိကြသော နှစ်ခါလည် ကျော်ကျော် အရွယ်ရှိ သားငယ်ကလေးနှစ်ဦးအား ဓါးခုတ် လှံထိုးစသော ကစားနည်းများ လူစုလူဝေးကြီးတို့နှင့် ဓါးပြဗိုလ်ကြီးပြုကာ လုယက်တိုက်ခိုက်သော ကစားနည်းများကိုသာ အပျော်ကစားစေလျက် ယောကျ်ားအဘိုနည် သတ္တိခဲကလေးတွေ ဖြစ်လာရန် စီမံနေကြလေရာသား ရွှေစုန်ညိုနှင့် ချန်ရူတို့သည် နှစ်ခါသည်ကျော်ကျော်အရွယ် နုနယ်ကြသေးသည့် ကလေးငယ်များပင် ဖြစ်သော်လည်း 'ကြောက်သည်' ဆိုသော စကားအ်ာအဓိပ္ပါယ်ကို အလျှင်းနားမလည်ကြတော့ဘဲ မိမိတို့အလုပ်မှာ ထိုးခုတ် သတ်ဖြတ်ရန်မှတပါး၊ အခြားကိစ္စကို မဝင်စားတတ်ခဲ့ကြပေ၊ ထို့ကြောင့် တအိမ်သားလုံးမှာ ကလေးများကို အရိပ်ကြည့်ကာ ပျော်ရွှင် နှစ်သိမ့်နေမိကြခြင်းဖြင့် နောက်နောက်ကမြေးရ လွှားရန်နှင့် ဒုက္ခရောက်ခဲ့ကြသမျှတို့ပင် အမေ့ကြီးမေ့၍ နေကြလေတော့၏။

ပန်တွေးမှာ လက်တစ်ချိ၍ နေရာတပင် ပျော်ရွှင်စွာ နေကြရှာ

သော မိသားတစုအား များမကြာမီ မျက်ရည်နှင့် မျက်ခွက် ဖြစ်ကြရရှာတော့မည်ကို ထင်ကြွေးတွေးတောကာ မသနားဘဲ မနေသာအောင် ရှိလေ၏။ မောင်မောင်ထွန်းထံမှ ယူထားသော ငွေကြေးများကလည်း ကုန်သွားရှိတော့သည်၊ ထိုငွေကြေးတို့ကြောင့် သူ့ အလိုအတိုင်းမပြုဘဲ မိမိတကိုယ်ကောင်း ရှောင်လွှဲနေမည်ဆိုက ဖြစ်နိုင်မေကာမှ ငွေကြေးယူပြီးနောက် သစ္စာမဖေါက်ပါ၊ အမှုကြေကုန်အောင် ဆောက်ရွက် ပေးပါမည်ဟု ကျန်ရစ်သော ခလေး ငါးယောက်နှင့် မယားမိန်းမပေါက်ကို အပေါင်ပြု ပေးထားခဲ့ရခြင်းကြောင့် မရှုံးသာ မလွှန်သာအောင် ရည်ပြီး နှောင်ဖြီးဖြစ်နေသည့်အပြင် မိမိ ကားလုပ်နေသည်ကိုပင် နောက်မှ စုံစမ်းသူတွေ တကောက် ကောက်နှင့် ရှုပ်ဖျောက် လိုက်နေသည်ကို သိရသောအခါ ပန်တွေးမှာ နောက်သပ် အချိန်ကြာအောင် ဆိုင်းငံ့ ပေရာ အကြောင်း မရှိတော့ သလောက် ဖြစ်လာလေ၏။ သူ့အပါး သားမယား မျက်ရည်ကြီးငယ်ကျမည်ကို သနား ညှာတာလိုက်သည်နှင့်တပြိုင်နက်၊ မိမိသားမယားများမှာ မျက်ရည်ပေါက်ကြီးငယ်ကျရုံတွင်မနေ သောကြွေးဖျက်စီးရာတိုင်ရှာတော့မည်၊ မောင်မောင်ထွန်းကား ညှာတာထောက်ထားမည့် လူမျိုးမဟုတ်သူထင်သလို လုပ်နိုင်ရန် အခိုးရတို့ထံမှ အခွင့်အရေးရနေသော အချိန် ဖြစ်သည့်အားလျော်စွာ ရှမ်းပြည်တရားမရှိဆိုသော စကားကို အလွဲလွဲအမှိုပွါး ကောက်၍ အထောက်အထားပြုလျက် ရက်စက်ဆိုးသွမ်းစွာ အပြစ်ဒါဏ်ပေးလေတော့မည်၊ ယခုပင်ကုန်လွန်လာခဲ့သောအချိန်နှင့် စသော် ငါးအလုပ်ရေးမရောက်ကြောင်း ထင်ရှားနေလှပြီ...ဟုတွေးမိလေသည်၊ ထိုကြောင့် ပန်တွေးသည် မိမိ၏ နှောင့်နှေးနေမှုကို အပြစ်တင်ကာ....

'ကဲ...ကွာ တပြစ်ဖြစ်ဒီနေ့တော့ကိစ္စပြီးအောင်လုပ်တော့မယ်'



ဟု မျက်စိစုံမှိတ်၍ ဆုံးဖြတ် လိုက်ပြီးနောက် ခင်မောင်ညိုရှိရာ အခန်းထဲသို့ ဝင်လာခဲ့လေ၏။

ခင်မောင်ညိုသည် သားကလေး ရွှေစွန်ညိုနှင့် အခန်းထဲတွင် ဝါးကစားသင်လျက်ရှိလေ၏၊ ခင်ဘုန်း လည်း အနီးမှထိုင်ကာ ခင်မောင်ညို သားအဖ ရယ်လား မောလားနှင့် ဝါးကစားနေကြသည်ကို ကြည်လင်ချမ်းမြေ့သော မျက်နှာထားနှင့်ကြည့်နေလေ၏၊ ထိုအခိုက်အတန့်တွင် အကြံသမား ပန်တွေးသည်း သရာအနီးသို့ရောက်လာလေ၏၊ ခင်မောင်ညိုလည်း သားကလေးနှင့် ရယ်လား မောလား ကစားလျက်ရှိရာမှ တစုံတရာပြောလိုသော အရိပ်အကဲ္ဘာနှင့် ပန်တွေးရောက်လာသောကြောင့် သားရွှေစွန်ညိုအား ပွေ့ချီနမ်းရှုပ်လိုက်ပြီးနောက်....

'ကဲ...လူကလေး ဘဘပန်တွေးနဲ့ စကားပြောအုံးမယ်၊ မောင့်မေမေဆီ ခဏသွားအုံး ဘဘပန်တွေးနဲ့ စကားပြောစရာ ရှိသေးတယ်'

ဟုဆိုကာ သားကလေး ရွှေစွန်ညိုအား ခင်ဘုန်းရင်ခွင်ထဲသို့ ထည့်လိုက်လျှင်၊ ခင်ဘုန်းသည်း သားကလေးကိုပွေ့ချီကာ တော်ရာသို့ ရှောင်ထွက်လာခဲ့လေသည်၊ သို့ရာတွင် ပန်တွေး၏မျက်နှာ အမူအရာကို ကြည့်ရခြင်း အားဖြင့် မိမိချစ်သူ လင်ယောကျ်ားအား တစုံတခုမကောင်းမှုပြုရန် ဖြားယောင်း သွေးဆောင်တော့မည်ဟု အတတ်သိရသည့်အတိုင်း အခန်းကွယ်မှ မထောင်မလယ် နားထောင်နေမိလေ၏။

တွေး။ ။'ဆရာ့ကို တိုင်ပင်စရာကလေးတခုရှိလို့....'

ညို။ ။'အေး....မင်းမျက်နှာမြင်ကတဲက ငါသိတယ်၊ ဘာအကြောင်းတုံးသလဲ ပြောစမ်း....'

တွေး။ ။'အကြောင်းကတော့ ဒီလိုပါဆရာရယ်၊ ကျွန်တော်

တို့မှာ ဆရာသိတဲ့အတိုင်း နောက်နောက်ကဆိုရင် ဆရာကိုအမှီပြုပြီး ဘယ်လောက်စီးပွားလမ်းဖြောင့်တယ်ဆိုတာ အထူးပြောစရာ မလိုတော့ပါဘူး။ အခုတော့ သိပါမြင်နေနဲ့ကျ သွားကတည်းက ဆရာ့စိတ်ဆန္ဒအတိုင်း ကျွန်တော်တို့မှာ အင်မတန်မှ ဆင်းရဲပင်ပန်းခဲ့ပြီး ကုလားဖြူများနဲ့ အသက်စွန့်ပြီး ကြိုးကြိုးစားစား ပြိုင်ဆိုင် တိုက်ခိုက် လာခဲ့ ကြတာလဲ ဆရာ အသိပါဘဲ၊ ဒီနောက် စော်ဘွားတွေ သွေးကွဲသွား ကြတော့လဲ အားမလျော့ဘူး ဆိုတဲ့ စိတ်နဲ့ ကျွန်တော်တို့တတွေ အကြိတ်အနယ် စွန့်စားခဲ့ပြန်ပါတယ်၊ ယခု နောက်ဆုံး ဆရာနဲ့ ကျွန်တော်တို့လူစုကွဲခဲ့ကြပြီး ဆရာကလဲ ဒီအရပ်မှာလာ ရွှေ့ခဲ့ကာ အနားမြနေ၊ နောက်လဲ တော်ခေတ်နှင့် တိုက်မှုခိုက်မှုကို ပြုကြဦးမယ်မဟုတ်၊ တိုက်ခိုက်ပြန်ပြီဆား ရှေးကလို ဘဏ္ဍာပစ္စည်းများကို တိုက်ခိုက်မှာမဟုတ်တဲ့ လူ့လူချင်း၊ တစ်တစ်ချင်း။ အနိုင်တိုက်ခိုက်မှာဖြစ်လေတော့ ကျွန်ရစ်ခဲ့တဲ့ ကျွန်တော်တို့သားမယားများမှာ အငတ်ငတ် အပြတ်ပြတ်နေရတဲ့ဘဝ နှင့်ဘဲ သေကြရတော့မယ်၊ ဒီလိုဖြစ်နေတာဟာ ကျွန်တော်တယောက်ထည်းသာမဟုတ်ဘူး။ ဆရာနဲ့ တကွဲတပြားဖြစ်ပြီး ကျန်ရစ်ခဲ့တဲ့တပည့်တွေဟာ ဆရာ့ဆီလိုက်နေသို့ဟာလဲ ဆရာ့မှာရှေးကလိုမဟုတ်သေးတော့ သူတို့အတွက် ဝန်လေးနေမယ် ဟိုမြေမှာလဲ အငတ်ငတ်အပြတ်ပြတ်ထားခဲ့ရတဲ့ သားမယားတွေကတဘက်၊ သူတို့ကိုယ်တိုင်လဲ အငတ်ငတ်အမွတ်မွတ်ဖြစ်နေ၊ ရိုးရိုးမွတ်မွတ် ရှာမဖူလုပ်ကိုင်စားဘို့လာကလဲ သူတို့နောက်ကို အမိုးရခုံထောက်တွေက သသန်းသန်းလန်းလိုက်နေတော့ မြို့ထဲရွာထဲဝင်မနေဝံ့ဘဲ တောထဲ တောင်ထဲမှာသာ တောတိရိစ္ဆာန်များလို ပုန်းလျှိုး ကွယ်လျှိုး နေကြရရှာတယ် ဒါကြောင့်သူတို့ကလဲ ဆရာကိုပြောပေးဘို့ ပူဆာကြတယ်ဆရာ...’



ညို။ ။‘ဘယ်လိုပူဆာကြသလဲ’

တွေး။ ။‘တခြား မဟုတ်ဘူး ဆရာ ကျွန်တော်တို့ တွေကို နောက်ဆုံး ကြည့်ရှုစောင့်ရှောက်တဲ့သဘောနဲ့ ဘဏ္ဍာပစ္စည်းများကို တချို့လောက် စုရုံးတိုက်ခိုက်ပြီး အသီးသီးဝေစုခွဲယူပြီးတဲ့နောက် ကွဲကွာနေတဲ့ သားမယားများကိုခေါ်ပြီး အောက်မြို့ အောက်ရွာ ချပ်ဖျက်ဆင်းပြီး ဟိုမှာ ကောင်းရောင်းကောင်းဝယ် လုပ်စားနေကြဘို့ပါဘဲ၊ ဒီတကြိမ်ထဲ သနားသဖြင့် ကြည့်ဘို့ပါဘဲဆရာ၊ နို့ပြီးတော့ တိုက်ခိုက်ဘို့ အချက်ကလဲ အခန့်သင့်ပါဘဲ ဒီနေ့ကစပြီး သုံးရက်အတွင်း သီပေါစော်ဘွားကြီး ရွှေနန်းတော်ကို အလယ်အပတ်ဆင်းပါလိမ့်မယ်၊ လက်နက်ကိုင် ကိုယ်ရံတော်စစ်သားများလဲ အတော်များများ ခေါ်သွားမှာဖြစ်လို့ သူ့ဟော်တော်ကြီးမှာ အစောင့်အနေ နဲနဲဘဲ ကျန်ရစ်ပါလိမ့်မယ်၊ ဟော်တော်ကြီးခေါင်းရင်းက ဘဏ္ဍာတိုက်ထဲမှာ စော်ဘွားကြီးအစဉ်အဆက်က သိုလှောင်သိမ်းဆည်း ထားတဲ့ ရွှေတုံးရွှေခဲတွေဟာ သုံးသန်းကျော်ကျော်ဘိုး ရှိပါတယ်၊ အဲဒါတွေ ဒီတချီ တိုက်ခိုက်ယူလိုက်ရရင် ကျွန်တော်တို့တတွေ ဒီဘဝမှာ ကိုယ်စီကိုယ်င သူဌေးတဝနဲ့ ပျော်ပျော်ကြီး အဆုံးသတ်ကြရမှာဘဲဆရာ၊ အဲဒါကြောင့် ဆင်းရဲတော်ငြတ်နေတဲ့ ဆရာအကျိုးတော်ဆောင် တပည့်ရင်းချာများကို ဒီတကြိမ် နောက်ဆုံးချီးမြှင့်ခြင်း ပြုပါတော့ဆရာ’

ဟု စိတ်ပါလက်ပါ မြိန်ရည်ရှက်ရည် ပြောသော ဖျော် ခင်မောင်ညိုလည်း တပည့်များကို သနားဝဲ့သွားလိုစိတ်များ ပေါ်ပေါက်လာကာ အတန်ကြာတွေဝေစဉ်းစားနေမိလေသည်၊ အခန်းကွယ်မှ ချောင်းမြောင်း နား ထောင် နေသော ခင်တုန်း၏ ရင်တွင်းမှာ တဒိန်းဒိန်းခုန်၍နေတော့သည်။

‘ဘုရား....ဘုရား....မောင်လိုက်များ မသွားပါစေနဲ့တော် ဒီအ

တိုက်အခိုက် အလုပ်တွေကို တနှစ်လုံးလုံး မလုပ်ပါဘူးလို့ ဂတိပေးထားတာ သတိမှ ရပါတော့မလား။ သားကလေး မျက်နှာကို ငဲ့ပြီးထားခဲ့တဲ့ဂတိကို သတိရပါစေ၊ ဘုရားကယ်တော်မူပါ'

ဟု ဆုတောင်းရင်း ခင်မောင်ညို၏အဖြေကို စောင့်မြှော်နေပါရှာလေ၏။

ခင်မောင်ညိုလည်း အတန်ကြာ ငြိမ်သက်စွာ စဉ်းစားနေရာမှ စိတ်ကို ဆုံးဖြတ်ချက်ချလိုက်ဟန်အလား ပင့်သက်ကြီးများ ရှိုက်လျက် ပန်းထွေးဘက်သို့ လှည့်ကြည့်လိုက်ပြီးလျှင်....

'ဟင်....တိုင်းပြည်ပြန်ရရေးမဟုတ်တဲ့ ဒီအသေးအဖွဲ့အလုပ်မျိုးကို မလုပ်ချင်တော့ပါဘူးကွာ၊ ငါမပါပေတဲ့ မင်းတို့ဟာ မင်းတို့လုပ်ကြရင်လဲ ဖြစ်မှာပါဘဲ၊ ကဲ...ကဲ မင်းတို့ချင်း တိုင်ပင်ရုံးပြီးတော့သာ လုပ်ကြပါတော့'

ဟု ပြောလိုက်သဖြင့် ပန်းထွေးခေါင်းငိုက်စိုက်နှင့် အပြင်သို့ထွက်သွားသည်ကို မြင်လိုက်ရသောအခါ ခင်ဘုန်းမှာ အသပြာရွှေထုပ်ကြီးကို ခလုပ်တိုက်မိသည်ထက် အဆပေါင်း ထောင်သောင်း မက ဝမ်းမြောက်မိပြီး သားကလေး ရွှေနှန်ညိုကို ခါးတစ်ခွင်မှချခဲ့လျက် ခင်မောင်ညိုရှိရာသို့ ရုတ်တရက် အပြေးကလေးလာကာ တသက်နှင့်တကိုယ်တွင် အချိုဆုံး အရွှင်ဆုံးသော မျက်နှာကလေးနှင့်ကြည့်ရှုနေရှာတော့၏။

ခင်မောင်ညိုလည်း ဝမ်းမြောက်ရွှင်ပြုံးသော မျက်နှာကလေး နှင့် ကြည့်နေသော ခင်ဘုန်းကို ပြုံးပြုံး ရွှင်ရွှင်ကြီး ပြန်ကြည့် ကာ အလိုလိုဝမ်းသာ၍လာတော့သည်နှစ်ယောက်၏ ဝမ်းမြောက် ရွှင်လန်းပုံများမှာ မိမိတို့အချစ်ပန်းကပ်ချခဲ့သည့် ပဌမ အချိန်အခါ က ဝမ်းမြောက်ပုံမျိုးနှင့်သာ အချိုးအစားညီမျှလျက်ရှိရာ ခင်ဘုန်း



သည်၎င်း၊ ခင်မောင်ညိုသည်၎င်း မိမိတို့အချစ်ကို အဟောင်းမှ အသစ်ဖြစ်လာအောင် အရောင်တင်လိုက်သကဲ့သို့ ရှိသောကြောင့် တယောက်တယောက် နက်နဲသော ချစ်မျက်လုံးနှင့် ပြုံး၍စိုက်ကြည့် ပြီး ချစ်သူတို့ ဓမ္မတာအားဖြင့်လည်း ချစ်ကြည်နူးခြင်း၏ အမှတ် လက္ခဏာကို ယူယကြင်နာစွာ ပြမိကြလေ၏။

ထိုအခါမှာပင် တဘက်တွင် ကျန်ရစ်ခဲ့သော သားကလေး ရွှေနှန် ညိုသည် ဖါးသာတွယ် ပြုလုပ်ပေးထားသော ဝါးခြမ်းပြားယက်က လေးကို ကိုင်ရင်းပြေးလာပြီး....

'ဘဘ....ဘဘ...နေဒ်နဲ့ ကိုကြာချစ်ဦးနဲ့လေ- ဓါးကချားခဲ့ တယ်၊ နေဒ်က ချောကျွန်ညီကြီးလုပ်တာပေါ့၊ နေဒ်ကို ကိုကြာချင် ဦးကြီးက ကုလားကြီးလုပ်ပီး ဓါးနဲ့ထိုးလိုက်တော့ နေဒ်လဲပီး သွားရော...တိတ်ကျော်ဘာဘဲ ဘဘရဲ့'

ဟု မပီကလာ ပီကလာနှင့် မောကြီးပန်းကြီး လက်ဟန်ခြေဟန် ကလေးပါ လာပြောလေရာ ရုတ်တရက်သော် ခင်မောင်ညိုရော ခင်ဘုန်းပါ ထိတ်ခနဲဖြစ်သွားမိလေ၏၊ ခလေးပါးစပ်မှ ထွက်လိုက် သောစကားသည် တခါတခါ၌ မိုးကြိုးသွားကဲ့သို့ထက်မြက်တတ် ကြောင်း ကောင်းစွာတွေးလိုက်မိ၍သို့သော် ခင်မောင်ညိုမှာ လျှပ် စစ်သဖွယ် လျင်မြန်စွာ ဝင်ရောက်လာသော ထိုစိတ်ကို အမြန်နှင် ထုတ်လိုက်လျက် အပြုံးမပျက် သားကလေး ရွှေနှန်ညိုကို ဆီး၍ ဖက်ပွေ့နမ်းရှုပ်လိုက်ပြီးနောက်....

'ဆို...ငါ့သား...ကစားရင်းမောလာသလား။ ချွေးတွေ ထဲတွေ နဲ့ပါလား ကြည့်စမ်းပါဦး.... နဖူးမှာလဲ ပေလို့ ကြောကလေးလဲ ရှိလို့၊ ကဲ....ခင်ရယ် အဝတ်ကလေးများ သွားလဲပေးပေးလိုက် ပါဦး'

ဟု ပြောလိုက်သောကြောင့် ခင်ဘုန်းသည်၊ သားကလေးကို ပွေ့ချီကာ တအက်ငိုအိပ်ခန်းထဲသို့ ဝင်လာခဲ့လေ၏။

ခင်မောင်ညိုသည်၊ မိမိဇနီးနှင့်သားကလေးပြန်ထွက်လာမည်ကို စောင့်ဆိုင်းနေ၊ ကြည်သာသောမယားနှင့် ပျော်ပျော်ရွှင်ရွှင် သိုက်သိုက် ငြိမ်းငြိမ်း နူးညံ့သိမ်မွေ့စွာ နေရခြင်းနှင့် ဝေးအခါက တောတောင်ထဲတွင် မြင်းတစီးနှင့် သူပုန်ဓါးပြကြီးလုပ်ခါ တိုက်ခိုက်ဆိုးသွမ်းသောင်းကြမ်းနေရသောကြမ်းကြုတ် ရက်စက်မှုတို့ကို နှိုင်းယှဉ်လျက် ငြိမ်သက်စွာစဉ်းစားနေမိလေ၏။

ခင်မောင်ညို ကြောခိုင်းထားရာ နောက်တည့်တည့် ထရံပေါက်ပေါက်ကြားထဲမှ မဲနက်သော သေနတ်ပြောင်းဝကလေး၊ ထိုမှာ လက်နှစ်လုံးသာသာမျှ ထိုးထွက်လျက် အချက်ကောင်းကို ချိန်ရွယ်နေလေသည်။ ခင်မောင်ညိုကား၊ မိမိအနီးအပါးတွင် မကောင်းကြံနေသော သူယုတ်မာတဦး ရောက်နေသည်ကို လုံးဝမရိပ်မိရှာဘဲ ရှိနေလေ၏။

ပန်ထွေးကား၊ ချိန်ထားသော ဗလက်ချိုက်ခါးထိုး သေနတ်ငယ်ကို ကိုင်ရင်း ကတုန်ကယင်ကြီးဖြစ်နေလေ၏။ သည့်ထက်တော်သော အချိန်ကောင်းသည်၊ တဆက်အတွင်း ကြုံကြိုက်တော့မည်မဟုတ်သောကြောင့် မလုပ်ရက်၊ လုပ်ရက်နှင့်ပင် မျက်စိစုံမှိတ်၍ ခလုတ်ကိုနှစ်ချက်ဆင့်နှိပ်လိုက်သည်နှင့်တပြိုင်နက် မိမိဆရာကို ပြာရီဝေမှုံမှိုင်းသော မျက်လုံးများနှင့် ဂရုဏာမကင်းစွာ လှမ်းကြည့်လိုက်သောအခါ ခင်မောင်ညိုမှာ ကြောမှ ရင်ညွန့်သို့ ထုတ်ချင်းခတ် ဖေါက်ထွက်သွားသော ဒဏ်ရာကို ဖိနှိပ်ရင်း ရှေ့ ကြမ်းပြင်ပေါ်သို့ ထိုးစိုက်လဲကျသွားသည်ကို မြင်ရသောကြောင့် ပန်ထွေးမှာ နောင်တကြီးစွာ ရလိုက်မိသောတခဏ၌ မိမိနံကြားဆီမှအောင့်ကနဲ ပူကနဲဖြစ်သွားသဖြင့် နောက်သို့ အထိတ်တလန့်လှည့်ကြည့်လိုက်သောအခါ စော



ချစ်ဦးသည် ရက်စက်ခက်ထန်လှသောမျက်နှာကြီးနှင့် မိမိ နံကြားသို့ ဓားကြီးတောင်ဒါး အဆုံးတိုင်စိုက်ထားရာမှ တအားပြန်ဆွဲနှုတ်လိုက်သည်ကို ခံရပြီးနောက် ဟောကနဲ နံကြားမှ သွေးများပန်းထွက်ပြီး ပန်ထွေး၏မျက်လုံးများမှာ မှိုက်ခနဲ မဲမှောင်သွားလျက် လောကကြီးနှင့် လုံးဝအဆက်ပြတ်သွားတော့သတည်း။

စောချစ်ဦးလည်း သေနတ်ကိုလက်ထဲတွင် မြဲမြဲစွာ ဆုတ်ကိုင်လျက် မိမိဒါးချက်ဖြင့် လောလောလတ်လတ် အသက်ထွက်သွားသော ပန်ထွေး၏အလောင်းကို ခြေနှင့်ကန်ကြောက် ဖယ်ရှားပြီး အခန်းထဲသို့ ဝိုရိုမ်ကြီးစွာနှင့် ပြေးဝင်လာကာ ဒါဏ်ရာနှင့် လဲနေသောခင်မောင်ညိုအား၊ ခင်ဘုန်း၊ ပွေ့ဖက်ငိုကြွေးနေနှင့်သည်ကို တွေ့ရသောကြောင့် အနီးတွင် တွေတွေကြီးရပ်လျက် တုံ့ရိုလှိုက်လှဲ့သောအသံကြီးနှင့် တောက်တချက် ခေါက်လိုက်ခါ...

‘ရေတိမ်မှာ နစ်ရလေခြင်းဆရာရယ်’

ဟု ပြောပြီး ခင်မောင်ညို၏ ခြေကိုဖက်လျက် အလွန်တရာ မြတ်တသသောမျက်နှာနှင့် စူးစူးစိုက်စိုက်ကြည့်ပြီး ကြမ်းတမ်းခက်ထန်သော ယောကျာ်းကြီးပင် ဖြစ်သင့်ကာစား မျက်ရည်များပေါက်ပေါက်ကျ၍ လာတော့၏။ မျိုးချစ် သူပုန်ကြီး ရွှေစွန်ညိုကား လှိုက်လှိုက်လှဲလှဲငိုကြွေးရင်း တင်းကြပ်စွာပိုက်ဖက်ထားသော ခင်ဘုန်း၏လက်မှပင်....

‘ခင်....ခင်....မောင့်သားကလေးကို မောင့်ခြေရာ နင်းနိုင်ပါစေ’

ဟု ကြိုးစားအားတင်း၍ တခွန်းချင်းပြောလိုက်လျက် တချက် နှစ်ချက် အသက်ရှုလိုက်ခါ အဆုံးစွန် ငြိမ်သက်သွားသောတခဏ၌ ထဲနက်သော ငိုသံများမှာ တအိမ်လုံး ဆူဝေလျှံ တက်လာလေတော့သတည်း။

သားရွှေစွန်ညိုကလေးမှာ ခလေးသာသ ဘာမျှ နားမလည်ရှာ၍

မှာ ဝမ်းနည်းကြေကွဲခြင်း၊ ကြောက်ရွံ့ငိုကြွေးခြင်း စသည်များကို လုံးဝ နားမလည်ရှာခဲ့သည့် သတ္တဝါကလေးမျှသာ ဖြစ်သည့် အား လျော်စွာ ခင်မောင်ညိုကိုပိုက်ခါ ငိုကြွေးနေကြရှာသော သူများကို အံ့အားသင့်စွာ ကြည့်နေပြီး မိခင်ဖြစ်သူ၏ အနီးသို့ ပြေးသွားလျက် ပခုံးကိုဖက်ခါ

'မေမေ....မေမေ...ဘာတွေဘာဖြစ်တာလဲဟင်'

ဟု မေးရှာသော်လည်း ခင်ဘုန်းမှာ လင်၏အလောင်းကိုပိုက်ပြီး ရှိုက်ငင်ကြေကွဲစွာ ငိုကြွေးနေဆဲဖြစ်၍ သားကလေး၏ အမေးကို မဖြေနိုင်ဘဲရှိရာ ခလေးမှာ မိခင်ကို မေးမရလျှင် လူကြီးများကြားသို့ တိုးဝင်ပြီး ပိုညာဥ်ကင်းမဲ့နေပြီဖြစ်သော ဖခင်၏ အလောင်းကို လက်ကလေးနှင့် လှုပ်ရှားကာ....

'ဘဘ...ဘဘ...ဘာဖြစ်လို့လဲ နေ့ခင်နဲ့ တပုန်းတမ်း ကကြွား မယ်လေ၊ ထပါဘဘရဲ့ မေမေတို့က ဘဘကို ဝိုင်းဖက်ထားပါနဲ့၊ နေ့ခင်နဲ့ ကကြွားမယ်လို့ပါ'

ဟု မပီကလာ ပီကလာပြောလျက် ဖခင်၏ လက်တဖက်ကို မနိုင့်တနိုင်နှင့် ဆွဲမ နေသောကြောင့် စောချစ်ဦးမှာ ခလေးကိုချော့မော့ ပွေ့ချီသွားပြီး ရှိုက်ကြီး ငင်ကြီး ခေါင်းချင်းဆိုင်ငိုနေသော သူဇာ နှင့် မာလာတို့ဘက်သို့ ချော့မော့ ထိမ်းသားလိုက်ရန် အပ်နှံရလေ သည်၊ သူဇာနှင့် မာလာတို့မှာလည်း မဆည်နိုင်သော မျက်ရည် များနှင့်ပင် ခလေးကို ထိုး၍ပွေ့ကြကာ ကြုံကြုံပါအောင် ငိုကြ ပြန်သည်၊ ကလေးမှာ ငိုသူများကို အံ့အားသင့်၍မဆုံး ဝိုင်းမကွဲ သော မျက်လုံးကလေးနှင့် လှစေ့အောင် လိုက်ကြည့်ပြီး....

'အမေသူဂျာ....ဘာဖြစ်တာလဲဟင်....ဘူတို့မျက်ရုံးထဲက ရေတွေ ကျတာယ်နော်'

ဟု ပြောကာ ကြောင်စာစာ လှည့်လည်ကြည့်နေစဉ် ဝမ်းနည်း



လှိုက်လှဲစွာ ငိုလျက်ရှိသော ခင်ဘုန်းမှာ တချက်တချက် အလုံးဆို့ တက်သွားသောကြောင့် သူဇာနှင့် မာလာတို့မှာ ခင်ဘုန်းကို လာ ရောက် လုံးပမ်းနေရသောကြောင့် စောချစ်ဦးမှာ မနေသာတော့ ဘဲ ခလေးကို ချော့မော့ပွေ့ယူကာ တော်ရာသို့ ခေါ်သွားရသည် တိုင်အောင် ခလေးကား ရှင်းလင်းစွာ နားမလယ်သော အချက် အလက်များကို မပီကလာ ပီကလာနှင့် မနားမနေ မေးမြန်းလျက် ရှိရှာလေသေး၏။

ခင်ဘုန်းမြင့်သည် မိမိချစ်ခင် အားထားရာဖြစ်သော ခင်မောင်ညို အား အသားထဲကထွက်သော သောက်ကဲ့သို့ မပြောပလောက်သည့် လက်အောက် ငယ်သားအတွင်း ရန်သူတဦး၏ လက်ချက်ဖြင့် ရုတ် တရက် ရေတိမ်မှာနစ်၍ လူ့အဖြစ်မှ စခမ်းသိမ်းလိုက်ရသည်မှာ မျက်စိတမှိတ် လျှပ်တပြက်အတွင်း ကလေးကဲ့သို့ မိသားတစု ကြည် သာ ရွှင်ပြစွာ နေလိုက်ရသော အခိုက်အတန့် ကလေးနှင့် မဝေး ကွာလှသေးသည့်အချိန်အတွင်းဖြစ်ရကား၊ မျက်စေ့ထဲသို့ သံပက် လိုက်ခြင်းခံရသည်နှင့်အမျှ မရှိမဆန့် အခံရခက်ပြီး ယူကြုံးမရကြီး ဖြစ်ရှာလေတော့သည်။

အလောင်းကို တင်းကြပ်စွာဖက်၍ မဖြစ်ရက်နိုင်အောင် ရှိုနေရှိ မှာ ဖြင်းပြစွာ တောက်လောင်ရှာသော ဟရိဒေဝမီးတို့ကြောင့် မျက်တောင်မခတ် စိုက်မိစိုက်ရာ စူးဝိုက်ပြီး တွေတွေကြီး သာ ကြောင်ကြည့်နေသဖြင့်တော့ရာ သူဇာနှင့် မာလာတို့မှာ သူတို့သည် မအောက် အငက်အမျိုးကြီးရှာပြန်လေ၏။

တရုပ်တောပုန်း မ ပြည်ကြီး ခန်လီဖူးလည်း ခင်မောင်ညို၏ အခြေကြောင်းကိုကြားလျှင်ကြားခြင်း ဒူယားဖေါ်ယားရောက်လာကာ သစ္စာရှိသော မိတ်ဆွေကောင်းတဦးပြီပြီကိုယ်တိုင်ချင်ထိ အလောင်း ကို ကူညီဆိုင်ပြိုပြီးနောက် ခင်ဘုန်းတို့အား မှုဆိုးတွင်ထားကာ

အနူရာယ်များမည်ဖြစ်၍ သားငယ်ကလေး အရွယ်မရောက်သေးမီ မိမိ၏အစောင့်အရှောက်များနှင့် ကုန်းသာယာခေမ်းတွင် ပြောင်းရွှေ့၍ ကောင်းမွန်လုံခြုံစွာ ပြုစုစောင့်ရှောက် ထားပြီးလျှင် ခင်မောင်ညို၏အရိုးများကိုလည်း ထိုခေမ်းသို့ယူဆောင်၍ ကောင်းစွာမြှုပ်နှံပြီး ကျောက်ဂူတည်ခြင်း၊ ကျောက်ဂူပေါ်မှ ခင်မောင်ညို ဗိုလ်မှူးကလေးဖြစ်စဉ်က ဝတ်စားသော အဝတ်ဘန်ဆာများနှင့် အထိမ်းအမှတ်ကျောက်ရုပ်တခု ထုလုပ်ပေးပြီး ခင်တုန်း၏ အပူအဆွေးကို တဖြေးဖြေးသိမ်းလျှက် အစွမ်းသတ္တိ ထက်မြက်သော သားကလေးရွှေစွန်ညိုအား မိမိ၏ သားကလေး ချန်စူးနှင့် အခွင့်အရေးတူမျှစွာ မြှောက်စားပြုစုထားလေ၏။

ခင်တုန်းမြင့်မှာ ချစ်သူသင်သားသေဆုံးသွားရသော်လည်း ဓါးပြဗိုလ်ကြီး ဇန်လီဖူး၏သစ္စာရှိစွာ အရာရာစောင့်ရှောက်ထားမှုတို့ကြောင့် ချစ်သူအတွက် လွမ်းဆွတ် ပူဆွေးမှုမှတပါး အခြားပူပင်ရန်မရှိဘဲ အချော့အရံ များနှင့် အေးချမ်းစွာ နေထိုင်ရင်းပင် အမြင်မပြတ်နိုင်အောင် အဆွေးမီးလောင်လျှက်ရှိသောကြောင့် နေ့စဉ်နှင့်အမျှ ခင်မောင်ညို၏ကျောက်ရုပ်ရှေ့တွင် တမှိုင်မှိုင်နှင့်ထိုင်ပြီး ရှေးဟောင်း နှောင်းဖြစ်များကိုတွေး၍ အဆွေးနယ်ချဲ့သည်ထက်ချဲ့၍ နေရတော့လျှက် တချက်တချက် ကျောက်ရုပ်ကိုဖက်၍ ခေစေ့ စိုက်စိုက်ကြည့်ကာ ခင်မောင်ညိုအပေါ်တွင် နောက်နောက်က မိမိရက်စက်ခဲ့မိပုံများကိုပါ တွေးမိပြီး ယူကြုံးမရကြီး ဖြစ်ရရှာတော့၏၊ အကြင်လင်မယားဖြစ်၍မျှလည်းနှစ်သက် ပျော်ရွှင်စွာ မနေရဘဲ တကွဲတပြားစီနေခဲ့ရပုံ၊ ခေတ္တခဏ အေးချမ်းစွာအနေးယူနေခိုက်ဖြစ်သော မိမိတို့အချစ်ရေး၏ တသက်တာအတွက် ရခဲ့လှစွာသော ကြည်နူးမှုတို့တောင်းသော အချိန်ကလေး အတွင်းတွင်မှ မရှိမလှဖြစ်ရသည်တို့ကိုတွေးကာ ဆွေး၍မကုန်နိုင်ရှိရှာလေသည်၊ ယင်း



သို့ အဆွေးမီး တငွေ့ငွေ့ လောင်မြိုက်ခြင်းဖြင့် စား၍မဖြိုန် အိပ်ချိန်ဟူ၍လည်းမရှိတော့ဘဲ စိတ္တဇညှိုးထိုင်ထဲ၌ တဖြည်းဖြည်းနစ်မြုပ်ခဲ့ရှာတော့သည်။

မိကွဲ ဖကွဲ တောကြီးမျက်မဲထဲတွင် အပေါင်းအသင်းတို့နှင့် အဆက်ပြတ်ခါမျက်နှာဖြူအစိုးရ၏ အလံစိုက်ထူရာဖြစ်သော ရတနာပုံနေပြည်တော်ကြီးကိုလည်း အပြီးတိုင် စိတ်နာ သမ်းဖြတ် လိုက်တော့သည်၊ ဇာတိမာန်ဖြင့် မျိုးချစ်စိတ်ခက်ထန်ခဲ့သော ချစ်သင်၏ကိုယ်စား ခင်တုန်း၏နှလုံးသားတွင်လည်း ဇာတိမာန်အစဲ့ကလေး ကိန်းဝင်လျှက်ကျန်ရစ်ခဲ့သောကြောင့်တစိမ့်စိမ့်တွေး၍အသဲထဲဆွေးဆွေးနေရင်းမှပင်သားရွှေစွန်ညိုကလေးအားဇာတိသွေးတဖွားဖွား ထက်စေရန် နေ့စဉ်နှင့်အမျှ ရှေးကမိမိတို့ အဖြစ်အပျက်များကို ပုံဝတ္ထုတခုပမာ အိပ်ရာဝင်တိုင်း သွန်သင် နားသွင်းပေးခြင်းဖြင့် ကလေးမှာ သိပေါ်သူရင်မင်းလက်ထက်ကအဖြစ်အပျက်များကာ စပြီး ခင်မောင်ညိုသေရသည့်နေ့သို့အထိ အကျိုးအပြစ်ရှိသမျှ ကောင်းစွာ မှတ်မိ၍ နားထဲသို့ စိမ့်ဝင်လျှက်ရှိခဲ့မှက လူသားမြောက်သော အခါ ဖခင်ဖြစ်သူ၏ခြေရာကိုနင်းလျှက် ဖခင်သက်ထက်မှ အငုတ် အရင်း ကျန်ခဲ့သည့် အလုပ်ဝတ္တရားကိုကြီးစွာ ဆောင်ရွက်ရန် စိတ်အားထက်သန်စွာဖြင့် ကြီးပြင်းခဲ့ရရှာသည်ဖြစ်ရာ တခွေခွေတနုံးနုံးနှင့် စိတ်ရှုံးနေရရှာသူ ခင်တုန်းမြင့်မှာသည်း သားကလေး လူလားမမြောက်တမြောက်တွင် အသည်း နူးဝင်ထိုးပေါက်လျှက် ရှိသော စိတ္တဇလွမ်းနာနှင့်ပင် ချစ်လှစွာသောသားကလေးကို စွန့်ခွာ၍ သေရွာသို့ကူးပြောင်းသဖြင့်အလောင်းကို ခင်မောင်ညိုကျောက်ရုပ်၏ ခြေရင်းတွင်ပင် မြှုပ်နှံသဂြိုဟ်လိုက်ရကာ ချစ်သူနှစ်ယောက်၏ အချစ်ဇာတ်ကွက်သည် လောကအပြင်သို့ ထွက်၍ ကျောက်ရုပ်

နှင့် ကျောက်ပုံ့ကလေးအဖြစ်တွင် လွဲပြောင်းစခမ်းစဉ် သိမ်းသွားကြလေရာ စောချစ်ဦး သူဇာ မသာတို့မှာ ကျန်ရစ်သော သားရွှေစွန်ညိုကလေးကို ယုယပိုက်ထွေး၍ ခါးပြဗိုလ်ကြီး ဝန်လံဖူး၏ ဂုဏ်ကျေးဇူးဖြင့် လူလားမြောက်အောင် ဆက်လက်မွေးခဲ့ ရလေသတည်း။

* * *

**အခန်း ၂၂။** ရှမ်းတရုတ် အမယ်အိုကြီးသည် ရှည်လျားသော အထက်ပါ အဖြစ် အပျက်များကို ပြောပြီး ချိုင့်ဝှမ်းမှေးမှိန်သော မျက်လုံးအိမ်ထဲမှ မျက်ရည်များတစီစီမွှဲမွှဲစီးကျလျက် ရှိုက်ကြီးတငင် ငိုရှိုက်နေရှာသေး ဝိတ်ဝင်စားစွာ နားထောင်နေကြသော ကျွန်တော်တို့မှာလည်း ကျောက်ရုပ်နှင့် ကျောက်ပုံ့တို့၏ အတ္ထုပ္ပတ္တိကို ကြည်ကွဲတွယ်ရာသောအကြောင်းတို့နှင့် တန်ဆာဆင်လျက် ကြားသိရသောကြောင့် ကျွန်တော်တို့၏ ဝှတ်လျှိုး တိမ်မြုပ်နေသော ဇာတိမာန်ဇာတိသွေးကလေးပင် အေးရာမှ ပူနွေးနိုးကြား၍ လာပါတော့သည်။

ကိုမင်းအောင်ကား အမေအိုကြီး စကားဆုံးသွားသည် တိုင်အောင် အားမရ မကျေနပ်သေးသကဲ့သို့ မေးခွန်းထုတ်ရန် ဟန်တပြင်ပြင်နေသည်ကို တွေ့ရသောကြောင့် ကျွန်တော်ကပင် ငိုနေသောအမေအိုကြီး အမောမှုပြေစေတော့ဟု မေတ္တာဆိုင်းငံ့ရန်လက် ဟန်ခြေဟန်ပြ၍ တောင်းပန်ထားရလေ၏၊ တခဏကြာလျှင် အမေအိုကြီးသည် ငိုရှိုက်ရသဖြင့် မျက်ရည်များကိုသုတ်ခါ....



သားရွှေစွန်ညိုကလေး အရွယ်ရောက်လာအောင် ခါးပြ ဗိုလ်ကြီး ဝန်လံဖူးကလဲ အဖရင်းကဲ့သို့ စောင့်ရှောက်ပြီး သူ့ရဲ့ သတ္တိနဲ့ ယောကျ်ားစာနည်ဖြစ်လာစေရန် တတ်စွမ်းသမျှဖန်တီးပေးရှာတယ် မောင်တို့ရဲ့'

ဟု ပြောလျှင် ကျွန်တော်နှင့် ကိုမင်းအောင်တပြိုင်နက်သို့လို ....

'မေမေကြီးနဲ့ နှစ်တိုင်းနှစ်တိုင်း ကျောက်ရုပ်ကို လာကန်တော့တဲ့ ဗိုလ်ကလေးဆိုတာ ယခုမေမေကြီး အိမ်နှီရှိနေတဲ့ သားရွှေစွန်ညိုတဲ့လား ခင်ဗျာ'

အမယ်ကြီး။ ။'မဟုတ်သေးဘူးမောင်၊ ယခုရှိတာက သားရွှေစွန်ညိုက မွေးခဲ့တဲ့ စောရန်နိုင်ပါ၊ သူကတော့ ဗမာသွေးအစစ်ပေမဲ့ တကဲ့တရုပ်ကြီး ဖြစ်နေတာဘဲ၊ ဗမာစကားလဲ နားမလည်တော့ဘူး'

အောင်။ ။'ကဲ ဗျို့ ကိုသန်းထွန်း မေမေကြီးကို မေးစရာစကားတခု တိုးလာပြန်ပြီ၊ ကျွန်တော်တို့တော့ မမေးဘဲ မနေနိုင်ပြန်ဘူး'

ကြီး။ ။'မေးပါ မောင်ရယ်၊ မောင်တို့ သိချင်တာကို စိတ်ရှည်ရှည်နဲ့ ပြောပါမယ်၊ မေမေကြီးကလဲ ဗမာလူမျိုး ဝေးနေတာ အနှစ်ငါးဆယ် ကျော်လာပြီ၊ ဒီလိုကိုယ့်လူမျိုးချင်းတွေ့ရတဲ့အခါ ပြောစရာရှိတာတွေ အားရ ပါးရကြီး ပြောပြလိုက်ချင်ပါသယ်'

ထွန်း။ ။'သား ရွှေစွန်ညို အကြောင်းသာဗျို့၊ ကိုမင်းအောင်'

အောင်။ ။'ဟုတ်တာပေါ့ဗျ၊ ကိုင်း...မေမေကြီး သားရွှေစွန်ညီအကြောင်း နားမထောင်ရသေးလို့ ကျေးဇူးပြုပြီး ဆက်လက်အမိန့်ရှိပါအုံးခင်ဗျာ'

ကြီး။ ။'သားရွှေစွန်ညီလဲ သူ့အဖေလိုဘဲ ကုသိုလ်ကံကနဲခလေးတော့ အသက်ရှည်ရှည်နဲ့ အကြံအစည်တွေ အောင်မြင်သည်အထိ မနေလိုက်ရရှာဘူး၊ ဘေရင့်နိုင် ငါးနှစ်သား အရွယ်လောက်မှာဘဲ လင်ရော မယားပါ တပြိုင်တဲ အနိစ္စရောက်သွားကြရှာတယ်'

အောင်။ ။'ဟင်...ဘယ်လိုကြောင့်ပါလဲဗျာ'

ကြီး။ ။'လူက ကြမ်းတမ်း ရက်စက်အားကြီးတယ်ခေါင်းကွယ်လွန်တဲ့ သူ့ဖခင်ထက် ဇာတိမာန်နဲ့ စိတ်ထားကလဲ အင်မတန်မှခက်ထန်တယ်၊ တခုခုကို လုပ်တော့မယ်ဆိုရင် အသဲဖြစ်ဖြစ် ခွတ်နှစ်လုပ်တာဘဲ၊ ဗမာပြည်က နယ်သာကီ မင်းသားကြီး တွေရဲ့ အဆက်အနွယ်ထဲက တချို့နယ်ထဲကို ခိုကိုးရောက်လာကြတဲ့ မင်းသားကလေး တပါးနဲ့လဲ အဆက်အသွယ်ဖြစ်လာပြန်တော့၊ ဇာတိမာန် အသစ်တိုးပြီး တမျိုးဆိုးလာတာဘဲ၊ ဓါးပြဗိုလ်ကြီး စန်လီဖူးကလဲ သူပိုင်ဆိုင် အုပ်စိုးရတဲ့ တောပုန်းတပ်ကြီးကို သူ့သားချန်ဂူးနဲ့ သားရွှေစွန်ညီကို နှင်းထပ်ပြီး လက်ထောက် ဗိုလ်မှူးကလေးများ လုပ်ကြစေတယ်၊ ဒီလောက် လက်နက်အင်အား များပြားတဲ့ တောပုန်း ဓါးပြကြီးတွေကို အုပ်ချုပ်ရတဲ့အခါ လူငယ်ငယ် သွေးတက်ကြွတုန်း အရွယ်ကလေးတွေပီပီ၊ ချန်ဂူးနဲ့ သားရွှေစွန်ညီတို့ဟာ မာန်မာန တဟုန်ဟုန်နဲ့ ခြေဖျားထောက်ပြီး မိုးအထိ သွေးမြောက်နေကြတယ်'



'သူတို့ရဲ့ အိမ်ထောင်ရေးကိုလဲ ပြောရအုံးမယ်၊ ဓါးပြ ဗိုလ် ကလေး ချန်ဂူးဟာ မွန်ဂိုလီးယားနယ်ထဲက မွန်ဂိုလီးယား ကုန်သည်ကြီးတဦးရဲ့ သမီးနဲ့ အကြောင်းဆက်ကြတယ်၊ သားရွှေစွန်ညီကတော့ သူ့အိမ်ထောင်ရေးမှာ ဗမာသွေးအစစ်စစ်၊ အသိုင်းအဝိုင်းနှင့် နီးစပ်ရာကို လိုက်ရှာတဲ့အခါ တအိမ်ထဲသားချင်းဖြစ်တဲ့ ဒေါချစ်ဦးနဲ့ မမလာတို့ ရဲ့ အကျဖွားမြင်တဲ့ သမီးကလေး ဒေါ်မျိုးစစ်နဲ့ အကြောင်းဆက်ကြတယ်၊ ဒေါ်မျိုးစစ်အကြောင်းကိုလဲ နဲနဲပြောရအုံးမယ်၊ ဒေါ်မျိုးစစ်ဟာ မိန်းခလေးပင် ဖြစ်သော်လဲ ဇာတိမာန်ထက်သန်တဲ့လူ့ဝှထဲမှာ ကြီးပြင်းလာရတဲ့ အမျိုးသမီး ကလေးလဲဖြစ်ပြန် အမိအဖ များကလဲ သားရွှေစွန်ညီနှင့်အဘု ဇာတိသွေး ဇာတိမာန်အသက်သွင်းထားသေတော့ ယောကျ်ားကလေးနဲ့ မခြားစိတ်ကြမ်းကိုယ်ကြမ်းနှင့် အတော်ဘဲ ခက်ထန်တယ်၊ ဘေရင့်နိုင်အုပ်ချုပ်ရတဲ့ ဓါးပြတပ်ကြီးထဲမှာ ဒုတိယဗိုလ်မှူးကလေးအဖြစ်နဲ့ ကျင်ကျင်လည်လည် ခွန်စွမ်းစွမ်း အကျိုးဆောင်ခဲ့တယ်၊ စန်လီဖူးနယ် ခွန်နယ်များကို အတိုက်အခိုက် သွားတိုင်း ဗိုလ်မှူးချန်ဂူး၊ ဗိုလ်မှူး သားရွှေစွန်ညီတို့နဲ့အဘု သူပါတဲ့ဗိုလ်တမင်း လုပ်ပြီး လိုက်နေကြတာဘဲ'

ထွန်း။ ။'အော်...ဒီလိုကိုး၊ တယ်လဲခုံစည်းတတ်တဲ့ သတ္တိခဲကလေးတွေပါကလား၊ နို့...သူတို့ သေရတဲ့အကြောင်း တဆိတ်အမိန့်ရှိပါအုံး မေမေကြီးရဲ့'

ကြီး။ ။'ပြောတာပေါ့မောင်.... ပြောတာပေါ့၊ သားရွှေစွန်ညီနဲ့ ဒေါ်မျိုးစစ်တို့ဟာ ခုနင်ကပြောတဲ့အတိုင်း လင်နှင့် မယားရှေ့သွားနောက်လိုက်ညီညီ တိုက်စရာ ခိုက်စရာရှိလဲအတူမကွဲသတ္တ

ခဲ့သီအကိုနှစ်ယောက်လိုဘဲ နေထိုင်ခဲ့ကြရင်း စောမျိုးစစ်မှာ စောရန်နိုင်ဆိုတဲ့ သားကလေးတယောက် မွေးဖွားခဲ့တယ်၊ စောရန်နိုင် ၈ နှစ်သားလောက်ရှိတော့ ဝါးပြဲဗိုလ်ကြီး စန်လင်ဖူး ကွယ်လွန်ရှာတယ်၊ နောက်မကြာမီ စောမျိုးစစ်ရဲ့ မိခင် ဒေါ်မာလာလဲ ကွယ်လွန်တယ်၊ ဒီတော့ စောချစ်ဦးကို နည်းပေးညွှန်ပြတဲ့ လူကြီး အရာထားပြီး ချစ်စုနဲ့ သားရွှေစွန်ညိုတို့က ဝါးပြဲတပ်ကြီးကို ဗိုလ်မှူးပြုလုပ် အုပ်ချုပ်လာခဲ့ကြတာဘဲ၊ တပည့်တပ်သားတွေက များတော့ ရှမ်းပြည်ကိုအင်းပြီး သိမ်းပိုက်တိုက်ခိုက်ကြဖို့ဆိုတဲ့ အစီအစဉ်ရည်ရွယ်ချက်ကြီးကို မပြုရသေးမီ စားရေရိက္ခာအလို့ငှာလဲ မကြာ မကြာ ထွက်ထွက်ပြီးလုယက် တိုက်ခိုက်ကြရ သေးတယ်၊ အဲဒီလိုနေရာက စောရန်နိုင်ဟာ ဆယ့်နှစ်သား အရွယ်လောက်ရှိလာတယ်၊ ချစ်စုမှာလဲ မွန်ဂိုလ်းယား သူကလေးမှာ သမီးကလေး တယောက်ဖွားမြင်လို့ စောရန်နိုင်နဲ့ ရွယ်တူလောက်ရှိလာတယ်၊ ချစ်စုနဲ့ သားရွှေစွန်ညိုတို့မှာ ညီရင်းအကိုတမျှ စုံမက်ချစ်ခင်ကြတဲ့အတွက် တယောက်သားနဲ့ တယောက်သမီးကို အရွယ်ရောက်တဲ့အခါ လက်ဆက်ပေးပြီး ဝါးပြဲတပ်ကြီးကို အစဉ်အလာအတိုင်း အုပ်ချုပ်သွားစေမယ်၊ ဗမာပြည် ပြန်ရရေး- ဗမာမင်းမျိုး မင်းဆက် တဦးဦးကို ထီးနန်းပြန်ပြီးတင်ပေးဖို့ အရေးကိုလဲ သားစဉ်မြေးဆက် အထမမြောက်မချင်း ဆက်လက်လုပ်ကိုင်သွားရမယ်ဆိုတဲ့ ဝါဒကို စောရန်နိုင်ရဲ့ နှလုံးသားထဲမှာ သိမ့်ရှိုသား သွတ်သွင်းပေးထားလိုက်တယ်၊ ပဋ္ဌမရွှေစွန်ညိုကြီး လက်ထက်ကထဲက ဗမာပြည်ပြန်ရရေး လုပ်ငန်းကို ဝါးပြဲဗိုလ်ကြီး စန်လင်ဖူးရဲ့ အကူအညီရသာခဲ့ရုံမက သူ့ရဲ့ သားမြေး အဆက်ဆက်ထိအောင် တပ်ကြီးတတပ်လုံးနဲ့ ချီပြီး အကူအညီပေးနေခဲ့တယ်၊ ဘယ်လောက်အားထားရတဲ့ မိတ်ဆွေကောင်းကြီး တဦးဆိုတာ စဉ်းစားကြည့်တော့၊ တနှစ်တခါတခါ ရွှေစွန်ညိုကြီး



ရဲ့ ကျောက်ရှပ်ရှိရာကိုလဲ သူကိုယ်တိုင် တရုပ်ထုံးစံအတိုင်း အထိမ်းအမှတ်ပွဲတခု လုပ်ပေးခဲ့တဲ့ လက်ကို ထားရွှေစွန်ညိုက ဆက်လက် လုပ်ကိုင်ခဲ့ရတယ်၊ ယခုစောရန်နိုင်ရဲ့ လက်ထက်မှာလဲ ဒီလိုဘဲဆက်လက်ပြီး လုပ်ခဲ့ရတယ်၊ခုတော့...လူကြီးဆိုလို့ အမေကြီးတယောက်ဘဲရှိတော့တာနဲ့ စောရန်နိုင် ခရီးလွန်နေတဲ့အခါ အမေကြီးဘဲ လာကန်တော့ရတာဘဲ'

'အော်...ဒါကြောင့် သားရွှေစွန်ညိုနဲ့ စောမျိုးစစ်တို့ သေရတဲ့ အကြောင်း ပြောမယ်လို့ဟာ စကားတွေ ဘယ်ရောက်လာပါလိမ့်... အဲ...အဲ...တနေ့တော့ သားရွှေစွန်ညိုနဲ့ စောမျိုးစစ်တို့ နှစ်ယောက် ချစ်စုနဲ့ အတူ ယူနန်နယ်ထဲကို ဝင်ပြီး ခြေလှမ်းကျယ်ကြတယ်၊ သူတို့ အင်အားကို သူတို့ယုံကြည်တဲ့အတိုင်း ယူနန် နယ်ပိုင်ရှင် (တုရင်) ဆိုကြပါစို့လေ၊ အဲဒီယူနန်တုရင်အိုကြီးရဲ့ ဘဏ္ဍာ လက်နက်များကို သွားရောက်ခိုက်ကြရာမှာ သားရွှေစွန်ညိုနဲ့ စောမျိုးစစ်တို့ဟာယူနန် စစ်ဗိုလ်ကြီးရဲ့ လုံ ချက်မိလာပြီး တိုက်ပွဲမှာဘဲ ကျဆုံး သွားရှာကြတယ်၊ ဗိုလ်ချစ်စုလဲအရေးနှ နိမ့်ပြီး သူတို့နှစ်ယောက်ရဲ့ အလောင်းများကိုမှ ကောက်ယူခွင့်မရခဲ့ဘဲ တပ်ဆုတ်ပြီး ပြန်လာခဲ့ရတယ်၊ သူတို့လက် အင်အားတောင့်တင်းတဲ့လူတွေကို မာနအားကိုးနဲ့ သွားစတော့ ခံခဲ့ရတာပေါ့လေ၊ ဒါပေတဲ့ ယူနန်တုရင်အိုကြီးကိုတိုက်ရတာလဲ အခြားကြောင့်တော့မဟုတ်ပါဘူး၊ လက်နက်လူသူနှင့်တကွ ရွှေငွေဘဏ္ဍာရိက္ခာတွေကလဲ တောင့်တင်းလေတော့၊ ယူနန် ငါတို့လက်ထဲရောက်ရင် ဗမာတပြည်လုံးကိုတခါထဲ သင်းသိမ်းမယ်ဆိုတဲ့ ရည်ရွယ်ချက်ကြီးအတွက်ပါဘဲ၊ ဒီလိုမတိုက်ခိုက်မီ တနှစ်လောက် ကတော့ ယူနန်တုရင်အိုကြီးကိုကုညီဘို့ ချီချီသာသာ စေလွှတ်တောင်းပန်ပါသေးရဲ့၊ တုရင်ကြီးက သူ့ မိတ်ဆွေဗိုလ်ကြီးစန်လင်ဖူးလဲရှိတော့တာ

မဟုတ်လို့ ဆေးလာတွေထဲ အရေးမလုပ်လောက်တော့ဘူးထင်တာက ကြောင်း၊ ကျုပ်ကိုယ်တိုင်ကလဲ အိမ်မင်းမင့်း ဗိုနေတဲ့အတွက် တိုက်ဘို့ ခိုက်ဘို့သက်မှာ တယ်ပြီး ပိတ်မပင်စားတာ တကြောင်း သွားပြော ထိုင်း ပေါ်လာ ဖြင်းယ်ပြီး လွှတ်လိုက်တယ်၊ ဒါကြောင့် သူတို့က အနှုန်း မရလို့ အကြမ်းကိုင်ရတာကိုး မောင်ရဲ့'

လှ ။ 'အော်...ဒါကြောင့် မြေသျှားလဲ ဗမာပြည်ကြီးအတွက် ကောင်းစေသာရည်ရွယ်ချက်နဲ့ အသက်ဆုံးရှုံးခံရှာကြရတာပေါ့'

ကြီး ။ 'ဟုတ်တယ်မောင် ဟုတ်တယ် ဒါနဲ့ ကျန်ရစ်တဲ့ စောချစ်ဦးမှာ သို့နဲ့ သားဆုံးပါရတဲ့အတွက် စိတ်ကတောက် ကတက် ဖြစ်သွားရော၊ သူ့ မြေးကလေး စောရန်နိုင်ကို ဆက်လက်ကြီးစားဘို့ စေ့နှိုးအမျှနှုန်းဆွင်းရင်းနဲ့ဘဲ ဘွယ်လွန်အနိစ္စရောက်သွားရှာပြန်တယ်၊ ထိုဒီ အချိန်မှာ စောရန်နိုင်ဟာ ဆဲ့ငါးနှစ်သား အရွယ် လူပျို ပေါက်ကလေးဖြစ်နေပြီး ဗိုလ်ကြီးချန်စူးကလဲ သူ့ သို့နဲ့ ရည်မှန်း ထားတဲ့ အပြင်၊ နှဂိုရိုကလဲ သားအရင်းတမျှ ချစ်ခင်နေရှာက အမိ အဘများ တပြိုင်နက်တိုက်ပွဲမှာ ကျဆုံးသွားရတဲ့အတွက် အတိုင်း ထက် အလွန်မြှောက်စားထားပြန်တယ်၊ ဓါးပြတပ်ကြီးကို ဆက်လက် အုပ်စိုးဘို့အထောက်အခံဘိုလို့ လဲစောရန်နိုင် တယောက်သာရှိတယ်၊ ချန်စူးကိုယ်တိုင်ကလဲ အရွယ်နဲ့ကြီးလာတော့ အစစအရာရာ သူ့ ကို အခွင့်အာဏာလွှဲအပ်ထားတာ များတာဘဲ'

'ဒါ့ပြင်လို နေကြတဲ့အထဲမှာ ဗိုလ်ကြီးချန်စူးနဲ့ စောရန်နိုင်တို့ သဘောကွဲလွဲရာအကြောင်းတခု ပေါ်ပေါက် လာတယ်မောင်ရဲ့၊ အကြောင်းရင်းက ဘာလဲဆိုတော့ စောရန်နိုင်ဟာ မွန်ဂိုးလ်ယား



နယ်စပ်ကို မကြာမကြာသွားလေ့ ရှိတယ်၊ အဲဒီမှာရှရှားလူမျိုးအဘိုးကြီးတယောက်နဲ့ အဆက်အသွယ်ဖြစ်နေသတဲ့၊ ဒီအဘိုးကြီးဟာဘယ် လိုအရေးဘယ်ကိစ္စနဲ့ ရှရှားပြည်က ပြေးလာမှန်းမသိကြဘူး၊ တချို့ ကလဲ ရှရှားမင်းမျိုး မင်းဆက်ထဲကဘို့ ဟိုမှာဆင်းရဲသားတွေရဲ့ ပုန်ကန်တော်လှန်မှုကြီးပေါ်ပေါက်ပြီးမင်းမျိုးမင်းဆက်တွေ လိုက် သတ်လို့ လွတ်ရာလွတ်ကြောင်း ပြေးလာရသလိုလိုထင်ကြတယ်၊ တချို့ကလဲ ဒီလူကြီးဟာ ရှရှားဆင်းရဲသား သူပုန်အသင်းသား ထဲကလူဖြစ်လို့ တရုပ်ပြည်ထဲက လွတ်ပြေးလာတဲ့ တချို့ရှရှား မင်းစိုးအဆယ်အနွယ်များကို တမင်သက်သက် လိုက်လံစုံစမ်းရှာ ဖွေပြီး သတင်းပေးနေသလိုလို၊ တချို့ကလဲ တရုပ်ပြည်အတွင်း ပိုင်းမှာ မျိုးချစ်ပုဂ္ဂိုလ်ကြီးအဖြစ်နဲ့ တိုင်းသစ်ပြည်သစ်ဖြစ်အောင် ကြိုးစားနေတဲ့ဆွန်ယက်ဆင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးနှင့် အဆက်အသွယ် လုပ်နေတဲ့ ကော်မြူနစ်ဂိုဏ်းထဲကလိုလို အမျိုးမျိုး ပြောနေကြ တယ်၊ ယွန်နန်ဘုရင်ဖိုကြီးကွယ်လွန်ပြီးတဲ့နောက် ဆက်လက်အုပ် ချုပ်တဲ့အစိုးရများက ဒီအဘိုးကြီးကို ဘာမှအနှောက်အရှက် မပေးကြတဲ့ အေးအေး ဆေးဆေး အခွင့်ပြုထားတာလဲ စဉ်းစား စရာတချက်ရှိတယ်၊ ဘယ်သူကဘယ်လိုဘဲ ထင်မြင်ချက် ပေးပေး အဲဒီ ရှရှားအဘိုးကြီးရဲ့ အလုပ်ကတော့ အဘိုးတန် လက်ရွေးစင် လက်နက်ကောင်းကလေးတွေ ဘာကိုယ်တိုင် လုပ်ကိုင်ရောင်းချနေ တယ်၊ ဒီတော့ လက်နက်ကောင်းအလိုရှိနေတဲ့လူတွေက အဘိုးကြီး ကိုအကြောင်းသင့်အောင် အမျိုးမျိုးကပ်ပေါင်းကြတယ်၊ တရုပ် နယ်ထဲက တပိုလ်တမင်းလုပ်နေကြတဲ့ စစ်ဗိုလ်ကြီးတွေ နယ်စပ် တပိုက်မှာ ဆိုးသွမ်းတိုက်ခိုက်နေကြတဲ့ ဓားပြခေါင်းကြီးတွေ ဆိုတာ လက်နက်ကောင်းဝယ်လိုတဲ့အတွက် အဆက်မပြတ်အောင်

ရောက်နေကြတာတဲ့ မောင်တို့ရဲ့ ဗိုလ်ချန်ရှူးနဲ့ စောရန်နိုင် သဘော ကွဲလွဲရတာက....'

အောင်။ ။'အော် ဒီလောက်ရင်းနှီးတဲ့ လူချင်းချင်း သဘောကွဲလွဲရတဲ့အကြောင်းများရှိသေးသလား မမကြီးရယ် ဘယ်လိုကြောင့်ပါလဲ'

ကြီး။ ။'သဘော ကွဲကြရတဲ့ အကြောင်းက ဒီလိုမောင်ရဲ့ အဲဒီရှရှားအဘိုးကြီးမှာ အပ်မတန်လှတဲ့ သမီးပျိုကလေးတယောက် ရှိတယ်၊ ငယ်ငယ်ရွယ်ရွယ် ဇာတိမာန် ထက်မြက်တဲ့လူသွက်သတ္တိခဲ ကလေးစောရန်နိုင်ကလဲ အမြဲလိုလိုသူတို့ဆီကို ရောက်နေတော့ ပျိုရွယ်တဲ့ လူငယ်ချင်းချင်း မေတ္တာ ကူးရှက်နေကြတယ်၊ ရှရှား အဘိုးကြီးကလဲ စောရန်နိုင်ရဲ့ သတ္တိနှင့် အခြေအမြစ်ကို သိလို့လား၊ ရိုးရိုးတန်းတန်းချစ်ခင်လို့လား သူ့သမီးရဲ့ စိတ်ကို အနှောင့်အယှက်မပေးလိုလို့လားတော့မသိဘူး၊ လူငယ်ချင်း ချစ်ခင်ရည်ငံရှိနေကြတာကို တစုံတရာ တားဆီးနှောင့်ယှက်ခြင်းမပြုဘဲ ခပ်အေးအေး မျက်နှာလွှဲနေတယ်တဲ့ မောင်ရဲ့၊ ဒါဒီအကြောင်းကို ဗိုလ်ကြီးချန်ရှူးကြားသိရတော့ သူ့သမီးနဲ့ လက်ဆက်ပြီး သူ့ဓါးပြတပ်ကြီးကို စောရန်နိုင်တဦးတည်းအပိုင် လက်ခံအုပ်ချုပ်ဖို့ ရည်စူးထားတဲ့အတွက် ရှရှားအဘိုးကြီးရဲ့ သမီးကလေးနဲ့ ဆက်မိသွားမှာကို များများကြီး ကန့်ကွက်နေတယ်၊ ကန့်ကွက်ပေတဲ့ စောရန်နိုင်က နားမဝင်ဘူး၊ ချန်ရှူးကလဲ သားလိုချစ်ပြီး အလိုလိုက်ထားတော့ သူ့စကားနားမထောင်ကောင်းလားလို့ ရုတ်တရက်စိတ်မဆိုးဘူး တဖြည်းဖြည်း ပြောင်းပြန်နားသွင်းလာရုံမက ပြောမရတဲ့အဆုံး ရှရှားမကလေးကို ယူချင်လဲ ယူပေစေတော့ သူ့သမီး



နဲ့လဲ ပေးစားပြီး သူ့အဖွဲ့ကြီးကို လုံးဝလွှဲအပ်မယ်လို့ လိုက်လျောပေးလိုက်တယ်၊ စင်စစ်တော့စောရန်နိုင်ကိုသားအရင်းလို ချစ်ရှာလွန်းလို့ပါဘဲ'

လွန်း။ ။'ဒါဖြင့် စောရန်နိုင်ဟာရှရှားမကလေးနဲ့ ဗိုလ်ချန်ရှူးသမီးကို နှစ်ယောက်လုံး ယူထားလိုက်တယ် ဆိုပါတော့'

ကြီး။ ။'မယူတတ်ဘူးမောင်၊ စောရန်နိုင်က ဗိုလ်ချန်ရှူး ဒါလောက် အလိုလိုက်ထားတောင်နားမထောင်ဘူး၊ မောင်ပြောသလို နှစ်ယောက်လုံး ယူထားလိုက်ရင်လဲ အေးချင် အေးသွားမလား မဆိုနိုင်ဘူး'

အောင်။ ။'အော်...ဗိုလ်ချန်ရှူး သမီးကို မယူတဲ့ကိုး'

ကြီး။ ။'မယူဘူးမောင် မယူတဲ့အပြင် စောရန်နိုင်သွားနေတဲ့ ရှရှားအဘိုးကြီးအိမ်မှာ ရှရှားသူပျိုလူရွယ်ရွယ် တယောက်နောက်ထပ်ရောက်လာတယ်၊ အဲဒီလူ ရောက်လာပြီးနောက် များမကြာမီဘဲ ချန်ရှူးနဲ့ စောရန်နိုင်တို့ သဘောအယူအဆ အကွဲကြီး ကွဲသွားကြတယ်၊ အမေကြီးတော့ ရှရှားအဘိုးကြီးဟာ ရှရှားပြည်က ကွန်မြူနစ်တွေနဲ့ အဆက်အသွယ်မကင်းဘူး၊ သူ့ဆီကိုရောက်လာတဲ့ လူဟာလဲ ကော်မြူနစ်ဝါဒ ပြန့်ပွားရေး အသင်းသားတဦးဘဲလို့ ထင်မိတယ်၊ ဘာပြုလို့လဲဆိုတော့ ရှေ့အသက်က စောရန်နိုင်ဟာအင်အားကောင်းလာတဲ့ တနေ့နေ့မှာ ဗမာပြည်ကိုဆင်းတိုက်ပြီး သူတို့ ရည်စူးထားရာ တရုတ်နယ်ထဲလာနေတဲ့ မင်းသားအနွယ်ကလေး တဦးကို ဘုရင်လုပ်စေဖို့ဆိုတဲ့ မူလ အကြံအစည်များ ပျက်သိမ်းလိုက်တော့မယ်လို့ ချန်ရှူးကိုပြောတယ်၊ ချန်ရှူးက ဒီအကြံအစည်

ဟာ မူလရွှေစွန်ညိုကြီး ကြီးကြီးပန်းပန်း ပြုစုပျိုးထောင်ထားခဲ့တဲ့ အစီအမံ လည်းဖြစ်တယ်၊ သူ့ဖခင် စန်လီဖူးကလဲ အထပ်ထပ် ဖြစ်မြောက်အောင် ကြိုးစားကူညီပေးဘို့မှာခဲ့တယ်၊ သို့အတွက် မိဘဘိုးဘွားရဲ့ ရည်ရွယ်ချက်ကို မဖျက်ဆီးကောင်းဘူးလို့ အတန်တန်ပြောတာ စောရန်နိုင် နားမထောင်ဘူး၊ ခင်ဗျားစေတနာရှိရင် ခင်ဗျား သွားလုပ်ပေးလိုက်တော့၊ ကျုပ်တော့ ဒီမင်းမျိုး မင်းနွယ်တွေရဲ့ သက်ဦးဆံပိုင်အုပ်စိုးနည်း၊ ဘုရင်အုပ်စိုးနည်းတွေကို ယခုကစပြီး မလိုလားတော့ဘူး၊ တဦးတယောက်ဘုရင်ဖြစ်ပြီး သူနဲ့နီးစပ်ရာ လူနည်းစုကလေးတသိုက် တန်ခိုးအာဏာရှိဘို့၊ ကောင်းစားဘို့၊ စည်းစိမ်ခံဘို့ကို ကျုပ်တို့လိုဆင်းရဲသားတွေက အသက်စွန့်ပြီး အကျိုးမဲ့ဆောင်မပေးနိုင်ဘူးတဲ့၊ ခါးခါးသီး ငြင်းပယ်လိုက်တယ်၊ အဲဒီနေ့ကစပြီး ချန်စူးနဲ့စောရန်နိုင် ရင်ကြား မစေ့နိုင်အောင် အဆောင်ကွဲလွဲသွားတယ်၊ နောက်လိုက် တပ်သားများမှာလဲ ချန်စူးကို ကြည်ညိုသူကတသက်၊ စောရန်နိုင်ကို ကြည်ညိုသူကတသက် ကွဲကုန်ကြတယ်။ ချန်စူးမှာ ဖြစ်ရမှာလဲ အဆီနဲ့ ရွှဲရွှဲစားရမှာလဲ သိန့်ရှပ်ရှပ် ဆိုတာလို ဖြစ်ကျန်ရစ်တယ်၊ စောရန်နိုင်လဲ သူ့နောက်လိုက် လူတစုနဲ့ ရှမ်းအတိုးကြီးနေတဲ့နေရာကို ပြောင်းသွားလေရဲ့၊ အမေကြီးကိုတော့ မိခင်ရင်းလို သူ့ကို ထိမ်းသိမ်းစောင့်ရှောက်ခဲ့တဲ့ကျေးဇူးနှင့် အထူးအစေးအဖြတ် ပြုပါသေးရဲ့၊ တနှစ်ကို တခေါ် နှစ်ခေါ်လောက် အမေကြီးနေတဲ့ ကုန်းသာယာစခန်းကိုလာတယ်။ သူ့ဘိုးဘိုးရွှေစွန်ညိုကြီးရဲ့ ကျောက်ရုပ် ကန်တော့တဲ့အချိန်ဆိုရင်လဲ အမြဲရောက်လာတတ်ပါရဲ့၊ ယခုတခေါ သူအတော် ခရီးလွန်နေတယ်၊ မန်ချူးရီးယားနယ်က ဂျပန်နှင့် တရုပ်တို့စစ်ပွဲမှာ သူက တရုပ်ကွန်မြူနစ်များ ဝါဒအတိုင်း ဂျပန်ရဲ့နယ်



ချဲ့စံနစ်ကို တတ်နိုင်သလောက် ကူညီ တွန်းလှန်နေတယ်လို့လဲ သတင်းကြားရဲ့'

ကျွန်တော်နှင့် ကိုမင်းအောင်တို့မှာ စောရန်နိုင်၏ ဇာတ်ပြောင်းလဲမှုကို ရိပ်မိလာပါသည်။

ထို့ကြောင့် တယောက်မျက်နှာ တယောက်ကြည့်မိရာမှ ကျွန်တော်က စတင်၍....

'ဟာ....ဒီလိုဆိုရင် စောရန်နိုင်ဟာ ကျွန်တော်တို့ ဗမာပြည်က အကြောင်း နည်းနည်းပါးပါး နားထောင်ဘို့ ကောင်းပါသေးတယ်၊ ကျွန်တော်တို့ဆီမှာလဲ သက်ဦးဆံပိုင် ဘုရင်အုပ်စိုးနည်းကို မလိုလားကြပါဘူး၊ ယခုရှိတဲ့ အင်္ဂလိပ်အစိုးရတွေကလဲ သက်ဦးဆံပိုင် မြန်မာဘုရင် အုပ်စိုးနည်းထက် သာနာညီမျှတဲ့ တိုင်းသူပြည်သားများအကြိုက် ရွေးကောက် တင်မြှောက်ထားတဲ့ လူကြီးများ စီမံ အုပ်ချုပ်ရတဲ့ ဒီမိုကရေစီ နည်းစံနစ်နဲ့ အုပ်စိုးနေပါတယ်၊ ဒါတွေသူမကြားရှာဘူးလား'

ကြီး။ ။'အို....ကြားတယ်၊ တာ-ခုနင်က မောင်ပြောတဲ့ အုပ်ချုပ်နည်းဟာ'

ကျွန်တော်။ ။'ဒီမိုကရေစီပါတဲ့ ခင်ဗျာ'

ကြီး။ ။'အေး.... အေး.... အဲဒီနည်းနဲ့ အုပ်စိုးတာဟာလဲ အလကားပဲတဲ့၊ အမြင်ကတော့ လူတွေ ယဉ်ကျေးလိမ္မာပြီး အေးချမ်းသာယာမလိုလိုနဲ့ နှစ်နှစ်ကာကာ တွေးကြည့်မယ်ဆိုရင် တော

နိုင်း အဟိတ် တိရစ္ဆာန်တွေနဲ့ မခြားတယောက်အစာကို တယောက်က အစုအဝေး ငွေကြေး နေအင်အားနဲ့ ယဉ်ယဉ် ကျေးကျေး တိုက်ခိုက် လုယက်စားနေကြတာတဲ့ မောင်ရဲ့'

ထိုစကား၌ ကိုမင်းအောင်သည် အမေအိုကြီး ပြောစကားကို ဘယ်လိုများ သဘောပေါက်သွားသည်မသိ….

'အို…ဟုတ်သဗျို့….ကိုညွန့်တွန့်မ သစ္စာနဲ့ မကြည့်တဲ့ ပညာစက္ခုနဲ့ နှစ်နှစ်နဲ့နဲ့ တွေးကြည့်မယ်ဆိုရင် ကျွန်တော်တို့ ရန်ကုန်လို မြို့ကြီးတမြို့မှာ မော်တော်ကားကြီးတွေနဲ့ အပြေးအလွှား ကူးသန်းသွားလာနေကြတဲ့ မင်းရိုးရာဇာသိုတဲ့ ဂုဏ်ကြီးရှင်တွေ၊ သူဌေးကြီး မြေပိုင်ရှင်ကြီး၊ အလုပ်တိုက် ပိုင်ရှင်ကြီးတွေဆိုတဲ့ နေရှင်ကြီးငယ်တွေ ဝန်ကြီးချုပ်တွေ အမတ်မင်းတွေကို ကျုပ်မျက်စိထဲမှာ လူစင်စစ်လို့ မထင်ချင်ဘူး၊အစွယ်မြူးမြူးနဲ့ ဘီလူးလိုလို တောထဲတောင်ထဲက ကျားရဲ့ တိရစ္ဆာန်ကြီးတွေ အပြေးအလွှား အစာရှာဖွေနေကြတာလိုလို တထိုင်ထဲ ထင်မြင်လာတာဘဲ'

ဟု ဝင်၍ ထောက်လိုက်လေသည်။

အမေကြီးသည်း ဆက်လက်၍…

'ပြောစရာကတော့ ဒါပါဘဲ မောင်ရယ်….ရှေးမကာလေးနဲ့ ဧဝရန်နိုင်လဲ အကြောင်းမျှသွားကြတယ်၊ ဟိုလူကိုလဲ ကော်မြူနစ်အသင်းသားလို့ တရုပ်များက စွပ်စွဲကြတယ်၊ ဒါကြောင့် ဧဝရန်နိုင်ဟာ ကော်မြူနစ် အသင်းသားများ ဖြစ်သွားလေသလားလို့ မောင်တို့ စဉ်းစားခြင်လဲ စဉ်းစားကြတော့'



ဟု ပြောလိုက်သဖြင့် ကျွန်တော်လည်း ခေါင်းတညိတ်ညိတ်နှင့်သာ ဇာတ်လမ်း စခဲ့းသိမ်းကို နားထောင်လိုက်ရပါတော့သည်၊ ထိုမှာတွင် ကိုမင်းအောင်ကား ရှည်လျားသော အတွေ့ပွတ္တိအဆုံး၊ နိဂုံးချုပ်၍ ပြီးသွားသည်တိုင်အောင်….

'ဒါထက် တခုမေးပါရစေအုံး မေမေကြီးရယ်…. ဟုခုပြောသွားတဲ့ ဇာတ်လမ်းထဲမှာ မေမေကြီးက ဘယ်နေရာက ပါဝင်ခဲ့ရပါသေးသလဲ'

ဟု မေးလျှင် အမေကြီးသည် ခေါင်းကလေးတညိတ်ညိတ်နှင့် ပြုံးလိုက်၍….

'ဇာတ်လမ်းအစ နေပြည်တော်ကြီးက လိုက်ပါလာခဲ့ရတဲ့ မသူဇာဆိုတာ အမေကြီးပါဘဲ မောင်ရယ်၊ အမေကြီး အသက်ရှည်နေသလောက်ဖြင့် သွားလေသူများရဲ့ အဖြစ်အပျက်ကလေးတွေ တပြေးပြေးတွေးပြီး ဖြေနေရတော့တာပါဘဲ….ကဲ….ကဲ မောင်တို့လဲ ညောင်းရော့မယ်၊ ရွာကလေးထဲ လျှောက်လည်ချင်လဲ လည်ကြအုံး….ဒီရွာကလေးက 'တာယွန်' လို့ခေါ်တဲ့ ရှမ်းတရုပ်ရွာကလေးဘဲ၊ အမေကြီး အသက်ကြီးလေတော့ လူမနီးတဲ့ ကုန်း သာယာကျောက်ရုပ်စခန်းမှာမနေတော့ဘဲ ဒီရွာကလေး ပြောင်းနေရတယ်၊ လောကကြီးမှာ ပျော်စရာတစ်ပုံ မရှိတဲ့ အသက်(၈၀)ထဲရောက်လာခဲ့ပြီ၊ ဘယ်ဆီသယ်နေ့မှ သေနေ့စေမယ်ဆိုတာ မသိရသေးဘူး မောင်တို့ရယ်….'

ဟု ပြောကာ အညောင်းဆန့်လိုသဖြင့်နေရာမှထရန် တောင်ဝှေးကလေးနှင့် တုန်ရီသော သူ့ကိုယ်ကို တဖြေးဖြေး သယ်ယူနေရှာ

သည့်နှင့် ကျွန်တော်တို့မှာ အမေထိုကြီးကို လိုရာသို့ ရောက်အောင် ဂျိုင်းအောက်လက်သျှို၍ ပေးမတ်တူ ပို့ပေးခဲ့ပြီး ရွာထဲသို့ရောက် လယ်ကြလျက် နောက်အရက်တွင် မုဆိုး တောင်ကြား ဘက်သို့ ဆက်လက်ပြန်လာခဲ့ကြခြင်းဖြင့် 'ရွှေစွန်ညို' နှင့် 'သား ရွှေစွန်ညို' တို့ ဇာတ်လမ်းကို ဆုံးခန်းသို့ ပို့လိုက်ရပါတော့သတည်း။

ပြီးပါပြီ။

ဒဂုန် ခင် ခင် လေး

# ရွှေစွန်ညို
# နှင့်
# သားရွှေစွန်ညို